www.burmeseclassic.com




# ရွှေသန်းတင့်

## ရှားလော့ဟုမ်း၏ အမှုတွဲများ

## THE CASEBOOK OF SHERLOCK HOLMES

Sir Arthur Conan Doyle

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် အမှတ် [၅၀၁၆၂၃၁၁၀၉]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၅၀၀၁၆၆၀၂၁၁]

ဒုတိယ အကြိမ်၊ ၂၀၁၁၊ မတ်
[ပထမ အကြိမ်၊ ၁၉၈၄၊ ဖေဖော်ဝါရီ၊ ဘဝတက္ကသိုလ် စာပေ]

မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း
အတွင်း | ဒီဇိုင်း မောင်ကျော်စိုး
အုပ်ရေ | ၅၀၀
တန်ဖိုး | ၃၅၀၀ ကျပ်

မျက်နှာဖုံးရိုက် | ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက်
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။
ပုံနှိပ်သူ | ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်
၁၂၊ ဒေါနလမ်း၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၄၂၃၂)၊ သင်း စာပေ
၁၀၊ ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။

# မြသန်းတင့်

# ရှားလော့ဟုမ်း၏ အမှုတွဲများ

# The Case Book Of Sherlock Holmes

## Sir Arthur Conan Doyle

၈၉၅·၈၃
မြသန်းတင့်
ရှားလော့ဟုမ်း၏ အမှုတွဲများ
မြသန်းတင့်၊ ရန်ကုန်။
သင်းစာပေ၊ ဒုတိယ အကြိမ်။ ၂၀၁၁။
၃၈၄ - စာ၊ ၂၀·၅×၁၃ စင်တီ။
မူရင်း အမည် - The Case Book Of Sherlock Holmes
by Sir Arthur Conan Doyle
(၁) ဘာသာပြန်သူ - မြသန်းတင့်
(၂) ရှားလော့ဟုမ်း၏ အမှုတွဲများ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး

တပ်မတော် ဖြိုခွဲသူ ဒို့ရန်သူ။
တပ်မတော် ဖြိုခွဲမည့် အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲ စည်းလုံးမည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

## ပြည်သူ့ သဘောထား

ပြည်ပ အားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော
ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော
နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း
ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်


တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊
အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
မျိုးချစ် စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

## မာတိကာ


| | | |
|---|---|---|
| | မြန်မာပြန်သူ၏ အမှာ | ၁ |
| ၁။ | နေလို လလို ထင်ရှားသူ | ၁၃ |
| ၂။ | မျက်နှာဖြူကြီးနှင့် လူ | ၅၅ |
| ၃။ | ပြည်တန်ကျောက် အမှု | ၈၉ |
| ၄။ | သုံးဆောင်ပြိုင် အိမ် | ၁၁၉ |
| ၅။ | သွေးစုပ် ဖုတ်ကောင် | ၁၄၇ |
| ၆။ | နာမည်တူ လူသုံးယောက် | ၁၇၇ |
| ၇။ | ချစ်ဆိပ်ရည် | ၂၀၅ |
| ၈။ | ထူးဆန်းသော ပါမောက္ခ | ၂၄၅ |
| ၉။ | ခြသေ့် လည်ဆံမွေး | ၂၇၉ |
| ၁၀။ | ခေါင်းမြီးခြုံ အမျိုးသမီး | ၃၁၃ |
| ၁၁။ | မောင်နှမ နှစ်ယောက် | ၃၃၃ |
| ၁၂။ | ကိုယ့်ရှူး ကိုယ်ပတ် | ၃၆၁ |


www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်း သရုပ်ဆောင် တစ်ဦး ဖြစ်သူ
ဂျယ်ရမီ ဘရက်

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီး အသွင် ရုပ်ဖျက်ထားသော ရှားလော့ဟုမ်း (၁၉၃၂)



အန်ဒရေ မိုရဲလ် (ဝပ်ဆင်) နှင့် ပီတာ ကုရှင်း (ရှားလော့ဟုမ်း) တို့ကို
ဗာစကာဗီးလ် ခွေးကြီး ဇာတ်ကားတွင် တွေ့ရစဉ် (၁၉၅၉)

www.burmeseclassic.com

www.burmeseclassic.com







ချက်ကိုစလိုဗက် မင်းသား မာတင် ဖရစ်၏ အမှုအရာ (၁၉၃[illegible])

www.burmeseclassic.com

www.burmeseclassic.com



ပြဇာတ် မင်းသား ဟားဗတ်·ဗရက်ဝုဒ်
(၁၉၁၂ ခု ပြဇာတ် တစ်ခုမှ)

# မြန်မာပြန်သူ၏ အမှာ

အောက်မေ့ဖွယ်များနှင့် စွန့်စားခန်းများ[၁] ဆိုသည့် စာအုပ်တွင် စာရေးဆရာ ဆာ အာသာ ကိုနင်ဒွိုင်းလ်က

'... ကျွန်တော် ဖန်တီးသော ဇာတ်ဆောင် ရှားလော့ဟုမ်း၏ အရည်အချင်းမျိုး ကျွန်တော် ကိုယ်တိုင်တွင်ပင် ရှိလေသလားဟု မကြာခဏ ကျွန်တော် စဉ်းစားမိပါသည်။ ပြဿနာ တစ်ခုကို အေးမှ ထိုင်ကြံ့ရခြင်းနှင့် ကိုယ်တိုင် ကိုယ်ကြပ် ဝင်ရောက် ဖြေရှင်းပေးရခြင်းတို့သည် တစ်ခုနှင့် တစ်ခု မတူကြောင်းကို ကျွန်တော် သိပါသည်။ ထိုသို့ မတူကြောင်းကို ကျွန်တော် ဘာမျှ သံသယ မရှိပါ။ ဇာတ်ဆောင် တစ်ယောက်ကို မွေးထုတ် ဖန်တီးနေသော စာရေးဆရာ တစ်ယောက်သည် မိမိ ကိုယ်နှိုက်က ထိုဇာတ်ဆောင်၏ စရိုက်မျိုး မသိမသာ ရှိနေတတ်ပါသည်။ မရှိလျှင် ထိုဇာတ်ဆောင်၏ စရိုက်ကို သရုပ် ပေါ်အောင် ရေးသားနိုင်မည် မဟုတ်ပါ။' ဟု ရေးခဲ့သည်။

ရှားလော့ဟုမ်း ဝတ္ထုများနှင့် ဆာ အာသာ ကိုနင်ဒွိုင်းလ်၏ အတ္ထုပ္ပတ္တိများကို ဖတ်လိုက်သည့် အခါတွင် ထိုအချက် မှန်ကြောင်းကို သွားတွေ့ရသည်။

ဆာ အာသာ ကိုနင်ဒွိုင်းလ်သည် ရှားလော့ဟုမ်း ဝတ္ထုများမှ တစ်ဆင့် မှုခင်းဆိုင်ရာ ဒဿနများ ထုတ်ဆောင်ခဲ့လေသည်။

'ရာဇဝတ်မှုကို နှိမ်နင်းဖို့ထက် တားဆီးဖို့က ပိုပြီး အရေးကြီးတယ်'

'အချက်အလက် မရခင် ကောက်ချက် ဆွဲတာဟာ အလွန် ကြီးကျယ်တဲ့ အမှား ဖြစ်တယ်၊ ကောက်ချက်ကို အရင် ဆွဲပြီး အဲဒီ ကောက်ချက်နှင့် ညီအောင် အချက်အလက်တွေကို ရိုက်သွင်းလို့ မဖြစ်ဘူး၊ အချက်အလက်ကို အရင် ရှာပြီး အဲဒီ အချက်အလက်တွေနှင့် ညီအောင် ကောက်ချက်ကို ဆွဲရမယ်'

---

၁။ *Memories and Adventures*



www.burmeseclassic.com

www.burmeseclassic.com



'ရာဇဝတ်မှု တစ်ခုဟာ ရှုပ်ထွေး ဆန်းကြယ်လာပြီ ဆိုလေလေ ဖြေရှင်းရတာ လွယ်လေလေ ဖြစ်ပြီး ရိုးရိုးစင်းစင်း ဖြစ်လေလေ ဖြေရှင်းရတာ ခက်လေလေပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ရာဇဝတ်မှုဟာ ရှုပ်ထွေး ဆန်းကြယ်လာပြီ ဆိုရင် ရာဇဝတ်မှု ကျူးလွန်တဲ့ ရည်ရွယ်ချက်ဟာ ထင်ရှား လာတတ်တယ်၊ အဲ ရာဇဝတ်မှု ကျူးလွန်ခြင်းရဲ့ ရည်ရွယ်ချက်ကို တွေ့လာတာနှင့် အမှန်ကို ဖြေရှင်းဖို့ဟာလည်း လွယ်သွားတယ်'

'စုံထောက် အလုပ်မှာ အရေး အကြီးဆုံးကတော့ စိတ်ကူးဉာဏ်နှင့် တကယ့် ဖြစ်ရပ်ကို ပေါင်းစပ်ပေးဖို့ ဖြစ်တယ်'

'အထူးခြားဆုံး အဆန်းကြယ်ဆုံး အရာတွေကို ရာဇဝတ်မှုကြီးတွေမှာထက် ဘာမဟုတ်တဲ့ ရာဇဝတ်မှု အသေးအဖွဲကလေးတွေထဲမှာ သွားပြီး တွေ့ရတတ်တယ်'

'အရေး မကြီးတဲ့ အဖြစ်အပျက်ကလေးတွေဟာ အင်မတန် စိတ်ဝင်စားစရာ ကောင်းတယ်၊ အမှု တစ်ခုဟာ အရေး မကြီးဘူး ဆိုတာနှင့် တစ်ပြိုင်နက် စူးစမ်းစရာတွေ များလာပြီး အကျိုးအကြောင်းကို မြန်မြန် ခွဲခြမ်း စိတ်ဖြာကြည့်ဖို့ လိုလာပြီ၊ … အမှု ကြီးလာလေလေ အမှုသွား အမှုလာဟာလည်း စင်းလာလေလေပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ အမှု ကြီးလာလေလေ အမှု ကျူးလွန်ခြင်းရဲ့ ရည်ရွယ်ချက်ဟာလည်း ထင်ရှားလာလေလေ ဖြစ်လို့ပဲ၊ တချို့ အမှုကလေးတွေကျတော့ သိပ်ပြီး သေးဖွဲလွန်းတဲ့ အတွက် ရာဇဝတ်မှု ကျူးလွန်လို့ ဖြစ်မှ ဖြစ်ပါ့မလားလို့တောင် သံသယ ရှိစရာ ကောင်းတယ်၊ အဲဒီလို အမှုမျိုး ကျရင် အမှု ကျူးလွန်ခြင်းရဲ့ ရည်ရွယ်ချက်ကို ရှာရတာ သိပ်ခက်တယ်'

'မှုခင်းဗေဒမှာ ဆိုရိုးစကား တစ်ခု ရှိတယ်၊ ပတ်ဝန်းကျင် ဆိုင်ရာ အထောက်အထားသည် အမှု ကျူးလွန်သူ (တရားခံ) ကို တန်းတန်းမတ်မတ် လက်ညှိုး ထိုးပြနေတတ်သည် ဆိုတဲ့ စကားပဲ၊ ဒါပေမဲ့ ကျုပ်ကတော့ ဒီဆိုရိုးကို တယ်ပြီး လက် မခံချင်ဘူး၊ ပတ်ဝန်းကျင် ဆိုင်ရာ အထောက်အထား ဆိုတာ လှည့်စားတတ်တဲ့ အရာမျိုး ဖြစ်တယ်၊ ကြည့်တဲ့လူရဲ့ ရှုထောင့်ကို ပြောင်းလိုက်တာနှင့် တစ်ပြိုင်နက် ထိုးနေတဲ့ လက်ညှိုးဟာလည်း ပြောင်းသွားတတ်တယ်'

'ရာဇဝတ်မှုကို နေရာတိုင်းမှာ တွေ့နိုင်တယ်၊ ဒါပေမဲ့ ယုတ္တိဗေဒကိုတော့ နေရာတိုင်းမှာ မတွေ့နိုင်ဘူး၊ ရာဇဝတ်မှု တစ်ခုမှာ ယုတ္တိဗေဒကို တတ်နိုင်သမျှ အသုံး ချတတ်ဖို့ လိုတယ်၊ ဒါဟာ အနုပညာ တစ်ရပ် ဖြစ်တယ်'





'မဖြစ်နိုင်တဲ့ အရာ အားလုံးကို ဖယ်ရှားလိုက်တဲ့ အခါကျတော့ ကျန်တဲ့ အရာတွေဟာ ဘယ်လောက်ပဲ ဖြစ်နိုင်စရာ မရှိဘူးလို့ ထင်ရသည့်တိုင် အဲဒါတွေ အားလုံးဟာ အမှန်တွေ ဖြစ်နေတတ်တယ်၊ စဉ်းစားစရာ ရှိတာကို အကုန် စဉ်းစားတယ်၊ စဉ်းစားချက် တစ်ခု ပေါ်တိုင်း ဖြစ်နိုင် မဖြစ်နိုင် အထောက်အထား ရှာတယ်၊ စမ်းသပ်ကြည့်တယ်'

'ကောက်ချက်တွေကို တစ်ခုပြီး တစ်ခု ဆက်စပ် တည်ဆောက်တဲ့ ကိစ္စဟာ သိပ်တော့ ခက်တဲ့ ပညာ တစ်ရပ် မဟုတ်ပါဘူး၊ ပထမ ကောက်ချက် တစ်ခု ထုတ်တယ်၊ နောက် အဲဒီ ကောက်ချက်ပေါ်မှာ အမှီပြုပြီး ဒုတိယ ကောက်ချက် တစ်ခုကို ဆွဲတယ်၊ အဲဒီ ကောက်ချက်ပေါ်မှာ အမှီပြုပြီး နောက်ကောက်ချက် တစ်ခုကို ဆွဲထုတ်တယ်၊ ဒီလိုနှင့် တစ်ခုနှင့် တစ်ခု ဆက်စပ်နေတဲ့ ကွင်းဆက်ကြီး ဖြစ်လာတယ်၊ ကွင်းဆက်ကြီး တစ်ခုလုံးကို ဆက်ပြီးပြီ ဆိုတော့ အလယ်က ကွင်းဆက်တွေကို ဖြုတ်ချလိုက်၊ ရှေ့ဆုံး ကွင်းဆက်နှင့် နောက်ဆုံး ကွင်းဆက်ကိုပဲ ပရိသတ်ကို ထုတ်ပြ၊ ဒီအခါမှာ ပရိသတ်က အဟုတ်ကြီး ထင်သွားကြတယ်၊ တကယ်ကတော့ ဘာမှ ခက်လှတဲ့ ကိစ္စ မဟုတ်ပါဘူး'

'စုံစမ်း ထောက်လှမ်းမှု သိပ္ပံ ပညာမှာ လူတွေ မေ့လျော့နေကြတဲ့ အရေး အကြီးဆုံး ပညာ တစ်ရပ် ရှိတယ်၊ အဲဒါကတော့ ခြေရာခံတဲ့ အတတ်ပညာပဲ'

'ရာဇဝတ် တစ်ခုကို လိုက်ရာမှာ ကာယကံရှင် ဘယ်သူ ဘယ်ဝါ ဖြစ်တယ် ဆိုတာက အရေး မကြီးပါဘူး၊ အရေးကြီးတာက လူပုဂ္ဂိုလ်ကို စိတ်ဝင်စားဖို့ မဟုတ်ဘူး၊ အမှုကို စိတ်ဝင်စားဖို့ ဖြစ်တယ်'

'သက်သေ အထောက်အထားတွေ မတွေ့ခင်မှာ ကောက်ချက် အရမ်း မဆွဲပါနှင့်'

'အမှု တစ်ခုမှာ ထူးခြားတဲ့ အဖြစ်အပျက်ကြီး တစ်ခု နောက်မှာ ထူးခြားတဲ့ အခြား အဖြစ်အပျက် တစ်ခု ကပ်ပါလာတတ်တယ်၊ အဲဒီလို အခါမျိုးမှာ တချို့ လူတွေဟာ ဆန့်စဉ်ရာ ကျည်ပွေ့လိုက် ဆိုသလို ရှေ့အမိက အဖြစ်အပျက်ကြီးကို မေ့သွားပြီး နောက် ပေါ်ပေါက်လာတဲ့ အဖြစ်အပျက်ကို အာရုံ ပြောင်းသွားတတ်ကြတယ်'

'အမှုတစ်ခုကို လေ့လာတဲ့ နေရာမှာ အပေါ်ယံလောက်ကို မကြည့်ရဘူး၊ အပေါ်ယံ သဏ္ဌာန်ဟာ လိမ်လည် လှည့်ဖြားတတ်တယ်'

'အသေးအဖွဲကလေးတွေဟာ အရေးအကြီးဆုံး ဖြစ်တယ်၊ ဒါဟာ ကျွန်တော့် လက်သုံး ဝါဒပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့် အမြင်မှာတော့ အမှုသည် တစ်ယောက်ဟာ ယူနစ် တစ်ခုသာ ဖြစ်တယ်၊ ပြဿနာကြီး တစ်ခုထဲက အစိတ်အပိုင်းကလေး တစ်ခုသာ ဖြစ်တယ်'

'စိတ်လှုပ်ရှား လွယ်ခြင်းဟာ ပြတ်ပြတ်ရှင်းရှင်း စဉ်းစားတတ်ခြင်းရဲ့ ပဋိပက္ခ ဖြစ်တယ်'

ဤသည်တို့မှာ မှုခင်းဗေဒနှင့် ပတ် သက် သည့် ကိုနင်ဒွိုင်းလ်၏ ဒဿနများ ဖြစ်လေသည်။

စာရေးဆရာ ဆာ အာသာ ကိုနင်ဒွိုင်းလ်သည် ရှားလော့ဟုမ်းကို ဖန်တီးကာ စုံထောက် ဇာတ်ဝတ္ထုများ ရေးခဲ့ရုံမျှမက သူကိုယ်တိုင်လည်း အမှုနှစ်ခုကို စုံစမ်း ထောက်လှမ်း ပေးခဲ့ဖူးသည်။

ပထမ အမှုမှာ ဤသို့ ဖြစ်၏။

၁၉၀၃ ခုနှစ် နွေရာသီ တစ်ညနေတွင် **ဘာမင်ဟမ်**[1] မြို့အနီး **ဂရိတ်ဝရိုင်လေ**[2] အမည်ရှိ ကျောက်မီးသွေးတွင်းတူး အလုပ်သမားများ နေထိုင်သည့် ရွာကလေးမှ အလုပ်သမား လူငယ် တစ်ယောက်သည် အိမ်သို့ ပြန်လာခဲ့၏။ ရွာနှင့် မလှမ်းမကမ်းသို့ ရောက်သည့် အခါတွင် ကျောက်မီးသွေးလှည်း ဆွဲသည့် မြင်းတစ်ကောင်ကို တစ်စုံတစ်ယောက်က ဝမ်းဗိုက်တွင် ဓားဖြင့် ခုတ်သတ်ကာ ကွင်း တစ်ခုထဲတွင် ပစ်ထားသည်ကို တွေ့ရသည်။

ဤတွင် ပုလိပ်က တရားခံ တစ်ယောက်ကို ကောက်ဖမ်းလိုက်၏။ တရားခံမှာ အမှု ဖြစ်ပွားသည့် နေရာနှင့် မိုင်ဝက် အကွာရှိ ကျမ်းသင်းအုပ် ဆရာ တစ်ယောက်၏ သား ရှေ့နေ စာရေး လူငယ် တစ်ဦး ဖြစ်၏။ သူ့အိမ်ကို ရှာဖွေသည့် အခါတွင် မုတ်ဆိတ်ရိတ်ဓား တစ်လုပ်၊ ရွှံ့မြေ နက်နက်တွင် ပေကျံကာ စွတ်စိုနေသည့် ဖိနပ်ရှည်ကြီး တစ်ရန်၊ အဖျားတွင် အလားတူ ရွှံ့နက်တွေ ပေနေသည့် ဘောင်းဘီ တစ်ထည်၊ ရွှံ့စက်တွေ ပေကျံနေသည့် ကုတ်အင်္ကျီနှင့် ခါးပြတ် အင်္ကျီ တစ်ထည်တို့ကို တွေ့ရသည်။

မှုခင်း ဆရာဝန်က ဘောင်းဘီနှင့် အင်္ကျီတို့ကို စစ်ဆေး ကြည့်သည့် အခါတွင် မြင်းမွေး သုံးဆယ့်လေးချောင်း ကပ်နေသည်ကိုလည်း တွေ့

၁။ *Burmingham*

၂။ *Great Wryley*





ရ၏။ အင်္ကျီ လက်ဖျားပေါ်တွင် မြင်းသွေးနှင့် တူသည့် သွေးစက် အချို့ကိုလည်း တွေ့ရပြန်သည်။

ရှေ့နေ စာရေး လူရွယ်ကလေးကို စစ်သည့် အခါတွင် ယမန်နေ့ ညနေက ဘာမင်ဟမ်ရှိ ရှေ့နေများ ရုံးခန်းမှ ညနေ ခြောက်နာရီခွဲတွင် ပြန်ရောက်လာခဲ့ကြောင်း၊ ကိုးနာရီခွဲလောက် အထိ ရွာနီးချုပ်စပ်ရှိ အသိမိတ်ဆွေများထံ ခြေကျင် လျှောက်လည် နေခဲ့ကြောင်း၊ ထို့နောက် အိမ်ပြန်၍ ညစာ စားပြီး အိပ်နေခဲ့ကြောင်းဖြင့် ထွက်ဆိုသည်။

အများအားဖြင့် အနီးရှိ ရွာများမှ ရွာသူ ရွာသားများသည် သင်းအုပ်ဆရာတို့ကို လေးစားလေ့ ရှိကြ၏။ သို့ရာတွင် ထိုကျောင်းမှ သင်းအုပ်ဆရာ **ရှာပူဂျီ အက်လာဂျီ**[1] ကိုမူ လေးစားခြင်း မရှိကြ။ အက်လာဂျီသည် ထိုရွာ အနီးတွင် သင်းအုပ် လုပ်လာခဲ့သည်မှာ အနှစ် သုံးဆယ်ကျော်မျှ ရှိတော့မည်။ သို့ရာတွင် အက်လာဂျီသည် အင်္ဂလိပ် တစ်ယောက် မဟုတ်။ အိန္ဒိယမှ ပြောင်းရွှေ့လာသည့် **ဖာရစီ**[2] အမျိုးသား တစ်ဦး ဖြစ်၏။ အင်္ဂလန်သို့ ရောက်လာပြီး အင်္ဂလိပ် အမျိုးသမီး တစ်ယောက်နှင့် အိမ်ထောင် ကျကာ သားဖြစ်သူ **ဂျော့**[3] ကို မွေးခဲ့သည်။

သူတို့ မိသားစုတွင် နောက်ကြောင်း တစ်ခုလည်း ရှိခဲ့ဖူးသည်။ သားဖြစ်သူ ဂျော့ ငယ်ငယ် ကျောင်းသား အရွယ်တွင် အနီးတစ်ဝိုက်ရှိ ဘုန်းကြီးများအား မတော်တရော် ရေးထားသည့် စာများ မကြာ မကြာ ရောက်လာတတ်ပြီး စာတွင် သင်းအုပ် ဆရာ အက်လာဂျီ၏ လက်မှတ် ရေးထိုးထားလေ့ ရှိ၏။ တစ်ခါတွင် ရွာသားများက သူ့ အိမ်ကို ခဲဖြင့် ဝိုင်းပေါက်ခဲ့ကြဖူးသည်။

ထိုသို့ဖြင့် ကျောက်မီးသွေးလှည်း ဆွဲသည့် မြင်းကလေး ဓားဖြင့် အခုတ် ခံရသည့် ကိစ္စနှင့် အလားတူ တိရစ္ဆာန်များကို ဓားဖြင့် ခုတ်သွားသည့် ကိစ္စများလည်း ရွာ အနီးတစ်ဝိုက်တွင် မကြာခဏ ဖြစ်ပွားနေသည်။ တိရစ္ဆာန်များသာမက ရွာထဲရှိ အမျိုးသမီးကလေးများကိုလည်း ဓားဖြင့် လိုက်ခုတ်ရန် အကြံအစည် ရှိနေကြောင်း၊ ထိုအမှုများကို ကျူးလွန်နေသူမှာ သင်းအုပ်ဆရာ၏ သား ဂျော့ပင် ဖြစ်ကြောင်းဖြင့် ပုလိပ်ထံသို့ ပစ်စာများ တဖွဲဖွဲ ရောက်လာနေသည်။

၁။ *Shapuji Edlaji*

၂။ *Pharisee*

၃။ *George*



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် တိရစ္ဆာန်များကို ဓားဖြင့် ခုတ်သွားခြင်းမှာ ဖာရစီ လူမျိုးတို့၏ ရှေး ထုံးစံ တစ်ခု ဖြစ်သည်ဟု ဆိုကာ ပုလိပ်က ဂျော့ကို ဖမ်းခဲ့ခြင်း ဖြစ်သည်။

ဂျော့ကို ရုံးတင် စစ်ဆေးသည့် အခါတွင် ဂျော့က တိရစ္ဆာန်ကို ဓားဖြင့် ခုတ်သော အချိန် မတိုင်မီ အစောကြီး ကတည်းက မိမိသည် ထို အနီး တစ်ဝိုက်တွင် မရှိကြောင်းဖြင့် ထွက်ဆိုသည်။ သူ့ကို မြင်လိုက်သည့် သက်သေများလည်း ရှိသည်။ တိရစ္ဆာန် ဆရာဝန်ကလည်း လူတွေ့သည့် အချိန်လောက်တွင် မြင်းကို ဓားခုတ်ခံရသည်မှာ လေးနာရီလောက် ကြာနေပြီဟု ထွက်ဆိုသည်။

ဖခင် ဖြစ်သူ သင်းအုပ် ဆရာကလည်း ထိုညက သူ့သားသည် ကိုးနာရီခွဲ ပြီးသည့်နောက် အိမ်ပြင်သို့ မထွက်တော့ကြောင်း၊ မိမိတို့ သားအဖ နှစ်ယောက် တစ်ခန်းတည်း အိပ်ကြခြင်း ဖြစ်ကြောင်း၊ အိပ်ရာ ဝင်သည်နှင့် အခန်း တံခါးကို ပိတ်လိုက်ကာ သော့ကို မိမိ ယူထားကြောင်း ဖြင့် ထွက်ဆိုသည်။

တရားလို ရှေ့နေက တရားခံသည် မနက် လင်းအားကြီး နှစ်နာရီနှင့် သုံးနာရီ ကြားတွင် အပြင်သို့ ထွက်သွားကြောင်း၊ သူ့ကိုယ်ပေါ်တွင် မြင်းမွေးများနှင့် အဝတ်အစားပေါ်တွင် သွေးများကို တွေ့ရကြောင်း၊ အချင်း ဖြစ်ပွားသည့် နေရာတွင် တွေ့ရသည့် ဖိနပ်ရာများမှာလည်း ဂျော့ စီးသည့် ဖိနပ်ရာများ ဖြစ်ကြောင်းဖြင့် ရုံးတော်တွင် တင်ပြသည်။

ရုံးတော်က ဂျော့ကို ထောင် ခုနစ်နှစ် ချလိုက်သည်။

ဤတွင် ဥပဒေ ပညာရှင်များ၊ ရှေ့နေများ၊ ထင်ရှားသည့် ပုဂ္ဂိုလ်များက တရားရုံးသို့ အယူခံကြသည်။ သို့ရာတွင် အကြောင်း မထူး။ ဤတွင် တရားခံ ဂျော့က စာရေးဆရာ ဆာ အာသာ ကိုနင်ဒွိုင်းလ်ထံသို့ စာရေး၍ သူ့အမှုကို ကူညီ ဖြေရှင်းပေးရန် မေတ္တာ ရပ်ခံသည်။

အမှု ဖြစ်ပွားစဉ်က သတင်းစာ ဖြတ်ပိုင်းထဲတွင် ပါသည်များကိုလည်း သူ့ထံ ပို့လိုက်၏။ စာရေးဆရာ ဆာ အာသာ ကိုနင်ဒွိုင်းလ်သည် အမှုသွား အမှုလာကို ဖတ်ကြည့်သည်။ သက်သေခံ အထောက်အထားများကို ပြန်ရှာသည်။ သက်ဆိုင်သူများထံသို့ စာရေး၍ စုံစမ်းသည်။

စုံစမ်းလိုက်သည့် အခါတွင် ပုလိပ်က ဂျော့ အိမ်မှ သိမ်းသွားသည့် မုတ်ဆိတ်ရိတ် ဓားများမှာ သွေး စွန်းပေခြင်း မရှိဘဲ အသစ်များ ဖြစ်နေသည်ကို တွေ့ရသည်။ အင်္ကျီပေါ်တွင် တွေ့ရသည့် သွေးကွက်များမှာလည်း အသားပြုတ် အရည်များ ဖိတ်ကျနေခြင်း ဖြစ်ကြောင်း တွေ့ရသည်။ သူ့အင်္ကျီတွင် တွေ့ရသည့် မြင်းမွေးများမှာလည်း အစက မရှိ။ ပုလိပ်က သက်သေခံ ပစ္စည်း အဖြစ် မြင်းရေကို လှီးပြီး သူ့အင်္ကျီဖြင့် ထုပ်ယူလာစဉ် ကပ်နေခဲ့ခြင်း ဖြစ်ကြောင်းကို တွေ့ရသည်။





အင်္ကျီ၊ ဘောင်းဘီနှင့် ဖိနပ်တွင် တွေ့ရသည့် ရွှံ့စက် မည်းမည်းများမှာ ထိုညက သူ လျှောက်လည်ခဲ့သည့် ရွာနီးချုပ်စပ်မှ ရွှံ့မြေများ ဖြစ်နေပြီး မိုးရွာသဖြင့် ထိုရွှံ့များ ပေကျံလာခြင်း ဖြစ်သည်။ မြင်းသေ တွေ့ရသည့် လယ်ကွင်းထဲတွင် ရှိသည့် မြေများမှာ ဝါကြန့်ကြန့် မြေများ ဖြစ်သည်။

ကိုနင်ဒွိုင်းလ်သည် အမှု အကြောင်းကို ပြည့်စုံအောင် လေ့လာပြီးနောက် ထိုအမှုနှင့် ပတ်သက်၍ သူ့ထင်မြင်ချက်ကို **ဒေလီ တယ်လီဂရပ်**[၁] သတင်းစာသို့ ပို့လိုက်ရာ သတင်းစာက ဖော်ပြပေးသည်။

နောက်ဆုံးတွင် တရားရုံးက မှားယွင်းမှုဟု ဆိုကာ ဂျော့ကို ထောင်ဒဏ်မှ လွှတ်ပစ်လိုက်ရသည်။

နောက်တစ်မှုမှာ **မစ္စ မာရီယန် ဂီးလ်ခရစ်**[၂] ဆိုသူ အမျိုးသမီးကြီး တစ်ဦး အသတ်ခံရသည့် အမှုဖြစ်၍ အမှုမှာ အောက်ပါအတိုင်း ဖြစ်သည်။

မစ္စ မာရီယန်သည် လင်ဗီ[၃] ဆိုသည့် အိမ်စေ အမျိုးသမီး တစ်ယောက်နှင့် အတူ နေသည်။ တစ်ညနေတွင် လင်ဗီသည် သတင်းစာဝယ် ထွက်သွားသည်။ ထိုသို့ ရှိစဉ် အိမ်နီးချင်း ဖြစ်သူ **အဒမ်**[၄]သည် မစ္စ မာရီယန် အိမ်ဘက်မှ မသင်္ကာဖွယ် အသံများကို ကြားရသဖြင့် သွားကြည့်သည်။ မစ္စတာ အဒမ်မှာ မျက်စိ မွဲသူ ဖြစ်သော်လည်း ရုတ်တရက် ထွက်လာခဲ့ရသဖြင့် မျက်မှန်ကို မတပ်ခဲ့မိ။ အဒမ်သည် တံခါး ခေါင်းလောင်း နှိပ်နေစဉ် သတင်းစာဝယ် သွားသည့် အိမ်စေ အမျိုးသမီး ပြန်ရောက်လာသည်။ လင်ဗီက အိမ်ထဲသို့ ဝင်သွား၍ အဒမ်က အပြင်ဘက်တွင် ထိုင်စောင့်နေစဉ် အိမ်ထဲမှ လူရွယ် တစ်ယောက် ခပ်တည်တည် ထွက်လာပြီး လမ်းမပေါ်သို့ ရောက်သည်နှင့် ထွက်ပြေးသွားသည်ကို မြင်လိုက်ရသည်။

အိမ်ထဲတွင် မစ္စ မာရီယန်မှာ ခေါင်းမှ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရ၏။ ရန်းကန်သည့် လက္ခဏာ တစ်စုံတစ်ရာ မတွေ့ရ။ အနီးတွင် ဖတ်လက်စ မဂ္ဂဇင်း တစ်စောင် ပွင့်ကျနေသည်။ ကပ်လျက်

---

၁။ *Daily Telegraph*

၂။ *Miss Mariam Gilchrist*

၃။ *Lambie*

၄။ *Adam*



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် လူသတ်သမားက ထွန်းသွားဟန် တူသော ဓာတ်ငွေ့ မီးဖို တစ်လုံး လင်းနေသည်။ မှန်တင်ခုံပေါ်မှ ဖန်ဘူးထဲတွင် အဖိုးထိုက် အဖိုး တန် လက်ဝတ် လက်စားများမှာ ခြေရာလက်ရာ မပျက် ရှိသည်။ ကိုယ် ရေးကိုယ်တာနှင့် ပတ်သက်သော စာရွက်စာတမ်းများ ထည့်ထားသည့် သေတ္တာကလေးကို ရိုက်ချိုး ဖွင့်ထားပြီး စာရွက်စာတမ်းများ ကြမ်းပေါ် တွင် ပြန့်ကျဲနေသည်။ စိန်ရင်ထိုး တစ်ခုမှအပ အခြား မည်သည့် ပစ္စည်း မှ အပျောက်အရှ မရှိ။

အိမ်မှ ထွက်ပြေးသွားသော လူငယ်၏ ပုံပန်းသဏ္ဌာန်ကို မေးကြည့် သည့် အခါတွင် အဒမ်ရော၊ လင်ဗီရော နှစ်ယောက်စလုံးကပင် သဲကွဲစွာ မပြောနိုင်ကြ။ ထိုစဉ်က အိမ်ရှေ့လမ်းမမှ ဖြတ်သွားသည့် အသက် ဆယ့် လေးနှစ်ရွယ် ကလေးမ တစ်ဦးကမူ အိမ်ထဲမှ လူတစ်ယောက် ထွက်လာ သည်ကို မြင်လိုက်ရကြောင်းဖြင့် ပုံပန်းသဏ္ဌာန်ကို တိကျစွာ ပြောပြ သည်။ ပုလိပ်က လူသတ်သမားမှာ နှစ်ယောက် ဖြစ်ရမည်၊ လင်ဗီ မြင် လိုက်ရသူက တစ်ယောက်၊ သူငယ်မကလေး မြင်လိုက်ရသူက တစ် ယောက်ဟု ယူဆသည်။

ပုလိပ်က ပျောက်သွားသော စိန်ရင်ထိုး နောက်သို့ လိုက်သည်။ အစ ရှာမရ။ ထိုစဉ် **ဂလပ်စဂို**[၁]မှ တစ်ယောက်က **အော်စကာ စလိတ် တား**[၂] အမည်ရှိ ဂျာမန် ရေဝတီ တစ်ယောက်သည် ပျောက်ဆုံးသွားသည့် စိန်ရင်ထိုးနှင့် ခပ်ဆင်ဆင် စိန်ရင်ထိုး တစ်ခုကို လာရောက် ပေါင်နှံ ကြောင်းဖြင့် သတင်း ပေးသည်။ ပုလိပ်က အော်စကာကို လိုက်ရှာသည်။ အော်စကာကို အိမ်တွင် မတွေ့ရတော့။ ထိုညကပင် သူ့ နောက်မိန်းမ နှင့် **လီဗာပူး**[၃]သို့ ထွက်သွားပြီဟု သိရသည်။

အမျိုးသမီး တစ်ယောက် အသတ် ခံရပြီး စိန်ရင်ထိုး ပျောက်သွား သည်၊ အော်စကာ ဆိုသည့် လူ ထိုရင်ထိုးကို လာပေါင်သည်၊ ထို့နောက် ပျောက်သွားသည် ဆိုသည့် အခါတွင် လူသတ်သမားသည် အော်စကာ ဖြစ်သည်ဟု ပုလိပ်က ကောက်ချက် ချလိုက်သည်။ ('သက်သေ အ ထောက်အထား ပြည့်ပြည့်စုံစုံ မရခင် ကောက်ချက် ဆွဲတာဟာ အင်မတန် မှားတတ်တယ်' ဟု ရှားလော့ဟုမ်းက မကြာခဏ ပြောခဲ့ဖူးသည်။)

၁။ *Glasgow*

၂။ *Oscar Slater*

၃။ *Liverpool*





ပို၍ ဆိုးသည်မှာ အစွဲခံရသူ အော်စကာ စလိတ်တားသည် ကစား ဝိုင်း ထောင်ခြင်း၊ မကောင်းသည့် မိန်းမများ မွေးခြင်း စသည့် ကိစ္စများ ကြောင့် နာမည် ပျက်နေသူ ဖြစ်သည်။ အော်စကာ၏ ကိုယ်ပေါ်တွင် တူကလေး တစ်လက်ကိုလည်း တွေ့ရသည်။ ထိုတူဖြင့် သေသူ၏ ခေါင်း ကို ရိုက်သတ်ခဲ့ခြင်း ဖြစ်သည်ဟု ပုလိပ်က ယူဆသည်။ ရုံးတော်က အမှု ထင်ရှားသည်ဟု ဆိုကာ သေဒဏ် ပေးလိုက်သည်။

သို့ရာတွင် အမှုတွင် ဟာကွက်ကြီးများ ရှိနေသည်။ အော်စကာ စလိတ်တား ပေါင်သည် ဆိုသည့် စိန်ရင်ထိုးကို ပုလိပ်က အိမ်စေ အမျိုးသမီးအား ပြသည့် အခါ သူ့သခင်မ၏ ရင်ထိုး မဟုတ်ဟု ထွက် ဆိုသည်။ ထို့ပြင် ထိုရင်ထိုးမှာ အမှု မဖြစ်ခင် ပဝေသဏီကတည်းက အော်စကာ စလိတ်တား ပေါင်နေကျ ဖြစ်သည်။ မှုခင်း ဆရာဝန်၏ ထွက်ချက်ကို ကြည့်ပြန်လျှင်လည်း သေသူ၏ ခေါင်းမှ ဒဏ်ရာမှာ တူ ဖြင့် ထုသည့် ဒဏ်ရာ မဟုတ်၊ မယော်ဂနီသား ကုလားထိုင် ခြေထောက် ဖြင့် ရိုက်နှက်ခံရသော ဒဏ်ရာ ဖြစ်သည်ဟု ထွက်သည်။

သို့ဖြင့် တရားရုံး စီရင်ချက်ကို မကျေနပ်ကြသဖြင့် သတင်းစာများ နှင့် ဥပဒေ ပညာရှင်များက ဆိုင်ရာသို့ အယူခံ ဝင်ကြသည်။

'အော်စကာ စလိတ်တားရဲ့ အမှုကို ကျွန်တော် ဖတ် ကြည့် တော့ အမှုမှာ တော်တော် ကြီးမားတဲ့ ဟာကွက်ကြီးတွေကို သွားတွေ့ရတယ်၊ ဒါနှင့် သူ့အတွက် ကျွန်တော် တတ်နိုင်သလောက် လုပ်မယ် ဆိုပြီး ဆုံး ဖြတ်လိုက်တယ်' ဟု ကိုနင်ဒွိုင်းလ်က ရေးခဲ့သည်။ နာမည်ကျော် မှုခင်း ဗေဒ ပညာရှင် **ဝီလျံ ရော့ဖ်ဟက်**[၁]က 'ကိုနင်ဒွိုင်းလ်ဟာ မျှော်လင့်ချက် ကင်းမဲ့နေတဲ့ လူတွေ၊ အပြစ် မရှိ အစွပ်စွဲခံရသူတွေကို ရှေ့ဆောင် ရှေ့ ရွက် ပေးနေတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်တယ်၊ အော်စကာ စလိတ်တားရဲ့ အမှုကို လေ့လာပြီးတဲ့နောက် ကိုနင်ဒွိုင်းလ်ဟာ သူ့အိတ်ထဲက ငွေစိုက်ပြီး ရှား လော့ဟုမ်းရဲ့ နည်းတွေ အရ စုံစမ်းတော့တာပါပဲ' ဟု ရေးခဲ့သည်။

၁၉၁၂ ခုနှစ်တွင် ကိုနင်ဒွိုင်းလ်သည် **သည်ကေ့စ် အော့ဖ် အော်စကာ စလိတ်တား**[၂] အမည်ရှိ စာအုပ်ငယ်ကလေး တစ်အုပ်ကို ထုတ်ဝေလိုက် သည်။ ထို စာအုပ်ငယ်တွင် ကိုနင်ဒွိုင်းလ်သည် အော်စကာ စလိတ်တား အပေါ်တွင် စွဲထားသည့် စွဲချက်များကို တစ်ခုပြီး တစ်ခု ချေဖျက်ပစ် သည်။ ('အမှု တစ်ခုကို ကိုင်တွယ်ပြီ ဆိုရင် အခြား ဖြစ်နိုင်ချက် အား

၁။ *William Roughhead*

၂။ *The Case of Oscar Slater*



www.burmeseclassic.com

www.burmeseclassic.com



ခုကို ရှာကြည့်ပြီး အဲဒီ အချက်ကို ဖြစ်နိုင်တဲ့ ဘက်ကရော မဖြစ်နိုင်တဲ့ ဘက်ကရော နှစ်ဖက်စလုံး ချိန်ထိုးပြီး ကြည့်ရမယ်၊ ရေပက် မဝင်အောင် ခိုင်လုံပြီ ဆိုတော့မှ ဒီအချက်ကို အတည်ပြုရမယ်၊ ဒါဟာ မှုခင်းစုံစမ်း ထောက်လှမ်းရာမှာ ပထမဆုံး လိုက်နာရမယ့် ဥပဒေသ ဖြစ်တယ်' ဟု ရှားလော့ဟုမ်းက ပြောခဲ့သည်။)

ကိုနင်ဒွိုင်းလ်၏ စဉ်းစားပုံမှာ ရှင်းရှင်းကလေးမျှသာ ('အသေးအဖွဲကလေးတွေဟာ အရေး အကြီးဆုံး ဖြစ်တယ်' ဟု ရှားလော့ဟုမ်းက ပြောခဲ့သည်။)။

လူသတ်သမားသည် မိမိ အနီးတွင် အဖိုးတန် ကျောက်မျက် ရတနာများကို အလွယ်တကူ တွေ့နေပါလျက် အဘယ့်ကြောင့် စိန်ရင်ထိုး တစ်ခုတည်းကိုမှ ယူသွားခဲ့သနည်း။

အကုန် မယူနိုင်လျှင် ရှိစေ၊ လက်လှမ်းမီသမျှ တစ်နိုင်လောက်ကိုမူ ယူသွားသင့်သည် မဟုတ်လော။ ထို့ပြင် လူသတ်သမားသည် အဘယ့်ကြောင့် စာရွက် စာတမ်းတွေ ထည့်ထားသည့် သေတ္တာကို မွှေနှောက်သွားရသနည်း။

လူသတ်သမားသည် ပစ္စည်းကို ယူဖို့ထက် စာရွက်စာတမ်းကို ယူဖို့လာသည်ဟု ယူဆစရာ ဖြစ်မနေပါသလော။ လူသတ်သမားသည် အိပ်ခန်းထဲသို့ ရောက်လာပြီး ဓာတ်ငွေ့ မီးဖိုကို ထွန်းကာ စာရွက်ကို စိမ်ပြေနပြေ ရှာနေသည် မဟုတ်လော။ ပုလိပ်ကို မျက်စိ လည်စေရန် အတွက် စိန်ရင်ထိုးကို ကောက်ယူသွားခြင်း မဖြစ်နိုင်ပါသလော။

သူ ရှာနေသည့် စာရွက်စာတမ်းသည် မည်သည့် စာရွက်စာတမ်းမျိုးနည်း။ အရေးကြီးသည့် စာရွက်စာတမ်းလော သို့မဟုတ် သေတမ်းစာလော။ သို့ဆိုလျှင် ဆွေမျိုးထဲက မဖြစ်နိုင်ပါသလော။ သေသူသည် ချမ်းသာသည့် အပျိုကြီး တစ်ယောက် ဖြစ်သည့် အတိုင်း အိမ်ကို အမြဲတမ်း သော့ခတ်ထားကာ ဧည့်သည် လာလျှင် ချောင်းကြည့်ပေါက်မှ ကြည့်ပြီးမှသာ တံခါး ဖွင့်ပေးတတ်သူ ဖြစ်၏။ ယခု ထိုသူ အိမ်ထဲသို့ ရောက်လာခြင်းမှာလည်း သေသူက စိတ်ချရသူ ဖြစ်သဖြင့် တံခါး ဖွင့်ပေး၍ ရောက်လာသူ မဖြစ်နိုင်ပါသလော။

ကိုနင်ဒွိုင်းလ်သည် အပြစ် မရှိသော အော်စကာ စတားလိတ် လွတ်မြောက်ရေး အတွက် ကြိုးစားခဲ့ရာ နောက်ဆုံး ဆယ့်ကိုးနှစ် ကြာသည့် အခါတွင်မှ အော်စကာ စလိတ်တား အမှုကို မှားယွင်းမှုဟု ပိတ်လိုက်လေသည်။





'ဆာ အာသာ ကိုနင်ဒွိုင်းလ်သည် ကျွန်တော့် ခြေထောက်မှ သံခြေချင်းကို ဖြုတ်ပေးလိုက်သူ ဖြစ်ပါသည်။ ဆာ အာသာသည် တရားမျှတမှုနှင့် မှန်ကန်မှုကို မြတ်နိုးသူ ဖြစ်ပါသည်။ ကျွန်တော့် အပေါ်တွင် ပြုမူးသော ကျေးဇူးကို ကျွန်တော့် တစ်သက်တွင် မေ့နိုင်တော့မည် မဟုတ်ပါ' ဟု အော်စကာ စလိတ်တားက ကိုနင်ဒွိုင်းလ်ထံ ရေးခဲ့သည်။

သူတို့ နှစ်ယောက်သည် အော်စကာ စလိတ်တား၏ အယူခံမှုကျမှ လူချင်း တွေ့ဖူးကြခြင်း ဖြစ်သည်။

စာရေးဆရာ တစ်ယောက်၏ စိတ်နေ စိတ်ထားသည် သူ ဖန်တီးပေးလိုက်သော ဇာတ်ကောင်၏ စရိုက်ထဲတွင် တစ်ပိုင်းတစ်စ ပေါ်နေသည် ဆိုသည့် အချက်ကို ထို အဖြစ်အပျက်က သက်သေ ပြနေလေသည်။

မြသန်းတင့်



www.burmeseclassic.com

www.burmeseclassic.com

# နေလို လလို ထင်ရှားသူ



ကျွန်ုပ်သည် အောက်ပါ အဖြစ်အပျက်ကို ဖော်ထုတ် ရေးသားခွင့် ပြုရန် နှစ်ပေါင်း များစွာ အတွင်း ရှားလော့ဟုမ်းအား ဆယ်ကြိမ်ထက် မနည်း ခွင့်တောင်းခဲ့ပေရာ နောက်ဆုံး၌ 'အင်း၊ ခုအချိန်လောက် ဆိုရင်တော့ ဘယ်သူ့ကိုမှ ထိခိုက်တန် ကောင်းမယ် မထင်ပါဘူးဗျာ' ဟူသော စကား တစ်ခွန်းကို သူ့ထံမှ ရရှိခဲ့၏။ ဤသို့ဖြင့် မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ စုံထောက် သက်တမ်းတွင် တစ်နည်းအားဖြင့် အရေးကြီးသည့် အချိန် တစ်ခုကို မှတ်တမ်း တင်ခွင့် ရရှိခဲ့ပေ၏။

ရှားလော့ဟုမ်းနှင့် ကျွန်ုပ်တို့ နှစ်ယောက်၏ ဝါသနာ တစ်ရပ်မှာ တာ့တ်ရှ် ဘတ် ခေါ် ရေနွေးငွေ့ဖြင့် ချွေးအောင်းလှေ့ ရှိကြခြင်း ဖြစ်၏။ ရေနွေးငွေ့ တထောင်းထောင်း ထနေသည့် ချွေးအောင်းခန်းသို့ ရောက်သည့် အခါမျိုး၌ ရှားလော့ဟုမ်းသည် ခါတိုင်းကဲ့သို့ တုဏှိဘာဝေ မပြုတော့ဘဲ အာသွက်လျက် ရှိနေခြင်းကို တွေ့ရတတ်မြဲ ဖြစ်ပေ၏။

နော့သမ် ဘာလင်း ရိပ်သာ လမ်းရှိ ချွေးအောင်းဆိုင် အပေါ်ထပ်တွင် ခုတင် နှစ်လုံး ဆံ့သော ချောင်ကျသည့် အခန်းကလေး တစ်ခန်း ရှိလေရာ ၁၉၀၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့၌ ကျွန်ုပ်တို့ နှစ်ယောက်သည် ခုတင် တစ်လုံးစီပေါ်တွင် လဲလျောင်းရင်း ချွေးအောင်းလျက် ရှိကြသည်တွင် ကျွန်ုပ်၏ ဇာတ်တမ်းကိုလည်း ထိုအချိန်မှ စ၍ ဖော်ပြလိုက်ရပေ၏။

ကျွန်ုပ်က မည်သည့် အကြောင်းများကို စဉ်းစားနေသနည်းဟု မေးလိုက်သည်တွင် ရှားလော့ဟုမ်းသည် တစ်ကိုယ်လုံး ခြုံထားသည့် စောင်ထဲမှ ရှည်



www.burmeseclassic.com

www.burmeseclassic.com



လျှား သေးသွယ်၍ တုန်ယင်နေသည့် လက်တစ်ဖက်ကို ထုတ်လိုက်ကာ အနီးတွင် ချိတ်ထားသော ကုတ်အင်္ကျီ အိတ်ထဲမှ စာအိတ် တစ်လုံးကို ထုတ်ယူလိုက်လေ၏။

ထို့နောက် စာရွက်ကို ကျွန်ုပ်ထံသို့ လှမ်းပေးလိုက်ပြီးလျှင်

'တော်တော် ဘဝင်မြင့်ပြီး ယောက်ယက် ခတ်နေတဲ့ လူ တစ်ယောက် လား သို့မဟုတ် သေရေး ရှင်ရေး ကိစ္စလားတော့ မပြောတတ်ဘူးဗျ၊ ဟောဒီ စာကိုသာ ဖတ်ကြည့်ပေတော့'

စာမှာ ယမန်နေ့ နေ့စွဲ တပ်ထားလျက် ကာလ်တန် ကလပ်မှ ပေးပို့ လိုက်သော စာ ဖြစ်ပြီး စာထဲတွင် အောက်ပါ အတိုင်း ပါရှိလေ၏။

ဆာ ဂျိမ်း ဒန်မာရီက နှုတ်ခွန်း ဆက်လိုက်ပါသည်။ စုံထောက်ကြီး အား မနက်ဖြန် ညနေ လေးနာရီခွဲတွင် လာရောက် တွေ့ဆုံပါမည်။ မစ္စတာ ဟုမ်းနှင့် တွေ့ဆုံ ဆွေးနွေးလိုသော ကိစ္စမှာ အလွန် နူးညံ့ သိမ် မွေ့ပြီး အလွန် အရေးကြီးကြောင်းကိုလည်း ပြောလိုပါသည်။ မစ္စတာ ဟုမ်း အနေဖြင့် တွေ့နိုင်ရန် ကြိုးစားလိမ့်မည်ဟု ယုံကြည်ပါသည်။ ကာလ်တန် ကလပ်သို့ တယ်လီဖုန်း ဆက်၍ အတည် ပြုပါမည့် အ ကြောင်း။

ကျွန်ုပ်က စာရွက်ကို ပြန်ပေးလိုက်သည့် အခါတွင် ရှားလော့ဟုမ်းက

'ကျုပ်တော့ အတည် ပြုလိုက်ပြီဗျ၊ ဒန်မာရီ ဆိုတဲ့ လူ အကြောင်းကို ခင်ဗျား သိသလား'

'အထက်တန်းလွှာ အသိုင်းအဝိုင်းမှာတော့ မသိတဲ့လူ မရှိသလောက် ပဲဗျ'

'ဒါတွင် မကဘူးဗျ၊ သတင်းစာတွေ ဘာတွေထဲမှာ မပါတဲ့ သိမ်မွေ့တဲ့ ပြဿနာတွေကို ဖြေရှင်းရာမှာ တော်တယ်လို့ နာမည် ကြီးတယ်၊ ဟမ္မားဖို့ သေတမ်းစာ ကိစ္စနှင့် ပတ်သက်လို့ ဆာ ဂျော့ လူးဝစ်နှင့် သူ စေ့စပ် ဆွေးနွေး ခဲ့တာကို ခင်ဗျား မှတ်မိဦးမလား မသိဘူး၊ သူက ပရိယာယ်လည်း ကြွယ် လောကကြီး အကြောင်းကိုလည်း သိလေတော့ ဘယ်ပြောစရာ ရှိတော့မလဲဗျာ၊ ဒါကြောင့် သူ့ဆီကတော့ သတင်းမှား မရတန်ကောင်းဘူး၊ အောက်မေ့ရတာပဲ တကယ်လိုလို့ ကျုပ်တို့ အကူအညီကို တောင်းတယ် ထင်တာပဲ'

'ကျုပ်တို့ အကူအညီ ဟုတ်လား'

'ဒါပေါ့၊ ခင်ဗျား လိုက်နိုင်ရင်တော့ အတိုင်းထက် အလွန်ပဲဗျ'





'ဂုဏ်ယူ ဝမ်းမြောက်စွာ လိုက်ပါ့မယ်ဗျာ'

'ကဲ ဒါဖြင့် လေးနာရီခွဲမှာ အဆင်သင့် စောင့်ဗျာ၊ ခု လောလောဆယ် ကော့ ခေါင်းထဲက ဖျောက်ထား လိုက်ကြဦးစို့ရဲ့'

ချိန်က ကျွန်ုပ်မှာ ကွင်း အန်း လမ်းတွင် သီးသန့် နေထိုင်လျက် ရှိသော် ည်း ချိန်းဆိုထားသည့် အချိန် မတိုင်မီမှာပင် ဘေကာ လမ်းသို့ ရောက်လာခဲ့ ၏။ ဆာ ဂျိမ်း ဒန်မာရီမှာ လူသိများသူ တစ်ယောက် ဖြစ်သည့် အားလျော်စွာ အကြောင်းကို ကျွန်ုပ် အကျယ် ရေးသား တင်ပြရန် လိုမည် မထင်တော့ချေ။ ဂျိမ်း ဒန်မာရီမှာ ရိုးဖြောင့်သော လူတစ်ယောက် ဖြစ်ပြီးလျှင် ကိုယ်လုံး ယ်ပေါက် ထွားကျိုင်းပြီး မုတ်ဆိတ်ကို စင်ကြယ်စွာ ရိတ်ထားလျက် စကား ပြောဆိုမှာလည်း ပျော့ပျောင်း နူးညံ့လှပေ၏။ သူ၏ အိုင်းရစ်ဟန် အပြည့် သာ ပြာလဲ့လဲ့ မျက်လုံးများမှ ရိုးဖြောင့် ပွင့်လင်းသည့် ဟန် အမူအရာသည် တက်ပ ရွှန်းလန်းလျက် ရှိပြီး ပြုံးချိုနေသော နှုတ်ခမ်းများပေါ်တွင်လည်း သည် အမြဲတမ်း ယှက်သန်းလျက် ရှိပေ၏။ တောက်ပ ပြောင်လက်သည့် ၏ ဦးထုပ်ချွန်၊ အနက်ရောင် ဖရော့ ကုတ်အင်္ကျီနှင့် တကွ အနက်ရောင် အက်ခဲ ဖဲအင်္ကျီတွင် တွယ်ထားသည့် ပုလဲ ရင်ထိုး၊ ပြောင်လက်နေသည့် ပ်ပေါ်တွင် ပက်ဖျန်းထားသည့် လာဗင်ဒါ ရေမွှေးနံ့ စသည်တို့သည် အဝတ် အားကို မည်မျှ ကောင်းမွန် သပ်ရပ်စွာ ဝတ်ဆင်လေ့ ရှိကြောင်းကို ဖော်ပြ ရှိလေရာ ဆာ ဂျိမ်း ဒန်မာရီ နာမည် ကျော်ကြားခြင်း အကြောင်းထဲတွင် ချက်သည်လည်း တစ်ကြောင်း အပါအဝင် ဖြစ်ပေ၏။

ဘေကာလမ်းရှိ အခန်းမှာ အာဏာစက် ပြင်းသော မင်းစိုးရာဇာနွယ်ဝင် ဦး ဖြစ်သည့် ဆာ ဂျိမ်း ဒန်မာရီ၏ ကိုယ်လုံးကြီးဖြင့် ပြည့်သွားသလောက် ထင်ရပေ၏။ ကျွန်ုပ်ကို မြင်သည့် အခါတွင် ဆာ ဂျိမ်း ဒန်မာရီသည် ကျေး သိမ်မွေ့စွာ ဦးညွှတ်လိုက်ပြီးနောက်

'ဟုတ်ကဲ့၊ ဒေါက်တာ ဝပ်ဆင်ကို တွေ့ရလိမ့်မယ်လို့လည်း ကျွန်တော် လင့်ထားပြီးသားပါ ခင်ဗျာ၊ ခု တစ်ခါ ကျွန်တော်တို့ တွေ့ရမယ့် လူက လက်ယဉ်ပြီး တဓောက်ကန်း လုပ်တတ်တဲ့ လူမျိုး ဆိုတော့ ဒေါက်တာ ဆင် ပါဖို့လည်း လိုအပ်ပါတယ်၊ ကျွန်တော့် အထင် ပြောရမယ် ဆိုရင်တော့ ရောပ တိုက်မှာ သူ့လောက် ဆိုးတဲ့ လူတောင် ရှိမယ် မထင်တော့ပါဘူး'

www.burmeseclassic.com



ရှားလော့ဟုမ်းက ပြုံးလိုက်လျက်

'အလားတူ ဂုဏ်ပုဒ်မျိုးတွေ ပါတဲ့ ရာဇဝတ်ကောင် တော်တော်များများကို ကျွန်တော် တွေ့ခဲ့ဖူးပါပြီလေ၊ ဆာ ဂျိမ်းက ဆေးလိပ် မသောက်ဘူး ထင်ပါရဲနော်၊ ကျွန်တော် ဆေးတံ သောက်တာတော့ ခွင့်လွှတ် ခင်ဗျာ၊ ဆာ ဂျိမ်း ပြောတဲ့ လူက သွားလေသူ ဒေါက်တာ မော်ရီယာတီတို့၊ ခု သက်ရှိ ထင်ရှား ရှိနေတဲ့ ဗိုလ်မှူးကြီး မိုရန်တို့ထက် အန္တရာယ် ကြီးတဲ့ လူမျိုး ဆိုရင်တော့ တွေ့သင့် တွေ့ထိုက်တဲ့ လူတစ်ယောက်ပါပဲ၊ သူ့နာမည်ကလေးကကော ခင်ဗျာ'

'ဘေရွန်ဂွဲ့ ရတဲ့ အမတ်ကြီး ဂရွန်းနား အကြောင်းကို ခင်ဗျား ကြားဖူးမှာပါ'

'ဩစတြီးယားက လူသတ်သမား မဟုတ်လား ခင်ဗျာ'

ဆာ ဂျိမ်း ဒန်မာရီသည် လက်တွင် စွပ်ထားသည့် ဆိတ်ကလေးရေ လက်အိတ်ကို ချွတ်လိုက်ရာမှ ရယ်လိုက်ရင်း

'အင်း မစ္စတာ ဟုမ်းကို ကျော်လို့ တယ် မလွယ်ပါလား ခင်ဗျာ၊ အင်း အံ့ဩလောက်ပါပေတယ်၊ မစ္စတာ ဟုမ်းက သူ့ကို လူသတ်သမား အနေနှင့် သိနေပြီပေါ့'

'ကျွန်တော့် အလုပ်က ဥရောပက ရာဇဝတ် မှုခင်းတွေကို အသေးစိတ် သိနေဖို့ လိုတာကိုး ခင်ဗျ၊ တခြား လူကတော့ ပရတ်မှာ ဖြစ်တဲ့ အမှုကို ဖတ်ပြီး ဘယ်သူဟာ တရားခံ ဖြစ်နိုင်သလဲ ဆိုတာ ဘယ်စဉ်းစားနေပါ့မလဲ၊ ပြီးတော့ ဖြစ်တဲ့ ကိစ္စက တရား ဥပဒေ အချက်အလက်နှင့် ဆိုင်တဲ့ ကိစ္စ၊ သူ့ကို ကြိုးမိန့်ကနေ လွတ်အောင် ထွက်ပေးခဲ့တဲ့ သက်သေ တစ်ယောက် မသင်္ကာစရာ သေသွားတဲ့ ကိစ္စ၊ ကျွန်တော် မြင်သလောက် ပြောရမယ် ဆိုရင်တော့ စပလူဂျင် တောင်ကြားလမ်းမှာ မတော်တဆ ဖြစ်တယ် ဆိုတဲ့ ကိစ္စဟာ အမှန်က မတော်တဆ ဖြစ်တာ မဟုတ်ဘူး ခင်ဗျ၊ သူ့မိန်းမကို သူ သတ်ပစ်တာလို့ပဲ မြင်နေတယ်၊ သူ မကြာခင် အင်္ဂလန်ကို ရောက်လာပြီး ကျွန်တော့်ကို လာ အမှု အပ်လိမ့်မယ်လို့လည်း ကျွန်တော် တွက်ပြီးသားပါ၊ ဆိုစမ်းပါဦး၊ ခု အမတ်ကြီး ဂရွန်းနားက ဘာ လိုချင်သတဲ့လဲ၊ ခုတွင်က ကျွန်တော် ပြောတဲ့ ကိစ္စတော့ ဟုတ်ဟန် မထင်ပါဘူး'

'မဟုတ်ဘူးဗျ၊ အဲဒီ ကိစ္စထက် အရေးကြီးတယ်၊ ရာဇဝတ်မှုကို နှိမ်နင်းဖို့ အရေးကြီးတယ် ဆိုတာ မှန်ပါတယ်၊ သို့သော်လည်း တားဆီးဖို့က ပိုပြီး အရေး ကြီးတယ်လို့ ထင်တယ်ဗျ၊ မစ္စတာ ဟုမ်းရေ၊ ကိုယ့် မျက်စိ ရှေ့





မှာပင် ရာဇဝတ်မှုကြီး တစ်မှု ဖြစ်တော့မယ့် အခြေအနေတွေကို မြင်နေရတယ်၊ ဒီရာဇဝတ်မှုကြီး ဘယ် အခြေ အထိ ရောက်မယ် ဆိုတာလည်း သိတယ်၊ ဒါပေမဲ့ ဒါကို ကိုယ် တားဆီးခြင်း မပြုနိုင်ဘူး ဆိုတာကို သိနေ မြင်နေရတာလောက် စိတ်ဆင်းရဲစရာ ကောင်းတာ ရှိနိုင်ပါဦးမလား၊ လူတစ်ယောက် အဖို့ ဒီ အခြေအနေကို မြင်နေလျက်သားနှင့် ဒီအတိုင်း လက်ပိုက် ကြည့်နေရတာလောက် စိတ် ဒုက္ခ ရောက်တာ မရှိတော့ဘူး ထင်တာပဲ ခင်ဗျ'

'မရှိနိုင်တော့ဘူးပေါ့ ခင်ဗျာ'

'ဒီလိုဆိုရင် ကျွန်တော် ကိုယ်စား ပြုလာတဲ့ ပုဂ္ဂိုလ်ကို ကိုယ်ချင်းစာနိုင်ပြီပေါ့'

'နေစမ်းပါဦး ခင်ဗျာ၊ ဆာ ဂျိမ်းက ကိုယ်စားလှယ် လာတာ ဆိုရင် အာယက်ရှင်က ဘယ်သူများလဲ'

'ဒီမေးခွန်းကို သိပ် မမေးဖို့ စုံထောက်ကြီးကို ကျွန်တော် တောင်းပန်ချင်တယ်ဗျာ၊ သူ့ ဂုဏ်သိက္ခာကို ထောက်ထားသောအားဖြင့် သူ့နာမည်ကို ဒီကိစ္စထဲမှာ မပါစေရပါဘူးလို့ ကျွန်တော် သူ့ကို အာမခံချင်တယ်၊ သူ့ စေတနာကတော့ မြင့်မြတ် ဂုဏ်ရှိတဲ့ စေတနာကောင်းပါပဲ၊ သို့သော်လည်း သူက ဒီအထဲမှာ ပါတာကို လူမသိစေချင်ဘူး၊ ဒီအမှုကို ကိုင်တဲ့ အတွက် ငွေရေးကြေးရေး ကိစ္စရော စုံထောက်ကြီးရဲ့ လုပ်ပိုင်ခွင့်ကိုရော အစစ အရာရာကို စိတ်ချပါ၊ ကျွန်တော် အာမခံပါတယ်၊ တကယ်ကတော့ အာယက်ရှင်ရဲ့ နာမည်ကို သိရလို့လည်း သိပ်တော့ အကျိုး မထူးလှပါဘူး'

ရှားလော့ဟုမ်းက

'ဝမ်းနည်းပါတယ် ခင်ဗျာ၊ အမှုတွေကို လိုက်တဲ့ နေရာမှာ လျှို့ဝှက်ချက် တစ်ဖက်ပဲ ရှိတဲ့ အမှုမျိုးကိုသာ ကျွန်တော် ကိုင်နေကျပါ၊ နှစ်ဖက်လုံး လျှို့ဝှက်ချက် ရှိနေတဲ့ အမှုမျိုးကို မကိုင်ပါရစေနှင့်၊ ခေါင်း ရှုပ်ရလွန်းလို့ပါ၊ ကျွန်တော် မကိုင်ပါရစေနှင့်၊ တောင်းပန်ပါတယ်'

ဆာ ဂျိမ်းမှာ အကြီးအကျယ် စိတ်ပျက်သွားလေ၏။ အားလျော့ခြင်း၊ စိတ်ပျက်ခြင်းတို့ကြောင့် အကဲခတ်ရ လွယ်သော သူ့မျက်နှာ ဝိုင်းဝိုင်းကြီးသည် ညှိုးမှိုင်း၍ သွားလေ၏။

'မစ္စတာ ဟုမ်း လုပ်လိုက်တာနှင့် ကျွန်တော့်မှာ တော်တော်ခက်ကျသွားပြီ ခင်ဗျာ၊ တော်တော်လေးကို ခက်သွားပြီ၊ အချက်အလက်တွေကို ပေးရင် ဒီအမှုကို ဂုဏ်ယူ ဝမ်းမြောက်စွာနှင့် လက်ခံလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာ၊ ကျွန်တော်ကလည်း နာမည် နာမကို ထုတ်ဖော် မပြောပါဘူးလို့ တာဝန် ယူလာခဲ့မိတယ်၊ ကဲဗျာ ဘာပဲဖြစ်ဖြစ် အချက်အလက်လောက်တောင်မှ မတင်ပြရတော့ဘူးလား'

'တင်ပြနိုင်ပါတယ် ခင်ဗျာ၊ ကျွန်တော့် အနေနှင့်တော့ လိုက်မယ် မလိုက် ဘူး ဆိုတာ ဘာမှ ယတိပြတ် ပြောမထားရသေးဘူး ဆိုတာကို နားလည်ရင် ပြီးတာပါပဲ'

'ကောင်းပါပြီဗျာ၊ လက်ခံပါတယ်၊ စပြောရမယ် ဆိုရင်တော့ ဗိုလ်ချုပ် ဒီမာဇီးလ် ဆိုတဲ့ နာမည်ကို စုံထောက်ကြီး ကြားဖူးလိမ့်မယ် ထင်ပါရဲ့'

'ကိုင်ဗာ တောင်ကြား တိုက်ပွဲမှာ နာမည် ကြီးခဲ့တဲ့ ဗိုလ်ချုပ် ဒီမာဇီးလ် မဟုတ်လား၊ ဟုတ်ကဲ့ ကြားဖူးပါတယ်'

'သူ့မှာ သမီးပျို တစ်ယောက် ရှိတယ် ခင်ဗျာ၊ ဗွိုင်အိုလက် ဒီမာဇီးလ် တဲ့၊ အရွယ်ကလည်း ငယ် ရုပ်ကလည်း ချော ပစ္စည်းကလည်း ပေါ လိမ္မာရေး ခြားလည်း ရှိ၊ အဘက်ဘက်က စုံပြုလောက်တဲ့ မိန်းကလေး တစ်ယောက် ဆိုပါတော့၊ ဒီလောက် အပြစ် ကင်းပြီး ဒီလောက် ချစ်စရာ ကောင်းတဲ့ သူငယ်မ လေးဟာ လူဆိုး လူယုတ် တစ်ယောက်ရဲ့ လက်ထဲကို ရောက်နေတယ် ခင်ဗျ၊ ဒါကြောင့် သူ့ကို ကယ်ဖို့ ကျွန်တော်တို့ ကြိုးစားနေကြတာ'

'သူငယ်မလေးဟာ ဂရွန်နား ဆိုတဲ့ လူ့ရဲ့ စက်ကွင်းထဲမှာ ရောက်နေ တယ် ဆိုပါစို့ဗျာ'

'မိန်းမ တစ်ယောက် အဖို့ အကြီးဆုံး စက်ကွင်း ဖြစ်တဲ့ အချစ် စက်ကွင်း ထဲကို ရောက်နေတယ် ခင်ဗျ၊ ဂရွန်နား ဆိုတဲ့ လူက စုံထောက်ကြီး ကြားဖူး တဲ့ အတိုင်း လူကလည်း ချော အပြောကလည်း ချို ဟန်ကလည်း ကောင်းတဲ့ အပြင် မိန်းမတွေ ကျတတ်တဲ့ စိတ်ကူးယဉ်မှုနှင့် လျှို့ဝှက်ချက်ကလည်း အပြည့် ခင်ဗျ၊ စိတ်ကူး ယဉ်ပြီး အသိရ ခက်တဲ့ သူမျိုးကို မိန်းမတွေ သဘောကျတတ် တယ် မဟုတ်လား ခင်ဗျာ၊ တွေ့သမျှ မိန်းမတွေကို လက်ဖျားမှာ ကစားသွား နိုင်တယ်လို့ ဆိုတာပဲ'

'နေစမ်းပါဦးဗျ၊ ဒီလို လူက ဗွိုင်အိုလက် ဒီမာဇီးလ်လို ကလေးမမျိုး နှင့် ဘယ်လို လုပ်ပြီး တွေ့ကြတာလဲ'

'မြေထဲ ပင်လယ်မှာ အပျော်စီး သင်္ဘောစီး ထွက်ရင်း တွေ့လာကြတာ စုံထောက်ကြီးရေ၊ လူကတော့ သန့်သန့်ပါပဲ၊ ကိုယ့်အစုနှင့်ကိုယ် လာကြတာ၊ ဒီခရီးကို ဦးဆောင် ဦးရွက် ပြုတဲ့ လူတွေကလည်း ဂရွန်နား အကြောင်းကို





မသိကြဘူးပေါ့၊ သိတော့ နောက်ကျနေပြီလေ၊ သင်္ဘောပေါ် ရောက်ကတည်းက ဒီကောင်ဟာ ကလေးမကလေး အနားမှာ တကပ်ကပ် လုပ်နေတော့ ကြာတော့ သူငယ်မကလေးကလည်း သူ့ဘက် ပါသွားရော ဆိုပါတော့ ခင်ဗျာ၊ သူ့ဘက် ပါသွားပုံကလည်း လွန်တယ် ခင်ဗျ၊ သူငယ်မကလေးဟာ ဒီလူကို ချစ်တယ် ဆို့ ပြောရုံနှင့် မလုံလောက်တော့ဘူး၊ အဲဒီ ကောင်ကို အစွဲကြီး စွဲပြီး မမြင်ရ အနေနိုင် မထိုင်နိုင် ဖြစ်သွားတာ၊ သူ့အဖို့ ကမ္ဘာပေါ်မှာ ဒီကောင်က လွဲရင် ကျန်တဲ့ ယောကျ်ားတွေဟာ ဖွဲနှင့် ဆန်ကွဲလောက်ပဲ အောက်မေ့ရောသလား မသိဘူး၊ သူ့ အကြောင်းကို မကောင်း ပြောရင် မခံနိုင်ဘူး၊ မကြားနိုင်ဘူး၊ ကလေးမလေးကို အစွဲအလမ်း ပျောက်အောင် နည်းမျိုးစုံနှင့် လုပ်ပြီးပြီ၊ ဒါပေမဲ့ အချည်းနှီးပါပဲ၊ တိုတို ပြောကြပါစို့ဗျာ၊ နောက်လမှာ ဒီကောင်ကို လက်ထပ် တော့မလို့ မကြာခင်ကပဲ အိမ်ကို ဖွင့်ပြောလိုက်ပြီ ခင်ဗျ၊ သူငယ်မကလေးက အရွယ်လည်း ရောက် စိတ်ကလည်း ပြင်းတော့ သူ့ကို ဘယ်လို တားရမယ် ဆိုတာ ကျွန်တော်တို့လည်း စိတ်ကူးလို့ မရဘဲ ဖြစ်နေကြတယ် ခင်ဗျ'

'ဩစတြီးယားမှာ လူသတ်မှု ဖြစ်တဲ့ ကိစ္စကိုကော ကလေးမကလေး သိသလား'

'ဒီကောင် ကောက်ကျစ်လိုက်ပုံများတော့ မပြောပါနှင့်တော့ ခင်ဗျာ၊ သူ့ အရင်တုန်းက နာမည် ပျက်တာတွေ အားလုံးကို ကလေးမကလေးကို ဖွင့် ပြောတယ် ခင်ဗျ၊ ဒါပေမဲ့ ဒီကိစ္စ အားလုံးမှာ သူဟာ အပြစ် မရှိဘဲနှင့် အချောင် နာမည် ပျက်ရတဲ့ ပုံမျိုး ပြောလေတော့ သူငယ်မကလေးကလည်း အဟုတ် ထင်ပြီး ဘယ်သူ့ စကားကိုမှ နားမဝင်တော့ဘူး ခင်ဗျ'

'ဖြစ်မှ ဖြစ်ရလေဗျာ၊ သို့သော်လည်း ခင်ဗျား အမှတ်မဲ့ ထုတ်ပြော လိုက်ပြီးပြီနော်၊ ခင်ဗျားကို ကိုယ်စားလှယ် လွှဲထားတဲ့ လူဟာ ဗိုလ်ချုပ်ကြီး ဒီမာဇီးလ်ပေါ့၊ ဟုတ်လား'

ဆာ ဂျိမ်းသည် ကုလားထိုင်ပေါ်တွင် ဂနာမငြိမ် ဖြစ်လျက် ရှိရာမှ

'ဟုတ်တယ်လို့ ပြောလိုက်ရင်တော့ ခင်ဗျားကို လိမ်ရာ ရောက်မှာပဲ ခင်ဗျာ ဟုမ်း၊ ဒါပေမဲ့ ကျွန်တော် မလိမ်ချင်ပါဘူး၊ ဒီမာဇီးလ်ကတော့ တော် တော်လေးကို စိတ် ဒုက္ခ ရောက်နေပြီ၊ အင်မတန် စိတ်ဓာတ် ကြံ့ခိုင်တဲ့ စစ် သားကြီးဟာ ဒီကိစ္စကြောင့် တော်တော်ကို စိတ်ဓာတ် ကျဆင်းနေတယ်၊ စစ် မြေပြင်မှာ ရန်သူတွေနှင့် တိုက်ရာမှာ ရဲရင့်သလောက် ခုတော့ သူ့ခမျာ ဆေး ရုက်မတတ် ဖြစ်နေတာပဲ၊ သူ့ ခမျာ တုန်တုန်ချည့်ချည့်နှင့် ဂရွန်နားလို ခက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



လက်ရဲ လုပ်ရဲ ကိုင်ရဲတဲ့ လူမျိုးကို ဘယ့်နှယ် လုပ်ပြီး ယှဉ်လို့ ရမလဲဗျာ၊ သို့သော်လည်း ခင်ဗျားကို ပြောနိုင်သလောက် ပြောရရင်တော့ ကျွန်တော့် အမှုသည်ဟာ ဗိုလ်ချုပ် ဒီမာဗီးလ်နှင့် အရင်တုန်းကတည်းက ခင်မင်လာတဲ့ မိတ်ဟောင်း ဆွေဟောင်းကြီး တစ်ဦးပဲဗျ၊ ပြီးတော့ သူ့ငယ်မကလေးကိုလည်း ငယ်ငယ်ကလေးတည်းက ကိုယ့်သမီး အရင်းလို သံယောဇဉ် ရှိခဲ့လေတော့ ဒီကိစ္စကို ဒီအတိုင်း လက်ပိုက် ကြည့်မနေနိုင်ဘူးဗျာ၊ ပြီးတော့ ခက်တာက ဒီကိစ္စကို စကော့တလန်ယာဒ်ကို သွားတိုင်ရင်လည်း သူတို့လည်း ဘာမှ လုပ်နိုင်တဲ့ ကိစ္စမျိုး မဟုတ်ဘူး၊ သူက ခင်ဗျားကို တိုင်ပင် ကြည့်ပါဦး ဆိုလို့ ကျွန်တော် လာခဲ့ရတာပဲ၊ သို့သော်လည်း ခုတွင်က ကျွန်တော် ပြောခဲ့တဲ့ အတိုင်း သူ့နာမည်တော့ ဒီကိစ္စထဲမှာ မပါပါစေနှင့်လို့ အတိအလင်း မှာလိုက်တယ်ဗျ၊ ဒီတော့ မစ္စတာ ဟုမ်းလည်း နံ့စပ်တဲ့ ပုဂ္ဂိုလ်ပဲဗျာ၊ ကျွန်တော်က တစ်ဆင့် လိုက်ရင် ကျွန်တော့် အမှုသည်ဟာ ဘယ်သူလဲ ဆိုတာ အလွယ်တကူနှင့် သိနိုင်ပါတယ်၊ သို့သော်လည်း သူ့ ဂုဏ်သိက္ခာကို ငဲ့ညှာသောအားဖြင့် ဒါတွေကို စုံစမ်း မနေပါနှင့်တော့၊ သူက ဒီလောက်တောင် လျှို့ဝှက်ချင်နေမှတော့ ဒီအတိုင်းပဲ ထားလိုက်ပါတော့'

ဟုမ်းက သူ့စကားကို သဘော ကျ၍ ပြုံးလိုက်မိ၏။

'ကဲ စိတ်ချသွားပါလေ၊ ကျွန်တော် ကတိ ပေးပါတယ်၊ ခင်ဗျား ပြောတဲ့ ပြဿနာကိုလည်း ကျွန်တော် စိတ်ဝင်စားပါတယ်၊ ကျွန်တော် လေ့လာကြည့်ပါ့မယ်၊ ခင်ဗျားနှင့်ကော ဘယ်လို အဆက်အသွယ် လုပ်ရမလဲ'

'ကာလ်တန် ကလပ်ကို ဆက်သွယ်ရင် ကျွန်တော်နှင့် တွေ့နိုင်ပါတယ်၊ အကယ်၍ အရေးပေါ် ဆက်သွယ်ချင်တယ် ဆိုရင်တော့ ကက ၃၃ ကို တယ်လီဖုန်း ဆက်ပါ'

ရှားလော့ဟုမ်းသည် တယ်လီဖုန်း နံပါတ်ကို ရေးမှတ်လိုက်ပြီးနောက် မှတ်စု စာအုပ်ကို ပေါင်ပေါ်တွင် ဖြန့်ထားလိုက်ရင်း ခပ်ပြုံးပြုံးဖြင့်

'ဂရွန်းနားရဲ့ ခုလိပ်စာကကော'

'ကင်စတန် ရပ်ကွက်နားက ဗာနွန် ရိပ်သာမှာပါ၊ အိမ်ခပ်ကြီးကြီးရယ် ခင်ဗျ၊ ဒီလူက ငွေချေး အရောင်းအဝယ်တို့ ဘာတို့ စတဲ့ တရားမဝင်တဲ့ အလုပ်တွေကိုလည်း လုပ်တော့ တော်တော်ကလေး ချမ်းသာတယ်၊ ပိုက်ဆံ တတ်နိုင်တော့ သူ့ကို ပြိုင်ရတာ ပိုခက်နေတာပေါ့ ခင်ဗျာ'

'ခုနေ အိမ်ကို သွားတွေ့ရင် တွေ့ပါ့မလား'





'တွေ့ပါတယ်'

'ဒီလူနှင့် ပတ်သက်လို့ နောက်ထပ်ကော ဘာများ သိသေးသလဲ၊ ပြောစမ်းပါဦး'

'လူကတော့ တော်တော် ဖိမ်ကျကျ နေတဲ့လူ ခင်ဗျ၊ မြင်းတွေလည်း ခွေးတယ်၊ အရင်တုန်းကတော့ ဟာလင်ဟာမ် ကွင်းကို သွားသွားပြီး ပိုလို ရိုက်လေ့ ရှိတယ်၊ ဒါပေမဲ့ ပရုတ်က ကိစ္စ ပေါ်လာတဲ့ အခါကျတော့ သူလည်း ရှက်လို့ ဆင်ပါရဲ့၊ အပြင်ကို သိပ်မထွက်တော့ဘူး၊ ပြီးတော့ စာအုပ်တွေနှင့် ပန်းချီကားတွေကိုလည်း စုဆောင်းတတ်သေးတယ်ဗျ၊ ပင်ကိုကတော့ တော်တော် အနုပညာ ... ဝါသနာ ပါဟန် တူတယ်၊ ကျွန်တော် သိသလောက် ဆိုရင် ရှေး တရုတ် ... ကြွေထည် အကြောင်းကိုလည်း တော်တော်လေး နားလည်တယ် ထင်တယ်ဗျ၊ ... ရုတ် ကြွေထည်နှင့် ပတ်သက်လို့ အဖွင့်ကျမ်း တစ်စောင်တောင် ရေးခဲ့ဖူးသေး ... ယ်'

ရှားလော့ဟုမ်းက

'အင်း တော်တော် အကဲခတ်ရ ခက်တဲ့ ရှုပ်ရှုပ်ထွေးထွေး စိတ်ဓာတ် ... ပဲဗျ၊ နာမည်ကြီး ရာဇဝတ်ကောင်တိုင်းမှာ ဒီလို စိတ်ဓာတ်မျိုး ရှိတတ် ... တယ်၊ ကျွန်တော့် မိတ်ဆွေဟောင်းကြီး ဖြစ်တဲ့ ချာလီ ပီစ် ဆိုလို့ ရှိရင် ... ယော အတိုးကောင်းပဲဗျ၊ ဝိန်း ရိုက် ဆိုတဲ့ လူ ဆိုရင်လည်း တော်တော် လက်ရာ ... ာင်းတဲ့ ပန်းချီ ဆရာ၊ ဒီလို အနုပညာမှာ တော်တဲ့ ရာဇဝတ်ကောင်တွေကို ... ပြောမယ် ဆိုရင် တသီကြီးပဲ၊ ကဲ ဆာ ဂျိမ်းရေ၊ ကျွန်တော်ကတော့ ဂရွန်းနား ... ဆိုတဲ့ လူကို တော်တော် စိတ်ဝင်စားနေပြီလို့ ခင်ဗျား အမှုသည်ကို ပြောလိုက် ... ဗျာ၊ ခုတော့ ကျွန်တော် ဒီထက် ဘာမှ ပိုမပြောနိုင်သေးဘူး၊ ကျွန်တော့်မှာ ... သတင်း ရမယ့် နေရာတွေ အများကြီး ရှိပါတယ်၊ ဒီကိစ္စကို ရှင်းဖို့ နည်းလမ်းတော့ ... မှာပေါ့'

... သည် ပြန်သွားသည့် အခါ၌ ရှားလော့ဟုမ်းသည် အချိန် ကြာမြင့်စွာ ထိုင်၍ ... အလေးအနက် စဉ်းစားလျက် ရှိလေရာ ကျွန်ုပ် ရှိသည်ကိုပင် မေ့လျော့နေသည် ... ထင်မှတ်ရပေ၏။

အတန်ကြာမှ သတိရလာကာ

'ကဲ အိုင်ဆေး၊ ခင်ဗျား ဘယ်လို ထင်သတုံး၊ ဆိုစမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'သူငယ်မကလေးကို အရင် တွေ့ရင် ကောင်းမယ် ထင်တာပဲ'

'ဖြစ်မှ ဖြစ်ရလေဗျာ၊ သောက ရောက်နေတဲ့ သူ့အဖေကြီး ကိုယ်တိုင် ပြောလို့မှ နား မဝင်ရင် ကျုပ်လို သူစိမ်း တစ်ယောက်က ပြောတာကို ဘယ်မှာ နားဝင်ပါ့မလဲ၊ သို့သော်လည်း ဒီပြင်ဟာတွေ စမ်းကြည့်လို့မှ မဟန်ရင်တော့ ဒီနည်းကိုပဲ သုံးကြည့်ရဦးမှာပဲလေ၊ ကျုပ်ကတော့ ရှုထောင့် အသစ် တစ်ခုက နေပြီး ချဉ်းကပ်ကြည့်ချင်တာပဲ၊ ရှင်းဝဲ ဌွန်ဆင်များ ကျုပ်တို့ကို အကူအညီ ပေးနိုင်မလား မသိဘူး'

ရှားလော့ဟုမ်း လိုက်ခဲ့သည့် အမှုများ အကြောင်းကို ဖော်ပြခဲ့ရာတွင် နောက်ပိုင်း လိုက်သည့် အမှုများကို ဖော်ပြခြင်း ပြုလေ့ မရှိသည့် အတွက် ကျွန်ုပ်၏ မှတ်တမ်းများတွင် ရှင်းဝဲ ဌွန်ဆင် အကြောင်းကို ဖော်ပြရန် အခွင့် မကြုံခဲ့ချေ။ နောက်ပိုင်း လိုက်သည့် ရှားလော့ဟုမ်း၏ အမှုများ၌ ရှင်းဝဲ ဌွန်ဆင်သည် ကျွန်ုပ်တို့ အတွက် များစွာ အကူအညီ ရခဲ့သည့် လူ တစ်ယောက် ဖြစ်၏။ ဌွန်ဆင်၏ အကြောင်းကို ပြောရသည်မှာ စိတ် မချမ်းမြေ့ဖွယ် ကောင်း လှပေ၏။ ဌွန်ဆင်သည် တစ်ခါက အလွန် ဆိုးသည့် လူဆိုးကြီး တစ်ယောက် ဖြစ်ခဲ့ပြီးလျှင် ပတ်ဟတ် အကျဉ်းထောင်တွင် နှစ်ကြိမ်တိုင်တိုင် ထောင်ကျခဲ့ ဖူး၏။ နောက်ဆုံး၌ ဌွန်ဆင်သည် နောင်တ ရကာ ရှားလော့ဟုမ်းနှင့် ပူးပေါင်း ခဲ့ပြီးလျှင် လန်ဒန် မြေအောက် ရာဇဝတ်မှု လောက၌ ရှားလော့ဟုမ်း ကိုယ်စား လှယ် အဖြစ် လုပ်ခဲ့လျက် အလွန် အရေးကြီးသည့် သတင်းများကို ပေးခဲ့ပေ၏။

အကယ်၍သာ ဌွန်ဆင်သည် ပုလိပ်ဘက်ဆိုင်ရာတို့၏ တည်ကြက် တစ်ကောင် ဖြစ်ခဲ့သည် ဆိုလျှင် မြေအောက် လောကတွင် သူတို့ ချက်ချင်း သိသွားကြမည် ဖြစ်၏။ သို့ရာတွင် ဌွန်ဆင်သည် တရားရုံးသို့ တိုက်ရိုက် ရောက်လာခြင်း မရှိသည့် အမှုမျိုးကိုသာ ကိုင်တွယ်လေ့ ရှိသည့် အတွက် သူ့လှုပ်ရှားမှုများကို မြေအောက် လောကမှ မသိကြချေ။ ဌွန်ဆင်မှာ ထောင် နှစ်ကြိမ် ကျဖူးသည် ဆိုသည့် ကျော်စော ဂုဏ်လည်း ရှိရကား လန်ဒန် မြို့ ပေါ်ရှိ ညကလပ်တိုင်း၊ ကစားဝိုင်းတိုင်း၊ ပြည့်တန်ဆာ အိမ်တိုင်းကို တံခါး မရှိ ဓား မရှိ ဝင်နိုင်သည့်ပြင် ဖျတ်လတ် အကင်းပါးသူ တစ်ယောက် ဖြစ်သည့် အတွက် သတင်း စုဆောင်းရာတွင် အားကိုးလောက်သူ တစ်ယောက် ဖြစ်ပေ၏။ ရှားလော့ဟုမ်း စုံစမ်းခိုင်းမည့်သူမှာ ထိုလူပင် ဖြစ်လေ၏။

ကျွန်ုပ်မှာ အရေးကြီးသည့် လူနာ တစ်ယောက်ကို ဆေးကုရန် ရှိသည့် အတွက် ရှားလော့ဟုမ်းနှင့် အတူ လိုက်ပါသွားနိုင်ခြင်း မရှိသော်လည်း ချိန်း





ထားသည့် အတိုင်း ဆင်ဆင် ပျော်ပွဲစားရုံသို့ ညနေပိုင်း ရောက်သွားကာ နားလမ်းကို မျက်နှာ ပြုနေသည့် ဆိုင်ရှေ့ ပြတင်း တစ်ခု အနီးမှ စားပွဲ လေး တစ်လုံး၌ အတူ ထိုင်မိကြသည်တွင် ရှားလော့ဟုမ်းက ရရှိခဲ့သည့် တင်း အစုံအလင်ကို ပြောပြလေ၏။

'ဌွန်ဆင်ကတော့ လိုက်နေလေရဲ့ဗျို့၊ မြေအောက် လောက ချောင်ကြို့ ချောင်ကြားထဲက အမှိုက်ပုံ အထိကို နှိုက်နိုင်တဲ့ ကောင်၊ အဲဒီ အောက်ခြေထဲ လိုက်ပြီး နှိုက်နိုင်မှ ဒီလူ့ရဲ့ လျှို့ဝှက်ချက်တွေကို ကျုပ်တို့ ရနိုင်မှာဗျ'

'သူငယ်မကလေးက ဒီလူ့ရဲ့ မကောင်း သတင်းတွေကို သိပြီးသားပဲဗျ၊ ဒါတွေကိုတောင်မှ နားမဝင်ဘဲနှင့် ခင်ဗျား ရတဲ့ အချက်အလက်တွေကိုကော ယ်လိုလုပ် နားဝင်နိုင်မှာတဲ့လဲ'

'ဒါတော့ ဘယ်ပြောနိုင်မလဲဗျာ၊ ကျုပ်တို့ ယောကျ်ားတွေ အဖို့ မိန်းမ တ်ကို အသိရ ခက်သားကလား၊ လူသတ်မှုတို့ ဘာတို့ ဖြစ်ခဲ့တယ် ဆိုတာကို ဘဲ နေချင် နေပေမဲ့ ဒီထက် သေးငယ်တဲ့ အသေးအဖွဲ အမှုကလေးတွေကို တဲ့ အခါကျတော့ စိတ်ပျက်ချင်ရင်လည်း ပျက်သွားမှာပေါ့၊ ဂရွန်းနား ကိုယ် င် ကျုပ်ကို ပြောလိုက်တဲ့ စကား အတိုင်း ဆိုရင် ...'

'ဘာရယ်ဗျ၊ ဂရွန်းနား ကိုယ်တိုင်က ခင်ဗျားကို ပြောလိုက်တယ် တ်စ'

'ဟုတ်ပါ့ဗျာ၊ သြော် ကျုပ် စိတ်ကူးကို ခင်ဗျားကို ပြောမပြရသေးဘူး၊ ကျုပ်က ဒီလူကို မျက်နှာချင်းဆိုင် တွေ့ချင်နေတာဗျ၊ မျက်လုံးချင်း ဆိုင်ကြည့် ီး ဒီလူဟာ ဘာသားနှင့် ထုထားသလဲ ဆိုတာ ကျုပ် အကဲ ခတ်ချင်နေတာ၊ နှင့် ဌွန်ဆင်ကို မှာစရာ ရှိတာ မှာပြီးတဲ့နောက် မြင်းရထား တစ်စီး ခေါ်ပြီး င်စတန် ရပ်ကွက်မှာ ရှိတဲ့ ဂရွန်းနား အိမ်ကို သွားတယ်ဗျ၊ ဟိုရောက်တော့ ော်ဖော်ရွေရွေပါပဲ'

'ခင်ဗျားကို မှတ်မိသလား'

'မမှတ်မိစရာ မရှိပါဘူးဗျာ၊ ကျုပ် လိပ်စာ ကတ်ပြားကို အရင် ပေး ိုက်တယ်၊ လူကတော့ ရန်သူ ဖြစ်ရင်တောင် သိပ်ခေတဲ့ ရန်သူ မဟုတ်ဘူးဗျို့၊ အေးအေး၊ အသံကလည်း ပျော့ပျောင်း ချိုသာလိုက်ပုံများ မပြောနှင့်တော့၊ င်ဘုရားတို့ နာမည်ကြီး ဆရာဝန်ကြီးတွေကျနေတာပဲ၊ သူ့စကားကို ကြားလိုက် ရင် ရင်ကို အေးသွားမတတ်ပဲ၊ ပြီးတော့ ကြည့်ရတာလည်း မြွေပွေးလို အဆိပ် ပြင်းမယ့် ပုံပဲဗျ၊ ပြောပုံ ဆိုပုံကလည်း တော်တော် အထက်တန်း ကျတယ်ဗျို့



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်ကောင်ပေမဲ့ သာမန် ရာဇဝတ်ကောင် မဟုတ်ဘူး၊ မင်းစိုးရာဇာ အဆက် တန်းစား ရာဇဝတ်ကောင်ဗျ၊ ညနေခင်း လက်ဖက်ရည်ကလေး သောက်ပါဦး လား ဆိုပြီး လောကွတ် ချိုသလောက် နောက်ကွယ်မှာတော့ သုသာန် တစပြင်လို ကြောက်စရာ ကောင်းတဲ့ လူမျိုး၊ ဂရွန်းနားလို လူမျိုးက စိတ်ဝင်တစား လက်ခံ တွေ့ဆုံတယ် ဆိုတော့ ဝမ်းသာစရာကြီးပဗျာ'

'ခင်ဗျား ပြောတော့ ဒီလူက ဖော်ဖော်ရွေရွေလို့ ပြောလိုက်တယ် မှတ် တယ်'

'ကြွက် စားရတော့မယ့် ကြောင်ကလေး တစ်ကောင်လိုပါပဲဗျာ၊ တချို့ လူများ အပြော ချိုပုံဟာ လူကြမ်း လူရမ်းကြီးတွေ ဒေါသတကြီး အော်ဟစ်နေ တာထက် ကြောက်စရာ ကောင်းတတ်တယ်ဗျ၊ သူ နှုတ်ဆက်ပုံကလေးကိုလည်း ကြည့်ဦးလေ၊ ''ကျွန်တော် အနေးနှင့် အမြန် စုံထောက်ကြီးနှင့် တွေ့ဦးမှပဲလို့ စိတ်ကူးနေတာ ခင်ဗျာ၊ အခန့် သင့်လိုက်လေ'' တဲ့ ခင်ဗျ၊ ပြီးတော့ မေးလိုက် သေးတယ်၊ ''ဗိုလ်ချုပ် ဒီမာစီးလ်က သူ့ သမီးနှင့် ကျွန်တော် လက်မထပ် ဖြစ် အောင် ပြောဖို့ စုံထောက်ကြီးကို လွှတ်လိုက်ပုံရတယ်၊ ဟုတ်တယ် မဟုတ်လား ခင်ဗျာ'' တဲ့ဗျ။

'ဒီတော့ ကျုပ်ကလည်း ဟုတ်တိုင်း မှန်ရာကို ဖွင့်ပြော ရတော့တာ ပေါ့ဗျာ။

' ''စုံထောက်ကြီးရယ်၊ ကိုယ့် နာမည်ကလေး တက်နေတာ ဘာဖြစ် လို့ အေးအေးဆေးဆေး မနေချင်ရတာလဲ၊ ဒီကိစ္စထဲ ဝင်ပါရင် စုံထောက်ကြီး နာမည်လေး ပျက်သွားမှာပေါ့၊ ဒီကိစ္စမှာ စုံထောက်ကြီး ဝင်လို့လည်း အကြောင်း မထူးနိုင်ပါဘူး၊ အလကား အချိန်ကုန်ရုံ ဖြစ်မှာပေါ့၊ ဒီအထဲ အန္တရာယ် မဖြစ်ရင် ကံကောင်းတယ်လို့တောင် ဆိုရလိမ့်ဦးမယ်၊ ဒီတော့ ဒီကိစ္စထဲမှာ စုံထောက် ကြီး ဝင်မပါပါနှင့်လို့ ကျွန်တော် အလေးအနက် အကြံ ပေးပါရစေ''

' ''ဆန်းလိုက်လေဗျာ၊ ဒီအကြံက ကျွန်တော်က ခင်ဗျားကို ပေးရမယ့် အကြံပါ၊ အမတ်ကြီး ဉာဏ် သွားပုံကို ကျွန်တော် လေးစားပါတယ်ဗျာ၊ လူ ကိုယ်တိုင် မြင်လိုက်ရတဲ့ အခါမှာလည်း ကျွန်တော့် လေးစားမှုဟာ လျော့မသွား ပါဘူး၊ ဒီတော့ ယောက်ျား အချင်းချင်း အနေနှင့် ပြောချင်တယ်ဗျာ၊ ခင်ဗျားရဲ့ အတိတ်က ကိစ္စတွေကို ပြန်နှုန်းပြီး စိတ် အနှောင့်အယှက် ပေးဖို့လည်း မရည်ရွယ် ပါဘူး၊ ပြီးခဲ့တာ ပြီးခဲ့ပြီးပြီပဲ၊ ခုဆို ခင်ဗျားလည်း အေးအေးဆေးဆေး ဖြစ်နေ ပါပြီ၊ သို့သော်လည်း သူငယ်မကလေးကို လက်ထပ်မယ်လို့ ဇွတ် လုပ်ရင်တော့





န်တွေ သိပ်များလာပြီး အင်္ဂလန်မှာ နေလို့ မရသည် အထိ ဖြစ်သွားလိမ့်မယ် ခင်ဗျ၊ ဒီတော့ ဇွတ်တိုးပြီး လုပ်သင့် မလုပ်သင့် စဉ်းစားပါ၊ သူငယ်မကလေးကို ားပြီး ပြန်သွားရင်တော့ အကောင်းဆုံးပေါ့၊ ခင်ဗျား အတိတ်က အကြောင်း တွေကို သူငယ်မကလေး သိသွားရင် ခင်ဗျား အဖို့လည်း မကောင်းပါဘူး''

'ဂရွန်းနားက သူ့နှုတ်ခမ်းမွေးကို ဖယောင်း တိုက်ထားလေတော့ သူ့ နှုတ်ခမ်းမွေးဟာ ပိုးကောင် တစ်ကောင်ရဲ့ အမွှင် တစ်ချောင်းလို သူ့နှာခေါင်းမှာ ဆောင်လို့ဗျ၊ ကျုပ် စကားကို ကြားတော့ အဲဒီ နှုတ်ခမ်းမွေးတွေက တုန်နေကြ တယ်၊ ပြီးတော့မှ မရယ်ချင့် ရယ်ချင် ရယ်လိုက်ပြီး

' ''ကျွန်တော် ရယ်လိုက်မိတာ ခွင့်လွှတ်ပါ စုံထောက်ကြီးရယ်၊ ဒါ ပေမဲ့ စုံထောက်ကြီးရဲ့ လက်ထဲမှာ ဖဲချပ် မပါဘဲ ဖဲဝိုင်းကို ဝင်ကစားတာကတော့ ဘော်တော်လေးကို ရယ်စရာ ကောင်းတယ် ခင်ဗျ၊ ကစားပုံကတော့ မှင်သေပါ ရဲ၊ ဒါပေမဲ့ သနားစရာတော့ ကောင်းလှသဗျာ၊ မစ္စတာ ဟုမ်းရဲ့ လက်ထဲမှာ ဖဲ အငြိုပွင့် ဆိုလို့လည်း တစ်ချပ်မှ မပါပါလား ခင်ဗျာ၊ ဖဲသေးတွေကိုလည်း ကိုင် ားသေးရဲ့၊ တစ်ဝိုင်းလုံးကိုလည်း စားချင်ရဲ့ ဆိုတော့ ဘယ်ဖြစ်မလဲ စုံထောက် ကြီးရဲ''

' ''ခင်ဗျားက ဒီလို ထင်သလား''

' ''ထင်တာ မဟုတ်ပေါင်ဗျာ၊ သိတာပါ၊ စုံထောက်ကြီး ရှင်းအောင် ကျွန်တော် ပြောပြမယ်လေ၊ ကျွန်တော်က အသာစီး ရနေတဲ့ လူပဲ၊ ဘာ မပြောရဲ စရာ ရှိသလဲ၊ ကျွန်တော်ဟာ အင်မတန် ကံကောင်းသူ ဖြစ်လေတော့ မိန်းမိုလက် ရဲ့ အချစ်ကို ရခဲ့တယ်ဗျ၊ ကျွန်တော့် အတိတ်မှာ စိတ်မချမ်းသာစရာတွေ အများ ကြီး ရှိခဲ့တယ် ဆိုတာ သူ့ကို ရှင်းရှင်းလင်းလင်း ဖွင့်ပြောခဲ့လျက်သားနှင့် သူ ကျွန်တော့်ကို ချစ်ခဲ့တယ်၊ ဒါတွင် မကဘူး ယုတ်မာ ကောက်ကျစ်ပြီး မကောင်း ကြံချင်တဲ့ လူတွေကလည်း ....၊ စုံထောက်ကြီးလည်း အဲဒီထဲမှာ ပါသလား ဘာလား ဆိုတာကိုတော့ ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်ပေါ့လေ၊ သူ့ဆီကို ပြီး မလိုတမာ စကားတွေ လာ ပြောပြလိမ့်ဦးမယ်လို့ သူ့ကို ပြောပြီးသား ခင်ဗျ၊ အဲဒီလို လူမျိုးတွေ လာရင်လည်း ဘယ်လို ဆက်ဆံရမယ် ဆိုတာ သူ့ ကို သတိ ပေးထားတယ်၊ စိတ်ညှို့ ပညာကို အကြောင်းကို စုံထောက်ကြီး ကြားဖူးတယ်နော်၊ လူတစ်ယောက်ကို စိတ်ညှို့ပြီး ခိုင်းချင်ရာကို အလွယ် ခိုင်း တာလေ၊ ဉပမိရုပ် ကောင်းတဲ့ လူများဟာ ဆေးဝါးတို့ ပယောဂတို့ မပါဘဲ လူတစ်ယောက်ရဲ့ စိတ်ကို ညှို့နိုင်သတဲ့ဗျ၊ ဒီတော့ စုံထောက်ကြီး စိတ်ညှို့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ချင်တယ် ဆိုရင် သူ့ကို သွားတွေ့ပါလေ၊ အဆင်သင့် တွေ့နိုင်ပါတယ် ခင်ဗျ၊ ခင်ဗျားက တွေ့ချင်တယ် ဆိုရင် လက်ခံလိမ့်မယ် ထင်ပါတယ်၊ ကိစ္စကလေး တစ်ခုက လွဲရင် ဖွိုင်အိုလက်ဟာ သူ့အဖေကြီး ဆန္ဒ အတိုင်း လိုက်လျောဖို့ အဆင်သင့် ရှိပါတယ်''

'ဒီတော့ ကျုပ်လည်း သူနှင့် ဘာ ဆက်ပြီး စကား ပြောစရာ ကျန်တော့မလဲဗျာ၊ ဒါနှင့် ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ ဆိုသလို ဣန္ဒြေ အပြည့် ဆောင်ပြီး ခပ်တင်းတင်းနှင့် ပြန်လာခဲ့တာပေါ့၊ ဒါပေမဲ့ ကျုပ်က အပြင် ထွက်မယ်လို့ တံခါးလက်ကိုင်ကိုလည်း ကိုင်လိုက်ရော သူက လှမ်းခေါ်ပြီး

' ''စကားမစပ် ပြင်သစ် စုံထောက်ကြီး လီဗရွန်းကို စုံထောက်ကြီး သိသလား''

' ''သိပါတယ်''

' ''သူ ဘာဖြစ်သွားသလဲ ဆိုတာကော စုံထောက်ကြီး သိတယ်နော်''

' ''ပါရီက မွန်မာ့ ရပ်ကွက်မှာ လူ တစ်စုက ဝိုင်းရိုက်လို့ တစ်သက်လုံး ဒုက္ခိတကြီး ဖြစ်သွားတယ်လို့ ကြားတာပဲ''

' ''ဟုတ်တယ် ခင်ဗျ၊ သို့သော်လည်း တိုက်ဆိုင်ပုံကလေးကို ပြောမလို့ပါ၊ ကျွန်တော့် ကိစ္စ တစ်ခုကို စုံစမ်းပြီး တစ်ပတ်လောက် အကြာမှာ ခုလို ဖြစ်သွားတာပဲ ခင်ဗျ၊ ဒီတော့ မိတ်ဆွေကြီးလည်း ကျွန်တော့် ကိစ္စတွေထဲမှာ ဝင် မရှုပ်ပါနှင့်ဗျာ၊ ဝင်ရှုပ်ရင် ကံဆိုး မိုးမှောင် ကျတတ်တယ်၊ လူတော်တော် များများကတော့ ဒီလို ဝင်ရှုပ်ရင် ကံဆိုး မိုးမှောင် ကျတတ်တယ် ဆိုတာကို သိသွားကြပြီ၊ ဒီတော့ ကျွန်တော် နောက်ဆုံး ပြောချင်တာက ခင်ဗျားလည်း ခင်ဗျား လမ်းကို သွားပါ၊ ကျွန်တော်လည်း ကျွန်တော့် လမ်းကို သွားပါရစေ၊ ဂွတ်ဘိုင်''

'ကဲ အဖြစ်ကတော့ ဒီအတိုင်းပဲဗျို့၊ ခုလောက်ဆို ခင်ဗျားလည်း နောက်ဆုံး အခြေအနေကို ခန့်မှန်း မိလောက်ရောပေါ့'

'လူကတော့ အညံ့စားထဲက ဟုတ်မယ် မထင်ဘူးဗျ'

'ဘယ်ခေလိမ့်မလဲဗျ၊ သိပ် အန္တရာယ် ကြီးတဲ့ လူပေါ့၊ ကျုပ်က လူကြွား ဆိုရင် သိပ်မုန်းတာ၊ ဒါပေမဲ့ ဒီလူကတော့ လုပ်သလောက် ပြောမယ့် လူမျိုး မဟုတ်ဘူးဗျို့'

'ခင်ဗျားက တကယ် ဝင်ကိုင်တော့မလို့လား၊ ဒီလူက သူငယ်မကလေးကို လက်ထပ်ဖြစ်သွားတယ် ဆိုရင်ကော တော်တော် ဆိုးသွားနိုင်သလား'





'သူ့နောက်ဆုံး မိန်းမကို သူကိုယ်တိုင် သတ်ခဲ့တယ် ဆိုတာ ရှင်းနေပြီ သွားပဲဗျာ၊ အဲဒီ အချက်ကို စဉ်းစားလိုက်ရင် သူငယ်မကလေး သူနှင့် လက်ထပ် ဖြစ်သွားတာဟာ သိပ်ကို ဆိုးသွားနိုင်တာပေါ့၊ ပြီးတော့ ကျုပ်တို့ကို လာပြီး အမှု အပ်တဲ့ လူ့ရဲ့ မျက်နှာကိုလည်း ကြည့်ရဦးမယ်၊ အေးလေ၊ ဒီကိစ္စကိုတော့ ဆွေးနွေးတာပဲ ကောင်းပါတယ်၊ ကော်ဖီ သောက်ပြီးရင် ကျုပ်အိမ်ကို လိုက်ခဲ့ဗျာ၊ ကျုပ်တို့လူ ဂျွန်ဆင် တစ်ယောက် ခုချိန်ဆို ရောက်များနေပြီလား မသိနိုင်ဘူး'

ဘေကာလမ်း တိုက်ခန်းသို့ ရောက်သည့် အခါတွင် ထင်သည့် အတိုင်း ကျုပ်တို့အား စောင့်ဆိုင်းနေသော ဂျွန်ဆင်ကို တွေ့ရ၏။ ဂျွန်ဆင်မှာ ကိုယ်လုံး ကိုယ်ပေါက် ထွားကျိုင်း၍ ရုပ် ခပ်ကြမ်းကြမ်း၊ မျက်နှာ နီနီနှင့် တကယ့် လူကြမ်းကြီး တစ်ယောက် ဖြစ်ပြီးလျှင် ကောက်ကျစ်သော စိတ်ဓာတ်ကို ဖော်ပြသည့် အရာ ဆို၍ စူးရှ နက်မှောင်သော မျက်လုံး နှစ်လုံးသာလျှင် ရှိလေ၏။ ဂျွန်ဆင်ကို ကြည့်ရသည်မှာ သူ၏ ပိုင်နက်ကို နှံ့စပ်အောင် စုံစမ်း ပြီးစီးခဲ့ဟန် ရှိလေ၏။ သူတို့ မြေအောက် လောကမှ ယူလာသော ကုန်ပစ္စည်း တစ်ခုကိုလည်း သူ့ အနီးတွင် တွေ့ရ၏။

ထိုကုန်ပစ္စည်းမှာ အခြား မဟုတ်။ သေးသွယ် ဖြောင့်စင်းသော ခန္ဓာကိုယ်၊ ငယ်ရွယ် နုနယ်သော ရုပ်လက္ခဏာ၊ ဖျော့တော့ တင်းမာသော မျက်နှာတို့ဖြင့် မီးလျှံ တစ်ခုလို တောက်လောင်ရန် အဆင်သင့် ဖြစ်နေသည့် မိန်းမငယ် တစ်ယောက် ဖြစ်လေ၏။

သို့ရာတွင် ဒုစရိုက် လောကတွင် ကျင်လည်ခဲ့သည့် အလျောက် နွမ်းရိရင့်ရော်လျက် ရှိရုံမျှမက ကြောက်ဖွယ် ကောင်းသော ဘဝ၏ ဒဏ်ရာ ဒဏ်ချက်များသည် ခန္ဓာကိုယ် အနှံ့တွင် အထင်အရှား ပေါ်လျက် ရှိကြလေပြီ။

ဂျွန်ဆင်က သူ၏ လက် အစ်အစ်ကြီးကို ဝှေ့ယမ်းပြလိုက်လျက်

'စုံထောက်ကြီး၊ ဟောဒါက မစ္စ ကစ်တီ ဝင်းတားတဲ့ ခင်ဗျ၊ သူ သိသလောက် အကုန် ပြောပြပါလိမ့်မယ်၊ စုံထောက်ကြီးဆီက စာကို ရရချင်း သူ့ကို လိုက်ရှာတာ တစ်နာရီ အတွင်းမှာ တွေ့လာတာပဲ'

မိန်းမပျိုက

'အမယ်လေး၊ ကျွန်မကို ရှာရတာ အလွယ်ကလေးပါ၊ လန်ဒန် မြို့ကြီးမှာ မြို့လုံးပတ်လည် လျှောက်နေတဲ့ မိန်းမပဲ၊ ဟောဒီက ဂျွန်ဆင်ကို အကြောင်း ကြားလိုက်ရင် ရပါတယ်၊ မဟုတ်ဘူးလား ဂျွန်ဆင်၊ ရှင်နှင့် ကျွန်မနှင့် ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေဟောင်းကြီးတွေပဲဟာ၊ ဒါပေမဲ့ လောကကြီးမှာ တရား မျှတမှုရယ်လို့ ရှိရင် ကျွန်မတို့ထက် ဆိုးတဲ့ လူဆိုးတွေ အများကြီးရှင့်၊ အဲဒီ လူကို စုံထောက်ကြီး ရှာနေတာ မဟုတ်လား'

ရှားလော့ဟုမ်းက ပြုံးလိုက်၏။

'ကျုပ်တို့ အပေါ် ကူညီလိမ့်မယ်လို့ မျှော်လင့်ပြီး ခေါ်ရတာပဲဗျာ'

မိန်းမပျိုက အလွန် စိတ်အား ထက်သန်စွာဖြင့်

'အမယ်လေး၊ ရပါတယ်ရှင်၊ စုံထောက်ကြီးတို့ အကူအညီ လိုတယ် ဆိုရင် ဒီက ကောင်မကလည်း ခိုင်းတာ လုပ်ပေးဖို့ အသင့်ပါ၊ ဒီကောင့်ကို အကြောင်း ပြချင်နေတာ ကြာလှပြီ'

မစ္စ ဝင်းတား၏ ဖြူရော် တင်းမာလျက် ရှိသော မျက်နှာနှင့် ဝင်းဝင်း တောက်သော မျက်လုံးများထဲတွင် ယောက်ျားများ၌ မည်သည့် အခါကမျှ မရှိနိုင်ဘဲ မိန်းမများပင်လျှင် တစ်ခါတစ်ရံမှသာ ရှိနိုင်သည့် မုန်းတီး စက်ဆုပ်သည့် အမူအရာကို မြင်ရလေ၏။

'စုံထောက်ကြီး၊ ကျွန်မ အတိတ်တွေ ဘာတွေကိုတော့ မမေးပါနှင့်နော်၊ ကျွန်မမှာ အတိတ် မရှိဘူး၊ ဒီမှာလည်း မရှိဘူး၊ တခြား တစ်နေရာမှာလည်း မရှိဘူး၊ ဂရွန်းနား ဆိုတဲ့လူ ဖျက်ဆီးခဲ့လို့ ကျွန်မ ဒီဘဝ ရောက်ရတာ၊ ဒီလူကို ကျွန်မ လက်စားချေနိုင်ပြီ ဆိုရင် ...'

အမျိုးသမီးသည် စကားကို ဆုံးအောင် မပြောနိုင်ဘဲ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး

'ကျွန်မကို ဖျက်ဆီးခဲ့တာ ဒုက္ခ ရောက်အောင် လုပ်ခဲ့တာ အကြိမ်ပေါင်း များလှပြီ၊ ဒီတော့ သူ့ကိုလည်း ကျွန်မ ဖြစ်သလို ဖြစ်အောင် လုပ်နိုင်ရင် ကျွန်မ သေပျော်ပါပြီ'

'အကြောင်း ကိစ္စကိုတော့ သိပြီ မဟုတ်လား'

'ဟုတ်ကဲ့၊ ဂျွန်ဆင် ပြောလို့ သိတန်သလောက် သိပြီးပါပြီ၊ ခု ကောင်မလေး တစ်ယောက်ကို လိုက်ဖျက်ဆီးပြီး ကောင်မလေးကို လက်ထပ် ယူမလို့ ဘာလိုလို ပြောနေတယ်၊ စုံထောက်ကြီးက ကောင်မလေးကို ဒီလူနှင့် လက်မထပ်စေချင်ဘူး မဟုတ်လား၊ စုံထောက်ကြီးကတော့ အမျိုးကောင်း သမီးကလေးတွေ ဒီကောင်နှင့် မပေါင်းသင်းဖြစ်အောင် ဘယ်လို လုပ်ရမယ် ဆိုတာ ကောင်းကောင်း သိမှာပေါ့'

'ကလေးမကလေးက အသိတရား လက်လွှတ် ဖြစ်နေတယ်ဗျ၊ ဒီကောင်





ကို တမ်းတမ်းစွဲ ဖြစ်နေတယ်၊ သူ့ အကြောင်း ကလေးမကလေးကို အကုန် ပြောပြပြီးပြီ၊ ဒါပေမဲ့ တစ်ခုမှ လက်မခံဘူး'

'သူ့ မိန်းမကို သူ ပြန်သတ်တဲ့ အကြောင်းကော'

'ပြောပြီးပြီ'

'အမယ်လေး၊ တော်တော် သတ္တိ ကောင်းတဲ့ မိန်းမပါလား'

'ဒါတွေ အားလုံးကို မဟုတ် မတရား ပြောတယ်လို့ ထင်နေတယ်'

'ဒီလောက်တောင် မိုက်တဲ့ မိန်းမ၊ သူ ကျူးလွန်ခဲ့တဲ့ အမှုတွေကို စုံထောက်ကြီးတို့က သက်သေ အထောက်အထား မပြနိုင်ဘူးလား'

'ပြချင်တာပေါ့ဗျာ၊ ပြနိုင်အောင် မင်းက ကျုပ်တို့ကို အကူအညီ ပေးနိုင်ပါ့မလား'

'အမယ်လေးရှင်၊ ကျွန်မ ကိုယ်တိုင်က သက်သေခံ ပစ္စည်းပေါ့၊ တခြား ဘာ သွားရှာစရာ ရှိသေးသလဲ၊ အဲဒီ မိန်းမနှင့် တွေ့ပြီး ကျွန်မကို ဒီကောင် ဘယ်လို'

'ဒီလိုဆို အဲဒီ အတိုင်း လုပ်နိုင်ပါ့မလား'

'မေးမှ မေးရက်ပလေတယ်ရှင်၊ ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ'

'ကဲ ဒီလို ဆိုရင် ဒီနည်း စမ်းကြည့်ကြသေးတာပေါ့၊ ဒါပေမဲ့ ဒီလူက သူ့ အပြစ်တွေ သူ့ မကောင်းမှုတွေကို ကလေးမကလေးကို ဖွင့်ပြောပြီး ကလေးမကလေးကလည်း သူ့ကို ခွင့်လွှတ်ပြီးပြီနော်၊ ဒီကိစ္စကို အပြော ခံတော့မယ် မထင်ဘူး'

'သူ အကုန်လုံး ဖွင့်ပြောမှာ မဟုတ်ပါဘူး ရှင်၊ ပြောသင့်သလောက်ပဲ ပြောမှာပေါ့၊ သူ့မိန်းမကို သူ ပြန်သတ်တဲ့ ကိစ္စကိုသာ လူသိတာကိုး၊ တခြား သူမသိ သူမသိ ကျူးလွန်ခဲ့တဲ့ လူသတ်မှု နှစ်မှုလည်း ရှိသေးတယ်ရှင့်၊ လူတစ်ယောက် အကြောင်းကို လေအေးကလေးနှင့် ပြောရင်း ကျွန်မဘက် လှည့်ပြီးတော့ "ဒီလူ လွန်ခဲ့တဲ့ တစ်လလောက်က သေသွားပြီ" လို့ ကိုယ် သတ်ခဲ့တဲ့ အကြောင်းကို ဣန္ဒြေ မပျက် ပြောနိုင်တဲ့ လူမျိုးရှင့်၊ လူတစ်ယောက်ကို သတ်တာ ပုရွက်ဆိတ်ကလေး တစ်ကောင် သတ်တာလောက်တောင် ခဲယဉ်းမယ် မထင်ဘူး၊ ဒါပေမဲ့ အဲဒီတုန်းကတော့ ဒီစကားကို သိပ် အရေး မထားခဲ့ဘူး၊ ကျွန်မ ကိုယ်တိုင်က သူ့ကို ချစ်နေမိပေသကိုးရှင့်၊ ခု မိန်းမ ဖြစ်နေသလို အဲဒီတုန်းကလည်း သူ ဘာလုပ်ခဲ့ လုပ်ခဲ့ ကျွန်မကလည်း အကောင်း ထင်နေခဲ့တာပဲ။ အဲ လန်မယ့် လန်တော့လည်း သူ့ကို တစ်ချက်တည်းနှင့် လန်သွားတာပဲရှင်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက သူ ကျွန်မကို ချောနိုင်လွန်းလို့၊ နှစ်သိမ့်နိုင်လွန်းလို့၊ သူကလည်း လျှာဆိပ် အာဆိပ် ပြင်းလွန်းလို့၊ နို့မို့ရင် အဲဒီ ညကတည်းက သူ့ဆီက ကျွန်မ ထွက်လာခဲ့တယ်၊ သူ့မှာ စာအုပ် တစ်အုပ် ရှိတယ်ရှင့်၊ စာအုပ်က သားရေဖုံးနှင့် သော့ခတ်ထားတယ်၊ အနောင့်မှာ သူတို့ မျိုးရိုး တံဆိပ်ကြီးတွေကို ရွှေစံကားဝါနှင့် ရိုက်လို့၊ အဲဒီညက တော်တော်လည်း မူးနေပုံရတယ်၊ စာအုပ်ကို ကျွန်မကို တော့ မပြဘူးရှင့်'

'ဘာ စာအုပ်တဲ့လဲ'

'တချို့ လူများ လိပ်ပြာကလေးတွေ ပိုးကောင် လှလှကလေးတွေ စုတာ ဝါသနာ ပါသလိုပဲ၊ ဒီလူကလည်း မိန်းမတွေကို စုတာ ဝါသနာ ပါတယ်ရှင့်၊ သူ မိန်းမ ပွေတာကိုလည်း ဂုဏ်ယူလေ့ ရှိတယ်၊ အဲဒီ စာအုပ်ထဲမှာ သူနှင့် ဖြစ်ဖူးတဲ့ မိန်းမတွေရဲ့ ဓာတ်ပုံတွေ၊ နာမည်တွေ၊ လိပ်စာတွေ၊ အဲဒီ မိန်းမတွေနှင့် ပတ်သက်တဲ့ အကြောင်းတွေကို အကုန် ရေးမှတ်ပြီး သိမ်းထားတယ်၊ တော်တော် ဆိုးတဲ့ စာအုပ်ပါရှင်၊ သူ့လို လူမျိုး မပြောနှင့် အောက်တန်းစားက လာတဲ့ လူမျိုးတောင် ဒီလို မလုပ်ပါဘူး၊ ဒါပေမဲ့ အဲဒီ သုတ်မာကတော့ ဒါမျိုးကို လုပ်တယ်ရှင့်၊ ''ကြည့်စမ်း၊ ကိုယ် ဖျက်ဆီးခဲ့ . ; မ်န်းမတွေ'' တဲ့၊ ဒီစာအုပ်ကို သူ ဝှက်ချင်တယ် ဆိုရင် လုံခြုံတဲ့ နေရာမှာ ဝှက်ထားနိုင်တာပေါ့ ရှင်၊ ဘာဖြစ်လို့ လူရှေ့မှာ တပြပြ လုပ်နေရမလဲ၊ ဒါပေမဲ့ စာအုပ်ကတော့ ခု ဒီမှာရော တခြား နေရာမှာရော မရှိတော့ပါဘူး၊ စာအုပ်ကို ရလို့လည်း စုံထောက်ကြီးတို့ အဖို့ အကျိုး ထူးမယ် မထင်ပါဘူး၊ ရလည်း ရမှာ မဟုတ်တော့ ပါဘူး'

'ခု ဒီစာအုပ်က ဘယ်မှာလဲ'

'အင်း ဘယ်မှာလဲလို့တောင် မသိအောင် ဖြစ်နေပြီရှင့်၊ ကျွန်မ သူနှင့် အဆက် ပြတ်သွားတာ တစ်နှစ်လောက် ရှိသွားပြီကိုး၊ အဲဒီတုန်းကတော့ စာအုပ် ကို ဘယ်မှာ ထားသလဲဆိုတာ ကျွန်မ သိပါတယ်၊ လူက အကျင့်သာ ယုတ်တာ၊ စည်းကမ်း စနစ်ကတော့ သိပ်ကြီးတဲ့ လူရှင့်၊ ခု ရှိမယ် ဆိုရင်တော့ စာကြည့် ဆောင် ဗီရို အဟောင်းကြီးထဲက နှိုအိမ်ပေါက်ကလေး တစ်ပေါက်ထဲမှာ ရှိမယ် ရှင့်၊ သူ့အိမ်ကိုကော စုံထောက်ကြီး သိတယ်နော်'

'စာကြည့်ခန်းထဲကိုတော့ ရောက်ဖူးပါတယ်'

'ရောက်ဖူးတယ်နော်၊ ဒီနေ့ မနက် အရောက် သွားပြီး ရအောင် ယူ မယ် ဆိုရင်တော့ မီချင် မီဦးမှာပေါ့ရှင်၊ ဒီတစ်ခါတော့ ဒီလူ သူနှင့် ပြိုင်ဘက်



ောင်းကောင်းကို တွေ့ပြီပေါ့ရှင်၊ စာကြည့်ခန်းက နှစ်ခန်း ရှိတယ်ရှင့်၊ အပြင် ယ် အတွင်းခန်းရယ်၊ အပြင်ခန်းမှာက တရုတ် ကြွေထည်တွေ ဘာတွေ အလှ ပြထားတယ်၊ ပြတင်းပေါက် နှစ်ပေါက်ကြားမှာ မှန်ဗီရိုကြီးနှင့်၊ ပြီး ော့ သူ စာရေးတဲ့ စားပွဲနောက်မှာ အတွင်း စာကြည့်ခန်းကို ဝင်တဲ့ အပေါက် ယ်၊ အဲဒီ အခန်းထဲမှာ စာရွက်စာတမ်းတွေနှင့် တခြား သူ့ရဲ့ အရေးကြီးတဲ့ ည်းတွေ ထားတယ်'

'သူခိုးတို့ ဘာတို့ မကြောက်ရဘူးလား'

'ဒီလူက သတ္တိတော့ တော်တော် ကောင်းတယ်ရှင့်၊ ရန်သူတွေကတောင် ်တော့ အသိအမှတ် ပြုကြရတယ်၊ သူတစ်ယောက်တည်း နေတာပဲ၊ ဘာမှ ကြောက်ဘူး၊ ည ဆိုရင် သူခိုး လှန့်တဲ့ ခေါင်းလောင်းကလေး တပ်ထားတယ်၊ ောလည်း သူ့အခန်းမှာ ဘာ သူခိုး ဖောက်စရာ ရှိသလဲရှင်၊ တရုတ် ကြွေ ်တွေကို ခိုးရင် ခိုးမှပဲ ရှိတော့တာ'

ဂျွန်ဆင်က ကျွမ်းကျင်သူ တစ်ယောက် ဟန်မျိုးဖြင့်

'အလကားဟာတွေပါ ခင်ဗျာ၊ ဒါမျိုးတွေကို ဘယ်သူ ခိုးမှာလဲ၊ အရည် ္ပိလည်း မရ ရောင်းလို့လည်း မရ'

ရှားလော့ဟုမ်းက

'ဟုတ်လား၊ ကဲ မစ္စ ဝင်းတား၊ ဒီလို ဆိုရင် မနက်ဖြန် ညနေ ငါးနာရီ က်မှာ ဒီကို လာခဲ့ပါလား၊ မင်းကို ကျုပ် ခုတွင်က အမျိုးသမီးနှင့် တွေ့ ို့ ဖြစ် မဖြစ် စီစဉ် ကြည့်မယ်လေ၊ ခုလို ကျုပ်တို့ကို ကူညီတဲ့ အတွက် ကြီး ကျေးဇူး တင်ပါတယ် မစ္စ ဝင်းတား၊ ကျုပ် အမှုသည်တွေကလည်း ို ထိုက်သည့် အားလျော်စွာတော့ …'

'ကိစ္စ မရှိပါဘူးရှင်၊ ကျွန်မ ဒါတွေကို မမျှော်ကိုးပါဘူး၊ ကျွန်မ ပိုက်ဆံ ်ကို လိုက်လာတာ မဟုတ်ပါဘူး၊ ဒီလူ အရှက်တကွဲ အကျိုးနည်း ဖြစ်ရင် ်ပါပြီ၊ အဲဒီတော့မှ ကျွန်မ ဘဝကို ပျက်စီးအောင် လုပ်ခဲ့တဲ့ ဒီလူ့ မျက် တံတွေးနှင့် ထွေးပစ်မယ်၊ ဒီလောက် ဆိုရင် ကျွန်မ ကျေနပ်ပါပြီ၊ သူ့ ့နှင့် ပတ်သက်လာရင် ကျွန်မကို ကြိုက်တဲ့ အချိန်မှာ ခေါ်ပါ၊ မနက်ဖြန်ပဲ ခေါ် သန်ဘက်ခါပဲ ခေါ်ခေါ် ကျွန်မ အဆင်သင့်ပါ၊ ဟောဒီက ဂျွန်ဆင်ကို ိုက်ရင် ရပါတယ်'

ကျွန်ုပ်သည် ရှားလော့ဟုမ်းနှင့် ထိုနေ့ ညတွင် တွေ့ဆုံခြင်း မရှိတော့ဘဲ ်တစ်နေ့ ညနေ ကမ်းနားလမ်းရှိ ပျော်ပွဲစားရုံတွင် ညစာ းသည့် အခါ

www.burmeseclassic.com

www.burmeseclassic.com



ကျမှ ပြန်လည် တွေ့ဆုံဖြစ်ပေ၏။ မစ္စ ဗွိုင်အိုလက်နှင့် တွေ့ဆုံရာတွင် အဆင်ပြေခြင်း ရှိ မရှိ မေးမြန်းသည်တွင် ရှားလော့ဟုမ်းက ပခုံးကို တွန့်ပြလေ၏။ ထို့နောက် သူတို့ တွေ့ဆုံခဲ့ပုံကို ပြောပြရာ ကျွန်ုပ်က သူ ပြောသည့် အတိုင်း ပြန်၍ ရေးပြလိုက်ပါသည်။ ရှားလော့ဟုမ်း၏ ပြောပြချက်မှာ ရှင်းလင်းလှသည့် အတွက် အထူးတလည် ပြင်ဆင် တည်းဖြတ် တင်ပြရန် မလိုတော့ပါ။

'သူငယ်မလေးနှင့် တွေ့ဖို့ ချိန်းရတာကတော့ သိပ် မခက်လှပါဘူး။ သူငယ်မကလေးက ခုကိစ္စမှာ သူ့စိတ်နှင့်သူ ထင်ရာ လုပ်ထားလေတော့ ဒီပြင် ကိစ္စမှာ မိဘ စကားကို နားထောင်တယ် ဆိုတဲ့ ပုံမျိုး ပြချင်တာကိုး၊ ဒီတော့ အလွယ်တကူပဲ အတွေ့ခံပါတယ်၊ ဗိုလ်ချုပ်ဆီက ဖုန်းရပြီး မကြာခင်မှာပဲ မစ္စ ဝင်းတားလည်း ရောက်လာတယ်ဗျ၊ ဒါနှင့် နောက် နာရီဝက်လောက် ကြာတော့ ကျုပ်တို့လည်း မြင်းရထား တစ်စီးနှင့် အမှတ် ၁၀၄ ဘာကလေ ပန်းခြံလမ်းကို ရောက်သွားကြတယ်၊ အိမ်ကြီးက နည်းတဲ့ အိမ်ကြီး မဟုတ်ဘူးဗျို့၊ လန်ဒန်မှာ နာမည် ကြီးတဲ့ အိမ်ကြီး အိမ်ကောင်းတွေထဲမှာ ပါတာပေါ့၊ ဒါပေမဲ့ ခပ်ရိုးရိုးပဲဗျ၊ တော်တော်တန်တန် ဘုရားရှိခိုးကျောင်းကမှ သူ့ထက် တောက်ပြောင်ဦးမယ်၊ ကျုပ်တို့ ရောက်တော့ အိမ်စေ သူငယ် တစ်ယောက် ထွက်လာပြီး ကျုပ်တို့ကို ကန့်လန့်ကာ အဝါကြီး ကာထားတဲ့ ဧည့်ခန်းကြီးထဲကို ခေါ်သွားတယ်၊ ဧည့်ခန်းထဲမှာ သူငယ်မကလေးက အဆင်သင့် စောင့်နေတယ်၊ မျက်နှာကတော့ ခပ်ဖျော့ဖျော့ပဲ၊ ဒါပေမဲ့ သိပ်တော့ ဣန္ဒြေ မပျက်လှဘူးဗျ၊ အဝေးက တောင်ထိပ် တစ်ခုပေါ်မှာ မြင်ရတဲ့ နှင်းပွင့်များလိုပဲ သူ့ကို ကြည့်ရတာ တော်တော် အကွာခံတရ ခက်နေတယ်။

'အိုင်ဆေးရေ၊ ခင်ဗျားကို နားလည်အောင် ဘယ်လို ပြောရမယ်တော့ ကျုပ် မသိဘူး၊ သူငယ်မကလေးကို ခင်ဗျားလည်း အရင်တုန်းက မြင်ခဲ့ဖူးကောင်း မြင်ခဲ့ဖူးမှာပဲ၊ ဒီတော့ ခင်ဗျား ဘာသာပဲ တွေးယူပေတော့၊ လှလိုက်တဲ့ သူငယ်မလေးဗျာ၊ ဒါပေမဲ့ သူ လှပုံက တစ်မျိုးဗျ၊ ကျုပ်တို့ မမျှော်မှန်းနိုင်တဲ့ တခြားကမ္ဘာ တစ်ခုက လှနည်းမျိုး၊ အလယ်ခေတ်တုန်းက ပေါ်ခဲ့တဲ့ ပန်းချီကျော်ကြီးတွေ ရေးတဲ့ မိန်းမချောတွေ မိန်းမလှတွေရဲ့ မျက်နှာကို ကျုပ်လည်း မြင်ခဲ့ဖူးတာပါပဲဗျာ၊ ဒီလောက် ရက်ရက်စက်စက် လှတဲ့ သူငယ်မကလေး တစ်ယောက်ကို ဒီတိရစ္ဆာန် ဘယ်လိုများ လုပ်ထားသလဲ မသိဘူး၊ သိပ်ပြီး ဆန့်ကျင်ဘက်ကျတဲ့ အရာ နှစ်ခု ပေါင်းဆုံမိတာမျိုးကို ခင်ဗျားလည်း ကြားဖူးကောင်း ကြားဖူးမှာပေါ့၊ တစ်ယောက်က စိတ်ထား မြင့်မြတ် ဖြူစင်တယ်၊ တစ်ယောက်က အဟိတ်





တိရစ္ဆာန်၊ တစ်ယောက်က ဂူအောင်း လူလို အရုပ် ဆိုးတယ်၊ တစ်ယောက်က ကောင်းကင်ဘုံ နတ်မိမယ်လို လှတယ်၊ ဒီလို ကွာခြားတဲ့ အတွဲမျိုးတွေကို ခင်ဗျား တွေ့ဖူးသားပဲ၊ ခု သူတို့ အတွဲကတော့ အဲဒီ ဆန့်ကျင်ဘက်တွေထက်တောင် ကွာခြားနေသဗျို့။

'ကလေးမကလည်း ကျုပ်တို့ လာတဲ့ ကိစ္စကို သိပြီးဟန် တူပါရဲ့၊ သေဘဲ ဘယ်နေပါ့မလဲလေ၊ အဲဒီ အချိန်လောက် ဆိုရင် ဟို ခွေးတိရစ္ဆာန်က ကျုပ်တို့နှင့် ပတ်သက်လို့ အထင် လွဲအောင် ဘာတွေကို ဘယ်လို လုပ်ထားခဲ့မှ မသိတာ၊ မစ္စ ဝင်းတားကို မြင်လိုက်တော့ သူ တော်တော် အံ့အားသင့်သွားပုံ ရတယ်ဗျ၊ ဒါပေမဲ့ သိပ်တော့ ဣန္ဒြေ မပျက်လှဘူး၊ ကျုပ်တို့ နှစ်ယောက်ကို ကုလားထိုင်မှာ ထိုင်ဖို့ လက်ပြတယ်၊ သူ ကြည့်တာက ကျုပ်တို့ နှစ်ယောက်ကပဲ ဝိနည်း သိက္ခာ ဖောက်ဖျက်လို့ အကျင့် ပျက်နေတဲ့ သာသနာ့ ဝန်ထမ်း နှစ်ယောက် ဖြစ်နေပြီး သူကတော့ အကျင့် သိက္ခာနှင့် ပြည့်တဲ့ ဘိက္ခုနီမကြီး လိုလို ပုံမျိုးဗျ၊ ကဲပါဗျာ၊ ကြာရင် ခင်ဗျား ခေါင်းထဲမှာ ရှုပ်ထွေးကုန်လိမ့်မယ်၊ သူ့အကြောင်းကိုပဲ ပြောပါတော့မယ်။

'သူက လေသံ ခပ်အေးအေးနှင့်

' "ဟုတ်ကဲ့ရှင့်၊ စုံထောက်ကြီး နာမည်ကိုတော့ ကျွန်မ ကြားဖူးပြီးသားပါ၊ စုံထောက်ကြီးတို့က ကျွန်မနှင့် လက်ထပ်မယ့် အမတ်ကြီး ဂရွန်နားအကြောင်းကို ပြောမလို့ လာတာ မဟုတ်လား၊ ဖေဖေက တိုက်တွန်းလို့ သူ စိတ်ချမ်းသာပါစေတော့ ဆိုပြီး စုံထောက်ကြီးတို့ကို အတွေ့ခံတာပါနော်၊ ဒီတော့ ဆာစောစီးစီး ရှင်းအောင် ပြောထားပါရစေ၊ စုံထောက်ကြီးတို့ ဘာပြောပြော ကျွန်မ အနေနှင့်ကတော့ လက်ခံမှာ မဟုတ်ပါဘူး"

'ကျုပ် ကလေးမလေး အတွက် တော်တော် စိတ်မကောင်း ဖြစ်သွားတယ်ဗျာ၊ တကယ်ပါ၊ အဲဒီ အချိန်မှာ ကိုယ့်သမီး ကိုယ့်တူမလို သနားသွားတယ်၊ ကျုပ်က သိပ် စကား ပြောတဲ့လူ မဟုတ်ဘူး၊ နှလုံးသားထက် ဦးနှောက်ကို သုံးတဲ့ လူ၊ ဒါပေမဲ့ သူနှင့် တွေ့လိုက်တဲ့ အခါကျတော့ ကျုပ် တတ်သမျှ မှတ်သမျှ စကားလုံးတွေကို သုံးပြီး အမျိုးမျိုး ဖျောင်းဖျတယ်၊ အိမ်ထောင်မှာ အရေးတည် ဆိုတဲ့ စကားလို ယူပြီးမှ ကိုယ့်ယောကျ်ား အကြောင်းကို သိရရင် မိန်းမ တစ်ယောက် အနေနှင့် ဘယ်လောက် ဒုက္ခ ရောက်ရတဲ့ အကြောင်းကို ကျုပ် သိသလောက် ပြောတတ်သလောက် ပြောပြတယ်၊ ယောကျ်ား ဆိုပြီး ဆိုရင် ကိုယ့်မှာ ဘာမှ ပြင်လို့ မရတော့တဲ့ အကြောင်း၊ အစစအရာရာ ဘိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကချည်း နစ်နာရတဲ့ အကြောင်း၊ ရှက်တာရော ကြောက်တာရော စိတ်ဆင်းရဲရတာရော ဒုက္ခ ရောက်တာရော၊ အို ပြောလိုက်တာမှ စုံနေတာပဲဗျာ၊ ဒါပေမဲ့ ပြောလို့ လျှာသာ ထွက်ချင် ထွက်မယ်၊ ဆင်စွယ်လို ဖွေးနေတဲ့ သူ့ပါးပြင်မှာ အရောင်ကလေး တစ်ချက် မလာဘူးဗျ၊ ငေးနေတဲ့ သူ့မျက်လုံးတွေထဲမှာ အရောင် တစ်ချက် မထွက်ဘူး ခင်ဗျ၊ ပြီးတော့ ဟိုင်နဲ့က သူ စိတ်ညို့တတ်တဲ့ အကြောင်း ပြောတာကိုလည်း ဖွင့်ပြောလိုက်တယ်၊ အံ့ရောဗျ၊ တစ်ချက်မှ တုန်လှုပ်တဲ့ အရိပ်အယောင် မပြဘူး၊ တကယ်ပဲ ဒီလောက် တုန်လှုပ်ခြင်း ကင်းရအောင် လူမှ ဟုတ်ပါရဲ့လား လို့တောင် ကျုပ် ထင်ချင်လာတယ်၊ ကျုပ်က ဘယ်လောက်ပဲ ပြောပြော သူ့ဆီက ဘာမှ ပြတ်ပြတ်သားသား အဖြေမရဘူးဗျ။

'နောက်ဆုံးကျတော့မှ

' "ကျွန်မ မစ္စတာ ဟုမ်း ပြောတာကို စိတ်ရှည်ရှည်နှင့် နားထောင်ခဲ့ပါပြီနော်၊ ကျွန်မ ပြောခဲ့တဲ့ အတိုင်း ကျွန်မ စိတ်ထဲမှာတော့ ဘာမှ တုန်လှုပ်ခြင်း မရှိပါဘူး၊ ကျွန်မနှင့် လက်ထပ်မယ့် အမတ်ကြီးဟာ လောကဓံမှာ အတုအယောင် ခံရတာ များလွန်းတော့ တချို့ နေရာတွေမှာ ရက်စက်ကောင်း ရက်စက်မယ်၊ သူ မုန်းတီးတဲ့ လူတွေလည်း ရှိကောင်း ရှိမယ်၊ ဒီစကားတွေကို စုံထောက်ကြီးက ခုမှ ပြောတာပါရှင်၊ ကျွန်မမှာ ဒီပြင် လူတွေက လာလာ ပြောလွန်းလို့ နား မဆံ့အောင် ကြားပြီးပါပြီ၊ စုံထောက်ကြီးကတော့ ပိုက်ဆံပေးပြီး ငှားတဲ့လူ ရှိရင် အမတ်ကြီး ဂုဏ်းနား အတွက် ဆိုလည်း လိုက်မှာပဲ၊ သူတို့နှင့် ဆန့်ကျင်ဘက် ဆိုရင်လည်း လိုက်မှာပဲ၊ ဒါတွေကတော့ မဆန်းပါဘူး၊ စုံထောက်ကြီးတို့ အလုပ်က ကြေးစား အလုပ်ကိုး၊ စုံထောက်ကြီး စေတနာကိုတော့ ကျွန်မ ယုံပါတယ်၊ ဒါပေမဲ့ နောက်ဆုံး အနေနှင့် ကျွန်မ ပြောချင်တာကတော့ ဘာပဲဖြစ်ဖြစ် ကျွန်မ သူ့ကို ချစ်တယ်၊ သူကလည်း ကျွန်မကို ချစ်တယ်၊ တစ်ကမ္ဘာလုံးက ဘယ်လိုပဲ ပြောပြော သူတို့ ပြောတဲ့ စကားတွေကို ဟောဒီ ပြတင်းပေါက်မှာ ကြားနေရတဲ့ ငှက်မြည်သံလောက်တောင် ဂရု မစိုက်ဘူး ဆိုတာပါပဲ၊ အကယ်၍ သူ့မှာ လောလောဆယ် ခံနေရလို့ မြင့်မြတ်တဲ့ စိတ်ထားတွေ ခေတ္တ ခဏ ပျောက်ကွယ်သွားဦး၊ သူ့ကို နဂိုကလို မြင့်မြတ်တည်ကြည်တဲ့ ယောကျ်ား တစ်ယောက် ပြန်ဖြစ်အောင် ကျွန်မ အတတ်နိုင်ဆုံး လုပ်ပေးမှာပဲ" လို့ ပြောရင်း ကျုပ် ခေါ်လာတဲ့ မစ္စ ဝင်းတားဘက်ကို လှမ်းကြည့်ပြီးတော့ "တစ်ခုတော့ ရှိတယ်ရှင့်၊ ဟောဒီက အစ်မက ဘယ်သူလဲ၊





ဘယ်က ဘယ်လို လုပ်ပြီး ပါလာတာလဲ ဆိုတာကိုတော့ ကျွန်မ မရှင်းဘူး" လို့ ပြောတယ်ဗျ။

'ကျုပ်က ပြောမယ်လို့ လုပ်ကာ ရှိသေး မစ္စ ဝင်းတားက ဝင်ပြောတော့တာပဲဗျာ၊ မီးတောက်နှင့် ရေခဲတုံး တွေ့တာကို မြင်ဖူးရင် ဒီမိန်းမ နှစ်ယောက် တွေ့ပုံကိုလည်း မှန်းကြည့်ပေတော့ဗျာ။

' "ကျွန်မ ဘယ်သူလဲဆိုတာ ကျွန်မ ပြောပြမယ်၊ အဲဒီ လူရဲ့ နောက်ဆုံး မယားငယ်ရှင့်၊ ဒီလူ ဖြားယောင်း သွေးဆောင် ဖျက်ဆီးပြီး အမှိုက်ပုံထဲ စွန့်ပစ်ခဲ့တဲ့ မိန်းမတွေ တစ်ပုံကြီးထဲမှာ ကျွန်မလည်း တစ်ယောက် အပါအဝင်ပဲ၊ နောက်မှာ ရှင်လည်း ကျွန်မတို့လို ဘဝ ရောက်ရမှာပဲ၊ အဲ တစ်ခုတော့ ရှိတယ်၊ ရှင့် ကျရင်တော့ အမှိုက်ပုံသက်သက် ဖြစ်တော့မှာ မဟုတ်ဘူး၊ သင်္ချိုင်းပုံ ဖြစ်မှာ ဒီလောက်တောင် မိုက်လုံးကြီးတဲ့ မိန်းမ၊ ကျွန်မ ပြောလိုက်မယ်၊ ရှင် ဒီသူကို ယူလိုက်တာဟာ ရှင့်ကိုယ်ရှင် သတ်သေတာနှင့် အတူတူပဲ သိရဲ့လား၊ ဒီလူဟာ ရှင့်ကို အသည်း ကွဲအောင် လုပ်ပြီး သတ်ချင် သတ်မယ်၊ ဒါမှမဟုတ် လည်ကုပ်ကို ချိုးပြီး သတ်ချင် သတ်မယ်၊ တစ်နည်းနည်းနှင့်တော့ သတ်မှာပဲ၊ ခု ကျွန်မ ရှင့်ကို ဒီစကားတွေကို ပြောနေတာ ရှင့်ကို ချစ်လို့ စေတနာ ရှိလို့ သနားလို့ မဟုတ်ဘူး၊ ရှင့်ဘာသာ ရှင် သေသေ ရှင်ရှင် ကျွန်မ ပူစရာလည်း မဟုတ်ဘူး၊ ခု ဒီစကားကို ပြောနေတာဟာ ဒီလူကို မုန်းလွန်းလို့၊ စက်ဆုပ်လွန်းလို့၊ ကျွန်မကို သူ လုပ်ခဲ့သလို သူ့ကိုလည်း အရှက်တကွဲ အကျိုး နည်းအောင် လုပ်မယ် ဆိုတဲ့ စိတ်နှင့် ပြောနေတာ၊ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဒီက စိတ်ထဲ ရှိတာကို ပြောလိုက်ရရင် တော်ပြီ၊ ကျေနပ်ပြီ၊ ဒီမှာ ဒီကို ဒီအကြည့်မျိုးနှင့် မကြည့်ပါနှင့်၊ ဒီလူနှင့် ပေါင်းပြီ ဆိုကတည်းက ရှင်ဟာ ကျွန်မလောက်တောင် အဆင့်အတန်း မရှိတော့ဘူး ဆိုတာ မှတ်ပါ"

'မစ္စ ဗိုင်အိုလက်က ခပ်အေးအေးနှင့်

' "ကျွန်မ ဒီကိစ္စကို မဆွေးနွေးချင်ဘူးရှင်၊ ကျွန်မ ထပ်ပြောပါ့မယ်၊ ကျွန်မ အမျိုးသားရဲ့ ဘဝမှာ မကောင်း ကြံတဲ့ မိန်းမတွေနှင့် ပေါင်းသင်းမိလို့ [illegible] ပျက်ခဲ့ရတာ သုံးခါ ရှိတယ်၊ ခုတော့ သူ့မှာ အပြစ် ရှိခဲ့ရင်လည်း သူ နောင်တ ရလောက်ပြီလို့ ကျွန်မ ယုံတယ်၊ ဒါပဲ"

' "ဘာသုံးခါလဲ၊ သုံးခါ မကဘူး ရှင်ရဲ့၊ ရှင် ဘာသိလို့လဲ၊ ဒီလောက် [illegible] မိုက်တွင်း နက်တဲ့ မိန်းမမျိုး တွေ့ပဲ တွေ့ဖူးပေါင်" လို့ မစ္စ ဝင်းတားက အော်တယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ စုံထောက်ကြီး၊ တော်လောက်ပါပြီရှင်၊ ဒီလောက် စကား ပြောရရင် တော်လောက်ရောပေါ့၊ ခုတောင် ဖေဖေ စိတ်ချမ်းသာပါစေတော့ ဆိုပြီး စုံထောက်ကြီးတို့ကို ကျွန်မ လက်ခံတွေ့တာ၊ ဒါပေမဲ့ သူ ပြောချင်တာတွေ ပြောနေတာကိုတော့ ကျွန်မ ဆက်ပြီး နားမထောင်နိုင်ဘူးရှင့်"

'ဒီတွင် ဘာပြော ကောင်းမလဲဗျာ၊ မစ္စ ဝင်းတားဟာ ဝုန်းဆို ပြေးတဲ့ပြီး ဆံပင် ဆွဲဆောင့်လိုက်တာ ကံကောင်းလို့ ကျုပ်က လက်ကောက်ဝတ်ကို ဖမ်းဆွဲ ထားလိုက်ပေလို့ပေါ့၊ နို့မို့ဆိုရင် ဘယ် အခြေ အထိ ရောက်ကုန်ကြမယ် မသိဘူး၊ ဒါနှင့် ကျုပ်လည်း သူ့ကို အတင်း ဆွဲခေါ်၊ အော်ကြီးဟစ်ကျယ် မဖြစ်ခင် ရထားပေါ် ခပ်မြန်မြန် တင်ပြီး မောင်းလာခဲ့ရတယ်၊ အမျိုးသမီးက တော်တော့်ကို ဒေါသ ထွက်နေပြီကိုးဗျ၊ တစ်နည်း ပြန်ကြည့်ရင်တော့ ကျုပ်ကိုယ် ကျုပ်လည်း တော်တော်လေး ဒေါသ ထွက်မိတယ်ဗျ၊ ကျုပ်တို့ ကယ်မယ့် အမျိုးသမီးကို ကြည့်ရတာက သူ့ကိုယ်သူ တော်တော် ကျေနပ်ပြီး သိပ် အေးဆေးလွန်းနေတော့ ကျုပ်လည်း အဲဒီ အမူအရာကို ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်လာတယ်၊ အဲဒါကတော့ နောက်ဆုံး ဖြစ်ပျက်နေတဲ့ အခြေအနေပဲဗျို့၊ ဒီတော့ ကျုပ် အနေနှင့် နောက်ထပ် ခြေကွက် အသစ် ထပ်ရှာ ရလိမ့်မယ်၊ ဒီ ခြေကွက် အတိုင်း ခြေလှို့ကတော့ တစ်ဖက်က နယ်ရုပ်ကို ဖောက်လို့ မရဘဲ ဖြစ်နေပြီ၊ ခင်ဗျား အခန်းလည်း လိုချင် လိုလာမှာ ဆိုတော့ ခင်ဗျားကို ကျုပ် အမြဲတမ်း အကျိုးအကြောင်း သတင်း ပို့နေမယ်လေ၊ ဒါပေမဲ့ ခု ခြေကွက်က တော့ ကျုပ်တို့ထက် သူတို့က စောပြီး ခြေလှိမ့်မယ် ထင်တယ်ဗျ'

ရှားလော့ဟုမ်း ပြောသည့် အတိုင်းပင် ဖြစ်လာလေ၏။ သူတို့ ထိုးနှက်ချက်သည် ထင်သည်ထက် စော၍ ဖြစ်လာ၏ (သူတို့ ထိုးနှက်ချက်ဟု ဆိုသည်ထက် သူ့ ထိုးနှက်ချက်ဟု ဆိုလျှင် ပို၍ မှန်လိမ့်မည် ထင်ပါသည်။ အမျိုးသမီးငယ်သည် ထိုကိစ္စတွင် ပါဝင် သဘောတူလိမ့်မည် မဟုတ်ဟု ကျွန်ုပ် ယုံကြည်ပါသည်။)။

ယခုတိုင်ပင် ကျွန်ုပ်သည် သတင်းစာ တွေ့သည့် လမ်းမပေါ်က ကျောက်ပြားကလေးကို လက်ညှိုး ထိုးပြနိုင်လိမ့်ဦးမည်ဟု ထင်မိပေသေး၏။ ထိုသတင်းစာရွက်ကလေးကို မြင်လိုက်သည့် အခါတွင် ကျွန်ုပ် စိုးရိမ် ထိတ်လန့်သွားပုံမှာကား ဆိုဖွယ်ပင် မရှိတော့ချေ။

နေရာမှာ ဂရင်း ဟိုတယ်နှင့် ချယ်ရင်ကရော့ ဘူတာကြားရှိ ခြေ တစ်ဖက်ကျိုး သတင်းစာ ရောင်းသူ တစ်ဦး သတင်းစာများကို ဖြန့်ခင်း ရောင်းချ





[..]ည့် နေရာကလေး ဖြစ်ပေ၏။ နေ့ခွဲမှာ ကျွန်ုပ်နှင့် ရှားလော့ဟုမ်းတို့ စကား [ပြော]ခဲ့ပြီးနောက် နှစ်ရက် အကြာ ဖြစ်ပေ၏။ ဝါကြန့်ကြန့် သတင်းစာ မျက်နှာ[..]တွင် စာလုံးမည်းကြီးများဖြင့် ရိုက်ထားသည့် စာတန်းများမှာ အောက်[..] အတိုင်း ဖြစ်လေ၏။

**ရှားလော့ဟုမ်းအား လုပ်ကြံ သတ်ဖြတ်ခြင်း**

ကျွန်ုပ်သည် မှင်တက်မိကာ အတန်ကြာမျှ ကြောင်၍ ရပ်နေသည်ဟု [..]င်လိုက်မိ၏။

နောက်တွင် သတင်းစာအား ဆတ်ခနဲ ကောက်ယူလိုက်သည်ကို ကျွန်ုပ် [..]ရေးရေး အမှတ်ရလိုက်၏။ သတင်းစာ ရောင်းသူက အော်ဟစ် ငေါက်ငမ်း[..]ခြင်းတို့ကို အမှတ်ရ၏။ ထို့နောက်တွင် ထိုသူ ငေါက်ငမ်း အော်ဟစ် နေ[..]ည်ကို သတိ မပြုနိုင်ဘဲ သစ်ကြားသီးဆိုင် တစ်ဆိုင် တံခါးဝတွင် ရပ်ကာ [..]တင်းကို အမောတကော ဖတ်ခြင်းကို သတိရ၏။

သတင်းမှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

နာမည်ကျော် စုံထောက်ကြီး ရှားလော့ဟုမ်းအား မသမာသူများက လုပ်ကြံ သတ်ဖြတ်သဖြင့် ယခု အချိန်တွင် စိုးရိမ်ရသော အခြေအနေတွင် ရှိနေကြောင်းဖြင့် ဝမ်းနည်းစွာ ကြားသိရ၏။ အဖြစ်အပျက် အသေးစိတ်ကို မသိရသေးသော်လည်း ရီးဂျင့် လမ်းမပေါ်ရှိ ကဖီး ရွိုင်ရယ် အနီးတွင် နေ့လယ် ဆယ့်နှစ်နာရီခန့်က လုပ်ကြံ သတ်ဖြတ်ခြင်း ခံရသည်ဟု သိရှိရ၏။ လူနှစ်ယောက် နောက်မှ လိုက်လာပြီး ရှားလော့ဟုမ်း၏ ခေါင်းနှင့် ကိုယ်ကို တုတ်နှင့် အချက်ပေါင်း များစွာ ရိုက်သွားသည့် အတွက် မစ္စတာ ဟုမ်း၏ အခြေအနေမှာ စိုးရိမ်စရာ ရှိသည်ဟု ဆရာဝန်များက ထုတ်ဖော် ပြောဆိုလိုက်ကြ၏။ ၎င်းအား ချယ်ရင်ကရော့ ဆေးရုံကြီးသို့ ပို့လိုက်သော်လည်း နောက်ပိုင်းတွင် ၎င်း၏ ဆန္ဒ အရ နေထိုင်ရာ ဘေကာလမ်းသို့ ပို့လိုက်ပြီဟု စုံစမ်း သိရှိရ၏။ ရှားလော့ဟုမ်းအား ရိုက်သွားသူများမှာ သားသားနားနား ဝတ်ဆင်ထားလျက် လူအုပ် ကြားထဲမှ ဖြတ်ကာ ကဖီး ရွိုင်ရယ်ထဲသို့ ဝင်သွားပြီးနောက် ထိုဆိုင်ထဲမှ တစ်ဆင့် နောက်ဖေးဘက်ရှိ ဂလတ်ဟောက်လမ်းထဲသို့ ထွက်သွားကြသည် ဆို၏။ ရိုက်သူများမှာ ရှားလော့ဟုမ်းကြောင့် ခိုးဆိုး တိုက်ခိုက်ခြင်း မပြုရသော ရာဇဝတ် မှုခင်း လောကမှ လူဆိုးများ ဖြစ်သည်ဟု သိရ၏။



www.burmeseclassic.com

www.burmeseclassic.com

သတင်းကို ဖတ်၍ ဆုံးသည်နှင့် ကျွန်ုပ်သည် အနီးသို့ ရောက်လာသည့် အမိုး ပက်လက် ရထားကလေး တစ်စီးပေါ်သို့ ခုန်တက်ကာ ဘေကာလမ်းသို့ အပြင်း မောင်းလာသည်ကိုမူ အထူး ပြောစရာ လိုမည် မဟုတ်တော့ချေ။

အိမ်ဝသို့ အရောက်၌ ရှေ့တွင် စောင့်ဆိုင်းနေသော မြင်းရထားနှင့် အထဲမှ ထွက်လာသော နာမည်ကျော် ခွဲစိတ် ဆရာဝန်ကြီး ဒေါက်တာ အုတ်ရှော့ကို တွေ့ရလေ၏။

'လောလောဆယ်တော့ စိုးရိမ်စရာ မရှိတော့ပါဘူး၊ ခေါင်းခွံကို နှစ်ချက် ထိသွားတယ်၊ ပြီးတော့ အပေါ်ယံ ပေါက်ပြဲသွားတာ နည်းနည်း ရှိတယ်၊ ခေါင်းကိုတော့ တော်တော်လေး ချုပ်ယူရလိမ့်မယ်ဗျ၊ ငြိမ်ငြိမ် နေဖို့ လိုတယ်၊ ဒါကြောင့် မော်ဖင်းတော့ ထိုးပစ်ခဲ့တယ်၊ သို့သော်လည်း သိပ်မကြာဘူး ဆိုရင်တော့ ကြည့်နိုင်ပါတယ်လေ၊ ကိစ္စ မရှိပါဘူး'

ဆရာဝန်၏ ခွင့်ပြုချက်ဖြင့် ကျွန်ုပ်သည် ခပ်မှောင်မှောင် ဖြစ်နေသော အခန်းထဲသို့ ဝင်လာခဲ့ရာ ရှားလော့ဟုမ်းမှာ သတိရလျက် ရှိပြီး ကွဲအက် ခြောက်ကပ်သော အသံဖြင့် ကျွန်ုပ် အမည်ကို ခေါ်နေသံ ကြားရလေ၏။ ခန်းဆီးမှာ လေးပုံ သုံးပုံခန့် ချထားသည့်တိုင် အောက်မှ နေ၍ နေခြည်တို့ ထိုးကျလျက် ရှိသည့် အတွက် ရှားလော့ဟုမ်း၏ ပတ်တီး စည်းထားသော ခေါင်းကို ကောင်းစွာ မြင်ရလေ၏။

'ကိစ္စ မရှိပါဘူးဗျ အိုင်ဆေး၊ ဒီလောက်လည်း စိုးရိမ် မနေစမ်းပါနှင့်၊ ထင်သလောက် မဟုတ်ပါဘူး'

'တော်ပါသေးရဲ့ဗျာ'

'ကျုပ်လည်း တစ်ယောက်ချင်း တုတ်သိုင်းမှာ ခေတ့်ဲ လူ တစ်ယောက် မဟုတ်ပါဘူးဗျာ၊ ကျုပ် လက်ထဲမှာ ဘာမှ မပါသည့်တိုင် ကာကွယ်နိုင်ပါတယ်၊ အခု ခံလိုက်ရတာက ဒုတိယ တစ်ယောက်ရဲ့ တုတ်ချက်ကို ခံလိုက်ရတာဗျ'

'ကျွန်တော် ဘာ လုပ်ပေး ရဦးမလဲ၊ ကျွန်တော့် အထင်ကတော့ ဟို သတ္တဝါ လူငှားပြီး အရိုက် ခိုင်းပြီ ထင်တယ်၊ တောက် သွားပြီး အရေ ဆုတ်ပစ်စမ်းချင်သဗျာ'

'အားကိုးလောက်ပါပေတယ်ဗျာ၊ သို့သော်လည်း ရမ်းလုပ်လို့ မဖြစ်သေးဘူးလေ ဆရာကြီးရဲ့၊ ပုလိပ်က ဘယ်သူ့ကို ဆွဲမယ်မှန်းမှ မသိသေးတာ၊ ဒါပေမဲ့ ဒီကောင်တွေ လစ်ဖို့တော့ အဆင်သင့် ပြင်နေကြပြီဗျ၊ အဲဒါကတော့ သေချာတယ်၊ ခဏ စောင့်ပါဦး၊ ကျုပ် စီမံကိန်းကလေးတွေ ရှိပါတယ်၊ နံပါတ်





အရေးကြီးတာက ကျုပ် ဒဏ်ရာကို အကြီးအကျယ် ဖြစ်သယောင် ပုံကြီး ချဲ့ သတင်း လွှင့်ဖို့ လိုတယ်ဗျ၊ ခင်ဗျားဆီ လာမေးလို့ ရှိရင် သာသာထိုးထိုး လေးသာ ပြောလိုက်၊ ဒီတစ်ပတ် ခံပါတော့မလား မသိဘူး၊ ခေါင်းခွံ အက် တယ်၊ ကယောင်ကတမ်း ပြောနေတယ်၊ ဘာညာပေါ့ဗျာ၊ ကြည့်ပြီး လိမ့် ညံ့'

'ဒါပေမဲ့ ဒေါက်တာ အုတ်ရှော့ကကော'

'အို သူက ကိစ္စ မရှိပါဘူး၊ သူ ယုံအောင် ကျုပ် ဟန်ဆောင် ပြရမှာ ၊ ဒါတော့ ကျုပ် တာဝန် ထားလိုက်ပါ'

'ပြီးတော့ကော'

'ပြီးတော့ ဂျွန်ဆင်ကို ပြောလိုက်ပါဗျာ၊ ဟိုကလေးမ မစ္စ ဝင်းတားကို ရှိရာကို ပို့ထားလိုက်ပါလို့၊ ခု ဒီငနဲတွေ အဲဒီ သူငယ်မ နောက်ကို လိုက် ကြပြီဗျ၊ ဒီကိစ္စမှာ သူငယ်မက ကျုပ်ကို အကူအညီ ပေးနေတယ် ဆိုတာ ကို သိနေတယ်၊ ကျုပ်ကိုတောင် ဒီလောက် အထိ လုပ်ရဲရင် သူငယ်မကိုလည်း သော ပေးကြမှာ မဟုတ်ဘူး၊ အဲဒါ အရေး ကြီးတယ်နော်၊ ခု ည လုပ်မှ ဖြစ်မယ်'

'ကျွန်တော် ခုပဲ သွားလိုက်မယ်လေ၊ ပြီးတော့ကော'

'ကျုပ် ဆေးတံကို စားပွဲပေါ် တင်ပစ်ခဲ့စမ်းပါဗျာ၊ ပြီးတော့ ဆေးတံ ာက်ဆေး ထည့်တဲ့ ကျုပ် ဖိနပ်ဟောင်းလေးလည်း ထားခဲ့ပါ၊ ဟုတ်ပြီဗျ၊ ာ်တိုင်းတော့ လျှောက်လာခဲ့ဗျာ၊ ကျုပ်တို့ တိုက်ပွဲ အတွက် စီမံကိန်းကလေး လေး ချကြည့်ရအောင်'

ထိုနေ့ ညပိုင်း၌ ကျွန်ုပ်နှင့် ဂျွန်ဆင်သည် မစ္စ ဝင်းတားကို တိတ်ဆိတ် မ်းသည့် မြို့စွန် ရပ်ကွက် တစ်ခုသို့ သွားပို့ခဲ့ပြီးနောက် အန္တရာယ် ကင်း သည့် အချိန် အထိ ထိုနေရာတွင် ခိုအောင်းနေရန် စီစဉ်ပေးခဲ့ကြလေ၏။

သီတင်းပတ် တစ်ပတ်လုံး ရှားလော့ဟုမ်းမှာ သေကောင်ပေါင်းလဲ ဖြစ် သည်ဟု အများအား ထင်မှတ်လျက် ရှိကြလေ၏။ ဆေးရုံမှ ထုတ်ပြန်သည့် သတင်းချက်များမှာလည်း ခပ်တိုတို ဖြစ်ပြီး သတင်းစာများထဲတွင်လည်း နေ့ ညချင်းပင် သေတော့မယောင် ရေးသားလျက် ရှိကြလေ၏။ ကျွန်ုပ်သာ နေ့တိုင်း ရောက်နေသည့် အတွက် အခြေအနေမှန်ကို သိနေခြင်း ဖြစ်လေ၏၊ လော့ဟုမ်း၏ ကြံ့ခိုင်သော ကိုယ်ခန္ဓာနှင့် ကြံ့ခိုင်သော စိတ်ဓာတ်မှာ အံ့ ဖြစ်လောက်ပါပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းမှာ လျှင်မြန်စွာ နာလန် ထလာခဲ့လေရာ သူ ဟန်ဆောင်သည့် အတိုင်း တကယ်ပင် ဟုတ်မှ ဟုတ်ပါလေ၏လောဟု ကျွန်ုပ် ကိုယ်တိုင်ပင် သံသယ ဖြစ်မိသေး၏။ ရှားလော့ဟုမ်းသည် တစ်ယောက်တည်း ကျိတ်ကြံစည်ပြီးမှ အများက အံ့အားသင့်လောက်အောင် လုပ်ပြတတ်သူ ဖြစ်သည့်အတွက် သူနှင့် အရင်းနှီးဆုံး ဖြစ်သည့် ကျွန်ုပ်ပင်လျှင် သူ လှမ်းမည့် ခြေလှမ်းများကို မခန့်မှန်းနိုင်အောင် ဖြစ်လျက် ရှိပေ၏။

ရှားလော့ဟုမ်းကား တစ်ယောက်တည်း ကြံသူသာလျှင် အလုံခြုံဆုံးသော အကြံသမား ဖြစ်၏ ဆိုသော ဆိုရိုး စကားကို အစွမ်းကုန် လိုက်နာကျင့်သုံးသူ ဖြစ်ပေ၏။ ကျွန်ုပ်သည် သူများတကာထက် ရှားလော့ဟုမ်းနှင့် နီးနီးကပ်ကပ် တွေ့ဆုံနေသည့်တိုင် ကျွန်ုပ် ကိုယ်တိုင်ပင် သူ့ အခြေအနေကို အကဲခတ်၍ မရနိုင်အောင် ဖြစ်လျက် ရှိလေ၏။

သတ္တမမြောက် နေ့၌ ချုပ်ရိုးများကို ဖြေပြီးသည့်တိုင်. အနာ ဝင်၍ ဖျားနေသည် ဟူသော သတင်းများသည် ညနေထုတ် သတင်းစာများထဲတွင် ပါလာလေ၏။

ကျွန်ုပ်၏ မိတ်ဆွေကြီး အကယ်ပင် နေဆိုးနေသည် ဖြစ်စေ နေကောင်းနေသည် ဖြစ်စေ သူ့ထံသို့ ယူသွားရမည့် ကြော်ငြာ တစ်ခု ထိုသတင်းစာများထဲတွင် ပါလာလေ၏။ ထိုသတင်းမှာ အခြား မဟုတ်။ အမတ်ကြီး ဘေရွန်ဂရွန်နားသည် စသည် ... စသည်တို့၏ တစ်ဦးတည်းသော သမီး မစ္စ ဗိုင်အိုလက် ဒီမာဗီးလ်နှင့် လက်ထပ်တော့မည့်ဆဲဆဲတွင် အရေးကြီးသည့် အလုပ်ကိစ္စ တစ်ခု ရှိသည့် အတွက် ကူးနာဒ် သင်္ဘောလိုင်း ရုရစ်တန်းနီးယား သင်္ဘောဖြင့် သောကြာနေ့တွင် လီဗာပူးမှ ထွက်ခွာသွားတော့မည် ဆိုသည့် သတင်းပင် ဖြစ်လေ၏။

ဖျော့တော့သော မျက်နှာပေါ်တွင် တင်းမာ အေးစက်သော အမူအရာဖြင့် နားထောင်လျက် ရှိသော ရှားလော့ဟုမ်းကို မြင်ရသည့် အတွက် ထိုသတင်းကြောင့် သူ မည်မျှ စိတ်ထိခိုက်လျက် ရှိကြောင်းကို ကျွန်ုပ် သိနိုင်ပေ၏။

'သောကြာနေ့ ဆိုတော့ နောက် သုံးရက်ပဲ လိုတော့တာပေါ့ဗျ။ ကြည့်ရတာကတော့ ဒီသတ္တဝါ လစ်ပြေးတော့မယ် ထင်တာပဲ၊ မဖြစ်ဘူးဗျာ၊ ဒီသတ္တဝါကို အလွတ်ခံလို့ မဖြစ်ဘူး၊ ဘယ်နည်းနှင့်မှ အလွတ် မခံနိုင်ဘူး၊ ဝါဆိုင်ဆေးရေ၊ ကျုပ် အတွက် တစ်ခုလောက် လုပ်မပေးနိုင်ဘူးလား'

'ကြိုက်သလို သုံးပါဗျာ၊ အဆင်သင့်ပါပဲ'





'ကဲ နှစ်ဆယ့်လေးနာရီ အတွင်းမှာ တရုတ် ကြွေထည် အကြောင်းကို ကြေကြေညက်ညက်ကလေး လေ့လာထားဗျာ'

ရှားလော့ဟုမ်းက သူ့ ရည်ရွယ်ချက်ကို မပြောချေ။ ကျွန်ုပ်ကလည်း မမေးမိချေ။ သမနို ရှည်သော အတွေ့အကြုံ အရ ကျွန်ုပ်သည် ကျိုးနွံခြင်းဖြင့် ရည်သည့် အကျိုး ကျေးဇူးများကို ရတတ်ကြောင်း သိခဲ့ပြီး ဖြစ်၏။ သို့ရာတွင် ရှားလော့ဟုမ်း၏ အခန်းမှ ဆင်းခဲ့၍ ဘေကာလမ်းထဲသို့ လျှောက်လာစဉ်တွင်မူ မည်မျှ ထူးဆန်းသော အမိန့် တစ်ခုကို မည်သို့ မည်ပုံ အကောင်အထည် ဖော်ရမည်နည်းဟု စဉ်းစား မရနိုင်အောင် ဖြစ်လျက် ရှိပေ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် မြင်းရထား တစ်စင်းဖြင့် စိန့် ဂျိမ်း ပန်းခြံလမ်းရှိ လန်ဒန် ပိဋကတ်တိုက်သို့ လာခဲ့ပြီးလျှင် ကျွန်ုပ်၏ မိတ်ဆွေ လက်ထောက် ပိဋကတ်တိုက်မှူး လိုမတ်နှင့် တိုင်ပင်ပြီးနောက် တရုတ် ကြွေထည် အတတ်ပညာကျမ်း ပေါင်းချုပ်တွဲများ ငှား၍ ပြန်လာခဲ့၏။

တနင်္လာနေ့တွင် ကျွမ်းကျင်သူ သက်သေ တစ်ယောက်ကို ကျွမ်းထိုးမှောက်ခုံ ဖြစ်အောင် မေးမြန်း စစ်ဆေးနိုင်သည့် အထိ အမှု အကြောင်းကို ကြေညက်နေသည့် ဝတ်လုံ တစ်ယောက်သည် စနေနေ့သို့ ရောက်သည့် အခါတွင် မိမိ အတင်း လေ့လာ မှတ်သားထားသော အချက်တို့ မေ့လျော့ကုန်ကာ ခေါင်းထဲမှ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြသည်ဟု ပြောသံ ကြားဖူးခဲ့၏။ ထို့အတူ ကျွန်ုပ်သည်လည်း ယခု အချိန်တွင် တရုတ် ကြွေထည် အနုပညာကို ကျွမ်းကျင် နှံ့စပ်သူဟု ထုတ်ဖော် ပြောဆိုခြင်း မပြုလိုသည့်တိုင် ထိုနေ့ညနေကမူ ကျွန်ုပ်သည် ထိုဗဟုသုတတို့ကို ဝါးမျို သောက်သုံးလျက် ရှိကာ ခတ်ခဲ့လှသော တရုတ် နာမည်များကို အလွတ် ကျက်မှတ်လျက် ရှိလေ၏။

ထိုည၌ ကျွန်ုပ်သည် နာမည်ကျော် ရှေး တရုတ် ကြွေထည်ရေး ပန်းချီဆရာကြီးများ၊ တရုတ်တို့၏ သန္နိဋ္ဌာန ပြက္ခဒိန်ရက်များ၊ ဟွတ်ဝူနှင့် ယုံလို့တို့၏ လက်ရာများ၊ တန်ယင့်၏ လက်ရာများ၊ ဆွန်ခေတ်နှင့် ယမ်ခေတ်တို့ ကြီးကျယ်ခမ်းနားခဲ့ပုံများကို လေ့လာ မှတ်သားလျက် ရှိလေ၏။

နောက်တစ်နေ့ မနက် ရှားလော့ဟုမ်းထံသို့ ရောက်သွားသည့် အခါတွင် ကျွန်ုပ်မှာ အဆိုပါ အကြောင်းအရာများကို လူနှင့် သူနှင့် တူအောင် ပြောနိုင် ဆိုနိုင် ရှိနေလေပြီ။

သတင်းစာများတွင် အလန့်တကြား ရေးထားကြသည့်တိုင် ရှားလော့ဟုမ်းမှာ ကျွန်ုပ် ရောက်သွားသည့် အချိန်တွင် အိပ်ရာပေါ်တွင် မရှိတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းရှိ လက်တင် ကုလားထိုင်တွင် ထိုင်ကာ ပတ်တီး စည်းထားသည့် ခေါင်းကို မှီထားပြီး လက်ကို ကုလားထိုင် လက်တင်ပေါ်တွင် တင်ထားလေ၏။

'ဟင် ဘယ့်နှယ်လဲ၊ သတင်းစာတွေ အလို အတိုင်း ဆိုရင်တော့ ခု လောက် ဆိုရင် ခင်ဗျား သေလောက်နေပြီဗျ'

'ကျုပ်ကလည်း လူတွေကို ဒီအတိုင်း ထင်စေချင်နေတာဗျ၊ ကဲ အိုင်ဆေး၊ ဘယ်လိုလဲ၊ ခင်ဗျား သင်ခန်းစာတွေကို ရခဲ့ပြီလား'

'ကြိုးစားတော့ ကြည့်ခဲ့တာပဲ'

'ဟန်ကျလိုက်တာဗျာ၊ ဒီလိုဆိုရင် ခင်ဗျား အဲဒီ အကြောင်းအရာကို နည်းနည်းပါးပါး ပြောနိုင် ဆိုနိုင်ပြီပေါ့'

'ဖြစ်ပါလိမ့်မယ် ထင်ပါတယ်'

'ကဲ ဒီလိုဆိုရင် ဟောဟို နာရီ စင်ပေါ်က သေတ္တာကလေးကို လှမ်းလိုက်စမ်းပါဗျာ'

ရှားလော့ဟုမ်းသည် သေတ္တာကလေးကို ဖွင့်လိုက်ပြီးလျှင် အရှေ့တိုင်း ပိုးစဖြင့် သေချာစွာ ရစ်ပတ်ထားသည့် ပစ္စည်းကလေး တစ်ခုကို ထုတ်ယူလိုက်လေ၏။ ထို့နောက် စက္ကူကို ဖြေလိုက်ရာ အပြာရင့်ရောင် လှပသော ကြွေပန်းကန် ပြားကလေး တစ်ချပ် ပေါ်လာလေ၏။

'သေသေချာချာတော့ ကိုင်မှ ဖြစ်မှာနော် အိုင်ဆေး၊ ဟောဒီ ပစ္စည်းလေးဟာ မင် မင်းဆက်ခေတ်က လုပ်ခဲ့တဲ့ ကြွေထည် အစစ်ဗျ၊ ပါးလိုက်တာကလည်း ကြက်ဥခွံ ကျနေတာပဲ၊ ဒီလောက် လှတဲ့ ကြွေထည် ပစ္စည်းမျိုးကို ခရစ္စတီရဲ့ လေလံဆိုင်မှာတောင် တစ်ခါမှ မရောက်ခဲ့ဖူးသေးဘူး၊ ဒီပန်းကန်ပြား တစ်ချပ်တည်း မို့လို့၊ တစ်စုံ ဆိုရင် ရှင်ဘုရင် တစ်ပါးရဲ့ စည်းစိမ်မျိုးလောက် ရှိမှ ဝယ်နိုင်မှာ၊ ပီကင်းမှာ ရှိတဲ့ ဘုရင့် နန်းတော်ထဲက လွဲရင် ဒီကြွေထည်ကို မြင်လိုက်ရရင် ဝါသနာ ပါတဲ့ လူတစ်ယောက်ဟာ လိုချင်လွန်းလို့ ရူးတောင် သွားနိုင်တယ်'

'ဒီကြွေပန်းကန်နှင့် ကျွန်တော်က ဘာလုပ်ရမှာလဲ'

ရှားလော့ဟုမ်းက 'ဒေါက်တာ ဟီးလ် ဘာတန်၊ အမှတ် ၃၆၉၊ ဟာ့ဖ်မွန်း လမ်း' ဟု ရိုက်ထားသည့် ကတ်ပြားကလေးကို ထုတ်ပြကာ

'ဒါ ခုလောလောဆယ် ခင်ဗျား နာမည်ပဲဗျ၊ ဒေါက်တာ ဘာတန် အနေနှင့် ဘေရွန် ဂရုန်နားကို သွားတွေ့ပါ၊ ဒီလူရဲ့ အလေ့အထတွေကို အထိုက်





အလျောက် သိပြီး ဖြစ်လေတော့ ဒီလူက ည ရှစ်နာရီခွဲလောက် ဆိုရင် အားလောက်ပြီ၊ ဒီနေ့ ညမှာ ခင်ဗျား လာတွေ့မယ် ဆိုတာ သူ့ဆီကို စာရေး အကြောင်း ကြားပါ၊ ဟိုကို ရောက်ရင် အင်မတန် အရည်အသွေး ကောင်းတဲ့ ခင် မင်းဆက် ကြွေထည်တွေ ပြချင်လို့လို့ ပြော၊ တစ်ပြိုင်နက်တည်းမှာ ခင်ဗျား ကိုလည်း သံသယ မရှိလေအောင် ခင်ဗျားဟာ ဆရာဝန် တစ်ယောက် ဆိုတာ ကိုလည်း ပြောပြ၊ ခင်ဗျားလည်း တရုတ် ကြွေထည်တွေကို စုတာ ဝါသနာ ပါတဲ့ အကြောင်း၊ ဒီကြွေထည်ကို တွေ့လာခဲ့တဲ့ အတွက် ဘေရွန်လည်း ဝါသနာ ပါတယ်လို့ ကြားလို့ လာပြတဲ့ အကြောင်း၊ ဒီကြွေထည်ကို ကြိုက်တဲ့ တန်ဖိုး နှင့် ရောင်းမယ် ဆိုတဲ့ အကြောင်းကိုလည်း ပြောပြ'

'တန်ဖိုးက ဘယ်လောက်လို့ ပြောရမှာလဲ'

'မေးထိုက်တဲ့ မေးခွန်းပါပဲဗျာ၊ ကိုယ့်ပစ္စည်းရဲ့ တန်ဖိုးကိုမှ ကိုယ် ကောင်းကောင်း မသိဘူး ဆိုရင် ဟိုကျတော့ ခင်ဗျား ဒုက္ခ ရောက်မှာ သေချာတာပေါ့၊ ဒီကြွေထည်ကို ဆာ ဂျိမ်းဆီက ရတာဗျ၊ ကျုပ် သိသလောက် ဆိုရင် ဆာ ဂျိမ်းကလည်း သူ့အမှုသည်ဆီက ရတာ၊ ကမ္ဘာပေါ်မှာ ဒီလောက် ရှားပါးတဲ့ ကြွေထည်မျိုး မရှိဘူးလို့ ပြောရင်တောင် သိပ် မလွန်လှပါဘူး'

'ဒီလိုဆိုရင် တန်ဖိုးကို ကျွမ်းကျင်သူ ရာဖြတ်တွေနှင့် ဖြတ်ပါလို့ ပြောရင် မကောင်းပေဘူးလား'

'သိပ် ကောင်းတာပဲဗျာ၊ ဒီနေ့ ကျုပ်လူ တယ်လည်း ဉာဏ် ရွှင်နေပါ ကလားဗျို့၊ အကောင်းဆုံးကတော့ ခရစ္စတီ လေလံဆိုင်ကြီးကို ဖြစ်ဖြစ် ဆော့သ်ဘီ လေလံ ဆိုင်ကြီးကို ဖြစ်ဖြစ် ရာဖြတ် အလုပ် ခိုင်းပါလို့ ပြောဗျာ၊ ခင်ဗျားကို ကြည့်ရတာ လူယဉ်ကျေးဟန် ပေါက်နေလေတော့ ခင်ဗျား ကိုယ်တိုင် ဈေးပြောတာ သိပ်မကောင်းဘူး'

'အကယ်၍ ကျွန်တော့်ကို အတွေ့ မခံရင်ကော'

'ဒါအတွက်တော့ မပူပါနှင့်လေ၊ ခင်ဗျားကို တွေ့မှာပါ၊ ဒီလူက ကြွေထည်တွေကို စုတဲ့ နေရာမှာ အလွန် ဝါသနာ ကြီးတဲ့လူ၊ ဝါသနာ ကြီးလိုက်ပုံကတော့ အရူး တစ်ပိုင်းကျနေတာပဲ၊ ဝါသနာ ကြီးသလောက်လည်း ကြွေထည် အကြောင်းကို တော်တော်လေး နားလည်တယ်ဗျ၊ ကဲ ထိုင်ဗျာ၊ စာကို ကျုပ် ရေးလိုက်မယ်၊ သူ့ဆီက ပြန်စာကို စောင့်ဖို့ မလိုဘူး၊ ခင်ဗျား လာပြီး တွေ့ချင်တယ် ဆိုတာကို အကြောင်းကြားလိုက်ရုံပဲ'

ရှားလော့ဟုမ်း ရေးပေးလိုက်သည့် စာမှာ ခပ်တိုတို ဖြစ်ပြီးလျှင် ယဉ်



www.burmeseclassic.com

www.burmeseclassic.com



ကျေး သိမ်မွေ့ရုံမျှမက ကြွေထည် စုဆောင်းခြင်းတွင် ဝါသနာ ကြီးသူ တစ်ယောက် အဖို့ ငေါက်ခနဲ ထလာလောက်အောင် အချက် ပိုင်ပိုင် ရေးထားသည့် စာ တစ်စောင် ဖြစ်လေ၏။

ကျွန်ုပ်တို့သည် စာကို စာပို့ လုလင်ကလေး တစ်ယောက်အား အပို့ခိုင်းလိုက်လေ၏။ ညနေ ချိန်းသည့် အချိန်သို့ ရောက်လာသည့် အခါတွင် ကျွန်ုပ်သည် ဒေါက်တာ ဘာတန်၏ လိပ်စာ ကတ်ပြားနှင့် အဖိုးတန်လှသော ကြွေထည်ကို အိတ်ထဲတွင် ထည့်ကာ ကျွန်ုပ်၏ စွန့်စားခန်းကို စတင်ရန် ထွက်လာခဲ့လေ၏။

ဆာ ဂျိမ်း ပြောသည့် အတိုင်း လှပသော အိမ်ကြီးနှင့် ကျယ်ဝန်းသော ဝင်းခြံကြီးကို ကြည့်ခြင်းအားဖြင့် ဘေရွန် ဂရွန်းနားမှာ အတော် ချမ်းသာသူ တစ်ယောက် ဖြစ်ကြောင်းကို သိနိုင်ပေ၏။ ဘေး တစ်ဖက် တစ်ချက်တွင် ရှားပါးသည့် ပန်းပင်များကို စိုက်ထားသည့် ဝင်း အဝင်လမ်း ရှိပြီး ထိုခြံဝင်းလမ်းသည် ကျောက်ရုပ်တုကြီးများ ရှိရာ သမံတလင်း ခင်းထားသော ကွက်လပ် တစ်ခုသို့ ဦးတည်လျက် ရှိလေ၏။ ထိုအိမ်ကြီးမှာ အာဖရိကတွင် ရွှေတွင်းများ စတင်တွေ့စဉ်က ရွှေတွင်း ပိုင်ရှင် သူဌေးကြီး တစ်ဦးက ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ ရှည်လျား၍ ခပ်နိမ့်နိမ့် ပုံသဏ္ဌာန် ဖြစ်ပြီး ထောင့်များတွင် ပြာသာဒ်များ တင်ထားသည့် အတွက် ထူးဆန်းသည့် ဗိသုကာ လက်ရာ ဖြစ်ရုံမက ခိုင်ခံ့ခြင်း ကြီးမားခြင်း အရာ၌ကား အံ့သြလောက်သော အဆောက်အအုံ တစ်ခု ဖြစ်ပေ၏။

ကျွန်ုပ် ရောက်သွားသည့် အခါ ခမ်းနားစွာ ဝတ်ဆင်ထားသည့် ဘဏ္ဍာစိုး တစ်ယောက်က လာရောက် ကြိုဆိုကာ သားသားနားနား ဝတ်ဆင်ထားသည့် အိမ်စေ သူငယ်ကလေး တစ်ယောက်ထံသို့ အပ်လိုက်လေ၏။ ထိုသူငယ်ကလေးသည် ကျွန်ုပ်ကို ဘေရွန် ဂရွန်းနား ရှိရာ ဧည့်ခန်းသို့ ခေါ်သွားလေ၏။

ဘေရွန် ဂရွန်းနားသည် ပြတင်းပေါက် နှစ်ပေါက် အကြားရှိ ဖွင့်ထားသော ဗီရိုကြီး တစ်လုံး ရှေ့တွင် ရပ်လျက် ရှိပေ၏။ ကျွန်ုပ် ရောက်သွားသည့် အခါတွင် အညိုရောင် ပန်းအိုးကလေးကို ကိုင်ထားရာမှ နောက်သို့ လှည့်ကြည့်လိုက်လေ၏။

"ထိုင်ပါ ဒေါက်တာ၊ ခုတွင် ကျွန်တော် စုထားတဲ့ ပစ္စည်းတွေကို ကြည့်ရင်း နောက်ထပ် ဘယ်လို ပစ္စည်းများ လိုသေးသလဲလို့ စဉ်းစားနေတာဗျ။





မှာ ခုနစ်ရာစု ဟန် မင်းဆက် ခေတ်က ပစ္စည်းကလေးကို ဒေါက်တာ စိတ်ဝင်စားမလား မသိဘူး၊ ဒီလောက် အနု စိတ်ပြီး ဒီလောက် ကြွေရောင် င်းတဲ့ ပစ္စည်းမျိုးကို ဒေါက်တာကြီး တွေ့မှ တွေ့ဖူးပါ့မလား မသိဘူး၊ တာ ပြောတဲ့ မင်ခေတ် ပန်းကန်ပြား ဆိုတာကော ပါလာတယ်နော်"

ကျွန်ုပ်သည် ပန်းကန်ပြားကလေးကို အထုပ်ထဲမှ ဂရု စိုက်၍ ဖြေကာ သို့ ကမ်းပေးလိုက်လေ၏။ ဂရွန်းနားသည် သူ့စားပွဲတွင် ထိုင်လိုက် က် မှောင်စ ပျိုးလာပြီ ဖြစ်သည့် အတွက် စားပွဲတင် မှန်အိမ်ကို မီးစာ လိုက်ပြီးလျှင် သေချာစွာ စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။ လင်းထိန်သော င်းရောင်သည် သူ့မျက်နှာပေါ်သို့ ကျရောက်လျက် ရှိသည့် အတွက် ကျွန်ုပ် ည် သူ့ကို သေချာစွာ အကဲခတ်ခွင့် ရလိုက်ပေ၏။

ဘေရွန် ဂရွန်းနားမှာ အတော် ချောမော ခံ့ညားသူ တစ်ယောက် ဖြစ် ၏။ ဥရောပတိုက်တွင် လူချော တစ်ယောက်ဟု နာမည် ကြီးသူ တစ်ယောက် လေရာ နာမည် ကြီးမည် ဆိုလျှင်လည်း ကြီးထိုက်သူ ဖြစ်ပါသည်။ အရပ် ခင်းမှာ မနိမ့် မမြင့် ဖြစ်သော်လည်း ကိုယ်ဟန်မှာ တင့်တယ် ပြေပြစ်၍ ဆက် ကျလှပေ၏။ မျက်နှာမှာ အနည်းငယ် ညို၍ အရှေ့တိုင်း ဆန် တစ်ယောက် ဖြစ်ပြီး နက်မှောင် ညိုမှိုင်းသည့် မျက်လုံးများမှာ မိန်းမတို့ကို နိုင်သော မျက်လုံးများ ဖြစ်ပေ၏။ ဆံပင်နှင့် မုတ်ဆိတ်တို့မှာလည်း က် တောင်ပံကဲ့သို့ မည်းနက်လျက် ရှိကာ မုတ်ဆိတ်မှာ ထားသည် ဆိုရုံမျှ ကော့နေအောင် ဖယောင်း တိုက်ထားလေ၏။

ဖြောင့်တန်း၍ ပါးလျားသည့် နှုတ်ခမ်းမှ လွဲလျှင် ကျန်သော ပုံပန်း ဏ္ဍာန် အားလုံးမှာ လူကြီး လူကောင်း တစ်ယောက်၏ သဏ္ဌာန် ပေါ်လျက် ၏။ ပါးစပ်မှာ ရက်စက် ကြမ်းကြုတ်၍ မျက်နှာတွင် ဒဏ်ရာကြီး တစ်ခု သည့် ဖြတ်ကာ ဟက်တက်ကြီး ကွဲနေသကဲ့သို့ ရှိသည့် အတွက် အထူး တ်စရာ ကောင်းလျက် ရှိပေရာ ကျွန်ုပ် တစ်သက်တွင် လူသတ်သမား၏ ပ်ကို မြင်ဖူးသည် ဆိုလျှင် ဂရွန်းနား၏ ပါးစပ်ကို ပြရန်သာ ရှိ၏။

ဂရွန်းနားသည် မုတ်ဆိတ်ကို ခပ်တိုတိုသာ ထားသည့် အတွက် ထိုမျှ ဆိုးသော ပါးစပ်ကို မဖုံးနိုင်ဘဲ ရှိလေရာ ဤသည်ပင်လျှင် သားကောင် အား ကြိုတင် သတိ ပေးထားသော သဘာဝ၏ အန္တရာယ်ပြ သင်္ကေတ ခုဟု မှတ်ယူရတော့မည် ဖြစ်ပေ၏။ အသံမှာ အထူး ချိုသာ ပျော့ပျောင်း ည် အပြင် အပြောအဆို အနေအထိုင်မှာလည်း ယဉ်ကျေး သိမ်မွေ့လှပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကြည့်လိုက်လျှင် သူ့အသက်မှာ သုံးဆယ်ခန့်မျှသာဟု အောက်
မေ့မိသော်လည်း နောင် မှတ်တမ်းများနှင့် ပြန် တိုက်ကြည့်သည့် အခါတွင်
လေးဆယ့် နှစ်နှစ် ရှိပြီ ဖြစ်ကြောင်းကို တွေ့ရပေ၏။

နောက်ဆုံးတွင် ဘေရွန် ဂရွန်းနားက

'တယ်ကောင်းတဲ့ ကြွေထည်ပေပဲဗျာ၊ ဒီလို ပန်းကန်မျိုး ခြောက်စုံ
တယ်လို့ ဒေါက်တာ ပြောသွားတယ်နော်၊ ဒီလောက် ကောင်းတဲ့ ကြွေထည်မျိုး
ရှိတယ် ဆိုတာကို ကျွန်တော် ဘာဖြစ်လို့များ မသိရသလဲ မသိဘူးဗျာ၊ ကျွန်တော်
သိသလောက်တော့ ဒီလောက် ကောင်းတဲ့ ကြွေထည်ဟာ အင်္ဂလန်မှာ တစ်ချပ်
ရှိတယ်ဗျ၊ သို့သော်လည်း ဒီကြွေထည်ဟာ အပြင် ဈေးကွက်မှာ ရောက်မလာ
နိုင်တော့ဘူး၊ တစ်ခုတော့ မေးပါရစေ ခင်ဗျာ၊ ရိုင်းတယ်လို့ မအောက်မေ့ပါ
နှင့်၊ ဒေါက်တာ ဒီကြွေထည်ကို ဘယ်လိုလုပ် ရလာပါသလဲ'

ကျွန်ုပ်က အရေးမကြီးသည့်ဟန် ဆောင်လိုက်ပြီးနောက်

'ဒါက အရေးကြီးသေးသလား ခင်ဗျာ၊ အရေးကြီးတာက ဒီကြွေထည်
စစ် မစစ်ကို ကြည့်ဖို့ပဲ လိုတာပါ၊ တန်ဖိုးကတော့ ကျွမ်းကျင်သူ ရာဖြတ်များက
ပြပြီး ဆုံးဖြတ်ချင်တယ် ဆိုရင် ဆုံးဖြတ်နိုင်ပါတယ်'

ဂရွန်းနား၏ မျက်လုံးတွင် မသင်္ကာသည့် အရိပ်အယောင် တစ်ချက်
ပြီးပြက်သွားကာ

'အင်း တော်တော်လေးတော့ ထူးဆန်းနေတယ် ခင်ဗျ၊ ဒီလို အဖိုးတန်
ပစ္စည်းတွေကို အရောင်းအဝယ် လုပ်တဲ့ နေရာမှာ ဒီပစ္စည်း အကြောင်းကို
သေသေချာချာ သိချင်ပေတာပေါ့ဗျာ၊ ဒါကတော့ ထုံးစံပါ၊ ဒီကြွေထည်ဟာ
အစစ် အမှန် ဖြစ်တယ် ဆိုတာကလည်း အမှန်ပါပဲ၊ ဒါကို ကျွန်တော့် အနေနဲ့
ဘာမှ သံသယ ရှိပါဘူး၊ သို့သော်လည်း ဆယ်ရေး တစ်ရေး ကိုးရေး တစ်ရေး
ဆိုသလို မဖြစ်သော်ရှိ ဖြစ်သော်ရှိ ကုန်အောင် စဉ်းစားရတာကိုး၊ အကယ်၍
များ နောက်ကျမှ ဒေါက်တာဟာ ဒီကြွေထည်ကို ရောင်းပိုင်ခွင့် မရှိဘဲ ရောင်း
သွားတယ် ဆိုတာ တွေ့လာရင် ဘယ့်နှယ် လုပ်မလဲ'

'ဒါကတော့ ကျွန်တော် တာဝန်ခံပါတယ်'

'ဒီလို ဆိုပြန်တော့ ဒေါက်တာရဲ့ အာမခံက ဘယ်လောက် တန်သလဲ
ဆိုတာ မေးစရာ ဖြစ်လာပြန်ပြီ ခင်ဗျာ'

'ဒါကတော့ ကျွန်တော့် ဘဏ်တိုက်က တာဝန်ယူပါလိမ့်မယ်'

'ကောင်းပါလေ့ ခင်ဗျာ၊ သို့သော်လည်း ဒီပစ္စည်းကို ရောင်းတာ





ကျွန်တော့် စိတ်ထဲမှာတော့ နည်းနည်း ထူးဆန်းနေတယ် ခင်ဗျ၊ သာမန် မဟုတ်
ဘူးလို့ ထင်နေတယ်'

ကျွန်ုပ်က အရေးမကြီးဟန်ဖြင့်

'ဒါကတော့ ခင်ဗျား သဘောပေါ့လေ၊ ကျွန်တော်ကတော့ ခင်ဗျားဟာ
ကြွေထည်ကို စုတတ်တယ်လို့ ကြားတဲ့ အတွက် ပထမဆုံး ပြတာပဲ ခင်ဗျ၊ ခင်ဗျား
မဝယ်ချင်ဘူး ဆိုရင်လည်း ရှိပါစေ၊ ကျွန်တော့် အတွက် အခက်အခဲ မရှိလှပါဘူး'

'ကျွန်တော် ဒါမျိုးတွေကို ဝါသနာ ပါတယ် ဆိုတာ ဒေါက်တာ့ကို
ဘယ်သူက ပြောသလဲ'

'ကြွေထည်တွေ အကြောင်းကို ခင်ဗျား စာအုပ် တစ်အုပ် ရေးဖူးတာကို
ကျွန်တော် သတိ ထားမိပါတယ်'

'စာအုပ်ကိုကော ဖတ်ပြီးပလား'

'မဖတ်ဖူးသေးပါဘူး'

'အင်း ဒီလို ဆိုရင်တော့ ကျွန်တော့် အတွက် ပိုပြီးတောင် နားမလည်
နိုင်အောင် ဖြစ်လာပြီ ခင်ဗျ၊ ခင်ဗျားဟာ ကြွေထည် ပစ္စည်းတွေကို ဝါသနာ
ပါတယ်၊ ကိုယ်တိုင်လည်း စုတယ်၊ ဒါတောင်မှ ကိုယ့်လက်ထဲမှာ ရောက်နေတဲ့
ပစ္စည်းဟာ ဘယ်လောက် အဖိုးတန်တယ် ဘယ်လို အဓိပ္ပာယ် ဆောင်တယ်
ဆိုတာကို ရေးထားတဲ့ တစ်အုပ်တည်းသော စာအုပ်ကို မဖတ်ဖူးဘူး ဆိုတာ
ကတော့ တော်တော်လေး ဆန်းတယ် ခင်ဗျ'

'ကျွန်တော်က ဆရာဝန် ဆိုတော့ အလုပ် များပါတယ်'

'ဒီ အကြောင်းပြချက်ကလည်း မလုံလောက်ပါဘူးဗျာ၊ လူ တစ်ယောက်
ဟာ ဝါသနာ ပါရင် တခြား ဘယ်လောက်ပဲ အလုပ် များနေနေ ဝါသနာကိုတော့
လိုက်ကြတာပဲဗျ၊ ဒေါက်တာရဲ့ စာထဲမှာ ဒေါက်တာဟာ ကြွေထည် ပစ္စည်းတွေ
ကို ဝါသနာ ပါတယ် ဆို'

'ဟုတ်ပါတယ်'

'ဒီတော့ စမ်းသပ်တဲ့ အနေနှင့် မေးခွန်းကလေး တစ်ခွန်း နှစ်ခွန်း မေး
ကြည့်မယ် ခင်ဗျာ၊ ပြောင်ပြောင်ပဲ ဖွင့်ပြောရတော့မှာပဲ ဒေါက်တာရေ၊ အကယ်၍
ခင်ဗျားဟာ ဒေါက်တာ တစ်ယောက် ဆိုရင်ပေါ့လေ၊ ခုကိစ္စက မသင်္ကာစရာ
ကောင်းသည်ထက် ကောင်းလာနေပြီ၊ ဧကရာဇ် ဘုရင် ရှိမှုနှင့် နာရာ
ရှိမှုအင်းနှင့် ဘယ်လိုများ သက်ဆိုင်ပါသလဲ ခင်ဗျာ၊ ဩော် ဒေါက်
နည်းနည်း ရှုပ်သွားသလား၊ ကဲ ဒီလိုဆိုရင် ခင်ဗျာ မြောက်ပိုင်း ဝေ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်နှင့် ကြွေထည် သမိုင်းမှာ အဲဒီ မင်းဆက် ဘယ်လို အရေးကြီးတယ် ဆို တာကလေးကို တစ်ဆိတ်လောက် ပြောပြစမ်းပါ'

ကျွန်ုပ်သည် ကုလားထိုင်မှ မတ်တတ် ရပ်လိုက်လျက်

'ဒါတော့ လွန်ပြီ ခင်ဗျ၊ ကျွန်တော်ကတော့ ရပါစေတော့ ဆိုတဲ့ စေတနာ နှင့် ပထမဆုံး လာပြတာ၊ ကျွန်တော်ဟာ ကျောင်းသားကလေး တစ်ယောက် လို စာမေးပွဲ အစစ်ခံဖို့ လာတာ မဟုတ်ဘူး ခင်ဗျ၊ ဒီအကြောင်းတွေကို ဘေရွန် လောက် နှံ့နှံ့စပ်စပ် သိချင်မှ သိပါလိမ့်မယ်၊ သို့သော်လည်း ဒီလို မေးတာမျိုး ကိုတော့ သိသည့် တိုင်အောင်လည်း ဖြေလိမ့်မယ် မဟုတ်ပါဘူး ခင်ဗျ'

ဘေရွန် ဂရွန်းနားသည် ကျွန်ုပ်ကို စိုက်ကြည့်လျက် ရှိလေ၏။ မှုန် ေးသော မျက်လုံးများသည် ပျောက်ကွယ်သွားကြကာ ထိုနေရာတွင် စိန်းစိန်း ကြီး ကြည့်နေသော မျက်လုံးများသည် အစား ဝင်ရောက်လာခဲ့ကြလေပြီ။ ရတ် စက် ကြမ်းကြုတ်သော နှုတ်ခမ်းများ ကြားမှ သွားများ ဝင်းလက်သွားသည်ကို ကျွန်ုပ် မြင်လိုက်ရလေ၏။

'ဒီလို လုပ်လို့ ဘယ်ရမလဲဗျာ၊ ခင်ဗျားဟာ ကျုပ်ဆီကို စပိုင် တစ် ယောက် အနေနှင့် လာတာ မဟုတ်လား၊ ခင်ဗျားဟာ ရှားလော့ဟုမ်းက လွှတ် လိုက်တဲ့ လူဆိုတာ ကျုပ် သိပါတယ်၊ ကြွေထည် ပြချင်ယောင်ဆောင်ပြီး ထ တာပဲ၊ ဟိုင်နေ့က သေခါနီးနေတော့ သူ့လူတွေကို ကျုပ်ဆီကို လွှတ်ကြည့်လိုက် တာပေါ့၊ ခင်ဗျားဟာ ဒီအိမ်ထဲကို မဖိတ်ခေါ်ဘဲနှင့် ရောက်လာတာဗျ၊ ဒီထော အထဲကို ဝင်လာတာထက် အပြင်ကို ထွက်ရတာ ပိုခက်သွားလိမ့်မယ်'

ဂရွန်းနားသည် ဒေါသ အကြီးအကျယ် ထွက်ကာ ရုတ်ခနဲ ထလိုက် သည့် အတွက် ကျွန်ုပ်သည် နောက်သို့ ခြေတစ်လှမ်း ဆုတ်ကာ ခုခံရန် အသင့် ပြင်ထားလိုက်၏။

ဂရွန်းနားသည် ဝင်လာကတည်းကပင်လျှင် ကျွန်ုပ်အား သင်္ကာ မကင်း ဖြစ်ခဲ့ဟန် တူလေရာ မေးခွန်းများ မေးမြန်းသည့် အခါတွင်မူ ထိုအချက်သည် ထင်ရှားလာခဲ့လေပြီ။

ဂရွန်းနားသည် လက်ကို ဘေးအံဆွဲသို့ နှိုက်ကာ တစ်စုံတစ်ရာကို ရှာ ဖွေလျက် ရှိလေ၏။ ထို့နောက် ရပ်တန့်၍ နားစွင့်လိုက်သဖြင့် အသံ တစ်ခုခု ကြားလိုက်ဟန် ရှိလေ၏။

ထို့နောက် 'ဟင်' ဟု အော်ကာ အခန်းထဲမှ တစ်ဟုန်ထိုး ထွက် သွားလေ၏။



ခြေ နှစ်လှမ်းလောက် လှမ်းလိုက်သည့် အခါတွင် ကျွန်ုပ်သည် တံခါးမ ကြီးဆီ ရောက်သွားလေ၏။ ကျွန်ုပ် မြင်လိုက်ရသည့် ရှုခင်းကို တစ်သက်တွင် မေ့နိုင်တော့မည် မဟုတ်ချေ။ အခန်းထဲ၌ မြက်ခင်းနားတွင် ကပ်နေသည့် ပြတင်းပေါက်သည် ပွင့်လျက် ရှိလေ၏။ ပြတင်းပေါက် အနီး၌မူ တစ္ဆေကြီး တစ်ကောင်ကဲ့သို့ ခေါင်းတွင် သွေးစွန်းသော ပတ်တီးတို့ စည်းထားလျက် မျက်နှာ ဖြူဖပ်ဖြူရော်ဖြင့် ရပ်နေသော ရှားလော့ဟုမ်းကို တွေ့လိုက်ရလေ၏။ နောက် တစ်ခဏ၌ ရှားလော့ဟုမ်းသည် ပြတင်းပေါက်မှ ခုန်ချလိုက်ကာ ပန်း ချုံတွေ ကြားထဲသို့ ကျသွားသံကို ကြားလိုက်ရလေ၏။ ဂရွန်းနားသည် ဒေါသ အကြီးဖြင့် အော်ကာ ပြတင်းပေါက်မှ ခုန်ထွက်၍ ရှားလော့ဟုမ်း နောက်သို့ လိုက်သွားလေ၏။

ထို့နောက်၌ကား မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှပင် ဖြစ်သော်လည်း ကျွန်ုပ်သည် ထိုမြင်ကွင်းကို သဲကွဲစွာ မြင်လိုက်ရပေ၏။ လက်မောင်း တစ်ဖက်။ အမျိုးသမီး တစ်ယောက်၏ လက်မောင်း တစ်ဖက်သည် ချုံကြားထဲမှ ထွက် လာသည်တွင် ဂရွန်းနားသည် ကြောက်မက်ဖွယ် အလန့်တကြား အော်လိုက် လေရာ ထိုအသံကြီးကိုလည်း ကျွန်ုပ် တစ်သက်လုံး နားထဲမှ ထွက်တော့မည် မဟုတ်ချေ။ ဂရွန်းနားသည် မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်လျက် အခန်း ထဲတွင် လျှောက်ပြေးနေပြီးလျှင် ခေါင်းကို အုတ်နံရံဖြင့် ဆောင့်လျက် ရှိလေ၏။ ထို့နောက် ကော်ဇောပေါ်သို့ လဲကျသွားကာ လူးလိမ့်လျက် ရှိပြီး တစ်အိမ်လုံး ပြောင် ထပ်လောက်အောင် အော်ဟစ်လျက် ရှိလေ၏။

'ရေပေးပါ၊ ရေပေးကြစမ်းပါ' ဟုလည်း အော်လျက် ရှိလေ၏။

ကျွန်ုပ်သည် စားပွဲပေါ်တွင် တည်ထားသည့် ရေချိုင့်ကို ကောက်ယူကာ သူ့ဆီသို့ ပြေးလာခဲ့လေ၏။ ထိုအချိန်တွင် ဘဏ္ဍာစိုးနှင့် အိမ်စေ သူငယ်များ လည်း ပြေးလာကြလေ၏။ ကျွန်ုပ်က ဒဏ်ရာ ရနေသော ဂရွန်းနား အနီးတွင် ဒူးထောက် ထိုင်ကာ မျက်နှာကို မီးရောင်ဘက်သို့ လှည့်လိုက်သည်တွင် အိမ်စေ သူငယ် တစ်ယောက်မှာ မူးမေ့ လဲကျသွားလေ၏။

မျက်နှာမှာ ဆာဖြူးရစ် အက်စစ်တို့ လောင်ထားသဖြင့် ရုပ်ပျက် ဆင်း ပျက် ဖြစ်လျက် ရှိလေပြီ။ အက်စစ် ရည်များသည် နားနှင့် မေးမှ စီးကျလျက် ရှိပြီ၊ မျက်လုံး တစ်ဖက်မှာ မျက်နက် ပျောက်ကာ ဖြူဖွေးလျက် ရှိပြီး အကျိတ်ကြီး ဖြစ်လျက် ရှိလေ၏။ အခြား မျက်လုံး တစ်ဖက်ကား နီရဲကာ ရောင်ရမ်းလျက် ရှိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



စောစောက ကျွန်ုပ် မြင်ခဲ့သည့် ချောမော လှပသော သူ့ ရုပ်ဆင်း သဏ္ဍာန်မှာ ပန်းချီဆရာက ရေမြှုပ် တစ်ခုဖြင့် ကောက်ဖျက် လိုက်သည့် ပန်းချီကား တစ်ချပ်နှင့် တူနေလေ၏။ ရုပ်ဆင်း သဏ္ဌာန်မှာ မှုန်ဝါး အရောင်အဆင်း ပျက်ကာ လူမဆန်ဘဲ ကြောက်စရာ ကောင်းလျက် ရှိလေပြီ။

ဆာဖြူးရစ် အက်စစ် အပက်ခံရပုံနှင့် ပတ်သက်၍ ကျွန်ုပ်သည် အိမ်ဖော် များအား သိသလောက် ခပ်တိုတို ပြောပြလေ၏။ အချို့မှာ ပြတင်းပေါက်မှ ခုန်၍ ဆင်းသွားကြပြီး အချို့ကား ခြံထဲသို့ လိုက်ရှာလျက် ရှိကြလေ၏။ သို့ရာ တွင် မှောင်ကလည်း မှောင်၊ မိုးကလည်း ရွာစ ပြုလာသည့် အတွက် ဘာကိုမျှ ရှာမတွေ့ကြချေ။

ဂရွန်းနားသည် အော်ဟစ်လျက် ရှိရာမှ တစ်ချီ တစ်ချီတွင်လည်း 'ဟို ဟိုကောင်မ လက်ချက်၊ ကစ်တီ ဝင်းတား လက်ချက်' ဟု အော်လျက် ရှိလေ၏။ 'ဒီကောင်မကို ငါကိုယ်တိုင် သတ်ရမှ ဖြစ်မယ်၊ အမယ်လေးဗျ၊ ပူလှချေရဲ့ဗျ၊ သေပါတော့မယ်ဗျ' ဟု အော်ဟစ်လျက် ရှိလေ၏။

ကျွန်ုပ်သည် သူ့မျက်နှာကို ဆီဖြင့် သုတ်လိမ်းပေးကာ အသားနီ လန် နေသည့် နေရာများကိုလည်း ဆေးဂွမ်းဖြင့် အုပ်ပေးပြီးလျှင် မော်ဖင်း ထိုးပေးခဲ့ လေ၏။ ထိတ်လန့်ဖွယ်ရာ အဖြစ်အပျက်ကြောင့် ကျွန်ုပ်တွင် စောစောက သံသယ ဖြစ်နေသည်တို့ ကွယ်ပျောက်သွားခဲ့လေပြီ။

ဂရွန်းနားသည် ငါးသေ၏ မျက်လုံးကဲ့သို့ ပြူးပြူးကြီး ဖြစ်လျက် ရှိ သည့် မျက်လုံးကြီးများဖြင့် ကျွန်ုပ်ကို ငေးကြည့်နေရာမှ ကျွန်ုပ်အား အားကိုး တကြီးဖြင့် ဆွဲထားလေ၏။

သူ ကျူးလွန်ခဲ့သည့် အပြစ်များကိုသာ ပြန်၍ မစဉ်းစားမိလျှင် ကျွန်ုပ် မှာ သူ့အဖြစ်ကို ကြည့်၍ ငိုမိလိမ့်မည်ဟုပင် ထင်မိသေး၏။ ယခုမူ ကျွန်ုပ် သည် သူ့လက်ဖြင့် ဆွဲခံရသည်ကိုပင် စက်ဆုပ်လျက် ရှိလေပြီ။ သူ့ မိသားစု ဆရာဝန်နှင့် အထူးကု ပါရဂူ တစ်ယောက် ရောက်လာသဖြင့် ကျွန်ုပ်မှာ သက် သာရာ ရသွားလေ၏။ မကြာမီတွင် သက်ဆိုင်ရာ ပုလိပ် အင်စပက်တော်လည်း ရောက်သည့် အတွက် ကျွန်ုပ်က ကျွန်ုပ်၏ လိပ်စာ ကတ်ပြား အမှန်ကို ထုတ် ပေးလိုက်လေ၏။

ဤသို့ မပြုလျှင်လည်း ကျွန်ုပ် အတွက် အကြောင်း ထူးမည် မဟုတ် တော့ချေ။ စကော့တလန်ယာဒ် စုံထောက် အဖွဲ့မှ လူများမှာ ရှားလော့ဟုမ်းကို သိသကဲ့သို့ ကျွန်ုပ်ကိုလည်း သိပြီးသား ဖြစ်နေကြလေပြီ။





ခဏ ကြာလျှင် ကျွန်ုပ်လည်း ကြောက်ဖွယ်ကောင်းသည့် ထိုအိမ်ကြီးမှ ထွက်လာခဲ့လေ၏။

ရှားလော့ဟုမ်းမှာ ဖျော့တော့ နွမ်းနယ်လျက် ရှိကာ သူ ထိုင်နေကျ တင် ကုလားထိုင်တွင် ထိုင်လျက် ရှိလေ၏။ ဒဏ်ရာများ အပြင် ညနေ က တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ကြောင့်လည်း စိတ် ထိခိုက်လျက် ရှိလေ ၏။ ဂရွန်းနား မည်မျှ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားပုံကို ကျွန်ုပ်က ပြောပြသည့် အခါတွင် ရှားလော့ဟုမ်းသည် အထိတ်တလန့်ဖြင့် နားထောင်လျက် ရှိလေ၏။

'အင်း၊ ကိုယ် ကျူးလွန်ခဲ့တဲ့ အပြစ်တွေ အတွက် လျော်ကြေး ပေးရတာ ပေါ့၊ မကောင်းမှု ဒဏ်ကို ခံရတာတွေပေါ့၊ မကောင်းမှု ကျူးလွန်ခဲ့တဲ့ ဒဏ် ဆိုတာ တစ်နေ့ မဟုတ် တစ်နေ့ကျ ခံရမှာပဲဗျ' ဟု ဆိုကာ ရှားလော့ ဟုမ်းသည် စားပွဲပေါ်မှာ သားရေ အဖုံးညိုဖြင့် ဖုံးထားသည့် စာအုပ်ကြီး တစ် အုပ်ကို ထိုးပေးလိုက်လေ၏။

'ကစ်တီ ဝင်းတား ပြောတဲ့ စာအုပ် ဆိုတာ ဒီစာအုပ်ပဲဗျ၊ ဒီစာအုပ် ကို မြင်လို့မှ သူတို့ လက်ထပ်တဲ့ ကိစ္စ မပျက်တော့ဘူး ဆိုရင်တော့ နောက် ဘယ်လို လုပ်လုပ် ပျက်နိုင်တော့မှာ မဟုတ်ဘူး၊ သို့သော်လည်း ဒီစာအုပ်ကို မြင်လိုက်ရင်တော့ ပျက်တန် ကောင်းရဲ့လို့ ယူဆရတာပဲ အိုင်ဆေးရာ၊ ပျက်ရ မယ်ဗျာ၊ ကိုယ့်သိက္ခာ ကိုယ် ရှိသေတဲ့ မိန်းမတိုင်း ဒီစာအုပ်ကို မြင်လိုက်တာနှင့် အံ့သြင်နက် ဒီသတ္တဝါ အပေါ်မှာ စိတ် ကုန်ခန်းသွားရမယ်'

'ဒါဖြင့် ဒီစာအုပ်ဟာ သူ့ အချစ် မှတ်တမ်းပေါ့'

'ကာမ မှတ်တမ်းလို့လည်း ခေါ်နိုင်တယ်ဗျ၊ ကြိုက်သလိုသာ နာမည် ပေးပေတော့၊ ကစ်တီ ဝင်းတားက ပြောလိုက်တာနှင့် ဒီလက်နက်ဟာ ကျုပ်တို့ အဖို့ ဘယ်လောက် အဖိုး တန်တယ် ဆိုတာ ကျုပ် သဘော ပေါက်လိုက်ပါပြီ ဗျာ၊ အရေးကြီးတာက ကျုပ်တို့ လက်ထဲ ရောက်ဖို့ပဲ လိုတော့တာ၊ အဲဒီတုန်း ကတော့ ကျုပ် ဘာမှ မပြောခဲ့ဘူးဗျ၊ အသာပဲ နားထောင်နေခဲ့တယ်၊ အမျိုးသမီး က ကျုပ်တို့ကို ထုတ်များ ပေးမလားလို့ ကျုပ် ထင်မိတာကိုး၊ သို့သော်လည်း ကျုပ် စဉ်းစားလိုက်တဲ့ အခါကျတော့ ကျုပ် အရိုက် ခံလိုက်ရတဲ့ အတွက် ဂရွန်း နားဟာ ကျုပ် ရန်က အေးသွားပြီလို့ အောက်မေ့ပြီး အရင်ကလောက်တော့ အကာအကွယ်တွေ ဘာတွေ ယူတော့မှာ မဟုတ်ဘူးလို့ ကျုပ် တွက်လိုက်တယ်၊ တစ်နည်းအားဖြင့် ပြောရရင် ကျုပ် အရိုက် ခံရတာ ခပ်ကောင်းကောင်းပဲလို့ တောင် ဆိုရတော့မှာပဲဗျ၊ အမှန်ကတော့ ကျုပ်ကလည်း ဒီစာအုပ်ကို ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်ဆန်ဆန် ယူမယ်လို့တော့ စိတ်မကူးသေးပါဘူး၊ သို့သော်လည်း ငနဲက အမေရိကန်ကို ထွက်ပြေးဖို့ ပြင်နေပြီဗျ၊ ထွက်ပြေးရင် ဒီလောက် အရေးကြီးတဲ့ စာအုပ်ကို ဘယ်နည်းနှင့်မှ ထားခဲ့မှာ မဟုတ်ဘူး၊ ဒီတော့ ကျုပ်တို့ အဖို့က အချိန် ဆိုင်းလို့ မရဘူး၊ ချက်ချင်း လုပ်ဖို့ လိုတယ်၊ ကောင်းပြီ ဒါဖြင့်ရင် အိမ်ကို ဖောက်ပြီး ဒီစာအုပ်ကို ခိုးမလား၊ သူ့အိမ်ကို ဖောက်ပြီး ခိုးဖို့ ဆိုတာ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ အိမ်က အလုံအခြုံ ကာကွယ်ထားတာ၊ သို့သော်လည်း အကယ်၍ သူ့ အာရုံ တခြားကို ရောက်အောင် လုပ်ထားနိုင်ရင် ညနေပိုင်းမှာ ကျုပ်အဖို့ အလားအလာ ရှိတယ်၊ ဒါကြောင့်မို့ ခင်ဗျားကို တရုတ်ကြွေထည် ပစ္စည်းတွေနှင့် သူ့ဆီကို လွှတ်ရတာပေါ့၊ သို့သော်လည်း ကျုပ်အဖို့ အရေးကြီးတာက စာအုပ်ဟာ ဘယ်နေရာမှာ ရှိတယ် ဆိုတာကို သေချာဖို့ လိုတယ်ဗျ၊ အချိန် သိပ် မရှိဘူး၊ အချိန် တိုတို အတွင်းမှာ လုပ်ရတာ၊ ကျုပ် အချိန် ဘယ်လောက် ရသလဲ မရသလဲ ဆိုတာက တရုတ် ကြွေထည်ကို ခင်ဗျား ဘယ်လောက် ကျွမ်းကျင်သလဲ မကျွမ်းကျင်သလဲ ဆိုတဲ့ အပေါ်မှာ တည်နေတယ် ဒါနှင့် နောက်ဆုံးတော့ ကျုပ် ကစ်တီ ဝင်းတားကို သွားခေါ်ရတယ်ဗျ၊ သို့သော်လည်း အက်စစ်ထုပ်ကို သူ့ အင်္ကျီထဲမှာ ထည့်ယူလာတာကိုတော့ ကျုပ်လည်း ဘယ်မြင်ပါ့မလဲ၊ ကျုပ် ထင်တာကတော့ ကျုပ်ကိစ္စကို လုပ်ပေးဖို့ လိုက်ခဲ့တယ်လို့ပဲ ထင်တာပေါ့၊ လက်စသတ်တော့ မချောကလည်း သူ့အကြံနှင့် သူ လာတာကိုးဗျ'

'ကျွန်တော်ဟာ ခင်ဗျားဆီက လူ ဆိုတာ ငနဲကြီး ရိပ်မိသွားတယ်ဗျ'

'ကျုပ်လည်း စိုးတော့ စိုးရိမ်မိသားဗျို့၊ သို့သော်လည်း ခင်ဗျား လုပ်ပေးတာ ကျုပ် အတွက် အချိန် အတော်များများ ရလိုက်ပါတယ်လေ၊ အဲ လွတ်လွတ်ကျွတ်ကျွတ် ထွက်ပြေးနိုင်အောင်တော့ မကြာလိုက်ဘူးပေါ့လေ၊ အလို ဆာ ဂျိမ်းရေ၊ ခင်ဗျား ရောက်လာလို့ ဝမ်းသာလိုက်တာဗျာ'

ယဉ်ကျေး သိမ်မွေ့သည့် ဆာ ဂျိမ်းမှာ ခပ်စောစောတုန်းက ရှားလော့ဟုမ်းက အခကြောင်းကြားထားသဖြင့် ရောက်ရှိလာခြင်း ဖြစ်ပေ၏။

ဆာ ဂျိမ်းသည် ကျွန်ုပ်တို့ ပြောသည်ကို စိတ်ဝင်စားစွာဖြင့် နားထောင်ပြီးနောက်

'အင်း စုံထောက်ကြီးရေ၊ စုံထောက်ကြီးကတော့ အံ့ဖွယ်သရဲ ထူးကဲတဲ့ အရာတွေကို လုပ်နိုင်ပါပေတယ်၊ သို့သော်လည်း ဂရွန်းနားရဲ့ ဒဏ်ရာတွေဟာ ဒေါက်တာ ဝပ်ဆင် ပြောသလောက် ပြင်းထန်တာ မှန်တယ် ဆိုရင်တော့ သူတို့





ဘက်ထပ်တာကို ဟန့်တားဖို့ ကိစ္စဟာလည်း အလိုလို ပြီးပြီးသား ဖြစ်သွားရောပေါ့ဗျ၊ စာအုပ်ကိုတောင် ထုတ်ပြီး သုံးဖို့ လိုမယ် မထင်တော့ပါဘူး'

ရှားလော့ဟုမ်းက ခေါင်းကို ယမ်းလိုက်ပြီးလျှင်

'ဒီလိုလည်း မထင်လိုက်နှင့် ခင်ဗျ၊ ဒီမာဗီးလ်လို မိန်းမမျိုးဟာ တစ်ကြိမ်ခုလို ဖြစ်သွားတဲ့ အခါကျတော့ အချစ် သူရဲကောင်းကြီး ဆိုပြီး သူ့ကို ပိုပြီး ချစ်သွားလိမ့်ဦးမယ် ထင်တယ်၊ ကျုပ်တို့ ဖျက်ဆီးပစ်ရမှာက ဂရွန်းနားရဲ့ ကိုယ်ခန္ဓာကို ဖျက်ဆီးဖို့ မဟုတ်ဘူးဗျ၊ စိတ်ဓာတ်ကို ဖျက်ဆီးပစ်ရမှာ၊ အဲဒါအတွက်တစ်ခုတော့ ရှိတယ်ပေါ့လေ၊ ဒီစာအုပ်ကို မြင်လိုက်ရင်တော့ သူငယ်မကလေးဟာ မြေကြီးပေါ် ပြန်ရောက်လာတန် ကောင်းပါရဲ့လို့ အောက်မေ့ ရတာပဲ၊ သူ့ကို ပြဖို့ ဒီထက် ခိုင်မာတဲ့ အထောက်အထားတော့ မရှိတော့ဘူး၊ လက်ရေးဟာလည်း ဒီလူ ကိုယ်တိုင်ရဲ့ လက်ရေး ဆိုတော့ သူ ဒီစာအုပ်ကိုတော့ ဥပေက္ခာ မပြုတန်ဘူးလို့ ယူဆရတာပဲ'

ဆာ ဂျိမ်းသည် စာအုပ်နှင့် ကြွေထည်ကို ပြန်ယူသွားလေ၏။ အချိန်အတန်ငယ် လွန်ပြီ ဖြစ်သည့် အတွက် ကျွန်ုပ်သည်လည်း ဆာ ဂျိမ်းနှင့် အတူ ဆင်းလိုက်လာခဲ့လေ၏။ လမ်းပေါ်တွင် ဆာ ဂျိမ်း အတွက် ရထား တစ်စင်း စောင့်ကြိုနေသည်ကို အဆင်သင့် တွေ့ရလေ၏။ ဆာ ဂျိမ်းသည် ရထားပေါ်သို့ ခပ်သုတ်သုတ် ခုန်တက်လိုက်ပြီးနောက် ခေါင်းတွင် ဦးပေါင်း ဆောင်းထားသည့် ရထားသမားကို ခပ်သွက်သွက် အမိန့် ပေးလိုက်သည်တွင် ရထားလည်း လျင်မြန်စွာ ထွက်ခွာသွားလေ၏။

ဆာ ဂျိမ်းသည် ၎င်း၏ ရထား တံခါးပေါ်တွင် ထွင်းထုထားသည့် တံဆိပ်ကို လူ မမြင်စေရန် အတွက် ကုတ်အင်္ကျီကို ရထား တံခါး ပေါင်ပေါ်သို့ တင်လိုက်သော်လည်း ကျွန်ုပ်မှာ ထိုတံဆိပ်ကို မီးရောင်တွင် လက်ခနဲ မြင်လိုက်ရသည့် အတွက် အကြီးအကျယ် အံ့အားသင့်လျက် ရှိကာ နောက်ပြန်လှည့်၍ ရှားလော့ဟုမ်း၏ အခန်းသို့ အပြေး တက်လာခဲ့ပြီးလျှင်

'ဗျို့ ဟုမ်း၊ ကျွန်တော်တို့ အမှုသည် ဘယ်သူတုံး ဆိုတာ ကျွန်တော် သိခဲ့ပြီဗျို့၊ ဘယ်သူလဲ သိရဲ့လား၊ တခြား လူ မဟုတ်ဘူးဗျ၊ ဟို ဟို'

'အင်း ဒီလူကတော့ တော်တော် သစ္စာ ရှိပြီး တော်တော် ယောကျ်ားပီသတဲ့ လူ တစ်ယောက်ပေပဲဗျာ၊ ဒီလို အဖြစ်အပျက်မျိုး နောက်တစ်ခါလည်း တွေ့ပါရစေနှင့်တော့' ဟု လက်တစ်ဖက်ကို ဆုပ်ကိုင်ထားရင်း ရှားလော့ဟုမ်းက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆာ ဂျိမ်းသည် ရှားလော့ဟုမ်း ပေးလိုက်သော စာအုပ်ကြီးအား မည်သို့ မည်ပုံ အသုံး ချကြောင်းကိုကား ကျွန်ုပ် မသိရချေ။ ဆာ ဂျိမ်းသည် ထိုကိစ္စကို ကိုင်တွယ်နိုင်လိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်မိပေ၏။ သို့တည်းမဟုတ် ဆာ ဂျိမ်းသည် ထိုစာအုပ်ကြီးအား သူငယ်မလေး၏ ဖခင် လက်ထဲသို့ အပ်မည်ဆိုလျှင်လည်း အပ်လိုက်နိုင်ပေ၏။ မည်သို့ပင် ဖြစ်စေ ထိုစာအုပ်ကြီးကြောင့် ကျွန်ုပ်တို့ အားလုံး လိုလားလျက် ရှိသည့် အကျိုးတရားကိုမူ ရရှိလိုက်ပေ၏။

နောက် သုံးရက် ကြာသော အခါတွင်ကား ဘေရွန် ဂရွန်နားနှင့် မစ္စဗိုင်အိုလက် ဒီမာဗီးလ်တို့ လက်ထပ်မည့် ကိစ္စကို ဖျက်သိမ်းလိုက်ကြောင်းဖြင့် မောနင်းပို့စ် သတင်းစာထဲတွင် ပါရှိလေ၏။ ထိုသတင်းစာမှာပင် အက်စစ်ရည်ဖြင့် ပက်မှုဖြင့် မစ္စ ကစ်တီ ဝင်းတားအား ရုံးတင် တရား စွဲဆိုသော သတင်းကိုလည်း ဖတ်လိုက်ရလေ၏။ အမှုကို စစ်ဆေးသော အခါတွင် အခြေအနေအားလုံးကို အစစ်ခံသည့် အတွက် မစ္စ ကစ်တီ ဝင်းတားမှာ ထိုသို့သော အမှုမျိုးတွင် ကျခံရမည့် ပြစ်ဒဏ်တို့ အနက် အနည်းဆုံး ပြစ်ဒဏ်ကို ရရှိသွားခဲ့လေ၏။

ရှားလော့ဟုမ်းမှာမူ ပိုင်နက် ကျူးလွန်မှု၊ ဖောက်ထွင်းတို့ဖြင့် တရားစွဲမည်ဟု ခြိမ်းခြောက်ခြင်း ခံရသေးသော်လည်း ရည်ရွယ်ချက်ကလည်း ကောင်း၊ ကာယကံရှင် အမှုသည်ကလည်း တိုင်းပြည်တွင် နေလို လလို ထင်ရှားသည့် ပုဂ္ဂိုလ်ကြီး ဖြစ်သည့် အခါ၌ကား အလွန် တင်းကျပ်ပါသည် ဆိုသော အင်္ဂလိပ် တရား ဥပဒေသည်ပင်လျှင် လျော့လျည်း လျော့လျှ ဖြစ်ရလေ၏။ ထို့ကြောင့် ကျွန်ုပ် မိတ်ဆွေကြီး ရှားလော့ဟုမ်းမှာလည်း တရားခံ ဝက်ခြံထဲတွင် မရပ်လိုက်ရတော့ချေ။

[မူရင်းဝတ္ထု *The Adventure of The Illustrious Client.* ရှေ့ခေါင်း၏ စုံထောက် ဦးစီးရှား ဝတ္ထုများတွင် ရှာမတွေ့။]



## မျက်နှာဖြူကြီးနှင့် လူ



ကျွန်ုပ်၏ မိတ်ဆွေ ဒေါက်တာ ဝပ်ဆင်၏ စိတ်ကူးစိတ်သန်းများမှာ ကျဉ်းမြောင်းသည့်တိုင် အလွန် စွဲမြဲခိုင်မာတတ်ပေ၏။ ဒေါက်တာ ဝပ်ဆင်သည် ကာလအတန်ကြာ ကတည်းကပင်လျှင် ကျွန်ုပ်အား ကိုယ်တွေ့အဖြစ်အပျက်များကို ရေးသားရန် တစာစာ တိုက်တွန်းခဲ့လေ၏။

ဒေါက်တာ ဝပ်ဆင်၏ ရေးသားချက်များသည် မည်မျှ အပေါ်ယံ ကျကြောင်း၊ အဖြစ်အပျက်မှန်ကို တိတိကျကျ ဖော်ပြရမည့် အစား ပရိသတ် ဖတ်ကောင်းအောင် မည်သို့ မည်ပုံ ရေးသားလေ့ ရှိကြောင်းများဖြင့် ကျွန်ုပ်သည် အခါ အခွင့် ကြုံတိုင်း ဝေဖန်လေ့ ရှိရာ ယခုကဲ့သို့ ကျွန်ုပ်၏ အကြောင်းများကို ကိုယ်တိုင် ပြန်ရေးရန် သူ ပူဆာသည့် အခါတွင်မူ ကျွန်ုပ်မှာ ကိုယ့်အတာတ်နှင့် ကိုယ်စူး ဆိုသကဲ့သို့ ဖြစ်လျက် ရှိပေ၏။ 'ခင်ဗျား ကိုယ်တိုင် ရေးစမ်းကြည့်စမ်းပါဦး' ဟု ပြောဖန် များသည့် အတွက် ကျွန်ုပ်သည် ကလောင်တံကို ထောက်ကိုင်ကာ ကြိုးစားကြည့်သည့် အခါတွင် ကျွန်ုပ် ရေးသားမည့် အချက်အလက်များသည် ပရိသတ်ကို စိတ်ဝင်စားအောင် ရေးရန် မည်မျှ အရေးကြီးကြောင်းကို ကျွန်ုပ် ကိုယ်တိုင် တွေ့လာ ရလေ၏။

အောက်ပါ အဖြစ်အပျက်မှာမူ အဖြစ်အပျက် ကိုယ်နှိုက်က ဆန်းကြယ်ထူးဆန်းသည့် အတွက်ကြောင့် လည်းကောင်း၊ ဒေါက်တာ ဝပ်ဆင်၏ မှတ်တမ်းများထဲတွင် မပါသေးသည့် အတွက်ကြောင့် လည်းကောင်း စာဖတ် ပရိသတ်များက စိတ်ဝင်စားကြလိမ့်မည်ဟု မျှော်လင့်မိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် အလျဉ်း သင့်လာသဖြင့် ပြောစရာ တစ်ချက် ရှိသည်မှာ ကျွန်ုပ်သည် ကျွန်ုပ်၏ စွန့်စားခန်းကလေးများကို ရင်ဆိုင်ခဲ့ရာတွင် ဒေါက်တာ ဝပ်ဆင်ကို မကြာခဏ ဆိုသလို ခေါ်သွားလေ့ ရှိရာ ဤသို့ ခေါ်ခြင်းမှာ ဝပ်ဆင်တွင် ထူးခြားသည့် ပင်ကို အရည်အချင်းများ ရှိခြင်းကြောင့် ဖြစ်လေရာ ဝပ်ဆင်ကို ခေါ်သွားခြင်းသည် အပိုသက်သက် ခေါ်သွားခြင်းမျိုး ဖြစ်သည်ဟု အများက ထင်ကြလျှင် ဤသည်မှာ ဝပ်ဆင်က သူ၏ အရည်အချင်းများကို အနည်းငယ်မျှလောက်သာ ရေးပြီး ကျွန်ုပ်၏ အရည်အချင်းများကို ပုံကြီး ချဲ့၍ ရေးသားတတ်ခြင်းကြောင့်သာ ဖြစ်ပေလိမ့်မည်။

မိမိ၏ ကောက်ချက်များနှင့် မိမိ၏ ခြေလှမ်းများကို ကြိုတင် သိမြင် ခန့်မှန်းနိုင်သော ကြံဖော် ကြံဖက် တစ်ယောက်သည် အန္တရာယ် ကြီးသူ တစ်ယောက် ဖြစ်၏။ သို့ရာတွင် ရှေ့တွင် ဖြစ်ပေါ်လာမည့် အလားအလာတို့ကို မသိဘဲ အဖြစ်အပျက်သစ် ဖြစ်ပေါ်လာတိုင်း တအံ့တသြ ဖြစ်နေတတ်ပြီး ပိတ်ထားသော စာအုပ်ကြီး တစ်အုပ် သဖွယ် အနာဂတ်ကို မမြင်နိုင်သူ တစ်ယောက်မှာမူ အကောင်းဆုံးသော ကြံဖော် ကြံဖက် တစ်ဦး ဖြစ်လေ၏။

ကျွန်ုပ်၏ မှတ်စုကို ပြန်ကြည့်သည့် အခါ၌ ၁၉၀၃ ဘိုးဝါး စစ်ပွဲ ပြီးသည့်နောက် ဇန်နဝါရီလ တစ်နေ့တွင် ကျွန်ုပ်ထံသို့ ကိုယ်လုံး ကိုယ်ပေါက် တောင့်တောင့်၊ အသား ညိုညို၊ အရပ် ထောင်ထောင်မောင်းမောင်းနှင့် အင်္ဂလိပ်လူမျိုး တစ်ဦး ဖြစ်သော မစ္စတာ ဂျိမ်း ဒေါ့ ဆိုသူ တစ်ဦး လာရောက် လည်ပတ်ကြောင်းဖြင့် မှတ်သားထားသည်ကို တွေ့ရလေ၏။ ထိုအချိန်က ကျွန်ုပ်၏ ရောင်းရင်း မိတ်ဆွေကြီး ဝပ်ဆင်မှာ ကျွန်ုပ်ကို စွန့်ပစ်ကာ သူ့ဇနီး နောက်သို့ လိုက်သွားခဲ့လေပြီ။ ဤသည်မှာ ကျွန်ုပ်နှင့် နှစ်ရှည် လများ ပေါင်းသင်းလာသည့် အတောအတွင်း ဝပ်ဆင်၏ တစ်ခုတည်းသော ကိုယ်ကျိုးကြည့်မှု တစ်ရပ်ပင် ဖြစ်သည်ဟု ဆိုချင်ပါ၏။ ယခုအား ကျွန်ုပ် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေပြီ။

ကျွန်ုပ်၏ အကျင့် တစ်ခုမှာ အိမ်သို့ ဧည့်သည် ရောက်လာလျှင် ကျွန်ုပ်က ပြတင်းပေါက်ကို ကျောပေး ထိုင်ပြီး ဧည့်သည်များကိုမူ အလင်းရောင် ကောင်းစွာ ရနိုင်သော နေရာ ဖြစ်သည့် ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်စေခြင်းပင် ဖြစ်ပေ၏။ မစ္စတာ ဂျိမ်း ဒေါ့သည် ကျွန်ုပ်နှင့် တွေ့သည့် အခါတွင် မည်သည်က စပြောရမည် မသိဘဲ တွေလျက် ရှိလေရာ ဤသို့ တိတ်ဆိတ်နေခြင်းသည် ကျွန်ုပ် အတွက် လေ့လာရန် ပို၍ အချိန် ရသည့် အတွက် သူ့စ၍ စကား ပြောနိုင်ရန် ရေလာ မြောင်းပေး လုပ်ခြင်း မပြုတော့ချေ။





စူးစမ်း လေ့လာအား ကောင်းပုံကို ပြလျှင် အမှုသည်များက ရှားလော့ဟုမ်းအား ကြီးလေ့ ရှိသည်ကို သိပြီး ဖြစ်သည့် အတွက် ကျွန်ုပ်ကပင် စတင်ကာ ကျွန်ုပ်၏ ကောက်ချက်များကို ပြောပြလေ၏။

'မိတ်ဆွေကြီးက တောင် အာဖရိကက လာတာနော်၊ ဟုတ်စ'

ထိုလူသည် အနည်းငယ် အံ့အားသင့်လျက်

'ဟုတ်ပါတယ် ခင်ဗျာ'

'ဘုရင့် အဝေ့ာ်တမ်း မြင်းစီး တပ်ရင်းက မှတ်တယ်'

'မှန်ပါတယ် ခင်ဗျာ'

'ပြီးတော့ မီဒယ်ဆက် တပ်ဖွဲ့က ထင်တယ်ဗျ'

'ဒါလည်း ဟုတ်တာပါပဲ ခင်ဗျ၊ စုံထောက်ကြီးကိုတော့ မှော် အတတ်တတ်တယ်လို့တောင် စွပ်စွဲချင်လာပြီ ခင်ဗျာ'

ကျွန်ုပ်က ဝေခွဲ မရဟန် ဖြစ်လျက် ရှိသည့် သူ့ အမူအရာကို ပြုံးကြည့်နေလျက်

'ကျုပ် အခန်းထဲကို ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်း လူတစ်ယောက် ဝင်လာတယ်ဗျာ၊ အဲဒီ လူရဲ့ မျက်နှာဟာလည်း အင်္ဂလန်လို ရာသီဥတုမျိုးမှာ မနေခဲ့တဲ့ ညိုနှည်းမျိုးနှင့် ညိုတိုတို ဖြစ်နေတယ်၊ ပြီးတော့ လက်ကိုင်ပဝါကို လည်း အပေါ် အင်္ကျီ အိတ်ထဲမှာ ထိုးမထားဘဲ လက်မောင်း ကြားမှာ ထိုးထားသည် ဆိုရင် ဒီလူ ဘယ်က လာတယ် ဆိုတာကို ပြောရတာ သိပ် မခက်တော့ ပါဘူး၊ ဒီအထဲမှာ ခင်ဗျားက မုတ်ဆိတ် တိုတိုကလေးကလည်း ထားလိုက်သေးတော့ ခင်ဗျားဟာ အမြဲတမ်း တပ်မတော်က မဟုတ်ဘူး ဆိုတာ သိသာပါတယ်၊ ပြီးတော့ ခင်ဗျား ကိုယ်လုံး ကိုယ်ပေါက်ကို ကြည့်ရတာက မြင်းစီးလည်း တော်တော် ဝါသနာ ပါပုံ ရတယ်ဗျ၊ မီဒယ်ဆက် တပ်ဖွဲ့ထဲမှာ ပါတယ်လို့ ပြောရတာကတော့ တခြားကြောင့် မဟုတ်ပါဘူး၊ ခင်ဗျား လိပ်စာ ကတ်ပြားထဲမှာ ခင်ဗျားဟာ ရိုမော်တန် လမ်းက ရွှေပွဲစားလို့ ပါလာလို့ပါ၊ ဒီပြင်ကော အဲဒီ တပ်ရင်းတွေထဲမှာ ဝင်ဖူးသေးသလဲ'

'စုံထောက်ကြီးကတော့ ဒိဗ္ဗစက္ခု ရသလို အားလုံးကို မြင်နေတော့တာပေါ့'

'မဟုတ်ရပါဘူးဗျာ၊ ကျုပ် မြင်တာဟာ ခင်ဗျား မြင်တာထက် ဘာမှ မပိုပါဘူး၊ ကျုပ်က ကျုပ် မြင်တာကို သတိ ပြုတတ်အောင် လေ့ကျင့်ထားလို့ တစ်ချက်ပဲ ကွာပါတယ်၊ သို့သော်လည်း မစ္စတာ ဒေါ့ရေ၊ ဒီနေ့ မနက် ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကျူပ်ဆီကို ရောက်လာတာဟာ ရှူးစမ်းမှု အတတ်ပညာ အကြောင်း ဆွေးနွေး ရောက်လာတာ မဟုတ်ပေဘူးဗျ၊ ကဲ ဆိုစမ်းပါဦး၊ တက္ကစဘာရီ အိုးပတ် အ မှာ ဘာတွေ ဖြစ်နေလို့လဲ'

'ခင်ဗျာ၊ စုံထောက်ကြီး'

'ထားပါလေဗျာ၊ သိပ် ဆန်းကြယ်တဲ့ ကိစ္စ မဟုတ်ပါဘူး၊ ခင်ဗျား ရေးလိုက်တဲ့ စာရွက် ထိပ်မှာ အဲဒီ လိပ်စာ ပါနေပြီပဲ ဥစ္စာ၊ ပြီးတော့ ခင်ဗျား ကျူပ်ဆီကို စာရေးပြီး ချိန်းလိုက်ပုံကလည်း အဲဒီမှာ တော်တော် အရေးကြီးတဲ့ ကိစ္စ တစ်ရပ် ဖြစ်နေပြီ ဆိုတာ ထင်ရှားနေပြီကပဲ'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် စာ ရေးလိုက်တာက ညနေပိုင်းမှာ ရေးလိုက်တာပါ၊ စာ ရေးပြီးတဲ့ နောက်မှာ တော်တော် အရေးကြီးတဲ့ ကိစ္စတွေ ထပ် ဖြစ်လာပြန်ပါတယ်၊ အကယ်၍သာ ဗိုလ်မှူးကြီး အမ်းစဝါ့က ကျွန်တော့် ကန်မထုတ်ခဲ့ဘူး ဆိုရင်'

'ဗျာ၊ ခင်ဗျားကို ကန်ထုတ်လိုက်တယ် ဟုတ်စ'

'ဟုတ်ကဲ့၊ ကန်ထုတ်လိုက်တာနှင့် အတူတူပါပဲ ခင်ဗျာ၊ ဗိုလ်မှူးကြီး အမ်းစဝါ့ ဆိုတဲ့ လူက တော်တော် ကြမ်းတဲ့ လူ ခင်ဗျာ၊ တပ်ထဲမှာတုန်းက ဆိုရင် တော်တော့်ကို စည်းကမ်း တင်းကျပ်တဲ့ လူ၊ ပါးစပ်ကလည်း အကြမ်း ပတမ်း ထွက်လိုက်တာ မပြောပါနှင့်တော့၊ ဂေါ်ဖရီကိုသာ မခင်ရင် ဒီအဘိုးကြီး ကို သည်းခံဖို့ ဘယ်လွယ်မလဲ ခင်ဗျာ'

ကျွန်ုပ်က ဆေးတံကို မီးညှိလိုက်ပြီးလျှင် နောက်သို့ မှီ၍ ထိုင်လိုက်၏

'ကဲ ခင်ဗျား ပြောတဲ့ အဓိပ္ပာယ်ကို ရှင်းစမ်းပါဦးလေ'

ကျွန်ုပ်၏ အမူသည်သည် ခပ်နောက်နောက် ပြုံးလိုက်လျက်

'သြော် ကျွန်တော့် စိတ်ထဲမှာ မပြောဘဲနှင့် အစစအရာရာကို စုံထောက် ကြီး သိနေလိမ့်မယ်လို့ ထင်နေတာ၊ ကောင်းပါပြီလေ၊ အချက်အလက်တွေကို တော့ ကျွန်တော် ပြောပြပါ့မယ်၊ ဘယ်အဓိပ္ပာယ်လဲ ဆိုတာကိုသာ စုံထောက်ကြီး ရှင်းပြပါ၊ ကျွန်တော်ဖြင့် စဉ်းစားလိုက်တာ မနေ့ညက ဆိုရင် တစ်ညလုံး တစ် မှေးမှ အိပ်လို့ မပျော်ဘူး ခင်ဗျ၊ စဉ်းစားလေလေ ယုံနိုင်စရာ မရှိလေလေပဲ

'လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ၁၉၀၁ ခု ဆိုပါတော့ ခင်ဗျာ၊ ကျွန်တော် တပ်ထဲ ဝင်တော့ ဂေါ်ဖရီကလည်း ကျွန်တော်တို့ တပ်ထဲကျတယ် ခင်ဗျ၊ သူက ဗိုလ်မှူးကြီး အမ်းစဝါ့ရဲ့ တစ်ဦးတည်းသော သားပါ၊ ဗိုလ်မှူးကြီး အမ်းစဝါ့ ဆို တာက ကရိုင်းမီးယန်း စစ်ပွဲတုန်းက ဝိတိုရိယ ကြက်ခြေ ဆုတံဆိပ်ကို ရခဲ့တဲ့





ခင်ဗျ၊ ဂေါ်ဖရီက နဂိုကတည်းက တိုက်ချင် ခိုက်ချင်စိတ် ရှိတဲ့ လူ ဆို သူ တပ်ထဲကို ဝင်လာတာလည်း ဘာမှတော့ အံ့သြစရာ မရှိဘူးပေါ့ တပ်ထဲမှာလည်း တော်တော် တော်တဲ့ လူငယ် တစ်ယောက်ပါပဲ၊ တပ် ဆောက်တဲ့ အခါကျတော့ ကျွန်တော်နှင့် သူဟာ တော်တော်လေး ခင်သွား တယ် ခင်ဗျ၊ ကျွန်တော်တို့ ခင်ပုံ ခင်နည်းက သေအတူ ရှင်မကွာ တိုက်ဖော် ဖက် ရဲဘော် စိတ်နှင့် ခင်ကြတာမျိုး ဆိုပါတော့ ခင်ဗျာ၊ သူက ကျွန်တော့် အောက်မှာ ဗိုလ်လေး ဆိုတော့ တပ်ထဲမှာ ဆိုရင် သိပ်ပြီး ရင်းနှီးကြတဲ့ အထားမျိုးပေါ့၊ အင်မတန် ပြင်းထန်တဲ့ တိုက်ပွဲတွေကိုလည်း ကျွန်တော် အတူတူ တိုက်ခဲ့ကြတယ် ခင်ဗျ၊ ဒီလို တိုက်ပွဲ ဆင်းတုန်းမှာ ပရက်တိုးရီး နားက စိန်တောင် တိုက်ပွဲမှာ ရန်သူ ပစ်လိုက်တဲ့ ကျည်ဆန် သူ့ကို ထိ ခဲ့တယ် ခင်ဗျ၊ နောက်တော့ ကိပ်တောင်း ဆေးရုံနှင့် ဆောက်သင်ပတန် ရုံမှာ ဆေးရုံ တက်ရင်း ရေးလိုက်တဲ့ စာတွေကို ရတယ် ခင်ဗျ၊ အဲဒီ တော့ သူ့ဆီက စာ မရတော့ပါဘူး၊ မရဆို ခြောက်လလောက် ရှိသွား ဘာ သတင်းမှလည်း မကြားရတော့ဘူး ခင်ဗျ။

'စစ် ပြီးသွားတဲ့ အခါကျတော့ ကျွန်တော်တို့လည်း တပ် ဖျက်လိုက် ခဲ့ကြပါတယ်၊ အိမ် ရောက်တော့ ကျွန်တော်က ဂေါ်ဖရီ အကြောင်း သူ့ ဆီကို စာရေးပြီး စုံစမ်းပါတယ်၊ ဒါပေမဲ့ ဘာမှ အကြောင်း ပြန်ကြား မရဘူး ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း ခဏ စောင့်ပြီး နောက်ထပ် စာ ရေးပြန်ပါတယ်၊ ဒီတစ်ကြိမ်တော့ စာ ပြန်လာတယ် ခင်ဗျ၊ စာက တို ခပ်ပြတ်ပြတ်ရယ်၊ ဂေါ်ဖရီဟာ ကမ္ဘာ တစ်ပတ် သင်္ဘောနှင့် ခရီး သွားတယ်တဲ့၊ တစ်နှစ်လောက် အတွင်း ပြန်ရောက်မှာ မဟုတ်ဘူးတဲ့၊ ဒါပဲ ပါတယ်။

'ကျွန်တော်လည်း သူ့စာကို ဖတ်ပြီး စိတ်ထဲမှာ သိပ်မကျေနပ်ဘူးပေါ့ သူ့ စာကို ကြည့်ရတာ တယ်ပြီး သဘာဝ မကျလှဘူးလို့ ထင်နေတယ်၊ ရီဟာ လူတော် လူကောင်း တစ်ယောက် ဆိုတော့ ဒီလို သားမျိုးကို လက်ခတ် ဘယ်ထားပါ့မလဲ၊ ပြီးတော့ ကျွန်တော် သိရသလောက် ဆိုရင် ရီဟာ တစ်ဦးတည်းသော အမွေခံ သား ခင်ဗျ၊ ဒီကိစ္စနှင့် ပတ်သက်လို့ နှစ်ယောက် သိပ် အဆင် မပြေလှဘူး ဆိုတာကိုလည်း ကျွန်တော် တစ်စ သိထားတယ်၊ အဘိုးကြီးက တစ်ချို့ တစ်ချို့မှာ တော်တော် ကျင့်ချင်တဲ့ အဘိုးကြီး၊ ဂေါ်ဖရီဟာ အဘိုးကြီး အနိုင် ကျင့်တာကို တော်



www.burmeseclassic.com

www.burmeseclassic.com



တော်လေး သည်းခံရှာပါတယ်၊ ဘာပဲဖြစ်ဖြစ် သူ့ စာကို ဖတ်ရတာ ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတာ အမှန်ပဲ၊ ဒါကြောင့်မို့ ဒီကိစ္စကို အကျိုး အကြောင်း သိရအောင် ကျွန်တော် ကိုယ်တိုင် စုံစမ်းမယ်လို့ ဆုံးဖြတ်လိုက် တယ်၊ ဒါပေမဲ့ ကျွန်တော် ကိုယ်တိုင်ကလည်း တပ်ထဲမှာ နှစ်နှစ်လောက် ရောက် နေတော့ အိမ် ပြန်ရောက်တဲ့ အခါ အသား ကျအောင် လုပ်စရာ ရှိတာကလေး တွေ လုပ်ရသေးတာပေါ့ ခင်ဗျာ၊ ဒီအပတ်ထဲကျတော့မှပဲ ကျွန်တော်လည်း ဂေါ်ဖရီ ကိစ္စကို ကောက် စုံစမ်း ရတော့တာပေါ့၊ ဒီကိစ္စကို လိုက်စုံစမ်းတော့ ကျွန်တော့် ကိစ္စတွေကို အကုန် ထားပစ်ခဲ့ရတာပေါ့'

မစ္စတာ ဒေါ့မှာ ရန်သူ တစ်ယောက် ဖြစ်ဖို့ထက် မိတ်ဆွေကောင်း တစ်ယောက် ဖြစ်ဟန် လက္ခဏာ ရှိပေ၏။ ပြာလဲ့သော သူ့မျက်လုံးများသည် တင်းမာသည့် အသွင်ကို ဆောင်ကာ လေးထောင့်ကျသည့် မေးရိုးကြီးမှာလည်း ထင်းထင်းကြီး ပေါ်လျက် ရှိလေ၏။

'ဒီတော့ ခင်ဗျား ဘာလုပ်သလဲ'

'ကျွန်တော် ပထမဆုံး လုပ်တဲ့ အလုပ်ကတော့ တက္ကစဘာရီ အိုးဝေး မှာ ရှိတဲ့ သူ့အိမ်ကို အလျင် သွားပြီး အခြေအနေကို စုံစမ်းတာပါပဲ၊ ကျွန်တော် သူ့ အမေဆီကို စာ ရေးလိုက်ပါတယ်၊ အဖေ ဆိုတော့ သားကို ဒီလောက် ခင် တွယ်ချင်မှ ခင်တွယ်မှာကိုး ခင်ဗျ၊ ဒါနဲ့ ကျွန်တော် သူ့အမေဆီကို ပြောင်း ပြောင်ပဲ စာရေးလိုက်ပါတယ်၊ ဂေါ်ဖရီဟာ ကျွန်တော့် အချစ်ဆုံး ရဲဘော် တစ် ယောက် ဖြစ်တဲ့ အကြောင်း၊ ကျွန်တော်တို့ နှစ်ယောက် တွေ့ဆုံခဲ့ ကြုံခဲ့တာ တွေကို ပြောပြချင်တဲ့ အကြောင်း၊ ဒါကြောင့် အဲဒီနားကို ကျွန်တော် လာမယ့် အကြောင်း၊ ကန့်ကွက်စရာ အကြောင်း ရှိ မရှိ စသဖြင့် ကျွန်တော် စာရေး လိုက်ပါတယ်၊ သူ့ဆီက လိုလိုချင်ချင်ပဲ စာ ပြန်လာပါတယ်၊ ဒါတွင် မကဘူး သူတို့အိမ် လာတည်းဖို့လည်း ရေးလိုက်ပါတယ်၊ ဒါနှင့် တနင်္လာနေ့တုန်းက တော့ ကျွန်တော်လည်း ဒီကို ရောက်လာခဲ့ပါတယ်။

'တက္ကစဘာရီ အိမ်ဟာ တော်တော် ခေါင်တဲ့ နေရာ ခင်ဗျ၊ ဘယ်လမ်း ကပဲ ဝင်ဝင် အထဲကို ငါးမိုင်လောက် ဝင်ရတယ်၊ ဘူတာမှာ ရထားတို့ ဘာ တို့ မတွေ့တော့ သူတို့အိမ်ကို ခြေကျင် လျှောက်ရတယ်၊ ကိုယ့်သေတ္တာ ကိုယ် ထမ်းပြီး လျှောက်ရတာပေါ့ ခင်ဗျာ၊ ဒါနှင့် မှောင်ခါနီးကျတော့ ကျွန်တော် တက္ကစဘာရီကို ရောက်သွားတယ် ခင်ဗျ၊ အိမ်ကြီးက တော်တော် ကြီးတဲ့ အိမ် ကြီးကိုး၊ ခြံဝင်းကလည်း အကျယ်ကြီး၊ အိမ်ပုံစံကလည်း ရောလို့ပဲ၊ အောက်





သစ်သား တစ်ဝက် ခံထားတဲ့ အယ်လီဇဘက်ခေတ် ပုံစံ ခင်ဗျ၊ ဆင်ဝင် ဗိတိုရိယခေတ် ပုံစံ၊ အထဲ ရောက်တော့ ဝက်သစ်ချ သုံးထပ်သားတွေ ...င်းက ကာထားပြီး တချို့ နေရာတွေမှာ ရွှေခြည်ထိုးစတွေနှင့် ဆေး ဖျက် ...ျက်ခင် ဖြစ်နေတဲ့ ပန်းချီကားတွေ ရှိတယ်၊ အိမ်ကြီးကို ကြည့်ရတာကိုက ...မှောင်မှောင်နှင့် ခင်ဗျ၊ ကြောက်စရာ လိုလို ဘာလိုလိုနှင့်၊ အိမ်မှာ အိမ်ကြီး ...က် နီးပါး အသက် ကြီးတဲ့ ရာဖ် ဆိုတဲ့ ဘဏ္ဍာစိုးကြီး ရှိတယ် ခင်ဗျ၊ ...မ အဘွားကြီးကဖြင့် သူ့ထက်တောင် အသက် ကြီးလိမ့်မယ် ထင်ရ ...၊ အဲဒီ အဘွားကြီးက ဂေါ်ဖရီကို ငယ်ငယ်ကတည်းက ထိန်းလာခဲ့တယ် ...၊ ဂေါ်ဖရီကိုလည်း ကိုယ်က မွေးထုတ်ထားတဲ့ သားလောက် နီးနီး ချစ်လေ ...့ ခပ်ဆန်းဆန်း ပုံသဏ္ဍာန် ရှိသည့်တိုင် ကျွန်တော်လည်း အဘွားကြီးကို ...သွားတာပေါ့ ခင်ဗျာ။

'ဂေါ်ဖရီ အမေကတော့ ခပ်သေးသေး ညှက်ညှက်နှင့်၊ နူးညံ့တဲ့ အမျိုး ...း တစ်ယောက်လို့ ပြောနိုင်ပါတယ် ခင်ဗျာ၊ အဲ ကျွန်တော် မကြိုက်တဲ့ လူ ...လို့ အဘိုးကြီးပဲ ရှိတယ်၊ သူ့အဖေကြီးကိုတော့ ကျွန်တော် သိပ် မကြိုက် ...ဘူး။

'တွေ့တွေ့ချင်းပဲ ကျွန်တော်တို့ နှစ်ယောက် ပြဿနာ ဖြစ်တာပဲ ခင်ဗျ၊ ...ကတော့ ကျွန်တော် ချက်ချင်း လှည့်ပြန်မယ်လို့ စိတ်ကူးမိပါသေးတယ်၊ ...ပေမဲ့ ကျွန်တော် လှည့်ပြန်သွားရင် ဒီအဘိုးကြီး အကြိုက် ဖြစ်နေမှာ ဆိုပြီး ...တော် မပြန်ဘူး၊ ကျွန်တော်လည်း သူ့ဧည့်ခန်းထဲ ရောက်ရော အဘိုးကြီး ... သူ့စားပွဲမှာ ထိုင်လို့ ခင်ဗျ၊ စားပွဲပေါ်မှာလည်း ပစ္စည်းတွေ ရှုပ်ပွလို့၊ ...ဘိုးကြီးက ကိုယ်လုံး တုတ်တုတ်၊ ခါး ကုန်းကုန်း၊ အသား ညိုညို၊ မုတ်ဆိတ် ...ကလည်း ဖြူလို့၊ နှာခေါင်း နီနီကြီးကလည်း လင်းတ နှုတ်သီးကြီးလို ...ေါကြီး ပေါ်လို့ ခင်ဗျ၊ မျက်ခုံးမွေး ထူထူကြီး အောက်က ကြောက်စရာ ...လုံးကြီး နှစ်လုံးနှင့် ကျွန်တော့်ကို စိမ်းစိမ်းကြီး ကြည့်နေတယ်၊ ဂေါ်ဖရီ ... သူ့ အဖေ အကြောင်းကို ဘာဖြစ်လို့ ပြောလေ့ မရှိသလဲ ဆိုတာ ကျွန်တော် ...လိုက်ပါပြီ၊ သူက အသံ အက်အက်ကြီးနှင့်

' "မောင် လာတဲ့ ကိစ္စကို ပြောပါဦးဗျာ၊ ကျုပ် သိရအောင်"

'ဒီတော့ ကျွန်တော်ကလည်း ကျွန်တော် လာတဲ့ ကိစ္စကို သူ့ဇနီးဆီ ...ရေးလိုက်တဲ့ စာထဲမှာ ထည့်ရေးလိုက်တဲ့ အကြောင်း ပြောပြတယ်။

' "အင်း အင်း၊ ဟုတ်ပါပြီလေ၊ မောင်က ဂေါ်ဖရီနှင့် အာဖရိကမှာ



www.burmeseclassic.com

www.burmeseclassic.com



အတူတူ နေခဲ့တယ် ဆိုတာ သိပါပြီ၊ သို့သော်လည်း ဒါက မောင့် အပြောပဲ ရှိ သေးတာကိုး''

''သူ့ စာတွေ ကျွန်တော့် အိတ်ထဲမှာ ပါလာပါတယ်''

''မှန်း၊ ကြည့်ရအောင်''

သူက ကျွန်တော် ထုတ်ပေးလိုက်တဲ့ စာ နှစ်စောင်ကို လှမ်းကြည့်ထဲ့ပြီး စာတွေကို ကျွန်တော့်ဆီ ပစ်ပေးလိုက်တယ် ခင်ဗျ။

''နောက်ပြီးတော့ကော''

''ကျွန်တော်က ဂေါဖရီနှင့် သိပ်ခင်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ နှစ်ဦး တစ်ယောက်ကို တစ်ယောက် သံယောဇဉ်လည်း ရှိကြပါတယ်၊ ရင်း ရင်းနှီးနှီးလည်း ပေါင်းခဲ့ကြပါတယ်၊ သူ့ အကြောင်းကို ဘာမှ မကြားရတော့ ကျွန်တော့် စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတဲ့ အတွက် သူ ဘာများ ဖြစ်သလဲ ဆိုတာ သိချင်လို့ပါ''

''သူ့ အကြောင်းနှင့် ပတ်သက်လို့ မောင် မေးလို့ ကျုပ် အကျိုး အကြောင်း စာ ပြန်ရေးခဲ့ပြီဗျ၊ သင်္ဘောနှင့် ကမ္ဘာ လှည့်ဖို့ ထွက်သွားတယ်လို့ ကျုပ် ပြောခဲ့ပြီးပြီကပဲ၊ အာဖရိကတိုက်က ပြန်လာတဲ့ အခါကျတော့ သူ့ ကျန်း မာရေးကလည်း တယ် မကောင်းချင်ဘူး၊ ဒါနှင့် လုံးဝ အနားယူဖို့ လိုတယ် လို့ ကျုပ်ရော သူ့အမေကရော ယူဆလို့ သူ့ကို လွှတ်လိုက်တာပဲ၊ တခြား မိတ် ဆွေတွေကိုလည်း မောင်ကပဲ ပြောလိုက်ပါ''

''ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် ပြောလိုက်ပါ့မယ်၊ ဒါပေမဲ့ ဖြစ်နိုင်ရင် သူ ထွက်သွားတဲ့ နေ့စွဲရယ်၊ သူ စီးသွားတဲ့ သင်္ဘော ကုမ္ပဏီရဲ့ အမည်နှင့် သင်္ဘော နာမည်ကိုတော့ တစ်ဆိတ်လောက် သိပါရစေ ခင်ဗျာ၊ သူ့ဆီ စာလေး ဘာလေး ထည့်နိုင်အောင်လို့ပါ''

ကျွန်တော်က ဒီလို ပြောလိုက်တော့ အဘိုးကြီးဟာ စိတ်ရှုပ်သွားပုံ ရ တယ် ခင်ဗျ၊ ဒါတင် မကဘူး၊ တော်တော်လည်း စိတ်ဆိုးသွားပုံ ရတယ်၊ မျက်ခုံးကြီးတွေဟာ မျက်လုံးပေါ်ကို ပိကျလာသလို ထင်လိုက်ရပြီး စိတ် မရှည်သလို စားပွဲကို လက်ချောင်းတွေနှင့် တဒေါက်ဒေါက် ခေါက်နေတယ်၊ ပြီးတော့မှ စစ်တုရင်ပွဲမှာ ကိုယ့်ပိုင်ကွက်ကို ရွှေ့ပြီး တစ်ဖက် လူကို ကြည့် လိုက်တဲ့ အကြည့်မျိုးနှင့် ကျွန်တော့်ကို မော့ကြည့်လိုက်ရင်း

''ဒီမှာ မောင်၊ မောင်က ဘာဖြစ်လို့ ဒီလောက် သိချင်နေရတာလဲ၊ မောင် လုပ်ပုံက သူများ ကိစ္စကို အလိုက်ကန်းဆိုး မသိ အတင်း မေးနေတဲ့ ပုံ





ပေါက်နေပြီ၊ တော်တော့် လူသာ ဆိုရင် ဒီလောက် အထိ စိတ်ရှည်နိုင်မှာ မဟုတ်ဘူးဗျ''

''ဒီလို မအောက်မေ့ပါနှင့် ခင်ဗျာ၊ သည်းခံပါ၊ ကျွန်တော်က ဦးရဲ့ သားကို ခင်မင်ရင်းစွဲ ရှိတဲ့ အတွက် ဒီလောက် အထိ မေးတာပါ''

''ဟုတ်ပါပြီလေ၊ ကျုပ်ကလည်း ဒါကြောင့် ဒီလောက် သည်းခံနေ တာပေါ့၊ သို့သော်လည်း နောက်ဆုံး အနေနှင့် ပြောလိုက်မယ်ဗျာ၊ ဒီကိစ္စကို ဒီမှာတင် ရပ်တန်းက ရပ်ပါ၊ နောက်ထပ် မမေးပါနှင့်၊ လူတိုင်း လူတိုင်းမှာ ကိုယ်ပိုင်းရေး ဆိုတာ ရှိကြစမြဲပဲဗျ၊ မောင်က ဘယ်လို စေတနာနှင့် မေး မေး ကောင်း ထရံ အပြင် မထုတ်ကောင်း ဆိုတဲ့ စကားလို အိမ်တွင်းရေးတွေကို ပြောကြပြောက် ပြော နေ လို့ မဖြစ်ဘူးဗျ၊ ကျုပ်မိန်းမကတော့ သူ့သားနှင့် မောင် တို့ အာဖရိကတိုက်မှာ ဘယ်လို နေခဲ့ ထိုင်ခဲ့ကြတယ် ဆိုတာကို သိကောင်း သိချင် ပါလိမ့်မယ်၊ သို့သော်လည်း ခု အကြောင်းနှင့် နောင် အကြောင်းတွေကိုတော့ မပြောတာ ကောင်းလိမ့်မယ် ထင်တယ်ဗျ၊ ဒါတွေ သိနေလို့ မောင့် အတွက် လည်း ဘာမှ အကျိုး ရှိမယ် မထင်ပါဘူး၊ ဒီလို မေးခြင်းအားဖြင့် ကျုပ်တို့မှာ သာ စိတ် အနှောင့်အယှက် ဖြစ်ရုံ ရှိမှာပဲ''

စကားကတော့ ကုန်သွားပြီ ခင်ဗျ၊ ရှေ့ဆက် ပြောနေလို့လည်း သိပ် ထူးတော့မှာ မဟုတ်ဘူး၊ ဒါနှင့် ကျွန်တော်လည်း အသာပဲ နေလိုက်ပါတယ်၊ စိတ်ထဲမှာတော့ ကျွန်တော့် သူငယ်ချင်းရဲ့ အကြောင်းကို မသိ သိအောင် စုံစမ်း မယ်လို့ ပိုင်းဖြတ်ထားလိုက်တယ်၊ အဲဒီ ညနေက ကျွန်တော်ဖြင့် တော်တော် ညနေကို စိတ်ညစ်မိတယ် ခင်ဗျ၊ ထမင်းဝိုင်းမှာ ထမင်း စားကြတော့လည်း တစ်ယောက်နှင့် တစ်ယောက် စကား သိပ်မပြောဖြစ်ကြဘူး၊ ခပ်မှိန်မှိန် အခန်း ကျယ်ကြီးထဲမှာ ကျွန်တော်တို့ သုံးယောက်သား တိတ်တိတ်ဆိတ်ဆိတ်နှင့် စားနေကြတယ်၊ အဘွားကြီးကတော့ သူ့သား အကြောင်း ကျွန်တော့်ကို တတွတ် တွတ် မေးနေတာပဲ ခင်ဗျ၊ အဘိုးကြီးကတော့ ဘာမှ မမေးဘူး၊ မျက်နှာကြီးက ညည်း မှုန်လို့၊ ကျွန်တော်လည်း ထမင်း စားပြီးလို့ ထိုင်သာ နေရတယ် စိတ် ထဲမှာတော့ တယ်ပြီး ကြည်ကြည်လင်လင် မရှိလှဘူးပေါ့ ခင်ဗျာ၊ ဒါနှင့် အခွင့် သာတာနှင့် တစ်ပြိုင်နက် စကားဖြတ်၊ သူတို့ကို ခွင့်တောင်းပြီး ကျွန်တော့် အခန်းကို ကျွန်တော် ပြန်လာခဲ့တယ်။

ကျွန်တော့် အခန်းက အောက်ဆုံးထပ်မှာ ခင်ဗျ၊ အခန်းထဲမှာ ဘာ ပစ္စည်းမှ သိပ်မရှိလှပါဘူး၊ အိမ်ကြီးက ကျန်တဲ့ အခန်းတွေလိုပဲ ခပ်မှောင်မှောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့်၊ စိတ်ညစ်စရာကြီး၊ ဒါပေမဲ့ ခင်ဗျာ တပ်ထဲမှာ တစ်နှစ်လောက် မြေကြီး ပေါ်မှာ အိပ်လာခဲ့တဲ့ လူ ဆိုတော့ ဒီလောက် စံ ရွေးမနေနိုင်ဘူးပေါ့၊ အိပ်မပျော် သေးတာနှင့် ကျွန်တော်လည်း ပြတင်းပေါက်က ခန်းဆီးကို ဖယ်ပြီး ခြံထဲကို လှမ်းကြည့်နေမိတယ် ခင်ဗျ၊ ညက တော်တော်လေး သာယာတယ်၊ လကလေး ကလည်း ကောင်းကင်မှာ ခပ်မှိန်မှိန် သာလို့၊ ကျွန်တော်လည်း စားပွဲပေါ်မှာ မှန်အိမ်ကလေး တစ်လုံး ထွန်းပြီး မီးလင်းဖို ဘေးမှာ ထိုင်နေရင်း စိတ်ပြေ လက်ပျောက် ဝတ္ထု တစ်အုပ်ကို ဖတ်နေမိတယ် ခင်ဗျ၊ ဒီတုန်းမှာ ဘဏ္ဍာစိုး အဘိုးကြီး ရောက်လာပြီး မီးဖိုထဲကို ထည့်ဖို့ မီးသွေး လာပေးတာနှင့် ကျွန်တော် လည်း ဝတ္ထု ဖတ်လက်စ ပြတ်သွားတယ်။

' ''မီးသွေးများ လိုလားလို့ လာပို့တာ မောင်ရဲ့၊ ညက တော်တော် လေး အေးတယ်၊ အခန်းတွေကလည်း အခန်းဟောင်းတွေ ဆိုတော့ သိပ် ထေ မလုံဘူး'' လို့ ပြောတယ် ခင်ဗျ။

'မီးသွေး ပေးပြီး ပြန်ခါနီးတော့ မပြန်သေးဘဲ အပေါက်ဝမှာ အတော် ကြာ ရပ်နေတယ် ခင်ဗျ၊ ကျွန်တော် လှည့်ကြည့်လိုက်တော့ သူ့ရဲ့ အရေတွန့်ရှေ့ ထနေတဲ့ မျက်နှာပေါ်မှာ ခပ်တွေတွေ အမူအရာကို ကျွန်တော် သတိပြုလိုက်မိ တယ်။

' ''မောင့်ကို တစ်ဆိတ်လောက် ပြောရဦးမယ်၊ ထမင်း စားကြတုန်းက သူငယ်ကလေး ဂေါ်ဖရီရဲ့ အကြောင်း ပြောသွားတာ ကျုပ် ကြားမိလိုက်တယ် ခင်ဗျ၊ ဂေါ်ဖရီကို ကျုပ် အိမ်က အဘွားကြီးပဲ ကြီးပြင်းအောင် မွေးခဲ့ရလေတော့ ကျုပ်တို့ရဲ့ ဒူးမနာ သား ဆိုရင်လည်း ပြောနိုင်ပါတယ်ဗျာ၊ ဒါကြောင့် မောင် သူ့ အကြောင်းကို ပြောတော့ ကျုပ်တို့လည်း စိတ်ဝင်စားမိတာပေါ့၊ တစ်ခုလော့ မေးရဦးမယ်၊ ဂေါ်ဖရီဟာ တပ်ထဲမှာတုန်းက စိတ်ခေတ် ကြံ့ခိုင်ပါတယ်နော်''

' ''အို တပ်ထဲမှာ သူ့လောက် သတ္တိ ကောင်းတဲ့လူ ဘယ်မှာ ရှိပါ့မလဲ ခင်ဗျာ၊ တစ်ခါတုန်းက ဆိုရင် သူပုန်တွေရဲ့ ကျည်ဆန်မိုး ရွာနေတဲ့ ကြားထဲက ကျွန်တော့်ကို ကယ်လာခဲ့တာပဲ၊ သူသာ မကယ်ရင် ကျွန်တော် ဒီလိုတော့ မနေရတော့ဘူး''

'အဘိုးကြီးက အရေတွေ တွန့်နေတဲ့ သူ့လက် နှစ်ဖက်ကို ပွတ်နေ တယ် ခင်ဗျ။

' ''ဟုတ်တယ် ဟုတ်တယ်၊ ကျုပ်လည်း သိတယ်၊ အလွန် သတ္တိကောင်း တဲ့ သူငယ်ကလေး၊ ဟောဒီ ခြံထဲမှာ သူ မတက်ဖူးတဲ့ သစ်ပင် ဆိုလို့ တစ်ပင်





ဘူး ခင်ဗျ၊ လုပ်မိရင်လည်း တစ်ဇွတ်ထိုး၊ ဘယ်သူမှ တားလို့ မရဘူး၊ ငယ်ကလေးဟာ အလျှင်တုန်းက တော်တော် တော်တဲ့ လူကလေးဗျ၊ အေး အလျှင်တုန်းက တော်တော် တော်တဲ့ လူငယ်ကလေး''

' ''အလျှင်တုန်းက ဆိုတော့ ခုကော ဘာဖြစ်လို့လဲ၊ အဘိုးကြီး ပြော ပုံက ခု သူပဲ တစ်ခုခု ဖြစ်နေသလိုလို ဘာလိုလိုနှင့်၊ ဘာဖြစ်လို့လဲ ဂေါ်ဖရီ တစ်ယောက် ဘာဖြစ်လို့လဲ''

'ကျွန်တော်က သူ့ပခုံးကို ကိုင်လှုပ်ပြီး မေးတယ် ခင်ဗျ၊ ဒါပေမဲ့ အဘိုး ကြီးက ကျွန်တော့် လက်ထဲက ရုန်းထွက်ပြီး

' ''မောင် ပြောတဲ့ စကားတွေကို ကျုပ်တော့ နားမလည်ဘူးဗျာ၊ သခင် ကြီးကိုသာ မေးကြည့်ပါတော့၊ သူ အကုန် သိပါတယ်၊ ကျုပ်ကတော့ မပြော ရဲဘူးနော့''

'အဘိုးကြီးက အခန်းထဲက ထွက်မယ် လုပ်တော့ ကျွန်တော်လည်း သူ့ကို ဖမ်းဆွဲထားလိုက်တယ် ခင်ဗျ။

' ''ဒီမှာ အဘိုးကြီး၊ ကျွန်တော် ပြောတာ နားထောင်စမ်း၊ ခင်ဗျား ဒီ အခန်းထဲက ပြန်သွားချင်ရင် ကျွန်တော် မေးတာကို ဖြေပါ၊ ဂေါ်ဖရီ သေပြီ လား''

'အဘိုးကြီးဟာ ကျွန်တော့်ကို မျက်လုံးချင်း မဆိုင်ရဲဘူး ခင်ဗျ၊ သူ့ကို ကြည့်ရတာ စိတ်ညို့ ခံထားရတဲ့ လူ တစ်ယောက်လို ဖြစ်နေတယ်၊ ဒါနှင့် ကျွန်တော်က အတင်း မေးတယ်၊ အဖြေကတော့ ကျွန်တော် မမျှော်လင့်တဲ့ အံ့သြလောက်စရာ အဖြေ ခင်ဗျ။

' ''သေတာက ကောင်းပါလိမ့်မယ် မောင်ရာ'' လို့ ပြောပြီး ကျွန် တော့် လက်ထဲက အတင်း ရုန်းထွက် ပြေးသွားတယ် ခင်ဗျ။

'စုံထောက်ကြီးသာ စဉ်းစားကြည့်ပါတော့ ခင်ဗျာ၊ ကုလားထိုင်မှာ ပြန် ထိုင်ရတယ်၊ ကျွန်တော့် စိတ်ထဲမှာ ဘယ်လောက် စိတ်ဆင်းရဲသလဲ တွေးကြည့်နိုင်ပါတယ်၊ အဘိုးကြီးရဲ့ စကားက တစ်ခုပဲ အဓိပ္ပာယ် ထွက်လို့ ရတယ် ခင်ဗျ၊ အဲဒါက ဘာလဲ ဆိုတော့ ကျွန်တော့် သူငယ်ချင်းဟာ မိသားစုနှင့် ဆိုင်တဲ့ ရာဇဝတ်မှု မကင်းတဲ့ ကိစ္စ တစ်ခုထဲမှာ အကျုံး ဝင်နေပြီ၊ သို့မဟုတ် မိသားစုရဲ့ သိက္ခာကို ပျက်စေမယ့် ကိစ္စ တစ်ခုထဲမှာ ဝင်နေပြီလို့ အဓိပ္ပာယ် ထွက်တယ် ခင်ဗျ၊ ကြည့်ရတာကတော့ သူ့ ကြီးဟာ တစ်ခုခု နာမည်ပျက်မှာ စိုးတာနှင့် သူ့သားကို တစ်နေရာရာ



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီး ဝှက်ထားတယ်လို့ ကျွန်တော် ထင်မိတယ်၊ ကျွန်တော့် သူငယ်ချင်းဟာ တော်တော် တစ်ဇွတ်ထိုး လုပ်တတ်တဲ့ လူ ခင်ဗျ၊ တစ်ယောက်ယောက် ပြော ရင်လည်း ယုံလွယ်တတ်တယ်၊ ကျွန်တော့် အထင်တော့ ဂေါ်ဖရီဟာ လူယုတ်မာ လက်ထဲကို ရောက်ပြီး မဟုတ်တရုတ် အလုပ် ခံနေရတယ်လို့ ထင်တာပဲ ခင်ဗျာ၊ အကယ်၍သာ ကျွန်တော် ထင်တဲ့ အတိုင်း မှန်ရင်တော့ ကျွန်တော့် သူငယ်ချင်း ဟာ တော်တော် သနားစရာ ကောင်းတာပဲ ခင်ဗျာ၊ ဒါပေမဲ့ ဘာပဲ ဖြစ်ဖြစ် သူ့ကို လိုက်ရှာပြီး ကယ်ဖို့ ကျွန်တော့်မှာ ဝတ္တရား ရှိတယ်လို့ ကျွန်တော် ထင် တယ်လေ၊ ဒီလို ကျွန်တော် စဉ်းစားရင်း မော့်ကြည့်လိုက်တော့ လားလား ဂေါ် ဖရီရယ် ခင်ဗျ၊ ကျွန်တော့် ရှေ့မှာ ရပ်လို့'

မစ္စတာ ဒေါ့မှာ စိတ် တုန်လှုပ် ချောက်ချားလွန်းသဖြင့် စကားကို ချက်ချင်း ဆက် မပြောနိုင်သေးဘဲ အတန်ကြာမျှ ရပ်နေရပေသေး၏။

'အင်း ဆက်စမ်းပါဦး၊ ခင်ဗျား ပြောတဲ့ အဖြစ်အပျက်ထဲမှာ တော် တော် ထူးခြားတာလေးတွေ ပါနေတယ်ဗျ'

'သူ ရပ်နေတာက အခန်းထဲမှာတော့ မဟုတ်ဘူး ခင်ဗျ၊ အခန်းပြင် ဘက် ပြတင်းပေါက် နားမှာ၊ တစ်ကိုယ်လုံးကို မြင်ရတာ မဟုတ်ဘူး၊ မျက်နှာကို ပြတင်းပေါက် မှန်မှာ ကပ်ပြီး အထဲကို ကြည့်နေတယ်၊ စောစောတုန်းက အပြင် ဘက် သဘာဝ ရှုခင်းကလေးကို ကြည့်ချင်လို့ ခန်းဆီးကို ဆွဲတင်ထားခဲ့မိတယ် လို့ စုံထောက်ကြီးကို ကျွန်တော် ပြောခဲ့တယ်လေ၊ သူ့ရုပ်သဏ္ဌာန်ကို အဲဒီ အပေါက်ကလေးက နေပြီး မြင်ရတာ ခင်ဗျ၊ သူ့ကိုယ် အထက်ပိုင်းကို ကျွန် တော် ကောင်းကောင်း မြင်ရပေမဲ့ သူ့မျက်နှာကိုသာ တအံ့တသြ ကြည့်နေမိ တယ် ခင်ဗျ၊ မျက်နှာကြီးက ဖွေးဖွေး ဖြူလို့ ခင်ဗျ၊ လူ့ မျက်နှာမှာ ဒီလောက် ဖြူဖွေးနေတဲ့ မျက်နှာကို ကျွန်တော်ဖြင့် တစ်ခါမှ မမြင်ဖူးဘူး ခင်ဗျ၊ တစ္ဆေ သရဲ ဆိုတာ ဒီလိုပဲ နေမှာပဲလို့တောင် ကျွန်တော့် စိတ်ထဲမှာ ထင်လိုက်မိ သေးတယ်၊ ဒါနှင့် ကျွန်တော်တို့ မျက်လုံးချင်း ဆိုင်လိုက်မိကြတယ် ခင်ဗျ၊ မျက်လုံးတွေကတော့ လူသေ မျက်လုံး မဟုတ်ဘူး ခင်ဗျ၊ အသက် ရှင်တဲ့ လူ တစ်ယောက်ရဲ့ မျက်လုံးတွေ၊ ကျွန်တော်က သူ့ကို ကြည့်နေမှန်းလည်း သိရော ဂေါ်ဖရီဟာ နောက်ကို ခုန်လိုက်ပြီး အမှောင်ထဲမှာ ဟုတ်ခနဲ ပျောက်သွား တယ် ခင်ဗျ။

'ဒီတော့ ဂေါ်ဖရီနှင့် ပတ်သက်လို့တော့ ကြောက်စရာ တစ်စုံတစ်ရာ ဖြစ်နေပြီ ဆိုတာကို ကျွန်တော် တွေးမိပြီလေ၊ အမှောင်ထဲမှာ ချိစ် အပြားကြီး





ဖြူဖွေးနေတဲ့ မျက်နှာကြီးကို မြင်ရုံကြောင့်တင် ဒီလို ထင်တာ မဟုတ်ဘူး ခင်ဗျ၊ ဒီထက် ပိုတယ်၊ သူ့ကို ကြည့်ရတာ တစ်ခုခုကို ကြောက်နေသလို ပုန်းဝှက်နေသလို တစ်ခုခု အပြစ် ရှိလို့ လိပ်ပြာ မလုံသလိုလို ဖြစ်နေလို့ပါ၊ ဒါ့အပြင် ခင်ဗျာ၊ ကျွန်တော် သိခဲ့တဲ့ ဂေါ်ဖရီက အင်မတန် ပွင့်လင်းပြီး အင် မတန် သတ္တိ ကောင်းတဲ့ လူပဲ၊ ခုတော့ ဒီလို မဟုတ်ဘူး၊ ကျွန်တော့် စိတ်ထဲမှာ ဒီ အဖြစ်ကို ကြည့်ပြီး တစ်ခုခုကို စိုးရိမ် ထိတ်လန့်နေတယ် ခင်ဗျ။

'ဒါပေမဲ့ ကျွန်တော်ကလည်း ဘိုးဝါး စစ်ပွဲမှာ ဝင်တိုက်ခဲ့တဲ့ လူပဲ ခင်ဗျ၊ ဒီလောက်နှင့်တော့ ဘယ်မှာ နောက်တွန့်ပါ့မလဲ၊ ကျွန်တော်က ပြတင်း ပေါက်နားကို ကပ်သွားတုန်းမှာ ဂေါ်ဖရီဟာ ဟုတ်ခနဲ ပျောက်သွားတာ ဆို တော့ သေသေချာချာတော့ မမြင်လိုက်ရဘူးပေါ့၊ ဒါနှင့် ကျွန်တော်လည်း ပြတင်း ပေါက်ကို ဖွင့်ပြီး ခြံထဲကို ဆင်းလိုက်သွားတယ် ခင်ဗျ၊ သူ ပျောက်သွားတယ် ထင်လိုက်တဲ့ ဘက်ကို ကျွန်တော် နောက်က အတင်း လိုက်သွားတယ်။

'ခြံကြီးကလည်း အကျယ်ကြီး ခင်ဗျ၊ ဒီအထဲ အလင်းရောင်ကလည်း ကောင်းကောင်း မရှိတော့ လိုက်ရတာ သိပ်တော့ မလွယ်လှဘူး၊ ဒါပေမဲ့ ကျွန် တော့် ရှေ့မှာ မည်းမည်း မည်းမည်းနှင့် ပြေးနေတဲ့ သဏ္ဌာန်ကို မြင်လိုက်တယ် လို့ ထင်တယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း မည်းမည်း နောက်က ထက်ကြပ် လိုက်သွားပြီး အော်ခေါ်တယ်၊ ဒါပေမဲ့ အချည်းနှီးပါပဲဗျာ၊ လမ်းအတိုင်း လိုက် သွားလို့ လမ်းဆုံးတဲ့ အခါကျတော့ ခြံထိပ်မှာ လမ်းကလေးတွေ အများ ကြီး တွေ့ရတယ် ခင်ဗျ၊ လမ်းအဆုံးမှာလည်း အစေခံ တန်းလျားလိုလို ဘာ လိုလိုနှင့် အိမ်ကလေးတွေနှင့်၊ ဒါနှင့် ကျွန်တော်လည်း လမ်းဆုံမှာ ရပ်ပြီး စဉ်းစားနေတာပေါ့၊ ဒီတုန်းမှာ တစ်နေရာရာက နေပြီး တံခါးကို ဆောင့်ပိတ်သံကို ကြားလိုက်ရတယ်၊ ကျွန်တော့် နောက်ဘက်က လာတဲ့ အသံ မဟုတ်ဘူး၊ ရှေ့ ဘက်က လာတဲ့ အသံ ဆိုတာ သေချာတယ်၊ ဒါကို ထောက်ရင် ကျွန်တော် မြင်လိုက်တာဟာ တစ္ဆေ သရဲ မဟုတ်ဘူး ဆိုတာ သေချာသွားပြီပေါ့ ခင်ဗျာ၊ ဂေါ်ဖရီဟာ ကျွန်တော့်ကို မြင်တော့ ထွက်ပြေးတယ်၊ ကျွန်တော်က နောက်က လိုက်တဲ့ အခါကျတော့ တံခါးကို ပိတ်ပြီး ပုန်းတယ်၊ ကျွန်တော့် စိတ်ထဲမှာ ဒီလိုပဲ ထင်လိုက်မိတယ်။

'ကျွန်တော် ဘာ တတ်နိုင်ဦးမှာလဲ ခင်ဗျာ၊ အဲဒီနေ့ ညက ဆိုရင် ကျွန်တော်ဖြင့် တစ်ညလုံး အိပ်လို့တောင် မပျော်ဘူး၊ ကျွန်တော့် သူငယ်ချင်း အကြောင်းကို တောင်စဉ်းစား မြောက်စဉ်းစားနှင့်၊ ဘာဖြစ်နိုင်သလဲလို့ အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေးတာပေါ့လေ၊ နောက်တစ်နေ့ မနက် ရောက်တဲ့ အခါကျတော့ သူ့အဖေ ဗိုလ်မှူးကြီးဟာ ကျွန်တော့် အပေါ်မှာ မနေ့ကလောက်တော့ မတင်းတော့ဘူး ခင်ဗျ၊ အဘွားကြီးကတော့ အနီးအနား တစ်ဝိုက်မှာ ကြည့်စရာ ရှုစရာလေး တွေ ရှိတယ်၊ သွားကြည့်ပါလားလို့ ပြောတယ်၊ ကျွန်တော်ကလည်း တစ်ည လောက်တော့ နေချင်သေးတဲ့ အကြောင်း၊ အကယ်၍ အဲဒီလို တစ်ည ဆက် နေရင် သူတို့ကို အနှောင့်အယှက်များ ဖြစ်မလား ဘာလားနှင့် မေးကြည့်တယ် ခင်ဗျ၊ အဘိုးကြီးကတော့ ခပ်အင်အင်နှင့်ပဲ သဘော တူလိုက်တယ်၊ ဒါနှင့် ကျွန်တော့် အဖို့ အခြေအနေကို အကဲခတ်ကြည့်ဖို့ အခွင့် ရသွားတာပေါ့ ခင်ဗျာ၊ ဂေါ်ဖရီဟာ ဒီ အနား တစ်ဝိုက်မှာ ပုန်းအောင်းနေတယ် ဆိုတာတော့ သေချာပြီ ဒါပေမဲ့ ဘယ်မှာ ပုန်းနေသလဲ၊ ဘာကြောင့် ပုန်းနေရသလဲ ဆိုတာ ကျွန်တော် သိချင်နေတယ် ခင်ဗျ။

'အိမ်ကြီးနှင့် ခြံကြီးက တော်တော် ကြီးတယ် ခင်ဗျ၊ တပ်ရင်း တစ်ရင်း လောက်ကတော့ အသာကလေးကို ပျောက်သွားနိုင်တယ်၊ အကယ်၍ လျှို့ဝှက် ချက်ဟာ အိမ်ကြီးထဲမှာ ရှိတယ် ဆိုရင်တော့ ကျွန်တော့် အဖို့ ဒီ လျှို့ဝှက်ချက် ကို ရှာရတာဟာ တော်တော်လေး ခက်လိမ့်မယ် ထင်တယ်ဗျ၊ ဒါပေမဲ့ မနေ့ ညတုန်းက ကျွန်တော် တံခါး ပိတ်သံ ကြားလိုက်ရတယ် ဆိုတာ အိမ်မကြီး ထဲကတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ အပြင်ဘက် ခြံထဲက အိမ်ကလေး တစ်ဆောင်ဆောင်က ဖြစ်ရမယ်လို့ ကျွန်တော် ယူဆတယ်၊ ဒီတော့ ကျွန်တော် အနေနှင့် လျှောက်ကြည့်ဖို့ လိုတယ်၊ ခြံ အခြေအနေကို လေ့လာဖို့ လိုလာတယ် အိမ်မှာ ရှိတဲ့ အဘိုးကြီး အဘွားကြီးတွေကလည်း သူတို့ ဗာဟီရတွေနှင့် သူတို့ အလုပ် များနေတော့ ကျွန်တော့် အဖို့ အိမ်ကြီးနှင့် ခြံကြီးကို လေ့လာဖို့ အခွင့် အရေး ရသွားတာပေါ့ ခင်ဗျာ။

'ခြံကြီးထဲမှာ အဆောက်အအုံကလေးတွေကတော့ ပြည့်လို့ပဲ ခင်ဗျ၊ ဒါ ပေမဲ့ ခြံအစွန် အိမ်တစ်အိမ်ကတော့ တော်တော်လေး ကြီးတယ်၊ သူက တခြား အိမ်တွေနှင့်လည်း ဆက်မနေဘူး၊ သတ်သတ်ပဲ၊ ကြည့်ရတာကတော့ ခြံစောင့် ရဲ့ အိမ်လိုလို ဘာလိုလိုပဲ၊ မနေ့ညက တံခါး ပိတ်သံ ကြားလိုက်ရတာဟာ ဒီ အိမ်ဆီကလား၊ ဒါနှင့် ကျွန်တော်လည်း မယောင်မလည်နှင့် အဲဒီ အိမ်နားကို လမ်းလျှောက်သလိုလို ဘာလိုလိုနှင့် ကပ်သွားတယ် ခင်ဗျ၊ ဒီလို လျှောက်နေ တုန်း လူ ခပ်ညှက်ညှက်၊ ခပ်သွက်သွက်၊ ကုတ်အင်္ကျီ အနက် ဝတ်၊ ဘိုလာ ဦးထုပ်ကို ဆောင်းထားတဲ့ နှုတ်ခမ်းမွေး တိုနံ့နံ့နှင့် လူတစ်ယောက် အဲဒီ အိမ်





ထဲက ထွက်လာတယ်၊ ကြည့်ရတာကတော့ ခြံစောင့်တို့ ဘာတို့ ဟုတ်ဟန် မတူဘူး၊ အဲဒီလို ဂိုက်မျိုးလည်း မဟုတ်ဘူး၊ အဲဒီ လူဟာ အိမ်ထဲက ထွက် တံခါးကို သော့ခတ်ပြီး သော့ကို သူ့ အိတ်ထဲ ထည့်လိုက်တာ မြင်တော့ ကျွန် တော်လည်း အံ့အား သင့်နေတယ် ခင်ဗျ၊ ကျွန်တော့်ကို မြင်တော့ အံ့အား သင့်တဲ့ ဟန်နှင့် လှမ်းကြည့်လိုက်ပြီး

' "ခင်ဗျားက ဘယ်ကလဲ၊ ဧည့်သည်လားတဲ့"

'ကျွန်တော်က ဧည့်သည် ဖြစ်တဲ့ အကြောင်း၊ ဂေါ်ဖရီရဲ့ သူငယ်ချင်း ဖြစ်တဲ့ အကြောင်း ပြောပြတယ်၊ ကျွန်တော့် သူငယ်ချင်းက ခရီး ထွက်သွား တော့ မတွေ့လိုက်ရတော့ဘူးပေါ့၊ တွေ့ရင် တော်တော် ဝမ်းသာမှာလို့ ကျွန်တော် က ဆက်ပြောတယ် ခင်ဗျ။

'ဒီတော့ သူက မလုံမလဲနှင့် ဟန်ဆောင် ပြုံးလိုက်ပြီး

' "ဟုတ်တာပေါ့၊ အေးလေ ခုမတွေ့တော့လည်း နောင် ကြုံတဲ့ ဆုံတဲ့ အခါကျတော့ တစ်ခေါက် လာခဲ့ဦးပေါ့" လို့ ပြောပြီး ထွက်သွားတယ် ခင်ဗျ၊ ကျွန်တော်က နောက်ပြန် လှည့်ကြည့်လိုက်တော့ အဲဒီ လူဟာ ခြံ အစွန် ပန်းချုံ တွေ ကြားထဲက ရပ်ပြီး ကျွန်တော့်ကို ချောင်းကြည့် နေတာကို မြင်လိုက်ရ တယ် ခင်ဗျ။

'ဒါနှင့် ကျွန်တော်လည်း ခြံနှင့် အိမ်ကြီးကို လျှောက်ကြည့်တာပေါ့ လေ၊ ဒါပေမဲ့ ခက်တာက အိမ် ပြတင်းတွေ အားလုံးလောက်မှာ ခန်းဆီးကို အလုံ ချထားတယ် ခင်ဗျ၊ ကျွန်တော် အကဲခတ်လို့ ရသလောက် ဆိုရင်တော့ အိမ်ကလေးထဲမှာ လူသူ ဆိုလို့ တစ်ယောက်မှ ရှိပုံ မရဘူး၊ ကျွန်တော်လည်း ကျွန်တော့်ကို ချောင်းမြောင်း ကြည့်နေမှန်း သိတော့ ဣန္ဒြေ ပျက်လောက် အောင်တော့ မကြည့်ပါဘူး၊ အကယ်၍ ကျွန်တော် အတင့် ရဲရင် ကျွန်တော့် အကြံအစည်တွေ အားလုံး ပျက်ပြားသွားမယ့် အပြင် ကျွန်တော်တောင် ဒီအိမ် က ဆင်းပြေးချင် ပြေးရမှာ မဟုတ်လား၊ ကျွန်တော် မသိမသာပဲ အကဲခတ် ခဲ့တယ်။

'ဒါနှင့် ကျွန်တော်လည်း နောက်ထပ် မကြည့်တော့ဘဲ အိမ်ကြီးဆီကို ပြန်လာခဲ့ပါတယ်၊ ညကျမှ အခြေအနေကို ကြည့်ပြီး စုံစမ်းတော့မယ်ပေါ့ ခင် ဗျာ၊ ညရောက်လို့ တစ်အိမ်လုံး တိတ်ဆိတ်ပြီး မှောင်လာတဲ့ အခါကျတော့ ကျွန်တော်လည်း အိမ်ထဲက အသာ ထွက်လာခဲ့ပြီး နေ့လယ်က ကျွန်တော် ကြည့်ခဲ့တဲ့ အိမ်ကလေးဆီကို လာခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ပြတင်းပေါက်တွေမှာ ခန်းဆီးတွေ အလုံ ကာထားတယ် ဆိုတာကို ကျွန်တော် ပြောခဲ့ပါပြီ၊ ဒါပေမဲ့ တရုတ်ကတ်တွေကတော့ ပိတ်မထားဘူး ခင်ဗျာ၊ ပြတင်းပေါက် တစ်ပေါက်က နေပြီး အလင်းရောင်ကလေး ထွက်နေတာကို ကျွန်တော် မြင်လိုက်ရတယ်၊ ဒါနှင့် ကျွန်တော်လည်း ဒီပြတင်းပေါက်ကလေး နားကို ကပ်လာခဲ့တယ်၊ ကံကောင်းတယ်လို့ ဆိုရမလား မသိဘူး ခင်ဗျာ၊ ကျွန်တော် ကပ်သွားတဲ့ ပြတင်းပေါက်မှာ ခန်းဆီးက ခပ်ဟဟကလေး ဖြစ်နေတယ် ခင်ဗျ၊ တရုတ်ကတ်ကလည်း ဟနေတော့ အထဲကို ချောင်းကြည့်လို့ မြင်ရတယ်၊ အခန်းကလေးကို ကြည့်ရတာ နေချင့်စဖွယ်ကလေး ခင်ဗျ၊ အထဲမှာ မီးလင်းဖိုက မီးတွေ တောက်လို့၊ စားပွဲပေါ်မှာလည်း မှန်အိမ်ကလေး လင်းလို့၊ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာတော့ မနက်က ကျွန်တော် တွေ့ခဲ့တဲ့ လူသေးသေး ညှက်ညှက်ကလေး ထိုင်လို့ ခင်ဗျ၊ အဲဒီ လူဟာ ဆေးတံကို ဖွာရင်း သတင်းစာ တစ်စောင်ကို ဖတ်နေတယ်'

'ဘာ သတင်းစာလဲဗျ'ဟု ကျွန်ုပ်က ကြားဖြတ် မေးလိုက်လေ၏။

ကျွန်ုပ်က ကြားဖြတ် မေးလိုက်သည်တွင် မစ္စတာ ဒေါ်သည် မကျေနပ်ဟန်ဖြင့်

'ဒါက အရေးကြီးသလား ခင်ဗျာ'

'သိပ်ကို ကြီးတယ်ဗျ'

'ကျွန်တော်တော့ သတိ မထားလိုက်မိဘူး ခင်ဗျ'

'ကဲဗျာ ဒါဖြင့် သတင်းစာ အကြီးကြီးထဲကလား ဒါမှမဟုတ် အပတ်စဉ် ဂျာနယ်တို့ ဘာတို့လို ဆိုဒ်သေးသေးထဲကလား'

'ဩော် စုံထောက်ကြီး ပြောလို့ နည်းနည်းတော့ သတိ ရသလိုလို ရှိတယ် ခင်ဗျ၊ ဆိုဒ်ကတော့ သိပ်မကြီးလှဘူး၊ ကျွန်တော့် အထင်တော့ စပက်တေးတား သတင်းစာလို့ ထင်လိုက်တာပဲ၊ ဒါပေမဲ့ ကျွန်တော်ဖြင့် ဒါတွေကို စဉ်းစားချိန် မရလိုက်ဘူး ခင်ဗျ၊ ကျွန်တော့်ကို ကျောပေးပြီး လူတစ်ယောက် ထိုင်နေတာကို မြင်လိုက်တာကိုး ခင်ဗျ၊ အဲဒီ လူဟာ ဂေါ်ဖရီပါ ခင်ဗျာ၊ သေချာပါတယ်၊ ကျမ်းကိုန်ပြီးတောင် ပြောရဲပါတယ်၊ သူ့မျက်နှာကိုတော့ မမြင်ရဘူးပေါ့လေ၊ ဒါပေမဲ့ ပခုံးကျုံ့တွေ ဘာတွေကတော့ ဂေါ်ဖရီ အတိုင်းပါပဲ၊ ဂေါ်ဖရီ ဆိုတာ သေချာပါတယ်၊ ဂေါ်ဖရီဟာ စိတ်ညစ်တဲ့ ပုံနှင့် ခေါင်းကို လက်နှစ်ဖက် ထောက်ပြီး ထိုင်နေတယ် ခင်ဗျ၊ ကိုယ်ကတော့ မီးဖိုဘက် လှည့်ထားတယ်၊ ကျွန်တော်လည်း ဘာလုပ်ရရင် ကောင်းမလဲလို့ စဉ်းစားနေတုန်းမှာ





ကျွန်တော့် ပခုံးကို နောက်က ခပ်ကြမ်းကြမ်း ဆုပ်ကိုင်လိုက်တဲ့ အတွက် လန့်သွားတယ် ခင်ဗျ၊ နောက် လှည့်ကြည့်လိုက်တော့ ဗိုလ်မှူးကြီး အမ်းစဝါ့ရည် ခင်ဗျ၊ သူက အသံ တိုးတိုးနှင့် ''တစ်ဆိတ် ဒီဘက်ကို လာပါ မောင်'' လို့ ပြောတာနှင့် ကျွန်တော်လည်း သူ့ နောက်က လိုက်လာခဲ့တယ် ခင်ဗျ၊ သူက ရှေ့က နေပြီး ကျွန်တော့် အိပ်ခန်းကို ခေါ်သွားတာကိုး ခင်ဗျ၊ ဧည့်ခန်းထဲ ရောက်တော့ သူက မီးရထား အချိန် စာရင်း စာရွက် တစ်ရွက်ကို ယူလာတယ် ခင်ဗျ၊

' ''ရှစ်နာရီခွဲမှာ လန်ဒန်ကို ထွက်မယ့် ရထား တစ်စင်း ရှိတယ်ဗျ၊ ကိုးနာရီမှာ အိမ်ရှေ့မှာ မြင်းရထား စောင့်နေလိမ့်မယ်'' လို့ ပြောတယ် ခင်ဗျ။

'အဘိုးကြီးဟာ ဒေါသူပွလွန်းလို့ မျက်နှာမှာ သွေးတောင် မရှိဘူး၊ ကျွန်တော်လည်း အမ်းပြီး ဘာပြောရမှန်း မသိဘဲ ဖြစ်နေတာပေါ့ ခင်ဗျာ၊ တောင်းပန်တာတောင် ကောင်းကောင်း မတောင်းပန်နိုင်ဘူး၊ ကျွန်တော်ဟာ သူငယ်ချင်း အတွက် စိုးရိမ်လွန်းလို့ ဒီလို လုပ်မိတာပါ ဘာညာ စသဖြင့် တောင်းပန်ပါသေးရဲ့၊ ဒါပေမဲ့ အဘိုးကြီးက ကျွန်တော့် စကားကို ဆုံးအောင် နားမထောင်ပါဘူး ခင်ဗျ'

' ''ကဲ ဒီအကြောင်းကို မပြောပါနှင့်တော့၊ တော်ပါတော့၊ မောင်ဟာ ကျုပ်တို့ အိမ်ထောင်စုရဲ့ ကိုယ်ရေးကိုယ်တာထဲကို အကြောင်းမဲ့ ဝင်ရှုပ်တယ်ဗျ၊ ဧည့်သည်အနေနှင့် ဆိုတော့ ဧည့်ကောင်း စောင်ကောင်း ထင်လို့ ကျုပ်တို့ ဆီးကြိုတာပဲ၊ ဒါပေမဲ့ လက်စသတ်တော့ မောင်ဟာ သူလျှို ဖြစ်နေတယ်၊ မောင့် မျက်နှာကို နောက်တော့ ဘယ်တော့မှ မမြင်ပါရစေနှင့်တော့၊ ဒီလောက်ပဲ ပြောပါရစေ''

'ဒီတွင် ကျွန်တော်လည်း စိတ်တိုလာပြီး စိတ်ပေါက်ပေါက်နှင့် ပြောလိုက်မိတာပေါ့ ခင်ဗျာ။

' ''ဦးရဲ့ သားကို ကျွန်တော် မြင်ခဲ့ပြီးပါပြီ၊ ဦးဟာ အကြံအစည် တစ်ခုနှင့် ဦးရဲ့ သားကို လောကကြီးနှင့် အဆက် ဖြတ်ထားပြီး ဝှက်ထားတယ်၊ ဦးက ဘာဖြစ်လို့ ကိုယ့်သားကို ဒီလို လှောင်ထားသလဲ ဆိုတာတော့ ကျွန်တော် မသိဘူးပေါ့၊ ဒါပေမဲ့ ဘာကြောင့်ပဲ ဖြစ်ဖြစ် ခု အချိန်မှာ ဦးတို့ရဲ့ သားဟာ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်တဲ့သူ တစ်ယောက် မဟုတ်တော့ဘူး ဆိုတာ ကျွန်တော် မြင်ခဲ့ရပြီ၊ ဒီတော့ ဦးကို ကျွန်တော် သတိ ပေးလိုက်မယ် ကျွန်တော့် သူငယ်ချင်းရဲ့ လုံခြုံရေးနှင့် သက်သာ ချောင်ချိရေး အတွက် စိတ်ချရတာ မချင်း ကျွန်တော်ဟာ ဒီအကြောင်းကို အသေးစိတ် စုံစမ်းရလိမ့်မယ်.



www.burmeseclassic.com

www.burmeseclassic.com



ဦးက ကျွန်တော့်ကို ခြိမ်းခြောက်သည့်တိုင် ကျွန်တော် ဒီကိစ္စကိုတော့ မပေါ် မချင်း ဆက်လက် စုံစမ်းရလိမ့်မယ်''

'အဘိုးကြီးကို ကြည့်ရတာ တကယ့် ဘီလူးကြီး ကျနေတာပဲ ခင်ဗျာ၊ ကျွန်တော်ကတော့ ကျွန်တော့်ကို ထထိုးပြီလို့ အောက်မေ့လိုက်တာ၊ အဘိုးကြီးက ကြောက်စရာ ကောင်းတယ်လို့ ကျွန်တော် ပြောခဲ့တယ် ခင်ဗျ၊ ကျွန်တော်လည်း လူဖလံလေး တစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူသာ လုပ်ရင် ကျွန်တော် မနည်း ခုခံရမှာတော့ သေချာတယ် ခင်ဗျ၊ ဒါပေမဲ့ အဘိုးကြီးဟာ ကျွန်တော့်ကို စားတော့ ဝါးတော့မတတ် ကြည့်ပြီး ဒုန်းဒုန်းနှင့် အခန်းထဲက ချာခနဲ လှည့် ထွက်သွားတယ် ခင်ဗျ၊ မနက်ကျတော့ ကျွန်တော်လည်း ရှစ်နာရီ ရထားနှင့် လိုက်လာပြီး စုံထောက်ကြီးဆီကို တန်းလာခဲ့တာပါပဲ ခင်ဗျာ၊ စုံထောက်ကြီးဆီက အကြံဉာဏ်ကလေး အကူအညီကလေးများ ရလို ရငြား ဆိုပြီး စာရေးပြီး တွေ့ခွင့် တောင်းတာပါပဲ'

ဤသည်မှာ ကျွန်ုပ်၏ အမှုသည် မစ္စတာ ဒေါ့ တင်ပြလာသည့် ပြဿနာ ဖြစ်ပေ၏။ ထို ပြဿနာကို ဖြေရှင်းရန် စဉ်းစားရာတွင် ဖြစ်နိုင်ဖွယ် ရှိသော အခြား နည်းလမ်းများကို ရှာမတွေ့တော့သဖြင့် ထိုပြဿနာမှာ များစွာ လွယ်ကူခြင်း မရှိကြောင်းကို စာဖတ်သူတို့ မြင်နိုင်ကြပေလိမ့်မည်။ သို့တိုင်အောင် ပြဿနာမှာ စိတ်ဝင်စားစရာနှင့် အသစ်အဆန်း ဖြစ်သည့် အချက်အလက်တို့ ပါရှိနေသည့် အတွက် ကျွန်ုပ်မှာ ထိုပြဿနာကို မှတ်တမ်းတွင် ချန်လှပ်ထားခြင်းငှာ မသင့်ဟု သဘောရ မိသည်။ သို့ဖြစ်လေရာ ကျွန်ုပ်သည် ကျွန်ုပ်၏ နည်း ဖြစ်သော ယုတ္တိဗေဒကျကျ တွေးခေါ် စဉ်းစားခြင်းဖြင့် ထိုပြဿနာ ဖြေရှင်းရေးနှင့် ပတ်သက်၍ ဖြစ်နိုင်ဖွယ် ရှိသည်တို့ကို စဉ်းစားယူရလေ၏။

'အိမ်ထဲမှာ အစေခံတွေ ဘယ်နှယောက် ရှိသလဲ'

'ကျွန်တော် သိသလောက် ပြောရရင်တော့ ဘတ္တာစိုး အဘိုးကြီး လင်မယား နှစ်ယောက်ပဲ ရှိတာပဲ ခင်ဗျ၊ သူတို့ နေတာ ထိုင်တာကလည်း ရိုးရိုးပါပဲ'

'အိမ်ကလေးထဲမှာကော တခြား အစေခံတွေ ဘာတွေ မရှိတော့ဘူးလား'

'အကယ်၍ မုတ်ဆိတ်နှင့် လူဟာ အစေခံ မဟုတ်ဘူး ဆိုရင်တော့ ဒီပြင် တစ်ယောက်မှ မရှိဘူးလို့ ပြောရတော့မှာပဲ ခင်ဗျ၊ ကျွန်တော် ထင်တာကတော့ ဒီလူဟာ အစေခံ မဟုတ်ဘူးလို့ ထင်တာပဲ'





'အင်း ဖြစ်တော့ ဖြစ်နိုင်ပါတယ်လေ၊ သို့သော်လည်း အစားအသောက် ဘာတို့ကို တခြား အိမ်မကြီးက ပို့ပေးတဲ့ လက္ခဏာတို့ ဘာတို့ကော ရဘူးလား'

'စုံထောက်ကြီး ပြောမှ သတိ ရတော့တယ်၊ ဘတ္တာစိုးကြီးကတော့ ာင်းကလေး တစ်တောင်း ကိုင်ပြီး အဲဒီ အိမ်ဘက်ကို သွားတာ မြင်တယ် ခင်ဗျ၊ အဲဒီတုန်းကတော့ အစားအသောက်တို့ ဘာတို့ သွားပို့တာ ိမ့်မယ်လို့ မစဉ်းစားမိဘူးပေါ့ ခင်ဗျာ'

'အနီးအနား တစ်ဝိုက်မှာကော မစုံစမ်းမိဘူးလား'

'စုံစမ်းပါတယ် ခင်ဗျာ၊ ဒီအကြောင်းကို ဘူတာ ရုံပိုင်ကိုကော ထမင်း ိုင်ကိုကော စုံစမ်းကြည့်တယ်၊ ဂေါဖရီ ဆိုတဲ့ လူကို သိသလား၊ ကျွန်တော့် ချင်းမို့လို့ သိချင်လို့ပါလို့ မေးတော့ သူတို့ နှစ်ယောက်စလုံးကပဲ ဂေါဖရီ အာဖရိကက ပြန်လာပြီး မကြာခင်မှာပဲ ခရီး ထွက်သွားတယ်လို့ ပြော ကြပါတယ်၊ ဒီအနား တစ်ဝိုက်မှာလည်း ဒီအတိုင်းပဲ ယူဆထားကြပုံ ပါတယ်'

'သင်္ကာ မကင်းတဲ့ ဖြစ်တဲ့ အကြောင်းကို ခင်ဗျားက မပြောမိဘူးလား'

'မပြောပါဘူး'

'မပြောတာ သိပ်မှန်တာပေါ့ဗျာ၊ ကောင်းပြီလေ၊ ဒီကိစ္စကို စုံစမ်းရမှာ ခင်ဗျားနှင့် အတူ တတ္တစဘာရီကို လိုက်ကြည့်တာပေါ့'

'ဒီနေ့ သွားမလား'

ထိုအချိန်က ကျွန်ုပ်မှာ ဂရေးမင်းစတာ အမတ်ကြီး ပါဝင်သည့် အက် ကျောင်း အမှုဟု မိတ်ဆွေကြီး ဝပ်ဆင် မှတ်တမ်း တင်ခဲ့သော အမှု ခုကို လိုက်လံ စုံစမ်းနေသည့် အချိန် ဖြစ်ပေ၏။ ထို့ပြင် နိုင်ငံရေး အရ င်လျှင် မဖြစ်သည့် အတွက် တူရကီပြည် စူလတန် ဘုရင် အပ်ထားသည့် တစ်ခုကိုလည်း ကိုင်နေဆဲ အချိန် ဖြစ်လေ၏။

ထို့ကြောင့် ကျွန်ုပ်မှာ တတ္တစဘာရီသို့ နောက်တစ်ပတ်မှ သွားနိုင်ခဲ့ ကြောင်းကို မှတ်တမ်းထဲတွင် ပြန်တွေ့ရပေ၏။

ယူစတန်သို့ ရောက်သည့် အခါတွင် ကြိုတင် စီစဉ်ထားသည့် အတိုင်း သည် ခပ်မှုန်မှုန်၊ စကား နည်းနည်း လူ တစ်ယောက်ကို ဝင်ခေါ်ခဲ့လေ

ကျွန်ုပ်က မစ္စတာ ဒေါ့အား



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် မိတ်ဆွေကောင်း တစ်ယောက်ပဲဗျ၊ သူ့ကို ခု လောလောဆယ် လိုချင်မှတော့ လိုမယ်၊ သို့သော်လည်း အရေးတော့ ကြီးတယ်ဗျ၊ ခုတော့ ဒီ အကြောင်း ဒီတွင်ပဲ ရပ်ထားလိုက်ကြသေးတာပေါ့ဗျာ'

အမှု တစ်ခုကို စဉ်းစားနေစဉ်၌ ကျွန်ုပ်သည် စကား များများ ပြော လေ့ မရှိကြောင်းကို ဒေါက်တာ ဝပ်ဆင်၏ မှတ်တမ်းကို ဖတ်ဖူးသူများ သိ ကြပေလိမ့်မည်။ မစ္စတာ ဒေါ့မှာ ကျွန်ုပ်၏ စကားကြောင့် အံ့အားသင့်လျ ရှိသော်လည်း စကား တစ်လုံးမျှ မပြောတော့ချေ။ သို့ဖြင့် ကျွန်ုပ်တို့ ယောက်သည် တက္ကစဘာရီသို့ ဆက်လာခဲ့ကြလေ၏။ ရထားပေါ်တွင် ကျွန် သည် ကျွန်ုပ် မိတ်ဆွေ သိစေချင်သည့် အတွက် မစ္စတာ ဒေါ့အား မေးခွန်း တစ်ခုကို မေးမြန်းခြင်း ပြုလေ၏။

'ခင်ဗျား သူငယ်ချင်းရဲ့ မျက်နှာကို ပြတင်းပေါက်မှာ ကပ်ကြည့်နေတာ မြင်လိုက်ရတယ်လို့ ခင်ဗျား ပြောသွားတယ်၊ သူ ဆိုတာ သေချာတယ်နော်'

'သေချာပါတယ် ခင်ဗျာ၊ နှာခေါင်းက မှန်ပြတင်း မှန်ကို ကပ်နေတာ မှန်အိမ်က မီးရောင် ထိုးနေတော့ ကောင်းကောင်း မြင်ရတာပေါ့'

'သူနှင့် တူတဲ့ လူ တစ်ယောက်ကော မဖြစ်နိုင်ဘူးလား'

'မဖြစ်နိုင်ပါဘူး၊ သူမှ သူ အစစ်ပါ'

'ခင်ဗျား လူက တော်တော် ပြောင်းသွားတယ်လို့ ခင်ဗျား ပြောခဲ့တာ မဟုတ်လား'

'အဲဒါက အရောင်အသွေး ပြောင်းတာကို ပြောတာပါ၊ သူ့ မျက်နှာ ကြီးရဲ့ အရောင်က အင်း ဘယ်လို ပြောရမလဲ မသိဘူး၊ ငါးရဲ့ ဝမ်းဗိုက် ဖြူဖြူကြီး ခင်ဗျ၊ ဖြူသမှ ဆွတ်ဆွတ် ဖြူနေတာပဲ'

'ကိုယ်လုံးက အသား အရောင်ကကော'

'အဲဒါကိုတော့ သေသေချာချာ မပြောနိုင်ဘူး ခင်ဗျ၊ ကျွန်တော်က သူ့ မျက်နှာကိုသာ မြင်လိုက်ရတာကိုး၊ မျက်နှာကို ပြတင်းပေါက် မှန်နားမှာ တော့ သေသေချာချာ မြင်လိုက်ရတာပေါ့'

'ခင်ဗျား သူ့ကို လှမ်းခေါ်လိုက်သေးသလား'

'ကျွန်တော်လည်း ကြောက်လန့်နေတယ် ခင်ဗျ၊ နောက်တော့ ကျွန် ပြောတဲ့ အတိုင်း သူ့နောက်ကို လိုက်သွားပါတယ်၊ မီတော့ မမီလိုက်ဘူး'

ကျွန်ုပ် သိလိုသော အချက်များမှာ အတော် ပြည့်စုံသွားလေပြီ။ ဆုံးပိတ် စာရင်း ချုပ်ရန် အချက်ကလေး တစ်ချက်သာ ကျန်ပေ၏။





အတန်ကြာ စီးလာမိသည့် အခါတွင် ကျွန်ုပ်တို့သည် မစ္စတာ ဒေါ့ ပြောသည့် အိမ်သို့ ရောက်လာခဲ့လေရာ ရာဖ် ဆိုသည့် ဘဏ္ဍာစိုးကြီးက ကျွန်ုပ် တို့အား တံခါး ဖွင့်ပေးလေ၏။

ကျွန်ုပ်မှာ ရထားကို တစ်နေ့တွက် ငှားလာခဲ့လေရာ ကျွန်ုပ်သည် ကျွန်ုပ် ခေါ်လာသူကို လှမ်းမခေါ်မချင်း ရထားပေါ်တွင် ထိုင်နေရန် မှာပစ်ခဲ့လေ၏။ မှာ ပါးရေတို့ တွန့်နေသည့် အသက် ခပ်ကြီးကြီး ဘဏ္ဍာစိုးကြီး ဖြစ်ပြီး ဘဏ္ဍာစိုးတို့ ထုံးစံအတိုင်း အနက်ရောင် ကုတ်အင်္ကျီနှင့် ဘောင်းဘီ ကို ဝတ်ထားလေ၏။ ဘဏ္ဍာစိုးကြီးသည် အညိုရောင် လက်အိတ်ကို ပြီး ကျွန်ုပ်တို့ကို မြင်လိုက်သည်တွင် လက်အိတ်ကို ကပျာကယာ ချွတ် အိမ်ရှေ့ စားပွဲပေါ်တွင် ချထားလိုက်လေ၏။

ကျွန်ုပ်မှာ မိတ်ဆွေကြီး ဝပ်ဆင် ပြောသည့် အတိုင်း အထူး အာရုံ မြက်သူ ဖြစ်လေရာ အိမ်ထဲသို့ ရောက်သွားသည်နှင့် ဗိုးတိုးဝါးတား အနံ့ တို့ ရလိုက်လေပြီ။ ထိုအနံ့မှာ ခန်းမ စားပွဲ တစ်ဝိုက်ဆီမှ ဖြစ်ကြောင်း သတိပြုလိုက်မိ၏။ ကျွန်ုပ်သည် ပြန်လှည့်ကာ ဦးထုပ်ကို စားပွဲပေါ်သို့ ကြိုက်ပြီး မသိမသာ တွန်းချလိုက်သည်တွင် ဦးထုပ်သည် အောက်သို့ ကျ လေ၏။ ကုန်း၍ ကောက်လိုက်သည်တွင် လက်အိတ်ကို တစ်ပေ အကွာ တွင်မှ နေ၍ အနံ့ ခံခွင့် ရလိုက်လေ၏။ မှန်ပေ၏။ ထူးဆန်းသော အနံ့ ထွက်နေခြင်းမှာ ထိုလက်အိတ်မှ ပေါ်ထွက်နေခြင်း ဖြစ်ပေ၏။ စာကြည့် ခန်းထဲသို့ ဝင်လိုက်သည့် အခါတွင်မူကား ကျွန်ုပ်၏ ခေါင်းထဲတွင် အမှု အကြောင်းကို အပြည့်အစုံ စဉ်းစားပြီးခဲ့လေပြီ။

အလိုလေး။ သို့ရာတွင် ကိုယ့်အကြောင်း ကိုယ် ပြောရသည်မှာ ခက်လှ သည် တကား။ မိတ်ဆွေကြီး ဝပ်ဆင်သာ ဆိုလျှင်မူ တချို့ ဆက်ထုံးကလေး ဖုက်ပစ်ခဲ့ကာ နောက်ကျမှ တစ်ထုံးချင်း တစ်ထုံးချင်း ဖြေပြသွားလိမ့် ကျွန်ုပ်မှာကား ကိုယ့် ဇာတ်လမ်း ကိုယ် အဖုံး အဖုက်တွေ လုပ်မနေနိုင် စင်းစင်းကြီးပင် ပြောရပေတော့မည်။

ကျွန်ုပ်တို့ ရောက်သွားသည့် အခါတွင် ဗိုလ်မှူးကြီး အမ်းစဝါ့ကို အခန်း တွင် မတွေ့ရချေ။ သို့ရာတွင် ကျွန်ုပ် ရောက်နေကြောင်းကို ဘဏ္ဍာစိုးကြီး သွားရောက် အကြောင်းကြားသည့် အခါတွင်မူ ခပ်သုတ်သုတ် ထွက်လာ ခဏ ကြာလျှင် ခန်းကူး လမ်းမြှောင်ကြားမှ ခပ်သုတ်သုတ် လာနေသော ခြေသံကို ကျွန်ုပ်တို့ ကြားလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တံခါးသည် ဖြန်းခနဲ ပွင့်လာပြီးလျှင် နှုတ်ခမ်းမွေးကြီးတွေ ထောင်
ရှုံ့မဲ့သော မျက်နှာကြီးဖြင့် ဝင်ရောက်လာလေ၏။ ကျွန်ုပ်သည် လူအို များစွာ
မြင်ခဲ့ဖူးသော်လည်း ဤမျှ ကြောက်စရာ ကောင်းသည့် လူအိုကြီး တစ်ယော
၏ မျက်နှာကိုမူ ကျွန်ုပ် တစ်သက်တွင် တစ်ခါမျှ မမြင်ခဲ့ဖူးသေးချေ။

အဘိုးကြီးသည် ကျွန်ုပ်တို့၏ လိပ်စာ ကတ်ပြားများကို အစိတ်စိ
အမြွာမြွာ ဆုတ်ဖြဲကာ ကြမ်းပြင်တွင် လွှင့်ချ၍ ခြေဖြင့် တက်နင်းလိုက်ပြီးလျှ

'ဒီမှာ ငါ့ အိမ်ရိပ် မနင်းပါနှင့်၊ မင်းမျက်နှာကို မကြည့်ချင်ဘူးလို့ င
ပြောလိုက်ပြီ မဟုတ်လား၊ ဒီတစ်ခါတော့ ရှိပစေတော့၊ နောက်တစ်ခါ ဆို
တော့ မင်း မလွယ်ဘူး မှတ်လိုက်ပါ၊ နောက်တစ်ခါ ငါ့ ခွင့်ပြုချက် မရဘဲ
လာခဲ့လို့ ရှိရင် မင်းကို သေနတ်နှင့် အပစ်ပဲ၊ ပြောလိုက်ပါပေရဲ့'

ထို့နောက် အဘိုးကြီးသည် ကျွန်ုပ်ဘက်သို့ လှည့်လိုက်ပြန်လျက်

'ဒီက မောင်ရင်ကိုလည်း ကျုပ် သတိ ပေးလိုက်မယ်၊ လူ သောက်
ကတ်တဲ့ မောင်ရင်တို့ စုံထောက် အလုပ်ကို ကျုပ် သိပါတယ်၊ ဒီတော့ ကျ
အိမ်ထဲမှာ လာပြီး ဟိုစုံစမ်း ဒီစုံစမ်းတာမျိုးတော့ လာ လုပ်မနေနှင့်၊ ဒီမှာ
အလုပ်မျိုး လုပ်စရာ အကြောင်း မရှိဘူး'

မစ္စတာ ဒေါ်က ခပ်တင်းတင်းဖြင့်

'ကျွန်တော် ဒီအိမ်ထဲက မထွက်နိုင်ဘူး၊ သူဟာ လွတ်လွတ်လပ်လ
အချုပ်အချယ် မရှိ နေရပါတယ်လို့ ဂေါ်ဖရီရဲ့ ပါးစပ်က ထုတ် ပြောတာ
မကြားမချင်း ကျွန်တော် ဒီအိမ်ထဲက မထွက်နိုင်ဘူး'

အိမ်သည် ဗိုလ်မှူးကြီးက ခေါင်းလောင်းကြိုးကို ဆောင့်ဆွဲလိုက်၏။

'ဒီမှာ အဘိုးကြီး၊ ပုလိပ် ဌာနကို တယ်လီဖုန်း ဆက်ပြီး ပုလိပ်
ယောက်ကို အမြန်ဆုံး လွှတ်ပေးပါလို့ ပြော၊ အိမ်မှာ လာပြီး အနုကြမ်း စီး
တယ်လို့လည်း တိုင်လိုက်'

ကျွန်ုပ်က လှမ်း၍

'ခဏကလေးဗျာ၊ ဒီမှာ မစ္စတာ ဒေါ်၊ ဗိုလ်မှူးကြီး အမ်းစဝါ့မှာ တရ
ဝင် ပိုင်ခွင့် ရှိတယ်ဗျ၊ ကျုပ်တို့က သူ့အိမ်ထဲမှာ တရား မဝင်ဘဲ ဝင်ရော
နေကြတာ ဖြစ်တယ်၊ သို့သော်လည်း တစ်ဖက်က နေပြီး ကြည့်လိုက်ရင်
ခင်ဗျား ဒီလို လုပ်နေတာကလည်း သူ့သား အတွက် စိုးရိမ်လို့ လုပ်တာ ဖြ
တယ်၊ အကယ်၍ ဗိုလ်မှူးကြီးနှင့်များ ငါးမိနစ်လောက် စကား ပြောခွင့် ရလိ
ရင်တော့ သူ့လေသံ တစ်မျိုး ပြောင်းသွားလိမ့်မယ်လို့ ထင်တာပဲဗျ'





ဗိုလ်မှူးကြီးက

'မရဘူး၊ ကျုပ်က စိတ်ပြောင်းတတ်တဲ့ ကောင်မျိုး မဟုတ်ဘူး၊ ဗျို့
ကြီး၊ ကျုပ် ခိုင်းတာကို လုပ်စမ်းပါ၊ ဘာစောင့်နေတာလဲ၊ သွား ပုလိပ်
ကို တယ်လီဖုန်း ဆက်ချည်စမ်း'

ကျွန်ုပ်သည် တံခါးဆီသို့ သွားကာ တံခါးကို ပိတ်လျက်သား ကျော
၍ ရပ်လိုက်လျက်

'ဦး သတိ ထားပါနော်၊ ပုလိပ် ဝင်လာလို့ ရှိရင် ဦး စိုးရိမ်တဲ့ မလိုလား
တာတွေ ဖြစ်လာလိမ့်မယ် ဆိုတာ သတိ ထားပါ' ဟု ဆိုကာ မှတ်စု စာ
ကို ထုတ်ယူလိုက်ပြီးလျှင် စာရွက်လွတ် တစ်ရွက် အပေါ်တွင် စာ တစ်
ကောက် ရေးပေးလိုက်လေ၏။

ထို့နောက် ဗိုလ်မှူးကြီး အမ်းစဝါ့ကို လှမ်းပေးလိုက်ရင်း 'ဒီကိစ္စကြောင့်
တော်တို့ လာခဲ့တာပဲဗျ' ဟု ပြောလိုက်လေ၏။

ဗိုလ်မှူးကြီးသည် စာရွက်ကို ဖတ်ကြည့် လိုက်သည်နှင့် သူ့ မျက်နှာ
တွင် အုံ့ဆိုင်းခြင်းမှ အပ အခြား အရိပ်အယောင် မှန်သမျှသည် ပျောက်
သွားခဲ့ကြလေပြီ။ ဗိုလ်မှူးကြီးသည် ကုလားထိုင်ပေါ်သို့ လေးကန်စွာ ထိုင်
ရင်း 'ခင်ဗျားက ဘယ်လို လုပ်ပြီး သိနေတာလဲ ဟင်' ဟု အသက်
ကောင်းစွာ မရှူနိုင်ဘဲ မေးလေ၏။

'ကိစ္စတွေကို သိဖို့က ကျွန်တော့် အလုပ်ကိုး ခင်ဗျ၊ ကျွန်တော့် အသက်
ဝမ်းကျောင်း ဖြစ်နေတာကိုး'

ဗိုလ်မှူးကြီးသည် လေးနက်စွာ တွေးတောရင်း ထိုင်လျက် ရှိလေ၏။
သွယ်သည့် လက်များသည် မုတ်ဆိတ်မွေးများကို ပွတ်သပ်လျက် ရှိလေ
ထို့နောက် တစ်စုံတစ်ရာကို ပိုင်းဖြတ်လိုက်ဟန်ဖြင့်

'ကဲ ဂေါ်ဖရီကို ဒီလောက်တောင် တွေ့ချင်နေသကိုး၊ ကောင်းပြီ၊ ဒီ
ကြတောင် တွေ့ချင်ရင် တွေ့ရစေမယ်၊ သို့သော်လည်း ဒါက ကျုပ်က
စေချင်လို့ တွေ့ပေးတာ မဟုတ်ဘူးနော်၊ မောင်တို့က အတင်းအကျပ် ခိုင်း
တွေ့ပေးရတာ၊ ကဲ အဘိုးကြီး၊ မစ္စတာ ကင့်နှင့် ဂေါ်ဖရီကို သွားပြော
စမ်း၊ နောက် ငါးမိနစ်လောက် ကြာရင် ကျုပ်တို့ လာခဲ့မယ်လို့'

နောက် ငါးမိနစ်ခန့် ကြာသည့် အခါတွင် ကျွန်ုပ်တို့သည် ခြံကလေး
လမ်းကလေး အတိုင်း လျှောက်လာ ခဲ့ကြပြီးနောက် ခြံ အစွန်ရှိ အိမ်
လေး ရှေ့သို့ ရောက်လာခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်နှင့် လူ ခပ်သေးသေးသည် အပေါက်ဝတွင် ရပ်လျက် ကျွန်ုပ် တို့အား အံ့အားသင့်သည့် မျက်နှာဖြင့် ငေးကြည့်လျက် ရှိလေ၏။

'ဗိုလ်မှူးကြီးက မပြော မဆို ရုတ်တရက် ရောက်လာတာကိုး၊ ဒီလို ဆိုရင်တော့ ကျွန်တော်တို့ အစီအစဉ်တွေ အကုန် ကိုးရိုးကားရား ဖြစ်ကုန် တော့မှာပဲ ခင်ဗျ'

'ကျွန်တော်လည်း ဘာမှ မတတ်နိုင်တော့ဘူး မစ္စတာ ကင့်ရေ၊ ကျုပ် တို့ကို အတင်းအကျပ် လုပ်နေပြီဗျ။ ဂေါ်ဖရီကကော အတွေ့ ခံပါ့မလား'

'တွေ့မှာပါ၊ အထဲမှာ အဆင်သင့် စောင့်နေပါတယ်' ဟု ဆိုပြီးလျှင် မစ္စတာ ကင့် ဆိုသူသည် ကျွန်ုပ်တို့အား အသင့်အတင့်မျှသာ ပြင်ဆင် ခင်းကျင်း ထားသည့် အခန်းကျယ် တစ်ခုထဲသို့ ခေါ်သွားလေ၏။

အခန်းထဲ၌ လူတစ်ယောက်သည် မီးဖိုကို ကျောပေး ရပ်လျက် ရှိလေရာ ထိုလူကို မြင်သည်နှင့် ကျွန်ုပ်၏ အမှုသည် မစ္စတာ ဒေါ့သည် လက်နှစ်ဖက်ကို ဆန့်တန်းကာ ထိုလူထံသို့ တစ်ဟုန်ထိုး ဝင်ပြေးသွားလေ၏။

'ဟေး ဂေါ်ဖရီ၊ နေကောင်းတယ်နော်၊ ကြည့်စမ်းဗျာ'

သို့ရာတွင် ဂေါ်ဖရီသည် သူ့ အနားသို့ လာရောက်ခြင်း မပြုရန် လက် ယမ်း၍ ပြလိုက်လျက်

'ကျွန်တော့်ကို မထိနှင့်၊ ကျွန်တော့် အနားကို မကပ်နှင့်၊ ခပ်ဝေးဝေးက နေ၊ အေးလေ ခင်ဗျားကတော့ တအံ့တဩ ဖြစ်နေမှာပေါ့၊ ကျွန်တော့်ကို ကြည့် ရတာ ဘီ တပ်ခွဲက သတ္တိ ကောင်းတဲ့ တပ်ကြပ်ကလေး ဂေါ်ဖရီနှင့် မတူတော့ ဘူး မဟုတ်လား၊ တူကော တူသေးရဲ့လားဗျာ၊ ကြည့်စမ်းပါဦး'

ဂေါ်ဖရီ၏ ပုံပန်း သဏ္ဌာန်မှာ အတော် ထူးခြားသည့် ပုံပန်း သဏ္ဌာန် ဖြစ်ပေ၏။

အာဖရိကတိုက် ရာသီဥတု ဒဏ်ကြောင့် အသား ညိုလျက် ရှိသေး ကြည်လင် ပြတ်သားသည့် ဥပဓိ ရုပ်ဖြင့် သန်မာ ခံ့ညားသည့် လူငယ် တစ် ယောက် ဖြစ်ခဲ့ဟန် ရှိသော်လည်း သူ၏ ညိုမောင်းသော မျက်နှာပေါ်တွင် အဖြူကွက်ကြီးများ အကွက် အကွက် ထနေသည်ကို ထင်ထင်ရှားရှားကြီး မြင်နေရလေ၏။

'ကျွန်တော့် အခြေအနေကို ကြည့်တော့ဗျာ၊ ဒါကြောင့် ကျွန်တော် ဘယ် ဧည့်သည်ကိုမှ မတွေ့တော့တာ၊ ခင်ဗျားကို ကျွန်တော် စိတ်တော့ မဆိုးပါဘူး ဗျာ၊ ဒါပေမဲ့ ကျွန်တော့်ဆီကို မလာဘဲ နေတာက ပိုကောင်းလိမ့်မယ် ထင်





တယ်၊ ခုလို ခင်ဗျား လာတွေ့တဲ့ အခါကျတော့ ကျွန်တော့် အဖို့လည်း မကောင်း ခင်ဗျား အဖို့လည်း စိတ်မကောင်းစရာ ဖြစ် …'

'ဟုတ်ပါပြီလေ၊ ကျုပ်ကတော့ ခင်ဗျား တစ်ယောက် ကောင်းကောင်း ကျန်းမာနှင့် နေရတယ် ဆိုတာကို သိရရင် ကျေနပ်ပါပြီ၊ ကျုပ် ဒီကို လာတည်း ညနေက မှန် ပြတင်းပေါက်က နေပြီး ခင်ဗျား လာ ချောင်းကြည့်ခဲ့တယ်လေ၊ အဲဒီတုန်းကတည်းက ခင်ဗျားကို ကျုပ် မတွေ့ရင် မနေ လိုက်ရှာတော့မယ်လို့ ဆုံးပိုင်းဖြတ်ခဲ့မိတာပဲဗျ၊ ဒီကိစ္စကို မသိရမချင်း ကျုပ် မလျှော့ဘူးလို့ အောက် မေ့လိုက်တယ်'

'အင်း၊ ဘဏ္ဍာစိုး အဘိုးကြီးက ခင်ဗျား ရောက်နေတယ် ဆိုတာ ပြောပြ ကတည်းက ကျွန်တော့်စိတ်ထဲမှာ ခင်ဗျားကို တွေ့ချင်လိုက်တာမှ ယားနေတာပဲ၊ အဲဒီတုန်းကတော့ ခင်ဗျား မြင်မှာ မဟုတ်ပါဘူး ဆိုပြီး အသာ လာကြည့်တာပဲ၊ ခင်ဗျားက မြင်သွားပြီး ပြတင်းပေါက်က ထွက်လိုက်တဲ့ အခါကျတော့မှ ကျွန် တော်လည်း ကျွန်တော် ပုန်းအောင်းနေတဲ့ ကျင်းကလေးထဲကို ပြန်ပြေးလာခဲ့ရ တော့တာပဲ'

'နို့ နေစမ်းပါဦးဗျာ၊ ဘယ်လိုကနေ ဘယ်လို ဒီအဖြစ်မျိုး ရောက်သွား တာလဲ'

ဂေါ်ဖရီက စီးကရက် တစ်လိပ်ကို မီးညှိပြီးလျှင်

'ဇာတ်လမ်းကတော့ သိပ် မရှည်ပါဘူးဗျာ၊ ပရက်တိုးရီးယားရဲ့ အရှေ့ ဘက်က ရထား လမ်းမှာ ဖြစ်တဲ့ တိုက်ပွဲကို ခင်ဗျား မှတ်မိသေးတယ် မဟုတ် လား မနက်ခင်းကြီး ဖြစ်တဲ့ တိုက်ပွဲလေ၊ အဲဒီ တိုက်ပွဲမှာ ကျွန်တော် ကျည်ဆန် မှန်တယ် ဆိုတာ ခင်ဗျား ကြားမှာပေါ့'

'အင်း ကြားတော့ ကြားတယ်၊ ဒါပေမဲ့ အသေးစိတ်တော့ မသိဘူးပေါ့ ဗျာ'

'ဟုတ်တယ်ဗျ၊ အဲဒီ တိုက်ပွဲမှာ ကျွန်တော်တို့ သုံးယောက် လူချင်း ကွဲ သွားခဲ့ကြတယ်၊ အဲဒီ နေရာက ခင်ဗျား သိတဲ့ အတိုင်း တောင်တွေ လျှို မြောင်တွေ ပေါတဲ့ နေရာ မဟုတ်လား၊ ကျွန်တော်တို့ သုံးယောက်လေ၊ ကျွန် တော်ရယ်၊ ခေါင်းပြောင် ဆင်ပဆင်လို့ ခေါ်တဲ့ ဆင်ပဆင်ရယ်၊ အင်ဒါဆင် ရယ်၊ ကျွန်တော်တို့ သုံးယောက်ဗျ၊ ကျွန်တော်တို့ သုံးယောက်တည်း ကသောင်း ကနင်း ဆုတ်လာကြတုန်းမှာ နှစ်ယောက် ကျသွားပြီး ကျွန်တော် တစ်ယောက် တည်း ကျန်ရစ်ခဲ့တယ်၊ ကျွန်တော့် ပခုံးမှာလည်း ဒဏ်ရာကြီးနှင့် ခင်ဗျ၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်လည်း သတိ ထားပြီး မြင်းကို တွယ်လိုက်လာခဲ့တယ်၊ ဒါပေမဲ့ မြင်း လည်း ဘယ်လောက်များ ကဆုန် စိုင်းလာသလဲ မသိဘူး၊ ကျွန်တော်လည်း မြင်းစီးရင်း သတိ မေ့သွားပြီး မြင်းပေါ်က လိမ့်ကျ ကျန်ရစ်ခဲ့တာပဲ။

'ကျွန်တော် သတိ ရလို့ ကြည့်လိုက်တဲ့ အခါကျတော့ ည တော်တော် မှောင်နေပြီဗျ၊ တစ်ကိုယ်လုံးလည်း တော်တော် အားနည်းပြီး ပင်ပန်းနေတယ် ကျွန်တော် အနိုင်နိုင် ကြိုးစားပြီး ထတယ်၊ သေသေချာချာ ကြည့်လိုက်တဲ့ အခါကျတော့ ကျွန်တော့်ဘေး ခပ်လှမ်းလှမ်းမှာ တော်တော် ကြီးတဲ့ အိမ်ကြီး တစ်ဆောင်ကို မြင်လိုက်ရတဲ့ အတွက် တော်တော်လည်း အံ့အားသင့်နေတယ် ခင်ဗျ။ ဆင်ဝင်ကြီးတွေက အကျယ်ကြီး၊ ပြီးတော့ ပြတင်းပေါက်ကြီးတွေ လည်း အမြင့်ကြီးတွေနှင့်၊ ညကလည်း အေးလိုက်တာဗျာ၊ ခိုက်ခိုက် တုန် တာပဲ၊ ညနေခင်း နေလို့ ကောင်းရုံ ခပ်ချမ်းချမ်း ဖြစ်နေတာမျိုး မဟုတ်ဘူး ကျွန်တော်လည်း မတတ်နိုင်တော့ဘူး၊ သိပ်ချမ်းလာတယ်၊ ဒါနှင့် ဒီအိမ်ကြီး ဆီတော့ ရောက်အောင် သွားမှပဲ ဆိုပြီး ကိုယ်ကို တရွတ်တိုက်ပြီး တရွေ့ရွေ့ နှင့် လာခဲ့တယ်၊ ဘာလုပ်လို့ ဘာလုပ်မှန်းတော့ မသိလိုက်ဘူး၊ လှေကားထစ် တွေပေါ်ကို တရွေ့ရွေ့နှင့် တက်လာခဲ့တာကိုပဲ ကျွန်တော် မှတ်မိလိုက်တော့ တယ်၊ အပေါ် ရောက်တော့ အခန်းကြီးက အကျယ်ကြီးဗျ၊ အခန်းကြီးထဲမှာ လည်း အိပ်ရာတွေ တန်းစီပြီး ခင်းထားတာ တွေ့ရတယ်၊ ကျွန်တော်လည်း ဘာပြောကောင်းမလဲ၊ ချမ်းချမ်းနှင့် တွေ့ရာ ခုတင်ပေါ် ကောက်လှဲချပစ်လိုက် တာပေါ့၊ သောက်ကျိုးနည်း အိပ်လို့ ကောင်းလိုက်တာဗျာ၊ အိပ်ရာ ခင်းမထား ပေမဲ့ ဘာအရေးလဲဗျာ၊ အိပ်ရာ ကိုယ့်ဘာသာ ဖြေ စောင်တွေကို ခြုံပြီး အိပ် လိုက်တာ ချက်ချင်း အိပ်ပျော်သွားတာပဲ။

'ကျွန်တော် နိုးလာတော့ မနက် မိုး ထိန်ထိန် လင်းနေပြီဗျ၊ ဒါပေမဲ့ မနက် မိုးလင်းလို့ ကြည့်လိုက်တော့မှ ကျွန်တော် ဘာကို သွားတွေ့ရသလဲ ဆို တော့ ကောင်းကောင်းမွန်မွန် အိပ်လိုက်ရလို့ ဦးနှောက်တွေ ကြည်လင်ပြီး ရမယ့်အစား ကျွန်တော့် ခေါင်းထဲမှာ ထမင်းလုံး တစ္ဆေ ခြောက်ခံရသလို ဖြစ် နေတယ်ဗျ၊ နေကလည်း ပူလိုက်တာ ကျဲကျဲ တောက်နေတာပဲ၊ ပြတင်းပေါက် က အကြီးကြီးတွေ ဖြစ်ရတဲ့ အထဲမှာ ခန်းဆီးတို့ ဘာတို့လည်း တပ်မထားတော့ နေရောင်က ပိုပြီး စူးနေတာပေါ့ဗျာ၊ အခန်းကျယ်ကြီးထဲက ဆေးဖြူ သုတ်ထား တဲ့ နံရံတွေပေါ်မှာ အသေးစိတ် မြင်နေရတယ်၊ ဦးခေါင်း ချွန်ချွန်နှင့် လူ သေး သေးကလေး တစ်ယောက် ကျွန်တော့် ရှေ့မှာ ရပ်နေတယ်ဗျ၊ အညိုရောင်





တာနှင့် တူတဲ့ လက်နှစ်ဖက်ကို ဝှေ့ယမ်းရင်း ဒတ်ချ် ဘာသာ စကားနှင့် ကျွန်တော့်ကို ပြောနေတယ်၊ ဘာတွေ ပြောနေမှန်းတော့ မသိဘူး၊ သူ့နောက် မှာလည်း ကျွန်တော်တို့ကို စိတ်ဝင်တစား ကြည့်နေတဲ့ လူတစ်သိုက်ကို တွေ့ရ တယ်၊ ဒါပေမဲ့ သူတို့ကို မြင်လိုက်တော့ ကျွန်တော့် စိတ်ထဲမှာ တုန်သွားပြီး ရင်ထဲမှာ စိမ့်ခနဲ ဖြစ်သွားတယ်၊ သူတို့ အားလုံးကို ကြည့်လိုက်တော့ သာ မန်လူတွေ မဟုတ်ဘူးဗျ၊ ဘယ်သူ့ကို ကြည့်ကြည့် လိမ်ကောက်နေတဲ့ လူနှင့်၊ ကြီးတွေ ရောင်နေတဲ့ လူနှင့်၊ ဘယ်သူမှ အကောင်း ပကတိရယ်လို့ မရှိ အားလုံး တစ်နည်းမဟုတ် တစ်နည်းနှင့် ရုပ်ပျက် ဆင်းပျက် ဖြစ်နေကြ တယ်၊ အဲဒီ ပုံပျက် ပန်းပျက် ကြောက်စရာ ဖြစ်နေတဲ့ လူတွေရဲ့ ရယ်သံကို ကြားရတာဟာ ဘယ်လောက် အသည်း ယားစရာ ကောင်းမလဲ ဆိုတာ ခင်ဗျား စဉ်းစားကြည့်ပေတော့ဗျာ။

'သူတို့ကို ကြည့်ရတာ တစ်ယောက်မှ အင်္ဂလိပ်စာ တတ်ပုံလည်း မရ ဘူးဗျ၊ ဒါပေမဲ့ အခြေအနေကတော့ ရှင်းသည်ထက် ရှင်းလာပါပြီလေ၊ အစ ကတော့ ကျွန်တော်လည်း ဘယ်ရောက်လို့ ဘာတွေ ဖြစ်နေသလဲ ဆိုတာ စဉ်း စားလို့ မရဘူးပေါ့၊ နောက်ဆုံးမှ အဖြေက တဖြည်းဖြည်း ပေါ်လာတာကိုးဗျ၊ ခေါင်းကြီး ဖူးဖူး ရောင်နေတဲ့ လူဟာ ပြောရင်း ဆိုရင်းနှင့် စိတ်တိုလာဟန် တူရဲ့၊ ကျွန်တော့်ကို ဒေါသထွက်ထွက်နှင့် အကြီးအကျယ် အော်ဟစ်ပြီး သူ့ရဲ့ အခြေခံ ရွတ်တွနေတဲ့ လက်ကြီးတွေနှင့် ကျွန်တော့်ကို လာကိုင်ပြီး အိပ်ရာထဲက ဆွဲထုတ်တယ် ခင်ဗျ၊ အဲဒီတုန်းက ကျွန်တော့် တစ်ကိုယ်လုံးမှာလည်း သေနတ် ဒဏ်ရာကြောင့် သွေးတွေ အလိမ်းလိမ်းနှင့်၊ အဲဒီလူကလည်း ကြည့်ရတာ လူ ပုံကတော့ ခပ်သေးသေးရယ်၊ တော်တော် သန်တဲ့ လူဗျို့၊ ကျွန်တော့်ကို အိပ်ရာ ထဲက အတင်း ဆွဲချနေတုန်းမှာပဲ အသက် ခပ်ကြီးကြီး လူ တစ်ယောက်က ဝင်လာလိုက်တော့မှ တစ်ခန်းလုံး တိတ်ဆိတ်သွားတော့တယ်၊ သူကသာ မတား ရင် ကျွန်တော့်ကို ဘယ်လိုလုပ်လို့ ဘယ်လို အခြေအနေကိုတောင် ရောက်မယ် ဆိုတာ ခန့်မှန်းလို့ မရဘူး၊ သူက ကျွန်တော့်ကို ဒင်းမတ် ဘာသာ စကားနှင့် ဆက်ပြောတယ်ဗျ၊ အသံကတော့ ခပ်တင်းတင်းပဲ၊ ဒီတွင် ကျွန်တော့်ကို ဆွဲနေ တဲ့ လူလည်း နောက်ကို ဆုတ်သွားတယ်၊ ပြီးတော့ အကြီးအကျယ် အံ့အားသင့် နေတဲ့ မျက်နှာနှင့် ကျွန်တော့်ကို လှမ်းကြည့်နေတယ်။

' "နေစမ်းပါဦး၊ မင်းက ဘာဖြစ်လို့ ဒီရောက်လာတာလဲ" လို့ ကျွန် တော့်ကို မေးတယ် ခင်ဗျ၊ ပြီးတော့မှ "နေဦး နေဦး၊ မင်း သိပ်ပင်ပန်းနေပြီ

www.burmeseclassic.com



ပြီးတော့ မင်းပခုံးက ဒဏ်ရာကြီးကိုလည်း ဆေး ထည့်ပေးရဦးမယ်၊ ငါ ဆရာဝန်ပါ၊ ဘာမှ စိတ်မပူပါနှင့်၊ ဒါပေမဲ့ မင်းကိုတော့ ဒီမှာ ကြာကြာထား မဖြစ်ဘူး၊ မြန်မြန် ပို့မှ ဖြစ်မယ်၊ ဒီကို လာတာဟာ မင်း အတွက် စစ်မြေပြင် သွားရတာထက်တောင် အန္တရာယ် ကြီးတယ်၊ ဒါက တခြား မဟုတ်ဘူး သူ ရဲ၊ ကုဋ္ဌနူနာ ဆေးရုံ”

‘ဒီတော့ ခင်ဗျား စဉ်းစားကြည့်ပေါ့ဗျာ၊ ကျွန်တော် အထူး ပြောစ မလိုတော့ပါဘူး၊ ကြည့်ရတာကတော့ တိုက်ပွဲ အနီးအနား တစ်ဝိုက်မှာ မယ်လို့ ထင်တာနှင့် ဆေးရုံကို တစ်မြန်နေ့လောက်က ပြောင်းရွှေ့ထားဟ တူတယ်ဗျ၊ ဒါပေမဲ့ အင်္ဂလိပ်တွေ တက်လာတဲ့ အခါကျတော့ သူတို့လည် ဆေးရုံကို ပြန်လာကြတာပေါ့၊ အဲဒီတုန်းမှာ ကျွန်တော်နှင့် သွားတွေ့ကြတာ သူတို့ကို ခေါ်လာတဲ့ လူက ကျွန်တော့်ကို ဆေးကုပေးတယ်၊ ဆရာဝန် ကို တိုင်က ကျွန်တော့်ကို ဘာပြောသလဲ ဆိုတော့ သူလည်း ဒီလူတွေ ကြားမှ နေလာတာ ကြာလှပြီတဲ့၊ သူ့ကိုယ်သူ ဒီရောဂါ ပြီးတယ်လို့လည်း ယူဆ တယ်တဲ့၊ ဒါပေမဲ့ ကျွန်တော် လုပ်သလို ရောဂါသည်တွေရဲ့ အိပ်ရာပေါ် တ ပြီးတော့ အိပ်ရဲသလားလို့ မေးရင်တော့ မအိပ်ရဲဘူးတဲ့၊ သူက ကျွန်တော့် အထူး ဆေးခန်း တစ်ခုထဲကို ခေါ်သွားပြီး တစ်ပတ်လောက် ကုပေးတယ် နောက်တော့ ကျွန်တော့်ကို ပရက်တိုးရီးယား အထွေထွေ ဆေးရုံကြီးကို လိုက်တာပဲ။

‘အဲဒီမှာတင် ကျွန်တော့်မှာ ဂြိုဟ်ဆိုး ဝင်တော့တာပဲဗျ၊ ကျွန်တေ လည်း သိပ်တော့ ကိုယ့်ကိုယ်ကိုယ် မမျှော်လင့်တော့ပါဘူး၊ ဒါပေမဲ့ အိမ်ရော သည် အထိတော့ ဒီလောက် အခြေအနေ မဆိုးလှသေးဘူးဗျ၊ အဲ အိမ်ကို ရော တော့မှ ကျွန်တော့် မျက်နှာပေါ်က အဖုအပိမ့်ကြီးတွေဟာ ပိုပြီး သိသာလာတေ တာပဲ၊ ဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ၊ ဒီအိမ်ကြီးထဲမှာ ကျွန်တော် လူ သူနှင့် အဆက်ဖြတ် နေရမယ်၊ ကျွန်တော်တို့မှာ စိတ်ချရတဲ့ အစေခံ နှစ်ဦ ရှိတယ်၊ ပြီးတော့ နေဖို့ အိမ် တစ်လုံး သတ်သတ် ရှိတယ်၊ ပြီးတော့ ဟောဒီ ဆရာဝန် မစ္စတာ ကင့်ကလည်း ကျွန်တော်နှင့် အတူ နေပါမယ်လို့ ကတိပေ တယ်၊ ကျွန်တော့် အဖို့တော့ ဒီတစ်နည်းပဲ ရှိတော့တယ်လေ၊ သို့မဟုတ် လူသိခံပြီး လူတွေရဲ့ ဝိုင်းပယ်ခြင်း ကြဉ်ခြင်းကို ခံမလား၊ ဒါမှမဟုတ် တော တောင်ထဲက အဲဒီ ကုဋ္ဌနူနာရုံကို သွားပြီး သူစိမ်းတွေနှင့် ဒီလိုပဲ ဓာတ်မြှု နေလိုက်တော့မလား၊ ဘာပဲဖြစ်ဖြစ် တောမှာတောင် ကျွန်တော့် ကိစ္စကို လူသိခံ





ဘူး၊ လူတွေ သိသွားရင် အုတ်အော်သောင်းတင်း ဖြစ်ပြီး ကျွန်တော်လည်း ကြား ရောဂါ ဆေးရုံကို ရာသက်ပန် ရောက်သွားနိုင်တယ်၊ ဒါကြောင့် တော် ဘယ်သူ့ကိုမှ အသိ မပေးခဲ့ဘူးဗျ၊ ခင်ဗျားကိုတောင် ကျွန်တော် ထားခဲ့တယ်၊ ခုမှ အဖေက ဘာဖြစ်လို့ ခွင့်ပေး လိုက်သလဲ ဆိုတာ တော်ဖြင့် စဉ်းစားလို့တောင် မရဘူး’

ဗိုလ်မှူးကြီး အမ်းစဝါ့က ကျွန်ုပ်အား လက်ညှိုးထိုးလျက် ‘ဟောဒီက ကြီး အကျပ် ကိုင်တာပေါ့ဗျာ’ ဟု ဆိုကာ သူ့ လက်ထဲတွင် ကိုင်ထား စာရွက်ကလေးကို ဖြေ၍ ပြလေ၏။

ထိုစာရွက်ကလေးမှာ ခပ်စောစောက ကျွန်ုပ် ပေးလိုက်သည့် စာရွက် ဖြစ်ပြီး စာရွက်ပေါ်တွင် ကုဋ္ဌနူနာဟု ရေးသားထားလေ၏။

‘ဒီက စုံထောက်ကြီးက ဒီလောက် အထိ သိနေတယ် ဆိုရင် ကျွန်တော အားလုံးကိုလည်း သူ သိတာ ပိုပြီး ကောင်းမယ် ဆိုပြီး တွေ့ခွင့် ပေး တာပါ’

‘ခုလို အသိ ပေးတာ ကောင်းတာပေါ့ ခင်ဗျာ၊ ဒီလို အသိ ပေးလိုက်တဲ့ တ် ပိုပြီး ကောင်းမလာဘူးလို့ ဘယ်သူ ပြောနိုင်သလဲ၊ ခု ကျွန်တော် သိ လောက် ပြောရရင် မစ္စတာ ကင့် တစ်ယောက်ပဲ လူနာကို ကြည့်နေရတယ် ထင်တယ်၊ ဒီတော့ မစ္စတာ ကင့်ကို ဒီရောဂါမှာ ကျွမ်းကျင်တဲ့ ပါရဂူ ဦး အနေနှင့် ကျွန်တော် မေးပါရစေဗျာ၊ ဒီရောဂါတွေထဲမှာ ဘယ်လို အမျိုး ဟာ အပူပိုင်းဇုန် သို့မဟုတ် အပူပိုင်းဇုန် အောက်မှာ ဖြစ်တတ်ပါသလဲ’

‘ကျွန်တော်က အထူးကု မဟုတ်ပါဘူး၊ ကျွန်တော့်မှာ အထွေထွေကု ဝန် တစ်ယောက်ရဲ့ ဆေးပညာ အရည်အချင်းလောက်ပဲ ရှိတာပါ’ ဟု ထို ခပ်မှန်မှန် ပြောလေ၏။

‘ဟုတ်ပါပြီဗျာ၊ ဒေါက်တာဟာ ဒီရောဂါ အကြောင်းကို အထိုက် အ က် ကျွမ်းကျင်တယ်လို့တော့ ကျွန်တော် ယူဆပါတယ်၊ သို့သော်လည်း ဘယ်လိုပဲဖြစ်ဖြစ် ဒီလို ကိစ္စမျိုးမှာ ဒုတိယ ထင်မြင်ချက် တစ်ခုဟာလည်း တန်တယ် ဆိုတာ ဒေါက်တာ လက်ခံလိမ့်မယ် ထင်ပါတယ်၊ ကျွန်တော် သလောက် ပြောရရင်တော့ လူနာကို သတ်သတ် ခွဲထားဖို့ ဒေါက်တာ့ကို င်း တိုက်တွန်းမှာ စိုးတဲ့ အတွက် ဒေါက်တာကလည်း ဒီ အခြား ထင်မြင် ကို တမင် မယူခဲ့ဘူးလို့ ထင်ပါတယ်’

‘မှန်ပါတယ်’ ဟု ဗိုလ်မှူးကြီး အမ်းစဝါ့က ဝင်ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒီအခြေအနေကို ကျွန်တော်တို့ ကြိုမြင်ခဲ့ပါတယ်လေ၊ ဒီတော့ ကျွန်တော်တို့နှင့် အတူ စိတ်ချ အားကိုးရတဲ့ ဆရာဝန် တစ်ယောက် ပါလာပါတယ်၊ ကျွန်တော်က သူ့ကို တစ်ခါ ကူညီခဲ့ဖူးတဲ့ အတွက်ကြောင့် ခုကိစ္စမှာလည်း ကျွမ်းကျင်သူ တစ်ယောက် အနေထက် ကျွန်တော့်ကို မိတ်ဆွေ တစ်ယောက် အနေနှင့် အကူအညီ ပေးမှာပါ၊ သူ့နာမည်က ဒေါက်တာ ဂျိမ်း ဆောင်းဒါးပါ'

မစ္စတာ ကင့်မှာ ထိုအမည်ကို ကြားလိုက်သည်နှင့် များစွာ အံ့ဩ ဝမ်းသာလျက် ရှိလေ၏။ စစ်ဗိုလ်ချုပ်ကြီး တစ်ယောက်ကို တွေ့ရသည့် စစ်သားလေး တစ်ယောက်၏ ပျော်ရွှင်မှုနှင့် အံ့ဩမှုတို့သည် မစ္စတာ ကင့်၏ မျက်နှာပေါ်တွင် တွေ့ရသည့် ဝမ်းသာမှုနှင့် အံ့ဩမှုတို့ထက် ပိုမည် မထင်ချေ။

'ဒီလိုဆို ဝမ်းသာစရာပေါ့ ခင်ဗျာ၊ ကျွန်တော့် အတွက်လည်း ဂုဏ်ယူစရာပေါ့'

'ဒီလို ဆိုရင် ဒေါက်တာ ဂျိမ်း ဆောင်းဒါးကို ကျွန်တော် ခေါ်လိုက်တော့မယ်နော်၊ ခု အပြင်ဘက် ရထားပေါ်မှာ ထိုင်နေရစ်ခဲ့တယ် ခင်ဗျ၊ ဗိုလ်မှူးကြီးရေ၊ စာကြည့်ခန်းထဲ သွားပြီး စောင့်ကြတာပေါ့၊ အဖြစ်အပျက်ကိုတော့ ကျွန်တော်ကပဲ ရှင်းပြပါ့မယ်'

ဤနေရာတွင် ကျွန်ုပ်သည် မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင်ကို အထူး သတိ ရမိပေ၏။ လှည့်ပတ် မေးမြန်းခြင်း၊ တအံ့တဩ အာမေဍိတ် ပြုခြင်း စသည့် နည်းများဖြင့် ကျွန်ုပ်၏ စဉ်းစားဉာဏ်ကို စနစ်တကျ ကျင့်သုံးခြင်း ဟူသော သာမန် အတတ်ပညာကလေး တစ်ခုကို အံ့ဖွယ်သရဲ ထူးကဲသော အရည်အချင်းကြီး တစ်ရပ် ဖြစ်အောင် ရေးတတ်သူ ဖြစ်ပါပေ၏။ ကျွန်ုပ်၏ အဖြစ်အပျက်ကို ကိုယ်တိုင် ပြန်ပြောနေသည့် ယခု အခါတွင်မူကား ကျွန်ုပ်၌တွင် အလားတူ အထောက်အကူ ပစ္စည်းတို့ မရှိတော့ချေ။ သို့တိုင်အောင် ယခု ဗိုလ်မှူးကြီး အမ်းစဝ့်၏ စာကြည့်ဆောင်တွင်လည်း ကျွန်ုပ်သည် ဂေါဖရီ၏ အမေ အပါအဝင် ရှိသမျှ ပရိသတ်ကလေးကိုပင် ဤအဖြေကို မည်သို့ မည်ပုံ ရလာကြောင်း၊ မည်သို့ စဉ်းစားယူကြောင်းကို ရှင်းလင်းပြခဲ့ပေ၏။

'ခုလို အတွေးမျိုး ဘယ်လို ရလာတယ် ဆိုတာက ဒီလိုပါ၊ မဖြစ်နိုင်တဲ့ အရာတွေ အားလုံးကို ဖယ်ရှားလိုက်တဲ့ အခါကျတော့ ကျန်တဲ့ အရာတွေ အားလုံးဟာ ဘယ်လောက်ပဲ ဖြစ်နိုင်စရာ မရှိဘူးလို့ ထင်ရသည့်တိုင် အဲဒါတွေ အားလုံးဟာ အမှန်တရားပဲ ဆိုတဲ့ သဘော အတိုင်းပါပဲ၊ စဉ်းစားစရာ ရှိတဲ့ အချက်တွေကို ကျွန်တော်တို့ ကုန်အောင် စဉ်းစားတယ်၊ စဉ်းစားချက် တစ်ခု





တိုင်း ဒီစဉ်းစားချက်ဟာ ဖြစ်နိုင် မဖြစ်နိုင် အထောက်အထား ရှာတယ်၊ သပ်ကြည့်တယ်၊ ခုလည်း ဒီအတိုင်းပဲ၊ ကျုပ်တို့ စဉ်းစားယူတာပါပဲ၊ ခု မှုကို စဉ်းစားလိုက်တဲ့ အခါကျတော့ ဟောဒီက ကျုပ်တို့ မိတ်ဆွေဟာ အိမ်ထဲမှာ ဘာဖြစ်လို့ အိမ်တစ်အိမ်နှင့် သီးခြား ပိတ်ပြီး နေရတာ သို့မဟုတ် ဘာဖြစ်လို့ သူ့ကို သီးခြား ခွဲထားရသလဲလို့ ကျုပ် စဉ်းစား ကြည့်လိုက်တော့ အချက် သုံးချက်ကို သွားတွေ့ရတယ် ခင်ဗျ၊ တစ်ခုကတော့ ဝတ်မှု တစ်ခုကို ကျူးလွန်ခဲ့မိလို့ ရှောင်ပုန်းနေတာ၊ သို့မဟုတ်ရင်လည်း ပ်နေလို့ အရူးထောင်ကို အပို့ခံရမှာ စိုးတဲ့ အတွက် သူ့ကို ပိတ်လှောင် ထားတာ၊ သို့မဟုတ်ရင်လည်း ကူးစက်တတ်တဲ့ ရောဂါ တစ်ခုခု ရှိလို့ သူ့ကို လှောင်ထားတာ၊ ဒီသုံးမျိုးပဲ ဖြစ်နိုင်စရာ အကြောင်း ရှိတယ်၊ ဒီအပြင် အကြောင်းကို စဉ်းစားလို့ မရဘူး၊ ဒီတော့ ဒီအကြောင်း သုံးချက်ကို နိုင် မဖြစ်နိုင် တစ်ခုစီ စဉ်းစားကြည့်ဖို့ လိုလာတယ် ခင်ဗျ။

'စဉ်းစား ကြည့်လိုက်တဲ့ အခါကျတော့ ရာဇဝတ်မှု ကျူးလွန်တယ် တဲ့ အချက်ဟာ သိပ်မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီနယ်ကနေပြီး ဖြေရှင်းနိုင်သေးတဲ့ ရာဇဝတ်မှု ကြီးကြီးကျယ်ကျယ် တစ်ခုမှ ရှိတယ်လို့ တင်း မရဘူးဗျ၊ ဒါကတော့ သေချာတယ်၊ နောက် တစ်ချက်က အကယ်၍ ဝတ်မှု ဖြစ်မှုကို ကျူးလွန်ထားတဲ့ အတွက် မပေါ်သေးဘူး ဆိုရင်လည်း ဘများဟာ ရာဇဝတ်မှု ကျူးလွန်ထားတဲ့ သားကို ဘာဖြစ်လို့ အိမ်ထဲမှာ လှောင်ထားမလဲ၊ အထောက်အပံ့ အပြည့်အစုံ ပေးလိုက်ပြီး လွတ်ရာကျွတ် နိုင်ငံခြားတို့ ဘာတို့ကို လွှတ်လိုက်တော့မှာပေါ့၊ ဒီတော့ ရာဇဝတ်မှု ကျူး ထားလို့ သီးခြား ပိတ်လှောင်ထားတယ် ဆိုတဲ့ စဉ်းစားချက်ဟာ မဖြစ်နိုင် ဘူး၊ ဒါကြောင့် ဒီစဉ်းစားချက်ကို ကျုပ် ပယ်လိုက်တယ်။

'ဒါဖြင့်ရင် အထဲမှာ ရှိတဲ့ သူ့သားဟာ ရူးနေလို့လားလို့ စဉ်းစားစရာ ပြန်တယ်၊ ဒီအချက်က ပထမ အချက်ထက် ပိုပြီး ဖြစ်လာနိုင်တယ်၊ ပြီး သူ့အနားမှာ အစောင့် တစ်ယောက် ရှိနေတယ် ဆိုတဲ့ အခါကျတော့ ယ် ဆိုတာ ပိုပြီး ဖြစ်နိုင်တဲ့ သဘောကို ဆောင်နေတယ်၊ ပြီးတော့ သူ င် ထွက်တဲ့ အခါမှာ အခန်းကို သော့ပိတ်ပြီး သတိ ဝီရိယနှင့် ထွက်လာ ဆိုပြန်တော့ ဒီရောဂါရှင်ကို တော်တော် ထိန်းသိမ်း ထားရတယ် ဆို ပေါ်နေတယ်၊ သို့သော်လည်း သိပ်ပြီး တင်းတင်းကျပ်ကျပ် ချုပ်ထားဟန် မတူဘူး၊ တင်းကျပ်တယ် ဆိုရင် ဒီလူဟာ



www.burmeseclassic.com

www.burmeseclassic.com



အပြင် ထွက်လာပြီး သူ့မိတ်ဆွေကို ဘယ်လာပြီး ကြည့်နိုင်ပါ့မလဲ၊ မစ္စတာ ဒေါ်၊ ခင်ဗျား မှတ်မိဦးမလား မသိဘူး၊ အဖြစ်အပျက်ကို ခင်ဗျား လာပြောတဲ့ အခါကျတော့ စောင့်တဲ့ လူက သတင်းစာ တစ်စောင်ကို ဖတ်နေတယ်၊ သူ ဖတ်နေတဲ့ သတင်းစာဟာ ဆိုဒ်ကြီးလား ဆိုဒ်သေးလားလို့ ကျုပ် မေးလိုက်တာ မှတ်မိသေးတယ် မဟုတ်လား၊ အဲဒီတုန်းကသာ သူ ဖတ်နေတာဟာ လင်းဆက် ဂျာနယ် သို့မဟုတ် ဗြိတိသျှ ဆေးပညာ ဂျာနယ် ဆိုတာကို သိလိုက်ရရင် အဲဒီတုန်းကတည်းကိုက အဖြေ တော်တော်ကလေး ပေါ်သွားနိုင်တယ်ဗျ၊ ပြီးတော့ သတ်မှတ်တဲ့ အရည်အချင်း ပြည့်ဝသူ တစ်ယောက်ရဲ့ စောင့်ရှောက်မှုနှင့် စိတ်မနှံ့သူ တစ်ယောက်ကို ကိုယ့်အိမ်ထဲမှာကိုယ် ထိန်းသိမ်းထားခြင်းဟာ တရား မဝင်တဲ့ ကိစ္စမှ မဟုတ်ပေဘဲကိုးဗျ၊ ဆိုင်ရာ အာဏာပိုင်ကို အကြောင်းကြားပြီး ထားလို့ရတဲ့ ကိစ္စကိုး၊ ဒါဖြင့် ဘာဖြစ်လို့ ဒီလူကို ဒီလောက် လျှို့ဝှက်ထားရတာလဲ၊ ကျုပ်လည်း ဖြစ်နိုင်ချက်တွေ အားလုံးကို စဉ်းစားပြီး စဉ်းစားချက်နှင့် အချက်အလက်တွေ ကိုက် မကိုက် တိုက်ဆိုင် ညှိနှိုင်းကြည့်တယ် ဒါပေမဲ့ အချက်အလက်တွေနှင့် ကျုပ် တွေးလုံးနှင့် သိပ်မကိုက်ဘဲ ဖြစ်နေတယ်

'ကဲ ဒီတော့ ဘာဖြစ်နိုင်သလဲ၊ ဖြစ်နိုင်ချက်တွေ အားလုံးကို စဉ်းစားပြီးပြီ၊ စဉ်းစားလိုက်တဲ့ အခါမှာ အချက်အလက်နှင့် မကိုက်တဲ့ အတွက် မဖြစ်နိုင်တဲ့ အကြောင်းတွေ တွေ့လာရပြီ၊ ရှားတော့ ခပ်ရှားရှားပဲ၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ အရေပြား ရောဂါဟာ အာဖရိကတိုက်မှာ သိပ်တွေ့ခဲလှတဲ့ ရောဂါမျိုး မဟုတ်ဘူးဗျ၊ တွေ့ရိုးတွေ့စဉ် ရောဂါ တစ်ခု၊ ဒီတော့ ဒီလူငယ်ကလေးဟာ အကြောင်း တိုက်ဆိုင်မှု တစ်ခုခုကြောင့် ဒီရောဂါ စွဲကပ်ခဲ့ရတယ်၊ ဒီတော့ မိဘတွေ အဖို့ စဉ်းစားစရာ ဖြစ်လာတယ်၊ သူတို့သားကို သီးခြား ခွဲမထားချင်ဘူး၊ သီးခြား ခွဲမထားဘူး ဆိုရင် သူနှင့်တကွ သူတို့တစ်တွေ အားလုံးပါ လောကကြီးနှင့် အဆက် ပြတ်ရတော့မယ်၊ ဒီသတင်းကို မပေါက်ကြားအောင် လုံအောင် ထိန်းထားဖို့ လိုတယ်၊ လုံအောင် မထိန်းနိုင်ရင် အရပ်ကလည်း စကား ပြောလာမယ်၊ သက်ဆိုင်ရာ အာဏာပိုင်တွေကလည်း ဒီအတိုင်း ကြည့်နေမှာ မဟုတ်ဘူး၊ ဒီတော့ မိဘတွေ အနေနှင့် ဘာလုပ်ရမလဲ၊ ထိုက်သင့်တဲ့ အခကြေးငွေကို ပေးရင် ဒီရောဂါရှင်ကို ပြုစု ကုသဖို့ ကျွမ်းကျင်တဲ့ ဆရာဝန် တစ်ယောက်ကို ရနိုင်တယ်လို့ စဉ်းစားမိကြတယ်၊ နေ့လယ်မှာ ရောဂါသည်ကို အိမ်ထဲမှာ ထားတယ်၊ ည လူမမြင်နိုင်တဲ့ အချိန်လောက်ကျမှ သူ့ကို အပြင်ထွက် ခြံထဲမှာ လမ်းလျှောက်ခိုင်းမယ်၊ ဒီအတိုင်း စိတ်ကူးမိကြတယ်ဗျ၊ အာ





ဖြင့် ဒီလို ရောဂါမျိုးဟာ အရေပြား ဖြူတာဟာ အဓိက လက္ခဏာ မဟုတ် ပြီးတော့ ရောဂါကလည်း တော်တော်လေးကို ကြီးတယ် ဆိုတာ ကျုပ် ထားလိုက်မိတယ်ဗျ၊ အိမ်ထဲကို ရောက်တော့ ဘဏ္ဍာစိုး အဘိုးကြီးက လက်အိတ်ကို ချလိုက်တာ မြင်တယ်၊ အဲဒီ လက်အိတ်ကို ကျုပ် မသိမသာ ကြည့်လိုက်တဲ့ အခါကျတော့ ပိုးသတ်တဲ့ ဆေးတွေ ဖျန်းထားတယ် ဆိုတာကို သိလိုက်ရတယ်ဗျ၊ ဒီတွင် ကျုပ် အဖို့ သံသယ အားလုံး ရှင်းသွားတော့တာပဲ၊ ပြီးတော့ ကျုပ်က စာလုံးကလေး တစ်လုံး ရေးပြလိုက်ရုံနှင့် ခင်ဗျားတို့ လျှို့ဝှက်ချက်ကို သိသွားပြီ ဆိုတာ ခင်ဗျားတို့ မြင်လိုက်ပြီဗျ၊ ပြီးတော့ ကျုပ်က စကားလုံးကလေးကို ထုတ်မပြောဘဲနှင့် စာရွက် တစ်ရွက်ပေါ်မှာ ရေးပြလိုက်တာကတော့ ကျုပ်ဟာ နှုတ်လုံတဲ့ လူ တစ်ယောက်၊ စိတ်ချရတဲ့ လူ တစ်ယောက် ဆိုတာ ပေါ်အောင်လို့ ရေးပြလိုက်တာပဲဗျ'

ကျွန်ုပ်က ထိုသို့ ပြောဆိုလိုက်စဉ် အိမ်ရှေ့ တံခါးသည် ပွင့်လာကာ ရောဂါပိုးဗေဒ ပါရဂူ ဆရာ ဂျိမ်း ဆောင်းဒါးသည် အခန်းထဲသို့ ဝင်ရောက်လာ၏၊ မျက်နှာထား တင်းမာ တည်ငြိမ်သော်လည်း သူ့မျက်လုံးများထဲတွင် ကြင်လို့ ခင်မင်သည့် အမူအရာသည် အထင်းသား ပေါ်လျက် ရှိလေ၏။

ဆရာ ဂျိမ်း ဆောင်းဒါးသည် ဗိုလ်မှူးကြီးဆီသို့ လျှောက်သွားကာ လက် နှုတ်ဆက်ပြီးလျှင်

'ကျုပ်မှာ ဘယ်လို အကုသိုလ်ကြောင့်လည်း မသိပါဘူးဗျာ၊ လူတွေ အတွက် မကောင်း သတင်းကိုချည်း ယူလာရတဲ့ လူမျိုး လာဖြစ်နေတယ်၊ ဒီ အခါကတော့ မကောင်း သတင်း မဟုတ်တော့ပါဘူး၊ ကောင်းသတင်းကို ယူလာရတာပါ၊ ခု ဒီလူငယ် ဖြစ်နေတာဟာ ကုဋ္ဌနူနာ ရောဂါ မဟုတ်ပါဘူး'

'ကုဋ္ဌနူနာ မဟုတ်ရင် ဘာလဲ ခင်ဗျာ'

'အစ်သီယိုးဆစ် ဆိုတဲ့ သာမန် အရေပြား ရောဂါ တစ်မျိုးပါ၊ ဒီရောဂါ ဖြစ်ရင် ကိုယ် အရေပြားပေါ်မှာ အကွက်တွေ ထပြီး အရေတွေ ဖြူလာတတ် ကြည့်ရတာ အင်္ဂမတန် အရုပ် ဆိုးပြီး ပျောက်ခဲတယ်၊ သို့သော်လည်း ကုလို့ ပျောက်နိုင်တဲ့ ရောဂါမျိုးပါ၊ ပြီးတော့ ကူးစက်တတ်တဲ့ ရောဂါမျိုးထဲ မှာလည်း မဟုတ်ပါဘူး၊ သို့သော်လည်း စုံထောက်ကြီးရေ၊ တိုက်ဆိုင်မှုကတော့ တော်တော် ထူးခြားတဲ့ တိုက်ဆိုင်မှုပဲဗျ၊ အခု အဖြစ်အပျက်ဟာ တကယ် တိုက်တဆ ဖြစ်သွားတာလား၊ လောကကြီးမှာ ကျုပ်တို့ မသိသေးဘဲ ကွယ်နေပြီး လူ့ကံကြမ္မာကို ဩဇာပေး လွှမ်းမိုးနေတဲ့ အင်အားစုတွေကော မရှိ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ဘူးလား၊ နောက်တစ်ချက်က ဒီရောဂါရှင်ဟာ အဲဒီ ဆေးရုံပေါ် သွားအိပ်မိပြီလို့ သိတဲ့ အချိန်က စပြီး သူ့ရဲ့ စိတ်ထဲမှာ အကြောက် လွန်ပြီး သူ့မှာလည်း ဒီရောဂါမျိုး ဖြစ်တော့မှာပဲလို့ စိုးရိမ်ကောင်း စိုးရိမ်နေခဲ့လိမ့်မယ် ဗျ။ ဒါကြောင့် ဥပါဒါန်ကြောင့် ဥပဒ်ရောက် ဆိုသလို စိတ်စွဲလမ်းရာက စပြီး ခုလို ဆူဒို လက်ပရိုစီလို့ ခေါ်တဲ့ အရေပြား ရောဂါ အတု တစ်မျိုး ဖြစ်လာတာ ပဲလို့ ယူဆရတာပဲ၊ သို့သော်လည်း ဘယ်လိုပဲ ဖြစ်ဖြစ် ရောဂါ ပိုးမွှားဗေ ပါရဂူ တစ်ယောက် အနေနှင့် စိတ်ချလက်ချ ပြောနိုင်တဲ့ အချက်ကတော့ -- အလို၊ လုပ်ကြပါဦးဗျို့၊ အဘွားကြီး မူးမေ့ လဲသွားပြီဗျ၊ ကဲ မစ္စတာ ကင့်ရေ အဘွားကြီးတော့ သားရဲ့ ရောဂါ သတင်းကို ကြားတာနှင့် ဝမ်းသာလုံး ဆို့ပြီး မေ့သွားတာဗျ၊ ဒီတော့ လောလောဆယ်မှာ သူငယ်ကို စောင့်ရှောက် ပြုစုဖို့ထက် အဘွားကြီး သတိ ပြန်ရအောင်သာ လုပ်ပေတော့'

[မူရင်း ဝတ္ထု *The Adventure of The Blanched Soldier.* ရှေ့ဒေါင်း၏ ရှ ထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]



# ပြည်တန်ကျောက် အမှု



ထူးခြားသော စွန့်စားခန်းများ စတင်ရာ ဖြစ်သည့် ဘေကာလမ်း ပထမ အထပ်မှ ညစ်ပတ် ရှုပ်ပွေနေသော အခန်းသို့ ပြန်ရောက်လာသည့် အခါတွင် ဒေါက်တာ ဝပ်ဆင်သည် အကျေနပ်ကြီး ကျေနပ်လျက် ရှိလေ၏။ ဒေါက်တာ ဝပ်ဆင်သည် နံရံတွင် ချိတ်ဆွဲထားသည့် သိပ္ပံ ပညာနှင့် ပတ်သက်သော ဇယားချပ်ကြီးများကို လည်းကောင်း၊ အက်စစ်တို့ လောင်ကျွမ်းထားသည့် ဓာတုဗေဒ စမ်းသပ်မှုများ ပြုလုပ်ရာ စားပွဲခုံကို လည်းကောင်း၊ အခန်းထောင့် ဆိုဖာတွင် ထောင်ထားသည့် တယော သေတ္တာကို လည်းကောင်း၊ ယခင်ကကဲ့သို့ပင် ဆေးတံပေါင်းများ ဆေးအိတ်များ ထိုးထည့်ထားသည့် မီးသွေး ထည့်သည့် ခွက်ကို လည်းကောင်း လှမ်းကြည့်လျက် ရှိလေ၏။ ထိုနောက်မှ ဒေါက်တာ ဝပ်ဆင်သည် ရှားလော့ဟုမ်း အား လာရောက် ကူညီနေသည့် ဖျတ်လတ် အကင်းပါးသော လူငယ်ကလေး ဘီလီ၏ နုနယ် ပျိုမြစ်၍ ပြုံးချိုလျက် ရှိသော မျက်နှာကို လှမ်းကြည့်လိုက် လေ၏။

'ဘီလီရေ၊ မင်းတို့ အခန်းမှာ ပြောင်းလဲတာ သိပ် မရှိပါကလားကွ၊ မင်းကလည်း မပြောင်းလဲဘူး၊ မင်းဆရာကလည်း ပြောင်းမယ် မထင်ပါဘူး၊ ပြောင်းသွားတာဘူးလား'

ဘီလီသည် ပိတ်ထားသည့် အိပ်ခန်း တံခါးကို စိုးရိမ်တကြီးဖြင့် လှမ်း ကြည့်လိုက်လျက်

'ဆရာကတော့ အိပ်ရာထဲမှာ အိပ်နေတုန်းပဲ ထင်တယ် ခင်ဗျ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ သာယာသည့် နွေရာသီ ညနေပိုင်း ခုနစ်နာရီ အချိန် ဖြစ်သည် တိုင် ဒေါက်တာ ဝပ်ဆင်မှာ သူ့မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ ဖြစ်ကတတ် ဆန်း နေထိုင်တတ်ခြင်းကို အံ့ဩခြင်း မဖြစ်တော့ချေ။

'ဘာလဲကွ၊ အမှု တစ်ခု ကိုင်နေသလား'

'ဟုတ်တယ် ခင်ဗျ၊ အမှု တစ်ခုကို အရေးတကြီး လိုက်နေတယ်၊ ကျွန် တော်တော့ ဆရာ့ ကျန်းမာရေး အတွက်တောင် စိုးရိမ်မိသေးတယ်၊ တစ်နေ့ တခြား အသားက ဖျော့သထက် ဖျော့လာပြီး လူကလည်း ပိန်သထက် ပိန်လာ တယ် ခင်ဗျ၊ ပြီးတော့ အစားလည်း နည်းနည်းမှ မစားဘူး၊ အိမ်ရှင် အဘွားကြီး က စုံထောက်ကြီး ဘယ်အချိန်မှာ ညစာ စားချင်သလဲလို့ မေးတော့ သန်ဘက် ညနေ ခုနစ်နာရီခွဲကျမှ ညစာ စားမယ်လို့ ဖြေတယ် ခင်ဗျ၊ အမှု တစ်ခုကို စိတ်ဝင်စားပြီ ဆိုရင် သူ ဘယ်လို နေတတ်တယ် ဆိုတာ ဆရာကြီးလည်း သိ သားပဲ ခင်ဗျာ'

'အေးပါကွာ၊ ငါ သိတာပေါ့'

'ဆရာ့ကို ကြည့်ရတာ တစ်ယောက်ယောက် နောက်ကို လိုက်နေဟန် တူတယ် ခင်ဗျ၊ မနေ့တုန်းက အလုပ် ရှာထွက်တဲ့ လူ တစ်ယောက် ပုံသဏ္ဌာန် နှင့် ထွက်သွားတာပဲ၊ ဒီနေ့ကျတော့လည်း အဘွားကြီး တစ်ယောက်ပုံ ရုပ်ဖျက် ပြီး ထွက်သွားတယ်၊ ခုတော့ ကျွန်တော်လည်း ကျွန်တော့် ဆရာ နည်းတွေ အထိုက်အလျောက် သိသင့်သလောက် သိနေပြီပေါ့ ဆရာကြီးရယ်၊ ဟောဟိုမှာ ဆရာကြီးရဲ့ မနေ့က ဆရာ ကိုင်သွားတဲ့ မိန်းမ အသုံးအဆောင် တစ်ခု'

ဘီလီသည် ပြုံးပြုံးရယ်ရယ်နှင့် အခန်းထောင့်တွင် ထောင်ထားသည့် ခပ်ပွပွ ထီးတစ်ချောင်းကို ပြလေ၏။

'နို့ နေစမ်းပါဦး ဘီလီရဲ့၊ မင်းဆရာ ဘာတွေကို လိုက်နေတာတဲ့လဲ'

ဘီလီသည် နိုင်ငံတော် လျှို့ဝှက်ချက်ကြီး တစ်ခုကို ဆွေးနွေးနေသည့် နှယ် လေသံကို နှိမ့်လိုက်လျက်

'ဆရာကြီးကိုတော့ ကိုယ့် အချင်းချင်းမို့လို့ ပြောရမှာပဲ၊ တခြား မဟုတ် ဘူး ဆရာကြီးရေ၊ အမှုက သရဖူက စိန်ကြီး တစ်လုံး ပျောက်သွားတဲ့ ကိစ္စ ကျွန်တော်လည်း ဒီထက်တော့ ပိုပြောခွင့် မရှိဘူး'

'ဘာကွ၊ ပေါင် တစ်သိန်းတန် စိန်ကြီးကို ခိုးသွားတဲ့ ကိစ္စလား'

'ဟုတ်တယ် ခင်ဗျ၊ ဒီစိန်ကြီးကို မရမနေ လိုက်ရှာရမယ်၊ ဝန်ကြီးချုပ် နှင့် ပြည်ထဲရေး ဝန်ကြီး ကိုယ်တိုင် ဟောဒီကို ရောက်လာပြီး ဟောဒီ ဆို





မှာ ထိုင်ပြီး ဆရာ့ကို ပြောသွားကြတယ် ခင်ဗျ၊ ဆရာက သူတို့ကို စိတ် သာအောင်တော့ ပြောလိုက်ပါတယ်၊ ပျောက်တဲ့ ပစ္စည်းတွေကို အတတ်နိုင် ကြိုးစား ရှာပေးပါ့မယ်တဲ့၊ ပြီးတော့ လော့ဒ် ကင်တဲမီယာလည်း ပါတယ်

'ဘာကွ၊ သူလည်း ပါလာသေးသလား'

'ဟုတ်တယ် ခင်ဗျ၊ ဒီအဘိုးကြီးကို ကြည့်ရတာ တော်တော် ခွကျတဲ့ ကြီး ခင်ဗျ၊ ဝန်ကြီးချုပ်တို့ ဘာတို့ကို ကြည့်ရတာက ပျော့ပျော့ပျောင်း င်းပဲ ခင်ဗျ၊ ပြည်ထဲရေး ဝန်ကြီး ဆိုရင်လည်း ယဉ်ယဉ်ကျေးကျေးပါပဲ၊ မဲ့ အဲဒီ လော့ဒ် ကင်တဲမီယာ ဆိုတဲ့ အဘိုးကြီးကတော့ တစ်မျိုးပဲ ခင်ဗျ၊ တော်တွင် မကဘူး၊ ဆရာကလည်း အဲဒီ အဘိုးကြီးကို သိပ် သဘောကျပုံ ဘူး၊ ပြီးတော့ အဘိုးကြီးကလည်း ဆရာ့ကို သိပ်ယုံကြည်ပုံ မရဘူး၊ ဆရာ့ ငှားတာကိုလည်း ကြိုက်ပုံ မရဘူး၊ ဒါပေမဲ့ သူ မငှားချင်ပေမဲ့ ဘယ်ရ ခင်ဗျာ'

'ဒါကို မစ္စတာ ဟုမ်းကော သိရဲ့လား'

'ဆရာကတော့ သိစရာ မှန်သမျှကို အကုန် သိတဲ့ လူစားပဲ ခင်ဗျာ'

'အင်း၊ ဒီလို ဆိုရင် ဟုမ်းက အမှုကို ပေါ်အောင် ကြိုးစားနိုင်ပြီ ဆိုရင် ဒ် ကင်တဲမီယာတော့ တော်တော် အောင့်သွားမှာပေါ့ကွာ၊ ဟေ့ ဘီလီရေ၊ ပြတင်းပေါက်မှာ ကန့်လန့်ကာကြီးက ဘာဖြစ်လို့ ကာထားရတာလဲ'

'လွန်ခဲ့တဲ့ သုံးရက်လောက်တုန်းက ဆရာ အတပ်ခိုင်းလို့ တပ်ရတာပေါ့ ကြီးရဲ့၊ အဲဒီ နောက်မှာ သွားကြည့်မှ ပိုပြီး ရယ်ရတာ ဆရာကြီးရေ'

ဘီလီသည် ကန့်လန့်ကာ အနီးသို့ တိုးသွားကာ စက်ဝိုင်းခြမ်းပုံ ချောင် ယေးကို ကာထားသည့် ကန့်လန့်ကာကို ဆွဲလိုက်လေ၏။

ဒေါက်တာ ဝပ်ဆင်မှာ အံ့အားသင့်လွန်းသည့် အတွက် ပါးစပ်မှ အသံ ပြင် အော်လိုက်မိလေ၏။ ကန့်လန့်ကာ နောက်ကွယ်တွင် တွေ့လိုက်ရ အရာမှာ တခြား မဟုတ်။ မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ ပုံတူ ဖြစ်၍ ပေါ်တွင် ညဝတ် အင်္ကျီကို ဝတ်ထားကာ ကုလားထိုင်ပေါ်တွင် ထိုင်လျက် ပုံ ဖြစ်လေ၏။ ပုံမှာ ပြတင်းဘက်သို့ လေးပုံ သုံးပုံခန့် လှည့်နေပြီးလျှင် င်းကို အောက်သို့ အနည်းငယ် ငုံ့ထားကာ စာဖတ်နေသည့် အနေအထား ဖြစ်လေ၏။ ဘီလီသည် ရုပ်တုမှ ခေါင်းကို ဆွဲဖြုတ်လိုက်ကာ ပေါ်ပြင် တ်ကိုင်ပြလျက်



www.burmeseclassic.com

www.burmeseclassic.com



'တကယ့် သက်ရှိ လူနှင့် တူအောင် ခေါင်း အနေအထားကို မကြာခဏ ပြောင်းပေးရတယ် ဆရာကြီးရဲ့၊ ခေါင်း အနေအထား ပြောင်းတော့မယ် ဆိုရင် ပြတင်းပေါက် ခန်းဆီးတွေကို ချပြီးမှ ခေါင်းကို လှည့် လှည့်ပေးရတယ်၊ ခန်းဆီးကို ဖယ်လိုက်ရင် လမ်းတစ်ဖက် တိုက်ခန်းကနေ လှမ်းမြင်နေရတယ်'

'ဒီလို ပုံတူမျိုးနှင့် အရောင် ပြတာမျိုးကို တို့လည်း အရင်တုန်းက လုပ်ခဲ့ဖူးပါတယ်ကွာ' ဒေါက်တာ ဝပ်ဆင်က ပြောလိုက်လေ၏။

'ကျွန်တော် မရောက်ခင်တုန်းက မဟုတ်လား ဆရာကြီးရဲ့' ဟု ဘီလီက မေးလေ၏။ ဘီလီသည် ပြတင်းပေါက် ခန်းဆီးကို မ တင်လိုက်ပြီးလျှင် လမ်းမကို ကြည့်လိုက်လျက်

'ကျွန်တော်တို့ကို စောင့်ကြည့်နေတဲ့ လူတွေ ရှိတယ် ဆရာကြီးရဲ့၊ ခုတောင် ဟောဟိုက ပြတင်းပေါက်မှာ အကောင် တစ်ကောင် ရပ်နေတာ မြင်ရသေးတယ်၊ ဟောဒီမှာ ခင်ဗျ၊ ဆရာကြီး ကိုယ်တိုင် ကြည့်ချင်ရင်'

ဒေါက်တာ ဝပ်ဆင်သည် ဘီလီ ပြသော လူကို ကြည့်ရန် ပြတင်းပေါက်နားသို့ ကပ်လာစဉ် ရှည်လျား ပိန်ချုံးနေသော ရှားလော့ဟုမ်း၏ သဏ္ဌာန်သည် အခန်းဝတွင် ပေါ်လာလေ၏။ သူ့မျက်နှာသည် ချုံးကျကာ ဖျော့တော့လျက် ရှိသည့်တိုင် ခြေလှမ်းများမှာမူ ခါတိုင်းကဲ့သို့ ဖျတ်လတ် သွက်လက်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် တစ်ချက်တည်းဖြင့် ပြတင်းပေါက် အနီးသို့ ရောက်လာပြီးလျှင် ပြတင်းပေါက် ခန်းဆီးကို ဆွဲစေ့လိုက်လျက်

'ဘီလီ၊ မင်း ဘယ်လို လုပ်လိုက်တာလဲ ဟင်၊ မင်း အသက်ကို အန္တရာယ် ရှိတယ် ဆိုတာ မင်း မသိဘူးလား၊ မင်း သေသွားရင် ငါ့မှာ ကူဖော်လောင်ဖက် မရှိ ဘာမရှိနှင့်၊ မင်း မရှိလို့ မဖြစ်သေးဘူးကွ၊ ကဲ အိုင်ဆေး၊ ခင်ဗျားကိုလည်း ခင်ဗျား ဌာနေဟောင်းကို ပြန်ရောက်လာတာကို မြင်ရတော့ ဝမ်းသာသဗျာ၊ အင်မတန် အရေးကြီးတဲ့ အချိန်မှာ ခင်ဗျား ရောက်လာပေတာကိုးဗျ'

'ကျွန်တော်လည်း ဒီလိုတော့ အထင်မိသား'

'ကဲ ဘီလီ၊ မင်း သွားနိုင်ပြီ၊ ဒီကောင်ကလေးကို ထိန်းရတာကလည်း ကျုပ်မှာ တစ်ဒုက္ခဗျ၊ သူငယ်ကလေးကို သိပ် အန္တရာယ် များတဲ့ ကိစ္စတွေ ခိုင်းနေလို့ ကျုပ် ဘယ်တရားပါ့မလဲ၊ မဟုတ်ဘူးလား'

'ဘယ်လို အန္တရာယ်တွေလဲဗျ'

'ချက်ချင်း သေနိုင်တဲ့ အန္တရာယ်ဗျ၊ ဒီနေ့ ညနေမှာ တစ်ခုခု ဖြစ်လိမ့်မယ်လို့ ကျုပ် တွက်ထားတယ်'





'ဘယ်လို ဖြစ်မယ် တွက်ထားတာလဲ'

'အသတ်ခံရလိမ့်မယ်လို့ တွက်ထားတယ်'

'ကြုံကြီးစည်ရာဗျာ၊ မဟုတ်နိုင်တာ၊ နောက်မနေစမ်းပါနှင့်'

'နောက်နေတာ မဟုတ်ဘူးဗျ၊ ကျုပ်ဟာ ဟာသဉာဏ် ရွှင်တဲ့ လူ တစ်ယောက် မဟုတ်ပေမဲ့ ဒီထက် ကောင်းတဲ့ ပြက်လုံးတော့ ပြောတတ်ပါတယ်၊ ဒါပေသော်လည်း လောလောဆယ်မှာတော့ အေးအေးဆေးဆေး နေနိုင်ပါသေးတယ် ရသေးတယ် မဟုတ်လား၊ ဘယ်လိုလဲ၊ ကျုပ် အရက်ကလေး ဘာလေး နည်းနည်းပါးပါး သောက်လို့ ရတယ် မဟုတ်လား၊ ဓာတ်ငွေ့နှင့် ဆေးအိတ်ကတော့ အရင်နေရာ အတိုင်းပဲဗျ၊ ကဲဗျာ ခင်ဗျား ထိုင်နေကျ လက်တင် ကုလားထိုင်ကြီးပေါ်မှာ ထိုင်စမ်းပါဦး၊ ခင်ဗျားကော ကျုပ် ဆေးတံနှင့် ဆေးချေးနံ့ကို မုန်းသေးဘူးနော်၊ ခုတစ်လောတော့ အစားအသောက်ကို မစားဘဲ ဆေးတံကို ပဲ ဖိသောက်နေရတာပဲဗျို့'

'နို့ နေစမ်းပါဦး၊ ဘာဖြစ်လို့ အစားအသောက် မစားတာလဲ'

'လူဟာ တစ်ခါတလေမှာ အစာငတ် ခံပေးရတယ်ဗျ၊ အစာငတ် ခံလိုက်ရင် အာရုံတွေဟာ ပိုထက်မြက် သိမ်မွေ့လာတတ်ကြတယ်၊ ခင်ဗျားလည်း ဆရာဝန်ပဲ၊ သိမှာပေါ့ဗျာ၊ အစာတွေဟာ ကြေညက်လို့ ပြီးသွားရင် အချို့က သွေးနှင့်ဆိုင်ရာ သွေးကြောတွေထဲ ရောက်သွားကြပြီး နောက်ဆုံးမှာ သွေးကြောတွေကနေ ဦးနှောက်ထဲကို ရောက်သွားတာပဲ မဟုတ်လား၊ ကျုပ်ဟာ ဦးနှောက်ဗျ၊ ဦးနှောက်က လွဲရင် ကျန်တာတွေကတော့ ကျုပ်အဖို့ အပိုပစ္စည်း သက်သက်ပဲ၊ ဒါကြောင့် ကျုပ် ဦးနှောက်ကိုပဲ အရေးထားတယ်၊ ကျန်တာတွေကို ဒီလောက် အရေး မထားဘူး'

'နို့ ဒါဖြင့် အန္တရာယ် ဆိုတာကော ဘာကို ပြောတာလဲ'

'ပြောပါ့မယ်လေ၊ မဖြစ်သော်ရှိ ဖြစ်သော်ရှိ ဆိုသလို ဖြစ်လာခဲ့ရင်တော့ ခင်ဗျား ခေါင်းထဲမှာ လူသတ်သမားတွေရဲ့ နာမည်တွေနှင့် လိပ်စာတွေကိုတော့ မှတ်ထားရလိမ့်မယ်ဗျ၊ အကယ်၍များ ကျုပ် သေသွားရင် အဲဒီ ကောင်တွေရဲ့ နာမည်တွေနှင့် လိပ်စာတွေကို စကော့တလန်ယာဒ် စုံထောက် အဖွဲ့ကို ပေးလိုက်ပေတော့၊ ပြီးတော့ ကျုပ်က နှုတ်ဆက်သွားတယ် ဆိုတဲ့ အကြောင်းကလေးလည်း ပြောလိုက်ပေတော့၊ အဲဒီ ငနဲရဲ့ နာမည်က မြို့စား နီဂရက်တို ဆီလ်ဗီယပ်တဲ့ဗျ၊ ကဲ ရေးထားလိုက်ဗျ၊ ရေးချထားလိုက်၊ အမှတ် ၁၃၆၊ မိုးဆိုက်ရပ်ကွက်တဲ့၊ ရပြီလား'



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ဝပ်ဆင်၏ ရိုးသားသော မျက်နှာပေါ်တွင် စိုးရိမ်သည့် အသွင် သဏ္ဌာန် ပေါ်လျက် ရှိလေ၏။ ရှားလော့ဟုမ်း အဖို့ အသက် အန္တရာယ် မည်မျှ ကြီးသည်ကို လည်းကောင်း၊ ရှားလော့ဟုမ်း၏ စကားများသည် ချဲ့ထွင် ပြော ခြင်း မဟုတ်ရုံမျှမက အရိပ်အမြွက်လောက်မျှသာ ပြောနေခြင်း ဖြစ်ကြောင်း လည်းကောင်း ဒေါက်တာ ဝပ်ဆင် ကောင်းစွာ သိပေ၏။ ဒေါက်တာ ဝပ်ဆင် သည် စဉ်းစားရခြင်းထက် လှုပ်ရှားရခြင်းကို အားသန်သူ ဖြစ်သည့် အလျော ယခု တစ်ချီတွင်လည်း လိုက်ပါရန် အဆင်သင့် ဖြစ်လျက် ရှိ၏။

'ကဲ အိုင်ဆေး၊ ခင်ဗျား ဘယ်သွားချင်သလဲ၊ ကျွန်တော်လည်း တစ်ရက် နှစ်ရက်လောက် အားနေတာနှင့် အတော်ပဲ'

'အင်း ခင်ဗျားလည်း အလျင်တုန်းကလို ခပ်ပေပေ နေတုန်းပဲကိုး၊ အလျင် တုန်းက မကောင်းတဲ့ အကျင့်ကလေးတွေ နေရာမှာ နောက်ထပ် မကောင်းတဲ့ အကျင့်ကလေးတွေတောင် တိုးလာသေးသကိုး၊ ခင်ဗျား ကြည့်ရတာ တော်တော် အလုပ် များတဲ့ ဆရာဝန် တစ်ယောက်ရဲ့ ဂိုက် အပြည့် ပေါ်နေတယ်ဗျ၊ အခု တကြီး လူနာတွေ ဘာတွေများ လိုက်စရာ ရှိနေသလား'

'အရေးကြီးတဲ့ လူနာရယ်လို့တော့ မရှိပါဘူး၊ နေစမ်းပါဦး ခင်ဗျား ဒီ ငနဲကိုကော မဖမ်းနိုင်တော့ဘူးလား'

'ဖမ်းနိုင်ပါတယ်၊ ခင်ဗျားက ဘာဖြစ်လို့ ဒီလောက်တောင် စိုးရိမ်တကြီး ဖြစ်နေရတာလဲ၊ ခင်ဗျားကောင် ဖမ်းမှာ ကြောက်လွန်းလို့ တုန်နေတာပဲ'

'ဒါဖြင့် ဘာဖြစ်လို့ မဖမ်းသေးတာလဲ'

'စိန်ကြီး ဘယ်ရောက်နေသလဲ ဆိုတာ မသိသေးလို့ မဖမ်းသေးတာ'

'ဟုတ်တယ်၊ ကျွန်တော့်ကို ဘီလီ ပြောတယ်၊ သရဖူကြီးထဲက စိန်ကြီး'

'ဟုတ်ပေ့ဗျာ၊ သရဖူထဲက မရမ်းစေ့ရောင် စိန်ကြီးပေါ့၊ ပိုက်ကွန်ကို ဖြန့်ပြီးလို့ လိုချင်တဲ့ ငါးကိုလည်း ရပါပြီလေ၊ ဒါပေမဲ့ ခက်တာက ကျောက်ကို မရသေးတာက ခက်နေတယ်၊ ကျောက်ကို မရဘဲ ဒီလူတွေကို ရလို့ကော ကျုပ် အဖို့ ဘာ အကျိုး ရှိမှာလဲ၊ ဒီကောင်တွေ ရှောင်ပြေးနေရင် ကျုပ် အဖို့ ကမ္ဘာ လောကကြီး အဖို့ရော ပိုပြီးတောင် နေချင့်စဖွယ် ကောင်းဦးမယ် မဟုတ် လား၊ ကျုပ် လိုချင်တာက ဒီကောင်တွေ မဟုတ်ဘူးဗျ၊ ရတနာကြီးကို လိုချင် တာ'

'ဒါဖြင့် မြို့စား ဆီးလ်ဗီးယတ်စ် ဆိုတဲ့ လူက ခင်ဗျား လိုချင်တဲ့ ငါး တစ်ကောင် ဆိုပါတော့'





'အင်း ငါး မဟုတ်ဘူးဗျ၊ ငါးမန်း၊ တယ်ကိုက်တဲ့ ငါးမန်း၊ နောက် ကောင်က လက်ဝှေ့သမား စိန်မာဒင် ဆိုတဲ့ ကောင်၊ ဒီကောင်က စိတ်ရင်းက မဆိုးလှပါဘူး၊ ဒါပေမဲ့ မြို့စား ဆိုတဲ့ ငနဲက သူ့ကို အသုံးချနေတယ်၊ ကောင်ကိုတော့ ငါးမန်းရယ်လို့ မခေါ်နိုင်သေးဘူး၊ သာမန် ငါးပါ၊ တစ်လျှောက် ကျုပ် ပိုက်ကွန်နားမှာ သွားချည် လာချည် လုပ်နေတယ်'

'ဒါဖြင့် မြို့စား ဆီးလ်ဗီးယတ်စ် ဆိုတဲ့ ငနဲ ဘယ်မှာလဲ'

'ဒီနေ့ မနက်တွင် သူ့နောက်ကို လိုက်ခဲ့တယ်ဗျ၊ မနက်ကသာ ကျုပ်ကို ရင် အဘွားကြီး တစ်ယောက်ရဲ့ အဝတ်အစားတွေနှင့် တွေ့ရမှာပဗျာ၊ စိတ်ထဲမှာ ဒီလောက် ရုပ်ဖျက်လို့ ကောင်းတာ တစ်ခါမှ မရှိဘူးလို့တောင် သဗျ၊ တစ်နေရာကျတော့ ကျုပ်က လက်ထဲက ထီးကို လွှတ်ချလိုက်တာ ဒီတော့ ငနဲက ကျွန်တော်ပဲ ကောက်ပေးပါ့မယ်တဲ့ ခင်ဗျ၊ အောင်မယ် သေသေပဲ ခင်ဗျ၊ အီတလီသံ ခပ်ဝဲဝဲနှင့် ဟောဒီ ငနဲဟာ စိတ်ကောင်း ဝင်ပြီ အီတလီ တောင်ပိုင်းသား ပီပီ အလွန် ယဉ်ကျေးတယ်ဗျ၊ အဲ စိတ်ဖောက် ဆိုရင်တော့ သရဲမင်းရဲ့ စီးတဲ့ လူ ကျနေတာပဲ၊ အင်း လောက ဆိုတာ ဒီလို လေ၊ ဘုံအနှမ်းလို့ ဆိုကြပေသကိုး'

'အဲဒီလို ဖြစ်နေတာကိုက လောကကြီးရဲ့ ကြေကွဲစရာ အဖြစ်ကြီး တစ် ပဲလေ'

'ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ၊ ဒါနှင့် ကျွန်တော် ဒီငနဲကို နောက် ကောင်ခံ လိုက်သွားတယ်ဗျ၊ မင်နိုရီ ရပ်ကွက်က စထရော်ဗင်ဇီ အလုပ်ရုံကို အောင် လိုက်သွားတယ်၊ စထရော်ဗင်ဇီ အလုပ်ရုံ ဆိုတာက လေသေနတ် တဲ့ စက်ရုံ၊ ကျုပ် သိသလောက် ဆိုရင် စထရော်ဗင်ဇီရဲ့ လေသေနတ်က တော် ကောင်းတဲ့ သေနတ်ဗျ၊ ခုဆိုရင် အဲဒီ သေနတ်ဟာ တစ်ဖက် ချင်းဆိုင် ပြတင်းပေါက်မှာ ရှိနေနိုင်တယ်၊ ကျုပ်တို့ ပြတင်းပေါက်မှာ တဲ့ ကျုပ် ပုံတုကို မြင်တယ် မဟုတ်လား၊ ဘီလီ ပြပြီးလောက်ရော အဲဒီ အရုပ်ရဲ့ ခေါင်းဟာ အချိန်မရွေး ကျည်ဆန် ထိနိုင်တယ်ဗျ၊ အလို ရော၊ ဘာဖြစ်တာလဲကွ'

သူငယ်ကလေးသည် လင်ပန်း တစ်ခုထဲတွင် ကတ်ပြားကို ထည့်ကာ န်းထဲသို့ ဝင်လာလေ၏။

ရှားလော့ဟုမ်းသည် ကတ်ပြားကို မျက်ခုံး ပင့်၍ ကြည့်လိုက်ပြီးလျှင် သော ကျေနပ်သည့် ဟန်ဖြင့် ပြုံးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟောဗျို့၊ ပြောရင်းဆိုရင်း ကိုယ်တိုင် ရောက်လာပြီဗျ၊ သူ ကိုယ်တိုင် လာမယ်လို့ ကျုပ် မျှော်လင့်ထားတာ မဟုတ်ဘူး၊ အိုင်ဆေးရေ သတိသာ ထား ပေတော့ဗျို့၊ လူကတော့ တော်တော် သတ္တိ ကောင်းတဲ့လူ၊ အမဲပစ် ကောင်းတာ လို့ နာမည် ကြီးတာကိုတော့ ခင်ဗျား သိမှာပေါ့၊ အဲ ကျုပ်ကိုပါ ရအောင် နိုင်ပြီ ဆိုရင်တော့ သူဟာ အလွန် တော်တဲ့ အမဲပစ်သမားလို့ ဆိုရမှာပေါ့ ဗျာ၊ ခုပဲ ကြည့်ပါလား၊ သူ့နောက်ကို ကျုပ် လိုက်နေတယ် ဆိုတာ သူ သိတ ဆိုတဲ့ အကြောင်းကို လာပြတာဗျ'

'ပုလိပ်ကို အခေါ် လွှတ်လိုက်ဗျာ'

'ခေါ်တာပေါ့ဗျာ၊ ဖြည်းဖြည်းပေါ့၊ ကဲ ပြတင်းပေါက်ကနေပြီး လမ်း ကို ကြည့်လိုက်စမ်းဗျာ၊ ဒီနား တစ်ဝိုက်မှာ သူတို့ လူတွေ ဘာတွေများ စော ကြည့်နေသလား ဆိုတာ သိရအောင်'

ဝပ်ဆင်သည် ကန့်လန့်ကာကြီးထဲမှနေ၍ လမ်းမကို မသိမသာ ကြည့် ရှုလျက် ရှိလေ၏။

'ရှိတယ် ခင်ဗျ၊ ကျွန်တော်တို့ အိမ်ဝင်းပေါက်မှာ ရုပ် ခပ်ကြမ်းကြမ်း လူတစ်ယောက် မယောင်မလည် ရပ်နေတယ်'

'အဲဒါ ကျုပ် ပြောတဲ့ စိန်မာဒင် ဆိုတဲ့ ကောင်ပေါ့ဗျ၊ သစ္စာတော့ ရှိ ပါရဲ့၊ ဉာဏ် မရှိရှာဘူး၊ ဘီလီရေ ဧည့်သည်ကော'

'အပြင်ခန်းထဲမှာ စောင့်နေတယ် ဆရာ'

'ငါ ခေါင်းလောင်း ထိုးလိုက်ရင် ခေါ်လာခဲ့ကွာ'

'ဟုတ်ကဲ့ ဆရာ'

'ငါ အခန်းထဲမှာ မရှိဘူး ဆိုရင်လည်း ခေါ်သာ ခေါ်ခဲ့'

'ဟုတ်ကဲ့ ဆရာ'

ဒေါက်တာ ဝပ်ဆင်သည် တံခါး ပြန်ပိတ်သွားသည် အထိ စောင့် ပြီးမှ ရှားလော့ဟုမ်းဘက်သို့ လှည့်၍ စိတ်အား ထက်သန်စွာဖြင့်

'ဖျို့လူ၊ ဒီလိုတော့ မလုပ်နှင့်ဗျာ၊ ဒီကောင်က အတော် ရမ်းတဲ့ကောင် ဘာကိုမှ ကြည့်တဲ့ကောင် မဟုတ်ဘူး၊ ခင်ဗျားကို တစ်ချီတည်း အသေ သတ် သွားရင် ဘယ့်နှယ် လုပ်မလဲ'

'ဒီလို ဆိုရင်လည်း ကျုပ် မအံ့ဩပါဘူး'

'ဒါဖြင့်ရင် ခင်ဗျား အနားမှာ ကျွန်တော် နေမှ ဖြစ်မယ်'

'ဒီလို ဆိုရင် ခင်ဗျား လမ်းမှာ ကန့်လန့် ကန့်လန့် ဖြစ်နေမှာပေါ့'





'ဘယ်လမ်းမှာ ကန့်လန့် ကန့်လန့် ဖြစ်မှာလဲ၊ သူ့လမ်းမှာ ကန့်လန့် လား'

'သူ့လမ်းမှာ ဖြစ်မှာ မဟုတ်ဘူး၊ ကျုပ် လမ်းမှာ ဖြစ်မှာ'

'ဘာပဲ ဖြစ်ဖြစ်ဗျာ၊ ခင်ဗျားကိုတော့ တစ်ယောက်တည်း ထားမပစ်ခဲ့'

'ဖြစ်ပါတယ်ဗျ၊ ပြီးတော့ ဒီမှာ ခင်ဗျား ရှိလို့ မဖြစ်ဘူး၊ ခင်ဗျား ရှိ ခင်ဗျားက ကစားပွဲကို တစ်ခါတည်း အပြီး ကစားချင်တဲ့ လူမျိုး၊ ဒီတော့ ကို ဒီမှာ ထားလို့ မဖြစ်ဘူး၊ ခု ဒီငနဲ လာတာက သူ့ကိစ္စနှင့် သူ၊ သူ့ ချက်နှင့် သူ လာတာ၊ ဒါပေမဲ့ ကျုပ် ရည်ရွယ်ချက် အောင်မြင်သည် တော့ ဒီကောင့်ကို ဒီမှာ နေအောင် လုပ်ရဦးမယ်'

ရှားလော့ဟုမ်းသည် အိတ်ထဲမှ မှတ်စု စာအုပ်ကို ထုတ်ယူလိုက်ပြီးလျှင် တစ်ရွက်ပေါ်တွင် စာကြောင်း အနည်းငယ်ကို ရေးခြစ်လိုက်လျက်

'မြင်းရထား တစ်စင်း ခေါ်ပြီး စကော့တလန်ယာဒ် ရုံးချုပ်ကို သွား ပြီးတော့ ဟောဒီ စာကို စီအိုင်အေ ဌာနက ယိုဂယ်ကို ပေးခဲ့၊ ပုလိပ် ပေးလိုက်လိမ့်မယ်၊ ပုလိပ်နှင့် အတူ ပြန်လာခဲ့၊ ဒီရောက်တော့မှ ဒီငနဲကို ကြတာပေါ့'

'ဝမ်းမြောက် ဝမ်းသာ လုပ်ပါ့မယ်ဗျာ'

'ခင်ဗျား ပြန်မလာခင်မှာတော့ ဒီရတနာကို ဘယ်မှာ ထားသလဲ ဆို သိအောင် လုပ်ရမှာပေါ့' ဟု ဆိုကာ ရှားလော့ဟုမ်းသည် ခေါင်းလောင်း ဆွဲလိုက်လေ၏။

'လာဗျာ၊ ကျုပ်တို့က အိပ်ခန်းထဲကို ဝင်နေရအောင်၊ ဒီထွက်ပေါက် ရှိတာ တော်တော်တော့ အသုံးဝင်တယ်ဗျို့၊ ကျုပ် ငါးမန်းကြီး ဘယ်လို ဆိုတာ စောင့်ကြည့်ချင်လို့၊ ကျုပ် ခပ်ဆန်းဆန်းကလေး လုပ်တတ်တာ ခင်ဗျားလည်း သိသားနှင့်'

နောက် တစ်မိနစ်လောက် ကြာသည့် အခါ၌ ဘီလီသည် လူသူ ကင်း ကင်းလျက် ရှိသော ဧည့်ခန်းထဲသို့ မြို့စား ဆီးလ်ဗီးယတ်စ်ကို ခေါ်လာခဲ့လေ မြို့စား ဆီးလ်ဗီးယတ်စ်မှာ ထင်ရှားသည့် မုဆိုး တစ်ယောက် ဖြစ်ပြီး အမဲ ကြီးများကို လိုက်ရာတွင် တော်လှသည်ဟု နာမည် ကြီးသူ တစ်ယောက် လေ၏။ ထိုလူမှာ အရုပ် ထောင်ထောင်မောင်းမောင်း၊ အသား ညိုညို၊ နှုတ်ခမ်း မွေး ကားကားကြီးနှင့် ဖြစ်လေရာ သူ့နှုတ်ခမ်းမွေးသည် ရက်စက်တင်းမာ



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်တန်းသည့် နှုတ်ခမ်းကို ဖုံးအုပ်လျက် ရှိ၍ ငှက်နှုတ်သီးနှယ် ရှိသော ခေါင်းဆီသို့ တက်သွားလေ၏။ မြို့စား ဆီးလ်ဗီးယတ်စ်သည် အဝတ်အစား လွန်ခြေရရ ဝတ်ဆင်ထားသော်လည်း တောက်ပ ပြောင်လက်သည့် လည်ချော တလက်လက် ဖြစ်နေသည့် ရင်ထိုးနှင့် လက်တွင် ဝတ်ထားသော စိန်လက်စွပ် တို့ကြောင့် ခပ်ကြွားကြွားဟန် ပေါက်လျက် ရှိလေ၏။

အခန်းထဲသို့ ရောက်၍ တံခါးကို ပိတ်လိုက်သည်နှင့် မြို့စား ဆီး ဗီးယတ်စ်သည် ထောင်ချောက်ဖြင့် ထောင်ဖမ်းလေမည်လောဟု စိုးရိမ်သည့် ပတ်ဝန်းကျင်ကို စိုးရိမ် ထိတ်လန့်သော မျက်လုံးများဖြင့် ကြည့်လျက် ရှိလေ ထို့နောက် ပြတင်းပေါက် အနီးရှိ ကုလားထိုင်ပေါ်မှ ထိုးထွက်နေသည့် မ မယှက် ဖြစ်နေသော ခေါင်းနှင့် ညဝတ် အင်္ကျီ ဝတ်ရုံ ကော်လာကို မြင်လို သည့် အခါတွင် ရုတ်တရက် လန့်ဖျပ်သွားလေ၏။ ထို့နောက် အလွန် အံ့ သင့်သွားသည့် အမူအရာသည် ပျောက်ကွယ်သွားခဲ့ကာ နက်မှောင် ကြမ်းကြု သော သူ့မျက်လုံးများထဲတွင် ကြောက်စရာ ကောင်းသည့် မျှော်လင့်ချက်သ ပြိုးပြက် လာခဲ့လေပြီ။

သူသည် အခန်း ပတ်လည်ကို လှည့်ကြည့်ကာ အနီးတွင် လူ ရှိ ကြည့် အကဲခတ်လိုက်ပြီးနောက် တုတ်ကို အသင့် ကိုင်လျက် မလှုပ်မယှက် နေသည့် ကုလားထိုင်ပေါ်က သဏ္ဌာန် အနီးသို့ ခြေဖျား ထောက်လာခဲ့လေ နောက်ဆုံး ခုန်အုပ်တော့မည့်ကဲ့သို့ ပြင်လိုက်စဉ် အေးစက် လှောင်ပြောင်သ အသံ တစ်သံ အိပ်ခန်း တံခါးဝဆီမှ ပေါ်လာသည့် အတွက် ရပ်တန့်သွားလေ

'အလို မြို့စားလေးလား၊ မလုပ်ပါနှင့်ဗျာ၊ ကွဲသွားပါ့မယ်၊ မလုပ် နှင့်'

လူသတ်သမားသည် နောက်သို့ ပြန်ဆုတ်လိုက်လေ၏။ သူ၏ ရှုံ့ခဲ သည့် မျက်နှာတွင် အံ့အားသင့်သည့် အရိပ်အယောင်ကို မြင်ရလေ၏။ ထို့နော တွင်မူ အရုပ် အစား လူကိုယ်တိုင်ကို အန္တရာယ် ပေးရန် အဆင်သင့် ပြင်လို သကဲ့သို့ ခဲသီးတပ် ကြိမ်တုတ်ကို ပြန်၍ အသင့်ပြင်လိုက်စဉ် ရှားလော့ဟုမ်း ပြာလဲ့သည့် မျက်လုံးများနှင့် လှောင်ပြောင်သည့် အပြုံးထဲမှ တစ်စုံတစ်ရာကြော ဆီးလ်ဗီးယတ်စ်၏ လက်များသည် ဘေးသို့ ပြန်ကျသွားကြ၏။

ရှားလော့ဟုမ်းသည် ရုပ်တုဘက်သို့ လျှောက်လာကာ

'တော်တော် ကောင်းတဲ့ လက်ရာဗျ၊ ပြင်သစ် ပုံတူ ပန်းပု ဆရာ ဗင်နီးယား ထုပေးထားတဲ့ ပုံလေ၊ မိတ်ဆွေကြီး စထရောဗင်ဇီက လေသေနတ်





ကောင်းသလို ဒီလူကလည်း ဖယောင်းပုံတွေ သွင်းရာမှာတော့ နံပါတ် ပဲ့ဗျာ'

'ဗျာ၊ လေသေနတ် အလုပ် ကောင်းတယ် ဟုတ်လား၊ ဘာအဓိပ္ပာယ်

'မိတ်ဆွေရဲ့ ဦးထုပ်နှင့် ကြိမ်တုတ်ကို အနားက စားပွဲပေါ် ချပြီး အေး ဆေး ထိုင်ပါဦးဗျာ၊ ပြီးတော့ ခြောက်လုံးပြူးကလေးကိုလည်း တစ် ချထားလိုက်ပါဦး၊ ဩော် ဘောင်းဘီ အိတ်ထဲမှာ ထားပြီး ထိုင်ချင်သလား၊ ယ်ဗျာ၊ ဒီလိုဆိုရင်လည်း သဘောပါ၊ ခင်ဗျားနှင့် စကား ပြောစရာလေး န်းမှာ ခင်ဗျား ရောက်လာတာ အတော်ပဲဗျ'

မြို့စားသည် မျက်မှောင်ကို ကုတ်၍ ကြည့်လျက် ရှိလေ၏။

'ဟုတ်တယ်၊ ကျုပ်ကလည်း ခင်ဗျားနှင့် ပြောစရာ ရှိလို့ လာခဲ့တာပဲ၊ က ခင်ဗျား မှတ်လို့ လာခဲ့တာ အမှန်ပဲဗျ'

ရှားလော့ဟုမ်းက ခြေထောက် တစ်ဖက်ကို စားပွဲ အစွန်ပေါ်သို့ လှမ်း တ်ပြီးလျှင်

'ခင်ဗျား ခေါင်းထဲမှာ ဒီစိတ်ကူးနှင့် လာတယ် ဆိုတာ ကျုပ် သိပါ နေစမ်းပါဦး၊ ကျုပ်ကို ဘာဖြစ်လို့ ဒီလောက် ရန်ငြိုး ကြီးနေရတာလဲ'

'ကိုယ့် အလုပ် ကိုယ် မလုပ်ဘဲ သူများ အလုပ်မှာ ဝင် နှောင့်ယှက်လို့ ခင်ဗျားက ကျုပ်နောက်ကို သတ္တဝါတွေ လွှတ်ပြီး ခြေရာခံ ခိုင်းလို့ခိုင်း'

'ကျုပ် သတ္တဝါတွေ ဟုတ်စ၊ မဟုတ်ရပါဘူးဗျာ'

'ကျုပ်ကို လိမ် မနေစမ်းပါနှင့်ဗျာ၊ ခင်ဗျား လူတွေကို ကျုပ် ပြန်ပြီး ယောင်ခံ ခိုင်းပြီးပါပြီ၊ ဒီမှာ ဟုမ်း၊ ကစားတယ် ဆိုတာ တစ်ယောက် ကစားလို့ ရတာမျိုး မဟုတ်ဘူး၊ နှစ်ယောက် ကစားမှ ဖြစ်တာ'

'မြို့စားကို ကျုပ် တစ်ခုတော့ ပြောရဦးမယ်ဗျာ၊ သိပ်တော့ အရေးကြီး မဟုတ်လှပါဘူး၊ သို့သော်လည်း ကျုပ်ကို ခေါ်မယ် ဆိုရင် ယဉ်ကျေး အနေနှင့်တော့ ရှေ့က တစ်ခုခု ထည့်ခေါ်ဖို့ တောင်းပန် ချင်တယ်ဗျား လည်း အသိသားပဲ၊ ကျုပ် အလုပ်က လန်ဒန်မှာ ရှိတဲ့ လူဆိုး လူမိုက် အားလုံးနှင့် ဆက်ဆံနေရလေတော့ ခင်ဗျားကျမှ ဒီလို ခေါ်ခွင့် ပေးထား သူတို့က ဘယ်လို ထင်မလဲဗျ'

'ကောင်းပါပြီ၊ မစ္စတာ ဟုမ်း ခင်ဗျာ'

'အင်း ကောင်းပါလေ့ဗျာ၊ သို့သော်လည်း ခင်ဗျား နောက်ကို ကျုပ်လူ



www.burmeseclassic.com

www.burmeseclassic.com



တွေ လိုက်နေတယ် ဆိုတာကတော့ မဟုတ်ဘူးဗျ၊ ခင်ဗျား အထင်မှားလို့ ဖြစ်လိမ့်မယ်'

မြို့စား ဆီးလ်ဗီးယတ်စ်က စက်ဆုပ် အထင်သေးသည့် ဟန်ဖြင့် ရယ်လိုက်လေ၏။

'လောကကြီးမှာ ခင်ဗျား တစ်ယောက်တည်း စုံစမ်း ထောက်လှမ်းတတ်တာ မဟုတ်ပါဘူးဗျ၊ ဒီပြင် လူတွေ အားလုံးလည်း စုံစမ်း ထောက်လှမ်းတတ်တာပါပဲ၊ မနေ့ကတုန်းကတော့ အသက်ကြီးကြီး အမဲလိုက်သမား ပုံဗျ၊ ဒီနေ့တော့ အသက် ကြီးကြီး အဘွားကြီး တစ်ယောက်ဗျ၊ ကျုပ်နောက်ကို တကောက်ကောက် လိုက်နေတယ်'

'ဒီလို ဆိုရင်တော့ ကျုပ်ကို ချီးမွမ်းတာလို့ ယူဆ ရတော့မှာပဲဗျ၊ ကျုပ်လိုက်ခဲ့ဖူးတဲ့ တရားခံ ဘေဒွန် ဒေါ်ဆင်က ကြိုးပေး ခံရခါနီးတော့ ပြောသွားတဲ့ စကား တစ်ခွန်း ရှိတယ်ဗျ၊ ကျုပ်လို လူတစ်ယောက် စုံထောက် လာဖြစ်တာဟာ တရား ဥပဒေ ဆိုင်ရာမှာတော့ အမြတ် ထွက်ပါရဲ့၊ ဒါပေမဲ့ စာပေသဘင် အနုပညာမှာတော့ ပညာသည် တစ်ယောက် ဆုံးရှုံးတာပဲတဲ့ဗျ၊ ခုလည်း ကျုပ် ရုပ်ဖျက် ဇာတ်လိုက်ပုံကလေးတွေကို ခင်ဗျားက ချီးကျူးနေပြန်ပြီ'

'ဗျာ အဲဒါ ခင်ဗျားလား၊ ခင်ဗျား ကိုယ်တိုင်ပဲလား'

ရှားလော့ဟုမ်းက ပခုံး နှစ်ဖက်ကို တွန့်ပြလိုက်ရင်း

'မနေ့က ကျုပ် လက်ထဲက ထီး လွတ်ကျသွားလို့ ခင်ဗျား ကိုယ်တိုင် ထီးကို ကောက်ပေးခဲ့သေးတယ် မဟုတ်လား၊ ဟိုမှာလေဗျာ၊ ခင်ဗျား ကောက်ပေးတဲ့ ထီး'

'အင်း စောစောကများ သိလိုက်ရင် ဒီလို ...'

'ကိုယ့် အိမ်ကလေးကို ဘယ်ပြန်ရောက်တော့မလဲပေါ့၊ ဟုတ်စ၊ ကျုပ်သိတာပေါ့ဗျာ၊ ခင်ဗျားတွင် မဟုတ်ဘူး၊ ကျုပ်မှာလည်း အခွင့်အရေးတွေ လက်လွတ်သွားခဲ့တာပေါ့ဗျာ၊ ဒါပေမဲ့ ခင်ဗျားကလည်း ကျုပ်မှန်း မသိခဲ့ဘူး၊ ယခု ဒီမှာ လာဆုံနေကြရပြီပေါ့၊ မဟုတ်ဘူးလား'

မြို့စား ဆီးလ်ဗီးယတ်စ်၏ မျက်လုံးပေါ်တွင်မူ မျက်မှောင်တို့ တွန့်သည်ထက် တွန့်လာခဲ့လေပြီ။

'အင်း ခင်ဗျား ပြော လိုက် တော့ ပိုတောင် ဆိုးသွားပြီပေါ့လေ၊ ခု ကျွန်တော့် နောက်က လိုက်နေတာဟာ ခင်ဗျား လူတွေတောင် မဟုတ်တော့ဘဲ ခင်ဗျား ကိုယ်တိုင်တောင် ဖြစ်နေပြီကိုး၊ နေစမ်းပါဦးဗျ၊ ကျွန်တော့်ကို ဘာ





ကြောင့် နောက်ယောင်ခံပြီး လိုက်နေတာလဲဗျ၊ ဘာကြောင့်လဲ'

'မြို့စားလည်း အယ်ဂျီးရီးယားမှာ ခြင်္သေ့ ပစ်လာခဲ့တဲ့ လူပဲဗျာ၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ်လေ၊ ဒီတော့ ဘာဖြစ်သလဲ'

'ဘာကြောင့် အမဲ လိုက်သလဲ'

'ဘာကြောင့် ရမလဲဗျ၊ အပျင်းပြေ အားကစားလည်း ဟုတ်တယ်၊ စွန့်စားခန်းလည်း ဟုတ်တယ်၊ အသည်း တထိတ်ထိတ်နှင့်လည်း နေရတယ်၊ ဒါကြောင့် အမဲ ပစ်တာပေါ့'

'ပြီးတော့ တိုင်းပြည်မှာလည်း သားရဲ တိရစ္ဆာန်တွေ ဘာတွေ ကင်းစင်အောင်လို့ ဆိုပါတော့'

'ဟုတ်တယ်'

'ကျုပ်လည်း ဒီအတိုင်းပေါ့'

မြို့စား ဆီးလ်ဗီးယတ်စ်သည် ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်လေ၏။ သူ့လက်များသည် ခါးဆီသို့ အလိုလို ရောက်သွားကြလေ၏။

'ထိုင်ပါဦးလေ၊ ဒီလောက်လည်း စိတ်မတိုပါနှင့်၊ ကျုပ် ခင်ဗျား နောက်ကို လိုက်တာက တိုင်းပြည်မှာ သားရဲ တိရစ္ဆာန်တွေ ရန်က ကင်းရုံလောက်တွင် မဟုတ်ပါဘူး၊ ဒီထက် အရေးကြီးတဲ့ အကြောင်း တစ်ခုလည်း ရှိလို့ပါ၊ ရှင်းရှင်း ပြောမယ်ဗျာ၊ အဲဒီ စိန်ကြီးကို ကျုပ် လိုချင်တယ်'

မြို့စား ဆီးလ်ဗီးယတ်စ်သည် ကုလားထိုင် နောက်မှီတွင် မှီ၍ ထိုင်ရင်းနှင့် ကောက်ကျစ်စွာ ပြုံးလိုက်လေ၏။

'ဖြစ်မှ ဖြစ်ရလေဗျာ'

'အဲဒီ စိန်ကြီး ကိစ္စကြောင့် ခင်ဗျား နောက်ကို လိုက်နေတယ် ဆိုတာ ခင်ဗျား သိပြီးသားပါလေ၊ ဒီနေ့ည ဒီကို ခင်ဗျား ရောက်လာတဲ့ အကြောင်းကလည်း စိန်ကြီး အကြောင်းကို ကျုပ် ဘယ်လောက် သိနေတယ် ဆိုတာကို စုံစမ်းဖို့ပဲ၊ ပြီးတော့ လိုအပ်ရင် ကျုပ်ကို အပြတ် ရှင်းပစ်ဖို့ရယ်၊ ဒီရည်ရွယ်ချက်တွေနဲ့ ဒီနေ့ည ဒီကို ရောက်လာတာ မဟုတ်လား၊ ဒီတော့ ကျုပ် ဘယ်လောက် သိသလဲ ဆိုတာကို ကျုပ် အတိအလင်း ပြောပြလိုက်မယ်၊ ခင်ဗျားဘက်က ကြည့်ရင်လည်း ကျုပ်ကို အပြတ် ရှင်းရမှာပဲ၊ ကျုပ်က အားလုံးကို သိတာကိုး၊ အဲ ကျုပ် မသိတာကလေး တစ်ခုတော့ ရှိသပေါ့ဗျာ၊ အဲဒါကိုတော့ ခင်ဗျား ဖွင့်ပြောလိမ့်မယ်လို့ ထင်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်ဗျာ၊ ပြောပါတယ်၊ ခင်ဗျား သိချင်တာက ဘာပါလိမ့်'

'သရဖူထဲက စိန်ကြီး ခု ဘယ်မှာလဲ ဆိုတာပါ'

မြို့စား ဆီးလ်ဗီးယတ်စ်သည် ရှားလော့ဟုမ်းကို စိုက်၍ ကြည့်လို ရင်း

'ဩော် လက်စသတ်တော့ ခင်ဗျားက ဒါကို သိချင်တာကိုး၊ ဘယ် ရှိတယ် ဆိုတာ ခင်ဗျားကို ပြောလို့ ဖြစ်မလားဗျာ၊ မဟုတ်တာ'

'ပြောရလိမ့်မယ်ဗျ၊ မပြောလို့ မဖြစ်ဘူး'

'တကယ် ပြောနေတာလား'

'ဒီမှာ မိတ်ဆွေ၊ ခင်ဗျား ကျုပ်ကို ယီးတီးယားတားတော့ မလုပ်နှ ဟု ဆိုကာ စူးစိုက်လျက် ကြည့်နေလေရာ နောက်ဆုံး၌ ရှားလော့ဟုမ်း၏ မျ လုံး နှစ်လုံးသည် သံမဏိ အစက်ကလေး နှစ်စက်ကဲ့သို့ ပြောင်လက် စူးရှလျ ရှိသည်ကို တွေ့ရလေ၏။

'ခင်ဗျားကို အကဲခတ်ရတာ လွယ်ပါတယ်၊ မှန်ကြည့်ရတာ ခက် ခက်ဦးမယ်၊ ခင်ဗျား စိတ်ထဲမှာ ဘာတွေ ရှိတယ် ဆိုတာ ကျုပ် သိပါတ

'ဒါဖြင့် စိန်တွေ ဘယ်မှာ ထားသလဲ ဆိုတာ ခင်ဗျား သိတယ်ပေ

ရှားလော့ဟုမ်းသည် လက်ခုပ် လက်ဝါး တီး၍ လှောင်ပြောင်လိုက် လျှင် လက်ညှိုးကို ထောင်လိုက်လျက်

'ကဲ ဒီလိုဆို ခင်ဗျား သိပြီပေါ့၊ ခင်ဗျား ဝန်ခံပြီးပြီနော်'

'ကျွန်တော် ဘယ်မှာ ဝန်ခံလို့လဲ၊ ဘာတစ်လုံးမှ ဝန်မခံသေးဘူး'

'ကဲ မိတ်ဆွေ၊ နည်းနည်း ခေါင်းအေးအေး စဉ်းစားပါဗျာ၊ ခင် ခေါင်း အေးအေး စဉ်းစားရင် ကျုပ်တို့အဖို့ လုပ်စရာတွေ အများကြီး ရှိတ ဒီလိုမှ မဟုတ်ဘူး ဆိုရင်တော့ ခင်ဗျား နာလိမ့်မယ်'

မြို့စား ဆီးလ်ဗီးယတ်စ်သည် မျက်နှာကြက်ကို မော့ကြည့်လျက် ရှိ

'ကျွန်တော့်ကို တစ်ပတ် ရိုက်လို့ ရမယ် ထင်သလား'

ရှားလော့ဟုမ်းသည် မင်းကြီးကို အသေ ပိတ်ဖမ်းရန် နောက်ဆုံး ကွက်ကို ရွှေ့တော့မည့် စစ်တုရင်သမား တစ်ယောက်ကဲ့သို့ သူ့ကို စိုက်ကြ လျက် ရှိလေ၏။ ထို့နောက် စားပွဲ အံဆွဲ ဖွင့်လိုက်ကာ လေးထောင့် မှတ်စု အုပ်ကလေး တစ်အုပ်ကို ဆွဲယူလိုက်လေ၏။

'ဒီစာအုပ်ထဲမှာ ကျုပ် ဘာထားတယ် ဆိုတာကို ခင်ဗျား သိသလ

'ဘယ်သိမလဲဗျ'





'ခင်ဗျားကို ထားတယ်ဗျ သိရဲ့လား'

'ကျွန်တော့်ကို ထားတယ် ဟုတ်လား'

'ဟုတ်တယ်၊ အဲဒီ စာအုပ်ထဲမှာ ခင်ဗျား ရှိတယ်၊ ခင်ဗျား ကျူးလွန် အမှုတွေ၊ ခင်ဗျား လုပ်ခဲ့တဲ့ မကောင်းမှုတွေ၊ အားလုံး ဟောဒီ စာအုပ် ထဲမှာ ရှိတယ်'

ဆီးလ်ဗီးယတ်စ်သည် ဝင်းဝင်း တောက်သော မျက်လုံးများဖြင့် ရှား မ်းကို ကြည့်လိုက်လျက်

'ဗျို့လူ ခင်ဗျား ဘာလုပ်တာလဲ၊ လူ တစ်ယောက်မှာ သည်းခံတယ် အတိုင်းအတာ ရှိတယ်နော်'

'ဟောဒီမှာ အားလုံး ရှိတယ် မိတ်ဆွေ၊ မစ္စက် ဟာရိုး ဘာကြောင့် တယ်၊ အမွေတွေ လိုချင်တော့ ကိုယ့်မိန်းမကို ဘယ်လို သတ်ခဲ့တယ်၊ ဒီ တွေကို ခင်ဗျား ဘယ်လို လောင်းကစားပစ်ခဲ့တယ် ဆိုတာတွေ အားလုံး ဒီမှာ ရှိတယ်'

'ခင်ဗျား ဘာတွေ ပြောနေတာလဲ'

'ပြီးတော့လည်း မစ္စ ဝင်နီ ဝါရင်းဒါ၊ ဆိုတဲ့ သူငယ်မကလေး တစ် တ် အကြောင်းလည်း အစုံအလင် ရှိတယ်ဗျ'

'ရှိချင် ရှိပေါ့ဗျ၊ ကျွန်တော်နှင့် ဘာဆိုင်တာ မှတ်လို့'

'ဒါတွင် မကဘူး၊ နောက်ထပ် အများကြီး ရှိသေးတယ်ဗျ၊ ၁၈၉၂ ခု ော်ဝါရီလ ၁၃ ရက်နေ့တုန်းက ရီးဗီးယားရားကို သွားတဲ့ မီးရထား အထူး တိုက်တဲ့ ကိစ္စ၊ ပြီးတော့ အဲဒီ နှစ်မှာပဲ လေယွန် ဘဏ်တိုက်မှာ ချက်လိမ် ငွေ ထုတ်သွားတဲ့ ကိစ္စ'

'မဟုတ်ဘူး ခင်ဗျ၊ စုံထောက်ကြီး ဒီကိစ္စမှာ မှားနေပြီ'

'တခြား ကိစ္စတွေတော့ မှန်ပါတယ်ဗျာ၊ ကဲ မြို့စား၊ ခင်ဗျားဟာ ကစား ဗျ၊ ဒီပြင် အိမ်တွေ အားလုံးရဲ့ လက်ထဲမှာ ဖှက်ဖဲတွေ ရောက်ကုန်ပြီ၊ ဒီ ခင်ဗျား ဆက် ကစား မနေပါနှင့်တော့၊ ဝိုင်း သိမ်းလိုက်တာ ကောင်းလိမ့် ထင်တယ်'

'နေစမ်းပါဦး၊ ဒီကိစ္စနှင့် ခင်ဗျား ပြောတဲ့ ကျောက်မျက် ရတနာတွေ ဘာဆိုင်လို့လဲ'

'မြို့စားလေး၊ ဖြည်းဖြည်း ခင်ဗျ၊ စိတ်ကို နည်းနည်းလေး ထိန်းပါဦး၊ ရဲ့ ပျင်းစရာ ကောင်းတဲ့ နည်းကလေး အတိုင်း အဖြစ်အပျက်တွေကို အ



www.burmeseclassic.com

www.burmeseclassic.com



အစဉ်လိုက် ပြောပါရစေနော်၊ ခု ကျုပ် ပြောခဲ့တဲ့ အချက်တွေနှင့် ပတ်သက်လို့ ကျုပ်မှာ အထောက်အထား အခိုင်အလုံ ရှိနေပြီဗျ၊ သို့သော်လည်း ကျုပ်မှာ သရဖူ စိန်ကြီး ပျောက်တဲ့ ကိစ္စနှင့် ပတ်သက်လို့တော့ ခင်ဗျား အပေါ်မှာရော ခင်ဗျားနှင့် ဝေစု ခွဲကြရာက မကျေမနပ် ဖြစ်နေတဲ့ ခင်ဗျား လက်ရုံး အပေါ်မှာရော ဒီထက် ခိုင်မာတဲ့ အထောက်အထားတွေ အားလုံး ရှိနေပြီဗျ'

'ဗျာ'

'ဂိုက်ဟောကို သွားပြီး သရဖူထဲက စိန်ကို ဖြုတ်တုန်းက ခင်ဗျား စီးခဲ့တဲ့ ရထားသမားလည်း ကျုပ် သိပြီးပြီဗျ၊ ပြီးတော့ ပြန်လာခဲ့တဲ့ အခါမှာ စီးတဲ့ ရထားသမားကိုလည်း ကျုပ် ရှာလို့ တွေ့ပြီ၊ သရဖူ ထားတဲ့ မှန်စီ ကြီးနား ခင်ဗျား ကပ်သွားတာကို မြင်လိုက်တဲ့ အစောင့်ကိုလည်း ကျုပ်တို့ တွေ့ထားပြီ၊ ပြီးတော့ ခင်ဗျား စိန်ကြီးကို သွား အဖြုတ်ခိုင်းတော့ မဖြုတ်နိုင်ဘူး လို့ ငြင်းလွှတ်လိုက်တဲ့ အစ်ကေ ဆန်းဒါးကိုလည်း ကျုပ် ရှာလို့ ရပြီ၊ ခု အစ် ကေက ဖော်ကောင် လုပ်လိုက်ပြီ ဆိုတော့ ပွဲ ပြီးနေပြီဗျ'

မြို့စားလေး ဆီးလ်ဗီးယတ်စ်၏ နဖူးပြင်တွင် အကြောကြီးတွေ ထောင် ထလာလေ၏။ ဒေါသကို ချုပ်တည်းထားရသည့်နှယ် ညိုမောင်း၍ အမွေးအမှင် ထူလှသော လက်များသည် ကျစ်ကျစ်ပါအောင် ဆုပ်လျက်သား ဖြစ်နေကြသေ ၏။ စကား ပြောရန် ကြိုးစားသည့်တိုင် စကားလုံး အဖြစ် ရောက်မလာကြချေ

ရှားလော့ဟုမ်းက

'အဲဒါကတော့ ကျုပ် ကစားနည်းပဲဗျ၊ ခု ကျုပ် ဖဲတွေ အားလုံး စားပွဲပေါ်မှာ ဖြန့်ချ ပြလိုက်ပြီ၊ ဒါပေမဲ့ ခက်တာက ဖဲချပ် တစ်ချပ် ပျောက် နေတယ်၊ ဖဲချပ်က ဒိုင်ယာမွန် ကင်းဗျ၊ အဲဒီတော့ ဒီစိန်ကြီး ဘယ်ရောက်နေ သလဲ ဆိုတာ ကျုပ် မသိဘဲ ဖြစ်နေတယ်'

'ခင်ဗျား ဘယ်တော့မှ သိမှာ မဟုတ်ဘူး'

'မလုပ်ပါနှင့်လေ၊ ဒီလိုလည်း အပြတ် မပြောပါနှင့်၊ ဖြည်းဖြည်း စဉ်းစား ပြောပါ၊ အခြေအနေကို ခင်ဗျားပဲ စဉ်းစား ကြည့်ပါဗျာ၊ ခု ခင်ဗျား ဆိုရင် အနှစ် နှစ်ဆယ်လောက် ထောင်ထဲမှာ နေရတော့မယ်၊ စိန်မာဒင် ဆိုရင်လည်း ဒီအတိုင်းပဲ၊ ထောင်ထဲမှာ ရောက်နေတုန်း ခင်ဗျား လက်ထဲမှာ ဒီစိန်ကြီး ရှိနေ တော့ကော ဘာလုပ်မှာလဲ၊ ခင်ဗျားအဖို့ ဘာမှ အကျိုး ရှိမှာ မဟုတ်ဘူး၊ ဒါ ပေမဲ့ ဒီစိန်ကြီးကို ကျုပ်လက်ထဲ ခင်ဗျား ပြန်အပ်ရင် ခင်ဗျားကို တရားစွဲမှာ ဘူး၊ အမှုကို လျှော့ပစ်မယ်၊ ကျုပ်တို့က စိန်ကြီးကို ပြန်လိုချင်နေတယ်၊ ဒီ





ကြီးကိုသာ ပြန်ပေးပါ၊ စိန်ကို ပြန်ပေးတယ် ဆိုရင် ခင်ဗျားကို ကြိုက်ရာ ခွင့်ပြုမယ်၊ အနာဂတ်မှာ ကောင်းရောင်း ကောင်းဝယ် လုပ်စားသမျှ ခင်ဗျား ဘာမှ အနှောင့် အယှက် မပေးဘူး၊ အဲ နောက်တစ်ခါ ကျူးလွန်ရင်တော့ တွေ့ဘူးပေါ့ဗျာ၊ သို့သော်လည်း ခုကိစ္စမှာတော့ ကျုပ် တာဝန်က စိန်ကြီး ပြန်ရအောင် လုပ်ဖို့သာ ဖြစ်တယ်ဗျ၊ ခင်ဗျားကို ဖမ်းဖို့ မဟုတ်ဘူး'

'အကယ်၍ ကျုပ်က မပေးဘူးလို့ ငြင်းရင်ကောဗျာ'

'အင်း ဒီလို ဆိုရင်တော့ စိန်ကြီး မယူဘဲ ခင်ဗျားကိုပဲ ယူရတော့မှာ

ရှားလော့ဟုမ်းက ခေါင်းလောင်း ကြိုးကို ဆွဲလိုက်သဖြင့် အပေါက်ဝ ဘီလီ ပေါ်လာလေ၏။

'ကဲ မြို့စားရေ၊ ဒီဆွေးနွေးပွဲကလေးမှာ ခင်ဗျား မိတ်ဆွေကြီး စိန်မာဒင် ဖိတ်ရင် ကောင်းမယ် ထင်တယ်ဗျ၊ ဘာပဲဖြစ်ဖြစ် သူ့ အကျိုး စီးပွား ပါနေသေးတော့ သူလည်း ဒီဆွေးနွေးပွဲကို တက်သင့် ပေတာပေါ့ဗျာ၊ ရေ၊ အိမ်ရှေ့ လမ်းမနားမှာ ရိုးကြီး ဂေါင်ဂင်နှင့် အရုပ်ဆိုးဆိုး လူ တစ် တွေ့လိမ့်မယ်၊ သူ့ကို အပေါ်ကို ကြွပါလို့ သွားဖိတ်ချည်ပါကွာ'

'လိုက်မလာရင်ကော ဆရာ'

'အို အကြမ်းတော့ မလုပ်ပါနှင့်ကွာ၊ သူတို့နှင့် ဆက်ဆံရင် သိမ်သိမ် ဆက်ဆံပါ၊ မြို့စားလေး ဆီးလ်ဗီးယတ်စ်က တွေ့ချင်တယ် ဆိုရင် သူ ချင် လိုက်လာမှာပါ'

ဘီလီ ပျောက်သွားသည့် အခါတွင် ဆီးလ်ဗီးယတ်စ်က

'ခင်ဗျား ခု ဘာလုပ်မလို့လဲ'

'ခု ကျုပ်ဆီမှာ ကျုပ် မိတ်ဆွေ ဒေါက်တာ ဝပ်ဆင် ရှိတယ်ဗျ၊ ကျုပ် ထဲမှာ ငါးမန်း တစ်ကောင် မိထားတယ်လို့ ပြောထားတယ်၊ ခု ကျုပ် ဆွဲတင်လိုက်တော့မယ်၊ ဆွဲတင်လိုက်ရင် ငါးတွေ ပါလာတော့မှာပါဗျာ'

မြို့စား ဆီးလ်ဗီးယတ်စ်သည် ကုလားထိုင်မှ ထလိုက်ပြီးနောက် လက် ကို နောက်သို့ ပစ်ထားလိုက်လေ၏။ ရှားလော့ဟုမ်းမှာမူ ညအိပ် ဝတ်စုံ မှ တစ်ပိုင်းတစ်စ ထိုးထွက်နေသည့် ပစ္စည်း တစ်ခုကို ကိုင်လိုက်လေ၏။

'ခင်ဗျား အိပ်ရာထဲမှာ အေးအေးဆေးဆေး မသေချင်ဘူး ထင်တယ် ဘာ'

မြို့စား ဆီးလ်ဗီးယတ်စ်က မေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ဗျ၊ ကျုပ်လည်း တစ်ခါ တစ်ခါ ဒီလိုပဲ စဉ်းစားမိတယ်၊ ဘယ်မှာ သေသေ ဘာ ထူးသေးသလဲဗျာ၊ သိပ်တော့ ထူးမယ် မထင်ပါဘူး ခင်ဗျားကတော့ လူ့ လောကကြီးက ပက်လက် ထွက်သွားတာထက် မှောက် မတ်တတ် ထွက်သွားရဖို့က ပိုများနေတယ် ထင်တယ်ဗျ၊ သို့သော်လည်း လောကကြီးက ဘယ်နည်း ဘယ်ပုံ ထွက်သွားမလဲ ဆိုတာကို ပြောရတာ မင်္ဂလာ မရှိပါဘူးဗျာ၊ ဒါတွေ ပြောမနေပါနှင့်တော့၊ ခု လောလောဆယ် တော့ ပျော်ပျော်ပဲ နေကြသေးတာပေါ့၊ မဟုတ်ဘူးလား'

နာမည်ကျော် ရာဇဝတ်ကောင် တစ်ဦး ဖြစ်သူ မြို့စား ဆီးလ်စီးယား ၏ နက်မှောင်သော မျက်လုံးထဲတွင် တောရိုင်း တိရစ္ဆာန် တစ်ကောင်၏ မျက် လုံးမှ အရောင် ပြက်သကဲ့သို့ လက်ခနဲ ပြက်သွားသည်ကို မြင်လိုက်ရလေ ရှားလော့ဟုမ်းမှာ အာရုံကြောများကို တင်းထားလိုက်ကာ အဆင်သင့် ပြင် လိုက်လေရာ သူ၏ ကိုယ်ခန္ဓာသည် ခါတိုင်းထက် ပို၍ ရှည်ထွက်လာသည် ထင်ရလေ၏။

ရှားလော့ဟုမ်းက အေးဆေး ငြိမ်သက်စွာဖြင့်

'ခင်ဗျား ခြောက်လုံးပြူးကို ကိုင်လို့ အလကား ဖြစ်တော့မပေါ့ မိတ် ဆွေ၊ ခင်ဗျားကို သေနတ်ကို ဆွဲထုတ်ဖို့ အချိန် ပေးသည့် တိုင်အောင် ခင်ဗျား ဒီ သေနတ် မသုံးရဲဘူး ဆိုတာ ခင်ဗျားဘာသာ ခင်ဗျား ကောင်းကောင်း သိ တယ်၊ ခြောက်လုံးပြူး ဆိုတာ တယ်ပြီး ညစ်ပတ် ဆူညံလှသဗျာ၊ သုံး သုံးရင် လေသေနတ်ကလေး ဘာလေး သုံးတာမှ ခပ်ရေးရေး ရှိလိမ့်ဦးမယ် ဟော ပြောရင်းဆိုရင်း ခင်ဗျား မိတ်ဆွေကြီးရဲ့ ခြေသံ ထင်တယ်ဗျ၊ မင်္ဂလာ စိန်မာဒင်၊ လမ်းမပေါ်မှာ စောင့်ရတာ ပျင်းလှရောပေါ့'

လက်ဝှေ့သမား စိန်မာဒင်မှာ ကြီးမား တောင့်တင်းသော ကိုယ် ကိုယ်ပေါက်နှင့် အသိဉာဏ် ကင်းမဲ့သည့် ပြားချပ်သော မျက်နှာကြီး ရှိ အခန်း တံခါးဝတွင် မားမားကြီး ရပ်လျက် ရှိရာမှ နားမလည်နိုင်သော အမူအ ဖြင့် အခန်းထဲသို့ လှမ်းကြည့်လျက် ရှိလေ၏။

ရှားလော့ဟုမ်း၏ ဤသို့ ပမာမခန့် လုပ်တတ်သည့် အကျင့်မှာ အ အကျင့်သစ် တစ်ခု ဖြစ်လေရာ ထိုအပြုအမူသည် ရန်လိုသော အပြုအမူ ဖြစ်သည့်တိုင် စိန်မာဒင်သည် မည်သို့ တုံ့ပြန်ရမည် မသိဘဲ ဖြစ်လျက် ရှိ ၏။

ထို့ကြောင့် စိန်မာဒင်သည် သူ့ဆရာဘက်သို့ လှည့်လိုက်လျက်





၊ အခြေအနေ ဘယ်လိုလဲ ခင်ဗျ၊ ဒီလူက ဘာ လိုချင်တာတဲ့လဲ' ဟု ခပ်သြသြဖြင့် မေးလိုက်လေ၏။ မြို့စားက ပခုံးကို တွန့်၍ ပြလိုက်စဉ် ရှားလော့ဟုမ်းက ကြားဖြတ်၍

'ခပ်တိုတို ပြောရရင်တော့ အားလုံးကို လိုချင်တယ်လို့ပဲ ပြောရတော့ စိန်မာဒင်ရေ'

လက်ဝှေ့သမား စိန်မာဒင်က မကျေနပ်နိုင်သေးဘဲ သူ့ဆရာဘက်သို့ ၍

'ဘာတဲ့လဲ ဆရာ၊ ဒီလူ ကျွန်တော်တို့ကို ရယ်စရာတွေ လျှောက်ပြော လား၊ ဒီအချိန်မှာ ကျွန်တော် ရယ်ချင်တဲ့ စိတ် မပေါ်သေးဘူးနော်'

ရှားလော့ဟုမ်းက ကြားဖြတ်လျက်

'ရယ်စရာ ပြောနေတာ မဟုတ်ပါဘူးဗျာ၊ တကယ်ပါ၊ မိတ်ဆွေတို့ ချင်ဘူး ဆိုရင်လည်း မရယ်ဘဲ နေနိုင်ပါတယ်၊ ကျုပ် အထင် ပြောရရင် ညဉ့်နက်ပိုင်း မှောင်လာလေလေ မိတ်ဆွေတို့ အဖို့ ရယ်စရာနှင့် မတွေ့ စိတ်ညစ်စရာနှင့် တွေ့ရလေလေ ဖြစ်မှာပါ၊ ကဲ ဒီမှာ မြို့စားမင်း၊ ဒီကို လိုက်စမ်းပါ၊ ကျုပ်က သိပ် အလုပ်များတဲ့ လူ၊ ဒီတော့ အချိန် သိပ်မဖြုန်း ၊ ခု ကျုပ် အိပ်ခန်းထဲကို သွားတော့မယ်၊ ကျုပ် မရှိတုန်း အိမ်ရှေ့ခန်းမှာ အေးဆေးဆေး တိုင်ပင်ကြ၊ အခြေအနေကလေးကိုလည်း ရှင်းပြလိုက်ပါဦး၊ တော့ ဟော့ဖမင်း ဘာကရိုလီရဲ့ တေးကလေး တစ်ပုဒ်လောက်ကို တယော မ်းလိုက်ဦးမယ်၊ နောက် ငါးမိနစ်လောက် ကြာရင် ကျုပ် အဖြေ လာယူ မယ်၊ အဲဒီလောက်ဆိုရင် အဖြေ ထွက်ပြီးသား ဖြစ်လောက်ရောပေါ့၊ တစ် ရွေးရမယ် ဆိုတာတော့ နားလည်တယ်နော်၊ ခင်ဗျားတို့ နှစ်ယောက်ကို လား သို့မဟုတ် စိန်ကြီးကို ယူရမလား'

ရှားလော့ဟုမ်းသည် အခန်း ထောင့်တွင် ရှိသည့် တယော သေတ္တာကို တ်ယူပြီးလျှင် အခန်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။ ခဏ တံခါး ပိတ်ထားသော အိပ်ခန်းထဲမှ ကြောက်စရာ အကောင်းဆုံး သွား တစ်ခု ဖြစ်သည့် ဘာကရိုလီ တေးသွားကို ထိုးနေသည့် အသံ ပေါ် လာလေ၏။

စိန်မာဒင်သည် အနီးတွင် ရှိသည့် သူ့ဆရာကို လှည့်ကြည့်လိုက်လျက်

'ဘယ်လိုလဲ ဆရာ၊ ကျွန်တော်တို့ဆီမှာ စိန်ကြီး ရှိနေတာ သိသွား '



www.burmeseclassic.com

www.burmeseclassic.com



'သိတာကတော့ အကုန်လောက် နီးပါး သိနေပြီ ထင်တယ်ကွ၊ မသိ ကျန်မှ ကျန်ပါဦးမလားတောင် မပြောတတ်တော့ဘူး'

'အဲဒါမှ ဒုက္ခပဲ ခင်ဗျ'

လက်ဝှေ့သမား စိန်မာဒင်၏ အသား ခပ်ဝါဝါ မျက်နှာသည် အဖြူရော သန်း၍ သွားလေ၏။

'အစ်ကေ ဆန်းဒါး ဖောက်သွားပြီ'

'ဟုတ်လား ဆရာ၊ ဟိုကောင် ဖောက်သွားသလား၊ တောက် ဒီကော ကို အပြတ် တွယ်ပစ်လိုက်ချင်စမ်းလှတယ် ဆရာရယ်'

'ဒီကောင်ကို တွယ်လို့တော့ သိပ် မထူးပါဘူးကွာ၊ ကဲ တို့ အနေ ဘာလုပ်မလဲ ဆိုတာကို ဆုံးဖြတ်ဖို့ပဲ ကျန်တော့တယ်'

စိန်မာဒင်က အိပ်ခန်းဘက်ဆီသို့ မသက်သာပုံဖြင့် လှမ်းကြည့်လိုက်

'ခဏကလေး နေပါဦး ဆရာရယ်၊ ကျွန်တော်တို့ ဆွေးနွေးစရာ ရှိ ကလေးကို ဆွေးနွေးကြဦးစို့ရဲ့၊ ဒီငနဲက စောင့်ကြည့်နိုင်မှ တော်ကာ ကျ ဆရာရဲ့၊ ကျွန်တော်တို့ ပြောတာတွေကို နားတော့ ထောင်မယ် မထင်ဘူး'

'တယော ထိုးနေရင်း ဘယ် နားထောင်လို့ ရမလဲကွ'

'ဟုတ်တော့ ဟုတ်ပါတယ်လေ၊ သို့သော် ကန့်လန့်ကာ နောက်မှာ တစ်ယောက်ယောက် ချောင်း နားထောင်ခိုင်းရင် ဘယ့်နှယ် လုပ်မလဲ၊ ဒီအ ထဲမှာ ကြည့်ရတာ နေရာတကာ ကန့်လန့်ကာတွေနှင့်ချည်းပဲ'

စိန်မာဒင်သည် ထိုသို့ ပြော၍ ပြတင်းပေါက်ဘက်သို့ လှမ်းကြည့်လို သည်တွင် ပြတင်းပေါက် အနီး ကုလားထိုင်တွင် ထိုင်နေသည့် ရှားလော့ဟု ၏ ပုံတူ ရုပ်တုကို မြင်လိုက်ရသဖြင့် စကားစကို ဖြတ်လိုက်ပြီးနောက် တ တသြဖြင့် လှမ်းကြည့်ကာ လက်ညှိုး ထိုးရင်း တန်းလန်းဖြင့် စကား မပြောနိုင် ဖြစ်လျက် ရှိလေ၏။

'ကိစ္စ မရှိပါဘူးကွာ၊ ဒါက ရုပ်တုကြီးပါ'

'ဟုတ်လား၊ ရုပ်တုကြီးလား၊ သောက်ကျိုးနည်း ဆရာရယ်၊ လု ထိတ်ခနဲ ဖြစ်သွားတာပဲ၊ မဒမ် တူးဆော့ရဲ့ ဖယောင်း ပြတိုက်မှာတောင် လောက် ကောင်းတဲ့ ပုံတူ ရှိမယ် မထင်ဘူး၊ တကယ် ဆရာရယ်၊ အသ ရှိတဲ့ လူနှင့် ခွဲလို့ မရဘူး၊ တူလိုက်ပုံများတော့ မပြောပါနှင့်တော့၊ ညဝ အင်္ကျီကြီးလည်း ဝတ်ထား လိုက်သေးတယ် ဆရာ၊ အံမယ် ဆရာရေ၊ ကန့်လ ကာကြီးတွေကို ကြည့်စမ်းပါဦး'





'တော်စမ်းပါကွာ၊ မင်း သောက် ကန့်လန့်ကာကြီးတွေကို ပြောမနေစမ်း နှင့်၊ အချိန် သိပ် မရှိဘူးကွ၊ သိပ် စကား အပိုတွေ ပြောမနေနှင့်၊ ဒီကျောက် ကြောင့် တို့ကို ဒုက္ခ ပေးနိုင်တယ်'

'သူ ဘာသိတာ မှတ်လို့ ဆရာရယ်'

'စိန်ကြီး ရှိတဲ့ နေရာကို ပြောပြရင် တို့ကို လွှတ်ပေးမယ်တဲ့၊ မဖမ်း ဘူးတဲ့'

'ဘာ၊ ဒီကျောက်ကြီးကို သူ့ကို အပ်ရမယ် ဟုတ်လား၊ ပေါင် တစ်သိန်း ောက် တန်တဲ့ ကျောက်ကြီးကို သူ့ကို အပ်ရမယ် ဟုတ်လား'

'ကျောက် မအပ်ရင် လူ အပ်ကွာ၊ လူ မအပ်ရင် ကျောက် အပ်၊ နှစ်ခု စ်ခုခု ရွေးရမှာပဲ'

စိန်မာဒင်သည် ဆံပင် တိုတို ညှပ်ထားသည့် သူ့ခေါင်းကို ကုတ်လျက် လေ၏။

'ခု အဲဒီ ငနဲ တစ်ယောက်တည်း ရှိတယ်၊ ဒီတော့ အထဲ ဝင်ပြီး ငနဲ တစ်ခါတည်း အပျောက် ရှင်းပစ်ခဲ့ရင် မကောင်းဘူးလား ဆရာ၊ သူ့ကို ပြတ်အောင် လုပ်နိုင်ရင် ကျွန်တော်တို့ အတွက် ဘာမှ စိုးရိမ်စရာ မရှိတော့ မဟုတ်လား'

မြို့စားက ခေါင်းကို ယမ်းလိုက်လေ၏။

'ငနဲ လက်ထဲမှာ လက်နက် အဆင်သင့် ရှိတယ်ကွ၊ သူ့ကို ပစ်ပြီး ပြေး သည်း ဒီလို နေရာမျိုးကနေပြီး ဘယ်ကို ထွက်ပြေးနိုင်မှာလဲ၊ ပြီးတော့ ခု ာက် ဆိုရင် သူ တွေ့ထားတဲ့ ဒီသက်သေခံ အထောက်အထားတွေ အားလုံး ာက်ဟာလည်း ပုလိပ်ဆီကို ရောက်နေလောက်ရောပေါ့၊ အလို ဘာပါလိမ့်'

ပြတင်းပေါက်ဆီမှ လာသည်ဟု ထင်သော အသံ တစ်သံကို ကြားရ ၏။

ဆရာ တပည့် နှစ်ယောက်သည် ထိုင်နေရာမှ ဖြုန်းခနဲ ထလိုက်ကြလေ သို့ရာတွင် အားလုံး တိတ်ဆိတ် ငြိမ်သက်လျက် ရှိလေ၏။ ကုလားထိုင် တွင် ထိုင်နေသည့် အရုပ်ကြီးမှ အပ တစ်ခန်းလုံးမှာ ဟာလာဟင်းလင်း လျက် ရှိပေ၏။

'လမ်းက လာတဲ့ အသံ ထင်တယ် ဆရာ၊ ကဲ ကြံစမ်းပါဦး ဆရာနဲ့ က ဦးနှောက် ကောင်းပါတယ်၊ ဆရာ ကြံရင် ဖြစ်မှာပါ၊ ဒီအကျပ်အတည်း



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်ပုံ ဘယ်နည်း ထွက်မလဲ ဆိုတာကလေးကို စဉ်းစားစမ်းပါဦး၊ သေနတ်ကို မသုံးရင် ဘယ်လို ရှင်းမလဲ၊ ဆရာ စဉ်းစားစမ်းပါဦး'

'အသာ နေစမ်းပါကွာ၊ သူထက် မကတဲ့ လူတွေကိုတောင် ငါ တစ်ပတ်ရိုက်ခဲ့တာ၊ သူလောက် လူကို စာရင်းထဲ မထည့်ပါဘူး၊ ကျောက်က ငါ့ လျှို့ဝှက်အိတ်ကပ်ထဲမှာ ပါပါတယ်၊ ဒီပစ္စည်းကို ဘယ်မှာ ထားပစ်ခဲ့ပါ့မလဲ၊ သွားလေရာကို ယူတာပေါ့၊ ဒီပစ္စည်းကို ဒီနေ့ညမှာ အင်္ဂလန်ကနေပြီး အပြင် ထုတ်ရမယ်ကွာ၊ ပြီးတော့ အမ်စတာဒမ်မှာ တနင်္ဂနွေနေ့ အမီ ထုခွဲ ရောင်းချရမယ်၊ အမ်စတာဒမ်က ဗန်းဆက်ဒါး အကြောင်းကိုတော့ သူ သိမှာ မဟုတ်ပါဘူး'

'နောက် တစ်ပတ်လောက် ဆိုရင် ဗန်းဆက်ဒါးလည်း ပြန်လိမ့်မယ် ထင်တယ်'

'ဒါပေါ့၊ သူ အရောက် ပြန်မှ ဖြစ်မှာပေါ့၊ ဒါပေမဲ့ လောလောဆယ် အရေးကြီးတာက နောက် သင်္ဘော အမီ ပြန်ပါသွားဖို့ လိုတယ်ကွ၊ ဒီတော့ မင်း ဖြစ်ဖြစ် ငါဖြစ်ဖြစ် ဒီအိမ်ပြင်ဘက် ရောက်အောင် ကျောက်နှင့် ခိုးထွက်ပြီး လိုင်းလမ်းမှာ ရှိတဲ့ သူ့ဆီကို ချက်ချင်း သွား အကြောင်းကြားဖို့ လိုတယ်'

'ဒါပေမဲ့ အောက်ပိုင်း လုပ်ထားတဲ့ အတုက မပြီးသေးဘူး ဆရာရဲ့'

'အေးလေ၊ ဒါကတော့ ရှိတာ လုပ်ရမှာပေါ့၊ သိပ် အချိန် ဖြုန်းလို့ မဖြစ်ဘူးနော်'

အန္တရာယ် ကျရောက်တော့မည်ဟု ကြိုတင် သိမြင်ခြင်းသည် တောလိုက် မုဆိုးတို့၏ ပကတိ ဉာဏ် ဖြစ်လေရာ ယခုလည်း မြို့စား ဆီးလ်ဗီးယတ်စ်သည် စကားကို ဖြတ်လိုက်ပြီးနောက် ပြတင်းပေါက်မှ အောက်သို့ လှမ်းကြည့်လိုက်လေ၏။ အသံမှာ လမ်းမဆီမှ လာသော အသံ ဖြစ်လေ၏။

'ရှားလော့ဟုမ်းလို စုံထောက်မျိုးကတော့ သိပ် အရေးမကြီးပါဘူးကွာ တစ်ပတ် ရိုက်ထားခဲ့လို့ ရပါတယ်၊ ငနဲဟာ ကျောက်ကို မရမချင်း တို့ကို ဖမ်းဦးမှာ မဟုတ်ဘူး၊ ဒီတော့ ကျောက် ပေးပါမယ်လို့ ကတိ ပေးလိုက်မယ် ပြီးတော့ မဟုတ်တဲ့ နေရာကို လက်ညှိုး ထိုးပြလိုက်မယ်၊ သူ လိုက်ရှာလို့ မတွေ့တဲ့ အခါ ကျတော့မှ သူ့ကို တစ်ပတ် ရိုက်သွားပြီ ဆိုတာ သူ သိမှာပေါ့၊ အဲဒီ အချိန်လောက် ကျမှ သိချင်လည်း သိပေစေတော့လေ၊ ကိစ္စ မရှိတော့ဘူး အဲဒီ အချိန်လောက် ဆိုရင် ကျောက်က ဟော်လန် ရောက်လို့ ထုခွဲ ရောင်းပြီးနေပြီ'

စိန်မာဒင်က သွားတွေ ပေါ်အောင် ဖြဲလျက်

'နိပ်လိုက်လေ ဆရာရယ်'





'ဒီတော့ မင်း ဗန်းဆက်ဒါးဆီကို သွားပြီး လုပ်စရာ ရှိတာကို လုပ်ဖို့ အသင့် ပြင်ထားလို့ သွားပြော၊ ငါက ဒီမှာ နေရစ်ခဲ့ပြီး ဒီငနဲကို ခပ်တည်တည်နှင့် လိမ့်နေရစ်ခဲ့မယ်၊ ကျောက်ဟာ လီဗာပူမှာ ရောက်နေပြီလို့ ပြောမယ်ကွာ၊ ဒီသောက် တယောသံကလည်း တအီအီနှင့်ကွာ နားငြီးလိုက်တာ၊ ဒီတော့ ဒီငနဲ လီဗာပူကို လိုက်ရှာလိမ့်မယ်၊ လီဗာပူမှာ ရှာလို့ မတွေ့တဲ့ အခါကျတော့ ကိစ္စ မရှိတော့ဘူးလေ၊ တို့က အင်္ဂလန်ရဲ့ အပြင်ဘက်ကို ရောက်နေပြီ၊ ဒီနားကို လာခဲ့စမ်း၊ သော့ပေါက်နှင့် တည့်တည့် မနေနှင့်လေကွာ၊ လာ ဒီကို၊ ဟောဒီမှာ ကျောက်'

'ဆရာမို့လို့ ဒီကျောက်ကို အိတ်ထဲမှာ ထည့်လာရဲပလေတယ် ခင်ဗျာ၊ ကျွန်တော်ဖြင့် အံ့ရော'

'ဟကောင်ရ၊ ကိုယ့်အိတ်ထဲမှာ ထည့်ထားတာထက် လုံခြုံတဲ့ နေရာ ရှိပါဦးမလားကွာ၊ ငါတောင် ဒီစိန်ကြီးကို ဝှိုက်ဟောကနေ ရအောင် ထုတ်လာနိုင်ခဲ့သေးရင် တစ်ယောက်ယောက်ကလည်း ငါ့အိမ်ထဲကနေ ထုတ်ယူသွားနိုင်တာပေါ့'

'ပြစမ်းပါဦး ဆရာရယ် ကြည့်ရအောင်'

မြို့စားသည် သူ့ တပည့်ကို မနှစ်သက်ဟန်ဖြင့် တစ်ချက် လှမ်းကြည့်လိုက်ပြီးနောက် ကမ်းပေးထားသည့် ညစ်ပတ် ပေရေသည့် သူ့လက်ကိုလည်း မမြင်ယောင်ပြုလျက် ရှိလေ၏။

'ဘာလဲ ဆရာရဲ့၊ ကျွန်တော့်ကိုတောင် မယုံတော့ဘူးလား၊ ဒီလို မလုပ်ပါနှင့် ဆရာရယ်၊ ဆရာ ကျွန်တော့်ကို ဒီလို လုပ်ပေါင်း များပါပြီ'

'ဒီမှာ စိန်မာဒင်၊ စကားတွေ သိပ်မပြောနှင့်ကွာ၊ တို့ အချင်းချင်း ရန်ဖြစ်ဖို့ အချိန် မဟုတ်ဘူး၊ သေသေချာချာ ကြည့်ချင်ရင်တော့ ဟိုပြတင်းပေါက်ဆီကို လာခဲ့၊ ဒါမှ မြင်ရမှာ၊ ရော့ ဟောဒီမှာ၊ အလင်းရောင်မှာ ထောင်ကြည့်လိုက်၊ တွေ့လား'

'တွေ့တယ် ဆရာရေ'

ထိုခဏ၌ ကုလားထိုင်ပေါ်တွင် ထိုင်နေသည့် ရှားလော့ဟုမ်း အရုပ်သည် ဝုန်းခနဲ ထလာကာ သူတို့ နှစ်ယောက်ကို ခုန်အုပ် လိုက်ပြီးနောက် စိန်ကြီးကို လုယူလိုက်လေ၏။ ရှားလော့ဟုမ်း အရုပ်သည် စိန်ကြီးကို လက်တစ်ဖက်ဖြင့် ကိုင်ထားပြီးနောက် အခြား လက်တစ်ဖက်တွင် ကိုင်ထားသည့် ခြောက်လုံးပြူးဖြင့် မြို့စားကြီး၏ ခေါင်းကို ချိန်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့စားတို့ ဆရာ တပည့် နှစ်ယောက်သည် နောက်သို့ ယိုင်သွားကာ တအံ့တသြ ဖြစ်လျက် ရှိကြလေ၏။ သို့ရာတွင် ရှားလော့ဟုမ်းသည် သူတို့ မှင်တက်မိနေစဉ် ခေါင်းလောင်းကြိုးကို ဆွဲပြီးခဲ့လေပြီ။

'မိတ်ဆွေတို့ ဝုန်းဝုန်း ဒိုင်းဒိုင်းတော့ မလုပ်ကြပါနှင့်ဗျာ၊ တစ်ဆိတ် သည်းခံကြပါ၊ ကျုပ် ပရိဘောဂတွေ ကျိုးပဲ့ကုန်မှာ စိုးလို့ပါ၊ ခုအချိန်လောက် ဆိုရင် ခုခံလို့လည်း အပိုပဲ ဆိုတာ သိလောက်ရောပေါ့၊ အောက်ထပ်မှာ ပုလိပ် ကလည်း အဆင်သင့် ရောက်နေပြီ'

မြို့စား ဆီးလ်ဗီးယတ်စ်ကား ဒေါသ ဖြစ်ခြင်း၊ ကြောက်ရွံ့ခြင်းတို့ထက် အံ့အားသင့်ခြင်းက ပိုလျက် ရှိ၏။

'နေပါဦးဗျာ၊ ဘယ်လိုကနေ ဘယ်လို'

'ဘယ်လိုလဲ မိတ်ဆွေကြီး၊ တော်တော် အံ့အားသင့်သွားတယ် မဟုတ်လား၊ အင်း အံ့အားသင့်မယ် ဆိုလည်း သင့်လောက်ပေတာကိုးဗျ၊ ဒီကန့်လန့် ကာ နောက် အတိုင်း ဝင်သွားရင် ကျုပ် အိပ်ခန်းထဲကို ဝင်တဲ့ ဒုတိယ အပေါက် တစ်ပေါက် ရှိသေးတယ် ဆိုတာကို ခင်ဗျားတို့မှ မသိလိုက်ဘဲကိုး၊ စောစောက ရုပ်တုကြီး ရွှေ့သံကို ခင်ဗျားတို့ ကြားကောင်း ကြားမိလိမ့်မယ်ဗျ၊ သို့သော် လည်း ကျုပ် ကံကောင်းသွားတာက ခင်ဗျားတို့ နှစ်ယောက်ချင်း ပြောတဲ့ စကား တွေကို ကျုပ် ကြားလိုက်တယ်ဗျ၊ ကျုပ် ရှေ့မှာ ဆိုရင် ဒီစကားမျိုးတွေ ဘယ် ပြောမလဲဗျာ၊ ကျုပ် မရှိတုန်း လွတ်လွတ်လပ်လပ် ပြောကြတော့ ကျုပ် သိချင် နေတဲ့ အချက်အလက်တွေ အားလုံးလောက်ကို ကြားလိုက်ရတာပေါ့'

မြို့စားက ပြန်၍ ဣန္ဒြေ ဆယ်လိုက်ရင်း

'အင်း ခင်ဗျား သိပ်တော့ မဆိုးလှပါဘူး၊ တကယ်ကတော့ ခင်ဗျား ကိုယ်တိုင်သည်ပင်လျှင် နတ်ဆိုးလားမှ မသိတာ'

ရှားလော့ဟုမ်းက ယဉ်ကျေးစွာ ပြုံးလိုက်လျက်

'သိပ်တော့ မကွာလှပါဘူးဗျာ၊ သူ့နောက်ဆွဲနားက ကပ်လိုက်နေတာ ပါ'

လက်ဝှေ့သမား စိန်မာဒင်မှာ စဉ်းစားဉာဏ် ထုံထိုင်းသူ တစ်ယောက် ဖြစ်သည့် အတွက် အတန်ကြာ အခါကျမှပင် အခြေအနေကို သဘော ပေါက်စ ပြုလာလေ၏။

လှေကားမှ တက်လာသော ခပ်ပြင်းပြင်း ခြေသံများကို ကြားလိုက် သည်တွင် စိန်မာဒင်က





'ခြေသံကတော့ ပုလိပ် ခြေသံပဲဗျ၊ ဒါပေမဲ့ နေစမ်းပါဦး၊ ကြားနေရတဲ့ သံက ဘယ်ကဟာလဲ၊ ခုထက်ထိ ကြားနေရတုန်းပါကလား'

'သြော် ဖြစ်မှ ဖြစ်ရလေဗျာ၊ ကိုယ့်လူကို မပြောရသေးဘူး ထင်တယ်၊ ယ်ဗျာ၊ အဲဒီ သီချင်းသံက ဓာတ်စက်က လာတဲ့ အသံဗျ၊ ဓာတ်စက် ပေါ် ဟာ တော်တော် ထူးခြားတဲ့ တီထွင်မှု တစ်ခုပဲဗျ'

ခဏ ကြာလျှင် အောက်ထပ်မှ ပုလိပ်များ တက်လာကြကာ တရားခံ ကို လက်ထိတ် ခတ်ပြီးလျှင် အသင့် စောင့်နေသည့် ရထားဖြင့် ခေါ်သွား လေ၏။

ဒေါက်တာ ဝပ်ဆင်မှာ ရှားလော့ဟုမ်းနှင့် နှစ်ယောက်တည်း ကျန်ရစ် ရှားလော့ဟုမ်း၏ နောက်ထပ် အောင်မြင်မှုနှင့် ပတ်သက်၍ ချီးကျူး ဆိုလျက် ရှိလေ၏။ ခဏ ကြာလျှင် ဘီလီသည် ကတ်ပြားကလေး တစ်ခုကို န်းပေါ်သို့ တင်ကာ အခန်းသို့ ရောက်လာပြန်သည့် အတွက် စကား ပြတ် ကြပြန်လေ၏။

'လော့ဒ် ကင်တဲမီယာပါ ဆရာ'

'အေး အထဲကို ခေါ်လိုက်ပါကွာ၊ လော့ဒ် ကင်တဲမီယာ ဆိုတာ ဆွေ မျိုးတော်တွေကို ကိုယ်စားပြုတဲ့ အမတ်ကြီး တစ်ဦးကွ' ဟု ရှားလော့ ပြောလိုက်ပြီးနောက် ဝပ်ဆင်ဘက်သို့ လှည့်လိုက်လျက်

'အဘိုးကြီးက သစ္စာတော့ ရှိပါရဲ့၊ သို့သော်လည်း လူကြီးက အယူက ဖြင့် တယ်သီးကိုးဗျ၊ အဘိုးကြီးကို ပျော့လာအောင် ချော့လို့မှ ရပါ့မလား၊ မဟုတ် ကျုပ်တို့ သူ့ကို အကုန် ဖွင့်ပြောလို့မှ ဖြစ်ပါ့မလား မသိဘူး၊ ဒီ ကြီးက ဒီအကြောင်းတွေ ဘာမှ ကောင်းကောင်း သိသေးဟန် မတူဘူးဗျ'

အခန်း တံခါးသည် ပွင့်လာကာ ခပ်ပိန်ပိန်၊ မျက်နှာထား တင်းတင်း၊ င်ချွန်းကဲ့သို့ မျက်နှာ ရှိပြီး ကိုင်းသော ခါး၊ ပိန်လှီသော ကိုယ်ခန္ဓာနှင့် က်အောင် ထူထည်း မည်းနက်သော နှုတ်ခမ်းမွေး ကားကားကြီးများ ရှိ လူတစ်ယောက် ဝင်ရောက်လာလေ၏။

ရှားလော့ဟုမ်းသည် ဖျတ်လတ်စွာ ထကာ ထိုသူအား လက်ဆွဲ နှုတ် လျက် ရှိသည့်တိုင် ထိုလူမှာ စိတ် မပါဟန်ဖြင့် လက်ကို ဆွဲ၍ လှုပ်ရုံသာ လျက် ရှိလေ၏။

'အမတ်ချုပ်ကြီး နေလို့ ထိုင်လို့ ကောင်းတယ်နော်၊ ဒီနှစ် အအေးကြီး တယ် တော်တော် အေးနေပြီ ခင်ဗျ၊ ဒါပေမဲ့ အိမ်ထဲမှာတော့ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



မအေးလှပါဘူး၊ အမတ်ကြီးရဲ့ အင်္ကျီကို ချွတ်လိုက်ပါလား ခင်ဗျာ၊ ကျွန်တော်
ချွတ်ပေးမယ်လေ'

'မလိုပါဘူးဗျ၊ မချွတ်ပါဘူး'

ရှားလော့ဟုမ်းသည် အမတ်ကြီး ကင်တဲမီယာ၏ ကုတ်အင်္ကျီ လက်
ဆွဲထားလိုက်လျက်

'မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော် ချွတ်ပေးပါရစေ၊ ဟောဒီက ကျွန်တော်
မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင်ကိုပဲ မေးကြည့်ပါ၊ အထဲနှင့် အပြင်
အအေး ဒီလောက် ကွာတာကလေးကတော့ ဘာမှ မဖြစ်လောက်ပါဘူး'

အမတ်ကြီး ကင်တဲမီယာသည် စိတ် မရှည်နိုင်တော့ဘဲ ရှားလော့ဟုမ်း
ဆွဲကိုင်ထားသည့် အင်္ကျီ လက်ကို ဆောင့်ရုန်းလိုက်သည်။

'နေပါဗျာ၊ ကျုပ်ဘာသာ ကျုပ် နေပါရစေ၊ ဒီမှာလည်း ထိုင်
မလိုပါဘူး၊ ခင်ဗျားတို့ ဘာသာ ခင်ဗျားတို့ ခန့်ထားတဲ့ အလုပ် ကိစ္စနှင့်
သက်လို့ ဘယ်လို အခြေအနေများ ထူးသလဲလို့ ဝင်ကြည့်တာ'

'မလွယ်တော့ မလွယ်ဘူး ခင်ဗျ၊ တော်တော်လေး ခက်တယ်'

'အစကတည်းက ကျုပ် ပြောသားပဲ၊ ခင်ဗျားတို့ လုပ်လို့ သိပ်ဟန်
မထင်ပါဘူးလို့'

အမတ်ကြီး၏ စကားလုံးနှင့် အမူအရာမှာ လှောင်ပြောင် အထင်
သည့်ဟန် ဖုံးဖိ မရအောင် ပေါ်လျက် ရှိလေ၏။

'ဒီမှာ မစ္စတာ ဟုမ်း၊ လူတိုင်း လူတိုင်းမှာ ကန့်သတ်ချက်တွေ ရှိ
တာပဲဗျာ၊ သို့သော်လည်း ဒီလို ကန့်သတ်ချက်ကလေးဟာ ငါ လုပ်ရင် ဘာ
ဖြစ်တယ် ဆိုတဲ့ ဘဝင် မြင့်တဲ့ ရောဂါကို ကုပေးတာတော့ အမှန်ပဲ'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်ဖြင့် ဒီအမှုကို ဘယ်လို ကိုင်
ရမှန်းတောင် မသိခဲ့ဘူး'

'အစကတည်းက ကျုပ် သိသားပဲ'

'အထူးသဖြင့် အချက် တစ်ချက်ကို ဘယ်လို ရှင်းရမယ် ဆို
မသိအောင် ဖြစ်နေတယ် ခင်ဗျ၊ အမတ်ကြီးကများ ကူညီနိုင်မလား မသိ

'သိပ် အချိန် နှောင်းသွားမှ ကျုပ် အကြံဉာဏ်ကို လာပြီး တောင်
ကိုးဗျ၊ ကျုပ်ကတော့ ခင်ဗျား နည်းတွေနှင့် ခင်ဗျား ဟုတ်နေပြီလို့ ထင်
သို့သော်လည်း အကြံဉာဏ် လိုချင်တယ် ဆိုရင်လည်း ပေးတော့ ပေးရ
လေ၊ ရပါသေးတယ်'





'ပြဿနာက ဒီလို ဖြစ်နေတယ် အမတ်ကြီးရဲ့၊ တကယ့် သူခိုးကို ကျွန်
တော်တို့ စွဲချက် မတင်နိုင်ဘဲ ဖြစ်နေတယ်'

'ဖမ်းမိတာတောင် စွဲချက် မတင်နိုင်ဘူးလားဗျ'

'ဟုတ်တယ် ခင်ဗျ၊ တခြားကြောင့် မဟုတ်ဘူး၊ သူခိုးကို ဖမ်းမိသည်
သည့်တိုင် ခိုးရာပါ ပစ္စည်း လက်ခံသူကို ကျွန်တော်တို့ ဘယ်လို အရေးယူ
ဆိုတဲ့ ပြဿနာက ရှိနေသေးတယ်'

'ဒါက စောပါသေးတယ်လေ၊ ယုန် မရခင်က သံပရာ ရှာ ဆိုသလို
ကိုမှ မမိသေးဘူး၊ ခိုးရာပါ ပစ္စည်းကို လက်ခံတဲ့ လူကို ဘယ်လို အရေး
ယူမလဲ ဆိုတဲ့ ကိစ္စက စောပါသေးတယ်'

'စောတယ်လို့တော့ မပြောနိုင်ဘူးပေါ့ ခင်ဗျာ၊ စဉ်းစားစရာ ရှိတာကို
စဉ်းစားထားရတာပေါ့၊ ပစ္စည်း လက်ခံသူကို စွဲချင်ပြီ ဆိုရင် အနိုင်မာ
သက်သေခံ အထောက်အထားက ဘယ်လို ဖြစ်မလဲ'

'ဘယ်လို ဖြစ်ရမလဲဗျ၊ လွယ်လွယ်ကလေးပါ၊ လက်ထဲမှာ ပစ္စည်း
ဘယ် ဆိုရင် ခိုးရာပါ ပစ္စည်း လက်ခံသူပေါ့'

'ဒါဖြင့် ပစ္စည်း လက်ဝယ် တွေ့ရင် ဖမ်းတော့မယ်ပေါ့'

'ဒါပေါ့၊ ဖမ်းမှာပေါ့'

ရှားလော့ဟုမ်းသည် ရယ်မောခဲ့သူ တစ်ယောက် ဖြစ်သည့်တိုင် သူ့
ဆွေကြီး ဝပ်ဆင် မှတ်မိသလောက် ဆိုလျှင် ထိုနေ့ကမူ ရှားလော့ဟုမ်း
ည် ရယ်မောလု နီးပါး အခြေအနေသို့ ရောက်လာခဲ့ပေ၏။

'ဒီလို ဆိုရင် ပြောရတော့မှာပဲ ခင်ဗျ၊ ပြောတော့ မပြောရက်ပါဘူး၊
တ်ကြီးကိုပဲ ဖမ်းဖို့ ကျွန်တော် ဆိုင်ရာကို ပြောရတော့မှာပဲ'

အမတ်ကြီးမှာ အကြီးအကျယ် ဒေါသ ထွက်လျက် ရှိလေပြီ။ ဝါကြန်
ရောင် ပြေးနေသော ပါးပြင် နှစ်ဖက်တွင် ငယ်ငယ်တုန်းကကဲ့သို့ ရာဇမာန်
သည့် အရိပ်အယောင်တို့ ပေါ်လာလေ၏။

'မစ္စတာ ဟုမ်း၊ ခင်ဗျား စော်ကားလှချည်လား ဟင်၊ ကျုပ် အစိုးရ
ထမ်းလာတာ အနှစ် ငါးဆယ် ရှိပြီဗျ၊ ကျုပ် တစ်သက်မှာ ဒီလို အစော်ကား
တာမျိုး တစ်ခါမှ မရှိခဲ့သေးဘူး၊ ကျုပ်မှာ အလုပ်တွေ များနေတယ်ဗျ
ရေးကြီးတဲ့ လုပ်စရာတွေ တစ်ပုံကြီး ရှိတယ်၊ ကလေးကလား စကားတွေ
ပြောနေစရာ အချိန် မရှိဘူး၊ ကျုပ် ခင်ဗျားကို ရှင်းရှင်း ပြောလိုက်မယ်၊ ခင်ဗျား
သာ စုံထောက် ကောင်းတယ်လို့ ဘယ်လောက်ပဲ နာမည် ကြီးကြီး ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကို ကျုပ် အထင်ကြီးလှတာ မဟုတ်ဘူး၊ ခုကိစ္စမှာလည်း ဒီအတိုင်းပဲ၊ ကျုပ် သဘော ပြောရရင် ဒီကိစ္စကို ခင်ဗျားကို အကိုင် ခိုင်းတာထက် သက်ဆိုင်ရာ ပုလိပ် အဖွဲ့ကို အပ်တာက ပိုကောင်းမယ်လို့ အစ ကတည်းက ကျုပ် တစ် လျှောက်လုံး ပြောခဲ့တယ်၊ ခုတော့ ကျုပ်ထင်တဲ့ အတိုင်း ဖြစ်လာတာပဲ မဟုတ် လား၊ ကဲ သွားမယ်ဗျာ၊ စကား ပြောဖို့ အချိန် မရှိဘူး'

ရှားလော့ဟုမ်းသည် ပြေးလိုက်သွားကာ တံခါး ရှေ့မှ ဆီးပိတ်၍ ရပ် လိုက်လေ၏။

'ခဏကလေး နေပါဦး ခင်ဗျာ၊ စိန်ကြီးကို ကိုယ်ပေါ်မှာ ယာယီ တွေ့ တာထက် ဒီစိန်ကြီးနှင့် အတူ တခြားကို ယူပြီး ထွက်သွားတယ် ဆိုတာ ပိုပြီး အပြစ် ကြီးပါတယ်'

'ဗျို့လူ၊ တယ်စော်ကားပါလား၊ ဒီလောက် အထိတော့ လွန်လွန်းပြီဗျ ဖယ်၊ ကျုပ် သွားမယ်'

'အမတ်ကြီးရဲ့ အပေါ် အင်္ကျီ ညာဘက် အိတ်ထဲကို နှိုက်ကြည့်စမ်းပါ ခင်ဗျာ'

'ဘာဖြစ်လို့ နှိုက်ရမှာလဲဗျ'

'ကျွန်တော် ပြောတဲ့ အတိုင်း လုပ်ပါလေ'

ခဏ ကြာသည့် အခါတွင်မူ အံ့အားသင့်လျက် ရှိသော အမတ်ကြီး သည် တုန်ယင်သော လက်ဖြင့် စိန်ကြီးကို ကိုင်ထားယင်း မျက်တောင် ပုတ်ခတ် ပုတ်ခတ်ဖြင့် အထစ်ထစ် အငေါ့ငေါ့ ပြောဆိုလျက် ရှိလေ၏။

'မစ္စတာ ဟုမ်း၊ ဘယ်လို ဘယ်လို ဖြစ်တာတုံးဟင်၊ ဘယ်လို ဖြစ်တာ တုံး'

'ဒီလို ဖြစ်တာကတော့ မကောင်းဘူး ခင်ဗျာ၊ ဟောဒီက ကျွန်တော့် မိတ်ဆွေကြီး ဝပ်ဆင်က ပြောပြပါလိမ့်မယ်၊ ကျွန်တော် ဆိုတဲ့ လူက မကောင်း ဘူး ခင်ဗျာ၊ တယ်ပြီး အကျီစယ် သန်ချင်တယ်၊ ပြီးတော့လည်း ရုတ်တရက် အံ့အား သင့်စရာကလေးတွေကို လုပ် လုပ်ပြချင်တယ် ခင်ဗျ၊ ခုတော့ အမတ် ကြီးကို ကျွန်တော် တော်တော်ကလေး အကျီစယ် သန်လိုက်မိတယ်၊ အကျီစယ် သန်တာမှ နည်းနည်း မဟုတ်ဘူး၊ စ တွေ့တွေ့ချင်း ကျောက်ကို အိတ်ထဲ ထည့်လိုက်သည် အထိပဲဗျ'

အမတ်ကြီးသည် စိန်ကြီးကို ကြည့်နေရာမှ သူ့ ရှေ့တွင် ပြုံးလျက် ရှိ သော ရှားလော့ဟုမ်း၏ မျက်နှာကို ကြည့်လျက် ရှိလေ၏။





'အင်း၊ ကျုပ်တော့ တော်တော် အံ့အား သင့်သွားတယ်ဗျာ၊ ဟုတ်ပါ ခု ကျုပ် လက်ထဲက စိန်ကြီးဟာ သရဖူက မရမ်းရောင် စိန်ကြီးပါပဲ၊ တော ဟုမ်းရေ၊ ကျုပ်တို့တော့ ခင်ဗျားကို ဘယ်လို ကျေးဇူး ဆပ်ရမယ်လို့ င် မစဉ်းစားတတ်အောင် ဖြစ်နေပြီ၊ ခင်ဗျား ဝန်ခံတဲ့ အတိုင်း ခင်ဗျား ရသက သူများကို နည်းနည်း စိတ်ဒုက္ခ ရောက်စေပြီး တစ်ဖက်သားမှာ တော်လေး ခွကျသွားရပေမဲ့ ခင်ဗျားရဲ့ စုံထောက် ဉာဏ်ကို အထင်သေး တော့ ပြန် ရုပ်သိမ်းပါတယ် ခင်ဗျာ၊ သို့သော်လည်း ဒီစိန်ကြီးကို ဘယ် များ ပြန်ပြီး ...'

'အမှုက တစ်ဝက်လောက် ပြီးသလောက် ရှိနေပါပြီ ခင်ဗျာ၊ အသေး ကိုတော့ စောင့်ရတာပေါ့၊ အမတ်ကြီးက ခုသတင်းကို သက်ဆိုင်ရာတို့ကို ပြီး ဒီစိန်ကြီးကို ပြန်နိုင်ပြီ ဆိုရင်တော့ ကျွန်တော် ကျီစယ်လို့ အောင့် သက် ဖြစ်တာကလေးတွေ ကျေလောက်ရောပေါ့ ခင်ဗျာ၊ ကဲ ဘီလီရေ ဒီက အမတ်ကြီးကို အောက်ထိအောင် လိုက်ပို့ပေးပါကွာ၊ ပြီးတော့ အဘွား ကိုလည်း ပြောလိုက်စမ်းပါဦး၊ နှစ်ယောက်စာ ညစာကို ခပ်မြန်မြန်လေး ဆောလိုက်စမ်းပါလို့'

[မူရင်း ဝတ္ထု *The Adventure of The Mazarin Stone.* ရှေ့ဒေါင်း၏ စုံ တ် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]



www.burmeseclassic.com

www.burmeseclassic.com

# သုံးဆောင်ပြိုင် အိမ်



ကျွန်ုပ်သည် မိတ်ဆွေကြီး ရှားလော့ဟုမ်းနှင့် အမှု တော်တော်များများကို လိုက်ခဲ့ဖူးရာ လိုက်ခဲ့သမျှ အမှုတိုင်းလောက်သည် ရုတ်တရက် ကောက်ကာ ငင်ကာ ထ၍ လိုက်ခဲ့ရသည့် အမှုများ ဖြစ်သည့်တိုင် ယခု သုံးဆောင်ပြိုင် အိမ်အမှုလောက် မထင်ဘဲနှင့် ထ၍ လိုက်ခဲ့ရသည့် အမှုမျိုးကား မရှိခဲ့ဖူးသေးချေ။

ရှားလော့ဟုမ်းနှင့် မတွေ့သည်မှာ ကြာခဲ့ပြီ ဖြစ်သည့်အလျောက် ရှားလော့ဟုမ်းသည် မည်သည့် ကိစ္စများတွင် အာရုံ စိုက်နေသည်ကိုလည်း ကျွန်ုပ်သိခဲ့ချေ။

သို့ရာတွင် ထိုနေ့ မနက်က ကျွန်ုပ်နှင့် တွေ့ဆုံသည့် အခါတွင် ရှားလော့ဟုမ်းမှာ အထူးတလည် အာသွက်လျက် ရှိပြီး မီးဖို အနီးရှိ လက်တင် ကုလားထိုင်ဟောင်းကြီး တစ်လုံးပေါ်တွင် ကျွန်ုပ်အား ထိုင်စေလျက် သူကိုယ်တိုင်မှာမူ ခြေတံကို ခဲကာ ကုလားထိုင်ပေါ်တွင် ခွေလျက် ရှိ၏။

ထိုစဉ် အခန်းထဲသို့ ကျွန်ုပ်တို့ ဧည့်သည် ရောက်လာခြင်း ဖြစ်ပေ၏။ ထိုဧည့်သည် ရောက်လာပုံကို ကျွန်ုပ် ပြောရလျှင် အခန်းထဲသို့ ရူးသွပ်နေသည့် ကျွဲရိုင်းကြီး တစ်ကောင် ဝင်လာသည်နှင့် တူသည်ဟု ပြောရလျှင် ပို၍ သဘောပေါက်ကြလိမ့်မည် ထင်ပါသည်။

ထိုသို့ ကျွန်ုပ်တို့ ထိုင်နေကြစဉ် အခန်း တံခါးသည် ဝုန်းခနဲ ပွင့်လာပြီးနောက် ကျွဲပေါက် တစ်ကောင်လောက် ရှိသည့် ကပ္ပလီ တစ်ယောက်သည် အခန်းထဲသို့ တစ်ဟုန်ထိုး ပြေးဝင်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပလီ အမျိုးသားမှာ မီးခိုးရောင် ပြာပြာကြီးပေါ်တွင် အဖြူ တို့ ရိုက်ထားသည့် ဝတ်စုံ အင်္ကျီကို ဝတ်ထားပြီးလျှင် အညိုရောင် လည် ရှည်ရှည်ကြီးကို စည်းထားလေရာ သူ့မျက်နှာကြီးကသာ ကြောက်စရာ အ ကို မဆောင်ခဲ့လျှင် လူပြက် တစ်ယောက်နှင့် တူနေပေလိမ့်မည်။

၎င်း၏ မျက်နှာ ပြားပြားကြီးနှင့် ပြားချပ်နေသော နှာခေါင်းပြား တို့သည် ရှေ့သို့ တိုးထွက်လျက် ရှိပြီး ဒေါသ အခိုးအလျှံတို့ ထွက်လျက် သော မည်းနက်သည့် မျက်လုံးကြီးများဖြင့် ကျွန်ုပ်တို့ နှစ်ယောက်ကို လှည့်စီ ကြည့်လျက် ရှိလေ၏။

'ဘယ်သူက မစ္စတာ ရှားလော့ဟုမ်းလဲဗျ' ဟု ကပ္ပလီက မေး ၏။

ရှားလော့ဟုမ်းက မပြုံးချင် ပြုံးချင်နှင့် ပြုံးလိုက်လျက် ဆေးတံ မြှောက်ပြလိုက်လေ၏။

'သြော် ခင်ဗျားလား' ဟု ဆိုကာ ကပ္ပလီကြီးသည် စားပွဲကို ကွေ့ ကာ ခပ်သွက်သွက် လျှောက်လာပြီးလျှင်

'ဒီမှာ ကိုယ့်လူ၊ ခင်ဗျား သူများ ကိစ္စထဲမှာ ဝင် ဝင်ပြီး မရှုပ်ပါနှ ကိုယ့်ဘာသာကိုယ် လွတ်လွတ်ကင်းကင်း နေပါ၊ နောင်မှာ ဝင်ရှုပ်တာ မ ချင်ဘူး၊ ကြားလား'

'အင်း ဆက်ပြောပါဦး၊ နားထောင်လို့ ကောင်းသားပဲ'

ကပ္ပလီကြီးက အကြီးအကျယ် စိတ်တိုသွားဟန်ဖြင့်

'ဘာ နားထောင်လို့ ကောင်းရမှာလဲ၊ ဘာစကား ပြောတာလဲ၊ တော စိတ်ရှိ လက်ရှိ ထိုးပစ်လိုက်လို့ ဟုတ်ပေ့ ရှိနေမယ်၊ ဟင်း ကိုယ့်လူ ယီး ယားတားတော့ မလုပ်နှင့်၊ ခင်ဗျားလို လူမျိုး တစ်ယောက်ကို ဆုံးမခဲ့ပြီး ကျုပ်ကို ဘာအောက်မေ့နေလို့လဲ၊ တစ်ချက်လောက် ထိုးထည့်လိုက်ရလို့ ဟု ပေ့ ရှိနေပြန်ရော့မယ်၊ ဒီမှာ ကြည့်ထား ကိုယ့်လူ၊ ဘာမှတ်နေသလဲ'

ကပ္ပလီကြီးသည် လက်သီးကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ကျွန် ၏ မိတ်ဆွေကြီး ရှားလော့ဟုမ်း မျက်နှာရှေ့တွင် ယမ်းပြလျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် သူ့ ရှေ့တွင် ယမ်းပြလျက် ရှိသော လက်သီးဆု ကြီးကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ကာ

'လက်သီးကြီးက အကြီးကြီးပါကလားဗျ၊ မွေးကတည်းက ဒီလော ကြီးနေတာလား၊ တဖြည်းဖြည်း ကြီးလာတာလား'





မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ ပမာမခန့်သော အမူအရာကြောင့်မေ သို့မဟုတ် ကျွန်ုပ်က မီးဆွသည့် သံတုတ်ကြီးကို ကောက်ယူလိုက်သော လေလော၊ မည်သည့် အတွက်ကြောင့်ဟု တပ်အပ် သေချာစွာ မပြောနိုင် ည်း ကပ္ပလီကြီးမှာ အနည်းငယ် ငြိမ်သက်သွားသည်ကို တွေ့ရလေ၏။

'ကောင်းပြီ၊ ဒီလို ဆိုရင် ခင်ဗျားကို ကျုပ် ကောင်းကောင်း သတိ ပြီ၊ ဟာရိုးမှာ ကျုပ် မိတ်ဆွေ တစ်ယောက် ရှိတယ်၊ သူ့ကိစ္စမှာ ခင်ဗျား ပ်စေချင်ဘူး၊ ဒါတော့ ခင်ဗျား သိတယ် မဟုတ်လား၊ ခင်ဗျားက ဥပဒေ မစိုက်ဘူး ဆိုရင် ကျုပ်ကလည်း ဘာဖြစ်လို့ ဂရုစိုက်ရမှာလဲ၊ ဒီတော့ ခင်ဗျား ဝင်မရှုပ်ပါနှင့်၊ ခင်ဗျား ဝင်ရှုပ်ရင် ကျုပ်လည်း ပါရလိမ့်မယ်၊ မမေ့ပါနှင့်'

ရှားလော့ဟုမ်းက

'အင်း၊ ကျုပ်ကလည်း ခင်ဗျားကို တွေ့ချင်နေတာ အတော် ကြာပြီဗျ၊ အနံ့ကြီးကို မခံနိုင်လို့ ခင်ဗျားကိုတော့ အထိုင် မခိုင်းတော့ပါဘူးလေ၊ မေးတော့ မေးလိုက်ရဦးမယ်၊ ခင်ဗျားက ဒက္ကစီ ဆိုတဲ့ လူနော်၊ လက်ဝှေ့ နော်'

'ဟုတ်တယ်၊ ကျုပ် နာမည် ဒက္ကစီပဲ'

ရှားလော့ဟုမ်းက

'ဒီမယ် ကိုယ့်လူ၊ ကျုပ် သိချင်တာက ဟိုးလ်ဗွန်း ပျော်ပွဲစားရုံ ရှေ့မှာ င် ဆိုတဲ့ သူငယ်ကလေးကို သတ်တဲ့ ကိစ္စနှင့် ပတ်သက်ပြီး ... အလို ဦးလေ၊ သွားတော့မလို့လား'

ကပ္ပလီကြီးသည် နောက်သို့ လှမ်းခုန်လိုက်လေ၏။ သူ့မျက်နှာမှာ ခဲ ရောင်ကဲ့သို့ ပြာနှမ်းသွားလေ၏။

'ကျုပ် ဒီစကားမျိုးတွေကို နားထောင်ဖို့ လာတာ မဟုတ်ဘူးဗျ၊ ပါကင် ကောင်လေး သေတာနှင့် ကျုပ်နှင့် ဘာဆိုင်လို့လဲ၊ ဘာဆိုင်လို့ ကျုပ်ကို ရတာလဲ၊ ကောင်လေး ကိစ္စ ဖြစ်တုန်းက ကျုပ်က လန်ဒန်မှာတောင် မရှိ ဘာမင်ဟမ်မှာ သင်တန်း သွားတက်နေတုန်းရယ်'

'ဒါကတော့ ကိုယ့်လူ ဘာသာ ကိုယ့်လူ တရားသူကြီးကို ရှင်းပြပေါ့၊ ပ်ကတော့ ခင်ဗျားနှင့် ဘန်နီ စတာဒေးတို့ နှစ်ယောက်ကို မျက်လုံး ဒေါင် တက်ပြီး ကြည့်နေတာ'

'အိုး၊ ဘာဆိုင်လို့တုံးဗျ၊ ကျုပ်ကို ဒီလို'



www.burmeseclassic.com

www.burmeseclassic.com



'တော်ပြီ ကိုယ့်လူ၊ ခုချက်ချင်း အိမ်ပေါ်က ဆင်းသွား၊ ကျုပ် လိုချင်တဲ့ အခါကျမှ ကိုယ့်လူကို လာဖမ်းမယ်၊ ခု မလိုသေးဘူး'

'ကောင်းပါပြီ ခင်ဗျာ၊ ဒီလို ဆိုရင်လည်း သွားပါ့မယ်၊ ကျွန်တော် ရောက်လာတဲ့ အတွက်တော့ ဘယ်လိုမှတော့ မအောက်မေ့နှင့်နော်'

'ဘာဖြစ်လို့ ခုမှ လာ တောင်းပန် နေတာလဲ ပြောစမ်း၊ ကိုယ့်လူကို ဘယ်သူက လွှတ်လိုက်လို့ ဒီကို လာတာလဲ'

'ပြောပါ့မယ်ဗျာ၊ ဘာမှ လျှို့ဝှက်စရာ အကြောင်း မရှိပါဘူး၊ ကျွန်တော့်ကို လွှတ်လိုက်တဲ့ လူကတော့ ခုတွင်က စုံထောက်ကြီး ပြောလိုက်တဲ့ ဘန်နီ ဆိုတဲ့ လူပါ'

'ဒါဖြင့် သူ့ကိုကော ဘယ်သူက ခိုင်းတာလဲ'

'ဘုရားရေ၊ ဒါကတော့ ကျွန်တော်လည်း မပြောတတ်ဘူး ခင်ဗျာ၊ ဘန်နီကတော့ ကျွန်တော့်ကို ခေါ်ပြီး မစ္စတာ ဟုမ်းဆီကို သွားချည်စမ်း၊ ဟာရီးကို မလာပါနှင့်လို့ သွားပြောချည်တဲ့၊ ဟာရီးကို လာရင် အသက် ဖက်နှင့် ထုပ်ထားလို့ ပြောခဲ့တဲ့၊ ဒါကြောင့် ကျွန်တော် လာခဲ့တာပဲ၊ ဒါ အမှန် ပါပဲ ခင်ဗျာ'

ကျွန်ုပ်တို့၏ ဧည့်သည် ကပ္ပလီကြီးသည် နောက်ထပ် မေးမြန်း စုံစမ်း သည်ကို မစောင့်တော့ဘဲ တက်လာခဲ့စဉ်က အတိုင်း အခန်းထဲမှ ဒရောသောပါး ထွက်ပြေး ပျောက်ကွယ်သွားလေ၏။ ရှားလော့ဟုမ်းသည် တခစ်ခစ် အသံ ထွက်အောင် ရယ်ရင်း ဆေးတံထဲမှ ပြာများကို ခေါက်လျက် ရှိရာမှ

'ဆံပင်တွေ တွန့်လိမ်နေတဲ့ သူ့ခေါင်းကြီးကို ရိုက်ခွဲလိုက်ရတဲ့ အထိ ကို မရောက်သေးလို့ တော်သေးတာပေါ့ဗျာ၊ မီးဆွတဲ့ မီးညှပ်ကြီးကို ခင်ဗျား ကောက်ကိုင်လိုက်ပုံကလည်း တကယ် မှင်သေပါပေ့ဗျာ၊ ဒါပေမဲ့ ကောင်ကြီး သနားစရာပါဗျာ၊ လူကောင်က ကြီးပြီး ဉာဏ် တစ်ပြားသားမှ မရှိရှာဘူး၊ ပါးစပ်က အော်ကျယ် အော်ကျယ် လုပ် တက်လာပြီး ပြန်ဟောက်တော့လည်း ခင်ဗျား မြင်တဲ့ အတိုင်း ကြောက်လိုက်တာ အမြီးကို ကုပ်နေတာပဲ၊ ကောင် ကြီးက စပင်ဆာ ဂျွန်းတို့ ဂိုဏ်းကဗျ၊ အဲဒီ ဂိုဏ်းထဲမှာ ဒီကောင်ကြီးလည်း ပါတာပေါ့၊ ဒီဂိုဏ်း ကိစ္စကိုတော့ အချိန် မရတာနှင့် ကိုင်ကို မကိုင်ရသေးဘူး၊ အချိန် ရမှ ဒီဂိုဏ်းကို လိုက်ရဦးမယ်၊ အဲဒီ ကပ္ပလီကြီးရဲ့ အထက်က ဆရာ ဖြစ်တဲ့ ဘန်နီ ဆိုတဲ့ ကောင်ကတော့ ခပ်ထက်ထက် ခပ်မိုက်မိုက်ရယ်ဗျ၊ အဲဒီ သဖြင့် ဒီကောင်တွေက လူရိုက်တယ်၊ ခြိမ်းခြောက် ငွေတောင်းတယ်၊ လုတာ





ယက်တာ သိချင်တာက ဒီကိစ္စမှာ ဒီကောင်တွေ နောက်က ဘယ်သူ ရှိသလဲ ဆို တာ သိချင်တယ်'

'နို့ နေစမ်းပါဦး၊ ခင်ဗျားကို ဘာဖြစ်လို့ သူတို့က ခြိမ်းခြောက်ချင်ရတာ လဲ'

'ဟာရီး ဝီးလ်က အမှုကြောင့်ပေါ့ဗျ၊ အစကတော့ ကျုပ်လည်း ဒီ ကိစ္စကို အရေးကြီးတယ်လို့ မထင်မိပါဘူး၊ သို့သော်လည်း သူတို့က ကျုပ်ကို ခြိမ်းခြောက်လောက်အောင် ဖြစ်နေပြီ ဆိုရင်တော့ တစ်ခုခု အရေးကြီးလို့ ဖြစ်ရမှာပေါ့၊ ဒီတော့ ဒီကိစ္စကို မကိုင်ဘဲ နေလို့ မရတော့ဘူးလေ၊ တစ်ခုခု တော့ ရှိရမယ်'

'နို့ ဘာရှိမယ် ထင်လို့လဲ'

'အဲဒီ အကြောင်းကို ပြောမလို့ လုပ်နေတုန်း အဲဒီ ကပ္ပလီကောင်ကြီး ရောက်လာလို့ စကား ပြတ်သွားတာပေါ့ဗျာ၊ ဟောဒီမှာ မစ္စက် မေဘာလီဆီက စာတစ်စောင်ရယ်ဗျ၊ ခင်ဗျား ကျုပ်နှင့် အတူ လိုက်နိုင်မယ် ဆိုရင် ကျုပ်တို့ ဟိုရောက်ရင် သူ့ အကြောင်းကို ကြေးနန်း ရိုက်လိုက်မယ်၊ ဘယ်နှယ်လဲ'

ကျွန်ုပ်သည် ရှားလော့ဟုမ်း ကမ်းပေးသည့် စာတိုကလေးကို ဖတ်ကြည့် လိုက်လေ၏။

စုံထောက်ကြီး မစ္စတာ ဟုမ်းရှင့်။

ယခု ကျွန်မ နေထိုင်လျက် ရှိသော အိမ်နှင့် ပတ်သက်၍ ထူးခြား သည့် အဖြစ်အပျက်များကို ဆက်တိုက် ကြုံတွေ့နေရပါသည်။ ထို့ ကြောင့် စုံထောက်ကြီး၏ အကြံဉာဏ်ကို ရယူလိုပါသည်။ မနက်ဖြန် ဆိုလျှင် အိမ်တွင် ကျွန်မ တစ်နေ့လုံး ရှိနေပါမည်။ ကျွန်မအိမ်မှာ ဝီးလ် လမ်း ဘူတာရုံမှ လမ်းလျှောက်လာလျှင် အနီးကလေး ဖြစ်ပါသည်။ ကွယ်လွန်သူ ကျွန်မ၏ ခင်ပွန်း မစ္စတာ မော်တီမာ မေဘာလီမှာလည်း စုံထောက်ကြီးထံ အမှု တစ်ခု အပ်ဖူးသူ ဖြစ်ပါသည်။

သစ္စာ ရှိစွာဖြင့်
**မေရီ မေဘာလီ**

လိပ်စာမှာ သုံးဆောင်ပြိုင် ရိပ်သာ၊ ဟာရီး ဝီးလ် ရပ်ကွက်ဟု ရေးထား လေ၏။

'ကိစ္စကတော့ ဒါပဲဗျ၊ ဒီတော့ ခင်ဗျား အားလို့ လိုက်နိုင်မယ် ဆိုရင် တော့ ကျုပ်တို့ သွားကြဖို့ပဲ'



www.burmeseclassic.com

www.burmeseclassic.com



မီးရထား ခရီးတိုကလေး တစ်ခုကို စီးကာ မြင်းရထား ခရီးတို တစ်ခုကို မောင်းခဲ့ကြပြီး နောက်တွင် ကျွန်ုပ်တို့သည် မြက်ပင်ကလေးများ ထပ်စွာ ပေါက်နေသည့် ခြံကြီး တစ်ခုထဲရှိ အုတ်တစ်ဝက် ပျဉ်တစ်ဝက် ဆော ထားသော အိမ်ကြီး တစ်လုံးသို့ ရောက်သွားကြလေ၏။ သုံးဆောင်ပြိုင် အိမ် ကြီးဟု အမည်တွင်သည့်တိုင် အိမ်ကြီး၏ အပေါ်ထပ် ပြတင်းပေါက် သုံးပေါ ပေါ်တွင် တပ်ထားသည့် အဆောင်ငယ်ကလေး သုံးခုကိုသာ တွေ့ရလေ အိမ်၏ နောက်ဘက်တွင်မူ ခပ်မှိုင်းမှိုင်း ရှိသော ထင်းရှူးပင်အုပ် တစ်အုပ် တွေ့ရလေရာ အိမ်ကြီး၏ အသွင် သဏ္ဌာန်မှာ မြင်လိုက် ရသည်နှင့်ပင် စိ ညစ်ကျုံ နောက်ကျိဖွယ်ရာ ကောင်းလျက် ရှိလေ၏။ သို့ရာတွင် အိမ်ထဲသို့ လိုက်သည့် အခါ၌မူ အိမ်မှာ ပရိဘောဂတို့ ကောင်းစွာ ခင်းကျင်း ပြင်ဆင် သည်ကို တွေ့ရပြီး ကျွန်ုပ်တို့အား ဆီးကြို နှုတ်ဆက်သည့် အမျိုးသမီးကြီး လည်း အလွန် ယဉ်ကျေး သိမ်မွေ့၍ အထက်တန်းကျသည့် အသက်ကြီးကြီး အမျိုးသမီးကြီး တစ်ဦး ဖြစ်ကြောင်းကို တွေ့ရလေ၏။

ရှားလော့ဟုမ်းက

'အဒေါ်ရဲ့ ခင်ပွန်းကို ကျွန်တော် ကောင်းကောင်း မှတ်မိပါတယ် ခင်ဗျာ ဘာမှ အရေးမကြီးတဲ့ ကိစ္စလေး တစ်ခု အတွက် ကျွန်တော်နှင့် လာပြီး တိုင် ဖူးပါတယ်၊ နှစ် တော်တော် ကြာသွားပေမဲ့ ကျွန်တော် ကောင်းကောင်း မှတ်မိ တယ်'

'အဒေါ် သား ဒေါက်ဂလတ်ကိုလည်း စုံထောက်ကြီး မှတ်မိမှာပေါ့'

ရှားလော့ဟုမ်းသည် အဘွားကြီးကို စိတ်ဝင်စားစွာ စိုက်ကြည့်ပြီး

'အလို ဘုရားရေ၊ အဒေါ်က ဒေါက်ဂလတ် မေဘာလီရဲ့ အမေ ကျွန်တော်နှင့်တော့ သိပ် မရင်းနှီးလှပါဘူး ခင်ဗျာ၊ သို့သော်လည်း လန် တစ်မြို့လုံးမှာ သူ့ကို မသိတဲ့ လူရယ်လို့ သိပ်မရှိလှပါဘူး၊ တော်တော် လေး ထိုက်တဲ့ ပုဂ္ဂိုလ်ပါ၊ ခု သူ ဘယ်ရောက် နေပါသလဲ ခင်ဗျာ'

'မရှိတော့ဘူး စုံထောက်ကြီးရဲ့၊ ဆုံးရှာပြီ၊ ရောမမှာ သံအရာရှိ နေတုန်း လွန်ခဲ့တဲ့ လကပဲ သူ နမိုးနီးယားနှင့် ဆုံးတာ'

'အို စိတ်မကောင်းလိုက်တာ ခင်ဗျာ၊ ဒီလို လူမျိုး တစ်ယောက် သေတာနှင့် ဘယ်လို လုပ်မှ ဆက်စပ်ကြည့်လို့ မရဘူး၊ သူလောက် ပျော် ပါးပါး နေတတ်တဲ့ လူရယ်လို့ ကျွန်တော်ဖြင့် တစ်ယောက်မှ မတွေ့ဖူး ဘူး၊ တော်တော် ပျော်တတ်တဲ့ လူ ခင်ဗျာ'





'ဟုတ်တယ် စုံထောက်ကြီးရေ၊ ဒီလို ပျော်ပျော် နေတတ်လို့ သူ ဒုက္ခ ခဲ့ရတာ၊ စုံထောက်ကြီးလည်း သိသားပဲ၊ ကျွန်မသားက ရှင်လည်း ရှင် ကောင်းကောင်းမွန်မွန်လည်း နေတတ်တယ်၊ နောက်ပိုင်း ကျတော့မှ လိုက်နေပြီး ဘယ်လို ဖြစ်လာတယ် မသိဘူး၊ လူကို ကြည့်ရတာ မှုန်ပြီး တို့ ဘာတို့လည်း ကောင်းကောင်း မပြောတော့ဘူး၊ အမြဲ ငိုင်နေတာပဲ၊ ည့်ရတာက စိတ်ထဲမှာလည်း တော်တော် တိမ်းတိမ်းမွေမွေ ဖြစ်နေပုံပဲ၊ တေန် ပျော်ပျော် နေတတ်တဲ့ အဒေါ့်သားဟာ တစ်လလောက် အတွင်းမှာ ကြီးကို မှန်းတီးပြီး လူစိမ်းကြီး လုံးလုံး ဖြစ်သွားတော့တာပဲ'

'အချစ်ရေး အချစ်ရာကြောင့်များလားမှ မသိတာ၊ မိန်းမ တစ်ယောက် င့်လား ဘာလား'

'ဒါမှမဟုတ် လူဆိုး လူရမ်း တစ်ယောက်ကြောင့်များလားမှ မသိတာ၊ လေ စုံထောက်ကြီးတို့ကို အဒေါ် ခေါ်တာက သားအကြောင်း ပြောဖို့ တ်ပါဘူး'

'ပြောပါ အဒေါ်၊ ကျွန်တော်နှင့် ဟောဒီက ဒေါက်တာ ဝပ်ဆင်တို့ နိုင်သမျှ ဆောင်ရွက်ပေးဖို့ အဆင်သင့်ပါ'

'ခုတစ်လော ကျွန်မ အိမ်မှာ တော်တော် ထူးဆန်းတာတွေကို တွေ့နေ တယ် စုံထောက်ကြီးရဲ့၊ အဒေါ် ဒီအိမ်မှာ နေလာတာ တစ်နှစ်ကျော်လောက် ပြီ၊ ကိုယ်က ခပ်အေးအေး နေချင်လို့ လာနေတာ၊ ဘယ်သူနှင့်မှလည်း အဆက်အဆံ မရှိလှပါဘူး စုံထောက်ကြီးရယ်၊ လွန်ခဲ့တဲ့ သုံးရက်လောက် ကတော့ အဒေါ့်ဆီကို အိမ်ပွဲစားလို့ ပြောတဲ့ လူတစ်ယောက် ပေါက်လာ တယ်၊ ဒီအိမ်ကို သူ့လူက အလွန် သဘောကျနေတယ်တဲ့၊ ဒါကြောင့်မို့ ဒီအိမ် ဝယ်လို့ ရမယ် ဆိုရင် ဘယ်လောက်ပဲ ပေးရ ပေးရ အကြောင်း မဟုတ်ပါ လို့ လာပြောတယ်၊ ဒီနားမှာ အိမ်လွတ်တွေ အိမ်လွတ်တွေ ပြည့်လို့ပါရှင်၊ တွေကလည်း အိမ်ကောင်း အိမ်သန့်တွေချည်းပါ၊ ဒီအထဲမှာ အဒေါ့် အိမ် လာပြောတော့ နည်းနည်းတော့ ထူးဆန်းနေတာပေါ့၊ ဒါပေမဲ့ အဒေါ်က သူ ပြောတဲ့ စကားကို စိတ်ဝင်စားသွားလေတော့ အဒေါ် ပေးခဲ့ရတာ ပေါင် ငါးရာလောက်ကို ပိုပြီး ဆိုလိုက်တယ်၊ ပွဲစားကလည်း အဒေါ် တဲ့ ဈေးကို ချက်ချင်း လက်ခံလိုက်တယ်၊ ဒါတွင် မကဘူး၊ သူ့ အိမ် ယ်ယ့် လူက ပရိဘောဂတွေပါ လိုချင်တယ် ပြောတယ်တဲ့၊ ဒါကြောင့် အိမ် ဘောဂတွေကိုပါ ထည့်ရောင်းပါတဲ့၊ ကြိုက်ဈေးကို ပြောပါတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



'စုံထောက်ကြီး မြင်တဲ့ အတိုင်း အဒေါ့် အိမ်မှာ ရှိတဲ့ ပရိဘောဂ ကအဒေါ့် ဘိုးဘွား မိဘများ လက်ထက်ကတည်းက သုံးခဲ့တဲ့ အကောင်း ပရိဘောဂတွေ မဟုတ်လား၊ ဒါနှင့် အဒေါ်ကလည်း ဈေး တော်တော်များများ ကလေး ဆိုလိုက်တယ်၊ ဒီတစ်ခါမှာလည်း ပွဲစားက တစ်ခွန်းမှ မဆစ် အဒေါ် ပြောတဲ့ ဈေးကို တစ်ခါတည်း တန်းပေးတာပဲ၊ အဒေါ်ကလည်း ခ လေး ဘာလေး သွားချင်နေတာ ကြာလှပြီ၊ သိပ်ပြီး ငွေကုန်ကြေးကျ မခံနိုင် တာနှင့် ဒီလိုပဲ နေခဲ့ရတာ၊ ခုတော့ ဟန်ကျသွားတာပေါ့၊ ဒီလောက် ငွေ ဆိုရင် အဒေါ် တစ်သက် ထိုင်စားတောင် ဘာမှ ပူစရာ ပင်စရာ မရှိတော့ဘူး

'မနေ့ကကျတော့ စာချုပ်တွေ ဘာတွေ ရေးပြီး အိမ်ပွဲစား ပေါက် ပြန်တယ်၊ ကံကောင်းချင်တော့ အဒေါ်လည်း ဟာရီးမှာ နေတဲ့ အဒေါ့်ရဲ့ ရှေ့ မစ္စတာ ဆူထရီကို ပြကြည့်တယ်၊ ဒီတော့ ရှေ့နေက ဘာပြောသလဲ ဆို အဒေါ်ရေ၊ အဒေါ်ရဲ့ စာချုပ်ကတော့ တော်တော် ထူးဆန်းတဲ့ စာချုပ်ပဲ၊ ချုပ်ကို လက်မှတ် ထိုးလိုက်တာနှင့် တစ်ပြိုင်နက် အိမ်ထဲက ဘာပစ္စည်းကို အပြင် ထုတ်ခွင့် မရှိတော့ဘူး ဆိုတာ အဒေါ် သတိ ထားမိရဲ့လား၊ အဒေါ် ကိုယ်ပိုင် အသုံးအဆောင် ပစ္စည်းကလေးတွေကိုတောင် ယူခွင့် ရတော့ မဟုတ်ဘူးလို့ ပြောပါတယ်၊ ဒါနှင့် အဲဒီ ညနေ အိမ်ပွဲစား ပေါက်လာတော့ အဒေါ်ကလည်း အဲဒီ အကြောင်းကို ပြောပြပြီး အဒေါ် ရောင်းမယ် ဆိုတာ အိမ်ထောင် ပရိဘောဂတွေကိုသာ ရောင်းမယ်လို့ ပြောတာလို့ သူ့ကို ရှင်း တယ်၊ ဒီတော့ သူက

' ''မဟုတ်ဘူးလေ၊ ကျွန်တော် ပြောတာက ပစ္စည်း အားလုံးကို ပြော တာ''

' ''နို့ နေစမ်းပါဦး၊ အဒေါ်ရဲ့ အဝတ်အစားတွေရော လက်ဝတ်လ စားတွေကိုရော ရောင်းရမှာလား''

' ''ကဲ ဒါဖြင့် ဒီလို လုပ်ပါလေ၊ ကိုယ်ပိုင် အသုံးအဆောင် ပစ္စည်း တွေကိုတော့ ချန်ချင် ချန်ခဲ့ပါ၊ ဒါပေမဲ့ အဒေါ် ပစ္စည်းတွေကို ပြောင်းတာ ရွှေ့တာ လုပ်ရင်တော့ ပစ္စည်း အားလုံးကို စစ်ဆေးကြည့်ရလိမ့်မယ်၊ ကျွန် တော့် အိမ်ဝယ်သူက စေးစေးကုပ်ကပ် လူစားထဲကတော့ မဟုတ်ပါဘူး၊ ဒါ ပေမဲ့ လူတစ်မျိုးရယ်၊ ထင်မိထင်ရာ လုပ်တတ်တဲ့ လူမျိုး၊ ရရင်လည်း လုံးလုံး မရရင်လည်း လုံးလုံး ဆိုတဲ့ လူမျိုး ခင်ဗျ''

' ''ဒီလို ဆိုရင်လည်း မရရင် လုံးလုံးလို့ပဲ ထားလိုက်ပါတော့ကွယ်''





အဒေါ်က ပြောလိုက်တယ်၊ ကိစ္စကတော့ ဒီလောက်နှင့် ပြတ်သွားတာပါပဲ၊ ပေမဲ့ အဒေါ့် စိတ်ထဲမှာ နည်းနည်း ဆန်းနေတော့'

ဤနေရာတွင် ထူးထူးဆန်းဆန်း အဖြစ်အပျက် တစ်ခု ပေါ်ပေါက်လာ အတွက် ရှားလော့ဟုမ်းသည် လက်ကို ပြ၍ စကား မပြောရန် အချက် ဆိုက်ပြီးလျှင် ထိုင်ရာမှ ထသွားကာ ဧည့်ခန်း တံခါးကို ဖွင့်လိုက်ပြီးနောက် ရှည်ရှည် မိန်းမ တစ်ယောက်ကို ပခုံးမှ ဆွဲခေါ်လာခဲ့လေ၏။ ထိုမိန်းမ သည် ကြက်ခြင်းထဲမှ ဆွဲ အထုတ်ခံရသည့် ကြက် တစ်ကောင်နှယ် ရုန်းကန် လိုက်ပါလာလေ၏။

'ဖယ်၊ ကျုပ်ကို မထိနှင့်၊ လွှတ်' ဟု ထိုမိန်းမကြီးသည် အော်လျက် ၏။

'ဟဲ့ စူဇန်၊ ဘာဖြစ်တာလဲ ဟင်'

'ကျွန်မက ဧည့်သည်တွေ ဒီမှာ နေ့လယ်စာ စားမလားလို့ လာမေး ရှင့်၊ ဒီတုန်းမှာ ဒီလူကြီး ထွက်လာပြီး ကျွန်မကို အတင်း ဆွဲတာ'

'ကျွန်တော် သူ့ခြေသံကို နားထောင်နေတာ ကြာလှပြီ ခင်ဗျ၊ ငါးမိနစ် တ် ရှိပြီ၊ အဒေါ် စကား မဆုံးသေးတာနှင့် အသာ ကြည့်နေတာ၊ အသက် တလည်း ပြင်းလှချည်လား၊ ဒီနားကို လာတာ ဒီလောက်တောင် မောနေ လား'

စူဇန်သည် သုန်မှုန်လျက် ရှိသည့်တိုင် အံ့အားသင့်သည့် အကြည့်ဖြင့် လော့ဟုမ်းကို လှမ်းကြည့်လိုက်လေ၏။

'ရှင်က ဘာလို့ ကျုပ်ကို ဆွဲလား ယမ်းလား လုပ်ရတာတုံး၊ ကျုပ်နှင့် ဆိုင်လို့တုံး'

'ဘာကြောင့်မှ မဟုတ်ပါဘူးဗျာ၊ ခင်ဗျား ရှေ့တွင် ကျုပ် မေးခွန်းလေး ခု နှစ်ခု မေးကြည့်ချင်လို့ပါ၊ ဒီမှာ မစ္စ မေဘာလီ၊ ကျွန်တော့်ဆီကို ဒီကိစ္စ ပတ်သက်လို့ စာရေးပြီး တိုင်မယ်လို့ တစ်ယောက်ယောက်ကိုများ ပြောမိ ရှိသလား'

'မပြောမိရပါကလားရှင်'

'စာတိုက်ကို ဘယ်သူ့ကို သွားပြီး စာ ထည့်ခိုင်းလိုက်သလဲ'

'စူဇန်ကို အထည့် ခိုင်းလိုက်ပါတယ်'

'ဟုတ်ပြီ၊ ဒီမှာ စူဇန်၊ ခင်ဗျားလို အသက် ရှုသံ ဒီလောက် ပြင်းပြင်း တခွီးခွီး ရှုနေရတဲ့ လူမျိုးဟာ အသက် ရှည်ရှည် မနေရဘူး၊ သိရဲ့လား၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ နေရသလောက်ကလေးမှာ မုသား စကား ပြောတယ် ဆိုတာလည်း သိပ် မကောင်းလှဘူး၊ ပြောစမ်း၊ ဒီအကြောင်းကို ဘယ်သူ့ကို ပြောသလဲ’

မစ္စ မေဘာလီက

‘ဒီမှာ စူဇန်၊ ညည်းဟာ တော်တော် သစ္စာ မဲ့တဲ့ မိန်းမ ဆိုတာ ငါ သိသွားပြီ၊ ဟုတ်တယ်၊ ငါ မှတ်မိပြီ၊ ခြံစည်းရိုး ဘေးနားမှာ ရပ်ပြီး စကား ပြောနေတာ ဘယ်သူလဲ၊ ပြောစမ်း’

စူဇန်က မျက်နှာ သုန်မှုန်လျက်

‘ဒါကတော့ ကျွန်မ ကိစ္စပါ၊ အဒေါ်နှင့် ဘာဆိုင်တာ မှတ်လို့’

‘ဒီမှာ ခင်ဗျားနှင့် စကား ပြောတဲ့ လူဟာ ဘန်နီ စတာဒေး မဟုတ်လား’

‘သိရင်လည်း ဘာဖြစ်လို့ မေးနေရသေးသလဲ တော့’

‘အစတုန်းကတော့ သိပ် မသေချာသေးလို့ပေါ့ဗျာ၊ ခုတော့ သေချာသွားပါပြီ၊ ဒီမှာ စူဇန်၊ ဘန်နီရဲ့ နောက်မှာ ဘယ်သူ ရှိသလဲ ဆိုတာ ခင်ဗျား မသိဘူးလား၊ သိရင် ကျုပ် ခင်ဗျားကို ဆယ်ပေါင် ပေးမယ်ဗျာ’

‘သူ့နောက်က လူက ရှင့် ဆယ်ပေါင်လောက်တော့ အပျော့ပေါ့၊ ရှင့် ဆယ်ပေါင် ပေးတိုင်း ပေါင် တစ်ထောင်လောက် ပေးနိုင်တဲ့ လူ’

‘ဒါဖြင့် တော်တော် ချမ်းသာတဲ့ လူပေါ့၊ အင်း ခင်ဗျားလည်း ဟန်ကျလို့ပေါ့ ဟုတ်လား၊ ကဲပါဗျာ၊ ဒါတွေကို သိပ် ပြောမနေတော့ပါဘူး၊ နာမည်ကလေးကိုသာ ပြောလိုက်ပါ၊ ကျုပ် ဆယ်ပေါင် ထုတ်ပေးလိုက်ပါ့မယ်’

‘တော့် ပိုက်ဆံကို သောက် ဂရုစိုက်လို့’

‘ဟဲ့ စူဇန်၊ ဘယ်လို ပြောလိုက်တာလဲဟင်၊ ရိုင်းလှချည်လား’

‘မသိဘူး၊ ရှင်တို့ဟာတွေကို ကျွန်မ နားမလည်ဘူး၊ ကျွန်မလည်း ဒီမှာ မနေချင်တော့ဘူး၊ မနက်မှာ ကျွန်မ ပစ္စည်းတွေကို ပြန်ပို့လိုက်တော့မယ်’

စူဇန်သည် အခန်းထဲမှ ဆောင့်အောင့်၍ ထွက်သွားလေ၏။

‘ဒီလို ဆိုရင်လည်း ပွတ်ဘိုင်ပေါ့ဗျာ၊ ကိုယ့် အိမ်ထဲမှာ သူများ လူရောက်နေတာကိုး၊ ကဲ’

မျက်နှာ နီရဲကာ စိတ်ဆိုးလျက် ရှိသည့် အိမ်စေ မိန်းမ ထွက်သွားသည်နှင့် ရှားလော့ဟုမ်း၏ မျက်နှာသည် ခပ်ရွှင်ရွှင် ဖြစ်နေရာမှ ချက်ချင်း တည်သွားလေ၏။

‘ပြဿနာက သိပ်တော့ မသေးလှဘူး၊ ဂိုဏ်းနှင့် ချီပြီး လုပ်နေကြတာ





ကြည့်စမ်း၊ ဘယ်လောက် ခြေသွက်သလဲ ဆိုတာ၊ အဒေါ် ထည့်လိုက်တဲ့ စာပေါ်မှာ စာတိုက် တံဆိပ်က ညဆယ်နာရီ တံဆိပ် ရိုက်ထားတယ်၊ ဒါတောင် ဆိုတဲ့ မိန်းမက ဘန်နီ့ဆီကို သတင်း ရောက်အောင် ပို့လိုက်သေးတယ်၊ တော့ ဘန်နီ အဖို့ သူ့ဆရာဆီ သွားပြီး လိုအပ်တဲ့ ညွှန်ကြားချက်တွေ ဘာတွေ ဆောင်းချိန် ရသွားတာပေါ့၊ သူတို့ ဆရာဟာ ယောကျ်ား ဖြစ်ဖြစ် မိန်းမ ဖြစ်ဖြစ် ... ကြည့်ရတာကတော့ ကျုပ် စကား မှားသွားတာကို ကြည့်ပြီး က ပြီးလိုက်တဲ့ အတွက် မိန်းမ ဖြစ်ဖို့က ပိုများတယ်ဗျ၊ အစီအစဉ်တွေ သုံးကို လုပ်ပြီးသား ဖြစ်နေပြီ၊ ဒီတော့ ကပ္ပလီကြီးကို ခေါ်ပြီး ကျုပ်တို့ကို ခြောက် ခိုင်းလိုက်တယ်၊ ကြည့်စမ်းနော်၊ ဘယ်လောက် မြန်သလဲ၊ ညမှာ တင်း ရတယ်၊ မနက် ဆယ့်တစ်နာရီကျတော့ ကျုပ်ဆီကို လူလွှတ်ပြီး ခြိမ်းခြောက်တယ်’

‘နို့ နေစမ်းပါဦး စုံထောက်ကြီးရယ်၊ သူတို့က ဘာ လိုချင် နေတာ လဲ’

‘ဟုတ်တယ် ခင်ဗျ၊ အဲဒါက ပြဿနာပဲ၊ အဒေါ်ရဲ့ အလျင် ဒီအိမ်မှာ ဘယ်သူ နေသွားသေးသလဲ’

‘ပင်လယ်ကူး သင်္ဘော ကပ္ပိတန်ရှင့်၊ ဖာဂူဆန်တဲ့’

‘သူနှင့် ပတ်သက်လို့ကော ဘာကြားဖူးသလဲ’

‘ထူးထူးခြားခြားတော့ မကြားဖူးပါဘူး’

‘သူက ဒီအိမ်ထဲမှာ တစ်ခုခုများ မြှုပ်ပစ်ခဲ့လေသလားလို့ ကျွန်တော် စဉ်းစားနေတယ် ခင်ဗျ၊ ခုခေတ်မှာတော့ ကိုယ့်ပစ္စည်းကို သိမ်းချင် ဆည်းချင်တယ် ဆိုရင် စာတိုက်တို့ ဘဏ်တို့မှာ အပ်ကြတာပေါ့ ခင်ဗျာ၊ သို့သော်လည်း ဘယ် အခါမှာပဲ ဖြစ်ဖြစ် ခပ်ရူးရူး လူတွေ ရှိတတ်တယ် ခင်ဗျ၊ အေးလေ လောကကြီးမှာ ခပ်ရူးရူး လူတွေ မရှိရင်လည်း ပျင်းစရာ ကောင်းနေမှာပေါ့၊ ဒီတော့ ရုတ်တရက် ကြည့်လိုက်ရင် သူ လိုချင်တာက ဒီအိမ် အောက်မှာ မြှုပ်ထားတဲ့ ရတနာတွေလို့ ထင်လိုက်မိတယ် ခင်ဗျ၊ သို့သော်လည်း ဒီအတိုင်း မှန်ရင် ဘာဖြစ်လို့ အဒေါ်ရဲ့ ပရိဘောဂတွေကို လိုချင်နေရသလဲ၊ ဒီလိုမှ မဟုတ်ရင် အဒေါ်ရဲ့ ပစ္စည်းတွေထဲမှာ အဒေါ် မသိဘဲနှင့် ရာဖီယဲ ပန်းချီကားတို့၊ ရှိတ်စပီးယား ကဗျာ ပေါင်းချုပ် ပထမ နှိပ်ခြင်းတို့ ဘာတို့များ ရှိလို့လား’

‘မရှိပါဘူး၊ အဒေါ်မှာ အဖိုးတန် ရှေးဟောင်း ပစ္စည်း ဆိုလို့ အင်္ဂလိပ် ဒီ လက်ဖက်ရည် ပန်းကန် တစ်စုံပဲ ရှိပါတယ်’



www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်ကို လိုချင်လို့ လုပ်တာတော့ မဟုတ်ဘူး ခင်ဗျ၊ ပြီးတော့လည်း သူတို့ လိုချင်တာကို ဘာဖြစ်လို့ အတိအလင်း ဖွင့် မပြောရသလဲ။ အကယ်၍ အဒေါ်ရဲ့ လက်ဖက်ရည် ပန်းကန်စုံကို သဘောကျတယ် ဆိုရင်လည်း တန်ရာ တန်ကြေး ပေးပြီး ဝယ်နိုင်သားပဲ၊ ဒီလို အကုန်လုံး သိမ်းကျုံးပြီး ဝယ်စရာ မလိုပါဘူး၊ ခု သူတို့ လှုပ်ရှားပုံကို ကြည့်ရတာကတော့ ဒီအိမ်ထဲမှာ အဒေါ် မသိတဲ့ အဖိုးတန်တွေ ရှိနေတယ်ဗျ၊ အကယ်၍သာ အဒေါ် သိရင် ပစ္စည်းတွေကို လက်လွှတ်မှာ မဟုတ်ဘူးလို့ သူတို့ ထင်နေတယ်'

'ဟုတ်တယ်၊ ကျွန်တော်လည်း ဒီလိုပဲ ထင်နေတယ်' ဟု ကျွန်ုပ်က ပြောလိုက်၏။

'ကဲ ခုတော့ ဒေါက်တာ ဝပ်ဆင်ကလည်း သဘော တူနေပြီ၊ ဒီလို ဆိုတော့ ပြဿနာက ရှင်းသွားရောပေါ့'

'ဒီလို ဆိုရင် ဒီပစ္စည်းဟာ ဘာများ ဖြစ်နိုင်သလဲ စုံထောက်ကြီးရယ်'

'စိတ်ကူးနှင့်ပဲ မှန်းကြည့်ရမှာပဲ ခင်ဗျ၊ အဒေါ် ဒီအိမ်ကို ရောက်တာ တစ်နှစ်လောက် ရှိပြီနော်'

'နှစ်နှစ်ကျော် ရှိသွားပါပြီ'

'ဟုတ်ပြီ ခင်ဗျ၊ ဒီလို ဆိုရင် စဉ်းစားရတာ ပိုတောင် လွယ်သွားသေးတယ်၊ ဒီနှစ်နှစ် အတွင်းမှာ အဒေါ့်ဆီက ဘယ်သူမှ ဘာပစ္စည်းမှ မယူဖူးဘူးနော်၊ ခုသုံးလေးရက် အတွင်းကျမှသာ ဒီအိမ်ကြီးကို လိုချင်တယ် ဆိုပြီး ဖုတ်ပူမီးတိုက် ဖြစ်လာတာ၊ ဒီတော့ ဒီလို ဖြစ်လာတာဟာ ဘာကြောင့်လဲ'

'ပစ္စည်းကတော့ ဘာပစ္စည်းမှန်း မသိဘူးပေါ့လေ၊ သို့သော်လည်း အဲဒီ ဘာမှန်း မသိရသေးတဲ့ ပစ္စည်းဟာ ဒီအိမ်ထဲကို ခုတစ်လောကလေးတွင် ရောက်လာလို့ပဲ ဖြစ်ရမှာပေါ့ဗျာ' ဟု ကျွန်ုပ်က လှမ်းပြောလိုက်၏။

'ဟုတ်ပြီဗျ၊ တစ်ချက် ရှင်းသွားပြန်ပြီ၊ ကဲ မစ္စက် မေဘာလီ၊ ခု တစ်ရက် နှစ်ရက် အတွင်းမှာ အဒေါ့် အိမ်ကို ဘယ်လို ပစ္စည်းတွေများ ရောက်လာသလဲ'

'မရောက်ပါဘူးရှင်၊ အဒေါ် ဒီနှစ်ထဲမှာ ဘာပစ္စည်းမှ မဝယ်မိပါဘူး'

'အင်း ဒီလို ဆိုရင်တော့ တော်တော်လေးကို ထူးခြားနေပြီဗျ၊ ကဲ ထားလိုက်ပါတော့လေ၊ နောက်ထပ် အချက်အလက်သစ်တွေ မရမချင်း ဒီကိစ္စကို အသာ ထားလိုက်ကြသေးတာပေါ့၊ အဒေါ်ရဲ့ ရှေ့နေကကော တော်ရဲ့လား'

'တော်ပါတယ်'





'အဒေါ့်မှာ တခြား အိမ်စေတွေ ရှိသေးသလား၊ ဒါမှ မဟုတ် ခုတွင်က ထွက်ခွါး ဆောင့်ပိတ်သွားတဲ့ ရှုဇန် တစ်ယောက်တည်းလား'

'မဟုတ်ပါဘူး၊ သူငယ်မကလေး တစ်ယောက် ရှိပါသေးတယ်'

'အဒေါ်ရဲ့ ရှေ့နေကို တစ်ည နှစ်ညလောက် လာပြီး အအိပ်ခိုင်းကြည့်ပါလား၊ အရေးရှိရင် အကာအကွယ်ကလေး ဘာလေး ရတာပေါ့'

'ဘယ်သူ့ ရန် ရှိလို့ အကာအကွယ် ယူရမှာလဲ စုံထောက်ကြီးရဲ့'

'ဒါတော့ မပြောနိုင်ဘူးပေါ့လေ၊ ပြဿနာက ခုထိ သိပ် မရှိသေးတော့ ပြောလို့ မရသေးဘူးပေါ့၊ အကယ်၍ သူတို့ လိုက်နေတာဟာ ဘာလဲ ဆိုတာကို မတွေ့ရင် တခြား အစွန်းက လိုက်ပြီး ရန်သူကို လိုက်ရှာကြည့်ရမှာပဲ၊ အိမ်ပွဲစားကကော သူ့လိပ်စာကို ပေးသွားသလား'

'လိပ်စာတော့ မပါဘူး စုံထောက်ကြီးရဲ့၊ နာမည်နှင့် အလုပ်အကိုင်ပါတဲ့ ကတ်ပြားကလေး တစ်ခုပဲ ပေးသွားတယ်၊ နာမည်က ဟိန်း ဂျွန်ဆင်တဲ့၊ ပွဲစားနှင့် ရာဖြတ်တဲ့'

'အင်း ဒီအတိုင်း ဆိုရင်တော့ သူ့ကို လမ်းညွှန် စာအုပ်ထဲ ဘယ့်နှယ်လုပ် ရှာမလဲ၊ ရိုးသားတဲ့ အလုပ်အကိုင်သမားများဟာ သူတို့ အလုပ်အကိုင်နေရာ ဌာနကို ဘယ်တော့မှ ဖုံးကွယ် မထားဘူး၊ ဟုတ်ပြီလေ၊ ကိစ္စ ထူးရင် ကျွန်တော့်ကို အကြောင်းကြားပေါ့၊ အဒေါ့် အမှုကို ကျွန်တော် ကိုင်ပါ့မယ်၊ ပြေလည်မယ်လို့လည်း ထင်ပါတယ်'

ခန်းမထဲသို့ ဝင်လာသည့် အခါတွင် မျက်စိ လျင်သည့် ရှားလော့ဟုမ်းသည် ထောင့် တစ်ခုတွင် ဆင့်ထားသည့် သေတ္တာများနှင့် ကတ်စက္ကူ ပုံးများကို လှမ်းမြင်လိုက်လေ၏။

ထိုသေတ္တာများပေါ်တွင် လိပ်စာများ ကပ်ထားသည်ကိုလည်း တွေ့ရသေး၏။

'မီလန်နိုတဲ့၊ လူဆန်းတဲ့ဗျ၊ အီတလီက ပို့လိုက်တဲ့ သေတ္တာတွေပါလား'

'အဒေါ့်သား ဒေါက်ဂလတ်ရဲ့ ပစ္စည်းတွေလေ'

'ဒီသေတ္တာတွေကို မဖွင့်ရသေးဘူး မဟုတ်လား၊ ဒီသေတ္တာတွေ ရောက်တာ ဘယ်လောက်လောက် ရှိသွားပြီလဲ'

'အလျှင် အပတ်ထဲက ရောက်တာပါ'

'နို့ အဒေါ်က ပြောတော့ … ခက်တာပဲ၊ ဒါတွေကြောင့် ဖြစ်ချင် ဖြစ်မှာပေါ့၊ ဒီအထဲမှာ အဖိုး တန်တာ မပါဘူးလို့ ဘယ်သူ ပြောနိုင်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အဒေါ်တော့ မပါနိုင်ဘူးလို့ ထင်တာပဲ စုံထောက်ကြီးရယ်၊ အဒေါ့် သားမှာ လခကလေးနှင့် သူ့စုငွေကလေး နည်းနည်းပါးပါးလောက်ပဲ ရှိမှာပေါ့ ဒီပြင် အဖိုး တန်တာ ဘာရှိနိုင်မှာလဲ'

ရှားလော့ဟုမ်းသည် အတန်ကြာမျှ စဉ်းစားလျက် ရှိလေ၏။

'ကဲ အဒေါ်၊ ကြာကြာ ဆိုင်းမနေနှင့်၊ ဒီပစ္စည်းတွေကို အပေါ်ထပ် အဒေါ်ရဲ့ အခန်းထဲကို ရွှေ့ပြီး ဘာတွေ ပါသလဲ ဆိုတာ ချက်ချင်း စစ်ဆေး ကြည့်ပါ၊ မနက်ဖြန်ကျရင် ကျွန်တော် လာခဲ့မယ်၊ အဲဒီတော့မှ ကျွန်တော့်ကို ပြောပြပေါ့၊ ဟုတ်တိစ'

ကျွန်ုပ်တို့ ထွက်လာခဲ့ကြ၍ လမ်းကြားကလေး ထိပ်သို့ အရောက် မှောင် ရိပ်ထဲ၌ ရပ်နေသည့် ကပ္ပလီ လက်ဖွေ့သမားကို မြင်လိုက်ရသည်ကို ထောက် လျှင် သုံးဆောင်ပြိုင် အိမ်ကို စောင့်ကြည့်နေကြောင်း ထင်ရှားလှပေ၏။ လမ်း ကို ကွေ့လိုက်သည့် အခါ၌ ကျွန်ုပ်တို့သည် ကပ္ပလီနှင့် ပက်ပင်း တိုးလျက် ရှိ လေရာ လူသူ ကင်းရှင်းလျက် ရှိသော လမ်းကြားကလေးထဲတွင် သူ့ အလုံး အထည်ကြီးသည် ကြောက်စရာ ကောင်းလျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် အင်္ကျီ အိတ်ထဲသို့ လက်ကို နှိုက်ထားလိုက်လေ၏။

'ဘာလဲဗျ၊ သေနတ်ကို ရှာနေတာလား' ဟု ကပ္ပလီကြီးက မေးလိုက် လေ၏။

'မဟုတ်ပါဘူး ကိုယ့်လူရာ၊ ရေမွှေး ပုလင်းကလေး ရှာတာပါ၊ ခေါင်း လွှန်းလို့'

'ခင်ဗျားဟာ တော်တော် ရယ်စရာ ကောင်းတဲ့ လူပဲဗျ'

'အေး၊ မင်း နောက်ကို လိုက်လာရင်တော့ ရယ်စရာ ကောင်းတဲ့ လူ ဖြစ်တော့မှာ မဟုတ်ပါဘူးနော်၊ ငါ မင်း နောက်ကို လိုက်မယ် ဆိုတာ မင်းကို မနက်ကတွင် သတိ ပေးခဲ့ပြီးပြီနော်'

'ခင်ဗျား ပြောတာတွေကို ရေးကြီးခွင်ကျယ် လုပ်လို့ဗျာ၊ ပြီးတော့ ... ကင် သေတဲ့ အကြောင်းတွေကို ကျုပ် လာပြောမနေနှင့်ဗျာ၊ မကြားချင်ဘူး၊ ... ကိစ္စနှင့် ပတ်သက်လို့ ကျုပ် တတ်နိုင်ရင် ကူမယ်၊ မတတ်နိုင်ရင် မကူဘူး'

'အေး တစ်ခုတော့ မင်းကို ပြောထားလိုက်ဦးမယ်၊ ဟောဟိုက အိမ်ကို မြင်တယ် မဟုတ်လား၊ အဲဒီ အိမ်က အဘွားကြီးနှင့် အဲဒီ အိမ်ထဲက ပစ္စည်းတွေကို ငါ စောင့်ရှောက်ထားတယ် ဆိုတာတော့ မင်း သိထားရင် ကောင်းမယ်ကွ၊ ... လေးတော့ မမေ့နှင့် ဟုတ်လား'





'ကောင်းပါပြီဗျာ၊ မမေ့ပါဘူး'

ကျွန်ုပ်တို့ ဆက်လျှောက်လာခဲ့သည့် အခါတွင် ရှားလော့ဟုမ်းက

'ဒီလို ကောင်မျိုးကို ဖြဲ ခြောက်ပေးရတယ်ဗျ၊ ဒါမှ ဒီကောင်တွေက ...ကြောက်တာ၊ ဒီလို ကောင်မျိုးက ကိုယ့်ဆရာကိုလည်း ပြန်လိမ်မယ့် ကောင်မျိုး၊ ...ဖြစ်ဖြစ် ဒီဂိုဏ်းဟာ စပင်ဆာ ဂျွန်းတို့ ဂိုဏ်း ဆိုတာရယ်၊ ဒီဂိုဏ်းထဲမှာ ... ဆိုတဲ့ ကပ္ပလီလည်း ပါနေတယ် ဆိုတာကို သိရတာကတော့ တော်တော် ...ကောင်းတယ်လို့ ဆိုရမှာပဲဗျ၊ ကဲ အိုင်ဆေးရေ၊ အခု အမှုကတော့ လန်းဒေး ...နှင့် ဆိုင်တဲ့ အမှုပဲဗျ၊ ဒီတော့ သူနှင့် ခဏလောက်တော့ သွားတွေ့လိုက်ဦး ... ပြန်လာရင်တော့ တော်တော်လေး ရှင်းသွားတန်လောက်ပါပြီဗျာ'

ထိုနေ့ တစ်နေ့လုံး ကျွန်ုပ်သည် ရှားလော့ဟုမ်းနှင့် တွေ့ဆုံခြင်း မရှိတော့ ...သို့ရာတွင် လန်းဒေး ပိုက်မှာ ကောလာဟလ သတင်း စုံလှသော အဘိဓာန် ... တစ်စောင်သဖွယ် ဖြစ်လေရာ ထိုနေ့က သူ မည်သို့ အချိန် ကုန်မည်ကို ... မှန်းဆနိုင်ပေ၏။

လန်းဒေး ပိုက်မှာ ခပ်အေးအေး ခပ်ငြိမ်ငြိမ် လူ တစ်ယောက် ဖြစ်ပြီး ... လင်းမှ အိပ်ရာ ဝင်သည် အထိ စိန့်ဂျိမ်းလမ်းမ ကလပ် တစ်ခုရှိ စားပွဲ ...လုံးတွင် တစ်နေကုန် ထိုင်ကာ လန်ဒန် ရွှေမြို့တော်ကြီးမှ ကောလာဟလ ...င်း ဟူသမျှကို လက်ခံ နားထောင်ပြီးလျှင် ကောလာဟလ သတင်းများကို ... ပြန့်ချိနေသူ တစ်ဦးလည်း ဖြစ်ပေ၏။ အညီအဟောက် သတင်းစာများသို့ ...င်းများ ရေးပို့ခ အတွက် တစ်ပတ်လျှင် ဝင်ငွေ ဂဏန်း လေးလုံး အထိ ရှိ ...ဟုလည်း ကြားရလေ၏။

ရေစီးကြောင်းကြီး တစ်ခုနှင့် တူသော လန်ဒန် မြို့ကြီး၏ လှုပ်ရှားမှု ...င် ထူးဆန်းသည့် ဝဂယက်တို့ ထလာခဲ့သည် ဆိုလျှင် လန်းဒေး ပိုက် ... တိတိကျကျ မှတ်သားထားတတ်သူ ဖြစ်၏။ တစ်ခါတစ်ရံတွင် ရှား ...ဟုမ်းက ရှားရှားပါးပါး သတင်းများကို ပေးသည့် နည်းတူ လန်းဒေးထံ ...သည်း ရှားရှားပါးပါး သတင်းများကို ပြန်ရတတ်ပေ၏။

နောက်တစ်နေ့ မနက် ဘေကာလမ်းရှိ တိုက်ခန်းသို့ ကျွန်ုပ် ရောက်သွား ... အခါတွင် သူ့အမှုအရာကို ကြည့်ရခြင်းအားဖြင့် အစစအရာရာ ချောမော ...င်ပြေလျက် ရှိကြောင်းကို သိလိုက်ပေ၏။ သို့ရာတွင် မထင်သည့် သတင်း ...ပ်ကို ကြားရသည့် အတွက် ကျွန်ုပ်တို့မှာ အံ့အားသင့်လျက် ရှိလေ၏၊ ...င်းမှာ အောက်ပါအတိုင်း ကြေးနန်းထဲတွင် ပါရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'အမြန်လာပါ၊ အိမ်ကို မနေ့ညက ဖောက်သွားသည်၊ ပုလိပ်က
သည်၊ စုထရီ' ဟု ကြေးနန်းတွင် ပါရှိလေ၏။ ရှားလော့ဟုမ်းက လေ
ချက် ချွန်လိုက်လျက်

'နိုပ်လိုက်လေဗျာ၊ ဓာတ်ကတော့ ပေါင်းခါ နီးနေပြီဗျို့၊ ဓာတ်
ကလည်း ကျုပ် ထင်တာထက်တောင် မြန်နေလိမ့်မယ် ထင်တယ်၊ ဒီလု
နောက်မှာ တော်တော်ကို ဖုတ်ပူမီးတိုက် ဖြစ်နေတဲ့ လူတစ်ယောက် ရှိရမ
စုထရီ ဆိုတဲ့ လူဟာ သူ့ရှေ့နေတော့ သူ့ရှေ့နေပဲဗျ၊ ကျုပ် မနေ့ညက ခ
ကို အဲဒီမှာ အစောင့် မခိုင်းခဲ့မိတာ မှားသွားတယ်ဗျာ၊ ခုတော့ စုထရီ
အကောင်ဆီက အစ ပေါ်လာပြီ ထင်ရတာပဲ၊ ကဲ ဟာရီးကို လိုက်သွ
နည်းပဲ ရှိတော့တယ်ဗျို့၊ တခြား နည်း မရှိတော့ဘူး'

ကျွန်ုပ်တို့ ရောက်သွားသည့် အခါတွင် သုံးဆောင်ဖြိုင် အိမ်ကြ
ယမန်နေ့ကကဲ့သို့ တိတ်ဆိတ် ငြိမ်သက်ကာ စည်းကျမ်းတကျ ရှိသည့်
ကြီး မဟုတ်တော့ဘဲ တစ်မူ ထူးခြားလျက် ရှိသည်ကို တွေ့ရ၏။ လာ
နေသူ တချို့သည် ခြံဝတွင် စုရုံး စုရုံး လုပ်လျက် ရှိပြီး ပုလိပ် အ
ပြတင်းပေါက်များနှင့် ပန်းခင်းများအား လိုက်လံ စစ်ဆေးလျက် ရှိခြ
တွေ့ရလေ၏။ အိမ်ထဲသို့ ရောက်သည့် အခါတွင် ရှေ့နေဟု သူ့ကိုယ်သူ
ဆက်သည့် ဆံပင် ဖြူဖြူ အသက် ခပ်ကြီးကြီး လူတစ်ယောက်ကို တွေ့ရ
သူနှင့် အတူ ရှားလော့ဟုမ်းအား မိတ်ဆွေဟောင်းကြီး အဖြစ် ဆီးကြို
ဆက်သည့် ခပ်ဝဝ ခပ်ပျာပျာ ပုလိပ် အင်စပက်တော်ကိုလည်း တွေ့ရလေ

'မစ္စတာ ဟုမ်းရေ၊ ခင်ဗျား အဖို့တော့ အခွင့်အရေး မရှိတော့ဘူးဗျ
ကိစ္စက သာမန် ဖောက်ထွင်းမှုကလေး တစ်ခု ဆိုတော့ ခင်ဗျားတို့လို စုံထေ
ကြီး မလိုတော့ဘဲ ကျွန်တော်တို့လို ပုလိပ်ကလေးတွေနှင့်ပဲ ကိစ္စ ပြီးသွား
မှာပါ၊ ပါရဂူတွေ ဘာတွေ မလိုတော့ပါဘူး'

'အင်း၊ အမှုကတော့ စိတ်ချရတဲ့ လူတွေ လက်ထဲကို ရောက်ပြီ
ကျုပ် ထင်ပါတယ်လေ၊ သို့သော်လည်း အင်စပက်တော်ကြီးက သာမန် ဖော
ထွင်းမှု တစ်ခုပဲလို့ ပြောနေတယ်နော် ဟုတ်စ'

'ဟုတ်ပါ့ခင်ဗျာ၊ တရားခံ ဘယ်သူလဲ ဆိုတာလည်း သိတယ်၊ သူ
ကို ဘယ်မှာ သွားရှာရင် တွေ့တယ် ဆိုတာလည်း သိတယ်၊ ဂိုဏ်းက ဘ
စတာဒေးတို့ ဂိုဏ်း ခင်ဗျ၊ ကပ္ပလီ တစ်ယောက်လည်း ပါတယ်၊ ဒီနား တ
ဝိုက်မှာ ယောင်လည် ယောင်လည် လုပ်နေတာကို မြင်တဲ့ လူတွေ ရှိတယ်





'ဟုတ်လား၊ ကောင်းပါလေ့ဗျာ၊ နို့ ဒီကောင်တွေ ဘာတွေများ ရသွား
သွားလဲ'

'များများစားစားတော့ ရသွားပုံ မရဘူး ခင်ဗျ၊ အိမ်ရှင် အဘွားကြီး
မေဘာလီကိုတော့ ကလိုရိုဖောင်း မေ့ဆေးနှင့်-တို့ပြီး အိမ်ကိုတော့ ...
ပြောရင်း ဆိုရင်း အိမ်ရှင် အဘွားကြီး လာနေပြီ'

ကျွန်ုပ်တို့ ယမန်နေ့က တွေ့ခဲ့သည့် မစ္စက် မေဘာလီမှာ ဖျော့တော့
လျက် ရှိသဖြင့် အစေခံ မိန်းကလေး တစ်ယောက်ကို တွဲလျက် ဧည့်
သို့ ဝင်ရောက်လာလေ၏။

မစ္စက် မေဘာလီက မသက်မသာ ပြုံးလိုက်ရင်း

'စုံထောက်ကြီးကတော့ အကာအကွယ်ကလေး ဘာလေး ယူထားလို့
ား၊ ဒါပေမဲ့ အဒေါ်က သိပ် အရေးကြီးတယ်လို့ မထင်လိုက်ဘူး၊ ပြီး
ဟာဒီက အဒေါ့် မိတ်ဆွေ မစ္စတာ စုထရီကိုလည်း အနှောင့်အယှက်
င်တာနှင့် အသာပဲ နေလိုက်တာ၊ ခုတော့ ဖောက်သွားတော့တာပေါ့'

'ကျွန်တော်က ဒီကိစ္စကို ခု မနက်ကျမှ သိရတာ ခင်ဗျ' ဟု ရှေ့နေ
စုထရီက ပြောလေ၏။

'မစ္စတာ ဟုမ်းက မိတ်ဆွေတွေ ဘာတွေ ခေါ်ထားလို့ ပြောတယ်
ကြီးရဲ့၊ ဒါပေမဲ့ အဒေါ်က အမှုမဲ့ အမှတ်မဲ့ နေလိုက်မိတယ်၊ ခုတော့ ပါ
တော့တာပေါ့'

ရှားလော့ဟုမ်းက

'အဒေါ့်ကို ကြည့်ရတာ တော်တော် နေထိုင် မကောင်း ဖြစ်နေတယ်
ယ်၊ ဒီတော့ ဖြစ်တာ ပျက်တာကို ရှေလည်အောင် ပြောနိုင်ပါ့မလား'

ပုလိပ် အင်စပက်တော်က မှတ်စု စာအုပ် ထူထူ တစ်အုပ်ကို ပုတ်ပြကာ

'ဟောဒီမှာ တိုင်ချက်ကို ကျွန်တော် ရေးထားပြီးပြီ ခင်ဗျ'

'သို့သော်လည်း အဒေါ် သိပ် မပင်ပန်းဘူး ဆိုရင်တော့'

'သိပ်တော့လည်း ပြောစရာ မရှိပါဘူးကွယ်၊ ကြည့်ရတာကတော့ ရှုဇ်
ကောင်မက လက်ထောက် ချတယ် ထင်တာပဲ၊ သူခိုးတွေကို ကြည့်ရတာ
တစ်အိမ်လုံးကို ကောင်းကောင်း သိနေတာပဲ၊ အဒေါ့်နား လူတစ်ယောက်
ပြီး ကလိုရိုဖောင်း အဝတ် တို့လိုက်လို့ ကလိုရိုဖောင်းနံ့ ရလာတာ
တော့ သတိ ရလိုက်တယ်၊ ဒါပေမဲ့ ဘယ်လောက် ကြာအောင် သတိမေ့နေ
တော့ မသိဘူး၊ အဒေါ် အိပ်ရာက နိုးလာတော့ လူတစ်ယောက်က အဒေါ်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာ ဘေးမှာ ရပ်နေပြီး တစ်ယောက်ကတော့ သေတ္တာတွေ ကြား
အထုပ် တစ်ထုပ်ကို ပိုက်လို့ ထလာတာကို မြင်လိုက်ရတယ်၊ ကြမ်းပေါ်
လည်း သေတ္တာကို ဖွင့် ရှာထားလိုက်တာ ပွစာ တက်နေတာပဲ၊ ဒါနှင့်
မထွက်ခင် အဒေါ်လည်း ဗုန်းခနဲ ထပြီး သူ့ကို အတင်း ဆွဲထားတာပေါ့'

'အဒေါ်က တယ်လည်း ရဲတာကိုး' ဟု အင်စပက်တော်က ပြော

'အဒေါ်ကလည်း ဘာရမလဲ၊ သူ့ကို အတင်း ဖက်ထားတာပေါ့၊ သူ
လည်း အတင်း ရုန်းတာပဲ၊ နောက် တခြား လူ တစ်ယောက်က အဒေါ်ကို
ရိုက်လိုက်တယ် ထင်တာပဲ၊ အဒေါ်လည်း ဘာမှ သတိ မရတော့ဘူး၊ အိမ်
သူငယ်မကလေး မေရီက အသံဗလံတွေ ကြားတော့ ပြတင်းပေါက်ကို ဖွင့်
အော်တာပေါ့၊ သူ့ အော်သံကို ကြားတော့ ပုလိပ်တွေ ပြေးလာကြတယ်၊ ဒါ
လူဆိုးကတော့ တစ်ယောက်မှ မရှိတော့ဘူး'

'ဘာတွေများ ပါသွားသေးသလဲ'

'အဖိုးထိုက် အဖိုးတန်တွေထဲကတော့ မပျောက်ဘူးလို့ ထင်တာပဲ၊
တော့ အဒေါ်သား ဒေါက်ဂလတ်ရဲ့ သေတ္တာတွေထဲမှာလည်း အဖိုးတန် ပ
ရယ်လို့ ရှိဟန် မတူပါဘူး'

'ခြေရာ လက်ရာကလေး ဘာလေး မကျန်ခဲ့ဘူးလား'

'အဒေါ် အတင်း ဝင်ဖက်ထားတဲ့ လူဆီက စက္ကူစကလေး တစ်စ
စုတ်ပြတ် ကျန်ရစ်ခဲ့တယ်၊ ကြမ်းပေါ်မှာ တွန့်ကြေလို့၊ လက်ရေးကတော့ အဒေါ်
သားရဲ့ လက်ရေးပဲ'

ပုလိပ် အင်စပက်တော်က

'အသုံး မဝင်ဘူး ထင်လို့ ထားပစ်ခဲ့တာ ဖြစ်မှာပေါ့၊ အကယ်၍
သူခိုး လက်များ ပါသွားတယ် ဆိုရင်တော့'

'ဟုတ်တာပေါ့ဗျာ၊ ခင်ဗျား ပြောတာ သိပ်မှန်တာပေါ့၊ အဲဒီ စာရွက်
ကျုပ် ကြည့်ချင်တယ်ဗျာ'

ပုလိပ် အင်စပက်တော်သည် သူ့ မှတ်စု စာအုပ်ထဲတွင် ခေါက်
သည့် ဖူးစကက် စာရွက်ကို ထုတ်ယူလိုက်ပြီးလျှင် ခပ်ကြွားကြွားဖြင့်

'ဘယ်လောက်ပဲ သေးဖွဲ့ပေ့စေ ဒီက ကောင်က ပေါ့တီးပေါ့ဆ
တာ မဟုတ်ဘူးဗျ၊ မစ္စတာ ဟုမ်းရေ၊ ခင်ဗျားကိုလည်း အကြံ ပေးလိုက်
မယ်၊ အသေးအဖွဲ့ကလေးတွေပေမဲ့ ပေါ့သေးသေး မအောက်မေ့နှင့်နော်၊
တော့ ပုလိပ် သက်တမ်း နှစ်ဆယ့်ငါးနှစ် အတွေ့အကြုံ ခင်ဗျ၊ ကျွန်တော်လည်း





အတွေ့အကြုံထဲက သင်ခန်းစာ ထုတ်ယူခဲ့ရတာ၊ စက္ကူပေါ်မှာ လက်ရေး
ဘာတို့ မတွေ့ဘူးလို့ ဘယ်သူ ပြောနိုင်ပါ့မလဲ'

ရှားလော့ဟုမ်းက စက္ကူစကို စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။

'အင်စပက်တော်ကြီးကကော ဘယ်လိုများ ထင်ပါသလဲ'

'ကြည့်ရတာကတော့ ဝတ္ထု တစ်ပုဒ် အဆုံးပိုင်း စာရွက်လို့ ထင်တာပဲ'

ရှားလော့ဟုမ်းက

'တော်တော် ဆန်းတဲ့ အဖြစ်အပျက် တစ်ပုဒ်ရဲ့ နိဂုံး ဖြစ်နိုင်တယ်
စာရွက်ပေါ်က စာမျက်နှာ နံပါတ်ကို သတိ ထားမိရဲ့လား၊ နှစ်ရာ နှစ်
ငါးတဲ့၊ ကျန်တဲ့ နှစ်ရာ နှစ်ဆယ့်လေး မျက်နှာက ဘယ်ရောက်နေသလဲ'

'ကျွန်တော့် အထင်တော့ သူခိုးတွေက အဲဒီ စာရွက်ကို ယူသွားတယ်
တာပဲ၊ သူတို့အဖို့ အဖိုးတန်ချင် တန်နေမှာကိုး ဆရာရဲ့'

'အင်း အိမ် တစ်အိမ်ထဲကို ဝင်ပြီး စာရွက်တွေ ဝင်ခိုးတယ် ဆိုတာက
ဖြင့် တော်တော်ကလေးတော့ ဆန်းနေပြီဗျို့၊ အင်စပက်တော်ကြီးရဲ့ ထင်
ချက်ကို ဆိုစမ်းပါဦး'

'သူခိုးတွေက သုတ်သီးသုတ်ပျာနှင့် ပြေးခါနီးမှ ဆွဲမိဆွဲရာ ဆွဲသွား
တာပဲ ခင်ဗျ၊ ဒီကောင်တွေ ဒီလောက်က လွဲရင် တခြား ဘာမှ ရမသွား
တော့ ဝမ်းသာစရာပေါ့ ခင်ဗျာ'

'ကျွန်မ သားရဲ့ ပစ္စည်းတွေကို ဘာဖြစ်လို့ မွှေနှောက် ရှာတာတဲ့လဲ'
မစ္စက် မေဘာလီက မေးလေ၏။

'အောက်ထပ်ကို ဝင်တဲ့ အခါကျတော့ အဖိုးထိုက် အဖိုးတန် ဆိုလို့
မတွေ့ဘူး၊ ဒီတော့ အပေါ်ထပ်ကို တက်မွှေတာပေါ့၊ မဟုတ်ဘူးလား စုံ
ထောက်ကြီး၊ စုံထောက်ကြီးကကော ဘယ်လို ထင်သလဲ'

'အင်း စဉ်းစားကြည့်ရဦးမယ်ဗျ၊ အိုင်ဆေး ဝပ်ဆင် ဒီနားကို ခဏဗျာ၊
ပြတင်းပေါက်နားကို'

ကျွန်ုပ်တို့ နှစ်ယောက်သည် ပြတင်းပေါက်နားတွင် အတူ ရပ်ပြီးလျှင်
အပိုင်းအစကလေးကို ဖတ်နေကြလေ၏။ စာရွက်တွင် ပါသည့် စာမှာ
တစ်ပုဒ်၏ အလယ်ပိုင်း ဖြစ်ပြီး အောက်ပါ အတိုင်း ပါရှိလေ၏။

... ထိုးနှက် ခုတ်ဖြတ်မှုများကြောင့် မျက်နှာမှာ သွေးတို့ ယိုစီး
လျက် ရှိလေ၏။ သို့ရာတွင် သူ့အသက်ကိုပင် ပေးအပ်ရန် အဆင်သင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရသော၊ သူ ချစ်သော မျက်နှာကလေးက သူ၏ ဒဏ်ရာ ဒဏ်ချက်များနှင့် ရှုံ့နိမ့် စော်ကားခံနေရသည့် အဖြစ်တို့ကို ကြည့်နေသည် မြင်ရသည့် အခါ၌ကား သူ့နှလုံးသားမှ သွေးတို့ ယိုစီးလျက် ရှိသည်ဟု ခံစားမိလေရာ မျက်နှာမှ စီးကျနေသည့် သွေးတို့သည် နှလုံးသား ယိုစီးကျနေသည့် သွေးတို့နှင့် နှိုင်းစာသော် ဘာမျှ မဟုတ်ချေ။ မိန်း ပျို့သည် အကြင်နာတရား ကင်းမဲ့သူ တစ်ယောက်ကဲ့သို့ သူ့အဖြစ် ပြုံး၍ပင် ကြည့်နေ လိုက်ချေသေး၏။ ထိုအချိန်၌ကား သူ့ ရင်ထဲ အချစ်သည် ချုပ်ငြိမ်းသွားကာ အမုန်းသည် မွေးဖွား လာခဲ့လေ ယောက်ျား ဆိုသည်မှာ တစ်ခုခု အတွက် အသက် ရှင်ရပေလိမ့်မည် ကျွန်ုပ်၏ အမျိုးသမီး၊ သင်၏ ပွေ့ဖက်မှုကို ခံရန် မဟုတ်လျှင် သ အပြစ် အတွက် သင့်ကို လက်စား ချေရန် အတွက် အသက် ရှင်ရ လိမ့်မည်။

ရှားလော့ဟုမ်းသည် စာရွက်ပိုင်းကလေးကို အင်စပက်တော်သို့ ပြန် လိုက်လျက် ခပ်ပြုံးပြုံးဖြင့်

'သဒ္ဒါကတော့ တော်တော် ဆန်းတဲ့ သဒ္ဒါပဲဗျ၊ ကျွန်ုပ်၏ ဆိုတဲ့ နာ စားကို ချက်ချင်း ပြောင်းသွားတာကို သတိ ပြုလိုက်မိရဲ့လား၊ ကြည့်ရတာ တော့ စာရေးသူဟာ ရေးရင်း ရေးရင်း သိပ် စိတ်ပါသွားပြီး သူ့ကိုယ်သူ ဇာတ် လိုက် ထင်သွားပုံ ရတယ်ဗျ'

အင်စပက်တော်က မှတ်စု စာအုပ် ကြားထဲသို့ ပြန်ထည့်လိုက်ရင်း

'စာကတော့ အရေးအသား တော်တော် ညံ့တဲ့ စာပဲ ခင်ဗျ၊ အလို ထောက်ကြီး၊ ဘယ်ကို သွားဦးမလဲ ခင်ဗျ'

'အမှုက အင်မတန် ကျွမ်းကျင် ပိုင်နိုင်တဲ့ ပုဂ္ဂိုလ်တွေရဲ့ လက်ထဲ ရောက်နေတော့ ကျုပ်တို့ မလိုတော့ပါဘူး ထင်ပါရဲ့ဗျာ၊ ဒါထက် မစ္စတ ဘာလီ ခရီး သွားချင်တယ်လို့ ပြောတာကို မှတ်မိသေးတယ်နော်'

'မှတ်မိပါတယ်ရှင်၊ မတတ်သာလို့သာ၊ ခရီး သွားဖို့ပဲ စိတ်ကူးနေတာ'

'ဘယ်ကို သွားချင်တာလဲ၊ ကိုင်ရိုလား၊ မဒီရာကိုလား၊ ပြင်သစ် ရိ ယာရားကိုလား'

'ပိုက်ဆံ ရှိရင်တော့ စုံထောက်ကြီးရယ်၊ ကမ္ဘာ တစ်ပတ်လောက် ပ လိုက်ချင်တာပေါ့'

'ကောင်းပါတယ်၊ ဒီလို ဆိုရင်လည်း ကမ္ဘာကို တစ်ပတ်လောက် ပ





လိုက်ပေါ့၊ ကဲ သွားမယ် ခင်ဗျာ၊ ညနေ ဆိုရင်တော့ အကျိုးအကြောင်း လေး တစ်စောင်လောက် ရေးလိုက်နိုင်လိမ့်မယ် ထင်ပါရဲ့'

ပြတင်းပေါက်နားသို့ ကျွန်ုပ်က ဖြတ်သွားသည့် အခါတွင် ပြုံး၍ ခေါင်း ဆမ်းလျက် ရှိသော ပုလိပ် အင်စပက်တော်ကို ကျွန်ုပ် မြင်လိုက်မိလေ၏။ တဲ့ လူ ဆိုတာ ရူးရင်လည်း ရူး ထူးရင်လည်း ထူးမှတဲ့ဗျ' ဟု ပြောနေ သို့ ရှိလေ၏။

တဝေါဝေါဖြင့် ဆူညံလျက် ရှိသည့် လန်ဒန် မြို့လယ်သို့ ပြန်ရောက် သည့် အခါတွင် ရှားလော့ဟုမ်းက

'အိုင်ဆေးရေ၊ ကျုပ်တို့ ခရီးတိုကလေးကတော့ ဆုံးခါနီးနေပြီ ထင် အကောင်းဆုံးကတော့ ကိစ္စကို ခုချက်ချင်း ရှင်းလိုက်တာ အကောင်းဆုံး ဘာပဲဗျ၊ ပြီးတော့ ခုကိစ္စက အစ္စာဒိုရာ ကလိန်း ဆိုတဲ့ မိန်းမမျိုးနှင့် စာရင်း ရှာ ဆိုတော့ ခင်ဗျားလည်း သက်သေ အဖြစ် လိုက်လာနိုင်မယ် ဆိုရင် ကောင်းဆုံးပဲဗျ''

ကျွန်ုပ်တို့သည် မြင်းရထား တစ်စင်းကို ငှားပြီးလျှင် ဂရို့စဗီနာ ရပ် ရှိ အိမ်တစ်အိမ်သို့ လာခဲ့ကြလေ၏။ ရှားလော့ဟုမ်းမှာ တစ်လမ်းလုံး ဆိတ်စွာ လိုက်ပါလာရာမှ ရုတ်တရက် ခေါင်းထောင်ကာ

'အိုင်ဆေး၊ ခင်ဗျား ရှင်းတယ်နော်'

'မရှင်းသေးဘူး ခင်ဗျ၊ ဒီကိစ္စ နောက်ကွယ်မှာ ရှိတဲ့ အမျိုးသမီး တစ် ယောက်ဆီကို သွားနေတယ် ဆိုတာလောက်က လွဲလို့ တခြား ဘာမှ မသိသေး'

'ဟုတ်ပါပြီလေ၊ ဒါပေမဲ့ အစ္စာဒိုရာ ကလိန်း ဆိုတဲ့ နာမည်ကို ခင်ဗျား ကြားဖူးဘူးလား၊ ကမ္ဘာမှာဖြင့် မိန်းမချော တစ်ဦးလို့ နာမည် ကြီးတဲ့ မိန်းမ ဗျာ၊ ခုထိ သူ့ကို မီတဲ့ မိန်းမရယ်လို့ တစ်ယောက်မှတောင် မရှိသေးဘူးလို့ ကြတာပဲ၊ အမျိုးသမီးက စပိန် သွေးဗျ၊ စပိန် ဆိုတာ ကျွဲရိုင်း သတ်တဲ့ ဆိုတော့ ဘယ်လောက် သွေးဆူမယ် ဆိုတာ ခင်ဗျား စဉ်းစားကြည့်ပေ အမျိုးသမီးက သူ့ထက် အသက် တော်တော်လေး ကြီးတဲ့ ဂျာမန် သကြား ဌေးကြီး ကလိန်းနှင့် လက်ထပ်ခဲ့တယ်၊ အဘိုးကြီး သေသွားတဲ့ အခါကျတော့ မှာ အလှဆုံး မိန်းမ တစ်ယောက်တွင် မကတော့ဘဲ အချမ်းသာဆုံး မုဆိုးမ ယောက်လည်း ဖြစ်လာခဲ့တယ်ဗျ၊ ဒီကြားထဲမှာတော့ ယောက်ျားတွေနှင့် ဘာတွေ ဘာတွေ ရှိတာပေါ့ဗျာ၊ ထားပါတော့၊ သူ့မှာ ရည်းစားတွေ အများ

www.burmeseclassic.com



ကြီး ရှိတဲ့ အနက် ဒေါက်ဂလတ် တစ်ယောက်လည်း ပါတယ်ဗျ၊ ဒေါက်ဂလ ဆိုတဲ့ လူကလည်း လန်ဒန်မှာဖြင့် လူချောလို့ နာမည်ကြီးတဲ့ လူတစ်ယော ကိုးဗျ။

'အဲ ဒေါက်ဂလတ်နှင့် ဖြစ်တဲ့ ကိစ္စကတော့ သာမန် အပျော် သ တွင် မကတော့ဘူးဗျ၊ နှစ်ယောက်စလုံးက လေးနက်လာကြတယ်၊ ဒေါက်ဂလ ဆိုတဲ့ လူက အပေါ်ယံ ပေါလောပါးလော နေတတ်တဲ့ လူမျိုး မဟုတ် လုပ်စရာ ရှိရင်လည်း တကယ် လုပ်တဲ့ လူ၊ ခံစရာ ရှိရင်လည်း တက ခံမယ့် လူမျိုး၊ ဒါပေမဲ့ အစွာဒိုရာ ဆိုတဲ့ မိန်းမက ကဗျာတွေ ဝတ္ထုတွေထဲ ပါတဲ့ အသည်းစား ဘုရင်မမျိုးဗျ၊ သူ့အလို ပြည့်ပြီး ငြီးငွေ့သွားတာနှင့် ပြိုင်နက် ဓာတ်လမ်းကို ဘယ်လို အဆုံး သတ်ရမယ် ဆိုတာ ကောင်းကော သိတဲ့ မိန်းမစားမျိုး'

'ဒါဖြင့်ရင် ခုတွင်က စာရွက်ထဲမှာ ပါလာတာဟာ ဒေါက်ဂလတ်ရဲ့ ဓာတ်လမ်း ဆိုပါတော့'

'နေဦးလေဗျာ၊ ဆုံးအောင် နားထောင်ပါဦး၊ ခု အဲဒီ အမျိုးသမီး ကိုယ့်သားလောက် ရှိတဲ့ လိုမွန် ဆိုတဲ့ မှူးမျိုး မတ်နွယ်နှင့် လက်ထပ်တော့မ ဗျ၊ အမျိုးသမီးဟာ သူ့ထက် ငယ်တဲ့ ယောကျာ်းလေး တစ်ယောက်ကို ယူ ဝန်မလေးပေမဲ့ သူ့ အတိတ် ကိစ္စကို ဟိုးလေးတကျော် ဖြစ်မှာကိုတော့ စိုးရိ တယ်၊ ဒါကြောင့် ... ပြောရင်း ဆိုရင်း အမျိုးသမီးရဲ့ အိမ်ကိုတောင် ရော နေပြီဗျို့'

အိမ်ကြီးမှာ လူကုံထံများ နေထိုင်သော ဝက်စအင်း ရပ်ကွက်တွင် ရှိ သည့် အိမ်ကြီး အိမ်ကောင်းများ အနက် တစ်လုံး ဖြစ်လေ၏။ စက်ရုပ်နှင့် တူ သည့် အစေခံ တစ်ယောက်သည် ကျွန်ုပ်တို့၏ လိပ်စာ ကတ်ပြားများကို ယူသွား ပြီးနောက် မိမိတို့ သခင်မမှာ အိမ်တွင် မရှိကြောင်းဖြင့် လာရောက် ပြော လေ၏။

ရှားလော့ဟုမ်းက ခပ်ရွှင်ရွှင်ဖြင့်

'ဒီလို ဆိုရင်လည်း ပြန်လာသည် အထိ စောင့်တာပေါ့ကွာ'

ဤတွင် အိမ်စေ သူငယ်သည် စိတ်တိုလာဟန်ဖြင့် 'အိမ်မှာ မရှိဘူး ဆိုတာက ခင်ဗျားတို့ အတွက် မရှိတာဗျ' ဟု ပြောလေ၏။

'သြော် ဒီလိုလား၊ ဒီလိုဆိုရင် တို့များ စောင့်စရာ မလိုတော့ဘူး ဆို သဘောပေါ့ကွယ်၊ ဟောဒီ စာကလေးကိုသာ မင်းတို့ သခင်မကို ပေးလိုက်ပါ'





ရှားလော့ဟုမ်းသည် စာရွက်ကလေးပေါ်တွင် စာလုံး သုံးလေးလုံးကို လိုက်ပြီးနောက် ခေါက်ပြီးလျှင် အိမ်စေကို ပေးလိုက်လေ၏။

'ဘယ်လို ရေးလိုက်တာလဲဗျ'

'ပုလိပ်ကို အပ်လိုက်ရမလားလို့ပဲ ရေးလိုက်တာပါ၊ ဒီလို ရေးလိုက်ရင် ဝင်ခွင့် ပြုလိမ့်မယ် ထင်တာပဲ'

အံ့သြစရာ ကောင်းလောက်အောင် မှန်လှပေ၏။ တစ်မိနစ်လောက် ကြာတွင် တစ်ထောင့် တစ်ည ပုံပြင်ထဲက အိမ်ခန်းကဲ့သို့ ခမ်းနားလှသည့် န်းကြီးထဲသို့ ကျွန်ုပ်တို့ ရောက်သွားကြလေ၏။ ဧည့်ခန်းကြီးမှာ ကျယ်ပြန့် မှောင်ရီရီ ဖြစ်လျက် ရှိသော ခန်းဆောင်ကြီး တစ်ခု ဖြစ်ပြီးလျှင် အချို့ များတွင် ပန်းရောင် မီးလုံးကလေးများကို ထွန်းညှိထားသဖြင့် တစ်မျိုး လျက် ရှိလေသည်။ မီးရောင် မှိန်မှိန်ထဲတွင် အမျိုးသမီးသည် ပို၍ လှသည် ထင်ရလေ၏။ ကျွန်ုပ်တို့ ရောက်သွားသည့် အခါတွင် အမျိုးသမီးသည် တစ်ခုပေါ်တွင် ထိုင်နေရာမှ ထလိုက်လေ၏။ ကြော့ရှင်း သွယ်လျသည့် ကိုယ် ရှိပြီး ပြောစရာ မရှိအောင် ပြေပြစ် ချောမောသူ တစ်ဦး ဖြစ်သည် ဆိုနိုင်ပါပေ၏။ စပိန်သွေး ပါသည့် မျက်လုံးများကား အံ့သြဖွယ် ကောင်း က်အောင် လှပသလောက် ရက်စက်သော အသွင်ကို ဆောင်လျက် ရှိသည် ကျွန်ုပ်တို့ စိတ်တွင် ထင်မှတ်မိကြ၏။

'အိမ်ထဲကို အတင်း ဝင်လာပြီး ဒီလို စာမျိုးကို စော်စော်ကားကား တာက ဘာသဘောလဲ ရှင်' ဟု စာရွက်ကို လက်ထဲတွင် ထောင်ပြရင်း လေ၏။

'ဒါကတော့ ကျွန်တော် အထူး ရှင်းပြစရာ လိုမယ် မထင်ပါဘူး ခင်ဗျာ၊ ဒီက ကျုပ်နှမကြီးဟာ ထက်မြက်တဲ့ မိန်းမ တစ်ယောက် ဆိုပြီး ကျုပ် လေးစားပါတယ်၊ ဒါပေမဲ့ ခုတစ်လောမှာတော့ နည်းနည်းများ အသိ နုံနဲ့သွားသလားလို့ပါ'

'ဘယ်လိုများ နုံနဲ့တာပါလဲရှင်'

'သြော် လူမိုက်တွေကို ငွေ ပေးပြီး ခြိမ်းခြောက်နိုင်းရင် ကျုပ်ကို ကြောက်လိမ့်မယ်လို့ ထင်သွားလို့ပါ၊ ကျုပ် အလုပ်ကို မလုပ်ရဲအောင် လာပြီး ခြောက်နိုင်းလို့ ရမယ် ထင်ရင်တော့ ကျုပ်နှမကြီးရဲ့ အသိဉာဏ်ဟာ အ လောမှာ တော်တော်လေး နုံနဲ့သွားပြီ ဆိုတာ ပြနေတယ်ဗျ၊ စုံထောက် တယ် ဆိုကတည်းက အန္တရာယ်တွေ ခြိမ်းခြောက်မှုတွေကို မကြောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြင် ဒါမျိုးကလေးတွေကို တွေ့ချင်လို့ လုပ်တာပေါ့ဗျာ၊ နို့မို့ရင် ဒီအထ
မျိုးကို ဘယ် အမိုက်ခံပြီး လုပ်ပါ့မလဲ၊ ခုတော့ ကျုပ်နှမကြီး အတင်း တိုက်တွ
တာနှင့် ကျုပ်လည်း ဒေါက်ဂလတ်ရဲ့ ကိစ္စကို စုံစမ်းဖို့ ဖြစ်လာတော့တာပေ

'ရှင် ပြောတာတွေကို ကျွန်မ တစ်လုံးမှ နားမလည်ဘူး၊ ကျွန်မ
လူမိုက်တွေကို ဘာဖြစ်လို့ ပိုက်ဆံ ပေးပြီး ငှားရမှာလဲ'

ရှားလော့ဟုမ်းက စိတ်ပျက်ဟန်ဖြင့် တစ်ဖက်သို့ လှည့်လိုက်လေ၏

'ဟုတ်ပြီဗျာ၊ ကျုပ် ခင်ဗျား အသိဉာဏ်ကို ချာတူးလန် အဖြစ် သဘော
ထားလိုက်ပြီ၊ ကဲ မင်္ဂလာ နေ့လယ်ခင်းပါ'

'နေစမ်းပါဦး၊ ရှင်က ဘယ်ကို သွားမှာလဲ'

'စကော့တလန်ယာဒ် စုံထောက် အဖွဲ့ကို သွားမှာဗျ'

ကျွန်ုပ်တို့ တံခါး အနီးသို့ မရောက်မီတွင် အမျိုးသမီးသည် နောက်
ခပ်သွက်သွက် လိုက်လာပြီးနောက် ရှားလော့ဟုမ်း၏ လက်ကို ဆွဲထားလေ၏
တစ်ခဏ အတွင်း မိန်းမပျိုသည် သံမဏိ အဖြစ်မှ ကတ္တီပါ အဖြစ်သို့ ပြောင်း
လဲ သွားခဲ့လေပြီ။

'ကဲ စုံထောက်ကြီးတို့ ထိုင်ကြပါဦးရှင်၊ ဒီကိစ္စကို ရှင်းအောင် ပြော
ကြတာပေါ့၊ စုံထောက်ကြီးကို ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ပြောနိုင်တယ်
ယူဆ ပါတယ်နော်၊ စုံထောက်ကြီးဟာ လူကြီး လူကောင်းစိတ် ရှိတဲ့ ပုဂ္ဂိုလ်
လို့ ကျွန်မ ယူဆပါတယ်၊ ကျွန်မတို့ မိန်းမဆိုတာ ကြည့်လိုက်ရုံနှင့် သိပါတယ်
ဒီတော့ စုံထောက်ကြီးကို မိတ်ဆွေ တစ်ယောက် အနေနှင့် ပြောပြပါ့မယ်'

'ကျွန်တော်ကတော့ မိတ်ဆွေ အဖြစ် နားထောင်မယ်လို့ ကတိ မပေး
နိုင်ဘူး ထင်တယ် ခင်ဗျ၊ ကျွန်တော်ဟာ တရားဥပဒေ မဟုတ်ဘူး၊ သို့သော်
လည်း တတ်နိုင်သမျှတော့ တရားမျှတမှုကို လိုက်ရှာနေတဲ့ လူ တစ်ယောက်
ပဲဗျ၊ ကျုပ် ခင်ဗျား ပြောတာကို နားထောင်မယ်၊ ပြီးတော့ ကျုပ် ဘာလုပ်မယ်
ဆိုတာကို ခင်ဗျားကို ပြောပြမယ်'

'ရှင့်လို သတ္တိ ကောင်းတဲ့ လူ တစ်ယောက်ကို သွားပြီး ခြိမ်းခြောက်
လိုက်မိတာဟာ ကျွန်မ မှားတာပဲရှင်'

'အဲဒါထက် မှားတာက ခင်ဗျားဟာ ခင်ဗျားကို ငွေညှစ်မယ့် လူဆိုး
တစ်သိုက်ကို သွားပြီး ယုံတာက ပိုပြီး မှားတယ်လို့ ထင်တယ်ဗျ'

'မဟုတ်ပါဘူးရှင်၊ ကျွန်မ ဒီလောက်တော့ မအသေးပါဘူး၊ စုံထောက်
ကြီးကို ပွင့်ပွင့်လင်းလင်း ပြောမယ်လို့ ကတိ ပေးထားတဲ့ အတိုင်း ပွင့်ပွင့်



...င်း ပြောပြပါ့မယ်၊ ဘန်နီနှင့် သူ့မိန်းမ ရူဇန်တို့က လွဲရင် သူတို့ကို
...ဟာ ကျွန်မ ဆိုတာကို ဘယ်သူမှ သိပါဘူး၊ ပြီးတော့ သူတို့ နှစ်ယောက်
...တော့ ဒါဟာ ပထမဆုံး အကြိမ် မဟုတ်တဲ့ အပြင် …'

အမျိုးသမီးသည် ညို့ခါတ် အပြည့် ပါသည့် ပြီတီတီ ဟန်မျိုးဖြင့် ပြုံး
...၏။

'သြော် ဟုတ်ပြီ၊ သူတို့ကို စမ်းသပ်ကြည့်ပြီးပြီပေါ့'

'ခိုင်းလိုက်ရင် တစ်ချက်မှ မဟောင်တဲ့ အမဲလိုက် ခွေးများ အတိုင်း
... ရှင်'

'ဒါပေမဲ့ အဲဒီလို ခွေးမျိုးဟာ ကိုယ့် ကျွေးတဲ့ လက်ကို ပြန်ကိုက်တတ်
...ဗျ ခု သူတို့ကို ဖောက်ထွင်းမှုနှင့် ဖမ်းတော့မယ်၊ ပုလိပ်က သူတို့ နောက်
... ိုက်နေပြီ'

'သူတို့ ကျသမျှ ဒဏ်ကို သူတို့ ခံမှာပါရှင်၊ သူတို့ကို ကျွန်မ ပိုက်ဆံ
...အလောက် ပေးထားပြီပဲ၊ ဒီကိစ္စထဲမှာ ကျွန်မ နာမည် ပါစရာ ဘာမှ
...ကြောင်း မရှိတော့ပါဘူး'

'အကယ်၍ ကျုပ်က ဆွဲမသွင်းဘူး ဆိုရင်ပေါ့လေ'

'ဟုတ်ပါတယ်ရှင်၊ စုံထောက်ကြီးကလည်း ကျွန်မ နာမည်ကို ထုတ်
...မှာ မဟုတ်ပါဘူး၊ စုံထောက်ကြီးဟာ လူကြီး လူကောင်း တစ်ယောက်ပဲ
... ပြီးတော့ ဒီကိစ္စကလည်း အမျိုးသမီး တစ်ယောက်ရဲ့ လျှို့ဝှက်ချက် တစ်ခု
...တ်လား ရှင်'

'ဒါဖြင့် ပထမ အချက်အားဖြင့် ခိုးသွားတဲ့ လက်ရေးမူတွေကို ပြန်ပေး

...

မိန်းမပျိုသည် ရယ်သံ လွင်လွင်ဖြင့် ရယ်လျက် မီးလင်းဖိုဆီသို့ လျှောက်
...လေ၏။

မီးလင်းဖိုနားသို့ အရောက်တွင် မီးဆွသည့် သံကောက်ဖြင့် အတောင့်
... ဖြစ်နေသည့် ပြာတောင့် တစ်ခုကို ခြွေချလိုက်လေ၏။

'ဒီပြာတွေကိုပဲ ပြန်ပေးရမှာပေါ့၊ ဟုတ်လား စုံထောက်ကြီး'

မိန်းမပျို လုပ်နေပုံမှာ မထေမဲ့မြင် ပြုရာ ရောက်သလောက် ချစ်စရာ
...င်းနေသည့် အတွက် ရှားလော့ဟုမ်း တစ်ယောက် ရာဇဝတ်ကောင် မျိုးစုံနှင့်
...ပွဲတွင် နွှဲခဲ့သမျှ ယခုတစ်ပွဲတွင် ကွဲလေပြီဟု ကျွန်ုပ် ထင်မိလေ၏၊ သို့ရာ
... ရှားလော့ဟုမ်းကား အလျှင်း တုန်လှုပ်ခြင်း မရှိဘဲ အေးအေးဆွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ၊ ဒါဖြင့် ကိုယ့်ထိုက်နှင့် ကိုယ့်ကံပေါ့၊ ဒီမှာ ကျုပ်နှမကြီး လုပ်ပုံကတော့ တော်တော့်ကို မြန်ပါပေတယ်ဗျာ၊ ဒါပေမဲ့ ဒီတစ်ခါက အမြန် လွန်သွားပြီ ထင်တယ်ဗျ'

မိန်းမပျိုသည် မီးဆွသည့် သံကောက်ကြီးကို ချွင်ခနဲ နေအောင် လိုက်လျက်

'ရှင်ဟာ တော်တော် အပြောရ ကျပ်တဲ့ လူပါလား ဟင်၊ ကဲ ဒီလော တောင် ရှိလှတာ ကျွန်မ အဖြစ်အပျက် တစ်ခုလုံးကို ပြောပြရမလား'

'ကျုပ်က ပြောပြရမလားလို့ စိတ်ကူးနေတာပါ'

'ဒီလို ဆိုရင်လည်း ကျွန်မဘက်ကနေပြီး စဉ်းစားကြည့်ပါ စုံထော ကြီး၊ တစ်သက်လုံး ထိန်းသိမ်းထားရတဲ့ ဂုဏ်သိက္ခာတွေ ရည်မှန်းချက်တွေ တစ်ချက်တည်းနှင့် အပျက်စီး ခံရမယ့် မိန်းမ တစ်ယောက် အနေနှင့်လည်း ပြန် စဉ်းစား ကြည့်ပါဦး၊ ဒီလို မိန်းမ တစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် ကွယ်တယ် ဆိုရင် အပြစ် မရှိဘူးလို့ ထင်ပါတယ်'

'ဒါကတော့ ခင်ဗျား ကိုယ်နိုက်က အပြစ် ရှိနေပြီးသားကိုး'

'ဟုတ်ပါတယ်၊ ကျွန်မမှာ အပြစ် ရှိတယ် ဆိုတာ ကျွန်မ ဝန်ခံပါတယ်၊ ဒေါက်ဂလတ်ဟာ ချစ်စရာ ကောင်းတဲ့ လူတစ်ယောက်ပါ၊ ဒါပေမဲ့ ကျွန် စိမ်ကိန်းနှင့် မကိုက်ဘဲ ဖြစ်နေတယ်ရှင်၊ သူက လက်ထပ်ဖို့ချည်း ပြောနေတယ် သူ့လို ငွေ မရှိ ဂုဏ် မရှိ သာမန် ဆင်းရဲသား တစ်ဦးနှင့် ကျွန်မ ဘယ်လက်ထ နိုင်မလဲ စုံထောက်ကြီးရယ်၊ သူ့ကို ဘယ်လိုပြောပြော နားမဝင်ဘူး၊ လက်ထ ရမယ် ဆိုပြီး အတင်း လုပ်နေတယ်၊ ပြီးတော့ ကျွန်မက သူ့ကို အစစအရာ လိုက်လျောခဲ့တော့ ဒီတစ်ခါမှာလည်း သူ့ကို လိုက်လျောရမယ်လို့ ဇွတ် လုပ် တယ်၊ ဒီလောက်ထိတော့ ကျွန်မ သည်းမခံနိုင်တော့ဘူးရှင်၊ ဒါနှင့် နောက်ဆုံး တော့ သဘော ပေါက်အောင် လုပ်လိုက်ရတော့တာပဲ'

'ခင်ဗျား အိမ်ရှေ့တွင် လူမိုက်တွေ ငှားပြီး အရိုက်ခိုင်းပစ် လိုက်တယ် ပေါ့'

'သြော် စုံထောက်ကြီးက အားလုံးလောက် သိနေတော့တာကိုး၊ ဟုတ် ပါတယ်ရှင်၊ ဒီအတိုင်းပါပဲ၊ ဘန်နီနှင့် သူ့ လူတွေက သူ့ကို ခေါ်ထုတ်သွားပြီး ခပ်ကြမ်းကြမ်းကလေး လုပ်လိုက်ကြပါတယ်၊ ဒါပေမဲ့ရှင် သူ လူကြီးလူကောင်း တစ်ယောက် ဆိုရင် ဒီလို ဘယ်လုပ်မလဲ၊ ခုတော့ ဒီအကြောင်းတွေကို စာအုပ် ပြန်ရေးတယ်၊ သူက သိုးငယ်ကလေး၊ ကျွန်မက ဝံပုလွေပေါ့၊ နာမည်တွေတော့





ရေးထားတာပေါ့လေ၊ ဒါပေမဲ့ လန်ဒန် တစ်မြို့လုံးက မသိဘဲ နေ ရှင်၊ ဒီတော့ ကျွန်မ လုပ်တာကို စုံထောက်ကြီး ဘာပြောမလဲ'

'သူ့မှာ ရေးပိုင်ခွင့် ရှိပေသားပဲ'

'သူ့ ကိုယ်ထဲမှာ အီတလီ သွေးတွေ ဘယ်လောက် ဝင်နေသလဲတော့ ဘူးရှင်၊ စာအုပ် ရေးပြီး ကျွန်မဆီကို ကော်ပီ တစ်ခု ပို့လိုက်တယ်၊ စိတ်ဓာတ် အရ ညှဉ်းဆဲတဲ့ သဘောပေါ့လေ၊ ကော်ပီ နှစ်ခု ရှိတယ် တစ်ခုက ကျွန်မဖို့တဲ့၊ တစ်ခုက ထုတ်ဝေသူဆီကို ပို့ဖို့တဲ့'

'ထုတ်ဝေသူ အတွက် ကော်ပီဟာ ထုတ်ဝေသူ လက်ထဲကို မရောက် သူ့လက်ထဲမှာ ရှိတယ် ဆိုတာ ခင်ဗျား ဘယ့်နှယ်လုပ် သိသလဲ'

'သူ့ ထုတ်ဝေသူကို ကျွန်မ သိတာပေါ့၊ ခု ဝတ္ထုက သူ့ရဲ့ ပထမဆုံး ဟုတ်ဘူးရှင့်၊ နောက်တော့ အဲဒီ ထုတ်ဝေသူဆီက ဘာအသံမှ မကြား ဒီတုန်းမှာ ဒေါက်ဂလတ် ရုတ်တရက် သေသွားတယ် ဆိုတဲ့ သတင်းကို တယ်၊ ဒီတော့ ဒီကော်ပီဟာ ဘယ်မှာ ရှိရမလဲ၊ သူ့ပစ္စည်းတွေထဲမှာ ရှိ ဒီပစ္စည်းတွေကို သူ့အမေဆီ ပြန်ပို့ရမှာပဲ၊ ဒီတွင် ကျွန်မ လူ ငှားပြီး ဒီ ကို အယူ ခိုင်းတယ်၊ တစ်ယောက်ကို သူ့အိမ်မှာ အစေခံ အဖြစ် သွင်း ကျွန်မ ရိုးရိုးသားသား ယူဖို့ စိတ်ကူးတာပါ၊ တကယ်ပါ၊ ဒါကြောင့်မို့ ရောင်းရင် ပစ္စည်းတွေရော ဘာရော အားလုံး ဝယ်မယ်လို့ ဆုံးဖြတ်တာ ဆိုင်တဲ့ အခါကျတော့ သူ တောင်းသမျှ ဈေးကိုလည်း ကျွန်မ ပေး ပဲ၊ အဲဒီ နည်းတွေနှင့် မအောင်မြင်တော့မှ ကျွန်မ တခြား နည်းတွေနှင့် တာပါ၊ ဒေါက်ဂလတ် အပေါ်မှာ ကျွန်မ စိမ်းကားခဲ့တာကိုတော့ ထား လေ၊ ဒီအတွက် ကျွန်မလည်း စိတ်တော့ မကောင်းပါဘူး၊ ဒီတော့ ကျွန်မ ကိုယ့်သိက္ခာ ကိုယ် ကာကွယ်ဖို့ အတွက် တခြား ဘာလုပ်စရာ ရှိ လဲ'

ရှားလော့ဟုမ်းက ပခုံးကို တွန့်လိုက်လျက်

'အင်း ဒီအတိုင်း ဆိုရင် ကျုပ်လည်း ခါတိုင်းလိုပဲ ပြစ်မှုကို လျှော်ပစ် ယ် ထင်ပါရဲ့၊ ဒါထက် စကားမစပ် ပထမတန်းနှင့် ကမ္ဘာ တစ်ပတ်လောက် သွားရင် ဘယ်လောက်လောက် ကုန်မလဲ'

အမျိုးသမီးသည် ရှားလော့ဟုမ်းကို တအံ့တသြဖြင့် ကြည့်လျက် ရှိ

'ပေါင် ငါးထောင်လောက် ဆိုရင် လောက်မလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ လောက်လိမ့်မယ် ထင်ပါတယ်'

'ကောင်းပြီဗျာ၊ ဒီလိုဆိုရင် ပေါင် ငါးထောင်တန် ချက်လက်မှတ် [illegible] စောင် ရေးပေးပါ၊ ဒီချက်လက်မှတ်ကို မစ္စက် မေဘာလီကို ပေးရမယ်၊ [illegible] ကြီးမှာ တော်တော် စိတ် ထိခိုက်နေတော့ သူ့ခမျာ အပြောင်းအလဲကလေး [illegible] ကလေး ရအောင် လုပ်ပေးဖို့ ခင်ဗျားမှာ တာဝန် ရှိနေတယ်၊ သို့သော် [illegible] ...'

ရှားလော့ဟုမ်းက သတိ ပေးသည့် အနေဖြင့် အမျိုးသမီးကို [illegible] ထောင်ပြလိုက်လျက်

'သတိတော့ ကြပ်ကြပ် ထားပါနော်၊ ကောင်းကောင်း သတိ [illegible] ခင်ဗျား လက်ကလေးတွေက နုနုနယ်နယ် လှလှပပကလေးတွေ၊ အသွား [illegible] တဲ့ ပစ္စည်းတွေနှင့် ကစားရင် တစ်နေ့မှာ ဒီလက်ကလေးတွေ ဓားပြတ် [illegible] နိုင်တယ် ဆိုတာကိုတော့ သတိ ပေးလိုက်ပါပေရဲ့'

**[မူရင်း ဝတ္ထု *The Adventure of the Three Gables.* ရှေ့ဥဒေါင်း [illegible] ထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]**



## သွေးစုပ် ဖုတ်ကောင်



ရှားလော့ဟုမ်းသည် နောက်ဆုံး စာဝေချိန်တွင် ရောက်လာသော စာတစ်စောင်ကို သေချာစွာ ဖတ်လျက် ရှိလေ၏။ ရယ်ခြင်း အမျိုးမျိုး ရှိသည့် အနက် အသံညင်းညင်း ထွက်ရုံ ရယ်ခြင်းလည်း မက ဦးခေါင်းပနံ့ လှုပ်အောင် ရယ်ခြင်းလည်း မကျသော ရယ်ခြင်းမျိုးဖြင့် ခပ်ဟက်ဟက် ရယ်လိုက်ပြီးလျှင် စာရွက်ကို [illegible]သို့ လှမ်းပစ်ပေးလိုက်လေ၏။

'အလွန် ခေတ်ဆန်တာနှင့် အလွန် ရှေးကျတာ၊ အလွန် လက်တွေ့ကျ[illegible] အလွန် စိတ်ကူးယဉ်တာတွေ ပေါင်းစပ် ရောထွေးနေတဲ့ ကိစ္စ တစ်ခုပဲ ခင်ဗျား ဘာပြောမလဲ၊ ရော့ ဖတ်ကြည့်စမ်း'

ဘာမှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

အမှတ် ၄၆၊ အိုးလျူရီ
နိုဝင်ဘာလ ၁၉ ရက်။

ကိစ္စ ။ သွေးစုပ် ဖုတ်ကောင်များ ကိစ္စ။

ခင်ဗျား ...

ကျွန်တော်များ၏ ဖောက်သည်များ ဖြစ်သော လန်ဒန်မြို့ မင်စင်းလမ်းရှိ လက်ဖက်ခြောက် ပွဲစားများ ဖြစ်သည့် ဖာဂူဆန်နှင့် မျူးဝါးဟက်တို့က သွေးစုပ် ဖုတ်ကောင်များနှင့် ပတ်သက်၍ အထက် နေ့စွဲပါ စာဖြင့် ကျွန်တော်များထံ စာရေး စုံစမ်းထားပါသည်။ ကျွန်တော်များ ကုမ္ပဏီမှာ စက်ပစ္စည်း ကိရိယာများကို ရောင်းဝယ်သည့် ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသာ ဖြစ်သည့် အတွက် အဆိုပါ ကိစ္စမှာ ကျွန်တော်များ
ပယ်တွင် အကျုံးဝင်ခြင်း မရှိပါ။ ထို့ကြောင့် ယင်းပြဿနာနှင့်
သက်၍ လူကြီးမင်းထံ သွားရောက် တွေ့ဆုံ တင်ပြရန် မစ္စတာ
ဆန်အား အကြံ ပေးခဲ့ပါသည်။ မာတီဒါ ဗရစ်၏ အမှုတွင် လူကြီး
အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့သည်ကို ကျွန်ုပ်တို့ မမေ့နိုင်သေး

သစ္စာရှိစွာဖြင့်

**မောရစ်ဆန်၊ မောရစ်ဆန်နှင့်**

**ကုမ္ပဏီ**

ရှားလော့ဟုမ်းက အောက်မေ့ သတိရသော အသံမျိုးဖြင့်

'အိုင်ဆေး ဝပ်ဆင်ရေ၊ မာတီဒါ ဗရစ် ဆိုတာ ကောင်မလေး တစ်ယော ရဲ့ နာမည်တော့ မဟုတ်ဘူးဗျ၊ စူမတြာ ကျွန်းက လူဆိုး တစ်ယောက်ရဲ့ အမှု ပတ်သက်နေတဲ့ သင်္ဘော တစ်စင်းရယ်၊ ဒီအဖြစ်အပျက်ကိုတော့ လူတွေ ကော ကောင်း မသိကြသေးဘူးပေါ့၊ သို့သော်လည်း ဒါတွေ အသာ ထားပါတော့ သွေးစုပ် ဖုတ်ကောင် ဆိုတော့ ကျုပ်တို့လည်း ဒီသွေးစုပ် ဖုတ်ကောင် အကြောင်း ဆိုလို့ ဘာမှ မသိရပါကလား၊ သွေးစုပ် ဖုတ်ကောင်တွေရဲ့ ကိစ္စ ကျုပ်တို့ နယ်ပယ်မှာကော အကျုံးဝင်သတဲ့လား၊ အိမ်မှာ ငုတ်ကြီး ထိုင်နေရ ထက် စာရင် လှုပ်လှုပ်ရှားရှားတော့ လုပ်ချင်တာပဲ၊ သို့သော်လည်း ခက်တာ ကျုပ်တို့ ကိုင်ရမယ့် ကိစ္စက ဂရင်းရဲ့ နတ်သမီး ပုံပြင်ထဲက ဟာမျိုးတွေ နေတယ်ဗျ၊ အဲဒီတော့ ခင်ဗျား ဘေးက အညွှန်း စာအုပ်ကို လှမ်းယူပြီး အင် အက္ခရာ ဗွီကို ကြည့် ကြည့်စမ်းဗျာ'

ကျွန်ုပ်သည် နောက်သို့ ပြန်လှည့်ကာ ရှားလော့ဟုမ်း ပြောသည့် အညွှန်း စာအုပ်ကြီးကို လှမ်းယူလိုက်လေ၏။ ရှားလော့ဟုမ်းသည် အညွှန်း စာအုပ်ကြီး ကို ပေါင်ပေါ်တွင် တင်လိုက်ပြီးလျှင် တစ်သက်တာတွင် တွေ့ကြုံခဲ့သည့် ကို စုဆောင်း သိမ်းထားရာ အမှုဟောင်း မှတ်တမ်းများကို တယုတယ ကြည့် လျက် ရှိလေ၏။

'အင်း ဂလိုရီယာ စကော့ သင်္ဘော၏ ခရီးကြမ်းတဲ့၊ ဒီအကြောင်း တော့ သိပ် မနိပ်ဘူးဗျ၊ ဒီအမှုနှင့် ပတ်သက်လို့ ခင်ဗျား မှတ်တမ်း တင်ခဲ့တာ ကို ကျုပ် မှတ်မိသေးတယ်၊ သို့သော်လည်း ရလဒ်ကတော့ သိပ် မကောင်းလှ ခင်ဗျားကို ဒီမှတ်တမ်း အတွက် ဂုဏ်မပြုခဲ့မိဘူးဗျ၊ နောက်တစ်မှုက လူယ ဗစ်တာရဲ့ အမှု၊ နောက်တစ်မှုက အဆိပ် ပြင်းသော အိမ်မြှောင်ရဲ့ အမှု၊ အဲ





တော့ တော်တော်လေး စိတ်ဝင်စားစရာ ကောင်းပါရဲ့၊ နောက်တစ်ခုက ပ်မယ် ဗစ်တိုရီယာရဲ့ အမှု၊ နောက်တစ်မှုက ဗင်ဒါဗစ်နှင့် ယဂ္ဂမစ်ဂိုဏ်း၊ တစ်မှုက ဗိုလ်မြွေပွေး၊ နောက်တစ်မှုက လက်သမား ဗီဂါ၊ အင်း ဒီအညွှန်း အမှုကောင်းတွေလည်း များပါ့ကလားဗျို့၊ ဒီလောက် ကောင်းတဲ့ အညွှန်း သိပ်တွေ့ဖို့ မလွယ်လှဘူး။

'ဟော ... ဟောဒီမှာဗျ၊ ဟန်ဂေရီပြည်မှ သွေးစုပ် ဖုတ်ကောင် အယူ တဲ့၊ ထရန်ဆီဗားနီးယား ပြည်နယ်မှ သွေးစုပ် ဖုတ်ကောင်များတဲ့ဗျို့၊ တွေ့

ရှားလော့ဟုမ်းသည် စာရွက်များကို တဖျပ်ဖျပ် လှန်ကာ စိတ်ပါလက်ပါ လော့ ကြည့်ရှုလျက် ရှိပြီးနောက် ခဏ အကြာတွင် စာအုပ် ထူထူကြီးကို ပျက်လက်ပျက်ဖြင့် ဗုန်းခနဲ ပစ်ချလိုက်လေ၏။

'အလကားဟာတွေပါဗျာ၊ သွေးစုပ် ဖုတ်ကောင် ဆိုတာ သင်္ချိုင်းထဲက ောင်းတွေက ညညထပြီး သူများ သွေးကို လိုက်စုပ်နေတာတဲ့ဗျ၊ ကြံကြီး ရာဗျာ၊ ပြောတဲ့ လူက ပြောပြီး ယုံတဲ့ လူကလည်း ယုံပါပေရဲ့'

ဤတွင် ကျွန်ုပ်က

'အမယ် မယုံ မရှိနှင့် ဆရာကြီးရေ၊ သွေးစုပ် ဖုတ်ကောင် ဆိုတိုင်း င်းထဲက လူသေကောင်ကို ပြောတာ မဟုတ်ဘူးဗျ၊ အသက် ရှင်နေတဲ့ လူ ယောက်မှာလည်း အဲဒီ သွေးစုပ် ဖုတ်ကောင်များလိုပဲ လူတွေရဲ့ သွေးတွေကို စုပ်တတ်တဲ့ အကျင့်မျိုး ရှိကြသတဲ့၊ တချို့ လူအိုကြီးတွေ ဆိုရင် နုပျို ဆန်းမှုကို ရအောင် ကလေးတွေရဲ့ သွေးကိုတောင် လိုက်ပြီး စုပ်ယူတတ် တယ်လို့ ကျွန်တော် ဖတ်ဖူးတယ်'

'ဟုတ်ပါပြီလေ၊ ခင်ဗျား ပြောတာက ပုံပြင်လို ရေးခဲ့တဲ့ ဟာတွေထဲမှာ ကို ပြောတာ မဟုတ်လား၊ ဒါလောက်ကတော့ ကျုပ်လည်း ဖတ်ဖူးတာ ၊ ခုဟာက ပုံပြင် မဟုတ်ဘူးဗျ၊ တကယ် လိုက်ပြီး စုံစမ်းရမယ့် ကိစ္စ၊ သူတို့က လှမ်းပြောတိုင်း ကျုပ်တို့က အရေးတကြီး ထားပြီး လိုက်စုံစမ်း ာမှာတဲ့လား၊ ခု မောရစ်ဆန်နှင့် ဒေါ့ ကုမ္ပဏီကလည်း ဘာမှ မလုပ်တတ် ဒီတော့ သူ့ဆီကို ဘယ် တစ္ဆေ သရဲကမှလည်း အလုပ် လာလျှောက်မှာ တ်ဘူး၊ အင်း ကြည့်ရတာကတော့ ဖာဂူဆန် ဆိုတဲ့ လူဟာ ာက်နှင့် ဟိုပြော သည်ပြောတွေ လျှောက်ပြောနေပြီ ထင်တယ်၊ သူ့ ည် ယူရမှာကလည်း ခပ်ခက်ခက်ရယ်၊ ခု စာကလည်း သူ့ဆီကပဲ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်ဗျ၊ သူ့ဆီက ဆိုရင်တော့ ကျုပ်တို့အဖို့ အလင်းရောင်ရစရာ
ကလေး နှစ်ချက်လောက်တော့ မြင်ရလိမ့်မယ် ထင်ပါရဲ့'

ပထမ စာကို ဖတ်လျက် ရှိစဉ် သတိ မေ့၍ စားပွဲပေါ်တွင် ပစ် သော ဒုတိယ စာတစ်စောင်ကို လှမ်းယူလိုက်သည်။ ရှားလော့ဟုမ်းသည် ဖတ်ခါစ၌ ခပ်ပြုံးပြုံးဖြင့် ဖတ်လျက် ရှိသော်လည်း အတန် ကြာသည့် အခါ ထိုအပြုံးသည် တဖြည်းဖြည်း ပျောက်ကွယ်သွားကာ ၎င်း၏ မျက်နှာပေါ် အလွန်အမင်း စိတ်ဝင်စားသည့် ဟန်တို့သည် အထင်းသား ပေါ်လာခဲ့လေ စာကို ဖတ်ပြီးသည့် အခါတွင် ရှားလော့ဟုမ်းသည် စကား မပြောနိုင်ဘဲ ကြာမျှ တိတ်ဆိတ်စွာ တွေးတော စဉ်းစားလျက် ရှိလေ၏။ နောက်ဆုံး၌ လော့ဟုမ်းသည် တွေးတော နေရာမှ ဖြန်းခနဲ ထ၍ ရပ်လိုက်လျက်

'ချိစမင်း စံအိမ်၊ လင်ဗာလီတဲ့၊ လင်ဗာလီ ဆိုတာ ဘယ်မှာလဲ၊ ခင် သိသလား အိုင်ဆေး'

'ဆပ်ဆက် နယ်ထဲမှာဗျ၊ ဟော်ရှန်ရဲ့ တောင်ဘက်နားမှာ ရှိတယ်'

'သိပ်မဝေးဘူး မဟုတ်လား၊ ချိစမင်းကကောဗျာ'

'အိုင်ဆေး ဟုမ်း၊ အဲဒီနား တစ်ဝိုက်ကို ကျွန်တော် ကောင်းကော ကျွမ်းပါတယ်ဗျာ၊ အဲဒီနား တစ်ဝိုက် အိမ်ကြီးတွေက ရှေးအိမ်ကြီးတွေဗျ၊ ကြီးတွေရဲ့ နာမည်ကိုလည်း ရှေးတုန်းက ဆောက်ခဲ့တဲ့ လူတွေရဲ့ နာမည် အစွဲ ပြုပြီး ခေါ်ထားတာ၊ တချို့ အိမ်ကြီးတွေ နာမည်က အော့ဒလေတဲ့၊ ဗေးတဲ့၊ ကာရီတန်တဲ့၊ လူတွေကတော့ မရှိတော့ပါဘူး၊ ဒီလောက်ဆို မေ့လော ရောပေါ့၊ ဒါပေမဲ့ နာမည်တွေကတော့ အိမ်ကြီးတွေနှင့် အတူ ကျန်ရစ်ခဲ့တယ်

'ဟုတ်လား' ဟု ရှားလော့ဟုမ်းက သူ့ထုံးစံအတိုင်း အေးစက်စက် ပြောလေ၏။ ရှားလော့ဟုမ်းမှာ အလွန် မာန ကြီးပြီး သိုဝှက်တတ်သူ ယောက် ဖြစ်လေရာ ရသမျှသော ဗဟုသုတ အသစ်ကို သူ့ဦးနှောက်ထဲ သိုမှီး သိမ်းဆည်း လိုက်သည့်တိုင် ထိုဗဟုသုတ ဖြန့်ချိသူကိုမူ အသိအမှ ပြုခဲလှပေ၏။

'ဟုတ်လား၊ အင်း ဒီလို ဆိုရင်တော့ ကျုပ်တို့ မသွားခင်မှာ ချိစမင်း လင်ဗာလီ အိမ်ကြီး အကြောင်းကို ကောင်းကောင်း သိသွားဖို့ လိုလိမ့်မယ် ကျုပ် ထင်ထားတဲ့ အတိုင်းပဲ စာက ဖာဂူဆန်ဆီက လာတဲ့ စာ၊ ခင်ဗျားနှင့်လည် သိတယ်လို့ စာထဲမှာ ရေးထားပါကလားဗျ'

'ကျွန်တော်နှင့် သိတယ် ဟုတ်စ'





'ဟောဒီမှာလေ၊ ဖတ်ကြည့်'

ရှားလော့ဟုမ်းက စာကို ကျွန်ုပ်ထံသို့ လှမ်းပေးလိုက်လေ၏။ စာအိတ် အထက်၌ ဖော်ပြခဲ့သည့် လိပ်စာကို ခေါင်းတပ်ထားလေ၏။

ချစ်ခင်လှစွာသော မစ္စတာ ဟုမ်း ခင်ဗျား ...

ကျွန်တော့်အား ကျွန်တော်၏ ရှေ့နေများက တိုက် တွန်း သည့် အတွက် ဤစာကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။ သို့ရာတွင် ပြဿနာ မှာ အလွန် နူးညံ့ သိမ်မွေ့လှသည့် အတွက် ဆွေးနွေးရန်ပင် ခက်ခဲလှ ပါသည်။ ကိစ္စမှာ ကျွန်တော့် မိတ်ဆွေ တစ်ယောက်၏ ကိစ္စ ဖြစ်ပါ သည်။ ကျွန်တော့် မိတ်ဆွေမှာ လွန်ခဲ့သော ငါးနှစ်လောက်က ပီရူး အမျိုးသမီး တစ်ယောက်နှင့် လက်ထပ်ခဲ့ပါသည်။ ထိုအမျိုးသမီးမှာ နိုက်ထရိတ် ဓာတ်များ အရောင်းအဝယ် လုပ်ရာမှ သိကျွမ်းခဲ့ရသည့် ပီရူး ကုန်သည် တစ်ဦး၏ သမီး ဖြစ်ပါသည်။ အမျိုးသမီးမှာ အတော် ချောမော လှပသည့် အမျိုးသမီး တစ်ဦး ဖြစ်ပါသည်။ သို့ရာတွင် သဘာဝ မလေ့ ခြားနားခြင်း၊ လူမျိုး ခြားနားခြင်းကြောင့် လင်နှင့် မယားမှာ အမြဲတမ်းလိုလို ဝါသနာချင်း ကွဲ စိတ်ထားခြင်း ကွဲလျက် ရှိကြပါသည်။ ဤအတိုင်းသာ ဆက်လက် နေထိုင်သွားကြလျှင် ကျွန် တော့် မိတ်ဆွေသည် ဇနီး အပေါ်တွင် တစ်နေ့တခြား အချစ် လျော့ သည်ထက် လျော့ပါးသွားကာ လက်ထပ်ခဲ့မိခြင်း အတွက် နောင်တ ကြီးစွာ ရတော့မည်သာ ဖြစ်ပါသည်။ ထို့အပြင် အမျိုးသမီး၏ အကျင့် စရိုက် အချို့တို့ကိုလည်း သူ လုံးဝ နားမလည်နိုင်အောင် ဖြစ်လျက် ရှိပါသည်။ အမျိုးသမီးမှာ ယောကျ်ားကို ချစ်မြတ်နိုးရုံမျှမက သစ္စာ ရှိသော အမျိုးသမီး တစ်ယောက် ဖြစ်နေပြန်သည့် အခါတွင် ယခုကဲ့သို့ ကိုယ့်မိန်းမ၏ စိတ်ဓာတ်ကို နားမလည်နိုင်အောင် ဖြစ်ရခြင်း အတွက် လည်း စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်ရပြန်ပါသည်။

ထိုအချက်နှင့် ပတ်သက်၍မူ ဤမျှလောက်သာ ကျွန်တော် ပြော လိုပါသည်။ တွေ့သည့် အခါတွင် ပို၍ ပြည့်စုံ စုံလင်စွာ ပြောပြပါဦး မည်။ အမှန်အားဖြင့် ဤစာမှာ အခြေအနေကို မိတ်ဆွေကြီး သိသာ အကြမ်းဖျင်း ဖော်ပြခြင်းသာ ဖြစ်ပါသည်။ ယခု ကိစ္စကို မိတ်ဆွေကြီး စိတ်ဝင်စားခြင်း ရှိ မရှိကိုလည်း သိလိုပါသည်။ အမျိုးသမီးမှာ ပင် အားဖြင့် အလွန် နူးညံ့ သိမ်မွေ့၍ ချစ်စရာ ကောင်းသော အမျိုးသမီး

www.burmeseclassic.com



တစ်ယောက် ဖြစ်သည့်တိုင် ယခုတစ်လောတွင် သူ့ ပင်ကို စရိုက်... မတူ ထူးခြားသည့် အပြုအမူကို ပြစ ပြုလာပါသည်။ ကျွန်တော့် မိ... ဆွေမှာ အိမ်ထောင်ကြီး ရှိသူဖြစ်ရာ ပထမ အိမ်ထောင်ဖြင့် သား ... ယောက် ရခဲ့ပါသည်။

သူ့ သားမှာ ယခုအချိန်တွင် အသက် ဆယ့်ငါးနှစ်ခန့် ရှိပြီး အ... ချစ်ခင် နှစ်လိုဖွယ် ကောင်းသည့် သူငယ်ကလေး တစ်ယောက် ဖြစ်... သည်။ သို့ရာတွင် ငယ်ငယ်က ရထားပေါ်မှ လိမ့်ကျဖူးသဖြင့် ဒဏ်... အကြီးအကျယ် ရဖူးပါသည်။ အမျိုးသမီးသည် ထိုသူငယ်ကလေး... အကြောင်း မရှိဘဲ ရက်ရက်စက်စက် ရိုက်နှက် နေသည်ကို နှစ်ကြိမ်... တိုင်တိုင် ပက်ပင်း တွေ့ခဲ့ဖူးပါသည်။ တစ်ကြိမ်တွင်မူ သူငယ်က... ကို တုတ်ဖြင့် ရိုက်သည့် အတွက် ဘယ်ဘက် လက်မောင်းတွင် ဒဏ်... အကြီးအကျယ် ရခဲ့ပါသည်။

သို့ရာတွင် ဤကိစ္စမှာ သူ့ရင်သွေးစစ်စစ် တစ်နှစ်သားကလေး... သူ ပြုမူပုံနှင့် နှိုင်းစာသော် အသေးအဖွဲကလေး တစ်ခုမျှသာ ဖြစ်... ပါသည်။ လွန်ခဲ့သည့် တစ်လလောက်တုန်းက ကလေးထိန်း အ... သမီးက ကလေးကို ထားပြီး အပြင်သို့ ခဏ ထွက်စဉ် အလန့်တကြ... အော်ငိုသံ ကြားရသဖြင့် ကလေးထိန်းလည်း အခန်းထဲသို့ ပြေး... လာခဲ့ပါသည်။ အခန်းထဲသို့ ရောက်သည့် အခါတွင် ကလေး အ... အမျိုးသမီးသည် ကလေး အနီးတွင် ရပ်ကာ ကလေး၏ လည်ပင်း... ကိုက်နေသည်ကို တွေ့ရပါသည်။ ကိုက်ရာမှ သွေးများ ပန်းထွက်... ပါသည်။ ကလေးထိန်းက ထိတ်လန့်ကာ ကလေး အဖေကို သွားပြော... မည် ပြုသည့် အခါတွင် အမျိုးသမီးက သွားရောက် မပြောရန် တော... ပန်ပြီး နှုတ်ပိတ်ခ အနေဖြင့် ငွေ ငါးပေါင် ပေးပါသည်။ သို့ဖြင့် ... ကိစ္စမှာ ပြီးပြီးပျောက် ပျောက် ဖြစ်နေခဲ့ပါသည်။

သို့ရာတွင် ကလေးထိန်း အဖို့မှာမူ ထိုကိစ္စကို မေ့ပျောက်၍ မ... အောင် ဖြစ်လျက် ရှိပါသည်။ ထိုအချိန်မှ စ၍ ကလေးကို အ... သတိထား ထိန်းပြီးလျှင် ကလေး အမေကိုလည်း စောင့်ကြည့်နေ... ပါသည်။ ကလေးထိန်းက အမေကို စောင့်ကြည့်နေသကဲ့သို့ပင် အမေ... ကလည်း ကလေးထိန်းကို စောင့်ကြည့်နေပုံ ရပါသည်။ အဘယ်ကြော... ဆိုသော် ကလေး အနီးတွင် ကလေးထိန်း လစ်သွားသည်နှင့် က...



အမေသည် ချက်ချင်း ရောက်လာတတ်သောကြောင့် ဖြစ်ပါသည်၊ ကလေးထိန်းက ကလေးကို နေ့ည မပြတ် စောင့်ကြည့်နေသကဲ့သို့ပင် ကလေး အမေကလည်း သိုးငယ်ကို ဝံပုလွေ ချောင်းသကဲ့သို့ ကလေး ငယ်ကို ချောင်းလျက် ရှိပါသည်။

မိတ်ဆွေကြီးသည် ဤစာကို ဖတ်၍ သံသယ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ သို့ရာတွင် ကျွန်တော် ရေးနေသည်တို့မှာ အမှန်တကယ်များ ဖြစ်ပါသည်။ ကလေး တစ်ယောက်၏ အသက်နှင့် လူ တစ်ယောက်၏ စဉ်းစားဉာဏ်သည် ဤအချက်ပေါ်တွင် တည်နေပါသည်။ ထို့ကြောင့် ကျွန်တော် ပြောသည့် အချက်အလက်များကို အလေးအနက် ထားစေလိုပါသည်။

နောက်ဆုံးတွင် ထိုကိစ္စကို ယောကျ်ား ကိုယ်တိုင် သိသွားပါသည်။ ကလေးထိန်းမှာ ထိန်းသိမ်း လျှို့ဝှက်ထားခြင်းငှာ မတတ်နိုင်တော့သည့် အတွက် ထိုကိစ္စကို အမျိုးသမီး၏ ယောကျ်ား ဖြစ်သူအား ဖွင့်ပြောလိုက်ပါသည်။ ယခု ကျွန်တော် ပြောသည့် အကြောင်းကို စုံထောက်ကြီး မယုံကြည်နိုင် ဖြစ်သကဲ့သို့ သူ့ယောကျ်ားသည်လည်း ထိုအချက်ကို မယုံနိုင်အောင် ဖြစ်လျက် ရှိပါသည်။ သူ့မိန်းမသည် လင်ကို ချစ်မြတ်နိုးသော မိန်းမ တစ်ယောက် ဖြစ်ပြီး လင်ပါ သားကို ရိုက်နှက်ဖူးသည်က လွဲလျှင် မိခင်ကောင်း တစ်ယောက်လည်း ဖြစ်ပါသည်။ ယခု သူ့သား အရင်းခေါက်ခေါက်ကို အဘယ်ကြောင့် ဤသို့ ပြုမူနေသည်ကို စဉ်းစား၍ မရအောင် ဖြစ်လျက် ရှိပါသည်။ သို့ရာတွင် ဟန် ကိုယ့်ဖို့ ဆိုသည့် စကား အတိုင်း အမျိုးသမီးမှာ တစ်ခါတစ်ရံတွင် စိတ် ဖောက်ပြန်တတ်ကြောင်း၊ ထိုအကြောင်းကို မည်သူမျှ မပြောစေလိုကြောင်း၊ ပြောခြင်းအားဖြင့် မိမိ၏ ဇနီးကို သိက္ခာ ပျက်စေကြောင်း၊ နောင် ဤသို့ ပြောလျှင် သည်းခံမည် မဟုတ်ကြောင်းဖြင့် ကလေးထိန်းကို ပြောလိုက်ပါသည်။ ထိုသို့ ပြောဆိုနေကြစဉ်မှာပင် အလန့်တကြား နာကျင် ပြင်းပြစွာ အော်ငိုလိုက်သည့် ကလေးငယ်၏ အသံကို ကြားလိုက်ရပြန်ပါသည်။ သို့ဖြင့် သူတို့ နှစ်ယောက်စလုံး ကလေးထိန်း အခန်းဆီသို့ ပြေးလာ ခဲ့ကြပါသည်။ အခန်းသို့ ရောက်၍ အမျိုးသမီးက ကလေး ခုတင် ဘေး... နေသည်ကို မြင်တွေ့လိုက်ရပြီး ကလေး၏ လည်ပင်းနှင့် အဝတ်များ ပေါ်တွင် သွေးများ စွန်းပေနေသည်ကို မြင်ရသည့် အခါ၌ ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



လုပ်သူ အနေဖြင့် မည်သို့ ခံစားရမည်ကို စုံထောက်ကြီး တွေး... လျှင် သိနိုင်ပါသည်။ ယောကျ်ား လုပ်သူက အထိတ်တလန့်ဖြင့် ... မိန်းမ မျက်နှာကို အလင်း ရောင်ထဲတွင် ဆွဲယူကြည့်လိုက်ရာ ပါး... တွင် သွေးများ ပေကျံနေသည်ကို အတိုင်းသား တွေ့ရပါသည်။ ... ကလေး၏ သွေးတို့ကို စုပ်ယူနေသူမှာ ကလေး အမေ ကိုယ်တိုင်... ဖြစ်ကြောင်း သံသယ ဖြစ်စရာ မလိုတော့ပါ။

ဤသည်မှာ စုံထောက်ကြီးကို တင်ပြလိုသည့် ကိစ္စ ဖြစ်ပါသည်... ယခုအချိန်တွင် အမျိုးသမီးကို အခန်းထဲတွင် လှောင်ပိတ်ထားပါသည်... အဘယ်ကြောင့် ယခုကဲ့သို့ လုပ်သည်ကို မသိရပါ။ ယောကျ်ား... အရှုံကြီး တစ်ပိုင်း ဖြစ်လျက် ရှိပါသည်။ သွေးစုပ် ဖုတ်ကောင်... ရှိသည်ဟု လည်းကောင်း၊ အချို့ လူများသည် ဖုတ်ကောင်များကဲ့... သွေးစုပ်ကြသည်ဟု စာထဲတွင် တွေ့ဖူးသော်လည်း သူရော ကျွန်... ရော ထိုထက် ပို၍ မသိကြပါ။ ထိုအဖြစ်အပျက်မျိုး၊ သွေးစုပ် ဖု... ကောင် ဆိုသည့် အရာမျိုးသည် နိုင်ငံခြားတွင်သာ ရှိသည်ဟု ... တော်တို့ ထင်ခဲ့ကြပါသည်။ ယခုမူ အင်္ဂလန်ပြည် ကျွန်တော် နေ... လျက် ရှိရာ ဆပ်ဆက် နယ်တွင် တွေ့နေရပါပြီ။ အကြောင်းအ... အသေးစိတ်ကိုမူ စုံထောက်ကြီး ရောက်လာသည့် အခါတွင် ဆွေး... ပါဦးမည်။

ထို့ကြောင့် မနက်ဖြန် နံနက်တွင် ကျွန်တော်တို့ဆီကို ဆက်ဆ... လာဖြစ်အောင် လာစေချင်ပါသည်။ စုံထောက်ကြီး၏ ဉာဏ်စွမ်း ကို... စွမ်းတို့ကို အသုံးချကာ ဒုက္ခ ရောက်နေသူ တစ်ဦးကို ကူညီလိမ့်မ... ဟု မျှော်လင့်မိပါသည်။

အကယ်၍ လာမည် ဆိုပါက ဖာဂူဆန်၊ ချိစမင်း၊ လင်ဗာလီ... ကြေး နန်း ရိုက်ကြားစေလိုပါသည်။ မနက်ဖြန် မနက် ဆယ်နာရီတွ... ဘေကာ လမ်းရှိ တိုက်ခန်းသို့ လာ၍ ကျွန်တော် ခေါ်ပါမည်။

သစ္စာ ရှိစွာဖြင့် ...

**ရောဗတ် ဖာဂူဆန်**

နောက်ဆက်တွဲ။ စုံထောက်ကြီး၏ မိတ်ဆွေကြီး ဝပ်ဆင်မှာ ဘလ... ဟီ အသင်းမှနေ၍ ရပ်ဗီ ဘောလုံး ကစားဖူးသည်ဟု ကျွန်တော် ထင်... သည်။ ထိုစဉ်က ကျွန်တော့်မှာ ရစ်ချ်မွန် အသင်းမှ ကစားခဲ့ဖူးပါသည်...



ပုဂ္ဂိုလ် အရ သိကျွမ်းမှု ဆို၍ ဤမျှလောက်သာ ကျွန်တော် ပြောနိုင်ပါ... သည်။

ကျွန်ုပ်က စာရွက်ကို ချထားလိုက်ရင်း

'ဟုတ်ပြီဗျို့၊ ဘော့ ဖာဂူဆန်ရယ်၊ ရစ်ချ်မွန် အသင်းက နောက်တန်း ...မှာဖြင့် အကောင်းဆုံး လူ တစ်ယောက်ပဲဗျ၊ သဘောလည်း ကောင်း ...မိတ်ဆွေ သူငယ်ချင်း ဆိုရင်လည်း အလွန် ကူညီတတ်တဲ့လူ'

ရှားလော့ဟုမ်းသည် ကျွန်ုပ်ကို ခပ်ငေးငေး လှမ်းကြည့် လိုက်ပြီးလျှင် ...ကို ယမ်းလျက် ရှိလေ၏။

'တစ်ခါတလေကျတော့ ခင်ဗျားကို အကဲခတ်ရတာ တော်တော် ခက်ပါ ...ဝပ်ဆင်၊ ကျုပ် နားမလည်နိုင်တာတွေ အများကြီးပဲ၊ ကဲ ဒီတော့ ခင်ဗျား ...မိတ်ဆွေကောင်း ပီသစွာ ကြေးနန်းကလေး တစ်စောင်လောက် ကောက် ...တ်ဗျာ၊ မိတ်ဆွေကြီး၏ အမှုကို ဝမ်းမြောက်ဝမ်းသာဖြင့် လိုက်ပါ ဆောင် ...ပေးပါမည်လို့ ပြန်လိုက်'

'မိတ်ဆွေကြီး၏ အမှု ဟုတ်လား'

'ကျုပ်တို့ကို လူနဲ့ လူအတွေလို့ အထင် မခံနိုင်ပါဘူးဗျာ၊ ဟုတ်တယ် ...ဒီအမှုက သူ့အမှု၊ တခြား လူရဲ့ အမှု မဟုတ်ဘူး၊ ကြေးနန်းသာ ရိုက် ...ပေတော့၊ ကျန်တာကိုတော့ မနက်ဖြန် မနက် အထိ စောင့်ရဦးမှာပေါ့'

...တစ်နေ့ မနက် ဆယ်နာရီ တိတိ အချိန်၌ ကျွန်ုပ်တို့၏ အခန်းသို့ ဖာဂူဆန် ...လာလေ၏။ အရပ် ရှည်ရှည်၊ ကိုယ်လုံး ကျစ်ကျစ်၊ အရိုး အဆစ် ကြီးကြီး ...ဘစ်ဖက်သင်း နောက်တန်း လူများကို ထိုးဖောက်၍ လှစ်ခနဲ လှစ်ခနဲ ...တတ်သော ဖာဂူဆန်ကိုသာ ကျွန်ုပ် မျက်စိထဲတွင် မြင်ယောင်လျက် ရှိ ...။ အထွတ်အထိပ်သို့ ရောက်ခဲ့စဉ်က ကိုယ် သိခဲ့ဖူးသော နာမည်ကျော် ...ားသမားကောင်း တစ်ဦးအား ပိန်ချုံး ချည့်နဲ့လျက် ရှိသည့် အခြေအနေ ...မြင်လိုက်ရခြင်းလောက် ဝမ်းနည်းစရာ ကောင်းသည့် အဖြစ်မျိုး လောက ...ရှိမည် မထင်တော့ချေ။

ယခု တွေ့လိုက်ရသည့် အခါ၌ ဖာဂူဆန်၏ ကြီးမား တုတ်ခိုင်သော ...ခန္ဓာကြီးမှာ ပြားချပ် ပိန်ချုံးလျက် ရှိပြီး ဖြူရော်သည့် သူ့ဆံပင်များမှာ ...ကျဲတဲမျှသာ ကျန်တော့လျက် ပခုံးတို့ ကိုင်းညွတ် နေကြလေပြီ။ သူ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် ကျွန့်ပ်ကို ကြည့်၍ အလားတူ ခံစားချက်မျိုး ပေါ် မပေါ်ကို ကျွန့်ပ် မသိချေ။

ကျွန့်ပ်ကို မြင်သည့် အခါ၌ ဖာဂူဆန်သည် ယခုတိုင် ကျန်ရှိသေး ပင်ကို အသံ ဩဩဖြင့်

'ဟလို ဝပ်ဆင်၊ ခင်ဗျားလည်း တော်တော် ကျသွားပါကလား၊ ထောင့် ပွဲတုန်းက ကြိုးတန်းကို ကျော်ပြီး ခင်ဗျားကို လူအုပ်ကြီးထဲကို ပစ်ခဲ့တယ်လေ၊ မှတ်မိသေးလား၊ အဲဒီတုန်းကနှင့်တောင် မတူတော့ဘူးဗျ၊ လည်း တော်တော်လေး ကျသွားမှာပဲ၊ ဒါပေမဲ့ ခု တစ်ရက် နှစ်ရက် အတွင်း ပိုဆိုးသွားတယ် ထင်တာပဲဗျ၊ စုံထောက်ကြီးရေ စုံထောက်ကြီး ရိုက်လို့ ကြေးနန်းကို ကြည့်လိုက်ရင် ကျွန်တော် သိပါပြီ၊ သူများ ကိစ္စကို ဆောင် ပေးနေသယောင် ဟန်ဆောင်နေလို့လည်း မထူးတော့ပါဘူး'

'တိုက်ရိုက် ဆက်သွယ်တော့ ပိုပြီး အလုပ် လုပ်လို့ လွယ်သွားတာ ဗျာ'

'ဟုတ်ပါတယ် ခင်ဗျာ၊ ဒါပေမဲ့ ကိုယ်က ကာကွယ် စောင့်ရှောက် ကိုယ့် မယား အကြောင်းကို ဒီလို ပြောရတယ် ဆိုတော့ ခွကျတယ် မဟုတ် ကျွန်တော့် အနေနှင့် ဘယ့်နှယ် လုပ်မလဲ၊ ဒီအကြောင်းကို ပုလိပ် သွားတို ကော ကောင်းမလား၊ ဒါပေမဲ့ ကလေးတွေကို ဒီအတိုင်း ပစ်ထားလို့ မဖြစ်ပြန်ဘူး ခင်ဗျ၊ ခုလို ဖြစ်တာဟာ ဘာဖြစ်လို့လဲ မစ္စတာ ဟုမ်း၊ လား၊ ဒါမှမဟုတ် သွေးသားကြောင့် ဖြစ်သွားတာလား၊ စုံထောက်ကြီး ဒီလို အဖြစ်အပျက်မျိုး ကြုံဖူးသလား၊ စုံထောက်ကြီး ကျွန်တော့်ကို အကြံ ကလေး ဘာလေးများ ပေးစမ်းပါဦး၊ ကျွန်တော်တော့ ဘာလုပ်လို့ ဘာ မယ် ဆိုတာကို မသိအောင် ဖြစ်နေပြီ'

'အင်း ဟုတ်ပါတယ်၊ ခင်ဗျား ဒီလို ဖြစ်ရတာ သဘာဝ ကျပါတ ကဲ အေးအေးဆေးဆေး ထိုင်စမ်းပါဦးလေ၊ ပြီးတော့မှ ကျုပ် မေးတဲ့ မေး တွေကို ရှင်းရှင်းလင်းလင်း ဖြေပြစမ်းပါ၊ ကျုပ်အနေနှင့်ကတော့ ဒီကိစ္စ အဖြေ ပေါ်ရမယ်လို့ ထင်တာပဲ၊ ဒီတော့ ကျုပ် ပထမ သိချင်တာက ဒီ ပေါ်လာပြီးတဲ့ နောက်မှာ ခင်ဗျား ဘာလုပ်သလဲ၊ ခင်ဗျား ဇနီးဟာ ကလေး နားမှာပဲ နေသေးသလား'

'ကျွန်တော်တို့ အဖြစ်က တော်တော်လေး ရင်နာစရာ ကောင်းပါတ ခင်ဗျာ၊ ကျွန်တော့် မိန်းမဟာ ယောကျာ်းကို အင်မတန် ချစ်တတ်တဲ့ မိန်း





ယောကျာ်းကို ကိုယ်ချစ်တဲ့ မိန်းမတွေထဲမှာတော့ ကျွန်တော့် မိန်းမဟာ တစ် နေရာက ပါလိမ့်မယ် ထင်ပါတယ်၊ ကျွန်တော်ဖြင့် ယုံလည်း မယုံ တွေးတိုင်းလည်း ကြောက်မိတယ်၊ ဒီလျှို့ဝှက်ချက်ကို ကျွန်တော် တွေ့ တဲ့ အခါကျတော့ သူ့မှာလည်း တော်တော်လေး စိတ် ထိခိုက်သွားဟန် ကျွန်တော်လည်း သိသွားရော သူဟာ စကားတောင် မပြောနိုင်တော့ ခင်ဗျ၊ ကျွန်တော်က သူ့ကို ဆူပူ ကြိမ်းမောင်းတဲ့ အခါကျတော့ ကျွန်တော့် ဘာမှ ပြန်မပြောနိုင်တော့ဘဲ ထိတ်လန့် ကြောက်ရွံ့နေတဲ့ မျက်လုံး ကြည့်နေတယ် ခင်ဗျ၊ ပြီးတော့ သူ့အခန်းထဲ ချာခနဲ လှည့်ပြေးဝင်ပြီး ကို အတွင်းကနေပြီး ပိတ်ထားလိုက်တယ်၊ ကျွန်တော့်ကိုလည်း အတွေ့ ဘူး၊ သူ အပျိုတုန်းက သူနှင့် အတူ နေခဲ့တဲ့ ဒလိုရီ ဆိုတဲ့ ခိုင်းတဲ့ မလေး တစ်ယောက် ရှိတယ် ခင်ဗျ၊ ခိုင်းတဲ့ မိန်းမလို့ ပြောတာထက် တိုင်ပင်ဖက်လို့ ပြောရင် ပိုပြီး မှန်ပါလိမ့်မယ် ခင်ဗျာ၊ အဲ သူငယ်မ သူ့အတွက် စားစရာတွေကို အခန်းထဲ ယူသွားပြီး ကျွေးရပါတယ်'

'ဒါဖြင့် ခုလောလောဆယ်မှာ ကလေးမှာတော့ ဘာ အန္တရာယ်မှ မရှိ ဘူးပေါ့'

'ကလေး ထိန်းတဲ့ မစ္စက် မေဆန်က နေ့ရော ညရော ကလေး အနား နေပါ့မယ်လို့ ကျွန်တော့်ကို အာမခံထားပါတယ်၊ သူ ပြောရင်တော့ ရပါတယ်၊ ကျွန်တော့် သား အကြီးကလေး အတွက်ပဲ စိုးရိမ်ပါတယ်၊ လည်း ရိုက်မောင်း ပုတ်မောင်း လုပ်တာ နှစ်ခါ ရှိပြီလို့ စုံထောက်ကြီးဆီ နေတဲ့ စာထဲမှာ ကျွန်တော် ထည့်ရေးခဲ့ပါတယ်'

'ဒဏ်ရာ ကြီးကြီးကျယ်ကျယ် ရတာတော့ မရှိဖူးဘူး မဟုတ်လား'

'မရတော့ မရပါဘူး ခင်ဗျာ၊ ဒါပေမဲ့ ရိုက်နှက်တာကတော့ တော်တော် ပြင်းထန်တယ်၊ ပြီးတော့ ကလေးက မစွမ်းမသန် ဆိုတော့ ပိုပြီး ဆိုးတာ ခင်ဗျာ'

သူ့သား အကြောင်းကို ပြောဆိုလျက် ရှိသည့် အခါတွင် ဖာဂူဆန်၏ အရာသည် ချိုသာ နူးညံ့သွားသည်ဟု ထင်ရလေ၏။

'ကလေးက ငယ်ငယ်ကလည်း ရထားပေါ်က ကျဖူးတော့ ခါးရိုး ကျိုး တယ် ခင်ဗျ၊ ဒါကြောင့် ဒီကလေးကို ကြည့်ပြီး လူတိုင်းက သနားလည်း တယ်၊ ချစ်လည်း ချစ်ကြပါတယ်၊ ပြီးတော့ စိတ်ရင်းကလည်း သိပ် င်းတဲ့ ကလေး ဆိုတော့ မချစ်တဲ့ လူရယ်လို့တောင် မရှိကြပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းမှာ မနေ့က ရထားသည့် စာကို ကောက်၍ ဖတ်လျှ
ရှိလေ၏။

'ခင်ဗျား အိမ်မှာ တခြား အိမ်သူ အိမ်သားတွေ ဘယ်သူ ရှိသေးသ
ဖာဂူဆန်'

'မကြာခင်ကမှ ခေါ်ထားတဲ့ အစေခံ နှစ်ယောက် ရှိပါတယ်၊
ယောက်က မြင်းဇောင်းကို ကိုင်တဲ့ လူငယ်ကလေးပါ၊ မိုက်ကယ်လို့ ခေါ်
တယ်၊ သူက အိမ်ထဲမှာ အိပ်ပါတယ်၊ ပြီးတော့ ကျွန်တော့် မိန်းမရယ်၊ ကျွန်
သား အကြီး ဂျက်ရယ်၊ ကလေး အငယ်ရယ်၊ ဒလိုရီရယ်၊ နောက်ပြီး
ကလေး ထိန်းတဲ့ မစွက် မေဆန်ရယ်၊ ဒါပဲ ရှိပါတယ်'

'ခင်ဗျား မိန်းမကို လက်ထပ်စဉ်တုန်းက သူ့အကြောင်း ကောင်းကော
မသိသေးဘူးလို့ ကျုပ် ထင်တယ်၊ ဟုတ်ရဲ့လား'

'ကျွန်တော်နှင့် တွေ့ပြီး သီတင်းပတ် အနည်းငယ်လောက် အတွင်း
လက်ထပ်လိုက်ကြတာပါ'

'သူ့ရဲ့ အိမ်စေ ဒလိုရီက သူနှင့် လိုက်နေတာ ဘယ်လောက် ကြာပြီ
လဲ'

'တော်တော်လေးတော့ ကြာသွားပါပြီ'

'ဒါဖြင့် ခင်ဗျား မိန်းမရဲ့ အကြောင်းကို ခင်ဗျားထက် ဒလိုရီက ပို
သိနိုင်တာပေါ့'

'ဟုတ်ကဲ့၊ ပြောလို့ ရပါတယ်'

ရှားလော့ဟုမ်းက စာရွက်ပေါ်တွင် မှတ်သားထားလိုက်လေ၏။

'ကောင်းတာကတော့ လင်ဗာလီကို လိုက်ကြည့်နိုင်ရင် ပိုကောင်းမ
လို့ ထင်တယ်ဗျ၊ အမှုက ကိုယ်တိုင် ကိုယ်ကြပ် သွားပြီး စုံစမ်းမှ ရ
အမှုမျိုး ဖြစ်နေတယ်၊ ခင်ဗျား အမျိုးသမီးက အိပ်ခန်းထဲမှာ နေတယ် ဆို
ကျုပ်လာလို့လည်း သူ့မှာ ဘာမှ အနှောင့်အယှက် ဖြစ်မယ် မထင်ပါဘူး၊
မရှိပါဘူးလေ၊ ကျုပ်တို့လည်း အိမ်မှာ မတည်းဘဲ တည်းခိုရိပ်သာ တစ်ခုခု
တည်းလိုက်တာပေါ့'

ဖာဂူဆန်မှာ စိတ်သက်သာရာ ရသွားဟန် ရှိလေ၏။

'ဟုတ်ကဲ့၊ ကောင်းပါတယ် ခင်ဗျ၊ နှစ်နာရီမှာ ဝိတိုရိယ ဘူတာကြီး
ထွက်မယ့် ရထား ရှိပါတယ်၊ ကြွဖြစ်အောင်သာ ကြွခဲ့ပါတော့'

'လာမှာပါဗျာ၊ စိတ်ချပါ၊ ကျုပ်မှာ ခုတစ်လော အမှုကလည်း ပါး





ခင်ဗျား အမှုကို အားသွန်ခွန်စိုက် လိုက်နိုင်မှာပါ၊ အိုင်ဆေး ဝပ်ဆင်
လည်း ကျုပ်နှင့် လိုက်ခဲ့ဗျာ၊ သို့သော်လည်း ခင်ဗျားဆီကို မလာခင်
တလေး တစ်ချက် နှစ်ချက်လောက်တော့ သေချာအောင် မေးလိုက်ချင်
တယ်၊ ခု စိတ် တစ်မျိုး ဖြစ်နေတဲ့ ခင်ဗျား အမျိုးသမီးဟာ ကလေး နှစ်
စလုံးကို နှိပ်စက်နေတာနော်၊ သူ့ရင်သွေးကိုရော ခင်ဗျား သားကိုရော
ာက်စလုံးကို နှိပ်စက်နေတာနော်'

'ဟုတ်ပါတယ်'

'ဒါပေမဲ့ နှိပ်စက်ပုံက မတူဘူးဗျ၊ ဟုတ်တယ် မဟုတ်လား၊ ခင်ဗျား
တော့ ရိုက်ရုံပဲ ရိုက်တယ် မဟုတ်လား'

'တစ်ခါကတော့ တုတ်နှင့် ရိုက်တယ်၊ နောက် တစ်ခါကတော့ သူ့
နှင့် ရိုက်ပါတယ်'

'ဘာကြောင့် ရိုက်တယ် ဆိုတာကော မပြောဘူးလား'

'မုန်းလို့ ရိုက်တယ်လို့ပဲ ပြောပါတယ်၊ ဒီပြင် အကြောင်းပြချက်တော့
ဘူး၊ ကျွန်တော် မေးတိုင်း ဒီလိုပဲ ပြောတတ်ပါတယ်'

'အင်း၊ မိထွေး ဆိုတော့လည်း သိပ်တော့ မဆန်းလှပါဘူးလေ၊ သွား
အမေကို မနာလိုတော့ သားသမီး အပေါ်မှာ ပုံချတာပေါ့၊ အမျိုးသမီးက
မနာလို ဝန်တို ဖြစ်လေ့ ရှိတတ်သလား'

'ဖြစ်တတ်တာတော့ မပြောနှင့် စုံထောက်ကြီးရေ၊ စပိန်သူ ဆိုတော့
ကြီးသလို မနာလို ဝန်တိုတာကလည်း တယ် အားကြီးတာပဲ'

'သို့သော်လည်း သူငယ်ကလေးက အသက် ဆယ့်ငါးနှစ်လောက် ရှိပြီ
ကျုပ် နားလည်သလောက် ပြောရရင် ခန္ဓာကိုယ် ချွတ်ယွင်းတဲ့ အတွက်
တ်မှာ စိတ်ဓာတ်ကတော့ တော်တော်လေး ရင့်ကျက်နေပြီလို့ ပြောနိုင်
ယ် ထင်တယ်ဗျ၊ သူ့ကို ရိုက်တာနှင့် ပတ်သက်လို့ ကလေးကကော
ကို ဘာမှ မပြောပြဘူးလား'

'မပြောပါဘူး ခင်ဗျ၊ အကြောင်း မရှိ ရိုက်တယ်လို့ပဲ ပြောပါတယ်'

'ဒီအရင်တုန်းကကော မိထွေးနှင့် သူနှင့် ခင်ခင်မင်မင် ရှိကြရဲ့လား'

'မရှိဘူး ခင်ဗျ၊ ခပ်စိမ်းစိမ်းပဲ'

'ဒါပေမဲ့ ခင်ဗျားက ပြောတော့ သူငယ်ကလေးက လူတိုင်းနှင့် ချစ်ချစ်
ရှိတယ်ဆို'

'သား တစ်ယောက် အနေနှင့်တော့ ဖအေကို တော်တော် ချစ်တဲ့ သားပဲ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျာ၊ ကျွန်တော့် အသက်ဟာ သူ့အသက်နှင့် အတူတူပါပဲ၊ ကျွန်တော် ပြော
ကျွန်တော် လုပ်တာ မှန်သမျှကို သူ စိတ်ဝင်စားပြီး အထင်ကြီးတာချည်းပါ
ဤသို့တွင် ရှားလော့ဟုမ်းသည် မှတ်စုကို ထုတ်၍ မှတ်ပြန်သည်။
နောက် အတန်ကြာမျှ တိတ်ဆိတ်စွာ စဉ်းစားလျက် ရှိလေ၏။

'ဒါဖြင့် ဒုတိယ အိမ်ထောင် မထူခင်မှာ ခင်ဗျားတို့ သားအဖ
တစ်ယောက်နှင့် တစ်ယောက် တိုင်ပင်ဖော် တိုင်ပင်ဖက်တွေ ဆိုပါတော့၊
ယောက်နှင့် တစ်ယောက်လည်း အင်မတန် ရင်းနှီးကြမှာပေါ့'

'ဟုတ်ပါတယ် ခင်ဗျာ'

'ဒီတော့ ဒီလောက် မိဘကို ချစ်တတ်တဲ့ သူငယ်ကလေးဟာ သူ့
ကိုလည်း အောက်မေ့ရှာမှာပေါ့'

'အောက်မေ့တာပေါ့ ခင်ဗျာ'

'အင်း ဒီလို ဆိုရင် တော်တော် စိတ်ဝင်စားစရာ ကောင်းတဲ့ သူ
ကလေး ဖြစ်မှာပဲဗျ၊ ပြီးတော့ သူငယ်ကလေးကို ရိုက်တယ် နှက်တယ် ဆို
နှင့် ပတ်သက်လို့လည်း မေးချင်တာကလေး တစ်ချက် ရှိသေးတယ်၊ ခင်ဗျား
သားကို ရိုက်တာ နှက်တာနှင့် သူ့ကလေးကို ကိုက်တယ် ဆိုတာဟာ တစ်
တည်းလောက်မှာ ဖြစ်တာလား'

'ပထမ အကြိမ်တုန်းကတော့ တစ်ချိန်တည်း လိုလိုလောက်ပဲ ခင်ဗျ
အဲဒီတုန်းက သူလည်း တော်တော် စိတ်ရိုင်း ဝင်နေပုံ ရတယ်၊ နှစ်ယောက်စလုံး
ကို နှိပ်စက်တာပဲ၊ နောက်တစ်ကြိမ်မှာတော့ ကျွန်တော့်သား ဂျက် တစ်ယောက်
တည်းကို ရိုက်တာ၊ အဲဒီတုန်းက ကလေး အငယ်ကို လုပ်တယ်လို့ မစွက်
ဆန်က မပြောဖူးဘူး ခင်ဗျ'

'အင်း ပြဿနာက နည်းနည်းတော့ ရှုပ်လာပြီဗျ'

'ဟုတ်ကဲ့ ပြောပါ ခင်ဗျာ၊ ကျွန်တော်တော့ စုံထောက်ကြီး ပြော
ကို နားမလည်နိုင်သေးဘူး ခင်ဗျ'

'အင်း ခင်ဗျား ဘယ်နားလည်နိုင်မလဲလေ၊ ကိုယ့်ဘာသာ တွေးချင်
တွေ တွေး ထင်ချင်ရာ ထင်ပြီး နောက် အချက်အလက်တွေ တွေ့လာတော့
ဒီ အတွေးတွေနှင့် ကိုက်ညီအောင် လုပ်တတ်ကြပေတာကိုးဗျ၊ ဒါဟာ သိပ်ကောင်း
တဲ့ အကျင့် မဟုတ်ဘူး၊ သို့သော်လည်း လူ ဆိုတာ သိလျက်နှင့်လည်း ဒါတွေ
မကျော်လွှန်နိုင်ကြပြန်ဘူးဗျ၊ တယ်ပြီး စိတ်အလို လိုက်ကြတဲ့ သတ္တဝါတွေ
အမှု လိုက်တဲ့ နေရာမှာ ကျုပ် ဘယ်လို နည်းလမ်းတွေကို သုံးသလဲ ဆိုတာ





ခင်ဗျားလည်း ကြားဖူးမှာပါပဲလေ၊ ဟောဒီ ခင်ဗျား မိတ်ဆွေ ထပ်ချည်း
ထဲ ရေးနေပြီပဲ၊ သို့သော်လည်း လောလောဆယ်တော့ ကျုပ် သိပ် မပြောချင်
ဘူးဗျာ၊ ခင်ဗျား ကိစ္စဟာ ဖြေရှင်းလို့ မရနိုင်တဲ့ ကိစ္စ မဟုတ်ဘူး ဆိုတာ
ထဲကိုပဲ ပြောပါရစေ၊ ဒီတော့ မနက်ဖြန် နေ့လယ် နှစ်နာရီကျရင်သာ
ကို ဝိတိုရိယ ဘူတာရုံကြီးက စောင့်ပေတော့'

မှာ ထိုင်းမှိုင်း၍ နှင်းမှောင်တို့ ကျလျက် ရှိသော နိုဝင်ဘာလ ညနေခင်း
၏။ ကျွန်ုပ်တို့သည် တည်းခိုရိပ်သာတွင် အထုပ်အပိုးများကို ထားခဲ့ပြီး
ကွေ့ကောက်၍ ရှည်ထူသော ဆပ်ဆက်နယ် တောလမ်းကလေးများ တစ်
တွင် မီးရထားဖြင့် လာခဲ့ကြလေရာ နောက်ဆုံး၌ ဖာဂူဆန် နေထိုင်ရာ
လယ်တော အိမ်ကြီးသို့ ရောက်လာခဲ့ကြလေ၏။ လယ်တော အိမ်ကြီးမှာ
၍ ယိုင်လဲစ ပြုနေသော ရှေးအိမ်ကြီး တစ်ဆောင် ဖြစ်ပြီး အလယ်ပိုင်း
ဟောင်းနွမ်းနေသလောက် ဘေးအဆောင်များမှာ အသစ် ဆောက်ထားသော
ဆောက်အအုံများ ဖြစ်လေ၏။ အမိုးမှာ ဟော်ရှမ် ကျောက်ပြားများကို မိုးထား
၍ ခပ်စောက်စောက် ပုံသဏ္ဌာန် အမိုး ဖြစ်၍ ခေါင်းတိုင်များမှာ ကျူးဒါးခေတ်
များမှ ခေါင်းတိုင် ပုံစံ ဖြစ်လေ၏။ လှေကားထစ်များမှာ နင်းဖန် များသဖြင့်
နေရာများတွင် ချိုင့်ဝင်လျက် ရှိပေပြီ။ ဆင်ဝင်ကို ကာထားသည့် အုတ်
များမှာ ဒိန်ခဲ အပုံ တစ်ခုနှင့် လူတစ်ယောက်ပုံ ထွင်းထားလေရာ ဤအိမ်ကို
တ်သူအား အစွဲပြု၍ ရေးထွင်းထားခြင်း ဖြစ်ကြောင်း သိသာနိုင်ပေ၏။
၌မူ ဝက်သစ်ချသား ရက်မကြီးများဖြင့် ခံ၍ မျက်နှာကြက် ရိုက်ထားလေ
ကြမ်းများမှာ အချို့ နေရာတွင် ညွတ်လျက် ရှိသဖြင့် နင်းလိုက်တိုင်း
ကျည်ကျည် မြည်လျက် ရှိလေပြီ။ ယိုင်နဲ့နေပြီ ဖြစ်သည့် အိမ်အိုကြီးထဲတွင်
စီး ယိုယွင်းခြင်းနှင့် ရင့်ရော်ခြင်း အနံ့အသက်များသာ ဖုံးလွှမ်းလျက် ရှိလေ

ကျွန်ုပ်တို့ ရောက်သွားသည့် အခါတွင် ဖာဂူဆန်သည် ကျွန်ုပ်တို့အား
ပြန့်သည့် အလယ် ခန်းမကြီးထဲသို့ ခေါ်ဆောင်သွားလေ၏။ ဧည့်ခန်းထဲ၌
ခုနှစ်ဟု သက္ကရာဇ် ထိုးထားသည့် သံပြားကြီး ခံထားသော ရှေး
ဖိုကြီး တစ်ခု ရှိ၍ ထိုမီးဖိုကြီးထဲတွင် ထင်းတုံးများ ထည့်ထားသဖြင့်
ဆောက်များသည် တဟုန်းဟုန်း တောက်လောင်လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ပတ်ပတ်လည်ကို ကြည့်လိုက်သည့် အခါတွင် နေရာတ ခေတ်ကာလနှင့် နေရာ ဒေသကို ဖော်ပြသည့် အမှတ်အသားများကို တွေ့ ၏။ ဝက်သစ်ချသား တစ်ဝက် ကာထားသည့် နံရံများမှာ ဆယ့်ခုနစ် အတွင်းက မူလ ပိုင်ရှင်များ ဖြစ်သော ယိုမင်း လယ်သမား ပိုင်သည့် နံရံ ဖြစ်ခဲ့ဟန် ရှိလေ၏။ နံရံ အောက်ခြေတွင်မူ ခေတ်သုံး ရေဆေးများကို သုံး ဆေးသုတ်ထားသည်ကို တွေ့ရလေ၏။ နံရံ အထက်ပိုင်းတွင်မူ ဝက်သစ်ချသား မရှိတော့ဘဲ နံရံကို အင်္ဂတေ ကိုင်ထားကာ ထိုအင်္ဂတေ နံရံပေါ်တွင် အမေရိက တိုက်တွင် သုံးလေ့ ရှိသည့် အိုးခွက် ပန်းကန်များ၊ လက်နက်များ အလှ ချိတ်ဆွဲထားလေရာ ၄င်းတို့မှာ အပေါ်ထပ်တွင် ရှိသည့် ပီရူး အမျိုးသား စုဆောင်းထားသည့် ပစ္စည်းများ ဖြစ်သည်ဟု ယူဆရလေ၏။

ရှားလော့ဟုမ်းကား ချက်ဆို နားခွက်က မီးတောက်တတ်သည့် လူ ဖြစ်သည့် အလျောက် ထိုင်ရာမှ ဖြုန်းခနဲ ထကာ ထို ပစ္စည်းများကို စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။ ထို့နောက် ပြန်လှည့်လာလေရာ သူ့မျက်လုံးများ တစ်စုံတစ်ရာကို လေးနက်စွာ တွေးတောသည့် အသွင်ကို ဆောင်လျက် ရှိ ၏။

'အလို အလို' ဟု ရှားလော့ဟုမ်းက အော်လိုက်လေ၏။

အခန်းထောင့် ခြင်းတောင်း တစ်လုံးထဲတွင် စပယ်နီယယ် ခွေး ကောင်သည် ဝပ်လျက် ရှိလေ၏။ ခွေးသည် ခြင်းတောင်းထဲမှ ထကာ ယိုင် ယိုင်တိုင်ဖြင့် သခင် ဖြစ်သူ ဖာဂူဆန်ထံသို့ လျှောက်လာလေ၏။ ခွေး၏ နော ခြေများမှာ နင်းချက် မမှန်ဘဲ ဒယီးဒယိုင် ဖြစ်လျက် ရှိပြီး အမြီးမှာ အောက် တရွတ် တိုက်လျက် ရှိလေ၏။ ခွေးသည် ဖာဂူဆန်၏ လက်ကို လျက်လျက် ရှိ လေ၏။

'ဘာဖြစ်လို့လဲ မစ္စတာ ဟုမ်း'

'ခွေးဗျ၊ ခွေးက ဘာဖြစ်လို့လဲ'

'တိရစ္ဆာန် ဆရာဝန် ကိုယ်တိုင် ဘာမှန်း မသိအောင် ဖြစ်နေလို့ ခင်ဗျ သွက်ချာပါဒ လိုက်တာနှင့် တူတာပဲ၊ သူ့ဆရာဝန်က ပြောတော့ ကျော ပျော့တာလို့ ပြောတာပဲ၊ ခဏနေရင်တော့ ကောင်းသွားမယ်လို့ ပြောပါတယ် ဟုတ်လားဟေ့ ကာလို'

ခွေးငယ်သည် သူ့သခင် ပြောသည်ကို သဘောတူသည့် ဟန်ဖြင့် အောက် သို့ တရွတ် ဆွဲနေသော အမြီးကို လှုပ်ပြလေ၏။ ခွေးသည် မျက်စိ သူငယ်အိမ်





ကို့အား တစ်လှည့်စီ ကြည့်လျက် ရှိလေ၏။ သူ့ အကြောင်းကို ပြောနေ သိဟန် တူပေသည်။

'ဒီရောဂါက ရုတ်တရက် ဖြစ်တာလား'

'ညတွင်းချင်း ကောက်ဖြစ်တာဗျ'

'ဘယ်လောက် ကြာပြီလဲ'

'လေးလလောက်တော့ ရှိပြီ ထင်တယ်'

'အင်း တော်တော်တော့ ထူးဆန်းတာပဲဗျို့၊ ပြီးတော့ စဉ်းစားစရာလည်း ကောင်းတယ်'

'ဘာများ ထူးထူးခြားခြား တွေ့လို့လဲ စုံထောက်ကြီး'

'ကျုပ် စဉ်းစားထားတာကလေးတွေ ခိုင်သွားပြီပေါ့ဗျာ'

'ဘုရားရေ၊ ဘယ်လိုများ တွေးထားတာ ရှိလို့တုံး ခင်ဗျာ၊ စုံထောက် ကြီး အဖို့ကတော့ စိတ်ကူးဉာဏ် ကွန့်မြူးလို့ ကောင်းရုံ ကိစ္စကလေးပေမဲ့ ကျုပ်တော်တို့ အဖို့တော့ သေရေး ရှင်ရေး ကိစ္စကြီး တစ်ခုပါဗျာ၊ ကျွန်တော့် ဆိုရင် လူသတ်သမား ဖြစ်ရတော့မယ်၊ ကျွန်တော့် သား ဆိုရင်လည်း ဘယ်နှင့် အမြဲ တွေ့ တွေ့နေရတယ်၊ ကျွန်တော့်ကို ဖုံးမထားပါနှင့်နော် ကြီး၊ ကျွန်တော့် အဖို့ အလွန် အရေးကြီးပါတယ်'

ကြီးခိုင်သည့် ဘောသမား ခန္ဓာကိုယ်ကြီးသည် တုန်ယင်လျက် ရှိလေ ချော့မော့ အားပေးသည့် ဟန်ဖြင့် ရှားလော့ဟုမ်းသည် သူ့လက်မောင်းကို သပ် ပေးလျက် ရှိလေ၏။

'အင်း အဖြေက ဘယ်လိုပဲ ထွက် ထွက် ခင်ဗျား အနေနှင့် ဆိုရင်တော့ တော် စိတ်ထိခိုက်စရာ ကောင်းတာ အမှန်ပဲဗျ၊ အဲလေ စိတ် မထိခိုက် အောင် ကျုပ် တတ်နိုင်သမျှတော့ ကြိုးစားပါ့မယ်၊ ခုတော့ ဒီထက် ပိုပြီး မပြောနိုင်သေးဘူး၊ သို့သော်လည်း ဒီက မပြန်ခင်မှာ တစ်ခုခုတော့ ထွက်လိမ့်မယ် ထင်ပါတယ်'

'လုပ်ပါ ခင်ဗျာ၊ တစ်ခုခုတော့ ပြတ်သားအောင် လုပ်ပေးသွားစမ်းပါ၊ စိတ်ဆွေကြီးတို့ ဒီမှာ ခဏ နေရစ်ကြပါဦးဗျာ၊ ကျွန်တော် အပေါ်ထပ် ပြီး ကျွန်တော့် မိန်းမ အခြေအနေကို သွားပြီး အကဲခတ်လိုက်ဦးမယ်'

ဖာဂူဆန်သည် မိနစ် အနည်းငယ်ကြာမျှ အပေါ်ထပ်သို့ တက်သွား ထိုအတောအတွင်း၌ကား ရှားလော့ဟုမ်းသည် ခပ်စောစောက မြင်ခဲ့ ထူးထူးဆန်းဆန်း ပစ္စည်းများကို သွားရောက် ကြည့်ရှု စစ်ဆေးလျက် ရှိ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ အပေါ်ထပ်မှ ဖာဂူဆန် ပြန်ဆင်းလာသည့် အခါတွင်မူ သူ့မျက်နှာ ညှိုးငယ်လျက် ရှိသဖြင့် အခြေအနေ မည်သို့မျှ မထူးခြားသေးကြောင်း သိ နိုင်ပေ၏။

ဖာဂူဆန်သည် အရပ် မြင့်မြင့် ကိုယ်လုံး ခပ်သွယ်သွယ် အသား ညို နှင့် မိန်းကလေး တစ်ယောက်ကိုလည်း အောက်ထပ်သို့ ခေါ်လာလေ၏။

'ဒလိုရီရေ၊ နင်တို့ အစ်မကို ပြောလိုက်၊ လက်ဖက်ရည်ပွဲ အဆင်သ ဖြစ်ပြီလို့၊ နင့်အစ်မရော ဘာလိုသလဲ ကြည့်ပေးလိုက်ပါ'

သူငယ်မသည် သူ့သခင် ဖာဂူဆန်ကို ဒေါသ အမျက် ခြောင်းခြောင်း ထွက်လျက် ရှိသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်ရင်း

'အစ်မ တော်တော် နေထိုင်မကောင်း ဖြစ်နေတယ်၊ အစာလည်း စား ဘူး၊ တော်တော် အနေ ဆိုးနေတယ်ရှင့်၊ ဆရာဝန် ခေါ်ရင် ကောင်းမယ် ထင် ပဲ၊ ဆရာဝန် မရှိရင် ကျွန်မလည်း သူနှင့် နှစ်ယောက်တည်း အတူ မနေရဲဘူး'

ဖာဂူဆန်သည် ကျွန်ုပ်ကို စူးစမ်းသည့် အကြည့်ဖြင့် လှမ်းကြည့်လိုက် လေ၏။

'ကျွန်တော် ကြည့်ပေးလို့ ရရင် ကြည့်ပေးပါတယ်' ဟု ကျွန်ုပ် ပြောလိုက်လေ၏။

'ဒါဖြင့် နင့်အစ်မကို ဟောဒီက ဒေါက်တာ ဝပ်ဆင်နှင့် ပြကြည့်စေ ပါလား'

'ကျွန်မ ခေါ်သွားမယ်ရှင့်၊ ဘာမှ မပြောခဲ့ရသေးဘူး၊ ဆရာဝန် ပြ ကောင်းမှာပဲ'

'ကိုင်းပါကွယ်၊ မင်းနှင့် အတူ ငါ လိုက်ခဲ့ပါ့မယ်'

အလွန်အမင်း စိတ် လှုပ်ရှားလျက် ရှိခြင်းကြောင့် တစ်ကိုယ်လုံး တု ယင်လျက် ရှိသည့် သူငယ်မကလေး နောက်သို့ လှေကား အတိုင်း တက်လို လာခဲ့သည်တွင် ရှေးစင်္ကြံကြီး တစ်ခုသို့ ရောက်လာခဲ့လေ၏။ စင်္ကြံ အဆုံးတွင် သံဘောင် တပ်ထားသည့် တံခါး ထုထူကြီး တစ်ချပ်ကို တွေ့ရလေ၏။ ထိုတံခါး ကြီးကို ကြည့်ရင်း အကယ်၍သာ သူ့မိန်းမ ရှိရာ အခန်းထဲသို့ ဝင်လိုလျှင် ဖာဂူဆန် အဖို့ အတော် ခက်ခဲလိမ့်မည်ဟုပင် ကျွန်ုပ် တွေးမိသေး၏။

သူငယ်မကလေးသည် အင်္ကျီ အိတ်ထဲမှ သော့ တစ်ချောင်းကို ထုတ်၍ ဖွင့်လိုက်ရာ လေးလံလှသော ဝက်သစ်ချသား တံခါးကြီးသည် တကျည်ကျည် မြည်၍ ပွင့်သွားလေ၏။





ကျွန်ုပ် အခန်းထဲသို့ ဝင်လိုက်သည့် အခါတွင် သူငယ်မသည် ကျွန်ုပ် လျင်မြန်စွာ ကပ်လျက် လိုက်ပါလာပြီး တံခါးကို ပိတ်လိုက်လေ၏။ အိပ်ရာပေါ်တွင် မိန်းမ တစ်ယောက် လဲလျောင်းလျက် ရှိလေရာ သူ ကြည့်လိုက်ခြင်းအားဖြင့် အပြင်း ဖျားလျက် ရှိကြောင်း သိနိုင်ပေ၏။ သမီးမှာ သတိ မရတရ ဖြစ်နေသည့်တိုင် အခန်းတွင်းသို့ ကျွန်ုပ် ဝင် သည့် အခါတွင် လှပ၍ စိုးရိမ် ကြောက်ရွံ့လျက် ရှိသည့် မျက်လုံးများ ကျွန်ုပ်ကို လှမ်းကြည့်လိုက်ပြီး အလွန် ကြောက်လန့်လျက် ရှိသည့်နှယ် အား စိန်းစိန်းကြီး စိုက်ကြည့်လျက် ရှိလေ၏။ လူစိမ်း တစ်ယောက် နှန်း သိသည့် အခါတွင်မှ စိတ်သက်သာရာ ရသွားဟန်ဖြင့် သက်ပြင်း ချလိုက်လျက် ခေါင်းကို ခေါင်းအုံးပေါ်သို့ ပြန်ချလိုက်လေ၏။

ကျွန်ုပ်က သူ့ကို အားပေးစကား ပြောရင်း အနီးသို့ ကပ်သွားသည့် တွင် အမျိုးသမီးမှာ ငြိမ်သက်လျက် ရှိလေ၏။ ကျွန်ုပ်သည် သွေးခုန်နှုန်း အပူချိန်ကို တိုင်းကြည့်လေ၏။

နှစ်ခုစလုံး အတော် များလျက် ရှိသည့်တိုင် အမျိုးသမီး၏ အခြေအနေ စိတ်နှင့် အာရုံကြော ဆိုင်ရာတို့ကြောင့် ဖြစ်ကြောင်းကို ကျွန်ုပ် သတိပြုမိ လေ၏။

'ဒီလို လဲနေတာ တစ်ရက် နှစ်ရက် ရှိပြီ၊ သေများ သွားမလား ဆိုပြီး တ်ထိတ်နှင့်ပဲ' ဟု ပီရူး သူငယ်မကလေးက စကား မပီတပီဖြင့် ပြောလေ ၏။

အမျိုးသမီးသည် လှပ ချောမော၍ သွေးရောင် လျှမ်းနေသော မျက်နှာ ကျွန်ုပ်ဘက်သို့ လှည့်လိုက်လျက်

'ကျွန်မ ယောက်ျားကော'

'အောက်ထပ်မှာ ရှိပါတယ်၊ ခဏနေတော့ လာပါလိမ့်မယ်'

'ဟင့်အင်း၊ ကျွန်မ သူနှင့် မတွေ့ချင်ဘူး၊ သူနှင့် မတွေ့ချင်ဘူး'

ထို့နောက် အမျိုးသမီးသည် ကယောင်ကတမ်း ဖြစ်သကဲ့သို့ အော်လျက် လေ၏။

'ဒီလူဟာ လူ့တိရစ္ဆာန်ကြီးရှင့်၊ လူ့တိရစ္ဆာန်ကြီး၊ ဒီ အယုတ်တမာကို ဘယ်လို လုပ်ရမလဲ မသိဘူး'

'ကျွန်တော် အကူအညီ ပေးလို့ မရဘူးလား'

'မရပါဘူးရှင့်၊ ဘယ်သူ လာကူလို့မှ မရပါဘူး၊ ကိစ္စက ပြီးနေပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဒုက္ခ ရောက်ကုန်ပါပြီ၊ ဒီတော့ အားလုံး ပျက်စီးကုန်တဲ့ အ... ကျွန်မလည်း လုပ်ချင်ရာ လုပ်တော့မယ်'

အမျိုးသမီးမှာ ထူးဆန်းသည့် အစွဲအလမ်း တစ်ခု ပူးကပ်နေဟန် ... ပေ၏။ ကျွန်ုပ်၏ မိတ်ဆွေ ဖာဂူဆန်မှာ ရိုးသား ဖြောင့်မတ်သူ တစ်ယော... ဖြစ်လေရာ သူ ပြောသည့် အတိုင်း လူယုတ်မာ လူ့တိရစ္ဆာန် စသည့်... အနည်းငယ်မျှ ဆက်စပ်၍ မရနိုင်အောင် ဖြစ်လျက် ရှိလေ၏။

'ဒီမှာ ခင်ဗျား ယောကျ်ားဟာ ခင်ဗျားကို တော်တော် မြတ်နိုး ... တယ်၊ ခင်ဗျား ဒီလို ဖြစ်တာကို မြင်ရတဲ့ အခါကျတော့ သူ့ခမျာမှာ တော်... စိတ်ဆင်းရဲနေပါတယ်'

ထိုအခါ အမျိုးသမီးသည် လှပသော မျက်လုံးကြီးများဖြင့် ကျွန်ုပ်... လှမ်းကြည့်လိုက်လျက်

'ဟုတ်ပါတယ်၊ ကျွန်မကို ချစ်တယ် ဆိုတာ မှန်ပါတယ်၊ ဒါ... ကျွန်မကကော သူ့ကို မချစ်ဘူးတဲ့လား၊ သူ့အသည်းကို မကွဲစေချင်လို့ ကျွ... ကိုယ် ကျွန်မ အနစ်နာ အဆုံးရှုံးခံပြီး သူ့ကို ချစ်ခဲ့တယ်၊ ဒါဆိုရင် ကျွန်မ ... ကို ဘယ်လောက် ချစ်သလဲ ဆိုတာ သိလောက်ရောပေါ့၊ ကျွန်မက ဒီလော... အထိ ချစ်ပါလျက်နှင့် သူ့အနေနှင့် ဒီလို ထင်ရက်ပြီး ဒီလို စကားမျိုးတွေ... ပြောရက်တာ ကျွန်မ နာကြည်းလွန်းလို့'

'သူလည်း တော်တော့်ကို သောက ရောက်နေပါတယ်ဗျာ၊ သူကိုယ်တို... လည်း ဒီအဖြစ်အပျက်တွေကို နားမလည်နိုင်အောင် ဖြစ်နေပါတယ်'

'ဟုတ်ပါတယ်၊ သူ နားမလည်နိုင်ပါဘူး၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကျွ... ကိုတော့ ယုံကြည်သင့်တာပေါ့'

'ခင်ဗျား သူ့ကို အတွေ့ မခံတော့ဘူးလား' ဟု ကျွန်ုပ်က မေးလိုက်၏။

'တော်ပြီ၊ အတွေ့ မခံတော့ဘူး၊ သူ ပြောလိုက်တဲ့ စကားတွေနှင့် သူ့... မျက်နှာ အမူအရာကို ကျွန်မ တစ်သက် ဘယ်တော့မှ မမေ့ဘူး သိလား၊ ရှင်... လည်း သွားရင် ကောင်းမယ်၊ ကျွန်မ အတွက် ရှင် ဘာမှ လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး၊ သူ့ကို တစ်ခုပဲ ပြောလိုက်ပါ၊ ကျွန်မ ကလေးကို ကျွန်မ ပြ... လိုချင်တယ်၊ ကျွန်မ ကလေးကို ကျွန်မ ပြန်တောင်းပိုင်ခွင့် ရှိပါတယ်၊ ဒါ... သူ့ကို ပြောလိုက်ပါ'

အမျိုးသမီးသည် မျက်နှာကို နံရံဘက်သို့ လှည့်လိုက်လေ၏။ စကား... လည်း တစ်ခွန်းမျှ မပြောတော့ချေ။





ကျွန်ုပ်လည်း ဖာဂူဆန်နှင့် ရှားလော့ဟုမ်းတို့ မီးလှုံနေရာ အောက်ထပ်... ...ဆင်းလာခဲ့လေ၏။ ကျွန်ုပ်က အမျိုးသမီးနှင့် တွေ့ခဲ့သည့် အကြောင်းကို ...ပြောဆိုလျက် ရှိစဉ် ဖာဂူဆန်မှာ တိတ်ဆိတ်စွာ နားထောင်လျက် ရှိလေ...

'ကလေးကို ဘယ့်နှယ်လုပ် ပို့လို့ ဖြစ်မလဲဗျာ၊ မတော်လို့ စိတ်ဖောက် ...ခုခု လုပ်လိုက်ရင် ဘယ့်နှယ် လုပ်မလဲ၊ နှုတ်ခမ်းမှာ သွေးတွေ ပေပြီး ... အိပ်ရာနားက ထလာတာကို ကျွန်တော် ဘယ့်နှယ်လုပ် မေ့နိုင်ပါ့မလဲ' ...ပြောရင်း ကြက်သီး ထသွားဟန်ဖြင့် တစ်ကိုယ်လုံး တုန်ယင်သွားလေ၏။

'မစ္စက် မေဆန်ဆီမှာ ထားတာက စိတ်ချ ရပါတယ်ဗျာ၊ ကလေးကို ...မှာပဲ ထားရမှာပဲ၊ မတတ်နိုင်ဘူး'

သွက်လက်သည့် အစေခံမကလေးက ကျွန်ုပ်တို့ အတွက် လက်ဖက် ...ယူလာ ပေးလေ၏။ အိမ်အိုကြီးတွင် ခေတ်မီ သပ်ရပ်ခြင်း ဆို၍ ထို ...မီးကလေး တစ်ယောက်သာလျှင် တွေ့ရပေ၏။ သူငယ်မကလေးက ...က်ရည် ပန်းကန်များကို လိုက်ချ ပေးနေစဉ် တံခါးသည် ပွင့်လာကာ ...ကလေး တစ်ယောက် ဝင်လာလေ၏။

ထိုလူငယ်မှာ ထူးခြားသည့် ရုပ်ရည် ရှိပြီး မျက်နှာ ခပ်ဖျော့ဖျော့၊ ... ဝါဝါ၊ မျက်လုံး ပြာပြာနှင့် ဖြစ်လျက် သူ့အဖေကို မြင်လိုက်သည့် ...တွင် ထိုသူငယ်ကလေး၏ မျက်လုံးများမှာ ချက်ချင်း ဝင်းလက် တောက်ပ ...ကြလေ၏။ သူငယ်ကလေးသည် သူ့အဖေဆီသို့ ပြေးလာကာ မိန်းမပျို ... တစ်ယောက်သဖွယ် အဖေ၏ လည်ပင်းကို ခို၍ ဖက်တွယ်ထားလိုက် ...၏။

'ဖေဖေ ပြန်ရောက်လာမယ်လို့ သား မထင်သေးဘူး၊ သိရင် သား ...သာမှာပေါ့၊ ဖေဖေနှင့် တွေ့ရတာ ဝမ်းသာလိုက်တာ ဖေဖေရယ်'

ဖာဂူဆန်သည် ရှက်အမ်းအမ်း ဖြစ်လျက် ရှိရာမှ သူငယ်ကလေး၏ ...များကို အသာအယာ ဆွဲဖြုတ်လျက် ရှိလေ၏။ ထို့နောက် သူငယ်ကလေး ...ရော်သော ဆံပင်တို့ကို ယုယစွာ ပွတ်သပ်ပေးရင်း

'အေး၊ ဖေဖေ စောစောပဲ ပြန်လာတယ် သားရယ်၊ ဟောဒီက ဖေဖေ့ ...ဆွေကြီးတွေ ဖြစ်တဲ့ မစ္စတာ ဟုမ်းနှင့် ဒေါက်တာ ဝပ်ဆင်တို့ လိုက်လာ... ...ညနေမှာ အေးအေးဆေးဆေး နေရအောင် ဆိုပြီး စောစော ပြန်လာ...'

'မစ္စတာ ဟုမ်း ဆိုတာ စုံထောက်ကြီး ရှားလော့ဟုမ်းလား ဖေဖေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် သား'

သူငယ်သည် ကျွန်ုပ်တို့ကို စိန်းစိန်းကြီး စိုက်ကြည့်လျက် ရှိ ကျွန်ုပ်၏ အထင်တွင်မူ သူ့အကြည့်သည် ရန်လိုသော သဘောကို ဆောင် ဟုပင် ထင်မိပေသေး၏။

ရှားလော့ဟုမ်းက

'ခင်ဗျား သား အငယ်လေးကော မစ္စတာ ဖာဂူဆန်၊ ကလေးကို မကြည့်ရဘူးလား'

'ကလေးကို အောက်ထပ်ကို ခေါ်ခဲ့ပါလို့ မစ္စက် မေဆန်ကို သွား ချည်'

သူငယ်ကလေးသည် ဒယီးဒယိုင်ဖြင့် ပုံမကျ ပန်းမကျ လျှောက် လေရာ သူ့လျှောက်ပုံမှာ ခါးမသန်သူ တစ်ယောက်၏ လမ်းလျှောက်ပုံမျိုး ကြောင်း ဆရာဝန် မျက်စိတွင် အထင်းသား ပေါ်လျက် ရှိလေ၏။ ခဏ သူငယ်ကလေး ပြန်ရောက်လာသည့် အခါတွင် သူ့နောက်မှ အရပ် ရှည် ရိုးကြီး ဂေါင်ဂင်နှင့် မိန်းမ တစ်ယောက်သည် ဆံပင် နက်နက်၊ မျှော အသား၊ လက်တင်နှင့် အင်္ဂလိပ်သွေး စပ်ထားသည့် လှပသည့် ကလေး တစ်ယောက်ကို လက်မောင်းတွင် ပွေ့ချီ၍ လိုက်ပါလာလေ၏။

ဖာဂူဆန်မှာ ကလေးငယ်ကို တယုတယ ပွေ့ချီကာ ပွတ်သပ် သည်ကို ထောက်သဖြင့် ကလေးကို များစွာ ချစ်မြတ်နိုးဟန် ရှိပေ၏။

'ကြည့်စမ်းပါဦးဗျာ၊ ဒီလောက် ချစ်စရာ ကောင်းတဲ့ ကလေးလေး ထိခိုက် နာကျင်အောင် သူ့မိုက်လို့ လုပ်ရက်တယ်' ဟု ဆိုကာ ကလေး၏ လည် ပင်းပေါ်တွင် ရှိသည့် နီရဲနေသော ဒဏ်ရာကို ကြည့်လျက် ရှိလေ၏။

ထိုအချိန်၌ ကျွန်ုပ်သည် မရည်ရွယ်ဘဲ ရှားလော့ဟုမ်းကို လှမ်း၍ ကြ လိုက်မိသည်တွင် သူ့မျက်နှာပေါ်မှ ထူးခြားသည့် အမူအရာကို သတိ ပြုလို မိလေ၏။ ရှားလော့ဟုမ်း၏ မျက်နှာသည် ဆင်စွယ်နှစ်မှ ထုထားသည့် ရုပ် လို တင်းမာလျက် ရှိပြီး ခပ်စောစောက ကလေးနှင့် အဖေကို တစ်လှည့် ကြည့်နေသည့် သူ့မျက်လုံးများသည် တစ်ဖက်ခန်း နံရံပေါ်ရှိ အရာ တစ်ခု စူးစိုက် ကြည့်လျက် ရှိနေသည်ကို မြင်ရလေ၏။

သူ ကြည့်ရာသို့ လိုက်ကြည့်သည့် အခါ ရှားလော့ဟုမ်းမှာ တစ်ဖ ခန်း နံရံကို ကြည့်နေခြင်း မဟုတ်ဘဲ ပြတင်းပေါက်မှ မြင်ရသော ခြံဝင်း စူးစိုက် ကြည့်နေခြင်း ဖြစ်ကြောင်းကို တွေ့ရလေ၏။ တရုတ်ကတ် တံခါးများ





ပိတ်ထားသဖြင့် အပြင်ဘက် ရှုခင်း တစ်ခုလုံးကို မမြင်ရသည့်တိုင် က်ကို စူးစိုက် ကြည့်နေခြင်း ဖြစ်ကြောင်းမှာကား ထင်ရှားလှပေ၏။

နောက် ရှားလော့ဟုမ်းသည် ပြုံးလိုက်ပြီးလျှင် ကလေးကို လှမ်း ကလေ၏။ ကလေး၏ လည်ပင်းပေါ်တွင်မူ ရှုံ့တွနေသည့် ဒဏ်ရာ တစ်ခုရှိရာ ရှားလော့ဟုမ်းသည် စကား ပြောဆိုခြင်း မရှိဘဲ ဒဏ်ရာ ည့်လျက် ရှိလေ၏။ နောက်ဆုံး၌ သူ့ရှေ့တွင် လှုပ်ယမ်းလျက် ရှိသော ၏ လက်သီးဆုပ်ကလေး တစ်ဖက်ကို ကောက်ကိုင်လိုက်ပြီးလျှင်

'ဘဲ ဥတ်ဘိုင်ပဲ ကလေးရေ၊ လူ့ဘဝကြီးကို မင်း ရောက်လာပုံက တော် ထူးဆန်းပေတာပဲ၊ ဒီမှာ မစ္စက် မေဆန်၊ ခင်ဗျားနှင့် ကျုပ် နှစ်ယောက် စကား ပြောချင်တယ်'

ရှားလော့ဟုမ်းသည် မစ္စက် မေဆန်ကို ခပ်လှမ်းလှမ်းသို့ ခေါ်သွားပြီး အတန်ကြာမျှ စကား ပြောလျက် ရှိလေရာ 'ခင်ဗျား စိတ်ပူတာတွေ တွေ နောက်ကျရင် တွေ့ရတော့မှာ မဟုတ်ပါဘူးလေ၊ စိတ်ချပါ' ဆို နောက်ဆုံး စကားလုံးများကိုသာလျှင် ကျွန်ုပ် ကြားလိုက်မိလေ၏။

စကား နည်းနည်း အပေါက် ဆိုးဆိုး မိန်းမ တစ်ယောက် ဖြစ်ဟန် ကလေးထိန်း မိန်းမသည် ကလေးကို ကောက်ချီပြီးလျှင် ပြန်ထွက် ၏။

'မစ္စက် မေဆန်က ဘယ့်နှယ် နေသလဲ'

'စုံထောက်ကြီး မြင်တဲ့ အတိုင်းပဲ၊ အပြင်ပန်းအားဖြင့်တော့ သိပ် ဖော် ရွေ မရှိလှဘူး ခင်ဗျ၊ ဒါပေမဲ့ စိတ်ရင်းတော့ ကောင်းရှာပါတယ်၊ ကလေး တော်တော် သံယောဇဉ် ကြီးတယ်'

ရှားလော့ဟုမ်းသည် ဖာဂူဆန်၏ သား အကြီး ဂျက်ဘက်သို့ ရုတ်တရက် လိုက်ပြီးလျှင် 'ဘယ့်နှယ်လဲဟေ့ ဂျက်၊ မင်းကကော သဘောကျရဲ့လား' လိုက်လေရာ ဂျက်၏ အကဲခတ်ရ လွယ်သော မျက်နှာမှာ အနည်းငယ် သွားကာ ခေါင်းကို ယမ်းပြလေ၏။

ဖာဂူဆန်က ဂျက်၏ ခါးကို ဖက်လိုက်ရင်း

'ဂျက်က သိပ်ပြီးတော့ စလိုက်စရော မပြောတတ်ဘူး ခင်ဗျ၊ ဖအေကို တော်တော့်ကို ချစ်တာပဲ ခင်ဗျ'

ဂျက်က တအင်အင်ဖြင့် နွဲ့ကာ သူ့အဖေ၏ ရင်ခွင်ကို ခေါင်းဖြင့် ရှိလေသည်။ ဖာဂူဆန်သည် ဂျက်အား အသာအယာ ဆွဲ၍ ဖက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လျက် 'ကဲ ဂျက်ကီ၊ သွားတော့' ဟု ဆိုကာ သားကို ပျောက်ကွယ်သွ
အထိ အမြတ်တနိုး ငေးကြည့်လျက် ရှိ၏။

ဂျက်ကီ ပျောက်ကွယ်သွားသည့် အခါတွင် ဖာဂူဆန်က

'မစ္စတာ ဟုမ်းရေ၊ ခင်ဗျားကို ခေါ်လာရတာတော့ အားနာ
နေပြီ၊ ခုတော့ ကျွန်တော့် အဖြစ်ကို ကြည့်ပြီး သနားရုံက လွဲလို့ စုံထော
လည်း ဘာမှ မကြံတတ်တော့ဘူး ထင်တာပဲ၊ စုံထောက်ကြီးဘက်က
လိုက်ရင် တော်တော် ရှုပ်ထွေးပြီး တော်တော်လည်း သိမ်မွေ့ နူးညံ့တဲ့
တစ်ခုလို့ မြင်မှာပဲ'

ရှားလော့ဟုမ်းက ရွှင်လန်းစွာဖြင့် ပြုံးလိုက်လျက်

'သိမ်မွေ့တာတော့ မပြောနှင့်တော့၊ ဒါပေမဲ့ သိပ် ရှုပ်ရှုပ်ထွေးထွေး
တော့ မဟုတ်လှပါဘူးဗျ၊ မူလတုန်းကတော့ စိတ်ကူးဉာဏ် ကွန့်မြူးစရာ
သက်သက်ပါပဲ၊ သို့သော်လည်း စိတ်ကူးဉာဏ် ကွန့်မြူးထားတာကလေး
အဖြစ်အပျက်တွေက တစ်ခုပြီး တစ်ခု လာ အထောက်အကူ ပြုလာတဲ့ အ
တော့ စိတ်ကူးဉာဏ် ကွန့်မြူးချက်ဟာ အခိုင်အမာ ဖြစ်လာတယ်ဗျ၊ ဒီလို
လာတာနှင့် တစ်ပြိုင်နက် ကျုပ်တို့ ရည်မှန်းချက် ပန်းတိုင်ကိုလည်း ရော
လို့ ပြောနိုင်သွားပြီ၊ အမှန်ကတော့ ဘေကာလမ်းက ထွက်မလာခင်ကတည
ကျုပ် အဖို့တော့ အဖြေ ထွက်ပြီးသားပါလေ၊ ဒီရောက်မှ တွေ့ရတာတ
စူးစမ်း လေ့လာမှုနှင့် အတည်ပြုချက် သက်သက်ပါ'

ဖာဂူဆန်သည် အရေ တွန့်နေသည့် သူ့နဖူးကြီးကို လက်နှင့် အုပ်
လိုက်လေ၏။

ထို့နောက် အက်ကွဲ ခြောက်ကပ်သော အသံဖြင့်

'ဒီလို ဆိုရင်လည်း စုံထောက်ကြီးရယ်၊ ကျွန်တော့်ကို ပွင့်ပွင့်လင်း
ပဲ ပြောပါ၊ ကျွန်တော် ရင်တထိတ်ထိတ်နှင့် မနေပါရစေနှင့်၊ ကျွန်တော်
လုပ်ရမလဲ၊ စုံထောက်ကြီး အဖို့ အချက်အလက်တွေ ရပြီ ဆိုရင် ဘယ်
နှင့်ပဲ ရရ ကိစ္စ မရှိပါဘူး၊ ရဖို့သာ လိုရင်းပါ'

'အင်း ဟုတ်တာပေါ့လေ၊ ကျုပ် အနေနှင့် ခင်ဗျားကို ရှင်းပြရ
ဝတ္တရား ရှိပေတာပေါ့၊ ကျုပ်ကလည်း ရှင်းပြဖို့ အဆင်သင့်ပါပဲ၊ သို့
ကျုပ်နည်းနှင့် ကျုပ် ကိုင်တွယ် ဖြေရှင်းခွင့်ကိုတော့ ပေးပါ၊ အိုင်ဆေး ဝပ်
ရေ၊ အမျိုးသမီးက ကျုပ်တို့ကို တွေ့နိုင်တဲ့ အခြေအနေမှာ ရှိရဲ့လား'

'နေတော့ သိပ်မကောင်းလှဘူးဗျ၊ ဒါပေမဲ့ သတိတော့ ကောင်းပါတ





'ဟုတ်ပြီလေ၊ ဒီတော့ ဒီကိစ္စကို သူ့ ရှေ့မှာ ရှင်းတာ ပိုကောင်းမယ်လို့
ကဲ သူ့ အခန်းကို သွားလိုက်ကြရအောင်ဗျာ'

'ကျွန်တော့်ကိုတော့ အတွေ့ခံမှာ မဟုတ်ဘူးဗျ' ဟု ဖာဂူဆန်က ပြော

'ကိစ္စ မရှိပါဘူး၊ အတွေ့ခံပါလိမ့်မယ်' ဟု ရှားလော့ဟုမ်းက ပြောပြီး
စာရွက် တစ်ရွက်ပေါ်တွင် စာကြောင်း အနည်းငယ်ကို ကောက်ခြစ်လိုက်

'အိုင်ဆေး ဝပ်ဆင်၊ ခင်ဗျားက ရှေ့တော်ပြေး အနေနှင့် သွားနှင့်ဗျာ၊
စာကိုလည်း အမျိုးသမီးကို ပေးလိုက်ပါ'

ကျွန်ုပ်သည် အပေါ်ထပ်သို့ တက်လာခဲ့ကာ တံခါးကို သတိကြီးစွာဖြင့်
ဖွင့်ပေးသည့် ဒလိုရီ၏ လက်ထဲသို့ စာရွက်ကို ထည့်လိုက်လေ၏။
ကြသည့် အခါတွင် အခန်းထဲမှ အော်သံ တစ်ခုကို ကြားလိုက်ရလေ၏။
သံမှာ ပျော်ရွှင်ခြင်းနှင့် အံ့သြခြင်းတို့ ရောလျက် ရှိသည့် အော်သံ ဖြစ်

ဒလိုရီက တံခါးကို ဟ၍ ခေါင်းပြူ ထွက်ကြည့်လိုက်ရင်း
'ဟုတ်ကဲ့၊ မမက တွေ့မယ်တဲ့၊ လာခဲ့ပါတဲ့'

ကျွန်ုပ်က လှမ်းခေါ်လိုက်သည့် အခါတွင် ရှားလော့ဟုမ်းနှင့် ဖာဂူဆန်
အပေါ်ထပ်သို့ တက်လာခဲ့လေ၏။ အခန်းထဲသို့ ရောက်သည့် အခါတွင်
သည် အိပ်ရာထက်တွင် ထထိုင်လျက် ရှိသော သူ့ဇနီးဆီသို့ ကပ်သွား
ပြုတွင် ဇနီးသည်က သူ့ကို တွန်းဖယ်ပစ်မည့်ဟန် လက်ကို ကာထား
သည့် အတွက် ဖာဂူဆန်သည် လက်တင် ကုလားထိုင် တစ်လုံးပေါ်တွင်
တ်လေ၏။

ရှားလော့ဟုမ်းမှာ သူ့အား တအံ့တသြ ကြည့်နေသည့် အမျိုးသမီးကို
နှုတ်ဆက်ပြီးလျှင် ဖာဂူဆန် ဘေးတွင် ဝင်ထိုင်လိုက်လေ၏။

ရှားလော့ဟုမ်းက

'ဒလိုရီ အပြင် သွားချင်တယ် ဆိုရင် သွားနိုင်ပါပြီ၊ ဒီလို မဟုတ်လို့
က ကျုပ် ညီမကြီးက သဘော တူတယ် ဆိုရင် ကျုပ် အနေနှင့်ကတော့
ဘန့်ကွက်စရာ မရှိပါဘူး၊ ကဲ မစ္စတာ ဖာဂူဆန်ရေ၊ ကျုပ်မှာ သွားစရာ
တွေနှင့်ဗျ၊ အလုပ်က များများရယ်၊ ဒီတော့ လိုရင်း တိုရှင်း ပြော
ဘာ့မယ်၊ အမြန်ဆုံး ခွဲစိတ် ကုသခြင်းသည် အသက်သာဆုံး ဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၏ ဆိုတဲ့ စကားလိုပဲဗျာ၊ ဒီတော့ ခင်ဗျား စိတ်ချမ်းသာမယ့် က စပြီး ပြောပါရစေ၊ ခင်ဗျား မိန်းမဟာ အင်မတန် စိတ်သဘော အင်မတန် ချစ်တတ်တဲ့ မိန်းမဗျ၊ ပြီးတော့ အဲဒီ မိန်းမဟာ တခြားလူ ချတာကို ခံနေရတယ်'

ဖာဂူဆန်သည် ဝမ်းမြောက်ဝမ်းသာ အော်၍ ထလိုက်လေ၏။

'ပြောပါ ခင်ဗျာ၊ ဒီအတိုင်းသာ မှန်ရင် မစ္စတာ ဟုမ်းရဲ့ တစ်သက် ဆပ်လို့ ကုန်တော့မှာ မဟုတ်တော့ပါဘူး'

'ပြောပါ့မယ်လေ၊ သို့သော်လည်း ဒီလို ပြောတဲ့ နေရာမှာ အဖို့ တစ်ဖက်က စိတ်ချမ်းသာစရာ သတင်းကို ကြားရသလို တခြား မှာ စိတ် မချမ်းသာစရာ သတင်းကိုတော့ ကြားရလိမ့်မယ်ဗျ'

'ပြောပါ ခင်ဗျာ၊ ကျွန်တော့် မိန်းမဟာ ကျွန်တော် ထင်သလို မဟုတ် ဆိုရင် ကျွန်တော် ကျေနပ်ပါပြီ၊ တခြား ဘယ်လောက်ပဲ စိတ် မချမ်းသာ တွေကိုပဲ တွေ့ တွေ့ ကျွန်တော် ဂရု မစိုက်ပါဘူး၊ ကျန်တဲ့ ကိစ္စ မှန်သမျှ ကျွန်တော့် အဖို့ အသေးအဖွဲတွေပါ'

'ဘေကာလမ်းမှာ ရှိစဉ်တုန်းက ကျုပ် စိတ်ထဲမှာ ပေါ်ခဲ့တဲ့ အတွေး ကို အစီအစဉ်လိုက် ပြောပြချင်တယ်ဗျ၊ သွေးစုပ် ဖုတ်ကောင် ရှိတယ် အယူအဆဟာ ကျုပ် အမြင်မှာတော့ တယ်ပြီး အဓိပ္ပာယ် မရှိလှဘူး၊ ပြ လည်း အင်္ဂလန် ရာဇဝတ် မှုခင်း လောကမှာလည်း အစဉ်အလာ မရှိခဲ့ဘူး သော်လည်း ခင်ဗျားတို့ မြင်တာက တိကျ သေချာနေတယ်၊ အမျိုးသမီး ကလေး အိပ်ရာ နားက ထလာတဲ့ အခါကျတော့ နှုတ်ခမ်းမှာ သွေးတွေ တာကို တွေ့နေရတယ်'

'ဟုတ်တယ် ခင်ဗျ၊ သွေးတွေ ပေနေတယ်'

'သွေးထွက် သံယို ဖြစ်နေတဲ့ ဒဏ်ရာ တစ်ခုကို ပါးစပ်နှင့် စုပ်တာ သွေးစုပ်ဖို့ မဟုတ်ဘဲ တခြား အကြောင်း တစ်ခုကြောင့် စုပ်တာလည်း နိုင်တာပဲလို့များ ခင်ဗျား မတွေးမိဘူးလား၊ အင်္ဂလန်ပြည် သမိုင်းမှာ ဘု တစ်ပါးဟာ အခုလို အနာက အဆိပ်တွေကို စုပ်တယ် ဆိုတာ ခင်ဗျား ကြ ဖူးတယ် မဟုတ်လား'

'ခင်ဗျာ၊ အဆိပ် ဟုတ်လား'

'ခင်ဗျားတို့ အိမ်ဟာ တောင် အမေရိကတိုက်က ယဉ်ကျေးမှုတွေ တဲ့ အိမ်ထောင်စုဗျ၊ ဒီအိမ်ကို မရောက်ခင် ကတည်းက နံရံပေါ်မှာ



တိုက်မှာ သုံးတဲ့ လက်နက်တွေ ချိတ်ဆွဲထားတာ ရှိမှာပဲလို့ ကျုပ် စိတ်က ပြောနေတယ်၊ ခု သုံးနေတာဟာလည်း ဒီပြင် အဆိပ် ဖြစ် ဖြစ်မှာပေါ့လေ၊ သို့သော်လည်း ကျုပ် စိတ်ထဲမှာ မြင်လာတာကတော့ အမေရိကတိုက်က လက်နက်တွေမှာ သုံးတဲ့ အဆိပ် ဖြစ်မယ်လို့ပဲ တယ်ဗျ၊ ဟောဒီ လေးကိုင်းရဲ့ ဘေးမှာ ချိတ်ထားတဲ့ မြားကျည်တောက် ကို ကျုပ် မြင်လိုက်တဲ့ အခါကျတော့ ကျုပ် အထင်ဟာ သေချာသွားပြီ၊ ၍ မှုးယစ်ဆေး သို့မဟုတ် ခပ်ပြင်းပြင်း အဆိပ် လူးထားတဲ့ မြားနှင့် ပေါက်လိုက်ရင် ကလေးဟာ သေတောင် သေသွားနိုင်တယ်ဗျ၊ အဆိပ်ကို စုပ်မှသာလျှင် အသက် ချမ်းသာ ရနိုင်တယ်။

'နောက်တစ်ချက်က ခွေးကိစ္စ၊ အကယ်၍ အဆိပ် တစ်ခုခုကို သုံးချင် ဆိုရင် ဒီအဆိပ်မှာ အာနိသင် ရှိ မရှိ သိရအောင် စမ်းသပ်ကြည့်ရဦးမယ် လား၊ ခွေးကို စမ်းလိမ့်မယ်လို့တော့ ကျုပ် မတွက်ခဲ့မိဘူးဗျ၊ သို့သော် ခွေးကို မြင်လိုက်တာနှင့် ကျုပ် သိလိုက်ပါပြီ၊ ကျုပ် ကောက်ချက်ထဲမှာ အလက် တစ်ခု အနေနှင့် အတည် ပြုလိုက်တယ်။

'ဒီတော့ ခုလောက် ဆိုရင် ခင်ဗျား နားလည်လောက်ရောပေါ့၊ ခင်ဗျား မိန်းမဟာ ဒီလို အဆိပ် လူးတဲ့ မြားနှင့် အပေါက်ခံရမှာကို ကြောက်တယ်၊ ပေမဲ့ သူ့ကလေးကို ဒီမြားနှင့် အပေါက်ခံရတာကို တွေ့ရတယ်၊ ဒီတွင် လေး အသက်ကို ကယ်လိုက်တယ်၊ ဒါပေမဲ့ ခင်ဗျား မိန်းမဟာ ဒီအကြောင်း ခင်ဗျားကို မပြောရဲဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီသူငယ်ကလေးကို ခင်ဗျား လောက် ချစ်တယ် ဆိုတာ သူ သိတယ်၊ ဒါကို ဖွင့်ပြောလိုက်ရင် ခင်ဗျား တဲ့ ပက်လက် ဖြစ်မယ် ဆိုတာ သူ သိတယ်'

'ဗျာ ... ကျွန်တော့် သား ဂျက်ကီ ဟုတ်လား'

'အခန်းထဲမှာ ကလေးကို ခေါ်လာလို့ ခင်ဗျားက ကလေးကို ချော့မော့ နေတုန်း မျက်နှာချင်းဆိုင်မှာ ရှိတဲ့ မှန်ပြတင်းမှာ လာထင်နေတဲ့ သူ့ ကို ကျုပ် သေသေချာချာ ကြည့်မိတယ်ဗျ၊ နောက်က တရုတ်ကတ်က တော့ သူ့မျက်နှာ အမူအရာကို ပြတင်းပေါက် မှန်ထဲမှာ ကောင်းကောင်း မြင်နေရတာပေါ့၊ သူငယ်ကလေး မျက်နှာပေါ်မှာ မနာလို ဝန်တိုနေတာ နေတာကို မြင်ရတယ်ဗျ၊ ဒီလောက် မနာလို ဝန်တို ဖြစ်နေပြီး ဒီလောက် နေတဲ့ မျက်နှာမျိုးကို ကျုပ်ဖြင့် တစ်ခါမှတောင် မမြင်ဖူးဘူး'

'ဗျာ ... ကျွန်တော့် သားလေး ဂျက်ကီ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'မစ္စတာ ဖာဂူဆန်ရေ မတတ်နိုင်ဘူး၊ ဒီကိစ္စကို ရင်ဆိုင်ရတော့ သူ့ အချစ်က မနာလို ဝန်တိုမှုနှင့် ပုံပန်း ပျက်နေတဲ့ အချစ် ဆိုတော့ ခင်ဗျား ရူးမတတ် ချစ်နေတဲ့ အချစ်မျိုးဗျ၊ ကွယ်လွန်သူ သူ့အမေကို အောက်မေ့ ရတာနှင့် အတူ ခင်ဗျား အပေါ်မှာ ချစ်အားကြီးလွန်းတော့ ခုလို လုပ် ဒါကို ကြည့်လိုက်တော့ ပိုပြီးတောင် ရင်နာစရာ ကောင်းနေသေးတယ် အထဲမှာ ခင်ဗျား သား အငယ်လေးက ရုပ်ကလည်း ချော ချစ်စရာ ကောင်းနေပြန်တော့ သူ့ရဲ့ မစွမ်းမသန်တဲ့ ဘဝနှင့် ဆန့်ကျင်ဘက် ဖြစ် ကလေးကို ပိုပြီး မုန်းလာတယ်'

'ဖြစ်မှ ဖြစ်ရလေ ခင်ဗျာ၊ ကျွန်တော်ဖြင့် ကြားလို့သာ ယုံရတယ် တောင် မယုံချင်ဘူး'

'ကျုပ် ပြောတာ မှန်တယ်နော် ကျုပ် ညီမကြီး'

အမျိုးသမီးမှာ ခေါင်းအုံးတွင် မျက်နှာ အပ်ကာ ငိုရှိုက်လျက် ရှိ ၏။

ထို့နောက် သူ့ယောက်ျားဘက်သို့ လှည့်ကြည့်လျက်

'ရှင့်ကို ကျွန်မ ဘယ့်နှယ်လုပ် ပြောရက်မလဲရှင်၊ ရှင့် အစား ကြိတ်မှိတ်ပြီး ခံခဲ့ပါတယ်၊ တစ်နေ့မှာ ကျွန်မ မပြောဘဲ အမှန်ကို သိလာ မယ် ဆိုပြီး ကျွန်မ စောင့်ခဲ့တယ်၊ ဟောဒီက စုံထောက်ကြီးကတော့ အ အမြင် ရလို့လား မသိဘူး၊ သူ အားလုံး သိပါတယ်လို့ စာ ရေးပေးလို အခါမှာ ကျွန်မ သိပ်ဝမ်းသာပါတယ်'

ရှားလော့ဟုမ်းက ထိုင်ရာမှ ထလိုက်လျက်

'ဂျက်ကီကို ပင်လယ် ခရီး တစ်နှစ်လောက် လွှတ်လိုက်ရင် ကျ ရေး ပြန်ကောင်းလာမယ် ထင်တာပဲ၊ ကျုပ် မရှင်းတာ တစ်ခုပဲ ရှိတယ်၊ ဂျ ကို ခင်ဗျား ရိုက်တာ နက်တာလည်း ကျုပ် နားလည် နိုင်ပါတယ်၊ က အမေ ဆိုတော့ ကိုယ့်သားကလေးကို လုပ်တာ ဘယ် သည်းခံနိုင်ပါ့မလဲ၊ ရက် အတွင်းမှာ ဘယ်လို လုပ်ပြီး ကလေးလေးကို ဒီအတိုင်း ထားပစ်ခဲ့ရဲ ဆိုတာကိုတော့ မစဉ်းစားတတ်ဘူး'

'ကျွန်မ မစ္စက် မေဆန်ကို အကုန် ပြောပြီးပါပြီရှင်၊ သူ အားလုံး ပါတယ်'

'အင်း၊ ကျုပ် ထင်တော့ ထင်သားပဲ'

ဖာဂူဆန်မှာ အိပ်ရာ ဘေးတွင် ရပ်ရင်း စကား မပြောနိုင်ဘဲ ဆွံ့အ





သက်နေ့ဖြစ်ဖက်ကို ဆန့်တန်းထားလေရာ ဆန့်တန်းထားသော လက် နှင့် ည် တုန်ယင်လျက် ရှိလေ၏။

ရှားလော့ဟုမ်းက ခပ်တိုးတိုးဖြင့်

'အိုင်ဆေးရေ၊ ကျုပ်တို့ ပြန်ဖို့ အချိန်ကောင်းပဲဗျ၊ ခင်ဗျားက ဒလိုရီရဲ ကောင်း တစ်ဖက်ကို ဆွဲ၊ ကျုပ်က တခြား တစ်ဖက်ကို ဆွဲမယ်၊ ကျန်တာ သူတို့ ကိစ္စ သူတို့ ဘာသာ သူတို့ ရှင်းကြပေစေတော့ဗျာ'

ရှားလော့ဟုမ်းက တံခါးကို နောက်ပြန် ပိတ်ရင်း ပြောလေ၏။

နှင့် ပတ်သက်၍ ဖော်ပြရန် ကျွန်ုပ်တွင် နောက်ထပ် စာ တစ်စောင်သာ သည်။ ထိုစာမှာ ဤမှတ်တမ်း အစတွင် ဖော်ပြခဲ့သည့် စာကို ပြန်ကြား အနေဖြင့် ပြန်၍ ရေးလိုက်သည့် ရှားလော့ဟုမ်း၏ စာ ဖြစ်၍ စာမှာ ပါအတိုင်း ဖြစ်လေ၏။

ဘေကာလမ်း

နိုဝင်ဘာ ၂၁ ရက်

ကိစ္စ။ သွေးစုပ် ဖုတ်ကောင်များ ကိစ္စ။

ခင်ဗျား ...

၁၉ ရက် နေ့စွဲဖြင့် ပေးပို့လိုက်သော လူကြီးမင်း၏ စာအရ လူကြီးမင်း၏ အမှုသည်များ ဖြစ်သော ဖာဂူဆန်နှင့် မျူးဝါးဟက် လက်ဖက်ခြောက် ပွဲရုံမှ မစ္စတာ ဖာဂူဆန်၏ ကိစ္စကို စုံစမ်းပြီး နောက် ပြေလည်အောင် ဖြေရှင်းပြီး ဖြစ်ကြောင်း အကြောင်းကြား အပ်ပါသည်။

ကျေးဇူး တင်စွာဖြင့်

**သစ္စာရှိသော ရှားလော့ဟုမ်း**

[မူရင်း ဝတ္ထု *The Adventure of The Sussex Vampire.* ရှေ့ဒေါင်း၏ စုံ ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]



www.burmeseclassic.com

www.burmeseclassic.com

# နာမည်တူ လူသုံးယောက်



ဤအဖြစ်အပျက်ကို ရယ်စရာ အဖြစ်လည်း ပြောနိုင်ပါ၏။ ကြေကွဲစရာ အဖြစ်လည်း ပြောမည် ဆိုပါက ပြောနိုင်ပါသည်။ ဤ အဖြစ်အပျက်ကြောင့် လူ တစ်ယောက်မှာ ဦးနှောက် ခြောက်ခဲ့ရပြီး ကျွန်ုပ်မှာ သွေးထွက်သံယို ဖြစ်ခဲ့ရလျက် အခြား တစ်ယောက်မှာမူ တရားဥပဒေက ပေးသော ပြစ်ဒဏ်ကို ခံခဲ့ရပေ၏။

သို့တိုင်အောင် ထိုအဖြစ်အပျက်ထဲတွင် ရယ်စရာ သဘော သက်ဝင်[illegible] ရှိပေရာ ကျွန်ုပ် ပြောသည့်အတိုင်း မှန် မမှန်ကိုမူ စာဖတ်သူတို့ ကိုယ်[illegible] ဆုံးဖြတ်ရန်သာ ဖြစ်ပေ၏။

ထိုအဖြစ်အပျက် ဖြစ်ပွားသော နေ့စွဲကို ကျွန်ုပ် ကောင်းစွာ မှတ်မိပေ[illegible]၏။

ထိုလ အတွင်း၌ ရှားလော့ဟုမ်းသည် နောင်တွင် ကျွန်ုပ် ဖော်ပြမည်[illegible]သော အမှု တစ်ခု အတွက် ဆာဘွဲ့ ချီးမြှင့်ခံရသည်တွင် ထိုဘွဲ့ကို ငြင်းပယ်[illegible]သည့် အတွက် ထိုရက်ကို ကောင်းစွာ မှတ်မိနေခြင်း ဖြစ်ပေ၏။

ကျွန်ုပ်သည် ရှားလော့ဟုမ်း၏ အပေါင်းအသင်းလည်း ဖြစ်၊ ယုံကြည်[illegible]ခြင်း ခံရသူလည်း ဖြစ်သည့် အတွက် သူ၏ လျှို့ဝှက်ချက်များကို ထိန်း[illegible]ရန် တာဝန် ရှိလေရာ ဤကိစ္စကို ဤနေရာတွင် ထုတ်ဖော် ရေးသား[illegible]ခြင်းမှာ ယုံကြည်မှုကို ဖောက်ဖျက်လို၍ မဟုတ်ဘဲ အခါအခွင့် ကြုံသဖြင့်[illegible]သား ဖော်ပြလိုက်ရခြင်း ဖြစ်ကြောင်းကို ပဏာမ ဖော်ပြလိုပါသည်။

သို့သော်လည်း ထိုအချက်ကြောင့်ပင်လျှင် ထို အဖြစ်အပျက် ပြင်းထန်



www.burmeseclassic.com

www.burmeseclassic.com



သည့် နေ့ရက်မှာ တောင် အာဖရိက စစ်ပွဲ ပြီးခါစ ၁၉၀၂ ခု၊ ဇွန်လ ကုန်ခါ ရက်တစ်ရက် ဖြစ်ကြောင်းကို ကျွန်ုပ် မှတ်မိနေခြင်း ဖြစ်ပေ၏။

ရှားလော့ဟုမ်းသည် သူ့ ထုံးစံ အတိုင်း အိပ်ရာမှ မထဘဲ ရက်ပေါ များစွာ အခန်း အောင်းနေသော်လည်း ထိုနေ့ မနက်တွင်မူ စူးရှ ပြာလဲ့သော သူ့ မျက်လုံးထဲတွင် ပျော်ရွှင်သော အရိပ်အယောင် ယှက်သန်းလျက် ရှိ၍ လ ထဲတွင် ဖူးစကက် စာရွက် တစ်ရွက်ကို ကိုင်ရင်း အိပ်ရာမှ ထလာလေ၏။

'အိုင်ဆေး ဝပ်ဆင်၊ ခင်ဗျားကတော့ ပိုက်ဆံ ရပေါက် ရလမ်းကေ ပေါ်လာပြီဗျို့၊ ဂါရီဒက် ဆိုတဲ့ နာမည်ကို ခင်ဗျား ကြားဖူးသလား'

ကျွန်ုပ်က မကြားဖူးကြောင်း ဝန်ခံလေ၏။

'ဂါရီဒက် ဆိုတဲ့ လူ တစ်ယောက်ကို ရှာနိုင်မယ် ဆိုရင်တော့ ခင် ပိုက်ဆံ ရမှာပဲဗျ'

'ဘာဖြစ်လို့လဲဗျ'

'အင်း အဖြစ်အပျက်ကတော့ ခပ်ရှည်ရှည်ပဲဗျ၊ စိတ်ရှူး ပေါက် လို့ ဆိုရင်လည်း ဆိုနိုင်တာပဗျာ၊ လူ့စိတ် အကြောင်းကို ကျုပ်တို့ လေ့လာ အထဲမှာ ခုလောက် ထူးခြားတဲ့ ကိစ္စမျိုးတော့ ရှိမယ်တောင် မထင်မိဘူး၊ ခ နေရင် ပြန်လှန် မေးခွန်း ထုတ်ဖို့ အတွက် အဲဒီလူ ဒီကို ရောက်လာတော့မယ် ဒီတော့ သူ လာသည့် အထိ စောင့်လိုက် သေးတာပေါ့၊ သို့သော်လည်း ကျ သိချင်တာက နာမည်ဗျ၊ နာမည်၊ ဂါရီဒက် ဆိုတာ ဘာလဲ ဆိုတဲ့ အဓိပ္ပာ

ကျွန်ုပ်ဘေး စားပွဲပေါ်တွင် တယ်လီဖုန်း လမ်းညွှန် စာအုပ် ရှိသ မထင့်တထင်ဖြင့်ပင် တယ်လီဖုန်း လမ်းညွှန် စာအုပ်ထဲတွင် ရှာဖွေ ကြည့်မိ ၏။ သို့ရာတွင် ဂျီ အက္ခရာ အောက်တွင် အဆိုပါ အမည်ကို တွေ့လိုက်ရသ အတွက် ကျွန်ုပ်မှာ များစွာ အံ့အားသင့်လျက် ရှိလေ၏။

'အိုင်ဆေး၊ ဟုမ်း ဟောဒီမှာ ဗျို့၊ တွေ့ပြီ'

ရှားလော့ဟုမ်းသည် ကျွန်ုပ် လက်မှ စာအုပ်ကို လှမ်းယူလိုက်လေ

'အင်း၊ ဂါရီဒက်၊ ၁၃၆ ရိုင်ဒါလမ်း ဆိုပါကလား၊ ခင်ဗျားက တ တကန့် ရှာပေးပေမဲ့ ဆောရီးဗျာ၊ ခု ဟောဒီမှာ လူ ကိုယ်တိုင် ပေါက်လာ ဗျ၊ အဲဒါက သူ့စာ ခေါင်းစည်းမှာ ပါတဲ့ လိပ်စာ၊ ဟောဒီကဟာနှင့် အတူ ထင်တယ်'

အိမ်ရှင် အဘွားကြီး မစ္စက် ဟတ်ဆန်သည် ကတ်ပြား တစ်ခုကို လ ဗန်းပေါ်တွင် တင်၍ ယူလာလေ၏။





ကျွန်ုပ်က ထိုကတ်ပြားကို ကောက်ယူ၍ ကြည့်လိုက်၏။

ကျွန်ုပ်က အံ့အားသင့်လျက်

'အလို၊ ခင်ဗျား ပြောတဲ့ ဂါရီဒက် မဟုတ်ဘူး ခင်ဗျ၊ ခု လူက ဂျွန် ဒက်၊ ဥပဒေ အတိုင်ပင်ခံ၊ မိုဗီးလ်၊ ကင်းဆပ်၊ အမေရိကန် ပြည်ထောင်စု

ရှားလော့ဟုမ်းက ကတ်ပြားကို ယူကြည့်လျက်

'ကဲ၊ အိုင်ဆေးရေ၊ နောက်ထပ် ရှာရလိမ့်ဦးမယ်ဗျို့၊ ဒီလူကို ဒီနေ့ တွေ့ရလိမ့်မယ်လို့ ကျုပ် မျှော်လင့် မထားဘူး၊ သို့သော်လည်း သူလည်း ကြံအစည်ထဲမှာ ပါတဲ့ လူတစ်ယောက်ပဲ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ကျုပ် သိချင် ာကလေးတွေကိုတော့ ပြောပြနိုင်လိမ့်မယ်လို့ ထင်ပါရဲ့'

ခဏ ကြာလျှင် ထိုလူသည် ဧည့်ခန်းထဲသို့ ရောက်လာလေ၏။ ဥပဒေ ိုင်ပင်ခံ မစ္စတာ ဂျွန် ဂါရီဒက် ဆိုသူမှာ အမေရိကန် လုပ်ငန်းရှင်တို့ ထုံးစံ ိုင်း အရပ်ပုပု၊ ကာယဗလ ကောင်းကောင်း၊ မုတ်ဆိတ်တို့ စင်ကြယ်စွာ ားသည့် မျက်နှာ ပြည့်ပြည့်နှင့် လူတစ်ယောက် ဖြစ်ပေ၏။ ရုတ်တရက် ည့်လိုက်လျှင် မျက်နှာမှာ ကလေး တစ်ယောက်၏ မျက်နှာနှင့် တူပြီး ခပ် ရှိသဖြင့် လူငယ် တစ်ယောက်ဟု ထင်ရပေ၏၊ မျက်လုံးများမှာကား ူးခြားခြား တောက်ပြောင်လှပေ၏။

ကျွန်ုပ်သည် လူတို့၏ မျက်လုံး တော်တော်များများကို သတိ ထား၍ ည့်ခဲ့မိဖူးရာ မစ္စတာ ဂျွန် ဂါရီဒက်၏ မျက်လုံးများလောက် တောက်ပ ထက် ၍ စူးရှသည့် မျက်လုံးမျိုးကိုကား တစ်ခါမျှ မတွေ့ခဲ့ဖူးသေးချေ။ သူ့အသံ မှာ အမေရိကန် လေသံ ဖြစ်သော်လည်း စကား အသွားအလာမှာမူ အမေရိ န် လေသံ မပေါက်လှချေ။

သူသည် ကျွန်ုပ်တို့ နှစ်ယောက်ကို တစ်လှည့်စီ ကြည့်လိုက်ပြီးနောက်

'မစ္စတာ ဟုမ်းက … ဩော် ဟုတ်ပြီ ခင်ဗျ၊ သိပြီ၊ ဓာတ်ပုံတွေထဲမှာ နေတဲ့ ပုံနှင့် သိပ်မကွာလှပါဘူး၊ ကျွန်တော့် ကိုယ်စား နာသန် ဂါရီဒက် ိုက်တဲ့ စာကိုတော့ ရပြီးရောပေါ့နော်'

ရှားလော့ဟုမ်းက

'ထိုင်ပါဦးဗျာ၊ ဖြည်းဖြည်းပေါ့၊ ကျုပ်တို့မှာ ဆွေးနွေးစရာ တော်တော် ရှိလိမ့်မယ် ထင်တယ်' ဟု ဆိုကာ ရှားလော့ဟုမ်းသည် ဖူးစကက် ွက်ကို ကောက်ယူလိုက်ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



'ဒီထဲမှာ ရေးထားတဲ့ ဌာန် ဂါရီဒက် ဆိုတာ ခင်ဗျားနော်၊ အင်္ဂလန် ရောက်နေတာကတော့ တော်တော် ကြာရောပေါ့'

'ဘာကို ကြည့်ပြီး ပြောတာလဲ ခင်ဗျာ မစ္စတာ ဟုမ်း'

သူ့မျက်လုံးထဲတွင် မသင်္ကာသည့် အရိပ်အယောင်တို့ ပေါ်လာသည်ဟု ကျွန်ုပ် စိတ်တွင် ထင်မိပေ၏။

'ခင်ဗျား ဝတ်စားထားပုံက အင်္ဂလိပ် စစ်စစ် အတိုင်းပဲ'

မစ္စတာ ဌာန် ဂါရီဒက်သည် ဖျစ်ညှစ်၍ ရယ်လိုက်လေ၏။

'စုံထောက်ကြီးရဲ့ နည်းတွေကို ကျွန်တော် ဖတ်ဖူးခဲ့တာ များလှပြီ ခင်ဗျ ဒါပေမဲ့ ကျွန်တော် ကိုယ်တိုင် ဒီလို ကောက်ချက်ဆွဲ ခံရမယ့် ပစ္စည်း တစ် ဖြစ်လာလိမ့်မယ်လို့ တစ်ခါမှ မထင်ခဲ့မိဘူး၊ ကျွန်တော့် အဝတ်အစားမှာ ဘယ် နေရာက အင်္ဂလိပ် ပုံစံ ပေါ်နေလို့လဲ ခင်ဗျာ'

'ခင်ဗျား ကုတ် အင်္ကျီ ပခုံး ကျပုံရယ်၊ ဖိနပ်ဦး ချွန်းပုံရယ်၊ ဒီလော ကြည့်လိုက်ရင် သိနိုင်ပါတယ်ဗျာ'

'အင်္ဂလိပ် တစ်ယောက်နှင့် တော်တော်ကို တူနေပြီလား မပြောတတ် ပါဘူး ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော်ကတော့ အလုပ် ကိစ္စကြောင့် ဒီကို ရောက် လာတာ တော်တော် ကြာပြီ ဆိုတော့ ကျွန်တော့် ဂိုက်ကလည်း လန်ဒန်သား ဂိုက်နှင့် တူချင် တူနေမှာပေါ့၊ သို့သော်လည်း စုံထောက်ကြီး အတွက် အချိန် ဟာ အလွန် တန်ဖိုး ရှိလေတော့ ကျွန်တော့် အဝတ်အစားတွေ ဘယ်လို ပုံစံ ကျတယ် ဆိုတာတွေကို သိပ်မပြောတော့ပါဘူး၊ စုံထောက်ကြီး လက်မှာ ကိုင် ထားတဲ့ စာရွက်ထဲက အကြောင်းတွေကို ပြောတာက ပိုကောင်းလိမ့်မယ်လို့ ထင်ပါတယ်'

ရှားလော့ဟုမ်းသည် မည်သည့် နည်းဖြင့် ကျွန်ုပ်တို့ ဧည့်သည်ကို စိတ် တိုအောင် လုပ်လိုက်သည်ကို မပြောတတ်သော်လည်း ကလေး မျက်နှာကဲ့သို့ ရှိသော ဧည့်သည်၏ မျက်နှာမှာ ခပ်စောစောကကဲ့သို့ နှစ်လိုဖွယ် မကောင်း တော့ချေ။

ရှားလော့ဟုမ်းက ချော့မော့ နှစ်သိမ့်သည့် လေသံမျိုးဖြင့်

'သည်းခံပါ မစ္စတာ ဂါရီဒက်ရေ၊ ကျုပ် ဟိုပြော သည်ပြော ပြော တဲ့ စကားတွေဟာ နောက်ဆုံးကျတော့ အရေးကြီး လာတတ်တယ် ဆိုတာ ဒေါက်တာ ဝပ်ဆင်က ခင်ဗျားကို ပြောပြပါလိမ့်မယ်၊ နို့ နေစမ်းပါဦး၊ မစ္စတာ နသန် ဂါရီဒက်ကတော့ ခင်ဗျားနှင့် ဘာဖြစ်လို့ အတူ လိုက်မလာတာလဲ'





ကျွန်ုပ်တို့၏ ဧည့်သည်မှာ စိတ်တိုသည်ထက် တိုလာခဲ့လေပြီ၊ နောက်ဆုံးတွင် မချုပ်တည်းနိုင်တော့ဘဲ

'ဒီလူနှယ်ဗျာ၊ ဘာဖြစ်လို့များ ခင်ဗျားကို ဒီကိစ္စထဲ ဆွဲသွင်းလာတာလဲ မသိဘူး၊ ခင်ဗျား ပါတော့ကော ဘာတတ်နိုင်မှာတဲ့လဲ၊ ဒီနေ့ မနက် သူ့ကို တွေ့တော့ ခင်ဗျားဆီကို စာရေးထားတဲ့ အကြောင်း ပြောပြတယ်၊ ဒါနှင့် တော် လာခဲ့ရတာပဲ၊ ကျွန်တော့် စိတ်နှင့် ကျွန်တော့်ကိုယ် ဆိုရင်တော့ ပါဘူး'

'မစ္စတာ ဂါရီဒက်က စဉ်းစဉ်းစားစား မပြောဘဲကိုးဗျ၊ သူက ခင်ဗျား ဆေတနာနှင့် ဒီကို လွှတ်လိုက်တာပါ၊ ခင်ဗျား ရည်ရွယ်ချက် အောင်မြင် ဆိုပါတော့၊ ဒီရည်ရွယ်ချက်ဟာလည်း ခင်ဗျားတို့ နှစ်ယောက်စလုံး က် အင်မတန် အရေးကြီးပါတယ်၊ ကျုပ်ဆီ သွားရင် သိချင်တာတွေ သိ ယ် ဆိုတာ မစ္စတာ နသန် သိတယ်ဗျ၊ ဒါကြောင့် ကျုပ်နှင့် တွေ့ဖို့ ချိန်းတာ ပဲ'

ကျွန်ုပ်တို့ ဧည့်သည်၏ ဒေါသ ထွက်နေသော မျက်နှာထားသည် ပြည်းပြည်း ပျောက်ကွယ်သွားလေ၏။

'အင်း ဒီလို ဆိုရင်တော့ တစ်မျိုးပေါ့ဗျာ၊ ဒီနေ့ မနက် သူ့ဆီကို ရောက် တဲ့ အခါကျတော့ သူ စုံထောက် တစ်ယောက်ဆီကို စာရေးထားတယ်လို့ တယ်၊ ဒီတွင် ကျွန်တော်ကလည်း ခင်ဗျား လိပ်စာကို တောင်းပြီး တန်းလာ တာပဲ၊ ကိုယ်ရေးကိုယ်တာ ကိစ္စမှာ ပုလိပ် ဝင်ပါတာကို ကျွန်တော် မကြိုက် ဘူး၊ ဒီတော့ စုံထောက်ကြီး ကျွန်တော်တို့ကို ကူညီချင်တယ် ဆိုရင် ကျွန် တော်တို့ လိုချင်တဲ့ လူကို ရှာပေးပါ၊ စုံထောက်ကြီး အတွက်လည်း အန္တရာယ် နိုင်ပါဘူး'

'ဟုတ်ပြီလေ၊ ဒါကတော့ ထားပါတော့၊ ခု ခင်ဗျား ကိုယ်တိုင် ဒီကို တက်နေတဲ့ အတွက် အဖြစ်အပျက်ကို ခင်ဗျား ပါးစပ်က ထုတ်ပြောတာကို ရရင် မကောင်းပေဘူးလား၊ ဟောဒီက ကျုပ် မိတ်ဆွေကြီး ဆိုရင် ဘာမှ သေးစိတ်ကို သိသေးတာ မဟုတ်ဘူး'

မစ္စတာ ဂါရီဒက်သည် ကျွန်ုပ်အား နှစ်မြို့ခြင်း မရှိသော အကြည့်ဖြင့် ချက်မျှ လှမ်းကြည့်လိုက်လျက်

'သူ သိဖို့ လိုသေးသလားဗျာ'

'ကျုပ်တို့ နှစ်ယောက်က အမြဲတမ်း အတူတူ လုပ်နေကျပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါပြီလေ၊ ဒီကိစ္စက အထူး လျှို့ဝှက်စရာတော့ မရှိလှပါ အချက်အလက်တွေကို တတ်နိုင်သလောက် အတိုချုံးပြီး ပြောပါ့မယ်၊ စုံထောက်ကြီးတို့သာ ကင်းဆပ် ပြည်နယ်ကို ရောက်ဖူးရင် အယ်လိပ်ဇန်ဒါ ဟယ်မီ ဂါရီဒက် ဆိုတာ ဘယ်သူလို့ အထူး ပြောစရာ လိုမယ် မထင်ပါဘူး၊ သူ အစတုန်းက မြေပိုင်ရှင်ကြီး ခင်ဗျ၊ မြေ အရောင်းအဝယ် လုပ်ရင်း ချမ်းသာ လာတယ်၊ နောက်တော့ ရှီကာဂိုမှာ ဂျုံ သူဌေးကြီး ဖြစ်လာတယ်၊ ဒါပေမဲ့ အဓိက လုပ်တာကတော့ မြေ အရောင်းအဝယ်ပါပဲ၊ မြေကတော့ ဘယ်လောက် များများ ပိုင်သလဲ ဆိုရင် ဟောဒီ ခင်ဗျားတို့ဆီက ပြည်နယ်ကလေး တစ်ခု လောက်တောင် ရှိတယ် ခင်ဗျ၊ ဒေါ့ အနောက်ဘက် အာကင်းဆတ် မြစ် တစ်လျှောက်မှာ ဆိုရင် သူ့မြေတွေ လက်ညှိုးထိုး မလွဲဘူး ဆိုပါတော့၊ အဲဒီ မြစ် တစ်ရိုးက စားကျက် မြေတွေ၊ သစ်တော မြေတွေ၊ စိုက်ပျိုး မြေတွေနဲ့ သယံဇာတ ပစ္စည်းတွေ ထွက်တဲ့ မြေတွေကလည်း အထွက် ကောင်းလိုက်တာ မပြောပါနှင့်တော့၊ ရေများရာ မိုးရွာ ဆိုသလို ငွေတွေ သဲ့ယူရလောက်အောင် ရတာ ခင်ဗျ။

'သူ့မှာ ဆွေမျိုးရင်းချာ ဆိုလို့ တစ်ယောက်မှ မရှိဘူး ခင်ဗျ၊ ရှိတယ် ဆိုရင်လည်း ကျွန်တော်တော့ မကြားဖူးဘူး၊ ဒါပေမဲ့ သူက သူ့နာမည် ဆန်း တာကို တော်တော် ဂုဏ်ယူတတ်တယ် ခင်ဗျ၊ ဒီကိစ္စကြောင့် သူနှင့် ကျွန်တော် ရင်းရင်းနှီးနှီး ဖြစ်လာခဲ့ကြတာပေါ့၊ အဲဒီတုန်းက ကျွန်တော်က တိုပီကာမှာ ရှေ့နေ လိုက်နေတယ် ခင်ဗျ၊ တစ်နေ့တော့ သူ့ဆီက လူတစ်ယောက် ကျွန်တော့် ဆီကို ရောက်လာတယ် ခင်ဗျ၊ အဘိုးကြီးက သဘောကောင်း ပေါင်းလဲ ဖြစ်လေတော့ သူနှင့် နာမည်တူ ရှိတဲ့ လူတစ်ယောက်ကို တွေ့ချင်လို့တဲ့၊ သူ့ နာမည်မျိုး ရှိတဲ့ လူတွေကို ဒီလိုပဲ စိတ်ဝင်စားလေ့ ရှိတာ သူ့ဝါသနာ ဖြစ် နေတာကိုး ခင်ဗျ၊ လောကကြီးမှာ သူ့လို ဂါရီဒက် ဆိုတဲ့ နာမည်မျိုးနှင့် ဘယ်နှယောက် ရှိသလဲ၊ ရှိတဲ့ လူ မှန်သမျှကို တွေ့ချင်နေသတဲ့၊ ကျွန်တော် နှင့် တွေ့တော့ ဒီလို နာမည်တူ ရှိတဲ့ လူမျိုးကို လိုက်ရှာစမ်းကွာလို့ ကျွန်တော့် ကို အရှာ ခိုင်းတယ် ခင်ဗျာ၊ ဒီတော့ ကျွန်တော်က ကျွန်တော့်မှာ အင်မတန် အလုပ် များတဲ့ အကြောင်း၊ ကမ္ဘာ အနှံ့ လျှောက်သွားပြီး လိုက်ရှာဖို့ အချိန် မရကြောင်း ပြောပြတယ်၊ ဒီတော့ သူက ဒီလို ဆိုရင်လည်း နေပေါ့ကွာ၊ ဒါ ပေမဲ့ တစ်နေ့မှာ ငါ စီစဉ်ထားတဲ့ အတိုင်း ဖြစ်လာရင်တော့ မင်း ဒီနာမည်မျိုး နှင့် လူတွေကို လိုက်ရှာရမှာပါလို့ ပြောတယ် ခင်ဗျ၊ အစတုန်းကတော့ နောက်





ပြောင် ပြောတယ် ထင်တာပေါ့ ခင်ဗျ၊ ဒါပေမဲ့ စုံထောက်ကြီးရေ၊ နောင် ပြောင် ပြောတာ မဟုတ်ဘူး ခင်ဗျ၊ သူ ပြောတဲ့ စကားတွေဟာ ဘယ်လောက် အဓိပ္ပာယ် လေးနက်တယ် ဆိုတာကို နောက်ကျမှ သိလာရတယ်။

'ဒီစကားကို ပြောပြီးတဲ့နောက် တစ်နှစ်လောက် ကြာတဲ့ အခါကျတော့ ဆုံးသွားတယ် ခင်ဗျ၊ သေတော့ သေတမ်းစာ တစ်ခု ထားပစ်ခဲ့တယ်၊ ကျွန်တော့် အထင် ပြောရမယ် ဆိုရင် ဒီသေတမ်းစာဟာ ကင်းဆပ်နယ်မှာဖြင့် အထူးဆန်းဆုံး သေတမ်းစာပဲလို့ ထင်တာပဲ ခင်ဗျာ၊ သူ့ပစ္စည်းတွေကို သုံးစု ခွဲပြီး ကျွန်တော့်ကို တစ်စု ပေးခဲ့တယ် ခင်ဗျ၊ ဒါပေမဲ့ ခြွင်းချက်နှင့် ပေး တာ။ တခြား ကျွန်တော့်လို ဂါရီဒက် နာမည်တူတဲ့ လူနှစ်ယောက်ကို တွေ့မှ ကျွန်တော်ဟာ သုံးပုံ တစ်ပုံကို ခံစားပိုင်ခွင့် ရှိရမယ်လို့ သေတမ်းစာမှာ ရေး ခဲ့တယ် ခင်ဗျ၊ ကြည့်လိုက်တော့ တစ်စုကို ဒေါ်လာ ငါးသန်းစီ ရှိတယ်ဗျ၊ ဒါပေမဲ့ ခက်တာက ကျွန်တော်တို့ သုံးယောက် မစုံသေးသမျှ ဒီဝေစုကို ခံစား ခွင့် မရှိတော့ ခက်နေတာပေါ့ ခင်ဗျာ။

'အခွင့်အရေးက နည်းတဲ့ အခွင့်အရေးလား ခင်ဗျာ၊ ဒီတော့ ကျွန်တော် လည်း ရှေ့နေ မလိုက်တော့ဘဲ နောက် ဂါရီဒက် နှစ်ယောက်ကို ရှာပုံတော် ဖွင့်ရတော့တာပေါ့၊ အမေရိကန် ပြည်ထောင်စု တစ်ခုလုံး လှည့်ရှာလိုက်တာ ဂါရီဒက် ဆိုလို့ တစ်ယောက်မှ ရှာလို့ မတွေ့ဘူး ခင်ဗျ၊ ရှာလိုက်ရတာ ခင်ဗျာ၊ ခေါင်းပေါက် ရှာသလောက် နီးနီး လိုက်ရှာရတာပါပဲ၊ ဒါပေမဲ့ တစ်ယောက်မှ မတွေ့ပါဘူး၊ ဒါနှင့် ကျွန်တော် အင်္ဂလန်ကို လာရှာပြန်တယ် ခင်ဗျ၊ လန်ဒန်ကို ရောက်တော့ တယ်လီဖုန်း လမ်းညွှန် စာအုပ်ထဲမှာ ဂါရီဒက် ဆိုတဲ့ နာမည်ကို သွားတွေ့တယ် ခင်ဗျ၊ ဒါနှင့် လွန်ခဲ့တဲ့ နှစ်ရက်လောက်ကတော့ ကျွန်တော် သူ့ဆီကို လိုက်သွားပြီး အကျိုး အကြောင်း ပြောပြပါတယ်၊ ဒါပေမဲ့ သူက လည်း ကျွန်တော့်လို လူလွတ် တစ်ယောက် ဖြစ်နေတယ် ခင်ဗျ၊ ဆွေမျိုးထဲက ဆိုလို့ မိန်းမတွေသာ ရှိပြီး ယောကျ်ား မရှိဘဲ ဖြစ်နေတယ်၊ သေတမ်းစာထဲ မှာ ပါတာက အရွယ် ရောက်ပြီးတဲ့ ယောကျ်ား ဖြစ်ရမယ်လို့ ပါတယ်၊ ဒီတော့ ကျွန်တော်တို့မှာ တစ်ယောက် လိုနေပြန်ရော ခင်ဗျ၊ ဒါကြောင့် ကျွန်တော်တို့ ကို ဂါရီဒက် အမည်နှင့် နောက်ထပ် တစ်ယောက်လောက် ရှာပေးပါ စုံထောက် ကြီးရယ်၊ ကျသလောက် ကျွန်တော်တို့ အကုန်ခံပါ့မယ်'

ရှားလော့ဟုမ်းက ခပ်ပြုံးပြုံးဖြင့်

'ကဲ အိုင်ဆေးရေ၊ အလုပ်က ရှုနှမ်းနှမ်းရယ်လို့ ကျုပ် ပြောခဲ့တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ ဘယ့်နှယ်လဲ၊ နည်းနည်း ခပ်နွမ်းနွမ်း မနိုင်ဘူးလား၊ ကျုပ် အ ပေးချင်တာကတော့ သတင်းစာ လူပျောက် ကြော်ငြာကနေပြီး ကြော်ငြာ ဗျာ'

'ကြော်ငြာ ပြီးပြီ ခင်ဗျ၊ ဒါပေမဲ့ ဘာမှ အကြောင်း မထူးဘူး'

'အင်း ဒီလို ဆိုပြန်တော့လည်း ခင်ဗျား ပြဿနာက ခပ်ကျပ်ကျ ကလားဗျို့၊ အေးလေ၊ အားတဲ့ အခါ ကျုပ် ကြိုးစားကြည့်ပါဦးမယ်၊ ဒါ ခင်ဗျားက တိုပီကာက လာတာနော်၊ တိုပီကာမှာ ကျုပ် အသိ တစ်ယော တယ်ဗျ၊ ခုတော့ သေရှာပါပြီ၊ ဒေါက်တာ လိုင်ဆင်ဒါ စတားတဲ့ဗျ၊ ဘ ခုနှစ်တုန်းကတောင် အဲဒီ မြို့တော်ဝန် ဖြစ်ခဲ့သေးတယ်'

ကျွန်ုပ်တို့၏ ဧည့်သည်က

'သိတာပေါ့ ခင်ဗျာ၊ အလွန် စိတ်ရင်းကောင်း ရှိတဲ့ ဒေါက်တာကြီး ခုအထိ သူ့နာမည်နှင့် ဂုဏ်သိက္ခာကို လေးစားကြတုန်းပါပဲ၊ ကဲ စုံထောက် ရေ၊ ခုတော့ ကျွန်တော်တို့ ရှာပုံတော် ကိစ္စနှင့် ပတ်သက်လို့ နောက် ဖြစ်လာ အခြေအနေကို စုံထောက်ကြီးဆီ သတင်း ပို့ရုံလောက်ပဲ လုပ်နိုင်ဦးမှာပဲ၊ ရက် နှစ်ရက်လောက် ရှိရင်တော့ အကြောင်း ထူးတန် ကောင်းပါရဲ့'

အမေရိကန် ဧည့်သည်သည် ကျွန်ုပ်တို့ကို ဦးညွတ် နှုတ်ဆက်ပြီးနေ ပြန်သွားလေ၏။

ရှားလော့ဟုမ်းမှာ ဆေးတံကို မီးညှိပြီးလျှင် ခပ်ဆန်းဆန်း ပြုံး ကုလားထိုင်ပေါ်တွင် ထိုင်လျက် ရှိလေ၏။

'ဘာများ ထူးလို့လဲဗျ'

'စဉ်းစားတုန်းပဲဗျို့၊ စဉ်းစားတုန်းပဲ'

'ဘာတွေကိုများ စဉ်းစားနေတာလဲ'

ရှားလော့ဟုမ်းသည် ဆေးတံကို ပါးစပ်မှ ချွတ်လိုက်လျက်

'ဒီလူဟာ ကျုပ်တို့ကို ဘာကြောင့်များ ဒီလောက် မဟုတ်တရုတ် လီဆယ် ပြောသွားရသလဲ ဆိုတာကို စဉ်းစားနေတာဗျ၊ ကျုပ် စိတ်ထဲမှာ ဖွင့်မေးချင်လိုက်တာဗျာ၊ ယားနေတာပဲ၊ မနည်းကြီး အောင့်ထားရတယ်၊ တ တစ်ခါကျတော့လည်း ဒီလို တဲ့တိုးကြီး မေးမှ တော်ကာ ကျတယ်ဗျို့၊ သို့ လည်း မသိဟန် ဆောင်နေလိုက်တာက ကောင်းတယ်လို့ ယူဆတာနှင့် အ ငြိမ်နေလိုက်တာ၊ လူကို ကြည့်လိုက်တော့ အင်္ဂလိပ်၊ ကုတ်အင်္ကျီက တံတော ဆစ် ပြဲနေပြီဗျ၊ ဘောင်းဘီကလည်း တစ်နှစ်လောက် ဝတ် ထား လေ





နေရာက ပွယောင်းနေပြီ၊ သို့သော်လည်း သူ ပြောတဲ့ စကားနှင့် သူ တဲ့ စာ အရ ဆိုရင် သူဟာ လန်ဒန်ကို ရောက်လာတာ မကြာခင် ရောက်လာတဲ့ အမေရိကန် တောသားပုံ လုပ်ထားတယ်၊ သတင်းစာက က် ကြော်ငြာတွေထဲမှာလည်း ကြော်ငြာ ပြီးပြီလို့သာ ပြောတယ်၊ ဘာ ငြာမှလည်း မတွေ့ရဘူးဗျ၊ သတင်းစာက လူပျောက် ပစ္စည်းပျောက် ငြာတွေကို ကျုပ် အမြဲ ဖတ်တာပဲဗျာ၊ ကျုပ် သိတာပေါ့၊ သတင်းစာ က် ပစ္စည်းပျောက် ကြော်ငြာ ကော်လံတွေဟာ ကျုပ်အဖို့ အင်မတန် ဆောင်ဖို့ ကောင်းတဲ့ ထောင်ချောက်တွေကပဲ၊ ဒီလောက် ကြီးတဲ့ ရစ်ကြီး ကောင်ကို ကျုပ် ဘယ်မတွေ့ဘဲ နေပါ့မလဲ၊ တွေ့လိုက်မှာပေါ့။

'ပြီးတော့ တိုပီကာမှာ ဒေါက်တာ လိုင်ဆင်ဒါ စတား ဆိုတာလည်း ယ် ရှိ မရှိ ကျုပ် မသိဘူးဗျ၊ ဒီငနဲကို မသင်္ကာတာနှင့် တွေ့ရာ နာမည် တို ကောက်ပြောပြီး အငိုက် ဖမ်းကြည့်လိုက်တာ၊ လူကတော့ အမေရိကန် ပါပဲ၊ သို့သော်လည်း လန်ဒန်မှာ အနေ ကြာလာတော့ အသံ ဝဲတာတွေ တွေ မရှိတော့ဘူး၊ ဒီတော့ ဒီငနဲဟာ ကျုပ်တို့ဆီကို ဘာရည်ရွယ်ချက်နှင့် လာတာလဲ၊ ဂါရီဒက် ဆိုတဲ့ လူကို ရှာချင်ယောင် ဆောင်တာရဲ့ နောက် မှာ ဘာ ရည်ရွယ်ချက် ရှိသလဲ၊ တော်တော်လေးတော့ စိတ်ဝင်စားဖို့ င်းတာ အမှန်ပဲ၊ ဒီငနဲဟာ လူဆိုး တစ်ဦး ဖြစ်တယ်ပဲ ထား၊ တော်တော် ဉာဏ် ကောင်းပြီး တော်တော် ဉာဏ်များတဲ့ ငနဲ ဆိုတာကတော့ ထင် ယ်၊ ပြီးတော့ ကျုပ်တို့ဆီကို စာ ရေးတဲ့ နသန် ဂါရီဒက် ဆိုတဲ့ လူက သူ့လိုများ အတု ဖြစ်နေမလား ဘာလား ဆိုတာ စုံစမ်းဖို့ လိုလာပြီ၊ ဆေး၊ အဲဒီ လူဆီကို တယ်လီဖုန်း ဆက်ကြည့်စမ်းဗျာ'

ကျွန်ုပ်က တယ်လီဖုန်း ဆက်ကြည့်သည့် အခါတွင် တုန်ယင်သည့် သေးသေး တစ်ခုကို တယ်လီဖုန်းထဲမှ ကြားနေရလေ၏။

'ဟုတ်ပါတယ်ဗျ၊ ကျွန်တော် နသန် ဂါရီဒက်ပါ၊ စုံထောက်ကြီး မစ္စတာ ရှိပါသလား ခင်ဗျာ၊ ဟုတ်ကဲ့ စုံထောက်ကြီးနှင့် စကား ပြောချင်ပါတယ် ဗျာ'

ရှားလော့ဟုမ်းက တယ်လီဖုန်းကို ကောက်ယူလိုက်သည့် အခါ တယ် ်းမှ စကား တစ်ပိုင်းတစ်စ ကြားနေရလေ၏။

'အင်း ဟုတ်တယ်၊ သူ လာသွားတယ်၊ ခင်ဗျားနှင့် သိမယ်လို့တော့ င်ပါဘူး၊ … ဘယ်လောက် ကြာပြီလဲ၊ ဗျာ… နှစ်ရက်လောက်ပဲ ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဟုတ်စ၊ ... ဟုတ်တယ်၊ ဟုတ်တယ်၊ အင်း မက်မယ်ဆိုလည်း သောက်စရာကိုး၊ ... ဒီနေ့ည အိမ်မှာ ရှိမလား၊ ... ကောင်းပြီလေ ဒီ ကျုပ်တို့ လာခဲ့တာပေါ့၊ သူ မပါဘဲ စကား ပြောချင်တယ်ဗျ၊ ... ဒေါ ဝပ်ဆင်လည်း ပါမယ်၊ ... ခင်ဗျားစာ အလို အတိုင်း ဆိုရင်တော့ ခင် လည်း အပြင်တို့ ဘာတို့ကို သိပ် ထွက်လေ့ ထွက်ထ မရှိဘူး မဟုတ် ... ကောင်းပြီလေ ကျုပ်တို့ ညနေ ခြောက်နာရီ တစ်ဝိုက်လောက် မယ်၊ ကျုပ်တို့ လာမယ့် အကြောင်းကို အမေရိကန် ရှေ့နေကို မပြောနှင့် ... ကောင်းပြီ၊ ဂွတ်ဘိုင်'

သာယာသည့် နွေဦးပေါက် ရာသီ ညနေခင်း အချိန် ဖြစ်လေရာ အ လမ်းမကြီးမှ ဖြာထွက်သည့် လမ်းကျဉ်းကလေး တစ်ခု ဖြစ်သော ရိုင်ဒါ သည်ပင်လျှင် ရွှေရောင်တောက်ကာ ဝင်လုဆဲ နေခြည်များ အောက်တွင် လျက် ရှိလေ၏။

ကျွန်ုပ်တို့ သွားရမည့် အိမ်မှာ ရှေးပုံစံ ဆောက်ထားသည့် အိမ် တစ်လုံး ဖြစ်ပြီး ဂျော့ဂျီယန် ခေတ်ဦးတွင် ဆောက်ထားခဲ့သည့် အိမ်ပုံမျိုး လျက် အောက်ထပ်တွင် ပြတင်းကျယ်ကြီး နှစ်ပေါက်သာ ဖောက်ထား တိုက်ခံ အိမ်ကြီး တစ်လုံး ဖြစ်ပေ၏။ ထိုပြတင်းပေါက်ကျယ်ကြီး နှစ်ပေါ အခန်းကျယ်ကြီး တစ်ခု၏ ပြတင်းပေါက်များ ဖြစ်သည့် အတွက် ကျွန်ုပ် အမှုသည်မှာ နေ့လယ် နေ့ခင်းတွင် ထိုပြတင်းပေါက်ကြီး နှစ်ပေါက် အနီး ထိုင်နေကျ ဖြစ်ဟန် တူပေ၏။

အိမ်ထဲသို့ ဝင်မည် ပြုသည့် အခါတွင် ရှားလော့ဟုမ်းက ထူးဆန်း နာမည် ရေးထားသော ကြေးဝါ ဆိုင်းဘုတ်ကလေးကို ကျွန်ုပ်အား ပြ

ရှားလော့ဟုမ်းသည် အရောင် မှိန်နေပြီ ဖြစ်သည့် ကြေး ဆိုင်းဘုတ် လက်ညှိုး ထိုးပြလိုက်ရင်း

'နှစ် တော်တော် ကြာဟန် တူပြီဗျ၊ သူ နာမည်ကတော့ အမှန် ရတယ်၊ အင်း ဒီအချက်ကလေးကို မှတ်ထားရမှာပေါ့လေ'

အိမ်ကြီးတွင် လှေကား တစ်စင်းတည်း ရှိလေ၏။ လှေကား အ ရှေ့ခန်းထဲတွင် ဆိုင်းဘုတ်များဖြင့် ပြည့်နှက်လျက် ရှိရာ အချို့မှာ လူနေ ခန်းများ ဖြစ်ပြီး အချို့မှာ ရုံးခန်းများ ဖြစ်ဟန် ရှိပေ၏။ အိမ်ကြီးမှာ မိသား နေရန် ငှားသည့် အိမ်မျိုး မဟုတ်ဘဲ လူပျို လူလွတ်များ နေရန် ငှားသည့် မျိုး ဖြစ်လေ၏။



ကျွန်ုပ်တို့ အမှုသည်က သူ ကိုယ်တိုင် တံခါး ဖွင့်ပေးပြီးလျှင် အခန်း အမျိုးသမီးမှာ လေးနာရီတွင် အလုပ်မှ ပြန်သွားသည့် အတွက် ကိုယ် ထဖွင့် ပေးရခြင်း ဖြစ်ကြောင်း တောင်းပန်ခြင်း ပြုလေ၏။

မစ္စတာ နသန် ဂါရီဒက်မှာ အရပ် မြင့်မြင့်၊ အရိုး အဆစ် ကြီးကြီး၊ ကျယ်ကျယ်၊ ပိန်ပိန်ပါးပါး၊ ခေါင်း ပြောင်ပြောင်နှင့် ဖြစ်ပြီး အသက် ဆယ်ကျော်ခန့် ရှိလေပြီ။ သူ့မျက်နှာမှာ လူသေ၏ မျက်နှာကဲ့သို့ ဖြူ ကျ ရှိပြီး အသားရောင်မှာ ကျန်းမာရေး လေ့ကျင့်ခန်းကို တစ်ခါမျှ လုပ် မရှိသည့် လူတစ်ယောက်၏ ဖျော့တော့နေသော အသားအရေမျိုး ဖြစ် ၏။ ကြီးမားလှသော မျက်မှန် ကိုင်းကြီးများ၊ ချွန်းထွက်နေသည့် မုတ် မွေးနှင့် ခါးကိုင်းကိုင်းတို့ကြောင့် မစ္စတာ ဂါရီဒက်၏ ပုံသဏ္ဌာန် တစ်ခု မှာ အထူးအဆန်း ပစ္စည်း တစ်ခုနှင့် တူပေ၏။ သို့ရာတွင် အားလုံးကို ခြုံ လိုက်လျှင်မူ ခပ်ကြောင်ကြောင် နိုင်သည့်တိုင် ခင်မင်ဖွယ် ကောင်းသူ လောက် ဖြစ်ပေ၏။

အခန်း ပိုင်ရှင်ကဲ့သို့ပင် အခန်းမှာလည်း ခပ် ဆန်း ဆန်း ဖြစ်ပေ၏။ တစ်ခုလုံးသည် ပြတိုက် အသေးစားကလေး တစ်ခုသဖွယ် ဖြစ်လျက် ၏။ အခန်း ပတ်ပတ်လည်တွင် ကြောင်အိမ်များ၊ ဗီရိုများဖြင့် စီတန်း ရှိပြီး အထဲတွင် ဓာတုဗေဒ ဆိုင်ရာ နမူနာ ပစ္စည်းများ၊ ခန္ဓာဗေဒ ရာ နမူနာ ပစ္စည်းများဖြင့် ပြည့်နှက်လျက် ရှိပေ၏။ အဝင်ဝ တစ်ဖက် ဘက်တွင်လည်း လိပ်ပြာများနှင့် ပိုးကောင်ကလေးများ ထည့်ထားသည့် သေတ္တာများကို တွေ့ရလေ၏။ အခန်း အလယ်ကောင်ရှိ စားပွဲကြီး တစ်လုံး တွင်မူ ပစ္စည်း အတိုအစတွေ ပွစာကျဲလျက် ရှိပြီး ထိုပစ္စည်းများ၏ အလယ် ကောင်တွင် အားကောင်းလှသော မှန်ဘီလူးကြီး တစ်ခု၏ ကြေး ပြောင်းရှည် တစ်ခုသည် ထိုးထိုးထောင်ထောင် ဖြစ်လျက် ရှိလေ၏။ အခန်း ပတ်ပတ် ကို လှည့်ကြည့်ရင်း ကျွန်ုပ်သည် သူ၏ များပြား မျိုးစုံလှသော ဝါသနာ ကြည့်၍ အံ့အားသင့်လျက် ရှိပေ၏။

တစ်နေရာတွင် ရှေးဟောင်း ဒင်္ဂါးများကို ထည့်ထားသည့် သေတ္တာကြီး လုံး ရှိပြီး အခြား တစ်နေရာတွင်မူ ရှေးဟောင်း ကျောက်လက်နက်များ ထားသည့် သေတ္တာကြီး တစ်လုံးလည်း ရှိလေ၏။ ထိုသေတ္တာကြီးများ ဝလာစတာဖြင့် ထုထားသည့် ဦးခေါင်းခွံများကို တွေ့ရပြီး ထိုဦးခေါင်းခွံ အောက်တွင် နီယန်ဒါသဲလူ၊ ဟိုက်ဒယ်ဘတ်လူ၊ ကရိုမက်ညွန်လူ စသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရေးသားထားသည်ကို တွေ့ရလေ၏။ ဤသည်ကို ထောက်လျှင် ကျွန်ုပ်တို့ အိမ်ရှင်မှာ အကြောင်းအရာ တော်တော်များများကို လေ့လာ လိုက်စားသူ ယောက် ဖြစ်ကြောင်း သိနိုင်ပေ၏။

ထိုလူသည် ကျွန်ုပ်တို့ ရှေ့တွင် ရပ်လျက် ရှိရင်း လက်ထဲတွင် ဆိတ်ရေဖြင့် ပြုလုပ်သည့် လက်သုတ်ပဝါ ပါးပါးကလေး တစ်ထည်ကို ရင်း ရှေးဟောင်း ဒင်္ဂါးပြား တစ်ပြားကို သုတ်လျက် ရှိလေ၏။

ထို့နောက် ဒင်္ဂါးပြားကို ထောင်ပြလိုက်လျက်

'ဆိုက်ရေးကျူးစ် ကျွန်းက ဒင်္ဂါး ခင်ဗျာ၊ အဲဒီ ခေတ်မှာတော့ ကျေးမှု အထွန်းကားဆုံး ခေတ်ကြီး တစ်ခေတ်ပေါ့၊ ဒါပေမဲ့ အဲဒီခေတ် ကု နီးကျတော့ ဒင်္ဂါး သွန်းတဲ့ အတတ်က တော်တော်လေး တိမ်ကောသွား ဗျ၊ ဒါပေမဲ့ ကျုပ်ကတော့ ဒီလောက် အရည်အသွေး ကောင်းတဲ့ လက်ရာ တစ်ခါမှ မတွေ့ခဲ့ဖူးသေးဘူး၊ တချို့ကတော့လည်း အယ်လိပ်ဇန်ဒရား ခေတ် ဒင်္ဂါးတွေကို ပိုပြီး တန်ဖိုး ထားကြတယ်၊ စုံထောက်ကြီးရေ၊ အဲဒီနားမှာ ကု ထိုင် တစ်လုံး ရှိလိမ့်မယ် ထင်တယ်၊ ကြည့်သာ ထိုင်ပေတော့၊ ခဏက နော်၊ ကျုပ် ဒီ အရိုးတွေကို သိမ်းလိုက်ဦးမယ်၊ ဟောဒီက မိတ်ဆွေကြီးက ဩော်၊ ဒေါက်တာ ဝပ်ဆင်နော်၊ အဲ တစ်ဆိတ် ဂျပန် ကြွေအိုးကလေးကို ဖယ်ထားလိုက်ပါလား ဗျာ၊ ကျုပ် အခန်းကတော့ ရှုပ်လို့ဗျို့၊ ကျုပ် အ ကြည့်လိုက်ရင် ကျုပ် ဘာတွေ ဝါသနာ ပါတယ် ဆိုတာ ခင်ဗျားတို့ သိ ကျုပ် ဆရာဝန်ကတော့ ကျုပ်ကို အပြင်ကို လုံးဝ မထွက်ရဘူးတဲ့ဗျ၊ ဒါ ထွက်စရာ မလိုတော့ပါဘူးဗျာ၊ ကျုပ် အခန်းမှာ စိတ်ဝင်စားစရာတွေ နေတဲ့ ဥစ္စာပဲ၊ ဒီပြင်ဟာကို မကြည့်နှင့်၊ ဟောဒီက သေတ္တာတွေကို က လောက် လုပ်ရင်ကို ကျုပ်မှာ သုံးလလောက် အချိန် ကုန်မှာ'

ရှားလော့ဟုမ်းသည် စူးစမ်းသည့် ဟန်ဖြင့် ဘေးပတ်ဝန်းကျင်ကို လျက် ရှိလေ၏။

'ဦးလေး အပြင်ကို ဘယ်တော့မှ မထွက်ဘူးလို့ ခုတွင်က ပြော တယ် နော်'

'ဆုသဗီနှင့် ခရစ္စတီ လေလံဆိုင်ကြီးတွေကိုတော့ မြင်းရထားနှင့် တတ်ပါတယ်၊ အဲဒီ နေရာတွေက လွဲရင်တော့ ကျုပ် အခန်းက ကျုပ် ဘယ် မှ မခွာပါဘူးဗျ၊ ကျုပ်က တယ်ပြီး ကျန်းမာရေး မကောင်းဘူးလေ၊ ဒီအ ကျုပ်ရဲ့ သုတေသနကလည်း အချိန် သိပ်ကုန်တာ၊ ဒါပေမဲ့ မစ္စတာ ဟုမ်



တစ်သက်မှာ အိပ်မက် မမက်ဖူးတဲ့ စည်းစိမ် ဥစ္စာတွေကို ရမယ် ကျုပ် ဘယ်လောက် တအံ့တသြ ဖြစ်သွားတယ် ဆိုတာ စဉ်းစားသာ ပေတော့၊ အံ့သြတယ် ဆိုပေမဲ့ အရသာ ရှိတဲ့ အံ့သြနည်းပါ၊ ခုတော့ ထပ် ဂါရီဒက် ဆိုတဲ့ လူတစ်ယောက်ကိုပဲ ရှာဖို့ လိုတော့တာပေါ့၊ တွေ့ တွေ့ပါလိမ့်မယ် ထင်ပါရဲ့ဗျာ၊ ကျုပ်မှာ ညီ တစ်ယောက်တော့ ရှိတယ်၊ မဲ့ သူက သေပြီ၊ အမျိုးသမီးကို အသိအမှတ် မပြုတော့လည်း ခက်သား ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကမ္ဘာပေါ်မှာ ဂါရီဒက် ဆိုတဲ့ လူတော့ ရှိရဦးမှာ ဗျာ၊ စုံထောက်ကြီးကတော့ အမှု ခပ်ဆန်းဆန်း ကိုင်တွယ်တတ်တယ်လို့ ကြားတာနှင့် စုံထောက်ကြီးဆီကို စာရေးလိုက်တာပဲ၊ အင်း စုံထောက်ကြီး ဆီကို လာတဲ့ အမေရိကန် ရှေ့နေ ဆိုတာလည်း အစစ်အမှန် ဖြစ်ပါလိမ့် ထင်ပါရဲ့၊ တကယ်ကတော့ သူနှင့် တိုင်ပင် လုပ်ရင်တော့ ပိုကောင်းတာ လေ၊ သို့သော်လည်း ကျုပ်လည်း အကောင်းဆုံး တတ်နိုင်သမျှ လုပ်တာ'

'ဟုတ်ကဲ့၊ ဦးလေး လုပ်တာ မှန်ပါတယ် ခင်ဗျာ၊ သို့သော်လည်း မေးပါ ခင်ဗျာ၊ အမေရိကန် ပြည်ထောင်စုမှာ မြေပိုင် ယာပိုင် ပိုင်ချင်တဲ့ စိတ်ကော ယ်များ ပေါ်ရဲ့လား'

'တယ်ပြီးတော့ စိတ်ပါလှတယ် မဟုတ်ပါဘူးဗျာ၊ တကယ် ပြောရရင် ဟောဒီက ကျုပ် စုဆောင်းထားတဲ့ ပစ္စည်းတွေကို ဘယ့်နှယ်လုပ်မှ ိုင်ပါဘူး၊ သို့သော်လည်း အမေရိကန် ရှေ့နေရဲ့ အပြောက ကျုပ်တို့ ကိစ္စ အားလုံး ပြီးပြတ်သွားရင် ကျုပ် ပိုင်တဲ့ ဝေစုကိုလည်း သူပဲ ဝယ်ပါ့မယ်လို့ သွားတယ်ဗျ၊ ဝေစုက ဒေါ်လာ ငါးသန်းဖိုးလောက် ရှိမယ်လို့ ပြောတာပဲ၊ လော ရှေးဟောင်း ပစ္စည်း ဈေးကွက်မှာ ပစ္စည်း အဟောင်းတွေ အတော် နေတယ်ဗျာ၊ ပိုက်ဆံ မရှိတာနှင့် မဝယ်နိုင် ဖြစ်နေတယ်၊ ဒေါ်လာ ငါး သာ ရမယ် ဆိုရင်တော့ ကျုပ် ဘာတွေ လုပ်မယ် ဆိုတာ ခင်ဗျားတို့ သာ ကြည့်ပေတော့ပေါ့၊ ကျုပ်မှာ ရှေးဟောင်း ပစ္စည်း တော်တော် စုမိနေပြီဗျ၊ ကျုပ်တို့ ခေတ်မှာ ကျုပ်လည်း ဟန်ဆလုံးတို့လို ရှေး င်း ပစ္စည်း စုတဲ့ နေရာမှာ နံပါတ်တစ် ဖြစ်ရမှာပေါ့ဗျာ'

မျက်မှန်ပိုင်းကြီး အောက်မှ သူ့ မျက်လုံးများသည် တလက်လက် တောက် ရှိလေရာ ထိုအချက်ကို ကြည့်၍ နသန် ဂါရီဒက်သည် နာမည်တူ ယောက်ကို အတတ်နိုင်ဆုံး ရှာဖွေမည်မှာ သေချာလှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းက

'ဦးလေးကို အသိဖွဲ့ရုံ သက်သက် လာတာပါ၊ ဦးလေးရဲ့ သူ[...] လုပ်ငန်းတွေကို အနှောင့်အယှက် မဖြစ်စေချင်ပါဘူး၊ ကျွန်တော်က ကျွန်[...] နှင့် အလုပ် လုပ်တဲ့ လူတွေ မှန်သမျှကို ပုဂ္ဂိုလ်ရေး အရရော ဆက်သွယ်[...] ရှိပါတယ်၊ ဦးလေး ရေးလိုက်တဲ့ စာ ကျွန်တော့် အိတ်ထဲမှာ ပါလာပါ[...] ဒီတော့ ဦးလေးကို မရှင်းတာလေး တစ်ချက် နှစ်ချက်လောက်တော့ မေး[...] တယ်၊ အချို့ အချက်တွေကိုတော့ ကျွန်တော့်ဆီ အမေရိကန် ရှေ့နေ [...] လာတုန်းက မေးမြန်းပြီးပါပြီ၊ ဂျွန် ဂါရီဒက် ဆိုတဲ့ အဲဒီလူ ရှိနေတယ် ဆို[...] ဦးလေး ခု အပတ်ထဲကျမှ သိရတာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျုပ်ဆီကို လွန်ခဲ့တဲ့ အင်္ဂါနေ့က ရောက်လာတာ[...]

'ဒီနေ့ ကျွန်တော့်ဆီ လာတွေ့တယ် ဆိုတဲ့ အကြောင်းကို ဦးလေး[...] ပြောသေးသလား'

'ပြောတယ်ဗျ၊ စုံထောက်ကြီးဆီက တန်းပြန်လာပြီး ကျုပ်ဆီ ဝင်[...] တာပဲ၊ တော်တော်လည်း စိတ်ဆိုးလာပုံ ရတယ်'

'ဘာများ စိတ်ဆိုးစရာ ရှိသလဲ ခင်ဗျာ'

'သူ့ဂုဏ်သိက္ခာကို ထိခိုက်တယ်လို့ ထင်ပုံ ရပါရဲ့၊ ဒါပေမဲ့ ကျုပ်ဆီ[...] ပြန်သွားတဲ့ အခါကျတော့ ကောင်းကောင်းမွန်မွန်ပါပဲ'

'ဘယ်လို လုပ်သင့်တယ် စသဖြင့် အကြံ ပေးမသွားဘူးလား'

'ဟင့်အင်း ဘာမှ မပြောဘူးဗျ'

'ဦးလေးဆီကကော ပိုက်ဆံတို့ ဘာတို့ တောင်းမသွားဘူးလား'

'ဟင့်အင်း၊ မတောင်းပါဘူး၊ ကျုပ်မှာ ပိုက်ဆံလည်း မရှိပါဘူး'

'ဒါဖြင့် ဦးလေးဆီ လာတဲ့ ကိစ္စမှာ ဘာရည်ရွယ်ချက်မှ ရှိမယ် မ[...] ဘူးပေါ့'

'သူ ပြောတဲ့ ကိစ္စမှ အပ တခြားတော့ ဘာမှ ရှိပုံ မရပါဘူး'

'ကျွန်တော်နှင့် တယ်လီဖုန်းနှင့် ချိန်းထားတယ် ဆိုတာကော သူ[...] ပြောလိုက်သေးသလား'

'ဟုတ်ကဲ့၊ အဲဒါတော့ ပြောလိုက်တယ်ဗျ'

ရှားလော့ဟုမ်းသည် အစဉ်းစားရ ကျပ်နေဟန် ရှိပေ၏။

'ဦးလေး စုထားတဲ့ ရှေးဟောင်း ပစ္စည်းတွေထဲမှာ တော်တော် အ[...] တန်တဲ့ ပစ္စည်းတွေများ ပါသလား'





'မပါပါဘူးဗျာ၊ ကျုပ်က လူချမ်းသာမှ မဟုတ်တာ၊ ပစ္စည်းကောင်း [...] ဒါပေမဲ့ ငွေ တန်ဖိုးအားဖြင့်တော့ တယ် မများလှပါဘူး'

'သူခိုး သူဝှက်တို့ ဘာတို့ ရန်ကကော မကြောက်ရပါဘူးနော်'

'ကြောက်စရာ မရှိပါဘူးဗျာ'

'ဒီအခန်းကို ဦးလေး ရောက်လာတာ ဘယ်လောက် ကြာသွားပြီလဲ'

'ငါးနှစ်လောက်တော့ ရှိရော့မယ်ဗျ'

ရှားလော့ဟုမ်းက ထိုသို့ မေးမြန်းလျက် ရှိစဉ် တံခါးကို ခပ်ပြင်းပြင်း [...]သံ ပေါ်လာလေ၏။ ကျွန်ုပ်တို့ အိမ်ရှင်က တံခါးကို ဖွင့်ပေးလိုက်သည့် [...] အမေရိကန် ရှေ့နေသည် ပျာယီးပျာယာဖြင့် အခန်းတွင်းသို့ ဝင်လာ [...]

အမေရိကန် ရှေ့နေသည် သတင်းစာ တစ်စောင်ကို လက်တွင် မြှောက် [...]ရင်း

'ဟောဒီမှာ တွေ့ပြီ ခင်ဗျ၊ ဒီသတင်းကို တွေ့တာနှင့် ဦးဆီကို ကျွန်တော် [...]လာတာ၊ ဦးရေ၊ ဦးတော့ သူဌေး တစ်ယောက် ဖြစ်သွားပြီဗျ၊ ကျွန်တော်တို့ [...]နေ့ အောင်မြင်သွားပြီ၊ အားလုံး အဆင်ပြေသွားပြီ၊ စုံထောက်ကြီးရေ၊ စုံ [...]ကြီးကို ဒုက္ခ ပေးမိတဲ့ အတွက် ဝမ်းနည်းပါတယ်ဗျာ၊ ခုတော့ စုံထောက် [...] လိုက်စရာ မလိုတော့ပါဘူး၊ ဟန်ကျသွားပါပြီ'

အမေရိကန် ရှေ့နေသည် သတင်းစာကို ကျွန်ုပ်တို့ အမှုသည်ထံသို့ [...]ပေးလိုက်သဖြင့် ကျွန်ုပ်တို့ အမှုသည် နသန် ဂါရီဒက်သည်လည်း ခဲတံ [...] ခြစ်ထားသည့် ကြော်ငြာတိုလေး တစ်ခုကို ဖတ်ရှုလျက် ရှိလေ၏။ ရှား[...]ဟုမ်းနှင့် ကျွန်ုပ်တို့သည် သူ့ပခုံးပေါ်မှ ကျော်၍ ကြော်ငြာကို ဖတ်လိုက်[...]။ ကြော်ငြာမှာ အောက်ပါ အတိုင်း ဖြစ်လေ၏။

**ဟောင်းဝါဒ် ဂါရီဒက်**

လယ်ယာသုံး စက်မှု ပစ္စည်း ထုတ်လုပ်သူ

ကောက်လှိုင်းစည်းစက်၊ ရေနွေးငွေ့ ထွန်စက်၊

ထွင်သွား၊ ထယ်သွား၊ လှည်းအိမ်များ၊ လှည်းကြမ်းများနှင့် အခြား

လယ်ယာ အသုံးအဆောင်များ ရနိုင်သည်။

အစီစီတွင်းများလည်း တူးပေးသည်။

ဂရိုဗင်နာတိုက်၊ အက်ရှတ်တန်သို့ ဆက်သွယ်ရန်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ အိမ်သည်မှာ အသက်ကိုပင် ကောင်းစွာ မရှုနိုင်တော့

'ဟန်ကျလိုက်တာဗျာ၊ လူ သုံးယောက် ပြည့်သွားပြီပေါ့'

အမေရိကန် ရှေ့နေက

'ဘာမင်ဟမ်မှာ ကျွန်တော် စုံစမ်း နိုင်းထားတာ ခင်ဗျ၊ ကျွန် စုံစမ်း နိုင်းထားတဲ့ လူက ဘာမင်ဟမ် သတင်းစာထဲမှာ ဒီကြော်ငြာကို တွေ နှင့် ကျွန်တော့်ဆီကို ပို့လိုက်တာ၊ ကဲ ဦးရေ၊ ခပ်မြန်မြန်ကလေးတော့ လု သိပ်အချိန် ဆွဲနေလို့ မဖြစ်ဘူး၊ ကျွန်တော်တော့ အဲဒီ လူဆီကို စာရေးလို မနက်ဖြန် ညနေ လေးနာရီမှာ သူ့ ရုံးကို ဦး လာတွေ့လိမ့်မယ်လို့ ကျွန် ရေးလိုက်တယ်'

'ကျုပ် သွားတွေ့ရမယ်လား'

'စုံထောက်ကြီးတို့ ဘယ်လို သဘောရသလဲ ခင်ဗျာ၊ ဦး သွားတွေ ပိုပြီး မကောင်းပေဘူးလား၊ ကျွန်တော်က နေရာတကာ လျှောက်သွား အမေရိကန်၊ ပြောတော့လည်း ယုံနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ ကျွန်တော် တာထက် စာရင် ဦး သွားတာက ပိုပြီး မကောင်းဘူးလား၊ ကျွန်တော် တာ ဆိုရင် ယုံချင်မှ ယုံမှာ၊ ဦးကတော့ အင်္ဂလိပ်၊ ပြီးတော့လည်း အခြေ နှင့်၊ ဒီတော့ ဦး ပြောတာကို ယုံမှာပေါ့၊ ဦး လိုက်စေချင်ရင်တော့ ကျွန်တော် လိုက်ပါမယ်လေ၊ ဒါပေမဲ့ မနက်ဖြန်မှာ ကျွန်တော့်မှာ အလုပ်တွေ တစ်ပုံ နှင့် ခင်ဗျ၊ သိပ်လည်း စိတ် မပူပါနှင့် ဦးရယ်၊ အေးအတူ ပူအမျှပေါ့၊ တစ်ခုခု ဖြစ်ရင် ကျွန်တော် ဘယ်နေပါ့မလဲ'

'အင်း ကျုပ် ဒီလောက် ခရီး ဝေးဝေး မသွားတာ တော်တော့်ကို ပြီ ဗျ'

'ဒီခရီးလောက်တော့ ဘာမှ မပြောလောက်ပါဘူး ဦးရယ်၊ ဦးရဲ့ အ အသွယ်တွေကို ကျွန်တော် အကုန် သိပါတယ်၊ မနက်ဖြန်ကျရင် ဦးက ဒီ ဆယ့်နှစ်နာရီလောက် ထွက်သွား၊ ဟိုကို နာရီပြန် နှစ်ချက် ကျော်ကျော် ရောက်၊ ပြီးတော့ ည ရထားနှင့် ပြန်လာ၊ ဦး လုပ်ဖို့က အဲဒီ လူကို အကျိုးအကြောင်းကို ရှင်းပြ၊ သူ့ တကယ် ရှိကြောင်းကို ကျမ်းကျိန်ချက်

အမေရိကန် ရှေ့နေသည် ပြောရင်း ဆိုရင်း စိတ်တိုလာဟန်ဖြင့်

'ကျွန်တော်တောင် အမေရိကန် ပြည်ထောင်စုက လာခဲ့သေးတာ ဦးက ဒီ မိုင် တစ်ရာလောက်ကလေးတောင် မသွားနိုင်တော့ဘူးလား'

'အင်း မိတ်ဆွေကြီး ပြောတာလည်း မှန်ပါတယ်လေ'





မစ္စတာ နသန်သည် မကျေနပ်ဟန်ဖြင့် ပခုံးကို တွန့်လိုက်လျှက်

'ကောင်းပါပြီလေ၊ စုံထောက်ကြီးက တိုက်တွန်းတယ် ဆိုရင်တော့ သွား ပေါ့၊ စုံထောက်ကြီးက ကျုပ်ကို အစစအရာရာ ကူညီခဲ့လေတော့ ငြင်းလို့ ောင်းပေဘူးပေါ့'

'ဒါဖြင့် သဘော တူပြီနော် ဦး၊ ဖြစ်နိုင်တဲ့ အချိန်မှာသာ ကျွန်တော့်ဆီ အကျိုး အကြောင်းလေးကို သတင်းပို့ဖို့ မမေ့ပါနှင့်'

အမေရိကန် ရှေ့နေက 'ကောင်းပါပြီဗျာ၊ ဒါကို ကျွန်တော် ကြည့်ပြီး ပါ့မယ်' ဟု ဆိုကာ လက်မှ နာရီကို ကြည့်လိုက်ပြီးလျှင်

'ကဲ ကျွန်တော် သွားစရာ ရှိတယ် ခင်ဗျ၊ မနက်ဖြန်ကျရင် ကျွန်တော် ဘုတာရုံကို ဆင်းလာဦးမယ်လေ၊ မစ္စတာ ဟုမ်းကော လိုက်ခဲ့တော့မလား၊ ပြီ ခင်ဗျ ဂွတ်ဘိုင်၊ မနက်ဖြန် ည ဆိုရင်တော့ စုံထောက်ကြီးကို သတင်း ောင်း ပေးနိုင်လိမ့်မယ် ထင်ပါရဲ့'

အခန်းထဲမှ အမေရိကန် ရှေ့နေ ပြန်ထွက်သွားသည့် အခါတွင် မိတ်ဆွေ ရှားလော့ဟုမ်း၏ မျက်နှာမှာ ကြည်လင်သွားခဲ့လေပြီ။ ခပ်စောစောက အစဉ်းစားရ ကျပ်နေသော လက္ခဏာတို့ မရှိတော့ချေ။

'ဦး စုဆောင်းထားတဲ့ ပစ္စည်းတွေ ကြည့်ချင်လိုက်တာ ခင်ဗျာ၊ ကျွန် တို့ လုပ်ငန်း ဆိုတာ ဘယ်လို ဗဟုသုတမျိုး ဖြစ်ဖြစ် အသုံး ဝင်တာချည်း ဦးရဲ့ အခန်းကတော့ဖြင့် ဗဟုသုတ ပေါင်းစုံကို သိမ်းထားတဲ့ နေရာ ခုလို့တောင် ဆိုနိုင်ပါတယ်'

ကျွန်ုပ်တို့၏ အမှုသည်မှာ ကျေနပ်သွားဟန်ဖြင့် မျက်နှာ ဝင်းပ ထိန် ကာ မျက်မှန် နောက်မှ မျက်လုံးများသည် တောက်ပ ပြောင်လက်လျက် သော၏။

'စုံထောက်ကြီးဟာ တော်တော် ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်လို့ ကျုပ် ကြားဖူး ယ်ဗျ၊ ဒီတော့ အချိန်များ ရရင် ဦးရဲ့ ရှေးဟောင်း ပစ္စည်းတွေကို လိုက်ပြ တယ်'

'အချိန် မရှိတာ တော်တော် ခွကျသွားတယ် ခင်ဗျ၊ သို့သော်လည်း ဒီက နမူနာ ပစ္စည်းတွေကတော့ စာကပ်ထားပြီးသား ဖြစ်တဲ့ အတွက် ဦး ပြရင်လည်း ရပါတယ် ခင်ဗျာ၊ ကျွန်တော် သဘော ပေါက်ပါတယ်၊ အ ကျွန်တော် မနက်ဖြန် ရောက်လာခဲ့လို့ ရှိရင်ကော ကြည့်လို့ ပါတယ် ဦးအနေနှင့် ဘာမှ ကြည့်ခွင့် မပြုနိုင်စရာ အကြောင်း မရှိဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



'မရှိပါဘူးဗျာ၊ ကြိုက်တဲ့ အချိန် လာကြည့်နိုင်ပါတယ်၊ အဲ ကျွ... တော့ ဘာမင်ဟမ်ကို သွားစရာ ရှိတော့ အခန်း ပိတ်ထားလိမ့်မယ်ဗျ၊ ဒါ... အောက်ထပ်က မစ္စက် ဆောင်းဒါးကိုသာ အကျိုးအကြောင်း ပြောပြလိုက်... သူ လိုက်ပြီး ဖွင့်ပေးပါလိမ့်မယ်၊ အောက်ထပ် မြေတိုက်ခန်းထဲမှာ လေး... အထိ ရှိပါတယ်၊ သူ လိုက်ပြီး သော့ဖွင့်ပေးပါလိမ့်မယ်'

'ဟုတ်ကဲ့၊ ကျွန်တော်လည်း မနက်ဖြန် ညနေပိုင်းလောက် ဆိုရင် ... မှာပါ၊ ဒီတော့ ဦးက ကျွန်တော် လာကြည့်မယ် ဆိုတဲ့ အကြောင်း မ... ဆောင်းဒါးကို မှာပစ်ခဲ့ရင် အဆင် ပြေမှာပါ၊ ဒါထက် စကားမစပ် ဦးရဲ့ ... ပွဲစားတွေက ဘယ်သူတွေပါလိမ့်'

ကျွန်ုပ်တို့၏ အမှုသည်မှာ ရုတ်တရက် ကောက်မေးလိုက်သော မေး... ကြောင့် အံ့အားသင့်လျက် ရှိလေ၏။

'အဂ္ဂဝဲလမ်းက ဟောလိုးဝေးနှင့် စတီး ကုမ္ပဏီကပါ၊ ဘာဖြစ်လို့ ... တာလဲ စုံထောက်ကြီး'

ရှားလော့ဟုမ်းက ရယ်လိုက်လျက်

'အိမ်တွေနှင့် ပတ်သက်လာရင် ကျွန်တော်လည်း ရှေးဟောင်း သုတေ... သမား တစ်ယောက်ပါ၊ ဒီအိမ်က အန်း ဘုရင်မကြီး လက်ထက်က ဆောက်... ပုံစံလား၊ ပထမမြောက် ဂျော့ လက်ထက်က ဆောက်တဲ့ ပုံစံလား မသိဘူး'

'ပထမမြောက် ဂျော့ လက်ထက်ကဗျ'

'ဟုတ်လား၊ ကျွန်တော်က ဒီထက်များ နည်းနည်း စောမလားလို့ ... နေတာ၊ သို့သော်လည်း လိုက်ရှာ ကြည့်လိုက်ရင်တော့ သိပ်ခက်မယ် မ... ပါဘူး၊ ကဲ ဂွတ်ဘိုင်ဗျာ၊ ဘာမင်ဟမ် ခရီးမှာ အောင်မြင် ချောမောပါစေလို့ ... တောင်းပါတယ်'

အိမ်ပွဲစား၏ ရုံးခန်းမှာ မဝေးလှချေ။ သို့ရာတွင် ရုံးခန်းမှာ ပိတ်... သည့် အတွက် ကျွန်ုပ်တို့သည် ဘေကာလမ်းသို့ ပြန်လာခဲ့ကြလေ၏။

ရှားလော့ဟုမ်းသည် ညစာ စားချိန် အထိ ထိုကိစ္စ အကြောင်းကို ... လုံးမျှ မပြောတော့ချေ။ ညစာ စားပြီးသည့် အခါတွင် ရှားလော့ဟုမ်းက

'ကျုပ်တို့ ပြဿနာကလေးကတော့ ရှင်းသွားပြီဗျ၊ ခင်ဗျားကော ... ဘူးထဲမှာ အဖြေကလေး ဘာလေး အကြမ်း ထုတ်ထားတာ မရှိဘူးလား'

'ကျွန်တော်ဖြင့် ခေါင်းပန်းတောင် ခွဲလို့ မရပါဘူးဗျာ'

'ခေါင်းဘက်ကတော့ ရှင်းသွားပါပြီ၊ ပန်းဘက်ကိုတော့ မနက်ဖြန်...





...ဦးမှာပဲ၊ ကြော်ငြာမှာ နည်းနည်း ဆန်းနေတာကလေးတွေ မတွေ့ရဘူး ...'

'ထွန်သွားမှာ စာလုံးပေါင်း မှားနေတယ်ဗျ၊ ထွင်သွားလို့ ရေးထားတယ်'

'အလို ကျုပ်လူက ဒီလိုကျတော့လည်း ဘယ်ဆိုးလို့တုံးဗျို့၊ တော်တော့် ... ဘိုးတက် နေပါကလား၊ ဟုတ်တယ်ဗျ၊ စာ ရေးထားတာကတော့ တော် ... ညံ့တဲ့ အင်္ဂလိပ်စာပဲ၊ သို့သော်လည်း အမေရိကန် အနေနှင့် ကြည့်ရင်တော့ ... တော် ကောင်းတဲ့ အမေရိကန် အင်္ဂလိပ်စာပေါ့ဗျာ၊ ပုံနှိပ်တိုက်ကတော့ ... ဆုံးပေးတဲ့ အတိုင်း စီပေး လိုက်တာပေါ့၊ ပြီးတော့ လှည်းကြမ်း ဆိုတဲ့ ...လုံးဗျ၊ ဒီစကားလုံးကလည်း အင်္ဂလိပ် စကားလုံး မဟုတ်ဘူး၊ အမေရိကန် ...လုံး၊ ရှိသေးတယ်၊ အဝီစိတွင်း ဆိုတာလည်း ကျုပ်တို့ အင်္ဂလိပ်တွေထက် ... အမေရိကန်တွေက ပိုသုံးတယ်၊ ကြည့်လိုက်ရင် အမေရိကန် တစ်ယောက် ... ဆုံးပေးတဲ့ ကြော်ငြာမှန်း သိပ်သိသာတယ်၊ သို့သော်လည်း သူက အင်္ဂလိပ် ...ဆီ ဖြစ်သယောင် လုပ်ထားတယ်ဗျ၊ ဒီတော့ ခင်ဗျား ဘယ်လို ကောက်ချက် ...ချင်သလဲ ဆရာကြီး'

'အမေရိကန် ရှေ့နေဟာ ဒီကြော်ငြာကို သူ ကိုယ်တိုင် ထည့်တာ ဖြစ် ...ပေါ့၊ ဘာရည်ရွယ်ချက်နှင့် လုပ်နေတယ် ဆိုတာကိုတော့ ကျွန်တော် စဉ်းစား ... မရဘူးဗျ'

'အင်း တွေးစရာတွေကတော့ အများကြီးပလေ၊ ဘာပဲဖြစ်ဖြစ် ဂါရီဒက် ...တဲ့ ကျောက်ဖြစ် ရုပ်ကြွင်း အဘိုးကြီးကို ဘာမင်ဟမ်ကို သွားစေချင်တယ် ...ဘာကတော့ သေချာတယ်ဗျ၊ ဘာမင်ဟမ်ကို သွားတော့လည်း သူ ရှာတဲ့ ...ောင်းဝါဒ် ဂါရီဒက် ဆိုတဲ့ လူကို တွေ့မှာ မဟုတ်ဘူးလို့ ကျုပ် ပြောလိုက် ...ပါပဲ၊ သို့သော်လည်း အဘိုးကြီး သွားတုန်းမှာ ဒီလူ ဘာတွေများ လုပ်မလဲ ...ဘာ သိချင်တာနှင့် သွားပါစေ ဆိုပြီး ဘာမှ မပြောဘဲ နေလိုက်တာ၊ မနက် ... ကျရင်တော့ သိရတော့မှာပါလေ၊ မကြာတော့ပါဘူး'

-

...လော့ဟုမ်းမှာ မနက် အစောကြီး ထကာ အပြင်သို့ ထွက်သွားလေ၏။ ... ...စာ စားချိန် ပြန်ရောက်လာသည့် အခါတွင် သူ့မျက်နှာမှာ သုန်မှုန် ... ...လျက် ရှိသည်ကို ကျွန်ုပ် သတိ ပြုမိပေ၏။

'အိုင်ဆေးရေ ပြဿနာက ကျုပ်တို့ ထင်တာထက် အရေးကြီးနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ချို၊ ခင်ဗျားကို ပြောလိုက်ရင် အန္တရာယ် တောထဲမှာ အတင်း ဝင်တိုးမယ် တာ သိပေမဲ့ ပြောမှ တရားရာ ကျပေလိမ့်မယ်၊ ကိုယ့်လူ အကြောင်းကို သိတာပေါ့၊ အန္တရာယ်က သိပ်တော့ မသေးဘူးဗျို့၊ သို့သော်လည်း ခင် သိဖို့ လိုလိမ့်မယ်'

'ဗျို့ ဟုမ်း၊ ခင်ဗျား အန္တရာယ်က ဘယ်လောက်များ ကြီးတဲ့ အန္တ မျိုးမို့လို့လဲဗျ၊ ကျွန်တော်တို့ ရင်ဆိုင်ခဲ့ရတာဟာ ဒါဟာ ပထမဆုံး မဟု ပါဘူး၊ နောက်ဆုံးလည်း မထင်ပါဘူး၊ နေစမ်းပါဦး၊ ဒီတစ်ခါ အန္တရာယ် ဘယ်လို ဟာမျိုးမို့လို့လဲ'

'ပေါ့သေးသေးတော့ မထင်လိုက်နှင့်ဗျို့၊ ကျုပ်တို့ဆီကို လာတဲ့ အ ရိကန် ရှေ့နေ ဂျွန် ဂါရီဒက် ဆိုတဲ့ လူ အကြောင်းကို ကျုပ် စုံစမ်းလာခဲ့ တခြားတော့ မဟုတ်ဘူးဗျ၊ အမေရိကန်မှာ သိပ်နာမည်ကြီးတဲ့ လူသတ်ကော အီဗန် ဆိုတဲ့ ကောင်၊ လူသတ်တဲ့ နေရာမှာတော့ အလွန် လက်သံ ပြောင်သ'

'ကျွန်တော်ဖြင့် တယ် မရှင်းသေးပါဘူးဗျာ'

'အေးလေ၊ ခင်ဗျား အလုပ်က ကျုပ်တို့လို လူဆိုး စာရင်းကို ဦးနှော ထဲ ထည့်မှတ်ရတဲ့ အလုပ်မှ မဟုတ်ဘဲကိုး၊ စကော့တလန်ယာဒ် စုံထော အဖွဲ့ချုပ်က လက်စထရိတ်ဆီ သွားပြီး စုံစမ်းခဲ့တယ်ဗျ၊ ကျုပ်တို့ စကော့တ ယာဒ် စုံထောက် အဖွဲ့ဟာ တစ်ခါတစ်ရံမှာ ထိုးထွင်းဉာဏ်ကလေး ဘာ ညံ့ကောင်း ညံ့ပေမဲ့ စနစ်ကျတဲ့ နေရာ စေ့စပ်တဲ့ နေရာမှာတော့ ကမ္ဘာမှာ ပါပေတယ်၊ ကျုပ်တို့ အမေရိကန် မိတ်ဆွေနှင့် ပတ်သက်လို့ မှတ်တမ်းတွေ လိုက်ရှာဖို့ လိုလိမ့်မယ်လို့ ကျုပ် စိတ်ကူး ရလာတယ်ဗျ၊ ဒါနှင့် စကော့တ ယာဒ်က ရာဇဝင် လူဆိုးတွေရဲ့ ပုံတူ ပြခန်းကို လျှောက်ကြည့်တော့ အဲဒီ မျက်နှာ ဝိုင်းဝိုင်းကြီးကို တန်းတွေ့တော့တာပါပဲဗျား၊ ပုံအောက်မှာ ဂျိမ်း ဝင်း ခေါ် မိုးကရော့ ခေါ် လူသတ်ကောင် အီဗန်လို့ ရေးထားတယ်ဗျ'

ရှားလော့ဟုမ်းသည် အိတ်ထဲမှ စာအိတ် တစ်အိတ်ကို ထုတ်လိုက် ၏။

'သူ့မှတ်တမ်းကနေပြီး အရေးကြီးတဲ့ အချက်ကလေးတွေကို ကူးလာ တယ်၊ အသက်က လေးဆယ့် လေးနှစ်၊ ရှီကာဂိုမှာ မွေး၊ အမေရိကန်တွင် သုံးယောက် သတ်ဖူး၊ နိုင်ငံရေး ဩဇာကို သုံးပြီး ထွက်ပြေး၊ ၁၈၉၃ ခုနှစ် လန်ဒန်သို့ ရောက်၊ ၁၈၉၅ ခု ဇန်နဝါရီလထဲတုန်းက ဝါတာလူးလမ်း ကလ ဖဲဝိုင်း တစ်ခုတွင် ရန်ဖြစ်၍ လူ တစ်ယောက်ကို သေနတ်နှင့် ပစ်သတ်ဖူး၊





သို့ရာတွင် သေသူမှာ ရန်စသူ အဖြစ် ရုံးတွင် သက်သေထွက်၊ သေသူမှာ ကိုမှ နာမည်ကျော် လူလိမ်နှင့် ငွေတုကိုဏ်း ခေါင်းဆောင် ရိုးဂျား ပရက် ဟု သိရ၊ ၁၉၀၁ ခုနှစ်တွင် အီဗန် ထောင်မှ ပြန်ထွက်လာ၊ ထိုအချိန်က ပုလိပ် အဖွဲ့မှ သူ့ကို စောင့်ကြည့်နေ၊ သို့ရာတွင် ယခုအချိန် အထိ ကောင်း ကောင်းဝယ် လုပ်ကိုင် စားသောက်နေသည်ဟု သိရ၊ အလွန် အန္တရာယ် ကိုယ်တွင် လက်နက် အမြဲ ဆောင်ပြီး သုံးရန်လည်း အသင့် ရှိ၊ ကဲ ဒါ တော့ ကျုပ်တို့ ဖမ်းရမယ့် ငှက်ပဲဗျ၊ တော်တော်တော့ ဖမ်းလို့ ကောင်းမယ့် ပဲဗျို့'

'နို့ နေစမ်းပါဦး၊ သူ ဘာကို လိုချင်တာတုံး'

'အင်း ခုတော့ နည်းနည်း ရုပ်လုံး ပေါ်လာပါပြီလေ၊ ကျုပ် အိမ်ပွဲစား ဆီ ရောက်ခဲ့ပြီဗျ၊ ကျုပ်တို့ အမှုသည် ပြောတဲ့ အတိုင်းပဲ၊ သူ ဒီ အိမ်ကို တာ ငါးနှစ် ရှိပြီ၊ အဲဒီ အရင်တုန်းကတော့ တစ်နှစ်လောက် လွတ်နေ သူ့အရင် အိမ်ငှားက ဝါလဒရွန် ဆိုတဲ့ လူ၊ ဝါလဒရွန်ရဲ့ ရုပ်ကို ပွဲစားတွေ ကောင်းကောင်း မှတ်မိတယ်၊ ဝါလဒရွန်ဟာ အိမ်က ရုတ်တရက် တ်သွားသတဲ့၊ ဒီနောက် စပြီး သူ့ အကြောင်းကို ဘာမှ မကြားရတော့ဘူး လူက အရပ် ရှည်ရှည်၊ မုတ်ဆိတ်မွေးနှင့်တဲ့၊ အသားက တော်တော်လေး သတဲ့၊ ပြန် စုံစမ်း ကြည့်လိုက်တော့ အီဗန် သတ်ပစ်ခဲ့တယ် ဆိုတဲ့ ပရက် ဆိုတဲ့ လူကလည်း အရပ် ရှည်ရှည်၊ မုတ်ဆိတ်နှင့်၊ အသား ညိုညိုလို့ တလန်ယာဒ်က ပြောတယ်၊ ဒီတော့ အလုပ် စရမယ့် အခြေခံ အချက် အမေရိကန် ရာဇဝတ်ကောင် တစ်ယောက် ဖြစ်တဲ့ ပရက်စကော့ ဆိုတဲ့ ခု ကျုပ်တို့လူ ပြတိုက် လုပ်ထားတဲ့ အခန်းကလေးထဲမှာ နေသွား ယ်လို့ ယူဆနိုင်တယ်၊ ဒီတော့ ကျုပ်တို့ ကွင်းဆက် တစ်ခု ရသွားပြီ တ်လား'

'နောက် ကွင်းဆက်ကကောဗျာ'

'အဲဒီ ကွင်းဆက်ကို ကျုပ်တို့ ခု လိုက်ရှာကြည့်ရမှာပဲဗျ'

ရှားလော့ဟုမ်းသည် အံဆွဲထဲမှ ခြောက်လုံးပြူး တစ်လက်ကို ယူလိုက် ကျွန်ုပ်ကို လှမ်းပေးလိုက်လေ၏။

'ကျုပ်ကတော့ ကျုပ် ကိုင်နေကျ သေနတ်ကလေးပဲ ကိုင်တော့မယ် ပ်တို့ရဲ့ အမေရိကန် ကောင်းဘွိုင်ကြီးက အစွမ်းအစ ပြချင်တယ် ဆိုရင် ပ်တို့ကလည်း အဆင်သင့် ဖြစ်အောင် ပြင်ထားရမှပ၊ ကဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီလောက်တော့ မေးချင်ရင် မေးလို့ ရသေးတယ်၊ ပြီးရင် ရိုင်ဒါလ
ခွန်စားခန်းကလေး အတွက် အဆင်သင့် ပြင်ပေတော့'

လေးနာရီ ထိုးပြီးခါစ အချိန်တွင် ကျွန်ုပ်တို့သည် နသန် ဂါရိုဒ
ထူးဆန်းသော အိမ်ခန်းသို့ ရောက်သွားကြလေ၏။ ကျွန်ုပ်တို့ ရောက်
အချိန်တွင် အိမ်စောင့် အဘွားကြီး မစ္စက် ဆောင်းဒါးမှာ ပြန်ခါပင်
လေပြီ။ သို့ရာတွင် တံခါးမှာ အပြင်မှ သော့ချ၍ ပိတ်ခဲ့ရသည့် တံခါး
သည့်ပြင် ရှားလော့ဟုမ်းကလည်း အားလုံး မပျောက် မရှစေရပါဟု ဝန်ခံ
အတွက် ကျွန်ုပ်တို့ကို လိုလိုချင်ချင်ပင် တံခါး ဖွင့်ပေးလေ၏။

ခဏ ကြာလျှင် အပြင်မှ တံခါး ပိတ်သံ ကြားရပြီးနောက် ပြ
ပေါက် ဘောင်ပေါ်တွင် တစ်ပိုင်း တစ်စ ပေါ်နေသည့် မစ္စက် ဆောင်းဒါ
ဦးထုပ် ဖြတ်သွားသည်ကို ရိပ်ခနဲ မြင်လိုက်ရသည့် အတွက် အိမ်ထဲတွင် ကျ
တို့ချည်းသာ ကျန်ရစ်ခဲ့ကြောင်းကို သိရပေ၏။

ရှားလော့ဟုမ်းသည် အိမ်ခန်းများကို ခပ်သုတ်သုတ် လျှောက်ကြ
လျက် ရှိလေ၏။ အခန်းထောင့် တစ်ခုတွင် အပြင်နားသို့ ရောက်နေသည့်
တစ်လုံးကို တွေ့ရလေ၏။ ကျွန်ုပ်တို့ နှစ်ယောက်သည် ထိုဗီရို နောက်ကွ
တွင် ဝပ်နေကြခိုက် ရှားလော့ဟုမ်းက သူ့ အကြံအစည်ကို ခပ်တိုးတိုး ပြော
လေ၏။

'ဒီငနဲက ကျုပ်တို့ အမှုသည်ကို အခန်း အပြင်ဘက် ရောက်အောင်
ထုတ်ချင်နေတာ သေချာတယ်ဗျ၊ ကျုပ်တို့ အဘိုးကြီးက အခန်းထဲမှာတင် သု
သန ရှေးဟောင်း ပစ္စည်းတွေနှင့် အချိန် ကုန်နေတော့ အဘိုးကြီး အပြင်
ထွက်အောင် တစ်ခုခု ကြံတာပဲ၊ ဒါကြောင့် ဂါရီဒက် အမွေရမယ် ဆိုတဲ့
ဟာ အဘိုးကြီးကို အပြင် ပထုတ်ချင်လို့ ထွင်တဲ့ ထွင်လုံးသက်သက်သာ
တယ်ဗျ၊ ကျုပ်တို့ အမှုသည်ရဲ့ နာမည်က ခပ်ဆန်းဆန်း ဆိုတော့ ဒီနာမည်
ကြည့်ပြီး ဒီငနဲဟာ အမွေ ပေးမယ် ဆိုတဲ့ စိတ်ကူးကို ရဟန် တူတယ်၊
တော့ ဦးနှောက်နှင့် စိတ်ကူးနိုင်တာ မဟုတ်ဘူးနော်၊ ဒီလို စိတ်ကူးပြီး
စီမံကိန်းကို သေသေချာချာ ဆွဲထားတာ'

'သူ ဘာလိုချင်လို့လဲ'

'ဘာလိုချင်သလဲ ဆိုတာကတော့ ခု ကြည့်ရမှာပဲဗျ၊ အခြေအနေ
ကျုပ် အကဲခတ်မိသလောက် ပြောရရင် ကျုပ်တို့ အမှုသည်နှင့်တော့ ဘာ
ဆိုင်ပုံ မကျဘူးဗျ၊ သူ သတ်ခဲ့တဲ့ ပရက်စကော့ ဆိုတဲ့ လူနှင့် ဆိုင်ပုံ ကျတ





ကော့ဟာ သူနှင့် အတူ ကြံဖော် ကြံဖက်တွေ ဖြစ်နိုင်တယ်၊ ဒီတော့ ဒီ
ထဲမှာ ရာဇဝတ် မကင်းတဲ့ လျှို့ဝှက် ပစ္စည်း တစ်ခု ရှိနေတယ်၊ ဒါ
ဘွားလုံးပဲ၊ အစတုန်းကတော့ ကျုပ်တို့ အဘိုးကြီးရဲ့ ရှေးဟောင်း ပစ္စည်း
ထဲမှာ တော်တော် အဖိုးတန်တဲ့ ပစ္စည်းတွေ ရှိလိမ့်မယ်လို့ ကျုပ် တွက်ခဲ့
သို့သော်လည်း ဒီအခန်းမှာ ပရက်စကော့ ဆိုတဲ့ ရာဇဝတ်ကောင် တစ်
နေခဲ့ဖူးတယ် ဆိုတာကို သိလာရတဲ့ အခါကျတော့ ပြဿနာဟာ ဒီ
ကြီးကျယ် လာတယ်လို့ ကျုပ် ယူဆတယ်ဗျ၊ ကဲ အိုင်ဆေးရေ၊ တစ်
သည်းခံပြီး စောင့်ကြည့်ပေတော့၊ အချိန် တန်ရင်တော့ သိရပါလိမ့်မယ်'

များစွာ မကြာလိုက်ချေ။ အပြင်ဘက်မှ တံခါး ဖွင့်သံနှင့် ပြန်ပိတ်သံ
ကြားလိုက်ရသည့် အခါတွင် ကျွန်ုပ်တို့ နှစ်ယောက်သည် ဗီရိုနောက်
ထဲတွင် ကုပ်နေကြလေ၏။ ထို့နောက် ချက်ခနဲ တံခါး သော့ကို ဖွင့်လိုက်
ကြားရပြီးလျှင် အမေရိကန်သည် အခန်းထဲသို့ ဝင်လာလေ၏။ သူသည်
ကို နောက်ပြန် စမ်း၍ ပိတ်လိုက်ပြီးနောက် အခန်းထဲတွင် ဘေးအန္တရာယ်
သေချာစွာ လှမ်းကြည့်လိုက်လေ၏။ ထို့နောက် ကုတ်အင်္ကျီကို ချွတ်၍
င်လိုက်ပြီးလျှင် မိမိ လုပ်ရမည့် အလုပ်နှင့် တကွ ထိုအလုပ်ကို မည်သို့
မည်ကို ကောင်းစွာ သိသူ တစ်ဦး၏ ဟန်မျိုးဖြင့် အခန်း အလယ်ကောင်
ပွဲကြီးဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့လေ၏။ အနားသို့ ရောက်လျှင်
ကို တစ်နေရာသို့ ရွှေ့လိုက်ပြီးနောက် အောက်မှ ကော်ဇောကို လိပ်လိုက်
င် အိတ်ထဲမှ ကုလားအော် တစ်ချောင်းကို ထုတ်ကာ ဒူးထောက် ထိုင်ရင်း
ကို ကော်ထုတ်လျက် ရှိလေ၏။ ချက်ချင်း ဆိုသလိုပင် သစ်သားများ
သွားသံ ကြားလိုက်ရလျက် အခန်း ကြမ်းပြင်တွင် လေးထောင့် အပေါက်
ခု ပေါ်လာလေ၏။ အီဗန်သည် မီးခြစ်ကို ခြစ်၍ ဖယောင်းတိုင်ကို ထွန်း
ပြီးနောက် ကျွန်ုပ်တို့ မြင်ကွင်းမှ ပျောက်သွားလေ၏။

ကျွန်ုပ်တို့ အလုပ် လုပ်ရမည့် အချိန်သို့ ရောက်လာခဲ့လေပြီ။ ရှားလော့
ကျွန်ုပ်ကို အချက်ပေးသည့် အနေဖြင့် ကျွန်ုပ်၏ လက်ကောက်ဝတ်ကို
ကိုက်သည့် အတွက် ကျွန်ုပ်တို့ နှစ်ယောက်သည် အီဗန် ပျောက်ကွယ်သွားရာ
ပေါက်ကလေးဆီသို့ အသာ လာခဲ့ကြလေ၏။ သို့ရာတွင် ကျွန်ုပ်တို့က
ညင်းစွာ လာသည့်တိုင် အိမ်ကြီးမှာ အိုမင်းပြီ ဖြစ်ရကား ကြမ်းပြင်တို့မှာ
ကျည်ကျည် မြည်နေသည့် အတွက် အမေရိကန်သည် စိုးရိမ်တကြီးဖြင့် ခေါင်း
ထွက်လာသည်တွင် ကျွန်ုပ်တို့နှင့် ပက်ပင်း တိုးလျက် ရှိလေ၏။ ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



သော် အမေရိကန်၏ မျက်နှာမှာ ကျွန်ုပ်တို့အား အစိမ်း ဝါးတော့မတတ် ဒေါသ ထွက်နေဟန် ရှိသော်လည်း သူ့ခေါင်းကို သေနတ် နှစ်လက်ဖြင့် ချိန်ထား ကို သိလိုက်သည့် အခါတွင် ခပ်ရှက်ရှက်ဖြင့် ရယ်လိုက်ရင်း အပေါ်သို့ တ ကာ လေသံ အေးအေးဖြင့်

'ခြော် လက်စသတ်တော့ စုံထောက်ကြီးတို့က ကျွန်တော့် နော လိုက်နေတာကိုး၊ ကျွန်တော့် ခေါင်းလှမ်းကို ကြည့်ပြီး ခေါ်ရာခံနေတယ်ပေါ့၊ ပါပြီ ခင်ဗျာ၊ ဒီလို ဆိုရင်လည်း စုံထောက်ကြီးတို့ လက်ကို အပ်ရတာပေါ့၊ ဟောဒီမှာဗျာ'

ပြောရင်း ဆိုရင်း အီဗန်သည် ခါးကြားမှ ခြောက်လုံးပြူးကို ဆွဲထု ကာ နှစ်ချက် ဆင့်၍ ပစ်လိုက်လေ၏။ ကျွန်ုပ်မှာ ပေါင်တွင် သံပူ ကပ်ခံလိုက် သည့်နှယ် ပူခနဲ ဖြစ်သွားလေ၏။ ရှားလော့ဟုမ်း၏ သေနတ်သည် ထိုလူ ခေါင်းပေါ်သို့ ရောက်သွားပြီး ဝုန်းခနဲ လဲကျသွားသံကို ကြားလိုက်ရလေ ထို့နောက် ထိုလူ၏ မျက်နှာတွင် သွေး အလိမ်းလိမ်းဖြင့် ကြမ်းပေါ်တွင် လက်ကြီး လဲလျက် ရှိစဉ် ရှားလော့ဟုမ်းက အိတ်ထဲသို့ စမ်းသပ်ကာ လက် များကို ရှာဖွေလျက် ရှိလေ၏။ ထို့နောက် သေးသွယ်သော ရှားလော့ဟုမ် လက်များသည် ကျွန်ုပ် ကိုယ်ကို ရစ်ပတ်ကာ ကျွန်ုပ်အား ကုလားထိုင် ခေါ်သွားလေ၏။

'အိုင်ဆေး ထိသွားသေးသလားဟင်၊ ပြောစမ်းပါဗျာ၊ မထိဘူး မဟု လား'

ရှားလော့ဟုမ်း၏ အေးစက် တင်းမာသော မျက်နှာထား နောက်ကွ တွင် ရှိသည့် မိတ်ဆွေ တစ်ယောက် အပေါ်တွင် သစ္စာ ရှိခြင်း၊ သံယော ကြီးခြင်းတို့ကို မြင်ရသည့် အခါ၌ကား ကျွန်ုပ် စိတ်တွင် ဒဏ်ရာ တစ်ခု ဒဏ်ရာ တစ်ထောင် ရသည် ဆိုလျှင်လည်း ရရကျိုး နပ်သည်ဟု ယူဆမိ သည်။ ကြည်လင်၍ ခံစားချက် ကင်းမဲ့သော သူ့မျက်လုံးများသည် ခဏမျှ မှုန်မှိုင်းသွားကြကာ ဖြော့တန်းသော နှုတ်ခမ်းများသည် တလှုပ်လှုပ် ဖြစ်လျ ရှိလေ၏။

ကျွန်ုပ်သည် ဉာဏ်မျှ ဉာဏ်ကြီးသော ပုဂ္ဂိုလ် တစ်ယောက် ဉာဏ်မျှ အကြ နာ တရား ကြီးခြင်းကို ဤတစ်ကြိမ်သာလျှင် မြင်ဖူးပေသေး၏။ ကျွန်ုပ်သ ရှားလော့ဟုမ်းအား ကျိုးနွံစွာဖြင့် တစ်လျှောက်လုံး အလုပ်အကျွေး ပြုခဲ့လေ ဤတစ်ချက်တည်းနှင့်ပင် ကျေနပ်သွားရခြင်း ဖြစ်ပေ၏။



'ဘာမှ မဖြစ်ပါဘူးဗျာ၊ ခြစ်မိရုံလောက်ကလေးပါ'

ရှားလော့ဟုမ်းသည် အိတ်ထဲတွင် ပါလာသည့် မောင်းချဓားဖြင့် ကျွန်ုပ်၏ ဘောင်းဘီကို ခွဲချလိုက်ပြီးနောက် ကျေနပ်သွားဟန်ဖြင့် သက်ပြင်းကြီး ချ လျက်

'ဟုတ်တယ်ဗျ၊ အပေါ်ယံကလေးတွင် ရှပ် မှန်သွားလို့ တော်သေးတာပေါ့'

ထို့နောက် အံ့အားသင့်သော မျက်နှာဖြင့် ကြောင်၍ ကြည့်လျက် ရှိသော တို့၏ အကျဉ်းသားကို ရှားလော့ဟုမ်းသည် စားတော့ ဝါးတော့မတတ် လျက် ရှိလေ၏။

'အင်း ကိုယ့်လူ ကံကောင်းတယ် အောက်မေ့လိုက်ပါ၊ ဝပ်ဆင်သာ ရင် ကိုယ့်လူလည်း ဟောဒီ အခန်းထဲက အရှင် ထွက်ရမှာ မဟုတ်ဘူး၊ ကိုယ့်လူ ဘာလာ လုပ်တာလဲ ပြောစမ်း'

အီဗန်သည် ဘာမျှ မပြောဘဲ မျက်မှောင်ကြီး ကုတ်လျက် ရှိလေ၏။ သည် ရှားလော့ဟုမ်း၏ လက်ကို တွဲကိုင်ထားရင်း ခပ်စောစောက အီဗန် သွားသည့် ကြမ်းပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်၏။ အီဗန် ထွန်းထား သည့် ဖယောင်းတိုင်မှာ မြေတိုက်ထဲတွင် လင်းလျက် ရှိဆဲ ဖြစ်ပေ၏။ ကျွန်ုပ် မျက်လုံးများသည် သံချေး တက်နေသည့် စက်ကြီး တစ်လုံး၊ စက္ကူလိပ် ပုလင်းများနှင့် စားပွဲပေါ်တွင် သေသပ်စွာ ထုပ်ထားသော အထုပ်များ ရောက်သွားကြလေ၏။

'ပုံနှိပ်စက်ဗျ၊ ငွေစက္ကူ အတု လုပ်တဲ့ စက်' ဟု ရှားလော့ဟုမ်းက လေ၏။

အီဗန်သည် လဲနေရာမှ ဒယီးဒယိုင် ထလာက ကုလားထိုင်ပေါ်သို့ ပစ် လိုက်ရင်း

'ဟုတ်တယ်ဗျ၊ ငွေစက္ကူ လုပ်တဲ့ စက်ပဲ၊ လန်ဒန်မှာတော့ အကြီးဆုံး ပေါ့၊ ပရက်စ်ဂျွော့ ပိုင်တဲ့ စက်၊ ဟောဒီ စားပွဲပေါ်က အထုပ်တွေကတော့ ထုပ်တွေပဲ၊ ပေါင် တစ်ရာတန် အထုပ် နှစ်ထောင်ဗျ၊ ဘယ်နေရာမှာ သုံးသုံး ရတယ်၊ ကဲ ခင်ဗျားတို့ ယူကြ၊ ပြီးတော့ ကျွန်တော့်ကို လွှတ်ပေး အလှယ်ပေါ့ဗျာ'

ရှားလော့ဟုမ်းက ရယ်လိုက်၏။

'ကျုပ်တို့က ဒါမျိုးတွေ ဝါသနာ မပါဘူးဗျ၊ ဒီ တိုင်းပြည်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား အတွက် ပုန်းစရာ သိပ် မရှိလှဘူး၊ ပရက်စကော့ ဆိုတဲ့ လူကို ခင်
ပစ်သတ်ခဲ့တယ် မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ၊ အမှန်ကတော့ အဲ သူက စပစ်တာပါ၊
အမှု အတွက် ကျွန်တော် ထောင်ထဲမှာ ငါးနှစ် နေခဲ့ရပါတယ်၊ ငါးနှစ်
နည်းသလားဗျာ၊ တကယ်ကတော့ ကျွန်တော်ဟာ တိုက်ပန်းကန်ပြားလော
ကြီးတဲ့ ရွှေတံဆိပ်တောင် ရလောက်တာပဲ၊ ပရက်စကော့ရဲ့ ငွေစက္ကူ
သိပ်တူလွန်းတော့ ခင်ဗျားတို့ အင်္ဂလန် ဘဏ်က ထုတ်တဲ့ စက္ကူနှင့် ဘယ်
ခွဲလို့ မရဘူးဗျ၊ ကျွန်တော်သာ သူ့ကို မသတ်ခဲ့ရင် လန်ဒန် မြို့ကြီး တ
လုံး သူ့စက္ကူတွေ ဖွေးနေမှာပဲ၊ ဒီငွေစက္ကူတွေကို ဘယ်မှာ လုပ်တယ်
သိတဲ့လူ ဆိုလို့ ကမ္ဘာမှာ ကျွန်တော်လောက်ပဲ ရှိတယ်၊ ဒီတော့ ဒီနေ
ကျွန်တော် လိုချင်တာဟာ အဆန်းလားဗျာ၊ ဒီအထဲမှာ အူကြောင်ကြောင်
မည်နှင့် အူကြောင်ကြောင် လူက ဒီအိမ်ပေါ်မှာ နှစ်ဆယ့် လေးနာရီလုံး ထိ
နေတော့ သူ့ အပြင် ထွက်အောင် ကြံဖန် လုပ်ရတော့တာပေါ့၊ အမှန်က
ဒီငနဲကြီးကို ရှင်းပစ်လိုက်ရင် အကောင်းသား၊ ကျွန်တော်က သနားတ
လူ ဆိုတော့ အခြောက်တိုက် မသတ်ချင်ဘူး၊ သူက သေနတ် ကိုင်မှ ကို
သေနတ် ကိုင်ချင်တဲ့ လူမျိုး ဆိုတော့ ခွကျတာပေါ့၊ ကဲ မစ္စတာ ဟုမ်း၊
တော့်ကို ခင်ဗျား ဘာလုပ်ချင်သလဲ၊ ကျွန်တော် ဒီ ငွေစက္ကူ\အတု လု
စက်ကို မသုံးသေးဘူး၊ ဘယ်သူ့ကိုမှလည်း ထိခိုက်အောင် မလုပ်သေးဘူ
တော့ ကျွန်တော့်ကို ဘာနှင့် ဖမ်းမလဲ'

ရှားလော့ဟုမ်းက

'ကျုပ် မြင်သလောက်နှင့် စွဲရမယ် ဆိုရင်တော့ လူသတ်ရန် ကြံ
အားထုတ်မှုပေါ့ဗျ၊ သို့သော်လည်း ဒါက ကျုပ်တို့ မလုပ်ပါဘူးလေ၊
တစ်ဆင့်ကျရင် ဆိုင်ရာက လုပ်ပါလိမ့်မယ်၊ ကျုပ်တို့ လောလောဆယ် လို
တာကတော့ ဒေါသ မကြီးဘဲ အေးအေးဆေးဆေး နေဖို့ပါပဲ၊ အိုင်ဆေး ဝင်
စကော့တလန်ယာဒ်ကို တယ်လီဖုန်း ဆက်ဗျာ၊ သူတို့လည်း စောင့်နေ
ပေါ့'

ဤသည်မှာ လူသတ်ကောင် အီဗန်နှင့် သူ တီထွင်သည့် ဂါ
ဆိုသည့် လူ သုံးယောက် အကြောင်း ဖြစ်ပေ၏။ ကျွန်ုပ်တို့၏ မိတ်ဆွေ
အီဗန်သည် မျှော်လင့်ချက် ပြိုကွဲသွားသည့် အတွက် စိတ် ထိခိုက်သွ
တစ်သက်လုံး စိတ် ဖောက်ပြန်သွားသည်ဟု နောင်တွင် ကြားရလေ၏။





လေထဲမှ တိုက်အိမ်ကြီး ပြိုကျသွားသည့်အခါ သူလည်း ထိုအဖြစ်အပျက်
အောက်တွင် နစ်မြုပ် ပျောက်ကွယ် သွားရရှာခြင်း ဖြစ်ပေ၏။ အီဗန်
ဘရစ္စတန်ရှိ အရူးထောင် တစ်ခုတွင် ရှိသည်ဟု နောက်ဆုံး ကြားရပေ

ပရက်စကော့၏ ငွေစက္ကူ အတု လုပ်စက်ကို တွေ့ရသည့် အခါတွင်
တလန်ယာဒ် အဖို့ မဟာ အောင်ပွဲကြီး ဖြစ်လျက် ရှိလေ၏။ စကော့
ယာဒ်သည် ထိုငွေစက္ကူ အတု လုပ်သည့် စက် ရှိကြောင်းကို သိသော်
ပရက်စကော့ သေသွားသည့် နောက်ပိုင်းတွင် ခြေရာခံ၍ မရဘဲ ဖြစ်
ရှိလေ၏။ ငွေစက္ကူတု လုပ်သည့် သူသည် အဆိုးဆုံးသော ပြည်သူ့ ရန်
ဖြစ်လေရာ အီဗန်သည် အစိုးရကို ကြီးမားစွာ အလုပ်အကျွေး ပြုခဲ့ပြီး
နာမည်ကျော် ရာဇဝတ် မှုခင်း စုံထောက်များကို အိပ်ရေး ဝဝ အိပ်နိုင်
အကျိုးပြုခဲ့သူ ဖြစ်ပေ၏။ မှုခင်း စုံထောက်များသည် အီဗန် ပြောသည့်
သူ့ကို တိုက်ပန်းကန်ပြားကြီးလောက် ရှိသည့် ရွှေတံဆိပ်ကြီး တစ်ခု
ကြသည့်တိုင် ကျေးဇူး မသိတတ်သော တရားရုံးတော်ကမူကား ထိုသို့
ဘဲ ပြောင်းပြန် ယူဆသည့် အတွက် လူသတ်ကောင် အီဗန်သည် သူ
ရာ လမ်း ဖြစ်သည့် ထောင်နံရံ အမှောင်ရိပ်များထဲသို့ ပြန်၍ ရောက်သွား
တည်း။

[မူရင်း ဝတ္ထု *The Adventure of The Three Garridebs.* ရွှေဥဒေါင်း၏ စုံ
ဦးစံရှား ဝတ္ထုများတွင် 'အာဋ္ဌာဝက မောင်ကလေး အမှု' ဟူသော အမည်ဖြင့်
ပြီး။]



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်း အဖြစ် ပထမဆုံး သရုပ်ဆောင်ခဲ့သော
အင်္ဂလိပ် ပြဇာတ် မင်းသား ချားလ်စ် ဆိန့်စ်ဘီး

www.burmeseclassic.com

www.burmeseclassic.com



ဟပ်မဆော ရှေ့သည် အဖြစ် ရုပ်ဖျက်ထားသော ရှားလော့ဟုမ်း
(၁၉၃၃ ခု ရုပ်ရှင် ဇာတ်ကား တစ်ကားမှ)



၁၉၃၃ ခု ရုပ်ရှင် ဇာတ်ကား တစ်ကားမှ ရှားလော့ဟုမ်းနှင့် ဝပ်ဆင်



ပြန်ရှိမြင်လာ ရှားလော့ဟုမ်း ပြန်လာပြီ
ပြဇာတ်မှ
မင်းသား ရော့ဂျာဖရီ အက်ဒွပ် (၁၉၅၃)




ဒေါက်တာ ဝပ်ဆင့် သရုပ်ဆောင် အက်ဒွပ် ဖော...
(၁၉၇၄ ဘီဘီစီ ရုပ်မြင်သံကြား ဇာတ်လမ်း)

www.burmeseclassic.com

www.burmeseclassic.com



[illegible]



ပင်လယ်ကူး သင်္ဘောပေါ်မှ ဂီတ ပညာရှင် ထင်ဦး အမြဲမိန့် . . .




[illegible]



[illegible] ဖုံးကွယ်ထားသော ရှားလော့ဟုမ်း ([illegible]

www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်း ရုပ်ရှင် တစ်ခုမှ သရုပ်ဆောင် မင်းသား
ဂျိမ်း ဗရောက်ဝင်တန်

# ချစ်ဆိပ်ရည်



ချယ်ရင်ကရော့လမ်း ကောက်စ် အင် ကုမ္ပဏီ ဘဏ်တိုက်ရှိ အာမခံ သေတ္တာ တစ်လုံးထဲတွင် ဂျွန်၊ အိတ်၊ ဝပ်ဆင်၊ အမ်ဒီ၊ အိန္ဒိယ တပ်မတော် အရာရှိဟောင်း ဟု အဖုံး၌ ရေးထားသော စာထည့်သည့် ကျွန်ုပ်၏ သံမဏိ သေတ္တာကလေးမှာ စာရွက် စာတမ်းတို့ဖြင့် ပြည့်သိပ်လျက် ရှိပေ၏။ ထိုစာရွက် စာတမ်းများမှာ အခြား မဟုတ်။ ရှား ...ာ့ဟုမ်း လိုက်ခဲ့သည့် ထူးဆန်းသော အမှုများကို မှတ်တမ်း တင်ထားသည့် ...မှုတွဲများ ဖြစ်ပေ၏။

ယင်းတို့ အနက် အချို့မှာ စိတ်ဝင်စားစရာ များစွာ မကောင်းသည့် ...ပြင် အဖြေ မပေါ်ဘဲ လက်မြှောက်ခဲ့ရသည့် အမှုများ ဖြစ်သည့် အတွက် ထို ...မှုများ အကြောင်းကို စာဖတ်သူများအား တင်ပြခြင်း ပြုတော့မည် မဟုတ်ပါ။ ...င်း ဝါသနာ ပါသူများ အနေဖြင့် အဖြေ မပေါ်သော ပြဿနာ တစ်ရပ်ကို ...တ်ဝင်စားကောင်း စိတ်ဝင်စားမည် ဖြစ်သော်လည်း သာမန် စာဖတ်ပရိသတ်တို့ ...ဒို့မှု အနှောင့်အယှက် ဖြစ်နေပေလိမ့်မည်။

ထိုသို့ အဖြေ မပေါ်သည့် အမှုများထဲတွင် မစ္စတာ ဂျိမ်း ဖီလီမိုး၏ ...မှုလည်း အပါအဝင် ဖြစ်ပေ၏။ မစ္စတာ ဖီလီမိုးမှာ အပြင်သို့ ထွက်ခါနီး ...ွင် ထီး မေ့လာသဖြင့် အိမ်ထဲသို့ ထီး ဝင်ယူရာမှ လောကကြီးမှ အစတုံး ...ပျောက်ကွယ်သွားခဲ့ခြင်း ဖြစ်ပေ၏။

ထို့ပြင် နွေဦး တစ်မနက်တွင် နှင်းမြူတွေ ရစ်ဆိုင်းနေစဉ် ...မ်းခု ...ွက်ခွာသွားကာ ပျောက်ဆုံးသွားသော အယ်လီစီယာ ရွက်သင်္ဘောကလေး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှပေ၏။ ထိုအချိန်မှ စ၍ ထို
သင်္ဘောနှင့် သင်္ဘောသားများ အကြောင်းကိုလည်း ဘာမျှ မကြားရတော့ချေ။

စိတ်ဝင်စားဖွယ် ကောင်းသည့် အခြား အမှု တစ်ခုမှာ နာမည်ကျော်
သတင်းစာဆရာနှင့် သေနတ်သမား အစ်ဇာဒိုရာ ပါဆာနို၏ အကြောင်း ဖြစ်
လေ၏။ ထိုသူမှာ မီးခြစ်ဘူး တစ်ဘူးကို ဖွင့်လိုက်သည့်တွင် သိပ္ပံ ပညာရပ်ဖြင့်
တစ်ခါမျှ ရှာမတွေ့ဖူးသေးသည့် ပိုးကောင် တစ်ကောင်ကို တွေ့လိုက်ရ၍
သွက်သွက်လည်အောင် ရူးသွားသူ ဖြစ်လေ၏။

အခြေ မပေါ်ခဲ့သည့် ဤအမှု သုံးခု အပြင် ထုတ်ဖော် ရေးလိုက်လျှင်
အထက်တန်းလွှာ အသိုက်အဝန်းတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားမည့် ကိုယ်ရေး
ကိုယ်တာ လျှို့ဝှက်ချက်များ ပါသည့် အမှုများလည်း အများအပြား ရှိပေသေး
၏။ ယုံကြည်မှုကို ဖောက်ဖျက်ကာ ဤအမှုများကို ထုတ်ဖော် ရေးသားဖို့ ဆို
သည်မှာ တွေးပင် တွေးအပ်သည့် အလုပ် မဟုတ်ကြောင်းကို ကျွန်ုပ် အထူး
ဖော်ပြရန် လိုမည် မထင်ချေ။

မိတ်ဆွေကြီး ရှားလော့ဟုမ်း အားလပ်သည့် အချိန်များတွင် စစ်ဆေးရန်
အတွက် သီးခြား ဖယ်ထုတ်ကာ ဖျောက်ဖျက်တန် သည်တို့ကို ဖျောက်ဖျက်
ပစ်ရဦးမည် ဖြစ်ပေ၏။

ထို့နောက်တွင်မူ အနည်းနှင့် အများ ဆိုသလို စိတ်ဝင်စားဖွယ် ကောင်း
သည့် အမှုများသာ ကျန်တော့သောကြောင့် ကျွန်ုပ် အလေးစားဆုံး ပုဂ္ဂိုလ်
တစ်ဦး၏ ဂုဏ်သိက္ခာကိုလည်း မထိခိုက်ရလေအောင် ပြင်ဆင် တည်းဖြတ်၍
အောက်တွင် ဖော်ပြလိုက်ပါသည်။

အချို့သော အမှုများမှာ ကျွန်ုပ် ကိုယ်တိုင် ပါဝင် ဆောင်ရွက်ခဲ့သည့်
အမှုများ ဖြစ်ရုံမက ကျွန်ုပ် ကိုယ်တိုင် ကိုယ်တွေ့ မျက်မြင် ဖြစ်လျက် အချို့
မှာမူ ကျွန်ုပ် ကိုယ်တိုင် ပါဝင်ခြင်း မရှိသည့် အတွက်ကြောင့် တစ်ကြောင်း
ပါဝင်လျှင်လည်း သေးငယ်သည့် အစိတ်အပိုင်းမျှသာ ဖြစ်သည့် အတွက်ကြောင့်
တစ်ကြောင်း ကြားလူ တစ်ယောက် အနေဖြင့်သာ ကျွန်ုပ် ရေးသား တင်ပြခြင်း
ပြုနိုင်မည် ဖြစ်ပါသည်။

အောက်ပါ အဖြစ်အပျက်မှာမူ ကျွန်ုပ် ကိုယ်တွေ့မှ ထုတ်နုတ် ရေးသား
တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ထိုနေ့မှာ မိုးသက် လေပြင်းတို့ တိုက်ခတ်လျက် ရှိသည့် အောက်တို
ဘာလ တစ်မနက် ဖြစ်၍ ကျွန်ုပ်သည် အဝတ်အစား လဲရင်း အိမ်နောက်ဖေး





တွင် ပေါက်နေသည့် သစ်ပင်ကြီးမှ သစ်ရွက်တို့ တဖြုတ်ဖြုတ် ကြွေကျနေသည်
ကို ငေးကြည့်နေမိလေ၏။ ထို့နောက် မနက်စာ စားရန် ထမင်းစားခန်းထဲသို့
ဆင်းလာလေ၏။

ရှားလော့ဟုမ်းမှာ အနုပညာသည်များ ထုံးစံ အတိုင်း ပတ်ဝန်းကျင်တွင်
ပျော်စရာ ဝမ်းနည်းစရာ ရှိလျှင်လည်း လျင်မြန်စွာ ခံစားတတ်သူ ဖြစ်လေရာ
ယခုလို ရာသီဥတုမျိုးတွင် စိတ်ညစ်ကျ၍ နောက်ကျိနေလိမ့်မည်ဟု ကျွန်ုပ် ထင်မိ
သေး၏။

သို့ရာတွင် အောက်ထပ်သို့ ရောက်သည့် အခါတွင် ကျွန်ုပ် ထင်သကဲ့သို့
မဟုတ်ဘဲ မနက်စာ စားရန် စားပွဲတွင် ထိုင်ရင်း အထူး ရွှင်လန်းလျက် ရှိသည့်
အပြင် တစ်ခါတလေ ဖြစ်လေ့ဖြစ်ထ ရှိသည့် အတိုင်း အူမြူးလျက် ရှိသည်ဟု
ပင် ထင်လိုက်မိပေသေး၏။

'အမှု ရတဲ့ မျက်နှာများ တယ်ပြီး-သိသာသကိုးဗျ'

'ကောက်ချက် ဆွဲတဲ့ ပညာများဟာ ကူးစက်တတ်တဲ့ ရောဂါများလိုပဲ
ဗျ၊ တယ်ပြီး အကူး မြန်ပေတာပဲ၊ ဒါကြောင့် ခင်ဗျား ကျုပ် လျှို့ဝှက်ချက်ကို
ဖော်နိုင်တာပေါ့၊ မဟုတ်ဘူးလား၊ ဟုတ်တယ်ဗျ၊ အမှု တစ်ခု ရလို့၊ တစ်လလုံး
လုံး ပိန်လိမ်ပြီး နေခဲ့ရတာ ခုမှ လှုပ်စရာ ရှားစရာကလေး ရတော့တယ်ဗျာ'

'အပျင်း ဖြေစရာကလေးများ ရှိရင် ကျွန်တော်တို့ဘက်လည်း ကမ်း
လိုက်ပါဦးဗျာ၊ ဝေမျှ ပျော်ရတာပေါ့'

'အမယ်၊ များများစားစားတော့ မဝေနိုင်ဘူးဗျို့၊ ကဲ ပြီးတော့ ဆွေးနွေး
ကြသေးတာပေါ့ဗျာ၊ ခုတော့ ကျုပ်တို့ ထမင်းချက်သစ်က ကြက်ဥ နှစ်လုံး ပြုတ်
ထားလိုက်တာ ကျောက်ခဲကလေးတွေ ကျနေတာပဲဗျ၊ ကြက်ဥပြုတ် မာမာက
လေး နှစ်လုံးလောက်ကို စားလိုက်ဦး၊ အင်း ကြက်ဥပြုတ်တာ မာသွားတဲ့ ကိစ္စ
ကတော့ မနေ့က အိမ်ရှေ့ခန်း စားပွဲပေါ်မှာ တွေ့တဲ့ အိမ်ထောင်ရေး ဂျာနယ်
ထဲက စာစောင်နှင့်တော့ ဘာမှ သက်ဆိုင်မယ် မထင်ပါဘူး၊ တခြား ကိစ္စ
တွေနှင့်၊ ကြက်ဥ ပြုတ်ရာမှာတောင် အချိန်ကို ဂရုစိုက်ဖို့ လိုတာကိုးဗျ၊ ကြည့်
ရတာကတော့ ဂျာနယ်ထဲမှာ ပါတဲ့ အချစ် ဇာတ်လမ်းကို ဖတ်ရင်း ကြက်ဥ
ပြုတ်တာကို မေ့သွားဟန် တူတယ်ဗျ'

နာရီ တစ်စိတ်ခန့် ကြာသည့် အခါတွင် ထမင်းစား စားပွဲကို ရှင်းလင်း
ပြီးနောက် ကျွန်ုပ်တို့ နှစ်ယောက်သည် မျက်နှာချင်းဆိုင် ထိုင်လျက် ရှိကြလေ
၏။



www.burmeseclassic.com

www.burmeseclassic.com



'ရှေတွင်း သူဌေး နီးလ် ဂစ်ဗဆန် အကြောင်းကို ခင်ဗျား ကြားဖူး လား' ဟု ရှားလော့ဟုမ်းက ကျွန်ုပ်ကို မေးလိုက်လေ၏။

'ဘယ်သူလဲ၊ အမေရိကန် အထက် လွှတ်တော် အမတ်ကို ပြောတာလား'

'ဟုတ်ပါ့ဗျာ၊ တစ်ခါတုန်းက အနောက်ပိုင်း နယ်မြေ တစ်ခု အတွက် အထက် လွှတ်တော် အမတ် ဖြစ်ခဲ့ဖူးတယ်၊ ဒါပေမဲ့ ကမ္ဘာကတော့ သူ့ကို ရွှေ တွင်း သူဌေး တစ်ဦးလို့ပဲ သိနေကြတယ်'

'အင်း ကြားဖူးပါတယ်၊ အင်္ဂလန်မှာ နေတာ တော်တော် ကြာပြီပဲ၊ သူ့ နာမည်ကို မကြာခဏ ကြားဖူးတာပေါ့'

'ဟုတ်တယ်ဗျ၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက ဟန့်ပရှိုင်းယား နယ် မြေတွေကို တော်တော် များများ ဝယ်ခဲ့တယ်၊ သူ့မိန်းမ သေရတဲ့ အကြောင်း ကော ကြားဖူးမှာပေါ့'

'ဟုတ်ပြီဗျို့ သတိရပြီ၊ အဲဒီ ကိစ္စကြောင့် သူ့နာမည်ကို မကြာခဏ ကြားဖူးနေတာကိုးဗျ၊ ဒါပေမဲ့ အသေးစိတ်ကိုတော့ မသိဘူးပေါ့ဗျာ'

ရှားလော့ဟုမ်းသည် ကုလားထိုင်ပေါ်တွင် ပစ်တင်ထားသည့် သတင်း စာများကို ထိုးပြကာ

'ဒီအမှုဟာ ကျုပ်ဆီ ရောက်လာလိမ့်မယ်လို့ နည်းနည်းလေးမှ မမျှော် လင့်ဘူးဗျာ၊ နို့မို့ရင် သတင်းစာ ဖြတ်ပိုင်းတွေကို အဆင်သင့် လုပ်မထားရပေ ကလား၊ အမှုက နာမည်တော့ ကြီးပါရဲ့၊ ဒါပေမဲ့ သိပ် မခက်လှပါဘူး၊ တရား ခံက စိတ်ဝင်စားစရာ ပုဂ္ဂိုလ် တစ်ဦး ဖြစ်နေသည့်တိုင် သက်သေခံ အထောက် အထားက ထင်ရှား လွန်းနေတော့ ဘာမှ မတတ်နိုင်ဘဲ ဖြစ်နေတယ်၊ ပုလိပ်က လည်း ဒီအတိုင်းပဲ ယူဆတယ်၊ ခုတော့ ဝင်ချက်စတာ တရားရုံးကို လွှဲလိုက်ပြီ အင်း လိုက်လို့သာ လိုက်ရမယ်၊ ကျေးဇူးတင် ခံရမယ့် အလုပ်တော့ မဟုတ်ပါ ဘူးဗျာ၊ အချက်အလက်တွေကို ကျုပ် ရှာနိုင်ပေမဲ့ တစ်မျိုးတစ်ဖုံ ပြောင်းသွား အောင်တော့ ကျုပ်လည်း တတ်နိုင်မှာ မဟုတ်ပါဘူးဗျ၊ နောက်ထပ် အချက် အလက် အသစ် ရှာတွေ့ရင် တွေ့ မတွေ့လို့ ရှိရင်တော့ ကျုပ်အမှုသည် အတွက် တယ်ပြီး မျှော်လင့်ချက် မရှိလှပါဘူး'

'ခင်ဗျား အမှုသည် ဟုတ်လား'

'ဩော် ခင်ဗျားကို ပြောဖို့ မေ့နေတယ်၊ ကျုပ်လည်း ခင်ဗျားလို စာရေး လမ်းကို အဆုံးက နေပြီး ပြန်ပြောတတ်တဲ့ အကျင့်တွေ ရနေပြီဗျ၊ အကောင်း ဆုံးကတော့ ဒီစာကို အလျင် ဖတ်ကြည့်'





လက်ရေး ကြီးကြီးဖြင့် ရေးထားသည့် စာမှာ အောက်ပါ အတိုင်း ဖြစ် ၏။

ကလားရစ် ဟိုတယ်

အောက်တိုဘာ ၃ ရက်။

မိတ်ဆွေကြီး မစ္စတာ ဟုမ်း ခင်ဗျား။

ကမ္ဘာပေါ်မှာ ကျွန်တော် တွေ့ဖူးသည့် မိန်းမများ အနက် အမြင့် မြတ်ဆုံး မိန်းမ တစ်ဦး စက်တိုင် တက်ရမည်ကို ကျွန်တော် ထိုအတိုင်း လက်ပိုက် ကြည့်မနေနိုင်ပါ။ အဖြစ်အပျက် အားလုံးကို ကျွန်တော် ရှင်း မပြတတ်ပါ။ ရှင်းပြရန်လည်း မကြိုးစားလိုပါ။ သို့ရာတွင် မစ္စ ဗန်ဒါသည် အပြစ် ကင်းသော အမျိုးသမီး တစ်ဦး ဖြစ်ကြောင်းကိုမူ ကျွန်တော် ခြွင်းချက် မရှိ ယုံကြည်ပါသည်။ အချက်အလက်များကို မိတ်ဆွေကြီး သိပြီး ဖြစ်ပါသည်။ မိတ်ဆွေကြီး မသိလျှင်လည်း လောကကြီးတွင် သိသူ တစ်ယောက်မျှ ရှိမည် မထင်တော့ပါ။ ဤသို့ မတရားသဖြင့် ဖြစ်နေသည်ကို မြင်ရသည့် အတွက် ကျွန်တော် ပို၍ ခံပြင်းမိခြင်း ဖြစ်ပါသည်။

မစ္စ ဗန်ဒါသည် ယင်ကောင်လေး တစ်ကောင်ကိုသော်မျှ မသတ် ရက်လောက်အောင် စိတ်ထား နူးညံ့သူ ဖြစ်ပါသည်။

မနက်ဖြန် ဆယ့်တစ်နာရီတွင် ကျွန်တော် လာခဲ့ပါမည်။ ထိုအခါ တွင် စုံထောက်ကြီးသည် အမှောင်ကို ခွင်းပေးနိုင်လိမ့်မည်ဟု ကျွန် တော် မျှော်လင့်ပါသည်။ ထိုပြဿနာကို ဖြေရှင်းနိုင်သော သဲလွန်စ ကျွန်တော် မသိဘဲနှင့် ကျွန်တော့်ထံတွင် ရှိကောင်း ရှိပါမည်။

မည်သို့ ဖြစ်စေ သူ့ကိုသာ ကယ်တင်ပေးနိုင်မည် ဆိုပါက ကျွန် တော် သိသမျှ၊ ကျွန်တော် ရှိသမျှ၊ ကျွန်တော် ဖြစ်သမျှကို စုံထောက် ကြီး ကြိုက်သလို အသုံး ချနိုင်ပါသည်။ ယခု အမှုတွင် စုံထောက် ကြီး အစွမ်းကုန် ကြိုးစား ပေးစေလိုပါသည်။

သစ္စာ ရှိစွာဖြင့်

ဂျေ၊ နီးလ်၊ ဂစ်ဗဆန်

မနက်စာ စားပြီး သောက်လေ့ ရှိသည့် ဆေးတံဆိုးကို ဖွာလိုက်ပြီး ရှားလော့ဟုမ်းသည် ဆေးတံမှ ပြာများကို ခေါက်ချလိုက်ကာ နောက် ဆေးတစ်ဆုံကို ထည့်လျက် ရှိရာမှ



www.burmeseclassic.com

www.burmeseclassic.com



'စာကတော့ အဲဒါပဲဗျ၊ ခု အဲဒီ လူကို ကျုပ် စောင့်နေတာ၊ အ
အပျက်ကို သိချင်ရင်တော့ သတင်းစာတွေကို လိုက်လှန်ရမှာပဲ၊ သတင်း
တွေထဲမှာလည်း ခင်ဗျား လိုက်ရှာချိန် ရမှာ မဟုတ်ဘူး၊ ဒီတော့ ခင်ဗျား
ဝင်စားမယ် ဆိုရင် ကျုပ် အတိုချုပ် ပြောပြမယ်။

'ဂစ်ဗဆန် ဆိုတဲ့ လူက ကမ္ဘာမှာ အချမ်းသာဆုံး လူတစ်ယောက်
ကျုပ် သိသလောက် ပြောရရင်တော့ လူက တော်တော် စိတ်ထား ကြမ်း
ပြီး ကြောက်စရာ ကောင်းတဲ့ လူတစ်ယောက်ပဲ၊ ဂစ်ဗဆန်ဟာ ခုကိစ္စမှာ
ကောင် ဖြစ်သွားရတဲ့ မိန်းမကို လက်ထပ်ခဲ့တယ်ဗျ၊ သူနှင့် ပတ်သက်
တော့ သူဟာ အသက် ခပ်ကြီးကြီး ဆိုတာလောက်က လွဲပြီး ကျုပ် မသိ
ဒီအထဲမှာ ကလေး နှစ်ယောက်ကို စာသင်ပေးတဲ့ ဆရာမ ချောချောက
လည်း ရှိလေတော့ သူ့ခမျာ ကံဆိုးတယ်လို့ပဲ ဆိုရတော့မှာပေါ့လေ၊ ထား
ဒီတော့ ဒီအဖြစ်အပျက်နှင့် ဆိုင်တာကတော့ သူတို့ သုံးယောက်ပဲဗျ၊ အ
ဖြစ်ပွားတဲ့ နေရာကတော့ ရှေး အင်္ဂလိပ် ခေတ်တုန်းက သမိုင်း ဝင်ခဲ့တဲ့
ကျေးတော အိမ်ကြီးမှာဗျ။

'ဖြစ်ပုံက ဒီလို၊ အဲဒီ လူရဲ့ မိန်းမဟာ အိမ်ကြီးနှင့် မိုင်ဝက်လော
ဝေးတဲ့ နေရာမှာ ခေါင်းမှာ သေနတ် ဒဏ်ရာနှင့် သေနေတာကို ညကြီး
မတော်မှာ တွေ့ရတယ်၊ သူ့ကိုယ်မှာ ညစာ ဝတ်စုံကို ဝတ်ပြီး ရှောစောင်
ထည်ကို ခြုံထားတယ်၊ အနီးအနားမှာ လက်နက် ဆိုလို့ ဘာမှ မတွေ့ရ
လူသတ်မှုနှင့် ပတ်သက်လို့ အနီးအနား တစ်ဝိုက်မှာ သဲလွန်စတို့ ဘာတို့
မတွေ့ရဘူး၊ အနားမှာ ဘာလက်နက်မှ မရှိဘူးနော် အိုင်ဆေး၊ ဒါကို သတိ
ပါ။

'လူသတ်မှု ကျူးလွန်တဲ့ အချိန်ဟာ ညပိုင်းလို့ ယူဆရတယ်၊ အလော
ကို အဲဒီ အနီးအနား တစ်ဝိုက်မှာ ရှိတဲ့ ခြံစောင့် တစ်ယောက်က ဆယ်
နာရီလောက်မှာ တွေ့လို့ ဆိုင်ရာကို အကြောင်း ကြားတယ်၊ ပုလိပ်နှင့် ဆ
လာစစ်ပြီး အလောင်းကို အိမ်ကို ပြန်ယူသွားတယ်၊ သိပ်များ အကျဉ်း ချုံ့
နေပြီလား မသိဘူး၊ ကျုပ် ပြောတာ ရှင်းတယ် မဟုတ်လား'

'ရှင်းပါတယ်ဗျာ၊ နေစမ်းပါဦး၊ စာပြ ဆရာမကလေးကို ဘာ
သံသယ ဖြစ်တာလဲ'

'ပထမအားဖြင့် တိုက်ရိုက် သက်သေ အထောက်အထား တွေ့
တယ်ဗျာ၊ သူ့ အဝတ် ဗီရို အောက်ဆုံးထပ်မှာ ယမ်းတောင့် တစ်တောင့်





သေနတ် တစ်လက်ကို တွေ့ရတယ်၊ ယမ်းတောင့်ကို စစ်ဆေးကြည့်တော့
သေသူရဲ့ ကိုယ်မှာ တွေ့ရတဲ့ ယမ်းတောင့်နှင့် သွားပြီး တူနေတယ်'
ကာ ရှားလော့ဟုမ်းသည် အတန်ကြာ ရပ်နေပြီးမှ 'အဝတ် ဗီရို အောက်
ပ်' ဟု တစ်လုံးချင်း ရွတ်ဆိုလျက် ရှိလေ၏။

ထိုနောက်တွင်ကား ရှားလော့ဟုမ်းသည် မည်သို့မျှ မပြောတော့ဘဲ
ကြာမျှ တိတ်ဆိတ်စွာ စဉ်းစားလျက် ရှိလေရာ ကျွန်ုပ်မှာလည်း သူ့ကို
ယှက်ရန် မသင့်သည့် အတွက် ငြိမ်နေမိလေ၏။

ထိုစဉ် ရှားလော့ဟုမ်းသည် ရုတ်တရက် လှုပ်ရှားလာကာ

'ဟုတ်တယ်ဗျ၊ အဲဒီမှာ တွေ့ရတာ၊ အထောက်အထားက တိုက်ရိုက်
ဖြစ်နေတယ်၊ အေးလေ ဂျူရီ လူကြီး နှစ်ယောက်ကတော့ ဒီအတိုင်းပဲ
ကြတာပဲ၊ အမျိုးသမီးရဲ့ ကိုယ်ပေါ်မှာလည်း အဲဒီ နေရာမှာ တွေ့ဖို့ ချိန်း
စာပြ ဆရာမကလေးရဲ့ စာကို တွေ့ရသတဲ့ဗျ၊ ဘယ်လို သဘော ရ
နောက် ရာဇဝတ်မှု ကျူးလွန်တဲ့ ရည်ရွယ်ချက်၊ အထက် လွှတ်တော်
ဂစ်ဗဆန် ဆိုတဲ့ လူက လူဖြောင့်ရယ်ဗျ၊ အကယ်၍ မယားကြီး သေ
သူ့နေရာကို ဆက်ခံရမယ့် လူဟာ ဘယ်သူ ရှိနိုင်မလဲဗျ၊ ခုကတည်း
ဂစ်ဗဆန် ကိုယ်တိုင် အရေးပေး ခံနေရတဲ့ စာပြ ဆရာမကလေးပဲ ဖြစ်ရမှာ
သူတို့များ ကျတော့လည်း အချစ်ရေး စည်းစိမ်ရေး တန်ခိုး အာဏာရေး
သေး မရှိပါလားဗျာ၊ အရုပ် မဆိုးလွန်းဘူးလားဗျာ ဟင်'

'ဒါတော့ ဒါပေါ့လေ'

'ဆရာမကလေးကို စစ်တော့ သူလည်း တခြား ရောက်နေတဲ့ အကြောင်း
လီဘိုင် မပြနိုင်ဘူးဗျ၊ ပိုဆိုးသွားတာက အဲဒီ အချိန်တုန်းက သူဟာ အချင်း
ပွားတဲ့ သာရ တံတားနားမှာ ရှိတယ် ဆိုတာ ဝန်ခံထားတယ်ဗျ၊ ဝန်မခံလို့
မရဘူးလေ၊ အနီးအနား တစ်ဝိုက် ရွာသူ ရွာသားတွေက သူ့ကို မြင်လိုက်
ကြတာကိုး'

'အင်း၊ ဒီလို ဆိုရင်တော့ ကိစ္စက ပြတ်လောက်ပြီပေါ့'

'သို့သော်လည်း အဲ သို့သော်လည်း တစ်ချက် ရှိတယ်ဗျ၊ သာရ တံတား
ခပ်နက်နက်၊ ကျူပင်တွေ ပေါက်နေတဲ့ ကန် ကျဉ်းကျဉ်းကလေး တစ်ခု
ကို ဖြတ်ကူးတဲ့ တံတားဗျ၊ တံတားက ခုံး တစ်ခုတည်း ရှိတယ်၊ ဘေး
ရန်း အဖြစ် ကျောက်တုံးတွေ စီထားတယ်၊ အဲဒီ ကန်ကလေးကိုတော့
ကန်တဲ့၊ အမျိုးသမီးကို တံတား ထိပ်မှာ တွေ့ရတာ၊ ဒါတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



အချက်အလက်တွေပဲ၊ ဟော ပြောရင်း ဆိုရင်း ကျုပ်တို့ အမှုသည် ရောက်လာ ထင်တယ်ဗျ၊ အချိန်တောင် မကျသေးဘူး'

ကျွန်ုပ်တို့၏ သူငယ်ကလေး ဘီလီက တံခါးကို ဖွင့်ပေးလိုက်လေ သို့ရာတွင် ဘီလီ ပြောလိုက်သည့် အမှုသည်မှာ ကျွန်ုပ်တို့ မမျှော်လင့်သော အမည် တစ်ခု ဖြစ်လေ၏။ ဘီလီ ပြောသည့် မစ္စတာ မာလိုး ဘိတ် ဆိုသူ ကျွန်ုပ်တို့ နှစ်ယောက်စလုံး မသိကြချေ။ မစ္စတာ မာလိုးမှာ ခပ်ပိန်ပိန် ဖြစ် ကြောက်လန့် စိုးရွံ့သော မျက်လုံးများ ရှိလျက် တုန်တုန်ယင်ယင် ဖြစ်နေ မက သူ့ အမူအရာမှာလည်း ဆုတ်ဆိုင်းဆိုင်း အမူအရာမျိုး ရှိလေရာ ကျွန် ၏ ဆရာဝန် မျက်စိဖြင့် ကြည့်၍ ပြောရမည် ဆိုလျှင် မကြာမီ အာရုံကြော ရောဂါဖြင့် အိပ်ရာထဲတွင် ဗုန်းဗုန်း လဲတော့မည့် လူတစ်ယောက် ဖြစ်ကြော အလွယ်တကူ အကဲခတ်နိုင်ပေ၏။ ရှားလော့ဟုမ်းက

'ဘယ့်နှယ်လဲ မစ္စတာ မာလိုး၊ အတော် စိတ်ထိခိုက်တယ် မှတ်တယ် ထိုင်ဗျာ၊ ဆယ့်တစ်နာရီမှာ ချိန်းထားတဲ့ ကိစ္စကလေး တစ်ခု ရှိလို့ သိပ်တော့ အချိန် မပေးနိုင်ဘူး'

ကျွန်ုပ်တို့၏ ဧည့်သည်သည် အနိုင်နိုင် အားယူကာ သေနတ် ပစ်သ နှယ် စကားကို ပြတ်တောင်း ပြတ်တောင်းဖြင့်

'သိပါတယ် ခင်ဗျာ၊ မစ္စတာ ဂစ်ဗဆန် လာမှာ မဟုတ်လား၊ သူ ကျွန်တော့် အလုပ်ရှင်ပါ၊ ကျွန်တော်က သူ့မြေတွေကို အုပ်ချုပ်ရတဲ့ မန်နေ ပါ စုံထောက်ကြီး၊ ဒီလူဟာ လူယုတ်မာကြီး ခင်ဗျ၊ တကယ့် လူယုတ်မာ

'ပြင်းထန်လွန်းလှပါလား မစ္စတာ မာလိုး'

'မပြင်းထန်လို့ မဖြစ်ဘူး ခင်ဗျ၊ ကျွန်တော့်မှာ ပြောစရာ အချိန် များ ရတာ မဟုတ်ဘူး၊ ကျွန်တော့်ကို ဒီမှာ တွေ့သွားလို့ မဖြစ်ဘူး၊ ခုလောက် ရင် ရောက်များ ရောက်လာပလား မသိဘူး၊ အမှန်ကတော့ ကျွန်တော် စော လာဖို့ ကောင်းတာ၊ ဒါပေမဲ့ ကျွန်တော်က အလုပ် များတော့ မလာနိုင်ဘဲ သွားတယ်၊ စုံထောက်ကြီးတို့ဆီကို သူ လာမယ် ဆိုတာကိုလည်း ဒီနေ့ မ ကျမှ သူ့ စာရေး ဖာဂူဆန်က ပြောလို့ သိရတာ'

'ခင်ဗျားကတော့ သူ့ မန်နေဂျာနော်'

'အလုပ်က ထွက်မယ် ဆိုတာ ကျွန်တော် သူ့ကို နို့တစ် ပေးပြီးပါ နောက် နှစ်ပတ်လောက် ဆိုရင် သူ့ကျွန်ဘဝက လွတ်တော့မှာပါ၊ စုံထောက် ရေ၊ တကယ် ရက်စက်တဲ့ လူ ခင်ဗျ၊ ရက်စက်လိုက်ပုံကတော့ မပြောပါ





အပြင်ပန်း ကြည့်လိုက်ရင်တော့ တကယ့် သူတော်ကောင်းကြီး၊ ကုသိုလ် ၊ လှူလိုက်တဲ့ ငွေတွေ မနည်းပါဘူး ခင်ဗျာ၊ ဒါပေမဲ့ အမှန်ကတော့ ဒီ တာတွေဟာ သူ့ ယုတ်မာတာတွေကို ဖုံးကွယ်ဖို့ လှူတာပါ၊ မယားကြီး တော့ တကယ် သနားစရာ ကောင်းပါတယ် ခင်ဗျာ၊ သူ့သားကောင် လုံးလုံး တာပါပဲ၊ မိန်းမ အပေါ်မှာ ရက်စက် ကြမ်းကြုတ်လိုက်တာကလည်း လွန် ခင်ဗျ၊ ဟုတ်တယ် ခင်ဗျ၊ ရက်စက် ကြမ်းကြုတ်တာ၊ သူ့မိန်းမ ဘယ်လို ားတယ် ဆိုတာကိုတော့ ကျွန်တော် မသိဘူးပေါ့ ခင်ဗျာ၊ ဒါပေမဲ့ သူ တာ ခံနေရမယ့် အတူတူတော့ သေသွားတာပဲ ကောင်းပါတယ် ခင်ဗျာ၊ က တောင်အမေရိက တိုက်က ခင်ဗျ၊ ဘရာဇီးက၊ ဒါတော့ စုံထောက် သိမှာပေါ့နော်'

'ဟင့်အင်း၊ ဒီတစ်ချက်တော့ ကျုပ် မသိလိုက်ဘူးဗျ၊ လွတ်သွားတယ်'

'အပူပိုင်းဇုန်မှာ မွေးလာသူ ပီပီ စိတ်ကလည်း တော်တော် ဆတ်တယ် သူ့ယောကျ်ားကိုလည်း တကယ် ချစ်တာ၊ ယောကျ်ားကို သူ့လောက် မိန်းမမျိုး ကျွန်တော်ဖြင့် ရှိမယ်တောင် မထင်မိဘူး၊ ဒါပေမဲ့ အမျိုးသမီး ငယ်ငယ်တုန်းက ချောခဲ့ပေမဲ့ ကြီးလာတော့ ကျလာတာပေါ့ ခင်ဗျာ၊ ရုပ် တဲ့ အခါကျတော့ ကိုယ့်ယောကျ်ားကိုလည်း ကိုယ် မဆွဲဆောင်နိုင်တော့ ၊ ကျွန်တော်တို့ အားလုံးကတော့ သူ့မိန်းမကို သဘော ကျကြတယ်၊ ကို နိုင်ထက်စီးနင်း လုပ်လွန်းတော့ သူ့ကို မုန်းကြတယ်၊ ဒါပေမဲ့ ဒီလူ ဆော်တော် ပါးတဲ့ လူ ခင်ဗျ၊ ဒီလောက်ပဲ ပြောပါရစေတော့ ခင်ဗျာ၊ သူ့ ယ် စကားကို ကြည့်ပြီးတော့များ အကောင်း မထင်လိုက်ပါနှင့်၊ အပေါ် သလောက် ဝမ်းတွင်းက ကောက်တဲ့ လူ ခင်ဗျ၊ ကဲ ကျွန်တော် သွားတော့ ခင်ဗျာ၊ ဟင့်အင်း ကျွန်တော် နေလို့ မဖြစ်တော့ဘူးဗျ၊ ခဏဆိုရင် ရောက် တော့မှာ'

မစ္စတာ မာလိုးသည် ကြောက်လန့်တကြားဖြင့် နာရီကို လှမ်းကြည့် ပြီးလျှင် တံခါးဆီသို့ ပြေးသွားပြီးနောက် ပျောက်ကွယ်သွားလေ၏။

ရှားလော့ဟုမ်းသည် အတန်ကြာမျှ တိတ်ဆိတ်လျက် ရှိပြီးနောက်

'အင်း၊ မစ္စတာ ဂစ်ဗဆန် အိမ်က လူတွေကလည်း တော်တော် သစ္စာ လူတွေ ထင်ပါရဲ့၊ သို့သော်လည်း သူ လာ သတိ ပေးတာလည်း မဆိုး လ၊ ကျုပ်တို့ သတိ ထားရတာပေါ့၊ ကဲ ဒီတော့ ကျုပ်တို့လူ လာအောင် ပဲ ရှိတော့တယ်ဗျို့'



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားသည့် အချိန်သို့ ရောက်လာသည့် အခါ၌ လှေကားမှ ခပ်
လေး တက်လာသော ခြေသံကို ကြားရပြီးနောက် နာမည်ကျော် သန်း
သူဌေးကြီး မစ္စတာ ဂစ်ဗဆန်သည် ကျွန်ုပ်တို့ အခန်းထဲသို့ ဝင်လာလေ၏
သူ့ကို မြင်လိုက်သည်နှင့် မစ္စတာ မာလီး အဘယ်ကြောင့် ဤမျှ
ကြောက်လန့်နေကြောင်းကို လည်းကောင်း၊ သူနှင့် ပြိုင်ဘက် လုပ်ငန်းရှင်
က သူ့အား အဘယ်ကြောင့် မကောင်း ပြောဆိုလျက် ရှိကြောင်းကို လည်း
ကောင်း ကျွန်ုပ် နားလည် သဘော ပေါက်လိုက်လေပြီ။ ကျွန်ုပ်သည်
ဆရာ တစ်ယောက် ဖြစ်ခဲ့၍ ပါးနပ် ကျွမ်းကျင်ကာ သံမဏိမျှင်များကဲ့သို့
အာရုံကြောမျိုး ရှိပြီး သားရေကဲ့သို့ ပြောင်တင်းသော အရေ သိက္ခာ က
သူမျိုး တစ်ယောက်၏ ပုံကို ထုလုပ်လိုသည် ဆိုလျှင် မစ္စတာ နီးလ် ဂစ်
၏ ပုံကို ထုလုပ်မိပေလိမ့်မည်။

ပိန်ရှည် ကြမ်းထော်သော သူ့ ပုံပန်း သဏ္ဌာန်သည် လောဘ ကြီး
နှင့် မောဟ ကြီးခြင်းတို့ကို ဖော်ပြလျက် ရှိရာ အလွယ်တကူ ထင်သာ မြင်
အောင် ပြောရမည် ဆိုပါက အေဗရာဟင် လင်ကွန်း၏ ပုံကို ဆိုးယုတ်
စိတ်ညံ့ စိတ်ယုတ်တို့ ထည့်ပေးလိုက်လျှင် ထိုသူ၏ ပုံသဏ္ဌာန်ကို မြင်
ကြမည်ဟု ကျွန်ုပ် ယူဆမိပါသည်။ သူ့မျက်နှာသည် ကျောက်ဖြူသားပေ
ဆောက်နှင့် ထွင်းထားသကဲ့သို့ တင်းမာလျက် ရှိရာ အကြင်နာ ကင်းမဲ့ဟန်
ကြမ်းထော်လျက် ရှိပြီး အခက်အခဲ၊ အကျပ်အတည်းများကို ဖြတ်သန်းခဲ့ရ
အထိမ်းအမှတ် အဖြစ် နက်ရှိုင်းသော အရေးအကြောင်းတို့ ထင်လျက် ရှိလေ
ထူထဲသော မျက်ခုံးမွေး စုတ်ဖွားဖွားကြီးများ အောက်မှ အေးစက် ပြာလဲ့
မျက်လုံးများသည် ကျွန်ုပ်တို့ နှစ်ယောက်ကို တစ်လှည့်စီ ကြည့်လျက် ရှိ
ရှားလော့ဟုမ်းက ကျွန်ုပ်၏ အမည်ကို ထုတ်ဖော် ပြောလိုက်သည့် အခါ
သူသည် ဝတ်ကျေတမ်းကျေ ဦးညွှတ် နှုတ်ဆက်ပြီးနောက် ပိုင်စိုးပိုင်နင်
ကုလားထိုင် တစ်လုံးကို အနီးသို့ ဆွဲယူလာကာ ရှားလော့ဟုမ်းနှင့် ဒူးချင်း
တော့မတတ် ကပ်၍ မျက်နှာချင်းဆိုင် ထိုင်လိုက်လေ၏။

'မစ္စတာ ဟုမ်းကို ရောက်ရောက်ချင်း တစ်ခုတော့ ပြောချင်တယ်
ဒီအမှုနှင့် ပတ်သက်လို့ ငွေရေး ကြေးရေးကို ထည့်တွက် မနေပါနှင့်၊ အမှန်
အတွက် အလင်းရောင် လိုတယ် ဆိုရင် ငွေစက္ကူတွေကို မီးရှို့ ဆိုလည်း
အရေးမကြီးလှပါဘူး၊ ခု ကျွန်တော် ပြောချင်တာကတော့ ဆရာမကလေး
ဘာမှ အပြစ် မရှိဘူး ဆိုတာပဲဗျ၊ အပြစ် မရှိတဲ့ ဆရာမလေးကို လွတ်





လိမ့်မယ်၊ လုပ် ခလုပ်ကတော့ ခင်ဗျား သဘောပေါ့၊ ဈေးကတော့ ကြိုက်
ဈေး ပြောပါ'

ရှားလော့ဟုမ်းက အေးစက်စက်ဖြင့်

'ကျွန်တော် ယူတဲ့ နှုန်းကတော့ တစ်သမတ်တည်းပဲ ခင်ဗျ၊ မယူရင်
မယူဘူး၊ ယူတယ် ဆိုရင်တော့ ဘယ်အမှု မဆို အတူတူ ယူတာပဲ'

'ဟုတ်ပါပြီလေ၊ ဒေါ်လာကို မမက်ဘူး ဆိုရင်လည်း ဂုဏ်သိက္ခာကို
ထည့်စဉ်းစားပေါ့၊ ဒီအမှုကိုသာ ရှင်းနိုင်မယ် ဆိုရင် ခင်ဗျားကို အင်္ဂလိပ်
သတင်းစာတွေကရော အမေရိကန် သတင်းစာတွေကရော အကြီးအကျယ် ရေး
ကြမှာဗျ၊ တိုက်ကြီး နှစ်တိုက်စလုံးမှာ ခင်ဗျား နာမည်ဟာ ဟိန်းနေမှာပဲ'

'ကျေးဇူး တင်ပါတယ် မစ္စတာ ဂစ်ဗဆန်၊ ကျွန်တော်ဟာ နာမည်
ကြီးအောင် လုပ်ဖို့ လိုတယ်လို့ ကိုယ့်ကိုယ်ကိုယ် မထင်မိပါဘူး၊ ကျွန်တော်က
ထင်ရှား လူမသိ သူမသိ အလုပ် လုပ်ချင်တဲ့ လူ ဆိုတာ သိရင် အံ့အား
သင့်သွားမလားတောင် မပြောတတ်ဘူး၊ ကျွန်တော့် အဖို့ အရေးကြီးတာက ဒါ
မဟုတ်ဘူး၊ အလုပ်ပဲ၊ အလုပ်က စိတ်ဝင်စားစရာ ကောင်းရင် ကျွန်တော်
လုပ်တာပဲ၊ ကဲ အချိန်တွေ ကုန်လှပါတယ်ဗျာ၊ ဒါတွေ ထားပါတော့၊ အလုပ်
ကိစ္စကို ပြောကြရအောင်ပါ'

'အရေးကြီးတဲ့ အချက် တော်တော်များများကိုတော့ သတင်းစာတွေ
မှာ တွေ့ပြီးလောက်ရောပေါ့၊ ဒီပြင်တော့ နောက်ထပ် ဘာမှ ပြောစရာ သိပ်
ရှိမယ် မထင်တော့ပါဘူး၊ ဒါပေမဲ့ အဲဒီ အပေါ်မှာ မရှင်းတာ သိချင်တာတွေ
ရှိရင်တော့ မေးပါ၊ ကျွန်တော် ဖြေပါ့မယ်'

'ဟုတ်ကဲ့၊ ဒါဖြင့် တစ်ခုပဲ မေးပါရစေ'

'မေးပါ ခင်ဗျာ၊ ဘာပါလိမ့်'

'ခင်ဗျားနှင့် ဆရာမလေး မစ္စ ဒန်ဗာတို့ရဲ့ တကယ့် အမှန် ဆက်ဆံရေး
ဟာ ဘယ်လိုလဲ'

မစ္စတာ ဂစ်ဗဆန်သည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ကုလားထိုင်မှ
ထလိုက်လေ၏။

ထို့နောက် ချက်ချင်းပင် ဣန္ဒြေ ဆည်လိုက်လျက်

'အေးလေ ခင်ဗျား အနေနှင့် မေးခွင့် ရှိပေတာပေါ့၊ တာဝန် ဝတ္တရား
အရ မေးတာ ဖြစ်ချင် ဖြစ်မယ်ပေါ့၊ မဟုတ်ဘူးလား မစ္စတာ ဟုမ်း'

'ဟုတ်တယ်လို့ပဲ သဘော တူထားလိုက်ကြတာပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်တော် ပြောမယ်၊ ကျွန်တော်တို့ နှစ်ယော
ရဲ့ ဆက်ဆံရေးဟာ အလုပ်ရှင် တစ်ယောက်နှင့် အလုပ်သမား အမျိုးသမီး
တစ်ယောက်ရဲ့ ဆက်ဆံရေးပဲဗျ၊ ကလေးတွေ ရှေ့မှာက လွဲလို့ ဘယ်
နှစ်ယောက်ချင်းလည်း စကား မပြောဘူး၊ တွေ့လည်း မတွေ့ဘူး'

ရှားလော့ဟုမ်းသည် ကုလားထိုင်မှ ထလိုက်ရင်း

'ကျွန်တော်က သိပ် အလုပ် များတဲ့ လူတစ်ယောက်ပါ မစ္စတာ ဂစ်
အဓိပ္ပာယ် မရှိတဲ့ စကားတွေကို နားထောင်ဖို့ အချိန်လည်း မရှိဘူး၊ ဝါ
လည်း မပါဘူး၊ ကဲ မင်္ဂလာ နံနက်လို့ပဲ နှုတ်ဆက်လိုက်ပါတယ်'

ကျွန်ုပ်တို့၏ ဧည့်သည်လည်း ထိုင်ရာမှ ထလိုက်လေ၏။ သူ၏ ကြီး
သော အရုပ် အမောင်းသည် ရှားလော့ဟုမ်းကို မိုးလျက် ရှိလေ၏။ စုတ်ဖွား
မျက်ခုံးမွေးများ အောက်မှ မျက်လုံးများထဲတွင် ဒေါသ အရိပ်အယောင်ကို
ရပြီး ဝါဖျော့သော မျက်နှာပေါ်တွင်လည်း နီရဲလျက် ရှိနေသည်ကို တွေ့ရ

'ခင်ဗျား ဘာလုပ်တာလဲ မစ္စတာ ဟုမ်း၊ ကျုပ် အမှုကို လက်မခံဘူး

'ခု လောလောဆယ်တော့ ခင်ဗျားကို လက်မခံဘူးဗျာ၊ ကျုပ် ပြော
စကားက ရှင်းတယ်လို့ ထင်ပါတယ်'

'ရှင်းပါတယ်၊ ဒါပေမဲ့ နောက်ကွယ်က သဘောက ဘာသဘော
ကျုပ်ကို ဈေးပို တောင်းချင်လို့လား၊ ဒါမှမဟုတ် အမှုကို မကိုင်ရဲလို့
ဘာဖြစ်လို့လဲ၊ ကျုပ် အနေနှင့်လည်း ရှင်းရှင်း သိခွင့် ရှိပါတယ်'

'ဟုတ်ပါတယ်လေ၊ ခင်ဗျားမှာလည်း သိခွင့် ရှိပါတယ်၊ တစ်ချ
ပြောမယ်ဗျာ၊ အမှုက စကိုင်ရကတည်းက တော်တော် ရှုပ်တဲ့ အမှု၊ ဒီ
မဟုတ်တဲ့ သတင်းတွေကို ပေးနေတော့ ပိုရှုပ်ကုန်တာပေါ့'

'ဒါဖြင့် ကျွန်တော်က လိမ်ပြောနေတယ်လို့ ဆိုချင်တယ်ပေါ့'

'ကျုပ်က အတတ်နိုင်ဆုံး နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့နှင့် ပြော
ဗျ၊ သို့သော်လည်း ခင်ဗျားက အတိအလင်း အပြော ခိုင်းနေလေတော့
ငြင်းမနေတော့ပါဘူး'

မစ္စတာ ဂစ်ဗဆန်သည် မျက်နှာကြီးကို ရှုံ့မဲ့ကာ လက်သီးဆုပ်ကြီး
မြှောက်လိုက်သည့် အတွက် ကျွန်ုပ်သည် ထိုင်ရာမှ ဖြန်းခနဲ ထလိုက်လေ
ရှားလော့ဟုမ်းကား ပမာမခန့် ပြုံးကာ ဆေးတံကို လှမ်းယူလိုက်လေ၏။

'ဆူဆူညံညံ မလုပ်ပါနှင့် မစ္စတာ ဂစ်ဗဆန်၊ မနက်စာ စားပြီး
ဆိုရင် ဘယ်လောက် သေးဖွဲတဲ့ ကိစ္စကိုပဲ ပြောပြော တယ် အဆင် မပြေ





ဘူး ခင်ဗျ၊ ဒီတော့ မနက်ခင်းမှာ လမ်းကလေး တစ်ပတ်လောက် လျှောက်
လေကောင်း လေသန့် ရှူလိုက်ဦး၊ ခေါင်းအေးအေး ထားပြီး စဉ်းစားတာက
အတွက် အများကြီး အကျိုးများပါတယ် ခင်ဗျာ'

သူဌေးကြီး မစ္စတာ ဂစ်ဗဆန်သည် သူ့ဒေါသကို သူ အနိုင်နိုင် ချုပ်
ထားရလေ၏။ ခပ်စောစောက မီးတောက် မီးလျှံ တောက်သကဲ့သို့
တရှိန်ရှိန် ဖြစ်နေသည့် မစ္စတာ ဂစ်ဗဆန်သည် တစ်မိနစ်လောက် အတွင်း
အေးစက်၍ ပမာမခန့် ဖြစ်သော အမူအရာသို့ ပြန် ရောက် သွား သည့်
ဤမျှ မြန်မြန်ဆန်ဆန် ပြောင်းနိုင်ခြင်းကို ကြည့်၍ အံ့သြမိသေး၏။

'ကောင်းပြီလေ၊ ဒါတော့ ခင်ဗျား သဘောပေါ့၊ ခင်ဗျား အလုပ်ကို
ဘယ်လို လုပ်ရမယ် ဆိုတာ ခင်ဗျား သိမှာပေါ့၊ ခင်ဗျားထက် အား
င်းပေ့ ဆိုတဲ့ လူကြီးတွေကိုတောင် ကျုပ် ဦးချိုးခဲ့ပြီးပြီ၊ ကျုပ်ကို ဒီလို
ရဲတဲ့ လူ တစ်ယောက်မှ မရှိဘူး၊ ပြောတဲ့ လူကိုလည်း သက်သာခွင့်
ဘူး'

ရှားလော့ဟုမ်းက ပြုံးလိုက်လျက်

'ဒီလို ပြောတဲ့ လူတွေ များလှပါပြီဗျာ၊ ကျုပ်ကတော့ ဒီနေရာမှာ ရှိမြဲ
နေတာပါပဲ၊ ကဲ ဂွတ်မောနင်း မစ္စတာ ဂစ်ဗဆန်၊ အင်း လောကကြီးမှာ
လေ့လာရမှာတွေ အများကြီး ရှိသေးတယ်ဗျာ'

ကျွန်ုပ်တို့ ဧည့်သည်သည် ဆူဆူညံညံဖြင့် ထွက်သွားလေ၏။ သို့ရာတွင်
လော့ဟုမ်းမှာမူ မျက်လုံးများကို မှေး၍ မျက်နှာကြက်ကို ကြည့်ရင်း ဆေး
ကို တိတ်ဆိတ်စွာ ဖွာလျက် ရှိလေ၏။ နောက်ဆုံးတွင် ရှားလော့ဟုမ်းက

'အိုင်ဆေး ဘယ်လို ထင်သလဲဗျ'

'လူကို ကြည့်ရတာကတော့ သူ့လမ်းမှာ အတားအဆီး မှန်သမျှကို ဖယ်
သွားမယ့် ပုံပဲဗျ၊ သူ့မိန်းမဟာလည်း သူ သွားမယ့် လမ်းမှာ အတားအဆီး
နေပြီး သူ မနှစ်သက်စရာ ဖြစ်နေတယ်၊ သူ့မန်နေဂျာ မာလိုး ပြောသွားတာ
လည်း ရှိနေလေတော့ ကျွန်တော့် အထင် ပြောရရင်'

'ဟုတ်ပြီဗျ၊ ကျုပ်လည်း ဒီအတိုင်းပဲ တွက်တယ်'

'နေစမ်းပါဦးဗျ၊ သူနှင့် စာပြတဲ့ ဆရာမလေးရဲ့ ဆက်ဆံရေးကကော
ဘယ်လိုလဲ၊ ခင်ဗျားက သူတို့ အကြောင်းတွေကို ဘယ်လိုလုပ် သိနေတာ'

'ဖိန်းလွှတ်လိုက်တာပေါ့ဗျာ၊ ဘယ်မှာ သိပါ့မလဲ၊ သူ့စာထဲက လေသံက
လွန် ရင်းနှီးပြီး စိတ်နောက် ကိုယ်ပါ ရေးလိုက်တဲ့ စာဗျ၊ ဟန်ဆောင်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘာတို့ လုံးလုံး မပါဘူး၊ ဒါပေမဲ့ လူကတော့ ဟန်ကလည်း များ၊ ဣန္ဒြေက ဆည်လွန်းတော့ လူနှင့် စာကို ယှဉ်ကြည့်လိုက်တဲ့ အခါမှာ ဒီလူဟာ အပေါ်မှာထက် တရားခံ အဖြစ် အစွဲခံရတဲ့ စာပြ ဆရာမလေး အပေါ်မှာ တိမ်းညွတ်နေတယ် ဆိုတာ ထင်ရှားတယ်ဗျ၊ အမှုမှန်ကို သိချင်ရင် သုံးဦးရဲ့ တကယ် အမှန် ဆက်ဆံရေးကို ကျုပ်တို့ သိဖို့ လိုတယ်၊ ဒါမှ အမှန် ပေါ်နိုင်မယ်၊ ကျုပ် တဲ့တိုးကြီး ပြောချလိုက်တာ ခင်ဗျား မြင်တယ် မဟုတ်လား၊ ဟိုလူကို ဆွေ့ဆွေ့ ခုန်နေတာပဲ၊ အမှန်ကတော့ ကျုပ် စိတ်ထဲမှာ သူ နှစ်ယောက် ဆက်ဆံရေးကို မသင်္ကာရုံလောက်ပဲ ဖြစ်တာ၊ ဒါပေမဲ့ ကျုပ် သေချာပေါက် သိသလိုလိုနှင့် ဖိန်းလွှတ်လိုက်တာဗျ'

'ခင်ဗျားလူ ပြန်များ လာဦးမလား မသိဘူး'

'သေချာတာပေါ့ဗျာ၊ ခင်ဗျားလူ ပြန်မလာလို့ ဖြစ်ကို မဖြစ်ဘူး၊ လာ လာရမယ်၊ ဒီအတိုင်း တိုးလို့ တန်းလန်းကြီး ထားပစ်ခဲ့လို့ ရမလားဗျ၊ အဲဒါ သူ့ခေါင်းလောင်းသံဗျ၊ ဟုတ်တယ်၊ သူ့ခြေသံဗျ၊ ကဲ မစ္စတာ ဂစ်ဗဆန် ခင်ဗျား ဒေါသ ကြီးတဲ့ အကြောင်းကို ခုတွင် ဒေါက်တာ ဝပ်ဆင်ကို ပြော သေးတယ်ဗျ'

မစ္စတာ ဂစ်ဗဆန်သည် စောစောကလောက် ဒေါသ မကြီးတော့ဘဲ အေးအေးဆေးဆေးဖြင့် ပြန်ဝင်လာလေ၏။ မျက်လုံးများတွင်မူ မကျေနပ်သည့် အရိပ်အယောင်ကို တွေ့နေရပေသေး၏။ သို့ရာတွင် မိမိ ရည်ရွယ်ချက် အောင် မြင်လိုလျှင် အလိုက်သင့် နေရမည် ဆိုသည်ကိုမူ ကောင်းစွာ သဘော ပေါက် သွားဟန် ရှိပေ၏။

'ကျွန်တော် ပြန်စဉ်းစားကြည့်တယ် မစ္စတာ ဟုမ်း၊ ခင်ဗျား ပြောလိုက် တဲ့ စကားတွေကို ကြားလိုက်တော့ မွန်ထူသွားတယ်ဗျ၊ အမှန်ကတော့ ခင်ဗျား အနေနှင့် မေးသင့် မေးထိုက်တဲ့ မေးခွန်းတွေပဲ၊ ကျွန်တော် အမှန် ပြောပါမယ် မစ္စတာ ဟုမ်း၊ ကျွန်တော်နှင့် ဆရာမလေးတို့ ဆက်ဆံရေးဟာ ဒီအမှုနှင့် အ မဆိုင်ပါဘူး'

'ဒါကတော့ ကျွန်တော့် ဘာသာ ကျွန်တော် ဆုံးဖြတ်ရမယ့် ကိစ္စပဲ မဟုတ်ဘူးလား'

'ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ခင်ဗျားက ရောဂါ အမည် မတပ်ခင် လက္ခဏာချက်တွေကို စုံအောင် သိချင်တဲ့ ဆရာဝန်မျိုးကိုးဗျ'

'ဟုတ်တာပေါ့ဗျာ၊ ခင်ဗျား ပြောတာ သိပ်မှန်တာပေါ့၊ ဆရာဝန်





ပြောစရာ အကြောင်း ရှိတဲ့ လူနာမှသာလျှင် ကိုယ့်ရောဂါ အကြောင်းကို ယ် ပြောတတ်တယ်ဗျ'

'ဒါလည်း ဟုတ်ပါတယ်၊ ဒါပေမဲ့ မစ္စတာ ဟုမ်းပဲ စဉ်းစားကြည့်ပါ ယောကျ်ား ဆိုတာ မိန်းမ တစ်ယောက်နှင့် ကိုယ်နှင့် ဘယ်လို ပတ်သက် လဲလို့ မြောင် အမေးခံရရင် သူ့သူ့ကိုယ်ကိုယ် ရှက်တတ်ကြတာချည်း တကယ် ဖြစ်နေရင် ပိုဆိုးတာပေါ့၊ ကျွန်တော် ထင်ပါတယ်၊ လူတိုင်း ိုင်းမှာ ဘယ်သူ့ကိုမှ အသိ မပေးတဲ့ လျှို့ဝှက်ချက်ကလေးတွေ ရှိစမြဲပဲဗျ၊ းမှာ ခင်ဗျားက ဒီလျှို့ဝှက်ချက်ကို ကောက်နင်းပြီး မေးလိုက်တော့ ခက် ဘာပေါ့၊ ဒါပေမဲ့ ခင်ဗျား စေတနာကို နားလည်ပါတယ်လေ၊ ခင်ဗျား ာက သူ့ကို တတ်နိုင်သမျှ ကယ်ဖို့ မေးတာပဲ၊ ကဲ ဒီတော့ လောင်းကြေး ဘာတွေ ဘေးဖယ်လိုက်ကြတော့ဗျာ၊ ပွင့်ပွင့်လင်းလင်းပဲ ပြောကြရအောင်၊ ခင်ဗျား ဘာသိချင်တာလဲ'

'အမှန်တရား'

သန်းကြွယ် သူဌေးသည် စဉ်းစားနေဟန်ဖြင့် အတန်ကြာ တွေလျက် ရှိ ၏။

သုန်မှုန်၍ အရေးအကြောင်းတို့ ထင်လျက် ရှိသော သူ့မျက်နှာသည် တိုင်းထက် မှုန်သိုးသွားကာ လေးနက်သည့် အသွင်ကို ဆောင်လျက် ရှိလေ နောက်ဆုံးတွင် မစ္စတာ ဂစ်ဗဆန်က

'ကဲ ကျွန်တော် တိုတိုပဲ ပြောမယ် မစ္စတာ ဟုမ်း၊ မပြော မဖြစ်လို့သာ ပြောရတယ်၊ ပြောရတာ ရင်လည်း နာတယ်၊ ခက်လည်း ခက်တယ်၊ ဒီတော့ သလောက်ပဲ ပြောမယ်၊ ကျွန်တော့် မိန်းမကို ကျွန်တော် ဘရာဇီးမှာ ရွှေတူး း ရခဲ့တာပဲ ခင်ဗျ၊ သူ့ နာမည်က မာရီယာ ပင်တိုတဲ့၊ သူ့အဖေက အစိုးရ ရှိကြီး တစ်ဦး၊ အဲဒီတုန်းက သူကလည်း ရုပ်ချောချော၊ ကျွန်တော်က ည်း ငယ်ငယ် ရှူးရှူးမိုက်မိုက်ပေါ့ဗျာ၊ ဒါပေမဲ့ ခု ကြီးလာမှ အေးအေးဆေး ပြန် စဉ်းစားတော့လည်း မာရီယာဟာ တကယ် ချောတဲ့ မိန်းမ တစ် ာက် ဆိုတာ ဝန်ခံရမှာပါပဲ၊ မာရီယာတို့က ကျွန်တော်တို့ အမေရိကန်မ နှင့် မတူဘူး၊ လိုက်လိုက်လှဲလှဲ ရှိတယ်၊ စိတ်ထဲ ရှိတာကို ပြောတယ်၊ ုံးလုံး မှန်းလျှားလျှား ဆိုတဲ့ မိန်းမမျိုး။

'တိုတို ပြောကြပါစို့လေ၊ ကျွန်တော် သူ့ကို ချစ်တယ်၊ နောက်တော့ တ်ထပ်လိုက်တယ်၊ ရှူးမူးတာတွေ ကုန်ပြီး အချိန် တော်တော် ကြာတဲ့ အခ



www.burmeseclassic.com

www.burmeseclassic.com



ကျမှ သူနှင့် ကျွန်တော် ရလို့သာ ရလာကြတယ်၊ အသွင် တူတာ ဆိုလို့
ချက်မှ မရှိပါလား ဆိုတာ သိလာခဲ့ရတယ်၊ ဒီတွင် ကျွန်တော့် အချစ်ဟာ
တဖြည်းဖြည်း ကုန်ခမ်းသွားတယ်၊ ကျွန်တော် ကုန်ခမ်းသွားသလို သူက
ကုန်ခမ်းသွားရင်တော့ အကောင်းသားပေါ့လေ၊ ဒါပေမဲ့ မိန်းမ ဆိုတာ ခက်
ကလားဗျာ၊ ကျွန်တော်က ဘယ်လောက်ပဲ ဆိုးဆိုး ဘာပဲ လုပ်လုပ် ကျွန်
အပေါ်မှာ စိတ် မကုန်နိုင်ဘဲ ဖြစ်နေတယ်၊ ကျွန်တော်ဟာ သူ့အပေါ်မှာ
တမ်းခဲ့တယ်၊ တချို့ ပြောသလို ရက်စက်ခဲ့တာတွေတောင် ရှိတယ်၊ ဘာ
လုပ်သလဲ ဆိုတော့ ကျွန်တော့်ကို မုန်းသွားအောင်လို့၊ ကျွန်တော့် အပေါ်
စိတ် ကုန်ခမ်းသွားအောင်လို့ ကျွန်တော် တမင် လုပ်နေတာ၊ ဒီလို ဆိုရင်
တော့် အတွက်ရော သူ့အတွက်ရော နှစ်ယောက်စလုံး အတွက် ကောင်း
တာပေါ့ ခင်ဗျာ၊ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်တုန်းက ဘုရားဇီးက အ
မြစ်ကမ်းပါးမှာ နေခဲ့ကြတုန်းကလည်း ကျွန်တော့်ကို ချစ်တာပဲ၊ ခု အ
ကျေးလက်က တောတွေထဲကို လာနေတော့လည်း ကျွန်တော့်ကို ချစ်တုန်း
ကျွန်တော်က ဘယ်လိုပဲ လုပ်လုပ် ကျွန်တော့် အပေါ်မှာ အချစ် မပြယ်
သစ္စာ မပျက်ဘူး။

"ဒီတုန်းမှာ ဆရာမလေး မစ္စ ဒန်ဗာ ရောက်လာတယ် ခင်ဗျ၊
တော်တို့က ကြော်ငြာ ထည့်ခေါ်လို့ ရောက်လာပြီး ကလေး နှစ်ယော
စာပြ ဆရာမ ဖြစ်လာတယ်၊ သူ့ရုပ်ကိုတော့ သတင်းစာတွေထဲမှာ မ
ဟုမ်း မြင်ဖူးပြီးသား ဖြစ်ရောပေါ့၊ သူလည်း လှတဲ့ မိန်းမ တစ်ယောက်
တာ လူတိုင်းက ဝန်ခံကြရတယ် ခင်ဗျ၊ ဒီတော့ ကျွန်တော်လည်း သူများ
အကျင့် စာရိတ္တ ကောင်းတယ်လို့ မကြွားချင်ပါဘူး ခင်ဗျာ၊ ရှင်းရှင်းပဲ ပြော
မယ်၊ ဒီလောက် ချောတဲ့ မိန်းကလေး တစ်ယောက်နှင့် တစ်အိမ်တည်း
အတူ ဒီလောက် ကြာကြာ နေရတဲ့ အခါကျတော့ ကျွန်တော်လည်း နှစ်သ
မိတာ အမှန်ပါပဲ၊ မစ္စတာ ဟုမ်း ကျွန်တော့်ကို အပြစ် တင်မလား ခင်ဗျာ"

'နှစ်သက်တာကိုတော့ အပြစ် မဆိုပါဘူး၊ ဒါပေမဲ့ ထုတ် ပြော
ဆိုရင်တော့ အပြစ် ဆိုရလိမ့်မယ် ခင်ဗျာ၊ တကယ်က ဆရာမလေးဟာ
ကာကွယ် ထိန်းသိမ်းမှု အောက်မှာ လာနေရတာ မဟုတ်လား'

ရှားလော့ဟုမ်းက ထိုသို့ အပြစ် တင်သံဖြင့် ပြောလိုက်သည့်
မျက်လုံးတွင် မကျေနပ်သည့် အရိပ်အယောင်တို့ ပေါ်လာသည့်တိုင် မ
ဂစ်ဗဆန်က





'အင်း ပြောနိုင်ပါတယ်ဗျာ၊ ကျွန်တော်လည်း ရှိတာထက် ပိုပြီး ထ
င်ချင်ပါဘူး၊ ကျွန်တော်ဟာ တစ်သက်လုံးမှာ ကိုယ် လိုချင်တာကို ရေ
င် ယူခဲ့တဲ့ လူတစ်ယောက်ပဲလို့ ကိုယ့်ကိုယ်ကိုယ် ထင်တယ်၊ ခု ကျွန်
သူ့ကို ချစ်တယ်၊ သူ့ကို ပိုင်ဆိုင်ချင်တယ်၊ ဒါကြောင့် သူ့ကို ဖွင့်ပြော
တယ်'

'အလို ခင်ဗျားက ဖွင့်ပြောလိုက်တယ် ဟုတ်လား'

ရှားလော့ဟုမ်းက အရွဲ့တိုက်ပြီ ဆိုလျှင် မည်သူ့ကိုမျှ အားနာတတ်သူ
က်ချေ။

'ကျွန်တော်က သူ့ကို လက်ထပ်လို့ ဖြစ်နိုင်ရင် လက်ထပ်ယူပါတယ်
ပြောလိုက်တယ်၊ ဒါပေမဲ့ လက်ထပ်လို့ မဖြစ်တာက ခက်နေတယ်လို့
လိုက်တယ် ခင်ဗျ၊ သူ ပျော်မယ် ဆိုရင် ဘယ်လိုပဲ ထားရ ထားရ ထား
ယ်၊ ငွေ ဆိုတာ အကြောင်း မဟုတ်ပါဘူးလို့လည်း ကျွန်တော်က ပြော
တယ် ခင်ဗျ'

ရှားလော့ဟုမ်းက လှောင်သလိုလိုဖြင့်

'တော်တော်ကို ရက်ရောတာပဲနော်'

'ဒီမှာ မစ္စတာ ဟုမ်း၊ ခင်ဗျားဆီ ကျုပ် လာတာ စာရိတ္တ ကိစ္စ အတွက်
တာ မဟုတ်ဘူးဗျ၊ သက်သေ အထောက်အထား ကိစ္စ အတွက် လာတာ၊
ော့ ကျွန်တော့် စာရိတ္တနှင့် ပတ်သက်လို့ ခင်ဗျား ဝေဖန်စရာ မလိုဘူး
င်တယ်'

ရှားလော့ဟုမ်းက ခပ်ထန်ထန်ဖြင့်

'ကျုပ်ကလည်း စာပြ ဆရာမလေး မျက်နှာကြောင့်သာ ခင်ဗျား အမှု
လက်ဖျားနှင့် ထိတာဗျ၊ ဆရာမလေး ဘယ်လို ပြစ်ချက်နှင့်ပဲ အစွဲခံရ ခံရ
ား ဝန်ခံသွားတဲ့ ခင်ဗျား ပြစ်ချက်တွေလောက်တော့ ဆိုးမှာ မဟုတ်ဘူး၊
စမ်းပါဦးဗျာ၊ ကိုယ့်အိမ်မှာ လာနေတဲ့ မိန်းကလေး တစ်ယောက်ကို ဖျက်
ကြိုးစားသတဲ့၊ ခင်ဗျားတို့ ကျူးလွန်တဲ့ အပြစ်တွေကို ငွေနှင့် ဖုံးလို့
ဘူး ဆိုတာကိုတော့ ခင်ဗျားတို့ သူဌေးတွေ သိအောင် ဆုံးမဖို့ လိုတယ်ဗျ'

ထိုစကားကို ကြားသည့် အခါတွင် မစ္စတာ ဂစ်ဗဆန်မှာ မည်သို့မျှ
ားခြင်း မရှိသဖြင့် ကျွန်ုပ် ကိုယ်တိုင် အံ့ဩလျက် ရှိလေသည်။

'ခုတော့ ကျွန်တော်လည်း အဲဒီလို သဘော ပေါက်နေတယ်ဗျ၊ ကျွန်
ော် စိစဉ်ထားတဲ့ အတိုင်း မဖြစ်လာတဲ့ အတွက် ဘုရားသခင်ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်တယ်၊ သူကတော့ ကျွန်တော့် အချစ်ကို လက်မခံပါဘူး၊ ကျွန်
အိမ်က ချက်ချင်း ထွက်သွားချင်တာပါ'

'ဒါဖြင့် သူက ဘာဖြစ်လို့ ထွက်မသွားတာလဲ'

'ထွက်မသွားတဲ့ အကြောင်းကတော့ သူ့မှာလည်း သူ့ကို မှီခိုသူတွေ
နေလို့ပါ၊ သူ့ အလုပ်က ထွက်ရင် သူ့ကို မှီခို စားသောက်နေရတဲ့ လူတွေ
လုံး ဒုက္ခ ရောက်ကုန်မှာပေါ့၊ ဒါနှင့် ကျွန်တော်က နောင်ကို သူ့ကို ဒီ
ဖွင့် မပြောတော့ပါဘူးလို့ ကတိပေးတော့မှ သူလည်း ဆက်ပြီး အလုပ် လုပ်
လို့ သဘော တူပါတယ်၊ ကျွန်တော့် အိမ်မှာ ဆက်နေရတဲ့ နောက် အကြော
တစ်ကြောင်း ရှိပါသေးတယ်၊ အဲဒါကတော့ ကျွန်တော့်ကို သူ ပြောရင် ဖြစ်တ
သူ့ စကားကို ကျွန်တော် နားထောင်တယ် ဆိုတာကို သိလို့ပါ၊ ကျွန်တော်
ကောင်းအောင် တိုးတက်အောင် အသုံးချချင်ဟန် တူပါတယ်'

'ဘယ်လိုများ အသုံးချရမှာလဲ'

'သူက ကျွန်တော့် ကိစ္စတွေကို တော်တော်လေး သိပါတယ်၊ ကျွန်
ကိစ္စတွေကလည်း တော်တော်လေး များပါတယ်၊ သာမန် လူ တစ်ယော
ဆိုရင် ဒါတွေကို ဒီလောက်တောင် လုပ်နိုင်မယ် မထင်ပါဘူး၊ ကျွန်တော်
သူတစ်ပါးကို ကောင်းအောင် လုပ်နိုင်တယ်၊ ပျက်စီးအောင်လည်း လုပ်နိုင်တ
အများအားဖြင့်တော့ ပျက်စီးအောင် လုပ်ခဲ့တာ များပါတယ်၊ သူတစ်ပါး ဆို
နေရာမှာ လူပုဂ္ဂိုလ် တစ်ဦး တစ်ယောက်တွင် မကဘူး ခင်ဗျ၊ လူ့အသိုင်းအဝိုင်း
တွေ မြို့ကြီးတွေ နိုင်ငံတွေ အထိ ပါတယ်၊ စီးပွားရေး လုပ်တယ် ဆို
အင်မတန် ရက်စက်ရတဲ့ အလုပ် ခင်ဗျ၊ စိတ်ပျော့တဲ့ လူကတော့ ကြေသွ
မှာပဲ၊ ကျွန်တော်ကတော့ ပြတ်တယ်၊ စီးပွားရေးကို ပြတ်ပြတ်ပဲ လုပ်တ
ကိုယ်က ခံရရင်လည်း မညည်းဘူး၊ သူများ ခံရလို့ ညည်းရင်လည်း သန
လိမ့်မယ်လို့တော့ မထင်နှင့်၊ ဒါပေမဲ့ သူကတော့ ဒီလို မမြင်ဘူး ခင်ဗျ၊
မြင်တာ မှန်တယ်လို့လည်း ကျွန်တော် ထင်တယ်လေ၊ သူက တခြား လူ
ထောင်ချီ ဒုက္ခ ရောက်ပြီးမှ ကိုယ့် အတွက် လိုအပ်တာထက် ပိုတဲ့ စည်း
ဥစ္စာမျိုးကို မရှာသင့်ဘူးလို့ ယုံကြည်တယ်၊ ဒီအတိုင်းလည်း ပြောတယ်၊
တော့်မှာ ရှိတဲ့ ပိုက်ဆံတွေကို အရှည် တည်မယ့် ကိစ္စတွေ ကုသိုလ်ရေး
တွေမှာ သုံးစေချင်တယ်၊ သူ ပြောတဲ့ စကားကို ကျွန်တော်ကလည်း နားထော
တယ်၊ ဒီတော့ ကျွန်တော့်ကို ဒီလို ကောင်းရာတွေကို လုပ်အောင် တိုက်တွ
ခြင်းအားဖြင့် သူဟာ လောကကြီးရဲ့ ကောင်းကျိုးကို ဆောင်ရွက် နေတာ





သူ့ကိုယ်သူ ထင်တယ် ခင်ဗျ၊ ဒါကြောင့် သူ ကျွန်တော့် အိမ်မှာ ဆက်
တာပဲ၊ ဒီတုန်း ခုကိစ္စ ပေါ်လာတာပဲ'

'အဲဒီ ကိစ္စနှင့် ပတ်သက်လို့ ခင်ဗျား ဘာများ ပြောနိုင်သလဲ'

မစ္စတာ ဂစ်ဗဆန်သည် ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ကာ အတန်
စဉ်းစားလျက် ရှိလေ၏။

'သူ့ဘက်ကနေ ကြည့်ရင်တော့ သက်သာစရာ တစ်ကွက်မှ မရှိဘူး
ဒါကိုတော့ ကျွန်တော် မငြင်းနိုင်ဘူး၊ ပြီးတော့ မိန်းမ ဆိုတာကလည်း
အတွင်းစိတ်ကို သိနိုင်ခဲသားကလားဗျာ၊ တစ်ခါတလေကျတော့ သူတို့
တာတွေကို ကြည့်ပြီး ကျွန်တော်တို့ ယောကျ်ားတွေ နားမလည်နိုင်ကြဘူး
တ်လား၊ ရုတ်တရက်တော့ ကျွန်တော်လည်း မွန်ထူသွားပြီး သူ့စရိုက်နှင့်
ကျင့်တဲ့ အလုပ်မျိုးကို လုပ်ရအောင် ဘယ်လို အမှောင့် ပယောဂများ ဝင်ပါ
လဲလို့ ထင်လိုက်မိတယ်ဗျ၊ ဒါပေမဲ့ ကျွန်တော့် ခေါင်းထဲမှာ အတွေး
ခု ဝင်လာတယ်၊ တကယ် ပြောတာပါ မစ္စတာ ဟုမ်း၊ ကျွန်တော့် မိန်းမဟာ
တော် သဝန် ကြောင်တတ်တဲ့ မိန်းမ ခင်ဗျ၊ လူတွေမှာ ကိုယ်ခန္ဓာအားဖြင့်
ကြောင်တာ ရှိကြသလို စိတ်ဓာတ် အရလည်း သဝန် ကြောင်တာ ရှိ
ကြတယ်၊ ကျွန်တော့် မိန်းမဟာ ကိုယ်ခန္ဓာအားဖြင့် သဝန် ကြောင်စရာ
ကြောင်း မရှိသည့်တိုင် စာပြဆရာမလေးဟာ ကျွန်တော့် စိတ်ဓာတ်ကို လွှမ်း
တယ်၊ ကျွန်တော့် အပေါ်မှာ ဩဇာ လွှမ်းနေတယ် ဆိုတာကို သိတယ်
ဆရာမလေးက ကျွန်တော့် အပေါ်မှာ ဩဇာ ညောင်းတာဟာ ကောင်း
ဩဇာ ညောင်းခြင်း ဖြစ်ပေမဲ့ သူ့ အမြင်မှာတော့ ဘာထူးမှာလဲ ခင်ဗျာ၊
တော့ ရင်ထဲမှာ ဗလောင် ဆူနေတာပေါ့၊ ဒီအထဲမှာ စပိန်သွေး ပါတော့ ပို
တာပေါ့၊ ကျွန်တော့် အထင်တော့ ကျွန်တော့် မိန်းမဟာ ဆရာမလေးကို
တ်ဖို့ ကြံစည်တယ် ထင်တာပဲ၊ ဒီလိုမှ မဟုတ်ရင်လည်း သေနတ် ပြပြီး
တော်တို့ဆီက ထွက်သွားဖို့ ခြိမ်းခြောက်တယ် ထင်တာပဲ၊ အဲဒီတုန်းမှာ
ယောက်သား လုံးထွေး သတ်ပုတ်ကြရာက ကျည်ဆန် ထွက်သွားတော့
သွားတဲ့ ကျွန်တော့် မိန်းမကို ပြန်မှန်တာ ဖြစ်မယ်လို့ ထင်တာပဲ'

'အင်း ကျုပ်လည်း ဒီလိုတော့ တွေးမိပါတယ်လေ၊ ကြံရွယ် သတ်တာ
တ်ရင်တော့ ဒီတစ်ချက်ပဲ တွေးစရာ ရှိတော့တာပေါ့'

'ဒါပေမဲ့ ဆရာမလေးက ငြင်းတယ် ခင်ဗျ'

'ဒါလောက်နှင့်တော့ မပြီးသေးဘူးလေ၊ ဒီလောက် ကြောက်စရာ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အဖြစ်အပျက်ကို ကျူးလွန်လာတဲ့ မိန်းမ တစ်ယောက်ဟာ မွန် ထု ခြောက်လုံးပြူးကို ကိုင်ပြီး အိမ် ပြန် ပြေးလာမှာပဲဗျ၊ ဒါကို နားလည်နိုင် အိမ်ရောက်တော့ ကိုယ်လုပ်တာ ကိုယ် သတိ မပြုမိဘဲ သေနတ်ကို အဝတ် ကြားထဲ ထိုးထည့်မိရင်လည်း ထိုးထည့်မိမှာပဲ၊ သေနတ်ကို သူ့ အဝတ် ကြားထဲက တွေ့တဲ့ အခါကျတော့ အယောက်အထားက သိပ် ထင်ရှား အတွက် ဘူးခံပြီး ကွယ်တော့မှာပဲ၊ ဒီနည်းက လွဲလို့ တခြားနည်း မရှိ ဘူးဗျ၊ ဒီ တွေးလုံးကို ဆန့်ကျင်တဲ့ အရာဆိုလို့ ဘာများ ရှိသေးလို့လဲ'

'မစ္စ ဒန်ဗာ ကိုယ်တိုင်ပဲ ခင်ဗျ'

'အင်း ဒါတော့ ဟုတ်မှာပေါ့လေ'

ရှားလော့ဟုမ်းသည် လက်ပတ် နာရီကို ကြည့်လိုက်ပြီးလျှင်

'ဒီနေ့ မနက်မှာ လိုအပ်တဲ့ ပါမစ်ကလေးတွေ ရလိမ့်မယ်လို့ ထင် ဗျ၊ တွေ့ခွင့် ပါမစ် ရရင် ညနေ ရထားနှင့် ဝင်ချက်စတာကို လိုက်နိုင်လိမ့် ထင်တာပဲ၊ ဆရာမလေးနှင့် တွေ့ပြီးရင်တော့ ခင်ဗျားကို ဒီထက် အကူ ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ နောက်ဆုံး အဖြေကတော့ ခင်ဗျား လို တဲ့ အဖြေ ဟုတ်ချင်မှ ဟုတ်မယ်ပေါ့လေ'

ဆိုင်ရာမှ ခွင့်ပြုချက် တောင်းခံရာတွင် အနည်းငယ် နှောင့်နှေးသ ထိုနေ့တွင် ကျွန်ုပ်တို့သည် ဝင်ချက်စတာသို့ မသွားတော့ဘဲ မစ္စတာ နီးလ် ဗဆန်၏ ဟန့်ပရှိုင်းယားရှိ နယ်မြေများသို့ သွားကာ အချင်း ဖြစ်ပွားရာ တံတား အနီးသို့ သွားရောက် ကြည့်ရှုလေ၏။

မစ္စတာ ဂစ်ဗဆန်မှာ ထိုနေရာသို့ လိုက်ပါခြင်း မရှိသဖြင့် ကျွန်ုပ် သည် ထိုအမှုကို စတင် စစ်ဆေးသည့် ထိုဒေသမှ ပုလိပ် စာသင် ကိုဗင်ထ အတူ သွားရောက် ကြည့်ရှုကြလေ၏။

စာသင် ကိုဗင်ထရီမှာ အရပ် ရှည်ရှည်၊ ပိန်ပိန်ပါးပါး ဖြူရော် အသားအရေတို့ ရှိပြီး စကား ပြောလျှင်လည်း မပွင့်တပွင့် ပြောတတ် အတွက် သူ့ကို ကြည့်ရသည်မှာ စကားကို နည်းနိုင်သမျှ နည်းအောင် ပြော အများကြီး သိသည့် ဂိုက် ဖမ်းလျက် ရှိလေ၏။

တစ်ခါ တစ်ခါတွင်လည်း ဘာမျှ မထူးသော အကြောင်းကလေးကို အလွန် အရေးကြီးသည့် ကိစ္စကြီး တစ်ရပ်သဖွယ် လေသံ ခပ်တိုးတိုးက ဖြင့် ပြောဆို နေတတ်လေ၏။

ထိုသို့ ဂိုက်ပေးသည်မှ လွဲလျှင်မူ စာသင် ကိုဗင်ထရီမှာ ရိုးသား





သည့် လူတစ်ယောက် ဖြစ်ပြီး ချွတ်ယွင်းချက် ရှိလျှင် ပွင့်ပွင့်လင်းလင်း တတ်၍ လိုလိုချင်ချင် အကူအညီ ပေးတတ်သူ တစ်ယောက် ဖြစ်လေ၏။

'ကျွန်တော်ကတော့ စကော့တလန်ယာဒ်က လူတွေ လာတာထက် ဆရာ လာတာ ပိုပြီး ကြိုက်တာပေါ့ ဆရာရယ်၊ စကော့တလန်ယာဒ်သာ လာလို့ တော့ အမှု ပေါ်သွားရင် သူတို့သာ နာမည် ရပြီး နာမည် ပျက်စရာ ရှိတော့ တော်တို့သာ ပျက်ကျွန်ရစ်တာ ခင်ဗျ၊ စုံထောက်ကြီးကတော့ ရှင်းတယ်၊ နာမည်ကောင်း ယူတာတွေ ဘာမှ မရှိဘူး'

'ဒီကိစ္စမှာ ကျုပ် လုံးဝ မဝင်ပါဘူး၊ အကယ်၍ ဒီအမှုကို ဖြေရှင်းနိုင် သည့် တိုင်အောင်လည်း ကျုပ် နာမည်ကို ထုတ်ဖော်ဖို့ မလိုပါဘူး' ဟု ရှား ဟုမ်းက ပြောလိုက်သည့် အတွက် စာသင် ကိုဗင်ထရီမှာ သိသိသာသာ စိတ်သက်သာရာ ရသွားဟန် ရှိလေ၏။

'ဟုတ်ပါတယ် ခင်ဗျာ၊ စုံထောက်ကြီးကတော့ စိတ်ထား ပြည့်ဝတဲ့ လ်ပါ၊ ပြီးတော့ စုံထောက်ကြီးရဲ့ မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင် ဆိုရင် စိတ်ချရတဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက်လို့ ကျွန်တော် နားလည်ပါတယ်၊ ရင်း လာရင်း ကျွန်တော် မေးခွန်း တစ်ခုတော့ မေးချင်တယ် ခင်ဗျာ၊ ဒီ ခွန်းကို စုံထောက်ကြီးက လွဲလို့ ဘယ်သူ့ကိုမှ မမေးပါဘူး' ဟု ဆိုကာ လုံးများကို ပါးစပ်မှ မထွက်ရဲသည့်နှယ် ပတ်ဝန်းကျင်ကို လှမ်းကြည့် ရှိလေ၏။

အတန်ကြာမှ

'သူဌေးကြီး နီးလ် ဂစ်ဗဆန်ကို အမှု ပတ်နေမလား မသိဘူး'

'ကျုပ်လည်း အဲဒါကို စဉ်းစားနေတာပဲဗျ'

'ဆရာမလေးကို စုံထောက်ကြီး မတွေ့ရသေးဘူးနော်၊ ဆရာမလေးက တော်တော်လေးကို တော်တဲ့ မိန်းကလေး တစ်ယောက်ပါ ခင်ဗျာ၊ ပြော ဆိုစရာရယ်လို့ တစ်စက်မှ မရှိပါဘူး၊ သူဌေးကြီးက သူ့မိန်းမကိုလည်း ဝင် ရှုပ်မှာ စိုးတယ် ထင်ပါရဲ့၊ အမေရိကန် လူမျိုး ဆိုတာလည်း ခက် ကလား ခင်ဗျာ၊ ကျွန်တော်တို့ လူမျိုးလို မဟုတ်ဘူး၊ တစ်ဆိတ် ရှိရင် နတ်ကို ထုတ်ချင်တဲ့ လူမျိုး၊ သေနတ်က သူ့သေနတ် ခင်ဗျ'

'သေချာရဲ့လား'

'သေချာပါတယ်ဗျာ၊ သူ့မှာ နှစ်လက် ရှိတဲ့ အနက်က တစ်လက် ခင်ဗျ'

'နှစ်လက်တောင်လားဗျ၊ ဒါဖြင့် တစ်လက်က ဘယ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူဌေးကြီးမှာက လက်နက်တွေက ပြည့်လို့ ခင်ဗျ၊ သူ့အိမ်မှာ အမျိုး ရှိတယ်၊ ကျန်တဲ့ တစ်လက်ကိုတော့ ကျွန်တော်လည်း မတွေ့သေးဘူး ဒါ ပေမဲ့ သေတ္တာကတော့ နှစ်လက် ထည့်ဖို့ လုပ်ထားတဲ့ သေတ္တာပဲ'

'ဆင်တူ နှစ်လက် ဆိုရင် ကျန်တဲ့ သေနတ်ဟာ အဲဒီ သေတ္တာ ကိုက်ရမှာပေါ့'

'ဟို ရောက် ရင် စုံထောက်ကြီး ကြည့်ပါဦးလေ၊ အိမ်မှာ တွေ့ သေနတ်တွေ အားလုံးကို ကျွန်တော်တို့ ပြထားပါတယ်'

'နောက်တော့ ကြည့်တာပေါ့ဗျာ၊ ခုလောလောဆယ်တော့ အချင်း ဖြစ် တဲ့ နေရာကို သွားကြည့်ချင်တယ်'

ကျွန်ုပ်တို့ စကား ပြောနေကြသည့် နေရာမှာ ကျေးရွာ ပုလိပ် ဌာန အဖြစ် အသုံးပြုထားသည့် စာသင် ကိုဗင်ထရီ၏ တစ်ထပ် တိုက်ကလေး ၏ လုံး ရှေ့တွင် ဖြစ်လေ၏။ ပေါင်းမြက်တို့ ခြောက်သွေ့စ ပြုနေသဖြင့် နီမော ညိုဝါသော ဖုန်းဆိုး ကုန်းကြီးကို ဖြတ်၍ မိုင်ဝက်ခန့် လျှောက်ခဲ့မိသည့် အခါ တွင် ကျွန်ုပ်တို့သည် သူဌေးကြီး၏ နယ်မြေထဲသို့ ဝင်သည့် ဘေး မလွယ်ပေါက် တံခါးကလေး တစ်ခုသို့ ရောက်သွားကြလေ၏။

ထိုတံခါးပေါက်ကလေး အတိုင်း ဝင်လာခဲ့လျှင် ကောင်းစွာ ထိန်းသိမ်း ထားသည့် သစ်တောများကို တွေ့ရပြီး အဝေး ကုန်းမြင့် တစ်ခုပေါ်တွင် ကျူဒေါ် ပုံစံ တစ်ဝက်၊ ဂျော်ဂျီယန် ပုံစံ တစ်ဝက် ဆောက်ထားသည့် တိုက်ခံအိမ် ကြီးကြီး တစ်လုံးကို သစ်ပင်များ အကြားမှ မြင်ရလေ၏။

ကျွန်ုပ်တို့ ဘေးတွင်မူ ကျူပင်တို့ ပေါက်လျက် ရှိသည့် ကန်ရှည် တစ်ခု ရှိပြီးလျှင် ထိုကန်၏ အလယ်ကောင် ခပ်ကျဉ်းကျဉ်း နေရာသို့ အရောက် တွင် အိမ်ဝင် လမ်းမ အဖြစ် အသုံးပြုထားသည့် ကျောက်တုံး တံတားကလေး တစ်ခု ရှိလေ၏။ ထိုတံတားဘေး တစ်ဖက် တစ်ချက်တွင်မူ ရေအိုင်သည် ဖြ ၍ ကျယ်မြဲ ကျယ်သွားလေ၏။ စာသင် ကိုဗင်ထရီသည် တံတားထိပ်သို့ ရော လျှင် ရပ်လိုက်ပြီး တစ်နေရာကို လက်ညှိုး ထိုးပြလေ၏။

'ဒါ မစ္စက် ဂစ်ဗဆန်ရဲ့ အလောင်း တွေ့တဲ့ နေရာပဲ ခင်ဗျ၊ ကျောက် ကလေးနှင့် ကျွန်တော် မှတ်ထားတယ်'

'စာသင်ကြီး ရောက်သွားတော့ အလောင်းကို မရွှေ့ရသေးဘူးနော်'

'မရွှေ့ရသေးဘူး ခင်ဗျ၊ ကျွန်တော်တို့ ချက်ချင်း အကြောင်း ကြား နှင့် ရောက်သွားတာ'





'ဘယ်သူက အကြောင်းကြားတာလဲ'

'မစ္စတာ ဂစ်ဗဆန် ကိုယ်တိုင်က အကြောင်းကြားတာ ခင်ဗျ၊ အဲဒီ သတင်းကို ကြားကြားချင်း အိမ်ပေါ်က ကမန်းကတန်း ဆင်းလာပြီး ပုလိပ် လာမချင်း ဘာမှ မထိရဘူးလို့ ပြောပြီး ကျွန်တော့်ကို လာ အကြောင်းကြား တာပဲ'

'အင်း အမြော်အမြင် ရှိပေတာပေါ့ဗျာ၊ သတင်းစာထဲမှာ ပါတဲ့ သတင်း အတိုင်း ဆိုရင် သေနတ်က အနီးကပ် ပစ်တာနော်'

'ဟုတ်တယ် ခင်ဗျ၊ တော်တော် နီးနီးက ကပ်ပစ်တာ'

'လက်ယာဘက် နားထင်နားမှာ မဟုတ်လား'

'နားထင်ရဲ့ နောက်ဘက်နားကို ကပ်ပစ်တာ ခင်ဗျ'

'အလောင်းက ဘယ်လို နေသလဲ'

'ပက်လက်ကြီး လဲနေတယ် ခင်ဗျ၊ လုံးတွေး သတ်ပုတ်ထားတဲ့ လက္ခဏာ တွေ့ရဘူး၊ ခြေရာတွေ ဘာတွေလည်း မတွေ့ရဘူး၊ လက်နက်လည်း မတွေ့ရ ဘူး ဘယ်ဘက် လက်ထဲမှာတော့ မစ္စ ဒန်ဗာက ချိန်းထားတဲ့ စာရွက်ကလေး ကို ဆုပ်ထားတယ်'

'ဆုပ်ထားတယ် ဟုတ်လား'

'ဟုတ်တယ် ခင်ဗျ၊ စာရွက်ကို ယူတော့ လက်ကို မနည်း ဖြေယူရ တယ်'

'ဒီအချက်က အတော် အရေးကြီးတယ်ဗျို့၊ တလွဲ သဲလွန်စ ကောက် ဖို့ အကြောင်း သေပြီးမှ တစ်ယောက်ယောက်က ဒီစာရွက်ကလေးကို လက်ထဲ ထည့် ထားတာတော့ မဖြစ်နိုင်ဘူး၊ စာကလေးကတော့ ခပ်တိုတိုကလေးပဲ မဟုတ် လား ကျုပ် မှတ်မိသလောက် ဆိုရင် ''ကိုးနာရီတွင် တံတားသို့ လာခဲ့မည်၊ ဒန်ဗာ'' လို့ပဲ ပါတယ် မဟုတ်လား၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်တယ် ခင်ဗျ'

'မစ္စ ဒန်ဗာကကော သူ ရေးတယ်လို့ ဝန်ခံသလား'

'ဝန်ခံတယ် ခင်ဗျ'

'သူ့ အကြောင်းပြချက်က ဘာလဲ'

'ရုံးတော်ကျမှ ထုချေမယ်တဲ့ ခင်ဗျ၊ ဘာမှ မပြောဘူး'

'ပြဿနာကတော့ တော်တော် စိတ်ဝင်စားစရာ ကောင်းတဲ့ ပြဿနာပဲ စာ ကိစ္စက သိပ် မရှင်းဘဲ ဖြစ်နေတယ်၊ မဟုတ်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ပြောတာ မှားများ မှားနေမလား မသိဘူး၊ ကျွန်တော် [illegible] အသင် ပြောရမယ် ဆိုရင်တော့ အမှု တစ်ခုလုံးမှာ အရှင်းဆုံး အချက်က ဒီ [illegible] စာပဲလို့ ထင်တာပဲ ခင်ဗျ'

ရှားလော့ဟုမ်းသည် ခေါင်းကို ယမ်းလျက် ရှိလေ၏။

'အကယ်၍ စာဟာ အစစ်အမှန် ဖြစ်ခဲ့ပြီး ဆရာမလေး ရေးတာ [illegible] ခဲ့လို့ ရှိရင် ဒီစာကို ခပ်စောစော လွှင့်ခဲ့တဲ့ တစ်နာရီ နှစ်နာရီလောက်တုန်း [illegible] ရခဲ့ရမယ်ဗျ၊ ဒီတော့ သေသူဟာ ခုမှ ဘာဖြစ်လို့ ဒီစာရွက်ကို လက်ထဲ [illegible] ဆုပ်ထား ရသလဲ၊ ဘာဖြစ်လို့ ဒီစာကို တကူးတကန့် ယူလာရသလဲ၊ သူ [illegible] နှစ်ယောက် တွေ့ကြတဲ့ အခါမှာ ဒီစာကို ထုတ်ပြစရာ လိုသေးလို့လား၊ [illegible] နယ်လဲ၊ ဒီတော့ ဒီစာ ပါလာတာဟာ တော်တော်လေး ထူးခြားမနေဘူးလား'

'အင်း ဆရာ ပြောတဲ့ အတိုင်း ဆိုရင်လည်း ဟုတ်နေပြန်ရော ခင် [illegible]

'ခဏ တစ်ဖြုတ်လောက် ထိုင်ပြီး အေးအေးဆေးဆေး စဉ်းစားလို [illegible] ချင်သေးတယ်ဗျာ'

ရှားလော့ဟုမ်းသည် တံတား ကျောက်တုံး လက်ရန်းပေါ်တွင် ထိုင် [illegible] လိုက်လေ၏။ ပြာလဲ့ ရှင်သန်သော သူ့မျက်လုံးများသည် ပတ်ဝန်းကျင်ကို [illegible] ကြည့်နေသည်ကို ကျွန်ုပ် သတိ ပြုမိလေ၏။ ထို့နောက် ရှားလော့ဟုမ်းသည် ရုတ်တရက် ထ၍ မျက်နှာချင်းဆိုင် တံတား လက်ရန်းဆီသို့ ထပြေးကာ အိတ် ထဲမှ မှန်ဘီလူးကို ထုတ်ပြီးလျှင် တံတား လက်ရန်းတွင် စီထားသည့် ကျောက် တုံးများကို သေချာစွာ ကြည့်ရှုလျက် ရှိလေ၏။

'တော်တော်တော့ ဆန်းတယ်ဗျို့'

'ဟုတ်တယ် ခင်ဗျ၊ ကျောက်တုံးကလေးတွေ ပွဲ့နေတယ်၊ လမ်းသွား လမ်းလာ တစ်ယောက်ယောက်ကများ လက်ကမြင်း ထသွားသလားမှ မသိ [illegible]

တံတား လက်ရန်းတွင် စီထားသည့် ကျောက်တုံးများမှာ မီးခိုးရော ပြာမွဲမွဲ ကျောက်တုံးများ ဖြစ်သော်လည်း တစ်နေရာတွင်မူ ကြေးပြား တစ်ပြား ခန့် ပွဲ့လျက် ရှိသဖြင့် ဖြူလျက် ရှိလေ၏။ သေချာစွာ ကြည့်သည့် အခါ [illegible] တစ်စုံတစ်ခုဖြင့် ပွတ်တိုက်မိသောကြောင့် ပွဲ့နေခြင်း ဖြစ်ကြောင်း တွေ့ရှိလေ [illegible]

ရှားလော့ဟုမ်းက လေးနက်စွာ တွေးလျက် ရှိရာမှ

'ကျောက်တုံးကြီးကို ပွဲ့သွားအောင် လုပ်ဖို့ ဆိုတာ တော်တော် အား ပြင်းရလိမ့်မယ်ဗျ' ဟု ဆိုကာ လက်ထဲတွင် ပါလာသည့် ကြိမ်တုတ်ဖြင့် ကျောက် တုံးကို အချက်ပေါင်း များစွာ ရိုက်သည့်တိုင် ကျောက်တုံးမှာ အရာပင် မယွင်း [illegible]





'ရိုက်ချက် တော်တော် ပြင်းတယ် ဆိုတာတော့ ထင်ရှားနေပြီ [illegible] ပွဲ့တဲ့ [illegible] ရာက အပေါ်ကနေ ထိတာ မဟုတ်ဘူး၊ အောက်ကနေပြီး ထိတဲ့ အရာ [illegible] တဲ့ နေရာက လက်ရန်း အောက်ခြေမှာ'

'ဒါပေမဲ့ အလောင်းနှင့် အနည်းဆုံး ဆယ့်ငါးပေလောက် ဝေးတယ် [illegible]ဗျ'

'ဟုတ်တယ်ဗျ၊ အလောင်းနှင့် ဆယ့်ငါးပေ ဝေးတယ်၊ ဒါဟာ အမှု [illegible] ဆိုင်ချင်မှတော့ ဆိုင်မယ်ပေါ့ဗျာ၊ သို့သော်လည်း မှတ်သားဖို့ ကောင်းတဲ့ [illegible]ချက် တစ်ချက်ပဲဗျ၊ ကဲ ဒီမှာတော့ နောက်ထပ် ဘာမှ ထူးထူး ထွေထွေ ကြည့်စရာ မရှိတော့ဘူး ထင်ပါရဲ့၊ ခြေရာတို့ ဘာတို့ မတွေ့ဘူးလို့ စာသင် [illegible] ပြောတယ်နော်'

'မြေကြီးက သိပ်မာတော့ ဘာမှ ရှာလို့ မတွေ့နိုင်အောင် ဖြစ်နေတယ် [illegible]ဆောက်ကြီးရဲ့'

'ဒီလိုဆို ကျုပ်တို့ သွားကြစို့လေ၊ အိမ်ထဲကို ဝင်ပြီး ခင်ဗျား ပြောတဲ့ [illegible]နက်တွေကို ကြည့်ကြသေးတာပေါ့၊ ပြီးတော့ ဝင်ချက်စတာကို သွားချင် [illegible]ယ်ဗျ၊ နောက်ထပ် ဘာမှ မလုပ်သေးခင် ဆရာမလေးနှင့် တွေ့ကြည့်ချင် သေးတယ်'

မစ္စတာ နီးလ် ဂစ်ဗဆန်မှာ မြို့ထဲမှ ပြန်မလာသေးချေ။ သို့ရာတွင် [illegible]၌ ကျွန်ုပ်တို့အား မနက်က လာတွေ့သော ထိတ်ထိတ်ပျာပျာ ဖြစ်နေသည့် [illegible]စ္စတာ မာလိုးကို တွေ့ရလေ၏။

မစ္စတာ မာလိုးသည် ပုံသဏ္ဌာန် အမျိုးမျိုး ရှိသည့် လက်နက် မျိုးစုံကို ကျွန်ုပ်တို့အား ဝမ်းသာအားရ ပြသလေ၏။

'ကျွန်တော့် ဆရာ မစ္စတာ ဂစ်ဗဆန်မှာ ရန်သူတွေ ရှိတယ် ခင်ဗျ၊ [illegible]ကတော့ သူ့ အကြောင်းကို သိတဲ့ လူတိုင်း နားလည်ပါတယ်လေ၊ အိပ်ရင် [illegible]လည်း အိပ်ရာဘေးမှာ ကျည် အပြည့် ထိုးထားတဲ့ ခြောက်လုံးပြူး အမြဲ ထား [illegible] အိပ်တယ်၊ လူက စိတ်ကလည်း တော်တော် ကြမ်းတဲ့လူ ဆိုတော့ ကျွန်တော် [illegible]ဖြင့် သူ့ကိုချည်းပဲ ကြောက်နေရတာပဲ ခင်ဗျ၊ သေသွားတဲ့ သူ့ မိန်းမ ဆိုရင် သူ့ကို ကြောက်လိုက်တာ တုန်နေတာပဲ'

'သူ့မိန်းမကို ကိုယ်ထိ လက်ရောက် ရိုက်တာ နှက်တာကော [illegible]များ [illegible]ဖူးသလား'

'မြင်တော့ မမြင်ဖူးဘူး ခင်ဗျ၊ ဒါပေမဲ့ ရိုက်သလောက် [illegible] နာအောင်



www.burmeseclassic.com

www.burmeseclassic.com


ပြောဆို ကြိမ်းမောင်း နေတာတွေကိုတော့ ကြားဖူးတယ် ခင်ဗျ၊ အစေခံ ရှေ့မှာတောင် မရှောင်ဘူး ခင်ဗျ၊ မိန်းမကို ပြောလိုက်တာ ရစရာ မရှိဘူး'

ဘူတာရုံသို့ လာခဲ့ကြသည့် အခါတွင် ရှားလော့ဟုမ်းက

'ကျုပ်တို့ သူဌေးကြီးကို ကြည့်ရတာ အိမ်တွင်းရေး တော်တော် အ မပြေ ဖြစ်နေပုံ ကျတယ်ဗျ၊ အေးလေ၊ ကျုပ်တို့ အဖို့တော့ အချက်အလ တော်တော်များများ ရလာခဲ့ပါပြီ၊ တချို့ အချက်အလက်တွေက အသစ်တွေ ဒါပေမဲ့ ကောက်ချက် ဆွဲဖို့ကတော့ ဆယ်ဘူတာလောက် လိုနေသေးတယ် မစ္စတာ မာလိုးကို ကြည့်ရတာကတော့ သူ့ဆရာကို တော်တော် မနှစ်မြို ပုံပဲ၊ သို့သော်လည်း ဘယ်လိုပဲ ဖြစ်ဖြစ် အဲဒီ သတင်းကို ကြားတုန်းက မစ္စ ဂစ်ဗဆန်ဟာ စာကြည့်ခန်းထဲမှာ ရှိတယ် ဆိုတာ မစ္စတာ မာလိုးရဲ့ စကား ထွက်လာတယ်ဗျ၊ သူတို့ ညစာ စားတာက ရှစ်နာရီခွဲမှာ၊ ဒီအချိန် အထိ ဘာ ထူးထူးခြားခြား မဖြစ်သေးဘူး၊ ပုံမှန်ပဲ၊ အလောင်းကို တွေ့လို့ အကြော ကြားတဲ့ အချိန်က တော်တော်လေး ညဉ့်နက်နေတယ် ဆိုတာ မှန်ပေမဲ့ အသ ခံရတဲ့ အချိန်က စာရွက်ထဲမှာ ပါတဲ့ အချိန်လောက်မှာ ဖြစ်တယ်ဗျ၊ မစ္စ ဂစ်ဗဆန်ဟာ ညနေ ငါးနာရီလောက် မြို့ထဲက ပြန်လာပြီးကတည်းက အပြ ကို ထွက်တဲ့ အထောက်အထား မတွေ့ရဘူး၊ ပြီးတော့ ကျုပ် နားလည်သလော ပြောရရင် တံတားမှာ မစ္စက် ဂစ်ဗဆန်နှင့် ချိန်းထားတယ် ဆိုတာကိုလည ဆရာမလေးက ဝန်ခံထားတယ်၊ ရုံးတော်မှာ ခုခံ ကာကွယ်ဖို့ သူ့ ရှေ့နေ အကြံ ပေးထားတဲ့ အတွက် ဒီထက် ပိုပြီး ဘာမှ မပြောဘူးဗျ၊ ဒီဆရာမလေး အရေးကြီးတဲ့ မေးခွန်း တော်တော် များများ မေးစရာ ရှိတယ်၊ သူ့ကို မတွေ့ မချင်း ကျုပ်တော့ သိပ်ပြီး ဘဝင် ကျမှာ မဟုတ်သေးဘူး၊ ကျုပ် အမြင် အ ပြောရရင်တော့ အမှုသွား အမှုလာ တစ်ခုလုံးက ကလေးမလေး အတွက် သိ မျှော်လင့်ချက် မရှိလှဘူး၊ ကယ်ပေါက် ဆိုလို့ တစ်ခုပဲ ရှိတယ်'

'ဘယ်ဟာလဲဗျ'

'သူ့အဝတ် ဗီရိုထဲမှာ သေနတ်ကို သွားတွေ့တဲ့ အချက်ဗျ'

'ဘုရားရေ၊ ကျွန်တော် ထင်တာကတော့ ဒီအချက်ဟာ ကလေးမ အတွက် အဆိုးဆုံး အချက်လို့ ထင်နေတာ'

'မဆိုးဘူး အိုင်ဆေး၊ မဆိုးဘူး၊ သတင်းစာထဲက သတင်းကို လိုက်တုန်းကတည်းကိုက ဒီအချက်ဟာ တော်တော် ထူးဆန်းနေတယ်လို့ ထင်လိုက်မိတာ၊ ခု အမှုကို သေသေချာချာ လိုက်ကြည့်လိုက်တဲ့ အခါကျ





ချက် တစ်ချက်ပဲ အားကိုးစရာ ရှိတော့တယ်၊ ရာဇဝတ်မှု တစ်ခုကို လိုက်တဲ့ မှာ ရှေ့နောက် ညီညွတ်မှု မရှိတော့ဘူး ဆိုရင် လှည့်ဖြားမှု တစ်ရပ်ပဲလို့ ဆရလိမ့်မယ်'

'ကျွန်တော်တော့ ခင်ဗျား ပြောတာကို ဉာဏ် မမီသေးဘူးဗျာ'

'ကဲ ဒီလိုဆို ရှင်းအောင် ပြောမယ်ဗျာ၊ ဥပမာ ခင်ဗျားဟာ ကိုယ်နှင့် ဘက် တစ်ယောက်ကို ရှင်းချင်တဲ့ အကြံ ကြီးတဲ့ မိန်းမ တစ်ယောက် ဆို ဒီတော့ ခင်ဗျား ဒီပြိုင်ဘက်ကို ရှင်းနိုင်အောင် စီမံကိန်း ချတယ်၊ စာ စောင် ရေးတယ်၊ ရှင်းရမယ့်သူ လာပြီ၊ ကိုယ့်လက်ထဲမှာ လက်နက်လည်း နေတယ်၊ ဒီတွင် ရာဇဝတ်မှုကို ကျူးလွန်လိုက်တယ်၊ ဘာမှ မခက်ဘူးဗျ၊ လွယ်ကလေးရယ်၊ ကောင်းပြီ၊ ဒီလို အကြံကြီး ကြံပြီး ရာဇဝတ်မှုကို ကျူး ပြီးရင် သေနတ်ကို ကျူတောထဲမှာ ပစ်ချရင် မဖြစ်ဘူးလား၊ အဲဒီလို ပစ်ချ ခဲ့ရင် ဘယ်သူမှ တွေ့မှာလည်း မဟုတ်ဘူး၊ ဒါမှ မဟုတ်ရင် ဒီသေနတ် ကို အိမ်ကို တကူးတကန့် ယူလာပြီး ပထမဆုံး အရှာ ခံရမယ့် နေရာ ဖြစ် ကိုယ့်အဝတ် ဗီရိုထဲကို ထည့်ထားမလား၊ ဒီလို ဆိုရင်လည်း ခင်ဗျားဟာ တော် ညံ့တဲ့ အကြံသမား ဖြစ်မှာပဲဗျ၊ သို့သော်လည်း ဘယ်လောက်ပဲ ညံ့ ဒီလောက်တော့ တုံးမှာ မဟုတ်ဘူးဗျ'

'ဖြစ်ခါစ ဆိုတော့ ကြောက်လန့်ပြီး လုပ်မိ လုပ်ရာ လုပ်တာကော'

'မဖြစ်နိုင်ဘူးဗျ၊ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ အကြံသမားဟာ ရာ တ်မှုကို ကျူးလွန်ဖို့ ကြံစည်တုန်းက ခေါင်းအေးအေးနှင့် ကြံတယ် ဆိုရင် ရာဇဝတ်မှုကို ဖုံးဖို့ နည်းလမ်းတွေကိုလည်း ခေါင်းအေးအေးနှင့် ကြံပြီးသား ရမယ်၊ ဒါကြောင့် ကျုပ်တို့ဟာ ခုအမှုမှာ ရေလိုက် လွဲနေပြီလို့ပဲ ထင်နေ ယ်'

'ဒါပေမဲ့ ခက်တာက အထောက်အထားတွေ ခိုင်လုံနေတော့ ဘယ့်နှယ် ပ်မလဲ၊ မနည်း ရှင်းရလိမ့်မယ်'

'ရှင်းရမှာပေါ့ဗျ၊ ခင်ဗျားရဲ့ ရှုထောင့်ကို ပြောင်းလိုက်ရင် မကောင်းဘူး ခင်ဗျား ထင်နေတဲ့ အချက်ဟာ အမှန်ကို ရောက်ဖို့ အကောင်းဆုံး သဲလွန်စ ချင် ဖြစ်နေတတ်တယ်ဗျ၊ ဥပမာ ခြောက်လုံးပြူး ကိစ္စ၊ ဆရာမကလေး ပြောတာ အမှန်ပဲ ဆိုတဲ့ ရှုထောင့်ကနေ ကြည့်ရအောင်၊ ဒီတော့ ခြောက်လုံး ပြူးက သူ့ဗီရိုထဲကို ရောက်နေပြီ၊ ဒါဖြင့် ဒီခြောက်လုံးပြူးကို ဘယ်သို့ လာ သလဲ၊ သူ့ကို ရာဇဝတ် ပြစ်မှု သင့်စေချင်တဲ့ လူ တစ်ယောက်က လာ



www.burmeseclassic.com

www.burmeseclassic.com



ထားရမယ်၊ ကောင်းပြီ၊ ဒါဖြင့်ရင် အဲဒီ လူဟာ တကယ့် ရာဇဝတ်ကောင် ရတော့မယ်၊ ကျုပ် ပြောတဲ့ အတိုင်း တွေးရင် ဒီအတိုင်းပဲ အဖြေ ထွက် ရမယ် မဟုတ်လား'

ကျွန်ုပ်တို့မှာ ရုံးကိစ္စများ မပြီးပြတ်သည့် အတွက် ထိုနေ့ ညတွင် ချက်စတာမှာပင် အိပ်ရလေ၏။ သို့ရာတွင် နောက်တစ်နေ့ မနက်၌ ကျွန်ုပ် သည် တရားခံဘက်မှ လိုက်ပါမည့် ရှေ့နေ လူငယ် တစ်ဦး ဖြစ်သူ မ ရှိုက် ကမ်းမင်းနှင့် အတူ မိန်းမပျိုအား အကျဉ်းတိုက်ထဲသို့ သွားရောက် ဆုံရန် ခွင့်ပြုချက် ရရှိခဲ့လေ၏။

ကြားသိခဲ့ရသည့် စကားများ အရ ကျွန်ုပ်သည် ချောမော လှပ မိန်းမပျို တစ်ယောက်ယောက်ကို တွေ့ရလိမ့်မည်ဟု မျှော်လင့်ခဲ့ပြီးသား သော်လည်း မစ္စ ဒန်ဗာကို မြင်လိုက်ရသည့် အခါတွင် ကျွန်ုပ် စိတ်ထဲ၌ ပေါ်လာသည့် ခံစားချက်ကို ကျွန်ုပ် တစ်သက်တွင် မေ့နိုင်တော့မည် မဟုတ် ချေ။

ရှစ်စပ်က လည်လာသည့် သန်းကြွယ် သူဌေး မစ္စတာ ဂစ်ဗဆန် တို တိုင် မိမိအား ရှေ့ဆောင် လမ်းညွှန်နိုင်သော အရည်အချင်းမျိုးကို ထိုမိန်းမ ထံတွင် တွေ့သည်မှာ အဆန်း မဟုတ်တော့ချေ။ ပြတ်သား ကြည်လင် ဥပမိ ရုပ်သွင်နှင့် ထက်မြက် အကင်းပါးဟန် ရှိသည့် မျက်နှာတို့ကို ကြည့် ထိုမိန်းမပျိုသည် မကောင်းမှုကို ကျူးလွန်ခဲ့သည် ထားဦး၊ ကောင်းကျိုးကို လုပ်ရန် စေ့ဆော်မည့် မြင့်မြတ်သော စိတ်ထား ရှိသည့် မိန်းကလေး တစ် ဖြစ်ကြောင်းကို သိသာနိုင်ပေ၏။ မိန်းမပျိုမှာ ဆံပင် နက်နက်၊ အရပ် မြင့်မြင့် တင့်တယ် ပြေပြစ်သော ကိုယ်ဟန် ရှိသည့်တိုင် မည်းနက်သော မျက်လုံး များမှာ အမဲလိုက် ခံရသည့် သတ္တဝါ တစ်ကောင်ကဲ့သို့ ကြောက်ရွံ့ ထိတ် ဟန် ပေါ်လျက် ရှိလေ၏။

မိတ်ဆွေကြီး ရှားလော့ဟုမ်း လာရောက်သည်ဟု သိရသည့် အခါ နှမ်းနယ်လျက် ရှိသော သူ့ပါးပြင်မှာ သွေးရောင် လျှမ်းလာပြီး ကျွန်ုပ်တို့ စူးစိုက် ကြည့်နေသော မျက်လုံးများထဲတွင်လည်း မျှော်လင့်ချက် ရောင်ခြည် ယှက်သန်း လာသည်ကို မြင်လိုက်ရလေ၏။

မစ္စ ဒန်ဗာသည် တုန်လှုပ် ချောက်ချားလျက် ရှိသော အသံဖြင့်

'ကျွန်မနှင့် သူ့ အကြောင်းကိုတော့ မစ္စတာ နီးလ် ဂစ်ဗဆန်က ယောက်ကြီးတို့ကို ပြောလိုက်ပြီးပြီပေါ့နော်'





'ပြောလိုက်ပြီဗျ၊ စိတ် အထိခိုက်ခံပြီး ဒီအကြောင်းကို ပြောမနေပါနှင့် လေ၊ သူငယ်မကို မြင်လိုက်ကတည်းက သူငယ်မဟာ မစ္စတာ ဂစ်ဗဆန့် ဩဇာ ညောင်းတယ် ဆိုတာရယ်၊ သူနှင့် ပတ်သက်လို့ သူငယ်မမှာ သားတဲ့ သဘောထား မရှိဘူး ဆိုတာရယ် ကျုပ် သိလိုက်ပါပြီ၊ နို့ နေစမ်း ဂျူရီ ရှေ့မှာ ဒီကိစ္စတွေ အားလုံးကို ဘာဖြစ်လို့ မတင်ပြတာလဲ'

'ကျွန်မ စိတ်ထဲမှာတော့ ဒီစွဲချက်မျိုးနှင့် တင်လို့ ရမယ်လို့ နည်းနည်း ယုံကြည်မိဘူးရှင့်၊ အချိန် တန်ရင် ဒီကိစ္စတွေဟာ ရှင်းသွားလိမ့်မယ်၊ သူ့ အိမ်တွင်းရေး ကိစ္စတွေဟာလည်း လူသိရှင်ကြား ဖြစ်စရာ အကြောင်း ဘဲနှင့် ကိစ္စ ပြီးသွားလိမ့်မယ်လို့ ကျွန်မ ထင်ခဲ့တာ၊ ခုတော့ မရှင်းတဲ့ ဒီလို နေလိုက်ကာမှ ပြဿနာက ပိုပြီးတောင် ရှုပ်လာတယ်'

ရှားလော့ဟုမ်းက စိတ်အား ထက်သန်စွာဖြင့်

'ဒီမှာ သူငယ်မ၊ ဒီလောက် စိတ်ကူး ယဉ်မနေနှင့် ခင်ဗျ၊ ခု ကျုပ်တို့ တ အခြေအနေ သိပ်မကောင်းလှဘူး၊ ဟောဒီက မင်း ဝတ်လုံ မစ္စတာ ခင်းကို မေးကြည့်ရင် သိလိမ့်မယ်၊ ဒီတော့ ကွင်းလုံးကျွတ် လွတ်ချင်ရင် ကျုပ်တို့ တတ်နိုင်တာ လုပ်စရာ ရှိတာကို လုပ်ထားရလိမ့်မယ်၊ သူငယ်မ တ် လောလောဆယ်မှာ သိပ် အန္တရာယ် မကြီးဘူးလို့ ပြောရင် ဒါဟာ ယ်မကို ရက်ရက်စက်စက် လိမ်လည်ရာ ကျရောက်လိမ့်မယ်၊ ဒီတော့ တရားကို ရောက်အောင် ကျုပ်တို့ကို တတ်နိုင်သမျှ ကူညီစေချင်တယ်'

'ကျွန်မ ဘာကိုမှ ထိမ်ချန် မထားပါဘူး'

'ကောင်းပြီ၊ ဒါဖြင့် မင်းနှင့် မစ္စတာ ဂစ်ဗဆန့်ရဲ့ ဇနီးနှင့် ဆက်ဆံ ဘယ်လို ရှိသလဲ ဆိုတာ ကျုပ်ကို ပြောပြစမ်းပါ'

'ကျွန်မကိုတော့ တော်တော် မုန်းတာပဲရှင့်၊ မုန်းတာမှ စပိန်သွေး ပါသူ ခါးခါးသီးသီးကို မုန်းတာ၊ ပြီးတော့ ဒီအမျိုးသမီးဟာ လုပ်မိရင် နောက် တတ်တဲ့ မိန်းမမျိုး မဟုတ်ဘူးရှင့်၊ သူ့ယောက်ျားကို ချစ်သလောက် ကျွန်မ လိုက်တာကလည်း အလွန်ပဲ၊ အမှန်ကတော့ ကျွန်မတို့ နှစ်ယောက်ရဲ့ ဆံရေးကို သူ နားမလည်တာပါရှင်၊ ကျွန်မ သူ့ကိုလည်း အပြစ် မဆိုချင် ဒါပေမဲ့ သူ့ယောက်ျားကို ချစ်တဲ့ ရမ္မက်က ပြင်းထန်လွန်းတော့ သူ့ ကျားနှင့် ကျွန်မတို့ စိတ်သဘောထားချင်း အတွေးအခေါ်ချင်း နီးစပ်တာ သူ နားမလည်နိုင်ဘူး၊ ဒီလိုမှ မဟုတ်ရင်လည်း သူတို့ အိမ်မှာ ကျွန်မ နေခွင့်ရအောင် ကျွန်မက သူ့ယောက်ျား အပေါ်မှာ ဩဇာ သုံးတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ထင်နေဟန် တူပါရဲ့၊ အမှန်ကတော့ ကျွန်မ မှားတာပါရှင်၊ ကျွန်မ အတွေး သူတို့ လင်မယား အဆင်မပြေ ဖြစ်ကြရတယ် ဆိုရင် ကျွန်မ အနေနှင့် ဘာ နေလို့ ကောင်းပါ့မလဲ၊ ဒါပေမဲ့ ကျွန်မ တစ်ခုတော့ ပြောရဲပါတယ်၊ ကျွန်မ မရှိရင်လည်း သူတို့ လင်မယားဟာ အဆင်ပြေမှာတော့ မဟုတ်ပါဘူး'

'ကဲ မစ္စ ဒန်ဗာ၊ အဲဒီနေ့ ညက ဘယ်လို ဖြစ်တာလဲ၊ ကျုပ်ကို ထိ ကျကျ ပြောစမ်းပါ'

'ကျွန်မ သိသလောက်တော့ အမှန်ကို ပြောပါ့မယ်ရှင်၊ ဒါပေမဲ့ အ တာက ကျွန်မမှာ သက်သေ ပြစရာ ဘာမှ မရှိဘဲ ဖြစ်နေတယ်၊ ပြီးတော့ တချို့ အချက်တွေ အရေးကြီးတဲ့ အချက်တွေကို ကျွန်မ ရှင်းပြလို့ မရဘဲ နေတယ်၊ ရှင်းပြစရာလည်း မလိုဘူးလို့ ထင်နေတယ်'

'မင်းက အချက်အလက်ကိုသာ ပြောပါလေ၊ ရှင်းတာက ဒီပြင်လူ ရှင်းပါလိမ့်မယ်'

'ဒီလို ဆိုရင် ကျွန်မ ပြောပါ့မယ်ရှင်၊ အဲဒီ ညက သာရ တံတား ကျွန်မ ရောက်သွားရတာက တခြားကြောင့် မဟုတ်ပါဘူး၊ မနက်ပိုင်းတုန်း မစ္စက် ဂစ်ဗဆန်ဆီက စာရလို့ပါ၊ စာက ကျွန်မတို့ စာသင်ခန်း စားပွဲပေါ် တွေ့ပါတယ်၊ သူကိုယ်တိုင် ထားပစ်ခဲ့တယ်လို့ ထင်ပါတယ်၊ ညစာ စား တံတား ထိပ်ကို လာတွေ့ပါတဲ့၊ တွေ့နိုင် မတွေ့နိုင်ကိုလည်း ခြံထဲက နေ စင်ကလေးပေါ်မှာ စာနှင့် ရေးပြီး ထားပစ်ခဲ့ပါတဲ့၊ ဒီကိစ္စကို ဘယ်သူမှ မ စေချင်လို့ ဒီလို ရေးတာပါတဲ့၊ ဘာကြောင့် ဒီလောက် လျှို့ဝှက်နေတယ် တာကိုတော့ ကျွန်မ မသိဘူး၊ ဒါပေမဲ့ သူ့စာကိုလည်း ဖျက်ဆီးပစ်ပါ စာသင်ခန်းထဲက မီးဖိုထဲမှာ ထည့်လိုက်ပါတယ်၊ သူက သူ့ယောကျ်ားကို တော် ကြောက်ရပါတယ်၊ သူ့ယောကျ်ားကိုတောင် ကျွန်မ ဒီလို မလုပ်ဖို့ မ ခဏ ပြောပါသေးတယ်၊ ခု ဒီစာကို တိတ်တိတ် ပေးတာလည်း ယော သိမှာ စိုးလို့ တိတ်တိတ် ပေးတယ်လို့ပဲ ကျွန်မ ထင်လိုက်ပါတယ်'

'ဒါပေမဲ့ မင်း ပြန်စာကိုတော့ သူက သေသေချာချာ သိမ်းထား နော်'

'ဟုတ်ကဲ့၊ သေတော့ သူ့လက်ထဲမှာ ဆုပ်လျက် သေနေတယ် ကျွန်မ တော်တော်လေး အံ့အားသင့်သွားပါတယ်'

'နောက်တော့ကော ဘာဖြစ်သေးသလဲ'

'ကျွန်မ ကတိ ပေးထားတဲ့ အတိုင်း တံတားကို သွားပါတယ်၊ တံတား





ရောက်တော့ သူ ရောက်နေပါပြီ၊ ကျွန်မကို သူ ဘယ်လောက် မုန်းမှန်း အဲဒီ ကျမှ ကျွန်မ ပိုပြီး သိပါတော့တယ်ရှင်၊ ကျွန်မကိုလည်း မြင်လိုက်ရော အရူး ကျနေတာပဲ၊ ကျွန်မ အထင်တော့ သူ ရူးဖူးတယ်လို့တောင် ထင်မိပါတယ်၊ တဲ့ လူများ မြင်မြင်သမျှကို ယုန်ထင်ကြောင်ထင် ဖြစ်တတ်ကြတယ် မဟုတ် ရှင်၊ ရူးလို့ပေါ့ရှင်၊ မရူးရင် ကျွန်မနှင့် နေ့တိုင်း တွေ့တုန်းကတော့ ဘာမှ ဖြစ်သလို လုပ်နေမပျက် နေပြီး ခုလို တွေ့တော့မှ ဘာဖြစ်လို့ ဖြုန်းစားကြီး သ ထွက်ရမှာလဲ၊ သူ ပြောတဲ့ စကားတွေကိုတော့ ကျွန်မ ပြန်မပြောတော့ ဘူး၊ ပြောလည်း မပြောချင်တော့ဘူး၊ သူ့ကိုလည်း ကျွန်မ မကြည့်ချင်တော့ ဒါနှင့် ကျွန်မလည်း ချာခနဲ လှည့်ထွက်လာခဲ့ပါတယ်၊ ကျွန်မ ပြန်လာတော့ တံတားထိပ်မှာ ရပ်ရင်း ကျွန်မကို ဆဲဆို ကျန်ရစ်ခဲ့လေရဲ့'

'နောက်တော့ သူ့အလောင်းကို ဘယ်နေရာမှာ သွားတွေ့သလဲ'

'သူ ရပ်နေတဲ့ နေရာနှင့် ကိုက် အနည်းငယ် အကွာမှာ တွေ့ပါတယ်'

'မင်း ပြန်သွားပြီး မကြာခင် အသတ် ခံရတယ် ဆိုလို့ ရှိရင် သေနတ် သံတို့ ဘာတို့ကော မကြားမိဘူးလား'

'ဘာမှ မကြားမိဘူးရှင့်၊ ဒါပေမဲ့ ကျွန်မလည်း စိတ်ထဲမှာ ကတုန်ကယင် ပြီး ကျွန်မ အခန်းကို ကျွန်မ ပြန်ပြေး လာခဲ့ပါတယ်ရှင်၊ ဘာကိုမှ ကောင်း ကောင်း သတိ မထားမိတော့ပါဘူး'

'မင်း အခန်းကို ပြန်သွားတယ်လို့ မင်း ပြောသွားတယ်၊ နောက် တစ်နေ့ မနက်ခင် အခန်းထဲက ထွက်သေးသလား'

'ထွက်ပါတယ်၊ အလောင်း တွေ့တယ်လို့ လာပြောတဲ့ အခါမှာ ကျွန်မ လည်း တခြား လူတွေနှင့် အတူ အခန်းထဲကို ဆင်းလာခဲ့ပါတယ်'

'အဲဒီတုန်းက မစ္စတာ ဂစ်ဗဆန်ကိုကော တွေ့သေးသလား'

'တွေ့ပါတယ်၊ ကျွန်မ ဆင်းလာတော့ သူက တံတားထိပ်က ပြန်ရောက် ခါစပဲ ရှိပါသေးတယ်၊ ပုလိပ်နှင့် ဆရာဝန်ကို သူပဲ အကြောင်းကြားနိုင်း ပါ'

'သူ့ကို ကြည့်ရတာ တော်တော် စိတ် ထိခိုက်နေပုံ ပေါ်ရဲ့လား'

'မစ္စတာ ဂစ်ဗဆန်ဟာ တော်တော် စိတ်ဓာတ် ကြံ့ခိုင်ပြီး ကိုယ့်ကိုယ် ကိုယ် ထိန်းချုပ်နိုင်တဲ့ လူ တစ်ယောက်ပါရှင်၊ သူ့ ခံစားချက်ကို ဘယ်တော့ မှ အပြင် ထုတ်ပြလေ့ မရှိပါဘူး၊ ဒါပေမဲ့ သူ့အကြောင်းကို ကျွန်မ ကောင်းကောင်း သိလေတော့ သူ စိတ်ထိခိုက်နေတယ် ဆိုတာ ကျွန်မ သိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ သိပ် အရေးကြီးတဲ့ အချက်ကို ရောက်လာပြီဗျ၊ မင်း အခန်းထဲမှာ တွေ့တဲ့ ပစ္စတို ကိစ္စ၊ ဒီသေနတ်ကို အလျင်က မြင်ဖူးသလား'

'မမြင်ဖူးပါဘူးရှင်၊ ဘုရား ပေးပေး ကျမ်း ပေးပေးပါ'

'သေနတ်ကို ဘယ်တော့မှ တွေ့တာလဲ'

'နောက်တစ်နေ့ မနက် ပုလိပ်က ရှာတော့မှ တွေ့တာပါ'

'မင်း အဝတ်အစားတွေ ကြားထဲမှာ တွေ့တယ်ပေါ့'

'ဟုတ်ပါတယ်၊ ဗီရို အောက်ဆုံးထပ် ကျွန်မ အဝတ်အစားတွေ အောက်မှာပါ'

'ဘယ်တုန်းက ရောက်နေမှန်း မသိဘူးပေါ့'

'မနက်ပိုင်းတုန်းကတော့ မရှိပါဘူးရှင်'

'ဘယ်လိုလုပ် သိသလဲ'

'မနက်ပိုင်းတုန်းက ဗီရိုကို ရှင်းလို့ပါ'

'ဟုတ်ပြီဗျ၊ ဒီတော့ တစ်ယောက်ယောက်က မင်းကို ရာဇဝတ် ပြဿ ရောက်စေချင်တဲ့ အတွက် မင်း အခန်းထဲ တိတ်တိတ် ဝင်ပြီး သေနတ် ထားတာ ဖြစ်နိုင်တာပေါ့'

'ဖြစ်နိုင်ပါတယ်'

'ဘယ် အချိန်လောက်မှာ ထားတာ ဖြစ်နိုင်သလဲ'

'ထားမယ် ဆိုရင် ထမင်းစားချိန် ဒါမှမဟုတ် ကလေးတွေကို စာသ နေချိန်မှာ ဖြစ်နိုင်ပါတယ်'

'သေသူရဲ့ စာကို ရချိန်လောက်မှာ ဖြစ်နိုင်တယ်ပေါ့'

'ဟုတ်ကဲ့၊ အဲဒီ အချိန်လောက်က စပြီး တစ်မနက်လုံး ဖြစ်နိုင်ပါတယ်'

'ကဲ ကျေးဇူး တင်တယ် ဆရာမလေး၊ ကျုပ်တို့ စုံစမ်းနေတဲ့ ကိစ္စ ဒီပြင် အချက်အလက် ကလေးတွေများ ပေးနိုင်သေးသလား'

'မရှိတော့ဘူး ထင်ပါတယ်'

'တံတား လက်ရန်းက ကျောက်တုံးမှာ တစ်ခုခုနှင့် ရိုက်မိထားတဲ့ အ တွေ့ရတယ်ဗျ၊ အလောင်းနှင့် မလှမ်းမကမ်းမှာ ဆိုပါတော့၊ ကျောက်တုံး အရာက လောလောလတ်လတ် ပဲ့တဲ့ အရာ၊ ဘာကြောင့်လို့ ထင်တယ်လို့ ပြော ချင်သလဲ'

'တိုက်ဆိုင်မှု ဖြစ်ချင် ဖြစ်နိုင်ပါတယ်'

'တိုက်ဆိုင်မှု ဆိုရင်တော့ တော်တော် ထူးဆန်းတာပဲဗျ၊ တော်တော်





ဆန်းတာပဲ၊ လူသတ်မှု ဖြစ်တဲ့ နေရာ ဖြစ်တဲ့ အချိန်ကျမှ ဒီအရာက ဘာဖြစ် တာပေါ်တာလဲ'

'ဘယ်လောက်များ ကြီးလို့ပါလဲရှင်၊ ဘာနှင့်များ ရိုက်မိလို့ပါလိမ့်၊ ဒီ တ် ပဲ့တယ် ဆိုရင်လည်း တော်တော် ပြင်းထန်လို့ နေမှာပေါ့'

ရှားလော့ဟုမ်းက မည်သို့မျှ ပြန်မပြောချေ။ ဖျော့တော့ ထက်သန်သည့် လော့ဟုမ်း၏ မျက်နှာသည် ရုတ်တရက် တင်းမာသွားကာ အဝေးသို့ ငေး ကြည့်နေသည့် အသွင်ကို ဆောင်လျက် ရှိပေ၏။ ထိုအမှုအရာမှာ ရှားလော့ ၏ ထူးခြားသော စုံထောက် ဉာဏ်ကို ဖော်ပြသည့် လက္ခဏာ တစ်ရပ် ကြောင်းကို ကျွန်ုပ် သိပြီး ဖြစ်ပေ၏။ သူ့စိတ်ထဲတွင် ဝေခွဲ မရ ဖြစ်နေသည့် မှာ ထင်ရှားလွန်းရကား ကျွန်ုပ်တို့ အားလုံး စကား မပြောရဲကြဘဲ သူ့ကို တ် ကြည့်လျက် ရှိကြလေ၏။

ထို့နောက် ရှားလော့ဟုမ်းသည် ကုလားထိုင်မှ ဖြုန်းခနဲ ထလိုက်ပြီးလျှင်

'ကဲ အိုင်ဆေး လာဗျို့၊ မြန်မြန်'

'စုံထောက်ကြီး၊ ဘာများပါလဲ ခင်ဗျာ' ဟု ဝတ်လုံက မေးလေ၏။

'ကဲ ဆရာမလေးရေ၊ စိတ်ချ နေပေတော့၊ ဟောဒီက ဝတ်လုံကလေး နောက်တော့ အကြောင်း ကြားမယ်ဗျာ၊ ဘုရားသခင် စောင်မတဲ့ အတွက် တစ်ပြည်လုံး အံ့သြ သွားစေမယ့် အမှုကို ဖော်နိုင်တော့မယ်ဗျာ၊ ကဲ မလေးရေ၊ မနက်ဖြန်လောက် ဆိုရင်တော့ သတင်းစုံ ကြားရတော့မှာပါ၊ လောလောဆယ်တော့ ဆီးနှင်း မြူတိမ်တွေ ရှင်းစပြုပြီး အလင်းရောင် လာ တော့မယ် ဆိုတာလောက်ပဲ ပြောထားပါရစေဦး'

ချက်စတာနှင့် မစ္စတာ ဂစ်ဗဆန် နေထိုင်ရာ အိမ်မှာ များစွာ မကွာဝေးလှ သို့ရာတွင် ကျွန်ုပ်မှာ ရောက်ချင်လှပြီ ဖြစ်သည့် အတွက် ဝေးလှသည်ဟု ပေ၏။

ရှားလော့ဟုမ်း အဖို့တွင်လည်း ရှည်လျား လွန်းလှသည်ဟု အောက်မေ့ ရှိပေ၏။ ရှားလော့ဟုမ်းမှာ များစွာ စိတ်လှုပ်ရှားလျက် ရှိရကား နေရာတွင် မထိုင်နိုင်ဘဲ တလှုပ်လှုပ် ဖြစ်လျက် ရှိပြီး ရထားကို အမြန် မောင်းနိုင် သေးသွယ်၍ ထိလွယ် သိလွယ်သော လက်ချောင်းများဖြင့် ကုလားထိုင် ခြင်း စသည်တို့ကို ပြုလုပ်လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အိမ်နားသို့ ရောက်လာသည့် အခါ၌ ရှားလော့ဟုမ်း ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် တည့်တည့်တွင် ရုတ်တရက် ပြောင်းထိုင် ကျွန်ုပ်၏ ဒူးနှစ်ဖက်ကို ကိုင်ပြီးလျှင် အချွဲး လျောင်ပြောင်လိုသည့် အခါ သူ လုပ်နေကျ ထုံးစံအတိုင်း ကျွန်ုပ်ကို လှောင်သလိုလိုဖြင့် ပြုံးစနဲ့ လိုက်ရင်း 'အိုင်ဆေး ဝပ်ဆင်ရေ၊ ကျုပ်တို့ ဒီလို ခရီး ထွက်လို့ ရှိရင် ခင် သေနတ်ကလေးကို ယူနေကျ ဆိုတာ ကျုပ် သတိ ရနေတယ်ဗျ' ဟု ပြော

ရှားလော့ဟုမ်းမှာ သူ့လုံခြုံရေးကို များစွာ ဂရုပြုလေ့ မရှိဘဲ ပြဿ ကိုသာ အာရုံ စူးစိုက် လေ့လာနေတတ်လေ့ ရှိသဖြင့် ခရီး သွားသည့် အခါ များတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ သေနတ်ကလေးကို ဆောင်လေ့ ရှိရာ သေနတ်ကလေးသည် မိတ်ဆွေကောင်း တစ်ဦး ဖြစ်ကြောင်း တစ်ခါ မနည်း သက်သေ ပြခဲ့ပြီး ဖြစ်ပေ၏။ ကျွန်ုပ်က ထိုအကြောင်းကို ပြန်၍ မည် ဆိုမည် အပြုတွင် ရှားလော့ဟုမ်းက

'ဟုတ်တယ်ဗျို့၊ ကျုပ်က ဒီလို ကိစ္စမျိုးမှာ တယ်ပြီး ပေါ့ပေါ့လေ့လေ့ နေတတ်တာ၊ ခုကော ခင်ဗျား သေနတ်ကလေး ပါသေးတယ် မဟုတ်လား'

ကျွန်ုပ်က သေးငယ်သော်လည်း အလွန် အသုံးဝင်သည့် ကျွန်ုပ်၏ ပ သေနတ်ကလေးကို ဘောင်းဘီ အိတ်ထဲမှ ထုတ်ပြလိုက်လေ၏။ ရှားလော့ဟု သည် မောင်းထိန်းကို ဖြုတ်ပြီးလျှင် ကျည်ဆန်များကို သွန်ချပြီး သေချာ စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။

'တော်တော် လေးတာပဲဗျ၊ သိသိသာသာကြီးကို လေးတာ' ဟု လေ၏။

'လေးဆို အကောင်းစား သေနတ်ဗျ'

'ခင်ဗျား သိရဲ့လား အိုင်ဆေး၊ ခင်ဗျား သေနတ်ဟာ ခု ကျုပ်တို့ လိုက် နေတဲ့ အမှုမှာ တော်တော် အရေး ပါတဲ့ ပစ္စည်း ဖြစ်နေတယ်ဗျ'

'ဗျို့ ဟုမ်း၊ ခင်ဗျား နောက်နေတာလား'

'မနောက်ဘူး ခင်ဗျ၊ အတည် ပြောနေတာ၊ မကြာခင်မှာ ကျုပ် စမ်းကြည့်ရတော့မယ်၊ အဲဒီ စမ်းသပ်မှု အောင်မြင်ပြီ ဆိုရင်တော့ အား ရှင်းသွားတော့မှာပါ၊ စမ်းသပ်မှု အောင် မအောင်ကတော့ ဟောဒီ လက် ကလေး အပေါ်မှာ တည်နေတယ်ဗျ၊ ခု ကျုပ် ကျည်ဆန် တစ်တောင့် ပြ ထားလိုက်မယ်၊ ကျန်တဲ့ ငါးတောင့်ကို သေနတ်ထဲမှာ ထည့်ပြီး ခလုတ် ကို ဆွဲထားလိုက်မယ်၊ ဒီလို ဆိုရင် အလေးချိန် တိုးလာပြီး ပိုတူလာမှာပဲ'





ကျွန်ုပ်မှာ သူ ဘာ ဆိုလိုနေသည်ကို ကောင်းစွာ သဘော မပေါက် ချေ။ သူကလည်း ရှင်း မပြချေ။ သို့ဖြင့် ကျွန်ုပ်တို့သည် တိတ်ဆိတ်စွာ ဝါ လာခဲ့ကြရာ ဟန့်ပရှိုင်းယား ဘူတာရုံကလေးသို့ ရောက်ခဲ့ကြလေ၏။ ကျွန်ုပ်တို့သည် ရထားအိုကလေး တစ်စင်းကို ငှား၍ လာခဲ့ကြရာ နာရီ တစ်စိတ် ကြာလျှင် ကျွန်ုပ်တို့၏ မိတ်ဆွေကြီး စာသင်ကြီး ကိုဗင်ထရီ အိမ်သို့ ရောက်လာခဲ့ကြလေ၏။

'ဘယ့်နှယ်လဲ စုံထောက်ကြီး၊ သဲလွန်စကလေး ဘာလေးများ ရခဲ့ပလား'

'ဒေါက်တာ ဝပ်ဆင်ရဲ့ ခြောက်လုံးပြူး ဘယ်လို နေမလဲ ဆိုတာပေါ်မှာ တည်နေတယ်ဗျ၊ ဟောဒီမှာ၊ ကဲ စာသင်ကြီးရေ၊ ကျုပ်ကို ကြိုး ဆယ်ကိုက် လောက်များ ရှာ မပေးနိုင်ဘူးလား'

စာသင်ကြီးက ရွာထဲရှိ ဆိုင် တစ်ဆိုင်မှ ကြိုး တုတ်တုတ် တစ်ထုံးကို ဝယ်ပေးလေ၏။

'ဒီလောက် ဆိုရင် ရပါပြီဗျာ၊ ကဲ သွားလိုက်ကြဦးစို့ဗျို့၊ ဒီ တစ်ခါက စခန်း သိမ်းလောက်ပါပြီ'

နေသည် ဝင်လုဆဲ ဖြစ်လေရာ ဟန့်ပရှိုင်းယား စားကျက်ကွင်းကြီးမှာ ပွယ် ကောင်းလောက်အောင် လှပလျက် ရှိလေ၏။ စာသင်ကြီးမှာ ကျွန်ုပ် မိတ်ဆွေကြီး ရှားလော့ဟုမ်းအား ရူးများသွားလေသလားဟု ထင်သည့်နှယ် ချောချဖြင့် ကြည့်ရင်း ဘေးမှ လိုက်ပါလာလေ၏။ အချင်း ဖြစ်ပွားသည့် သို့ ရောက်သည့် အခါ၌ကား ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်းမှာ ပ်ပန်းတွင် သူ့ထုံးစံ အတိုင်း အေးစက်စက် နိုင်သလောက် အတွင်းတွင် စိတ် လှုပ်ရှားလျက် ရှိကြောင်း ကျွန်ုပ် သိလိုက်လေပြီ။

ကျွန်ုပ် စဉ်းစား နေသည်ကို ရိပ်မိဟန်ဖြင့် ရှားလော့ဟုမ်းက

'အင်း ကံကောင်းလို့ဗျို့၊ ရေလိုက် လွဲတော့မလို့၊ ကျုပ်က ဒါမျိုး ဆိုရင် ဉာဏ်နှင့် သိတတ်တဲ့ လူစားပါဗျာ၊ ဒါပေမဲ့ တစ်ခါတလေကျတော့ အတွေး ချော်သွားတတ်သဗျ၊ ဝင်ချက်စတာ ထောင်ထဲမှာ ကလေးမလေး သွားတွေ့တုန်း ဖြွန်းခနဲ ခေါင်းထဲမှာ ပေါ်လာလိုက်ကတည်းက ဒီအတိုင်း မယ်လို့ ကျုပ် အခိုင်အမာ ဆုံးဖြတ်လိုက်ပြီးပါပြီ၊ ဒါပေမဲ့ အကင်း ပါးလှပါး ဘူးဗျ၊ အကင်း ပါးလွန်းတဲ့ အခါကျတော့ တော်တော် ထင်တန်ကို ချင်း လက်မခံတတ်ဘဲ တခြား ဖြစ်နိုင်ချက်တွေကိုချည်း လျှောက် လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ရှာတတ်တဲ့ အတွက် မှား မှားသွားတာတွေ ရှိတတ်တယ်၊ သို့သော်လည်း သို့သော်လည်း အိုင်ဆေးရေ၊ ကြိုးစား ကြည့်လိုက် ကြသေးတာပေါ့ လား'

ရှားလော့ဟုမ်းသည် တံတားဆီသို့ လျှောက်လာရင်း ကြိုးတစ်ဖက် ခြောက်လုံးပြူးတွင် ချည်လျက် ရှိလေ၏။ ထိုအချိန်၌ ကျွန်ုပ်တို့မှာ အလောင်း ဖြစ်သည့် နေရာသို့ ရောက်လာခဲ့ကြလေပြီ။

ထိုနေရာသို့ ရောက်လျှင် ရှားလော့ ဟုမ်းသည် စာသင်ကြီး၏ အညီဖြင့် အလောင်း လဲကျနေသည့် နေရာကို သေချာစွာ မှတ်သားလေ၏။

ထို့နောက် ချုံများ ကိုင်းပင်များထဲသို့ လိုက်ရှာရာ နောက်ဆုံး အတန်ငယ် ကြီးသည့် ကျောက်ခဲ တစ်တုံးကို တွေ့လေ၏။

ထို ကျောက်ခဲတွင် ကြိုးစ တစ်ဖက် အဖျားကို ချည်ပြီးလျှင် တံတား လက်ရန်းမှ အောက်သို့ တွဲလွဲ ချထားလေရာ ကြိုးဖြင့် ဆွဲထားသည့် ကျောက် ခဲသည် ရေပြင် အထက်တွင် လှုပ်ယမ်းလျက် ရှိလေ၏။

ထို့နောက် ရှားလော့ဟုမ်းသည် တံတား လက်ရန်းနှင့် ခပ်လှမ်းလှမ်း အကွာတွင် ရှိသော အလောင်း တွေ့သည့် နေရာတွင် ရပ်ကာ ခြောက်လုံးပြူး ကို လက်တွင် ကိုင်ထားလေရာ တံတား တစ်ဖက် ရေထဲတွင် ရောက်နေသည့် ကျောက်ခဲနှင့် ခြောက်လုံးပြူးတို့ အကြားတွင် ကြိုးသည် တင်းလျက် ရှိလေ၏။

'ကဲ သွားလေရော့ဟာ' ဟု အော်ကာ သေနတ်ကို မြှောက်ပြီး လက်မှ လွှတ်လိုက်လေ၏။

တစ်ခဏ အတွင်း၌ အောက်တွင် ရောက်နေသည့် ကျောက်တုံး၏ အလေးချိန်ကြောင့် သေနတ်သည် လွင့်သွားကာ တံတား လက်ရန်းကို ချွင် ထိမှန်ပြီးလျှင် ခုံးကို ကျော်၍ ရေထဲသို့ ကျသွားလေ၏။

သေနတ် အောက်သို့ ကျသည်နှင့် ရှားလော့ဟုမ်းသည် တံတား လက် ရန်း အနီးတွင် ဒူးထောက် ထိုင်လိုက်လေ၏။ ဝမ်းသာအားရ အော်လိုက်သော အသံသည် သူ မျှော်ထင်သည့် အရာကို တွေ့ပြီ ဖြစ်ကြောင်း ဖော်ပြလျက် ရှိ ပေ၏။

'ကဲဗျာ ဒီထက် ထင်ရှား တိကျတဲ့ သက်သေ ရှိဦးမှာတဲ့လား၊ အိုင် ဆေး ဝပ်ဆင်ရေ၊ ခင်ဗျား ခြောက်လုံးပြူးက ပြဿနာကို ရှင်းပေးသွားပြီ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် တံတား လက်ရန်း အနီးတွင် ပဲ့ကျလာသည့် ထား ကျောက်ခဲ အပဲ့လောက် ရှိသည့် ကျောက်ခဲ အပဲ့ တစ်ခုကို ထိုးပြလေ၏။





'ကဲ ဒီနေ့ည ကျုပ်တို့ တည်းခိုရိပ်သာမှာပဲ အိပ်တော့မယ်ဗျ' ဟု ဆို ကာ ရှားလော့ဟုမ်းသည် တအံ့တသြ ဖြစ်နေသည့် စာသင်ကြီးကို လှည့်ပြော လိုက်လေ၏။

'စာသင်ကြီးရေ၊ ချိတ် တစ်ခု ရှာပြီး ကျုပ် မိတ်ဆွေကြီးရဲ့ ခြောက်လုံး ပြူးကလေးကိုတော့ အဆယ် ခိုင်းပေးပါဦးဗျာ၊ ပြီးတော့ အဲဒီ ခြောက်လုံးပြူး နားမှာလည်း ကျောက်ခဲ တစ်လုံးနှင့် တွဲပြီး ချည်ထားတဲ့ နောက်ထပ် ခြောက် လုံးပြူး တစ်လက်ကိုလည်း တွေ့လိမ့်ဦးမယ်ဗျ၊ အဲဒီ မိန်းမဟာ သူ့ကိုယ်သူ သတ်သေပြီး သူများကို လူသတ်မှုနှင့် အစွဲခံရအောင် ဒီနည်းနှင့် လုပ်ခဲ့တာဗျ၊ မစ္စတာ ဂစ်ဗဆန်ကိုလည်း မနက်ဖြန် မနက်မှ တွေ့တော့မယ်လို့ ပြောလိုက်ပေ ပါ၊ အဲဒီ အခါကျတော့မှ ဆရာမလေး ကိစ္စ အတွက် စီစဉ်ကြသေးတာပေါ့'

ထိုနေ့ ညနေပိုင်း၌ ရှားလော့ဟုမ်းနှင့် ကျွန်ုပ်သည် တည်းခိုရိပ်သာတွင် ဆေးတံ ကိုယ်စီဖြင့် ထိုင်နေကြစဉ် ရှားလော့ဟုမ်းက အမှု အကြောင်းကို ရှင်းလင်း ဖော်ပြလေ၏။

'အိုင်ဆေးရေ၊ သာရ ဝ်တားက အဖြစ်အပျက်ကို ထုတ်ရေးလိုက်ခြင်း အားဖြင့် ကျုပ်ရဲ့ ရှိပြီးသား ဂုဏ်သိက္ခာကလေးတော့ ထူးပြီး တက်လာမယ်တော့ မထင်လှဘူး၊ အဲဒီတုန်းက ကျုပ် စိတ်ထဲမှာလည်း ခပ်နောက်နောက်ရယ်ဗျ၊ ဒီတော့ ကျုပ်တို့ စုံထောက် လုပ်ငန်းမှာ အရေး အကြီးဆုံးက စိတ်ကူးဉာဏ်နှင့် ဖြစ်တယ့် ဖြစ်ရပ်ကို ပေါင်းစပ်ပေးရေးဟာ အရေးကြီးဆုံး အချက်ပဲဗျ၊ ခုအမှု မှာ အဖြေမှန် ပေါ်ရေးဟာ တံတား လက်ရန်းက ကျောက်တုံး အပဲ့ကလေးဟာ ပဲရောပဲဗျ၊ ဒါပေမဲ့ ဒီအချက်ကို ကျုပ် စောစောစီးစီး မတွေးခဲ့မိဘူးဗျာ။

'တစ်ချက်တော့ ရှိတယ်ပေါ့ဗျာ၊ ဒီမိန်းမရဲ့ စိတ်ကူးက နက်နဲပြီး သိမ် မွေ့လှန်းနေတယ်၊ ဒီတော့ သူ့အကြံအစည်ကို ခန့်မှန်းရတာ မလွယ်ဘဲ ဖြစ်နေ တယ်၊ ကျုပ်တို့ တွေ့ခဲ့သမျှတွေထဲမှာတော့ အချစ်ကြီးတာဟာ ဘယ်လောက် အန္တရာယ် ကြီးတယ် ဘယ်လောက် ဒုက္ခ ရောက်တယ် ဆိုတာကို ခုလောက် ထင်ရှားတဲ့ အမှုမျိုး တစ်မှုမှ မတွေ့ရသေးဘူးဗျ။

'ကြည့်ရတာကတော့ မစ္စ ဒန်ဗာဟာ သူ့အဖို့ ကိုယ်ခန္ဓာအားဖြင့် ဖြစ်စေ၊ စိတ်ဓာတ်အားဖြင့် ဖြစ်စေ ပြိုင်ဘက် ဖြစ်လာတာကို နည်းနည်းလေးမှ ခွင့်လွှတ်နိုင်ဟန် မတူဘူး၊ သူ့အပေါ်မှာ သူ့ယောကျ်ားက ထန်ထန်မာမာ ဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com





သောတာ နိုင်ထက်ကလူ ပြုလာတာတွေဟာ ဒီမိန်းမကြောင့်လို့ သူ ထင်ပုံ ရတယ်၊ ဒီတော့ သူ့ကိုယ်သူ အဆုံး စီရင်ဖို့ သူ ဆုံးဖြတ်တယ်၊ ဒီလို ကိုယ်ကိုယ် သတ်သေတဲ့ နေရာမှာလည်း သူ့ငယ်မကလေးကို ဖြန့်ခနဲ သေတာထက် ထိခိုက် နစ်နာအောင် အကွက် ဆင်ခဲ့တယ်။

'ဒီလောက် ဆိုရင်တော့ ကျန်တဲ့ အချက်တွေက ရှင်းလောက်ပြီ အင်း အကွက် ဆင်ပုံကလေးက ယဉ်တော့ အယဉ်သားဗျို့၊ ဆရာမကလေး ဆီက စာတစ်စောင်ကို ရအောင် အကွက် ဆင်တယ်၊ ဒီစာကို ကြည့်လိုက်ရင် ဆရာမကလေးကပဲ အချင်း ဖြစ်တဲ့ နေရာကို မှားခေါ်တဲ့ ပုံစံ ဖြစ်အောင် ထား‌တယ်၊ ဒီစာကို လူ မတွေ့မှာ စိုးလို့ သေရာမှာတောင် လက်ထဲမှာ ဆုပ်ပြီး သွားတယ်ဗျ၊ ဘယ်လောက်တောင် ဝီရိယ လွန်သလဲ ဆိုတာ အဲဒါကို ကြည့်တော့၊ အမှန်ကတော့ ဒီတစ်ချက်တည်းနှင့်ပဲ ခပ်စောစောကတည်းက သဲလွန်စ ကောက်နိုင်ခဲ့ဖို့ ကောင်းတာ။

'ပြီးတော့ သူ့ယောက်ျားရဲ့ ခြောက်လုံးပြူးတွေကို ယူလာတယ်ဗျ၊ သူ့ အိမ်မှာက ခင်ဗျား မြင်တဲ့ အတိုင်း လက်နက် မျိုးစုံ မဟုတ်လား၊ အဲဒီထဲက ခြောက်လုံးပြူး နှစ်လက်ကို ယူလာပြီး အဲဒီနေ့ မနက်ကျတော့ တစ်လက်ကို ကျည်ဆန် တစ်တောင့် ထုတ်ပြီး ဆရာမလေးရဲ့ ဗီရိုထဲမှာ သွားထားတယ်၊ ဒါ ကတော့ တောထဲမှာ လုပ်လာတာပေါ့ဗျာ၊ ဘယ်သူ သိတာ မှတ်လို့၊ ပြီးတော့ တံတားကို သွားတယ်ဗျ၊ တံတားကို သွားပြီး သူ့လက်ထဲမှာ ပါလာတဲ့ ခြောက် လုံးပြူးကို ဘယ်လို ဖျောက်ဖျက်ပစ်မလဲ ဆိုတာကို စီစဉ်တယ်။

'သူနှင့် ချိန်းတဲ့ နေရာကို ဆရာမလေး ရောက်လာတဲ့ အခါကျတော့ ဆရာမလေးကို မုန်းမုန်းနှင့် ဆဲဆို ရေရွတ်ပြီး ဆရာမလေးလည်း ပြန်လို့ အသံ မကြားနိုင်လောက်တဲ့ နေရာလောက်လည်း ရောက်ရော သူ့ကိုယ်သူ ပစ်သတ် လိုက်တယ်ဗျ။

'ခုတော့ ကွင်းဆက်တွေ အားလုံးကို ဆက်မိပြီ၊ သံကြိုးကွင်းကြီး တစ် ခုလုံး ဟာကွက် မရှိတော့ဘူးဗျ၊ ဆက်မိသွားပြီ၊ ရေအိုင်ကို ဘာဖြစ်လို့ ပတ်ပြီး မရှာသလဲလို့ သတင်းစာတွေကတော့ ရေးကြမှာပဲ၊ ဒါပေမဲ့ သူခိုး ပြေးမှ ထိုးကွင်း ထ ဆိုသလို ဖြစ်ပြီးမှ ဝေဖန်ရတာကတော့ လွယ်ပါတယ်လေ၊ ပြီးတော့လည်း ကျူပင် ကိုင်းပင်တွေ ဖုံးနေတဲ့ ရေအိုင်ကြီး တစ်အိုင်လုံးကို ဖယ်ထုတ်ပြီး ရှာ ဖို့ ဆိုတာလည်း လွယ်တဲ့ ကိစ္စ မှတ်လို့ဗျာ၊ ဒီနေရာကိုလည်း သိတယ်၊ သေနတ် ရှိမှန်းလည်း သိတယ်လို့ သေချာပေါက် သိရင်တော့ ဟုတ်တာပေါ့။

'ကဲ အိုင်ဆေးရေ၊ ကျုပ်တို့တော့ ထူးခြားတဲ့ မိန်းကလေး တစ်ယောက် နှင့် ကြောက်စရာ ကောင်းတဲ့ လူတစ်ယောက်ကို ကူညီလိုက်ပြီဗျ၊ အနာဂတ်မှာ သူတို့ရဲ့ အရည်အချင်း နှစ်ခု ပေါင်းလိုက်ရင်တော့ လောက သင်ခန်းစာ များကို သင်ကြားပေးရာ လောက ကျောင်းခန်းကြီးထဲမှာ မစ္စတာ နီးလ် ဂစ်ဗဆန် ဟာ သင်ခန်းစာ တစ်ခုခုတော့ ရတန်ကောင်းပါရဲ့လို့ မျှော်လင့်ရတော့တာပဲ'

[မူရင်း ဝတ္ထု *The Problem of Thor Bridge.* ရှေ့ခေါင်း၏ စုံထောက် ဦး ချမ်း ဝတ္ထုများတွင် ရှာမတွေ့။]

www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော ပါမောက္ခ



လွန်ခဲ့သည့် အနှစ် နှစ်ဆယ်ခန့်က တက္ကသိုလ် နယ်မြေတွင် အုတ်အော်သောင်းတင်း ဖြစ်ခဲ့ပြီး လန်ဒန်ပညာတတ် အသိုင်းအဝိုင်းများတွင် ပွက်လောရိုက်ခဲ့သည့် အရုပ်ဆိုးသော ကောလာဟလများ ပေါ်ပေါက်ခဲ့ဖူး၏။

ထိုကောလာဟလများကို ပယ်ဖျက်ရန် အတွက် ...မောက္ခ ပရက်စ်ဗရီနှင့် ပတ်သက်သည့် အချက်အလက်များကို ထုတ်ဖော် ...သားရန် ရှားလော့ဟုမ်းသည် ကျွန်ုပ်အား မကြာခဏ တိုက်တွန်း ခဲ့ဖူးလေ ... သို့ရာတွင် ထုတ်ဖော် ရေးသားရန် အခက်အခဲ တချို့ ရှိနေသည့် အတွက် ...ဆန်းသော ထိုအမှုနှင့် ပတ်သက်သည့် အမှုတွဲမှာလည်း မိတ်ဆွေကြီး ရှား...ော့ဟုမ်း၏ အခြားသော စွန့်စားခန်း မှတ်တမ်း များစွာနှင့် အတူ ကျွန်ုပ်၏ ...ထဲ သေတ္တာကလေးထဲတွင် ဂူအောင်းလျက် ရှိပေ၏။ ယခုမှ ရှားလော့ဟုမ်း ...ောက် လုပ်ငန်းမှ အနား မယူခင် နောက်ဆုံး လိုက်ခဲ့သည့် ထူးခြားသော ...များ အနက် တစ်မှု ဖြစ်သော ထိုအမှုကို လေကောင်း လေသန့် ရှိရာ ...ပြင်သို့ ထုတ်ယူခွင့် ရခဲ့ပြီ ဖြစ်ပေ၏။ သို့တိုင်အောင် ထိုအမှုကို တင်ပြရာ၌ ...ိုသော အချက်များကို ချန်လှပ်ကာ အချို့ကို လှီးလွှဲ ရေးသားလိုက်ပါသည်။

...၀၃ ခု စက်တင်ဘာ လဆန်းစ တစ်ခုသော တနင်္ဂနွေနေ့ ညနေ၌ ကျွန်ုပ် ...ည် ရှားလော့ဟုမ်းထံမှ စာတိုကလေး တစ်စောင်ကို လက်ခံ ရရှိလေ၏၊

www.burmeseclassic.com

www.burmeseclassic.com



'အားလျှင် ချက်ချင်း လာခဲ့ပါ။ မအားလျှင်လည်း ချက်ချင်း လာပါ' စာတွင် ပါရှိလေသည်။

ရှားလော့ဟုမ်း အလုပ်မှ အနား ယူခါနီးတွင် ကျွန်ုပ်တို့ နှစ်ယော ဆက်ဆံရေးမှာ အတန်ငယ် ထူးခြားလှပေ၏။ ရှားလော့ဟုမ်းမှာ စိုက်မိ ကို အကျင့် ပါနေတတ်သည့် လူမျိုး ဖြစ်လေရာ ကျွန်ုပ်မှာလည်း ရှာ ဟုမ်း စွဲမိ စွဲရာ အကျင့် ပါနေသည့် အသုံးတော်ခံ ပစ္စည်း တစ်ခု ဖြစ် ရှိလေ၏။

ကျွန်ုပ်သည် ရှားလော့ဟုမ်း အဖို့ တယောကဲ့သို့ လည်းကောင်း တံ သောက်ဆေးကဲ့သို့ လည်းကောင်း၊ ဆေးတံအိုးကြီးကဲ့သို့ လည်း အညွှန်း စာအုပ်များကဲ့သို့ လည်းကောင်း၊ (ကုတ်ကင်း စသည့်) ခွင့် ထိုက်သည့် (အခြားသော ပစ္စည်း) များကဲ့သို့ လည်းကောင်း ဖြစ်လျက် ၏။ နင်လားငါလား လုပ်စရာ ရှိ၍ အားကိုး စိတ်ချရသော ရဲဘော် တစ် လိုလာသည့် အခါမျိုးတွင်မူကား ကျွန်ုပ်သည် သူ့ အသုံးတော်ခံ ပစ္စည်း အဖြစ်မှ ကျော်လွန်ကာ ကျွန်ုပ်၏ အခန်း ကဏ္ဍသည် ထင်ရှား ပေါ်လွင် အဖြစ်သို့ ရောက်လာတတ်ပေ၏။

သို့ရာတွင် ကျွန်ုပ် တကယ် အသုံးဝင်သည့် နေရာများလည်း ရှိပါ သည်။ ကျွန်ုပ်သည် ရှားလော့ဟုမ်း၏ စိတ်ဓာတ် ထိုင်းမှိုင်းနေသည့် အခါ တွင် ထက်သန်လာအောင် သွေးပေးသည့် သွေးကျောက်လည်း ဖြစ်၏။ သူ ပါလာအောင် ဆွပေးတတ်၏။ ကျွန်ုပ် ရှိသည့် အခါမျိုးတွင် ရှားလော့ဟု အသံ ထွက်၍ တွေးတတ်လေ၏။ သူ၏ အတွေးများကို ကျွန်ုပ်အား တိုက် ဖော်ထုတ် တင်ပြခြင်း မဟုတ်သည့်တိုင် (ရှားလော့ဟုမ်းသည် ကျွန်ုပ် သူ့ အတွေးများကို ခုတင်ကြီးကိုသာ တိုင်တည် ပြောလေ့ ရှိပေ၏။) အ ပါနေပြီ ဖြစ်သည့် အလျောက် ကျွန်ုပ်ကလည်း သူ့အတွေးများကို မှတ် တင်သည့် အခါ တင်ပြီး မရှင်းသည်တို့ကို ကြားဖြတ် မေးသည့် အခါ မေးမြန်းခြင်းဖြင့် သူ့ကို တစ်နည်းနည်း အထောက်အပံ့ ဖြစ်စေခဲ့သည်သာ ပေ၏။

တစ်ခါတစ်ရံတွင် သူ ပြောသည့် အချက်များကို ကျွန်ုပ် ဉာဏ် မမီ အတွက် ချက်ချင်း မလိုက်နိုင်သည့် အခါများတွင် ရှားလော့ဟုမ်းသည် ကို သည်းမခံ နှေးကွေး ရသလောဟု စိတ်တိုတတ်ပေသေးရာ ထိုသို့ စိတ်တို သည်ပင်လျှင် မီးလျှံလို တလက်လက် တောက်ပသော သူ့ ပကတိဉာဏ်





အတွေးကို ပို၍ ပို၍ လျှင်မြန်စွာနှင့် ထင်ရှားစွာ ပြိုးပြက် တောက်ပ သို့ ရှိပေ၏။

ကျွန်ုပ်နှင့် ရှားလော့ဟုမ်းတို့ ပေါင်းသင်းခဲ့ကြရာ၌ ကျွန်ုပ်၏ အပိုင်းမှာ အသုံးတော်ခံ အပိုင်းမျှလောက်သာ ဖြစ်ပေ၏။

ဘေကာလမ်းသို့ ကျွန်ုပ် ရောက်သွားသည့် အခါတွင် ရှားလော့ဟုမ်း ပက်လက် ကုလားထိုင်တွင် ဒူး နှစ်ချောင်းကို ထောင်၍ ထိုင်လျက် ရှိ ဆေးတံကို ခဲရင်း မျက်မှောင် ကုတ်ကာ တစ်စုံတစ်ရာကို စဉ်းစားလျက် ရာ သူ့ အသွင်ကို ကြည့်ခြင်းဖြင့် အလွန် ရှုပ်ထွေးသည့် ပြဿနာ တစ် စဉ်းစားနေကြောင်း အလွယ်တကူ သိနိုင်ပေ၏။

ရှားလော့ဟုမ်းသည် လက်ကို ဝှေ့ယမ်းပြကာ ကျွန်ုပ်အား ထိုင်နေကျ တင် ကုလားထိုင်တွင် ထိုင်ရန် အချက် ပြသည်မှ အပ ကျွန်ုပ် ရှိနေ ကို သတိ မပြုမိသည့်နှယ် နာရီဝက် ကြာမျှ မလှုပ်မယှက် ငူငူကြီး ထိုင် ရှိပေ၏။

ထို့နောက်တွင်မူ ရှားလော့ဟုမ်းသည် စဉ်းစားနေရာမှ ပြန်၍ သတိ ကာ လှုပ်လှုပ်ရှရှ ဖြစ်လာပြီးနောက် သူ့ ထုံးစံအတိုင်း ပြုံးစနဲ့နဲ့ဖြင့် ကို နှုတ်ဆက်သည့် အခါတွင်မှ ကျွန်ုပ်မှာလည်း ကျွန်ုပ် နေထိုင်ခဲ့ရာ ဟောင်းတွင် ပြန်၍ နေသားကျသွားလေ၏။

'အိုင်ဆေးရေ၊ တခြားကို စိတ် ရောက်နေလို့ဗျ၊ စိတ်တော့ မရှိနှင့်၊ ခဲ့တဲ့ နှစ်ဆယ့်လေးနာရီ အတွင်းမှာ ကျုပ်ဆီကို တော်တော် ထူးဆန်းတဲ့ ကအလက်ကလေးတွေ ရောက်လာလို့ဗျ၊ ဒါနှင့် စဉ်းစားလိုက်တာ၊ စဉ်း င်း စဉ်းစားရင်းနှင့် ဒီကိစ္စဟာ တစ်ခုတည်းနှင့် ဆိုင်တဲ့ ကိစ္စ မဟုတ် တဲ့ အထွေထွေ ပြဿနာ တစ်ရပ် ဖြစ်လာတယ်၊ ကိစ္စက တခြား မဟုတ် ၊ ကျုပ်တို့ စုံထောက် လုပ်ငန်းမှာ ခွေးတွေရဲ့ အသုံးဝင်ပုံ အကြောင်းဗျ၊ အကြောင်းနှင့် ပတ်သက်လို့ ကျုပ် စာတမ်း တစ်စောင် ရေးမလားလို့ စိတ် နေတယ်'

'နေစမ်းပါဦးဗျ၊ စုံထောက် လုပ်ငန်းမှာ ခွေးတွေ အသုံးကျပုံကို ရှေး ဒူးစမ်း လေ့လာလို့ ပြီးခဲ့ကြပြီ မဟုတ်လား၊ ခွေးသမင်ဗျာ၊ အင်းခွေး'

'ဒါတွေ မဟုတ်ပါဘူးလေ၊ ဒါတွေနှင့် ပတ်သက်လို့က ရှင်းပါတယ် ပြောတဲ့ အကြောင်းက ဒီထက် သိမ်မွေ့တဲ့ အကြောင်းဗျ၊ ခင်ဗျား မှတ်မိ လား၊ သစ်ချပင် ရိပ်သာ အမှုတုန်းကလေ၊ သားသမီးကို ကြည့်ပြီး အင်



www.burmeseclassic.com

www.burmeseclassic.com



မတန် အေးဆေး တည်ငြိမ်ပါတယ် ဆိုတဲ့ အဖေရဲ့ ရာဇဝတ်မှု ကျူးလွန်တ
အလေ့အထတွေကို ကောက်ချက် ဆွဲရှာခဲ့တယ်၊ မှတ်မိတယ် မဟုတ်လား

'အင်း မှတ်မိပါတယ်'

'ခု ခွေးတွေနှင့် ပတ်သက်လို့ စဉ်းစားတယ် ဆိုတဲ့ နေရာမှာ ကျုပ် ဒီအတိုင်း စဉ်းစားကြည့်နေတာဗျ၊ ခွေး တစ်ကောင်ရဲ့ အပြုအမူ အကျင့်ဟာ အဲဒီ ခွေးရှင် မိသားစုရဲ့ အကြောင်းကို တော်တော် ပြောနိုင် သွားတွေ့နေရတယ်၊ စိတ်ညစ်စရာ ကောင်းတဲ့ အိမ်ထောင်စု တစ်စုမှာ ခုန်ပေါက်နေတဲ့ ခွေးကို မတွေ့နိုင်ဘူးဗျ၊ ပျော်နေတဲ့ အိမ်ထောင်စု တ လည်း မှိုင်နေတဲ့ ခွေးကို မတွေ့နိုင်ဘူး၊ ဟိန်းတတ် ဟောက်တတ်တဲ့ လူ ဟိန်းတတ် ဟောက်တတ်တဲ့ ခွေး ရှိတယ်ဗျ၊ အန္တရာယ် ပေးတတ်တဲ့ လူ အန္တရာယ် ပေးတဲ့ ခွေး ရှိတယ်၊ ပြီးတော့လည်း သခင်ရဲ့ စိတ် အပြောင်း ကို လိုက်ပြီး ခွေးစိတ်ဟာလည်း ပြောင်းနေတတ်တယ်ဗျ'

ကျွန်ုပ်က ခေါင်းကို ယမ်းလိုက်ရင်း

'ခင်ဗျား ပြောတာက ဝေးလွန်းလှသဗျာ၊ နည်းနည်း အတွေး ခေါ် မရောက်ဘူးလား'

ရှားလော့ဟုမ်းသည် ဆေးတံကို ဆေးဖြည့်ပြီးနောက် ကျွန်ုပ် ပြော ထင်မြင်ချက်ကို ဂရုထားဟန် မရှိဘဲ နေရာတွင် ပြန်ထိုင်လျက်

'ခု ကျုပ် ပြောတာတွေကို လက်တွေ့ ကျင့်သုံးကြည့်လိုက်တဲ့ မှာ ကျုပ် ခု လိုက်ရမယ့် အမှုနှင့် တော်တော်လေး ဆိုင်နေတယ်ဗျ၊ အ ချည်ခင်ကြီးလို ရှုပ်ထွေးနေလေတော့ ဘယ်က စပြီး ကောက်ကိုင်ရမှန်း ဘဲ ဖြစ်နေတယ်၊ အစကလေး တစ်စ ထွက်နေရင် အဲဒီ အစကလေးကို ကိုင်ရမှာပဲ၊ ခု အဲဒီ အစကလေး တစ်စကိုတော့ တွေ့ထားပြီ၊ အဲဒီ တခြားတော့ မဟုတ်ဘူး၊ ပါမောက္ခ ပရက်စ်ဗရီရဲ့ အင်မတန် သစ္စာ ရှိုင်း ဆိုတဲ့ ခွေး ဝံပုလွေကြီးဟာ ဘာဖြစ်လို့ သူ့ သခင်ကို ပြန် ကိုက် လုပ်သလဲ ဆိုတဲ့ ပြဿနာပဲ'

ကျွန်ုပ်သည် စိတ်ပျက်လက်ပျက်ဖြင့် ကုလားထိုင် နောက်ကျောကို ထိုင်လိုက်လေ၏။ ဘာမဟုတ်သည့် ဤကိစ္စလေးကြောင့် ကျွန်ုပ် အလုပ် နေရာသို့ အရေးတကြီး စာရေး၍ ခေါ်ရသလော။

ရှားလော့ဟုမ်းက အကျွန်ုပ်ကို လှမ်းကြည့်လိုက်လျက်

'ဩော် ကျုပ်လူ ဒေါက်တာ ဝပ်ဆင်မှာလည်း အရင်ကလို ပါဲ





ကြီးကျယ်ဆုံး ပြဿနာကြီးတွေဟာ အသေးဖွဲဆုံး ပြဿနာကလေးပေါ်မှာ ည်နေတယ် ဆိုတာကို ခုထိ သဘော မပေါက်သေးဘဲကိုးဗျ၊ ကဲ ဒါကို ဘ်မခံရင် နေပါလေ၊ ကိန်းဖို့ တက္ကသိုလ်မှာ အင်မတန် နာမည် ကြီးတဲ့ ဇီဝဗေဒ ပညာရှင် ပါမောက္ခ ပရက်စ်ဗရီကိုတော့ ကြားဖူးမှာပေါ့၊ အလွန် ကြီးတဲ့ ပါမောက္ခကြီးလေဗျာ၊ သူ့လုပ်ငန်းနှင့်သူ အလုပ် များပြီး ဘယ် င့်မှတောင် ပေါင်းသင်းတာ မဟုတ်ဘူး၊ သူ့မှာ အပေါင်းအသင်း ဆိုလို့ ကို အင်မတန် သစ္စာ ရှိတဲ့ ခွေးဝံပုလွေကြီး တစ်ကောင်ပဲ ရှိတယ်၊ ခု အဲဒီ ကြီးက သူ့ကို ပြန်ကိုက်တာ နှစ်ခါတောင် ရှိပြီတဲ့ဗျ၊ ဒီတော့ ဒိပြင်ဟာ အသာ ထားပြီး ဒီ တစ်ခုတည်းနှင့် စိတ်ဝင်စားစရာ ကောင်းမနေပေဘူး ဗျ၊ ထူးဆန်း မနေပေဘူးလား၊ ခင်ဗျား ဘယ်လို ထင်သလဲ'

'ခွေးက ရူးနေလို့ ဖြစ်မှာပေါ့'

'အင်း ဒီလို စဉ်းစားစရာ တစ်ချက်တော့ ရှိသပေါ့လေ၊ သို့သော်လည်း တာ သူ့သခင်ကိုမှ အပ တခြား လူတွေကျတော့လည်း မကိုက်ဘူးတဲ့ဗျ၊ တော့လည်း သူ့သခင်ကို ကိုက်တယ် ဆိုရာမှာလည်း အမြဲတမ်း ကိုက်တာ တ်ဘူးတဲ့၊ တော်တော် ထူးခြားတဲ့ အချိန်အခါမျိုးမှ ကိုက်တာတဲ့၊ မဆန်း သားဗျာ၊ အလို ခေါင်းလောင်းသံ ကြားတယ်ဗျို့၊ မစ္စတာ ဗင်းနက် ဆိုတဲ့ ယ်ကလေးများလား မသိဘူး၊ ချိန်းထားတာထက် စောနေပါကလား၊ ကျုပ် သူ မလာခင် ခင်ဗျားနှင့် တော်တော် ကြာကြာ ဆွေးနွေးမယ်လို့ စိတ်ကူး တာ'

လှေကားကို ခပ်သုတ်သုတ် တက်လာသည့် အသံကို ကြားရပြီးနောက် ါးကို ခပ်သွက်သွက် ခေါက်သံ ပေါ်လာလေ၏။ ခဏ ကြာလျှင် ကျွန်ုပ် ၏ အမှုသည်သည် အခန်းထဲသို့ ဝင်လာလေ၏။ အမှုသည်မှာ အရပ် မြင့်မြင့်၊ က် သုံးဆယ်ခန့်ရှိ ချောမော ခံ့ညားသည့် လူရွယ် တစ်ဦး ဖြစ်ပြီး သားနား ပ်စွာ ဝတ်ဆင်ထားပေ၏။

သို့ရာတွင် ထိုလူရွယ်၏ ကိုယ်ဟန် အမူအရာတွင် လူတစ်လုံး သူတစ် ရပ်တည်နိုင်သူ တစ်ဦး၏ ယုံကြည် စိတ်ချသည့် သဏ္ဌာန်မျိုး မပေါ်ဘဲ ောင်းသား သူငယ် တစ်ယောက်၏ ရှက်ရွံ့ရွံ့ဟန်မျိုး ပေါ်လျက် ရှိသည်ကို ကျွန်ုပ် သတိ ပြုလိုက်မိလေ၏။

လူရွယ်သည် ရှားလော့ဟုမ်းနှင့် လက်ဆွဲ နှုတ်ဆက်ပြီးနောက် ကျွန်ုပ် လှည့်၍ တအံ့တသြ ကြည့်လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စက နည်းနည်းတော့ သိမ်မွေ့တယ် စုံထောက်ကြီး၊ ကျွန် နှင့် ပါမောက္ခ ပရက်စ်ဗရီတို့ နှစ်ဦးရဲ့ ဆက်ဆံရေးကိုရော အများ သိ ဆက်ဆံရေးကိုရော စဉ်းစားစေချင်ပါတယ်၊ လူစိမ်း တစ်ယောက် ရှေ့မှာ ပြောလို့မှ ကောင်းပါ့မလား မသိဘူး'

'မစိုးရိမ်ပါနှင့် မစ္စတာ ဗင်းနက်၊ ဒေါက်တာ ဝပ်ဆင်က အင် စိတ်ချရတဲ့ လူ တစ်ယောက်ပါ၊ ပြီးတော့လည်း ခုကိစ္စက ကျုပ် အဖို့ အကူ လိုမယ့် ကိစ္စ ဖြစ်နေတယ်'

'ဒီလို ဆိုရင်တော့ စုံထောက်ကြီး သဘောပေါ့ ခင်ဗျာ၊ ဒီကိစ္စ ပတ်သက်လို့ ကျွန်တော့် အနေနှင့် ပြောလို့ မကောင်းတာတွေ ရှိနေ ခင်ဗျာ၊ ဒါကိုတော့ စုံထောက်ကြီး နားလည်လိမ့်မယ်လို့ ထင်ပါတယ်'

'ဒေါက်တာ ဝပ်ဆင်ရေ၊ ခင်ဗျားကို ပြောထားလိုက်ရဦးမယ်၊ မိတ်ဆွေ မစ္စတာ ထရီဗာ ဗင်းနက်က သိပ္ပံ ပညာရှင် ပါမောက္ခ ပရက်စ် လက်ထောက်ဗျ၊ နေတော့ တစ်အိမ်တည်းမှာပဲ နေပြီး ပါမောက္ခကြီးရဲ့ နှင့် စေ့စပ်ထားပြီးသားဗျ၊ ဒီတော့ ပါမောက္ခဟာ သူ့ဆရာသမား ဆို ဟုတ်တယ်၊ မိဘ ဆိုလည်း ဟုတ်တယ်၊ ဒါကြောင့် ပါမောက္ခကြီး အ မစ္စတာ ဗင်းနက်ဟာ သူ့ အပေါ်မှာ သစ္စာ ရှိလိမ့်မယ်၊ ချစ်ခင် လေးစားလိမ့် ဆိုတာ ဘာမှ သံသယ ရှိမှာ မဟုတ်ဘူး၊ သို့သော်လည်း အကောင်းဆုံးက သူ့ အပေါ်မှာ ဘယ်လောက် သစ္စာ ရှိပြီး ဘယ်လောက် လေးစားတယ် ဆို ဒီ လျှို့ဝှက်ချက်ကို ဖြေရှင်းပေးတဲ့ နည်းနှင့် သက်သေ ပြနိုင်ရင် အကောင် ပေါ့'

'ဟုတ်ပါတယ် စုံထောက်ကြီးရယ်၊ ကျွန်တော်လည်း ဒီနည်းနှင့် ရည်ရွယ်ပါတယ်၊ ဒီက ဒေါက်တာ ဝပ်ဆင်ကော အခြေအနေတွေကို သိ လား ခင်ဗျာ'

'ကျုပ်ဖြင့် ရှင်းပြချိန်တောင် မရသေးဘူးဗျ'

'ဒီလို ဆိုရင် နောက် ဖြစ်တာကလေးတွေ မပြောခင် ဒေါက်တာ ဆင် သိအောင် အစကနေ ပြန်ပြောပြရင် မကောင်းဘူးလား ခင်ဗျာ'

'ဟုတ်ပြီလေ၊ အဖြစ်အပျက်တွေကို ကျုပ် အစီအစဉ်လိုက် သိ ဆိုတာ သူ သဘော ပေါက်သွားအောင် ကျုပ်ပဲ ပြောပြလိုက်ပါ့မယ်၊ ပါ ကြီးက ကျုပ်တို့ တိုင်းပြည်မှာတွင် မကဘဲ ဥရောပ အထိ နာမည် ကြ ပါမောက္ခကြီးဗျ၊ တစ်သက်လုံး သုတေသန လုပ်ငန်းတွေနှင့်ချည်း အချိန်





ပုဂ္ဂိုလ်ကြီး၊ သူနှင့် ပတ်သက်လို့ မကောင်း သတင်းရယ်လို့ တစ်ခါ ကြားခဲ့ဖူးဘူး၊ ပါမောက္ခကြီးက မုဆိုးဖို၊ အီးဒစ် ဆိုတဲ့ သမီးကလေး တစ် ယောက် ရှိတယ်၊ အဘိုးကြီးက အင်မတန် အလုပ် လုပ်နိုင်ပြီး အင်မတန် လတ်တဲ့ အဘိုးကြီး၊ တစ်ခါ တစ်ခါမှာ လောကြီးတယ်လို့တောင် ဆိုနိုင် အဲဒါကတော့ လွန်ခဲ့တဲ့ လ အနည်းငယ်လောက် အထိ အခြေအနေပေါ့

'အဲဒီတုန်းမှာ သူ့ဘဝမှာ အပြောင်းအလဲတွေ ရှိလာတယ်ဗျ၊ အဘိုး ကြီးဟာ အသက် ခြောက်ဆယ့် တစ်နှစ် ရှိပြီ၊ ဒါပေမဲ့ ကိုယ့်ရဲ့ လုပ်ဖော် ကိုင် ခန္ဓာဗေဒ ပါမောက္ခ မာဖီးရဲ့ သမီးကို သွားကြိုက်မိတယ်ဗျ၊ ကျုပ် သိ ယောက် ပြောရရင် အဘိုးကြီးက ကလေးမကလေးကို ပိုးပန်းပုံဟာ သိက္ခာ လူကြီး တစ်ယောက်ရဲ့ ပိုးပန်း နည်းမျိုး မဟုတ်ဘူးဗျ၊ လူငယ်ကလေး ပိုးပန်းသလို သဲသဲမဲမဲ ပိုးတာ၊ ကလေးမကလေးကို ချစ်လိုက်တာကလည်း ပဲ၊ ကလေးမကလေး အဲလစ် မာဖီးကတော့ စိတ်သဘောထား အရရော အရရော ဘာမှ ပြောစရာ မရှိပါဘူး၊ ဒါကြောင့် ပါမောက္ခကြီး ဒီလို ဖြစ် တာကို သူ နားလည် နိုင်ပါတယ်၊ သို့သော်လည်း ခက်တာက ဒီကိစ္စကို လူက သဘော တူဖို့ မပြောနှင့် ပါမောက္ခကြီးရဲ့ အိမ်သူ အိမ်သားတွေ တိုင်ကတောင် တယ်ပြီး ဘဝင် မကျကြဘူးဗျ'

'ကျွန်တော်တို့ကတော့ နည်းနည်း လွန်လွန်းတယ်လို့ ထင်တယ် ခင်ဗျာ' မစ္စတာ ဗင်းနက်က ပြောလေ၏။

'ဟုတ်တယ်၊ လွန်လွန်းတယ်၊ ပြီးတော့ အဖြစ် သည်းလွန်းပြီး သဘာဝ ဘူး ဆိုပါတော့ဗျာ၊ ပါမောက္ခကြီးက ပိုက်ဆံ ရှိလေတော့ သူငယ်မလေး ခင်ကလည်း ဘာမှ ကန့်ကွက်စရာတော့ မရှိဘူးပေါ့လေ၊ သို့သော်လည်း လေးမကလေးကတော့ တယ် မကြိုက်ဘူးဗျ၊ ဒါ့ပြင် သူ့လို ပစ္စည်း မရှိသည့် ရွယ်တူ တန်းတူတွေထဲက ပိုးကြ ပန်းကြတဲ့ လူငယ်တွေကလည်း အများ ကလေးမကလေး အနေနှင့်ကတော့ ပါမောက္ခကြီးမှာ ခပ်ကြောင်ကြောင် ကလေးတွေ ရှိသည့်တိုင် အမုန်းကြီးတော့ မဟုတ်ပါဘူး၊ အသက် ကြီး လွဲရင် တခြား ဘာမှ ငြင်းစရာတော့ မရှိလှပါဘူး။

'ဒီတုန်းမှာ ပါမောက္ခကြီးရဲ့ အနေအထိုင်မှာ ပြောင်းလာတာတွေ ရှိ ဗျ၊ ပါမောက္ခကြီးဟာ အရင်က သူ မလုပ်ခဲ့ဖူးတဲ့ အလုပ်တွေကို လုပ်လာ တစ်ခါတလေမှာ အိမ်က ထွက်သွားတတ်တယ်၊ ဘယ်သွားတယ် ဆို



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုလည်း ဘယ်သူ့ကိုမှ မပြောဘူး၊ တစ်ခါတလေကျတော့ ထွက်သွား
တာ တစ်လ ကိုးသီတင်းတောင် ကြာတတ်တယ်၊ ပြန်လာတဲ့ အခါကျ
လည်း သူ့မှာ ခရီး တော်တော် ပန်းလာတဲ့ ပုံပဲ၊ ပါမောက္ခကြီးဟာ ခါ
ဆိုရင် တော်တော် ပွင့်လင်းတဲ့ လူကြီးဗျ၊ သို့သော်လည်း ခုတော့ ဘ
သွားတယ် ဆိုတာကို ဘယ်သူ့ကိုမှ မပြောဘူး၊ ဖြစ်ချင်တော့ ဟောဒီက
တို့ အမှုသည် မစ္စတာ ဗင်းနက်ဆီကို ပရတ်မှာ ရှိတဲ့ ကျောင်းနေဖက်
ယောက်ဆီက စာတစ်စောင် ရောက်လာတယ်၊ စာထဲမှာ ပါမောက္ခ ပရက်
ကို ပရတ်မှာ တွေ့ရလို့ ဝမ်းသာတဲ့ အကြောင်း၊ သို့သော်လည်း ပါမော
စကား မပြောလိုက်ရတဲ့ အကြောင်း စသဖြင့် ပါတယ်၊ ဒီတော့မှပဲ က
လူတွေလည်း ပါမောက္ခကြီး ဘယ်သွားနေသလဲ ဆိုတာ သိကြရတော့တ

'လိုရင်းကို ရောက်ပါတော့မယ်လေ၊ အဲဒီ အချိန်က စပြီး ပါမော
ကြီးဟာ တော်တော် ပြောင်းလဲလာခဲ့တယ်ဗျ၊ ကြည့်ရတာ ရှက်သလိုလို
လိုလိုနှင့်၊ ပြီးတော့လည်း မပွင့်တပွင့်နှင့်၊ သူတို့ ဆရာကြီးဟာ ဟိုတုန်း
မတူတော့ဘဲ တစ်မျိုး ဖြစ်နေပြီ ဆိုတာ အနီး တစ်ဝိုက်မှာ ရှိကြတဲ့ တ
တိုင်းက သိကြတယ်၊ ပါမောက္ခကြီးဟာ သူ့ အရည်အချင်းကောင်းတွေကို
မှိန်စေမယ့် အရိပ် ညြဇာ တစ်ခုခု အောက်မှာ ရောက်နေတယ်လို့ အားလုံ
ယူဆကြတယ်၊ သူ့အသိဉာဏ်ကတော့ လျော့ကျမသွားဘူးပေါ့လေ၊ စာ
ဘာတွေ သင်တော့လည်း ခါတိုင်းလိုပါပဲ၊ သို့သော်လည်း သူ့ကို ကြည့်
ခါတိုင်းနှင့် မတူဘဲ မှု တစ်မျိုး ပြောင်းနေတယ်၊ သမီးကတော့ အဖေကို
ချစ်လေတော့ အဖေနှင့် သမီး အရင်တုန်းကလိုပဲ ရင်းနှီးအောင် ကြိုးစာ
ပေါ့လေ၊ သမီးတွင် မကဘူး၊ ဟောဒီက မစ္စတာ ဗင်းနက်ကလည်း ကြိုးစာ
ပါပဲ၊ မဟုတ်ဘူးလား၊ သို့သော်လည်း ဘာမှ မထူးဘူး ဖြစ်နေတယ်ဗျ
မစ္စတာ ဗင်းနက်ရေ၊ စာတွေ လာတဲ့ ကိစ္စကိုတော့ ကိုရင် ကိုယ်တိုင်ပဲ
ပေတော့'

'ဒေါက်တာ ဝပ်ဆင်ကို ကြိုတင် ပြောထားရဦးမယ် ခင်ဗျာ၊ ပါမော
ကြီးဟာ ကျွန်တော့်ကို လျှို့ဝှက်ထားတာရယ်လို့ ဘာမှ မရှိဘူး ခင်ဗျ၊ သ
ညီတို့တောင် ကျွန်တော့်လောက် ယုံကြည်မယ်လို့ မထင်မိဘူး၊ ကျွန်တော်
ဆရာကြီးရဲ့ တပည့် အတွင်းရေးမှူး တစ်ယောက် အနေနှင့် သူ့ဆီ လာတဲ့
တွေ မှန်သမျှကို လက်ခံရပါတယ်၊ ကျွန်တော်ကပဲ စာတွေကို ဖောက်ဖတ်
စာတွေကို အမျိုးအမည် ခွဲထားရတယ်၊ နောက်ပိုင်း ခရီး ထွက်ရာက ပြန်လာ





ကျတော့ ဆရာကြီးက ကျွန်တော့်ကို ဘာ လာပြောသလဲ ဆိုတော့ သူ့ဆီ
န် စာတိုက်က ထည့်တဲ့ စာတွေ လာလိမ့်မယ်တဲ့၊ အဲဒီ စာတွေထဲမှာ တံ
ခေါင်း အောက်က ကြက်ခြေခတ် ရေးထားလိမ့်မယ်တဲ့၊ ဒီစာတွေ လာရင်
ဘဲ သူ့ကို ပေးဖို့ သတ်သတ် ဖယ်ထားပါတဲ့၊ သူ ပြောတဲ့ အတိုင်း
အမှတ် ပါတဲ့ စာတွေ တော်တော် များများ ရောက်လာတယ် ခင်ဗျ၊ စာ
အားလုံးကို ကျွန်တော် ပေးလိုက်ပါတယ်၊ စာအိတ်ပေါ်မှာ လန်ဒန် အရှေ့
စာတိုက် တံဆိပ် ပါတယ် ခင်ဗျ၊ လက်ရေးကတော့ စာမတတ်တတတ်
ရေးတဲ့ လက်ရေးမျိုးပဲ၊ ဆရာကြီးဟာ ဒီစာတွေကို ပြန်သလား မပြန်ဘူး
ဆိုတာတော့ ကျွန်တော်လည်း ကောင်းကောင်း မသိဘူး၊ ကျွန်တော့်ကို
ပြန်စာ မထည့်ခိုင်းဘူး၊ ကျွန်တော်တို့ စာတွေ ထည့်တဲ့ ခြင်းတောင်းထဲ
သည်း မတွေ့ရဘူး ခင်ဗျ'

'သေတ္တာကလေး အကြောင်းကော' ဟု ရှားလော့ဟုမ်းက ထောက်
လေ၏။

'ဪ ဟုတ်ကဲ့၊ သေတ္တာကလေး ကိစ္စ ကျန်နေခဲ့တယ် ခင်ဗျ၊ ခရီး
ရာက ပြန်လာတဲ့ အခါကျတော့ ဆရာကြီးမှာ သစ်သား သေတ္တာ တစ်လုံး
တယ်၊ ဥရောပကို သွားတယ်လို့ ပြောနိုင်စရာ ဆိုလို့ ဒီသေတ္တာကလေးပဲ
ယ် ခင်ဗျ၊ သေတ္တာကလေးက ပန်းခက်တွေ ထုထားတဲ့ သေတ္တာကလေး၊
တို့ ဘာတို့မှာ တွေ့ရတတ်တယ် ခင်ဗျ၊ တစ်နေ့တော့ ကျွန်တော်က ပြည်
တဲ့ ပိုက်ကလေး လိုချင်တာနှင့် အဲဒီ သေတ္တာကလေးကို ကိုင်မိတယ်ဗျ၊
ကြီး စိတ်ဆိုးလိုက်တာဗျာ မပြောပါနှင့်တော့၊ ကျွန်တော့်ကိုလည်း ပြော
တာ၊ သူ့သေတ္တာကလေး ကိုင်မိတာနှင့် မကာမိဘူး၊ ကျွန်တော်လည်း ဒီ
က်တောင် ဖြစ်တော့ အံ့သြနေတာပေါ့ ခင်ဗျာ၊ ဒီတစ်ခါပဲ ပြဿနာ ဖြစ်
တယ်၊ ကျွန်တော်လည်း တော်တော်လေး စိတ်နာမိတယ် ခင်ဗျ၊ သူ့ သေတ္တာ
ခတော်တဆ ကိုင်မိတဲ့ အကြောင်း ကျွန်တော် ရှင်းပြဖို့ ကြိုးစားပါသေး
၊ ဒါပေမဲ့ တစ်ညနေလုံး ကျွန်တော့်ကို မကျေမနပ်နှင့် ကြည့်ပြီး အခဲမကျေ
ပေါက်နေတော့ ကျွန်တော့် စိတ်ထဲမှာ ဒီအဖြစ်အပျက်ကို ဘယ်လိုမှ မေ့
နိုင်အောင် ဖြစ်နေပါတယ်'

မစ္စတာ ဗင်းနက်သည် အိတ်ထဲမှ ဒိုင်ယာရီ စာအုပ်ကလေးကို ထုတ်
ကြည့်လိုက်ပြီးနောက်

'အဲဒါက ဇူလိုင် ၂ ရက်နေ့မှာ ဖြစ်တာ ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းက

'အင်း၊ သင်္ကေတ ဆိုတာ ဒီလို တိကျမှဗျ၊ ခင်ဗျား မှတ်ထား တခြား ရက်စွဲကလေးတွေလည်း ရရင် ကောင်းမယ်'

'ဆရာကြီးဆီက ကျောင်း ပညာတွေကို ရခဲ့တဲ့ အပြင် စနစ် လည်း ရခဲ့ပါတယ် ခင်ဗျာ၊ သူ့ အမူအရာတွေ ပြောင်းလာတာကို ကျွန် သတိ ပြုမိတဲ့ အချိန်က စပြီးတော့ သူ့ကိစ္စကို လေ့လာဖို့ ကျွန်တော့်မှာ တာ ရှိတယ်လို့ ကျွန်တော် ယူဆပါတယ်၊ ဒါကြောင့်မို့ အဲဒီနေ့က ဖြစ်တဲ့ အဖြစ်အပျက်တွေကိုလည်း မှတ်ထားလိုက်ပါတယ်၊ စာကြည့်ခန်းထဲက ထွက်လာတော့ သူ့ ခွေးကြီး ရှိုင်းက သူ့ကို ကိုက်တာလည်း အဲဒီ နေ့ ခင်ဗျာ၊ နောက် ဇူလိုင် ၁၁ ရက်နေ့ကျတော့လည်း ရှိုင်းက တစ်ခါ ကိုက် တယ်၊ ဇူလိုင် ၂၀ ရက်မှာ နောက်တစ်ခါ ကိုက်တယ်၊ ဒီနောက်တော့ ရှိုင်း အိမ်ပေါ်မှာ မထားတော့ဘဲ နောက်ဖေး မြင်းဇောင်းထဲ ပို့လိုက်ပါတယ်၊ ကတော့ ခွေးကြီးက သခင်ကို တော်တော် ချစ်တဲ့ ခွေးကြီး ခင်ဗျာ၊ ကျွန် ပြောတာ ရှည်နေပြီ ထင်တယ်'

ရှားလော့ဟုမ်းမှာ သူ ပြောသည့် စကားကို နားထောင်နေပုံ မရ အတွက် မစ္စတာ ဗင်းနက်က စိတ်ပျက်လက်ပျက်ဖြင့် ပြောလိုက်လေ၏၊ ရှား လော့ဟုမ်းမှာမူ မျက်နှာကို တင်းကာ မျက်နှာကြက်ကို စိန်းစိန်းကြီး ကြည့် လျက် ရှိလေ၏။ ထို့နောက်မှ ကြိုးစား၍ ဣန္ဒြေ ဆည်လိုက်လျက်

'ထူးခြားတာကတော့ တော်တော့်ကို ထူးခြားတာပဲဗျို့၊ ဒီ အသေး တွေကို ကျုပ် မသိရသေးပါလား မစ္စတာ ဗင်းနက်၊ ခပ်စောစောက အဖြစ် အပျက်တွေကတော့ ပြောပြီးသလောက် ရှိနေပါပြီ၊ ခု ခင်ဗျား ပြောတာ အချက်အလက် အသစ်တွေဗျ'

ချိုသာ ပွင့်လင်းသော ကျွန်ုပ်တို့ ဧည့်သည်၏ မျက်နှာသည် တစ်စုံတစ် ရာကို အမှတ်ရ ဟန်ဖြင့် မှုန်မှိုင်းသွားလေ၏။

'ကျွန်တော် ပြောမှာတွေက တစ်နေ့ညက ဖြစ်တာတွေ ခင်ဗျ၊ မ နစ်နာရီလောက်တုန်းက ကျွန်တော်လည်း တစ်ရေး နိုးပြီး မျက်လုံး ကြောင် တယ်၊ ဒီတုန်းမှာ အဆောင်ကူး လမ်းကြားထဲက တဒုန်းဒုန်းနှင့် ခပ်အုပ်အုပ် ထုနေတဲ့ အသံ တစ်သံကို ကြားလိုက်ရတယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း အခန်း တံခါးကို ဖွင့်ပြီး အသာကလေး ချောင်းကြည့်လိုက်တယ်၊ ဆရာကြီး ဆောင်ကူး လမ်းကြား အစွန်က အခန်းထဲမှာ အိပ်တယ် ခင်ဗျ၊ ပြီးတော့ —





'ရက်စွဲက'

ရှားလော့ဟုမ်းက ကြားဖြတ် ပြောလိုက်သည့် အတွက် ကျွန်ုပ်တို့ အဖွဲ့ ညဲ့မှာ အနည်းငယ် ကျွံပြီး တိုသွားဟန် ရှိပေ၏။

'တမြန်နေ့ ညကလို့ ပြောခဲ့ပြီပဲ ခင်ဗျာ၊ စက်တင်ဘာလ ၄ ရက်နေ့ ည'

ရှားလော့ဟုမ်းက ခေါင်းညိတ်၍ ပြုံးလိုက်လေ၏။

'ဟုတ်ပြီ၊ ဆက်ပြောပါဦး'

'ဆရာကြီးက ဆောင်ကူး လမ်းထိပ်က အခန်းမှာ အိပ်တယ် ခင်ဗျ၊ အောက်ထပ်ကို ဆင်းချင်ရင် ကျွန်တော့် အခန်း ရှေ့ကို ဖြတ်ပြီးမှ လှေကားကို ရောက်တယ်၊ စုံထောက်ကြီးရေ၊ တော်တော် ကြောက်စရာ ကောင်းတဲ့ အတွေ့ အကြုံပဲ ခင်ဗျ၊ ကျွန်တော်ဟာ သူများထက် သတ္တိ ပိုမကောင်းတောင် သူများ လောက်တော့ ရှိပါတယ်၊ ဒါပေမဲ့ ကျွန်တော် မြင်ရတဲ့ ရှုခင်းကြောင့် ကျွန်တော် တဆတ်ဆတ် တုန်နေတာပဲ ခင်ဗျ၊ အဆောင်ကူး လမ်းကြားက မှောင်နေ တယ် ခင်ဗျ၊ ဒီလို ကြည့်နေတုန်းမှာ ဆောင်ကူး လမ်းကြားထဲကို ကုန်းကုန်း ကုန်းကုန်းနှင့် အရာ တစ်ခု လာနေတာကို ကျွန်တော် မြင်ရတယ် ခင်ဗျ၊ အလင်းရောင်ထဲကို ရောက်လို့ ကြည့်လိုက်တော့ ဆရာကြီးရယ် ခင်ဗျ၊ မစ္စတာ ဟုမ်းရေ၊ ဆရာကြီး ဘယ်လို ဖြစ်နေတယ် ထင်သလဲ၊ ကြမ်းပြင်ပေါ်ကို အား လျားမှောက်ကြီး လာနေတယ် ခင်ဗျ၊ အားလျားမှောက်ကြီး၊ လေးဖက်ထောက် တာလည်း မဟုတ်ဘူး၊ ကြမ်းပြင်ကို တံတောင်ဆစ်နှင့် ထောက်ပြီး မျက်နှာ ကို လက်နှင့် အုပ်ရင်း အားလျားမှောက်ကြီး လာနေတာ ခင်ဗျ၊ ဒါပေမဲ့ အားလျား မှောက်ကြီးသာ လာနေတယ်၊ သူ့မှာ ခက်ခဲ ပင်ပန်းဟန် တစ်ချက်မှ မရှိဘူး ခင်ဗျ၊ သက်သက်သာသာလေးရယ်၊ ကျွန်တော်လည်း သူ့အဖြစ်ကို ကြည့်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ကြောင်ပြီး ကြည့်နေတာပေါ့ ခင်ဗျာ၊ ကျွန် တော့် အခန်းရှေ့ ရောက်တဲ့ အခါကျမှ ကျွန်တော်လည်း အခန်းထဲက ထွက်ပြီး ဆရာကြီး ကျွန်တော့် ဘာလုပ် ပေးရမလဲလို့ မေးမိတယ် ခင်ဗျ၊ သူ ဘာပြော တယ် ထင်သလဲ စုံထောက်ကြီး၊ ဖြုန်းဆို မတ်တတ် ရပ်လိုက်ပြီး ကျွန်တော့် ကို ဆဲလိုက် ဆိုလိုက်တာ ခင်ဗျာ၊ ဆဲဆိုလည်း ပြီးရော အောက်ထပ်ကို တဒိုင်း ဒိုင်းနှင့် ဆင်းသွားတော့တာပါပဲ၊ ကျွန်တော်လည်း တစ်နာရီလောက် စောင့်နေ သေးတယ်၊ ဒါပေမဲ့ သူ ပြန်မတက်လာတော့ဘူး ခင်ဗျာ၊ မနက်လင်းမှ အခန်း ပြန်တက်လာပုံ ရတယ်'

www.burmeseclassic.com



ရှားလော့ဟုမ်းက ရှားပါးသည့် ရောဂါ နမူနာ တစ်ခုကို တင်ပြ ရောဂါဗေဒ ပါရဂူ တစ်ဦး၏ ဟန်မျိုးဖြင့်

'ဘယ်လို ထင်သလဲ ဆရာကြီး'

'ခါးဆစ် ကိုက်တဲ့ ရောဂါ တစ်မျိုး ဖြစ်နိုင်တယ် ခင်ဗျ၊ ခါး ကိုက်တဲ့ ရောဂါ တက်ချိန်မှာ တချို့ ဒီလိုပဲ အားလျားမှောက် သွားလေ့ ရှိ တယ်၊ အဲဒီလို အချိန်မျိုး ဆိုရင် စိတ်ကလည်း အလွန် တိုတာပဲ'

'ဟန်လိုက်လေဗျ၊ ခင်ဗျား ဒီလို ထိန်းထိန်းပေးလို့ ကျုပ်တို့ တစ် အောက်ခြေ လွတ်ပြီး ဟိုတွေး ဒီတွေး မတွေးတာပေါ့၊ သို့သော်လည်း အ ကြီးက ချက်ချင်း ထရပ်နိုင်တယ် ဆိုတော့ ခင်ဗျား ပြောတဲ့ ခါးဆစ် ကို ရောဂါ မဟုတ်နိုင်ပြန်ဘူး ထင်တယ်ဗျ'

မစ္စတာ ဗင်းနက်က

'ကျန်းမာရေးကလည်း ကောင်းပါတယ် ခင်ဗျာ၊ ဒေါင်ဒေါင်ကို မြ နေတာပဲ၊ ဒီဘက်ပိုင်းမှာ ခုချိန်ဟာ ကျန်းမာရေး အကောင်းဆုံး အချိန်ပဲ၊ အ တွေကတော့ အချက်အလက်တွေပါပဲ ခင်ဗျာ၊ ခက်တာက ပုလိပ်ကို တိုင် ရတဲ့ အမှုမျိုးလည်း မဟုတ်၊ မတိုင်ပြန်ရင်လည်း ကျွန်တော်တို့မှာ ဘာလုပ် ဘာကိုင်ရမှန်း မသိနိုင်၊ စိတ်ထဲမှာတော့ ဒုက္ခ တစ်ခုခုတော့ တွေ့တော့မှာ တွေ့တော့မှာပဲလို့ တထိတ်ထိတ် ဖြစ်နေရတာပေါ့ ခင်ဗျာ၊ ကျွန်တော်တွင် မ ဘူး၊ အီးဒစ်ကလည်း ဒီအတိုင်းပဲ ထင်နေပါတယ် ခင်ဗျာ၊ ဒီတော့ ဒီအ လက်ပိုက် ကြည့်နေလို့တော့ မဖြစ်ဘူး ဆိုပြီး လာခဲ့တာပါပဲ'

'အမှုကတော့ တော်တော် ထူးဆန်းပြီး တော်တော် စဉ်းစားစရာ ကော တဲ့ အမှုပဲဗျ၊ ခင်ဗျား ဘယ်လို ထင်သလဲ အိုင်ဆေး'

ကျွန်ုပ်က

'ဆရာဝန် တစ်ယောက် အနေနှင့် ပြောရမယ် ဆိုရင်တော့ စိတ် ဆရာဝန်ဆီကို ပြရမယ့် ရောဂါမျိုးပဲဗျ၊ အဘိုးကြီးရဲ့ ဦးနှောက်နှင့် အာရုံကြော ဆိုင်ရာ လုပ်ငန်းတွေဟာ အချစ် ကိစ္စကြောင့် ဖရိုဖရဲ ဖြစ်သွားပုံ ကျတယ်၊ ဒီ စိတ်ကို ဖျောက်ဖျက်ပစ်ဖို့ အတွက် နိုင်ငံခြားကို မကြာ မကြာ ခရီး ထွက်သွား တာ ဖြစ်နိုင်တယ်၊ စာနှင့် သေတ္တာကတော့ တခြား ကိုယ်ရေးကိုယ်တာ ကိစ္စ တစ်ခုနှင့် ဆိုင်မယ် ထင်တာပဲ၊ ဥပမာ ငွေချေး စာချုပ်တို့လို ရှယ်ယာ စာ လက်မှတ်တို့လိုကို သေတ္တာထဲမှာ သိမ်းထားလိမ့်မယ်'

'ဒါဖြင့် စီးပွားရေး လုပ်ငန်း လုပ်တာကို ခွေးဝံပုလွေကြီးက သဘော





လို့ ကိုက်တယ်ပေါ့၊ မဟုတ်သေးပါဘူးဗျာ၊ ဒီပြင် ကိစ္စ တစ်ခုခု ရှိရအုံးမယ် ဒီပြင် ကိစ္စ တစ်ခု ရှိရဦးမယ်၊ ခုလောလောဆယ် ကျုပ် ပြောချင်တာက ...'

ရှားလော့ဟုမ်းသည် စကားကို ဆုံးအောင် မပြောလိုက်ရချေ။ ထိုစဉ် သည် ဖြုန်းခနဲ ပွင့်လာကာ မိန်းမပျိုကလေး တစ်ယောက် ဝင်လာလေ ထိုမိန်းမပျိုကို မြင်လိုက်သည့် အခါ၌ ဗင်းနက်သည် အာမေဋိတ်သံ ပြုကာ ရာမှ ထလိုက်ပြီးလျှင် မိန်းမပျို ကမ်းပေးသော လက် နှစ်ဖက်ကို ပြေး၍ ကိုင် ထားလိုက်လေ၏။

'အီးဒစ်၊ ဘာဖြစ်လို့လဲဟင်၊ ဘာမှ မဖြစ်ပါဘူးနော်'

'ရှင့်နောက်ကို လိုက်မှ ဖြစ်မယ် ထင်လို့ ထလိုက်ခဲ့တာ၊ ဟိုမှာ တစ် ကတည်း မနေရဲဘူး၊ ကြောက်တယ်'

'စုံထောက်ကြီး ခင်ဗျာ၊ ဒါ ကျွန်တော် ပြောတဲ့ အီးဒစ်ပါ၊ ကျွန်တော် စေ့စပ်ထားတဲ့ အမျိုးသမီးပါ'

'အင်း နိဂုံးချုပ်တော့ ရောက်တော့မှာပါ၊ မဟုတ်ဘူးလား အိုင်ဆေး၊ စ်ရေ နောက်ထပ် အကြောင်း ထူးလာတယ် မဟုတ်လား၊ ဒါကြောင့် ပ်တို့ သိသင့်တယ် ဆိုပြီး လာပြောတာပေါ့၊ ဟုတ်တယ် မဟုတ်လား'

လှပ ချောမောသည့် အင်္ဂလိပ် အမျိုးကောင်းသမီးကလေး တစ်ဦး ဖြစ် သည့် မစ္စ အီးဒစ်သည် ဗင်းနက် အနီးတွင် ဝင်ထိုင်လိုက်ရင်း ရှားလော့ဟုမ်းကို ပြုလိုက်လေ၏။

'ဟိုတယ်မှာ ဗင်းနက် မရှိတော့ဘူး ဆိုတော့ ဒီမှာ ရောက်နေမှာပဲ လိုက်တာလာပါ၊ စုံထောက်ကြီးနှင့် တိုင်ပင်မယ်လို့ သူက ပြောဖူးပါ ယ်ရှင်၊ ကဲ စုံထောက်ကြီးရယ်၊ ကျွန်မ အဖေ ကိစ္စကို ကြည့်လုပ်ပါဦး၊ လုပ်မပေးနိုင်တော့ဘူးလား'

'မျှော်လင့်ချက်တော့ ရှိပါတယ်လေ၊ သို့သော်လည်း အမှုက ခုထိ စမ်း ဝါးဝါးပဲ ရှိသေးတယ်ဗျ၊ ကလေးမက နောက်ထပ် တွေ့တာ ကြုံတာတွေကို ပြရင်တော့ နည်းနည်းပါးပါးများ ဒီထက် ရှင်းလာမလား မသိဘူး'

'မနေ့ ညက ဖြစ်တာပါရှင်၊ မနေ့က တစ်နေ့လုံး သူ့ကို ကြည့်ရတာ တော် ဆန်းနေတယ်ရှင့်၊ တစ်ခါတလေ ကျတော့လည်း သူ ဘာလုပ်သို့ ကိုင်နေမှန်း သတိရဟန် မတူပါဘူးရှင်၊ သူ့ကို ကြည့်ရတာ အိပ်မက် မက် သလိုပါပဲ၊ မနေ့က တစ်နေ့လုံး အဲဒီလို ငိုင်ငိုင်ကြီး ဖြစ်နေတယ်ရှင့်၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ အဖေနှင့် နေရတယ် မထင်ဘဲ သူစိမ်း တစ်ယောက်နှင့် တယ်လို့ ထင်နေမိတယ်၊ အပြင်ပန်းကတော့ အဖေပေါ့ရှင်၊ ဒါပေမဲ့ စိ တော့ အဖေ မဟုတ်ဘူးရှင့်'

'ဘာဖြစ်သလဲ ကျုပ်ကို ပြောစမ်းပါဦး'

'ညက ခွေးက သိပ်ဟောင်တော့ ကျွန်မလည်း အိပ်ရာ နိုးလာ ရှင့်၊ အိမ်က ရှိုင်း ဆိုတဲ့ ခွေးကြီးရှင့်၊ သူ့ကို မြင်းဇောင်း ဘေးနားမှာ ကြ ချည်ထားတယ်၊ ကျွန်မက ခုတစ်လော အိပ်ရင် တံခါးကို သော့ခတ်ပြီး အ ပါတယ် ရှင်၊ ဘာဖြစ်လို့လဲ ဆိုတော့ ခု တစ်လောမှာ နေရတာ ထိုင် တစ်မျိုး ဖြစ်ပြီး စိတ်ထဲမှာ မသိုးမသန့် ဖြစ်နေတယ်၊ ဒီအကြောင်းကို ဖင်းနက်ကလည်း ပြောပြီးလောက်ရောပေါ့၊ ကျွန်မ အခန်းက ဒုတိယ အထပ် ရှိပါတယ်၊ အဲဒီ ညက အခန်းဆီးကို တင်ထားတော့ အပြင်မှာ လသာနေ ဒီအတိုင်း မြင်နေရပါတယ်၊ ကျွန်မလည်း အိပ်ရာပေါ် လှဲရင်း ပြတင်းပေါ ကနေပြီး လရောင်ကို ငေးကြည့်ပြီး ခွေးဟောင်သံကို နားထောင်နေတယ် ဒီတုန်းမှာ ပြတင်းပေါက်နားမှာ ကပ်ပြီး ကျွန်မကို ကြည့်နေတဲ့ အဖေ့ မျက် ကြီးကို မြင်လိုက်ရတော့ ကြောက်လည်း ကြောက် အံ့ဩလည်း အံ့ဩ ပေါ့၊ အဲဒီတုန်းကများ ကြောက်တာရော အံ့ဩတာရော ဆိုတော့ ကျွန်မ ထဲမှာ ချက်ချင်း သေသွားလိမ့်မယ်လို့တောင် ထင်လိုက်မိတယ်၊ အဖေ့ မျက် ကြီးဟာ ပြတင်းပေါက် မှန်ကို ကပ်နေပြီး လက်ကြီး တစ်ဖက်က ပြ ပေါက်ကို ဖွင့်မလို့ ထင်ပါရဲ့၊ မြှောက်ထားတယ်ရှင့်၊ ပြတင်းပေါက်များ ဖွ သွားရင်တော့ ကျွန်မဖြင့် ရူးသွားလိမ့်မယ်လို့တောင် ထင်မိတယ်ရှင့်၊ ကယောင်ချောက်ချား မြင်တယ်လို့ မထင်ပါနှင့်နော် စုံထောက်ကြီး၊ သေ ချာချာ မြင်တာပါ။

'ကျွန်မလည်း အဖေ့ မျက်နှာကို ကြောင်ပြီး ကြည့်နေလိုက်တာ နှစ်ဆယ်လောက် ကြာလိမ့်မယ် ထင်တယ်၊ လှုပ်လည်း မလှုပ်နိုင်ဘူး၊ နော တော့ အဖေ့ မျက်နှာကြီးဟာ ပြတင်းပေါက်က ပျောက်သွားတယ်ရှင့်၊ ဒါ ကျွန်မ လိုက်ကြည့်မလို့ ခုတင်ပေါ်က ထတော့ မထနိုင်ဘူး၊ လိုက်မ နိုင်ဘူး၊ မနက် လင်းသည့် အထိ တစ်ကိုယ်လုံး အေးစက်ပြီး အဖျား သလို ခိုက်ခိုက် တုန်နေတယ် ရှင့်။

'မနက် လက်ဖက်ရည် သောက်တဲ့ အခါကျတော့ အဖေဟာ မျ ထားကြီး ပုပ်ပြီး ဒေါသ ကြီးနေတယ်၊ မနေ့ ညက အကြောင်းကိုတော့





ဘူး၊ ကျွန်မကလည်း ဘာမှ မပြောဘူး၊ ဒါနှင့် ကျွန်မ မြို့ထဲ သွားစရာ ယ်လို့ ပြောပြီး ထွက်လာခဲ့တာပဲ'

မိန်းမပျို၏ စကားကို နားထောင်ပြီးသည့် အခါ၌ ရှားလော့ဟုမ်းမှာ းသင့်သည့်ပုံ ပေါ်လျက် ရှိလေ၏။

'သူငယ်မရဲ့ အခန်းက ဒုတိယထပ်မှာ ရှိတယ်လို့ ပြောသွားတယ်နော်၊ မှာ လှေကားရှည်တွေ ဘာတွေများ ရှိသလား'

'မရှိပါဘူးရှင့်၊ ဒါကြောင့် ကျွန်မလည်း အံ့ဩနေတာပေါ့၊ ပြတင်း ကို ရောက်အောင် တက်ဖို့ ဆိုတာ ဖြစ်ကို မဖြစ်နိုင်ပါဘူး၊ အဖေက ဘယ်လို လုပ်ပြီး တက်လာမှန်း မသိဘူးရှင့်'

'ဒီနေ့က စက်တင်ဘာလ ၁၅ ရက်နေ့နော်၊ အဲဒါမှ ပိုပြီး ရှုပ်သွား '

ယခု တစ်ကြိမ် အံ့ဩသွားသူမှာ မိန်းမပျို ဖြစ်လေ၏။

'စုံထောက်ကြီးကတော့ ရက်စွဲကိုချည်း ပြောနေတာပဲနော်၊ ခုဆိုရင် စွဲကို ပြောတာ နှစ်ကြိမ် ရှိသွားပြီ၊ ရက်စွဲတွေနှင့် အမှုနှင့် ဘယ်လိုများ သက် နေလို့လဲ ခင်ဗျား' ဟု မစ္စတာ ဖင်းနက်က မေးလေ၏။

'ပတ်သက်တယ်ဗျ၊ အများကြီး ပတ်သက်နေတယ်၊ သို့သော်လည်း ခု လောဆယ် ကျုပ်မှာ သက်သေခံ အထောက်အထားတော့ မရှိသေးဘူး '

'စိတ် ဖောက်ပြန်နေတာနှင့် လဆန်း လဆုတ်တို့ ဆက်သွယ်နေပုံကို ထောက်ကြီး စဉ်းစားမိလို့လား ခင်ဗျာ'

'မဟုတ်ပါဘူးဗျာ၊ ကျုပ် တွေးနေတာက တခြားပါ၊ ဖြစ်နိုင်ရင် ခင်ဗျား စု စာအုပ်ကလေးကို ကျုပ်ဆီ ခဏ ထားခဲ့လို့ မရဘူးလား၊ ရက်စွဲတွေ ကျုပ် တိုက်ကြည့်ချင်တယ်၊ အိုင်ဆေး ဝပ်ဆင်ရေ၊ ကျုပ်တို့ လုပ်ရမယ့် ပ်က တော်တော်လေးတော့ ရှင်းသွားပါပြီ၊ ဟောဒီ အမျိုးသမီးလေးက သွားတဲ့ စကား တစ်ခွန်း ရှိတယ်၊ သူ ပြောတာဟာ အမှန်ပဲလို့လည်း ပ် ယုံကြည်တယ်ဗျ၊ သူ့အဖေဟာ တချို့ ရက်တွေမှာ ဆိုရင် သူ ဘာလုပ် ဘာကိုင်တယ် ဆိုတာကို လုံးလုံး မသိဘူးလို့ ပြောသွားတယ်ဗျ၊ ဒါကြောင့် လို ရက်မျိုး တစ်ရက်ရက်မှာ သူက ချိန်းလို့ ကျုပ်တို့ ရောက်သွားတဲ့ပုံ နှင့် သူ့ဆီကို သွားကြမယ်၊ သူကလည်း မေ့နေတော့ ကျုပ်တို့ကို လက်ခံ ပဲ၊ အဲဒီတုန်းမှာ သူ့ကို အနီးကပ် လေ့လာ ကြည့်ရမှာပဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ ဗင်းနက်က

'ကောင်းတာပေါ့ ခင်ဗျာ၊ ဒါပေမဲ့ စုံထောက်ကြီးတို့ကိုတော့ ကြို တင်တင် သတိ ပေးလိုက်ရဦးမယ်၊ အဲဒီလို အချိန်မျိုး ကျရင် ဆရာကြီး စိတ်တိုတတ်တယ် ခင်ဗျ။ ပြီးတော့ နည်းနည်းလည်း ကြမ်းတတ်တယ်'

ရှားလော့ဟုမ်းက ပြုံးလိုက်လျက်

'ကျုပ်တို့ အဲဒီကို မြန်မြန် သွားရတာက အကြောင်း ရှိတယ်ဗျ ... တွေးထားတဲ့ အတိုင်းသာ မှန်ခဲ့ရင်တော့ အကြောင်းက တော်တော်လေး ထ... နေတယ်၊ ဒီတော့ မစ္စတာ ဗင်းနက်၊ မနက်ဖြန်မှာ ကျုပ်တို့ကို တက္ကသိုလ်... ကြို့နေပေတော့၊ အဲဒီမှာ ဝိုင်ကောင်းကောင်း ရပြီး အိပ်ရာတွေ ဘာတွေ သန့်... ရှိတဲ့ ချက်ကား ဆိုတဲ့ တည်းခိုရိပ်သာ ရှိတယ် မဟုတ်လား၊ အိုင်ဆေး ဝပ်... ရေ၊ အဲဒီ နောက်ပိုင်း ရက်တွေကျရင်တော့ နည်းနည်း အဆင်းရဲ ခံရ... မယ်'

တနင်္လာနေ့ မနက်သို့ ရောက်သည့် အခါတွင် ကျွန်ုပ်တို့သည် တက္ကသိုလ် မြို့ကလေးသို့ ရောက်သွားကြလေ၏။ ရှားလော့ဟုမ်းမှာ သွားစရာ ... ကောက်ကာငင်ကာ သွားနိုင်သူ တစ်ဦး ဖြစ်သည့် အတွက် များစွာ မ... သာလှသော်လည်း ကျွန်ုပ်မှာမူ ထိုအချိန်က ဆေးကုသည့် လုပ်ငန်း ... ရနေချိန် ဖြစ်သည့် အလျောက် မသွားမီ ပြင်ဆင်စရာ ရှိသည်တို့ကို ခပ်... သုတ် ပြင်ဆင်ခဲ့ရပေ၏။

ရှားလော့ဟုမ်းသည် အထက်တွင် သူ ပြောခဲ့သည့် ရှေးခေတ်က... က ရှိခဲ့သော နာမည်ကျော် တည်းခိုရိပ်သာတွင် အဝတ်အစား သေတ္တာများ... အပ်နှံ မပြီးမချင်း အမှု အကြောင်းကို တစ်လုံး တစ်ပါဒမျှ ပြောဆိုခြင်း မ... ချေ။

'အိုင်ဆေးရေ၊ ပါမောက္ခကြီးကို နေ့လယ်စာ မစားခင် အမိ သွား... မှပဲ ဗျို့၊ သူက ဆယ့်တစ်နာရီမှာ စာသင်စရာ ရှိတယ်၊ ပြီးတော့ အိမ်ပြန်... ခဏ နားမယ် ထင်တာပဲဗျို့'

'ဘာကိစ္စ လာတယ်လို့ ပြောမလဲ'

ရှားလော့ဟုမ်းက မှတ်စု စာအုပ်ကို လှမ်းကြည့်လိုက်ပြီးလျှင်

'ဩဂုတ်လ ၁၆ ရက်နေ့တုန်းက အဘိုးကြီး စိတ် အပြောင်းအလဲ ... တယ်ဗျ၊ အဲဒီ ရက်လောက်တုန်းက ဆိုရင် သူ ဘာမှ ကောင်းကောင်း မှတ်မိ... မထင်ဘူး၊ အဲဒီတုန်းက ချိန်းလိုက်လို့ ကျုပ်တို့ ရောက်လာတာလို့ ပြော... ...ကြီး ကျုပ်တို့ စကားကို သိပ် ငြင်းရဲလိမ့်မယ်လို့ မထင်ဘူး၊ ခင်ဗျား ...တည်တည် အကြောင်း ရိုက်ရဲတယ်နော်'

'စမ်းကြည့်မယ်လေ'

'ဟုတ်ပြီဗျ၊ ဘီးဇီး ဘီး အင် အိတ်ဆယ်ဗီယာ အရက် ကြော်ငြာက ...လို စမ်းကြည့်ပါပေါ့၊ ဟုတ်တဲ့၊ ကျုပ်တို့ကို ဒီမှာ ရှိတဲ့ ဒေသခံ မိတ်ဆွေ ...တစ်ယောက်က လိုက်ပြပါလိမ့်မယ်လေ'

ရှားလော့ဟုမ်းက ဒေသခံ မိတ်ဆွေဟု ခေါ်သည့် ရထားသမား တစ်ဦး ...ောင်းသော နှစ်ယောက်စီး ပက်လက် ရထားကလေးဖြင့် ကျွန်ုပ်တို့သည် ရှေး ...ကောလိပ်တိုက်များကို ဖြတ်လာခဲ့ကြကာ သစ်ပင်တို့ စီတန်း ပေါက်နေသည့် ...ရိပ်ငင်း လမ်း တစ်လျှောက် မောင်းလာခဲ့ပြီးနောက် လှပ သပ်ရပ်သည့် အိမ် ...ဆောင် ရှေ့တွင် ရပ်လိုက်ကြလေ၏။ အိမ် ပတ်ပတ်လည်တွင် မြက်ခင်း ... ရှိပြီး တိုက်နံရံတွင် နွယ်ပန်းများ တွယ်တက်လျက် ရှိလေ၏။ ပါမောက္ခ ...တစ်ဗရီမှာ သက်သောင့်သက်သာ နေရရုံမျှမက စည်းစိမ် ရှိရှိနှင့် နေရသည် ... အထင်အရှား တွေ့ရပေ၏။

အိမ်ရှေ့သို့ ကျွန်ုပ်တို့ ရထား ရပ်လိုက်သည့် အခါတွင် အိမ်ရှေ့ ပြတင်း ...ပေါက်မှ ဖြုဖွေးနေသည့် ခေါင်း တစ်လုံးသည် ပြူထွက်လာကာ ထူထဲသော ...မျက်ခုံးမွေးကြီးများ အောက်ရှိ ကျွဲကော်ကိုင်းတပ် မျက်မှန်ကြီးထဲမှ ကျွန်ုပ်တို့ ... ကြည့်နေသော စူးရှ ထက်မြက်သည့် မျက်လုံး အစုံကို ကျွန်ုပ်တို့ သတိ ...ထားလိုက်မိကြပေ၏။ ခဏကြာသော အခါ၌ ကျွန်ုပ်တို့သည် သူ့ဧည့်ခန်းထဲသို့ ...ရောက်လာခဲ့ကြပြီး လန်ဒန်မှ တကူးတကန့် လာတွေ့ကြရသည့် ထူးဆန်းသော ... ပညာရှင် ပါမောက္ခကြီးကို ကျွန်ုပ်တို့ ရှေ့တွင် တွေ့ရလေ၏။

ပါမောက္ခကြီး၏ ရုပ်သဏ္ဌာန်တွင် လည်းကောင်း၊ အမူအရာတွင် လည်း ...ကောင်း စိတ်မမှန်သည့် လက္ခဏာ တစ်စုံတစ်ရာကိုမျှ မတွေ့ရချေ။ ပါမောက္ခ ...ကြီးမှာ ခြေဆံ လက်ဆံ ကြီးကြီး ဝဝဖိုင့်ဖိုင့် အရပ် မြင့်မြင့်နှင့် တည်ကြည် ...လေးနက်သော မျက်နှာထား ရှိပြီး ဖရော့ကုတ် အင်္ကျီရှည်ကြီးကို ဝတ်ထား ...သော ပါမောက္ခကြီး တစ်ယောက်တွင် ရှိအပ်သည့် ဣန္ဒြေ သိက္ခာနှင့် အပြည့် ...ရှိသူ တစ်ဦး ဖြစ်လေ၏။

အထူးခြားဆုံးမှာ မျက်လုံးများ ဖြစ်၍ စူးရှ ထက်သန်ရုံမျှမက ပါးနပ် ...ထက်မြက်လွန်းလှပေရာ စဉ်းလဲသည်ဟု ပြောမည် ဆိုလျှင်ပင် ပြောနိုင်လောက် ...ပေ၏။





www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခကြီးသည် ကျွန်ုပ်တို့၏ လိပ်စာ ကတ်ပြားများကို ကြည့်ပြီး ပြီးလျှင်

'ကြွကြပါ ကြွကြပါ၊ ကျုပ် ဘာများ လုပ်ပေးနိုင်ပါသလဲ'

ရှားလော့ဟုမ်းက နှစ်လိုဖွယ် ပြုံးလိုက်လျက်

'ဒီမေးခွန်းက ကျွန်တော်တို့က မေးရမယ့် မေးခွန်းပါ ဆရာကြီး ခင်ဗျာ'

'ကျုပ်ကို မေးရမယ့် မေးခွန်း၊ ဟုတ်စ'

'ကျွန်တော်တို့ မှားချင်လည်း မှားမယ်ပေါ့ ခင်ဗျာ၊ တကယ်သို့ ပါမောက္ခကြီး ပရက်စ်ဗရီက ကျွန်တော်တို့ကို ငှားချင်တယ်လို့ လူတစ်ယောက် က ပြောလိုက်လို့ပါ'

ပါမောက္ခကြီး၏ စူးရှ ပြာလဲ့သော မျက်လုံးများ ကြားတွင် မနှစ်သက် သည့် အရိပ်အယောင် ပြိုးပြက်သွားသည်ကို ကျွန်ုပ် သတိ ပြုလိုက်မိလေ၏။

'ဟုတ်လား၊ ခင်ဗျားကို ပြောလိုက်သလား၊ ဘယ်သူများ ပြောလိုက် သလဲဗျာ'

'ဝမ်းနည်းပါတယ် ဆရာကြီး၊ ကိစ္စက ယုံကြည်လို့ ပြောထား အတွက် ကျွန်တော် မပြောပါရစေနှင့်၊ အကယ်၍ ကျွန်တော်တို့ ကြားတာ မှား သွားတယ် ဆိုရင်လည်း ရှိပါစေတော့၊ လာမိတဲ့ အတွက်တော့ တောင်းပန်ပါ တယ်'

'ကိစ္စ မရှိပါဘူးလေ ရပါတယ်၊ ဒီကိစ္စကိုတော့ သိချင်တယ်ဗျ၊ စိတ်ဝင် စားသွားပြီ၊ ခင်ဗျားတို့ကို ဒီလို အကြောင်းကြားတဲ့ စာတိုပေစတို့ ကြေး တို့ကို ပြနိုင်သလား'

'မပြနိုင်ပါဘူး ခင်ဗျာ၊ မရှိပါဘူး'

'ဒါဖြင့် ကျုပ်က ခေါ်လို့ လာရတယ်လို့ ခင်ဗျားတို့က ပြောချင်သလား'

'ကျွန်တော် ဘယ်မေးခွန်းကိုမှ မဖြေနိုင်ပါဘူး ခင်ဗျာ'

ပါမောက္ခကြီးက မျက်နှာထား တင်းတင်းဖြင့်

'ကျုပ် ခေါ်တာ မဟုတ်ဘူးဗျ၊ ခင်ဗျားတို့ကို ဘာမှ ခေါ်စရာ အကြောင်း မရှိဘူး၊ ကောင်းပြီ ခင်ဗျား မဖြေရင် ဖြေတဲ့ လူကို ခေါ်ပေးမယ်'

ပါမောက္ခကြီးသည် အခန်း တစ်ဖက်သို့ လျှောက်သွားကာ ခေါင်း လောင်းကို နှိပ်လိုက်သည်တွင် ကျွန်ုပ်တို့ဆီသို့ လာသွားသော မစ္စတာ ဗင်း နက် ပေါ်လာလေ၏။

'ဟေ့ ဗင်းနက် လာစမ်းကွာ၊ ငါက ခေါ်တယ် ဆိုပြီး ဟောဒီက မိတ်





ဆွေကြီး နှစ်ယောက်က လန်ဒန်က ရောက်လာတယ်၊ ငါ့စာတွေကို မင်းပဲ ရေးတာ မဟုတ်လား၊ ရှားလော့ဟုမ်း ဆိုတဲ့ လူရဲ့ နာမည်နှင့် ငါ ရေးလိုက်တဲ့ စာကိုများ တွေ့ဖူးသလား'

ဗင်းနက်မှာ မျက်နှာ နီရဲလျက်

'မတွေ့ဖူးပါဘူး ဆရာကြီး'

ပါမောက္ခကြီးသည် ရှားလော့ဟုမ်းကို စိတ်ဆိုးဆိုးဖြင့် စိန်းစိန်းကြီး ကြည့်လိုက်ရင်း

'ကဲ ရှင်းပြီ မဟုတ်လား မိတ်ဆွေကြီးတို့'

ပါမောက္ခကြီးသည် လက် နှစ်ဖက်ကို စားပွဲတွင် ထောက်လိုက်ရင်း

'ဒီအတိုင်းဆိုရင် မိတ်ဆွေကြီးတို့ ကျုပ်ဆီကို ရောက်လာတာဟာ တော် တော်လေး မသင်္ကာစရာ ကောင်းနေပြီဗျ'

ရှားလော့ဟုမ်းသည် ပခုံးကို တွန့်ပြလိုက်ရင်း

'ခုလို လာပြီး အနှောင့်အယှက် ပေးမိတဲ့ အတွက် ဝမ်းနည်းပါတယ် လို့ပဲ ထပ်ပြောပါရစေ ခင်ဗျာ'

'ဒီလောက်နှင့် မပြီးသေးဘူးဗျ၊ ဒီလောက်နှင့် မရဘူး' ဟု ပါမောက္ခ ကြီးသည် အသံ စူးစူးဖြင့် အော်လိုက်လေ၏။ သူ့မျက်နှာမှာ လွန်စွာ ရန်လို သည့် သဘောကို ဆောင်လျက် ရှိလေပြီ။

ပါမောက္ခကြီးသည် ပြောရင်း ဆိုရင်းဖြင့် တံခါး ရှေ့မှ ပိတ်ဆီး ရပ် လိုက်ပြီးလျှင် ကျွန်ုပ်တို့အား ဒေါသတကြီးဖြင့် လက် နှစ်ဖက်ကို ခါပြလိုက် လျက်

'ဒီလောက် လွယ်လွယ်နှင့် ဒီအိမ်ထဲက ပြန်ထွက်လို့ ဘယ်ရမလဲဗျာ၊ ဒီလောက် လွယ်လွယ်နှင့် ပြန်ထွက်လို့ ရရိုးလား'

ပါမောက္ခကြီးသည် မျက်နှာကြီး ရှုံ့မဲ့ကာ ဒေါသတကြီး အော်ဟစ် လျက် ရှိလေ၏။

အကယ်၍ မစ္စတာ ဗင်းနက်သာ ဝင်မကယ်လျှင် ကျွန်ုပ်တို့မှာ ပါမောက္ခ ကြီးကို ထိုးကြိတ်ပြီး အခန်းထဲမှ ထွက်ရတော့မည့် အခြေသို့ ရောက်လျက် ရှိ လေ၏။

'ဆရာကြီး သတိထားပါ ဆရာကြီး၊ ကျောင်းမှာ ပြောစရာတွေ ဖြစ် ကုန်တော့မယ် ဆရာကြီး၊ မစ္စတာ ဟုမ်းဟာ လူသိ များတဲ့ နာမည်ကြီး ပုဂ္ဂိုလ် ပါ ဆရာကြီး၊ ဒီလို ပြောဖို့ မကောင်းပါဘူး ဆရာကြီး၊ သတိ ထားပါ'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ ကျွန်ုပ်တို့၏ အိမ်သည်ကြီး (အိမ်သည်ကြီးဟုသာ ခေါ် ရသော်လည်း သူ့ အပြုအမူမှာ အိမ်သည်၏ အပြုအမူမျိုး မဟုတ်ချေ။) သည် မျက်နှာထား ခပ်မှုန်မှုန်ဖြင့် တံခါးပေါက်ကို ပိတ်ရပ်နေရာမှ ဖယ်ပေးလေ ကျွန်ုပ်တို့မှာ သူ့အိမ် အပြင်သို့ ရောက်သည့် အခါကျမှ သက်ပြင်း ချနိုင်သော လျက် ရှားလော့ဟုမ်းမှာမူ ထိုအဖြစ်အပျက်ကြောင့် ရယ်ချင်ပက်ကို ဖြစ်လျ ရှိဟန်ဖြင့်

'ကျုပ်တို့ ပါမောက္ခကြီးရဲ့ အာရုံကြောတွေကတော့ တော်တော် အား အနေ ဆိုးနေပြီဗျို့၊ အင်း ကျုပ်တို့ ဝင်တာကလည်း နည်းနည်း ခပ်ရမ်းရမ်း ဝင်သွားမိတာကိုးဗျ၊ သို့သော်လည်း ဘယ်လိုပဲ ဖြစ်ဖြစ် ပါမောက္ခကြီးကို အ ကပ် တွေ့ချင် မြင်ချင်နေတာ၊ ခုတော့ ကျုပ်ဆန္ဒ ပြည့်သွားပါပြီ၊ အလို အ ကြီး ကျုပ်တို့ နောက်ကို လိုက်လာပြန်ပြီ ထင်တယ်ဗျို့'

ကျွန်ုပ်တို့ နောက်မှ ပြေးလိုက်လာသော ခြေသံများကို ကြားရသော သို့ရာတွင် ပါမောက္ခကြီး မဟုတ်ဘဲ မစ္စတာ ဗင်းနက် ဖြစ်နေသဖြင့် ကျွန်ုပ် စိတ် အနည်းငယ် သက်သာရာ ရသွားလေ၏။ မစ္စတာ ဗင်းနက်သည် အသ ကိုမျှ ကောင်းစွာ မရှူနိုင်ဘဲ အနီးသို့ ရောက်လာကာ

'ဝမ်းနည်းပါတယ် စုံထောက်ကြီးရယ်၊ ကျွန်တော် တောင်းပန်ပါတယ်'

'အလို ဘာမှ တောင်းပန်စရာ မလိုပါဘူးဗျာ၊ ကျုပ်တို့အဖို့ ဒါမျိုး တွေ့ရတာ ရိုးနေပါပြီ'

'ဆရာကြီး ဒီလောက် ဒေါသတကြီး ဖြစ်နေတာကို တစ်ခါမှ မတွေ့ သေးဘူး ခင်ဗျာ၊ ပြီးတော့ ပိုပြီးလည်း ကြောက်စရာ ကောင်းလာတယ် ခင် ဒါကြောင့် ကျွန်တော်ရော အီးဒစ်ရော စိုးရိမ်နေကြတာ၊ ဦးနှောက်ကလည်း ကောင်းလိုက်တာမှ ခင်ဗျာ၊ ကြည်နေတာပဲ'

'မှတ်မိလိုက်သမှဗျာ၊ မှတ်မိလွန်းလို့ ခက်တောင်နေတယ်၊ အင်း ကျုပ် တို့ အတွက် မှားသွားတာကိုးဗျ၊ သူ့မှတ်ဉာဏ်ကလည်း ကျုပ် ထင်တာ အများကြီးကို ကောင်းနေသဗျ၊ ဒါထက် စကားမစပ် ကျုပ်တို့ မပြန်ခင် မ အီးဒစ်ရဲ့ အိပ်ခန်း ပြတင်းပေါက်ကို ကြည့်လို့ ရမလား'

မစ္စတာ ဗင်းနက်သည် လမ်းဘေး ချုံကြားများကို ဖြတ်ဝင်သွားလေ ပါမောက္ခ၏ အိမ်ကြီးကို အတိုင်းသား မြင်ရလေ၏။

'အဲဒီ ပြတင်းပေါက်ပဲ ခင်ဗျ၊ လက်ဝဲဘက်က ဒုတိယ အပေါက်'

'အလို၊ ဒီအပေါက် ဆိုရင် အပေါ်ကို ဘယ်လို လုပ်ပြီး တက်





သို့သော်လည်း တိုက်နံရံမှာ နွယ်တက်နေတယ်ဗျ၊ ပြီးတော့ အိမ်နံရံ ည်း ရေပိုက် သွယ်ထားတယ်၊ ရေပိုက်ပေါ်ကို တွယ်တက်လာရင် ဖြစ် ပေါ့'

'ကျွန်တော်တော့ မတက်နိုင်ဘူး ခင်ဗျာ၊ သူတော့ မသိဘူး'

'အင်း၊ တက်နိုင်ဖို့တော့ သိပ်မလွယ်ဘူး၊ သာမန် လူ တစ်ယောက်အဖို့ တော်တော် အန္တရာယ် များတဲ့ နေရာပဲ'

'ဩော် မစ္စတာ ဟုမ်းကို ပြောချင်တာ တစ်ခုလည်း ရှိသေးတယ် ဆရာကြီးဟာ လန်ဒန်ကို မကြာခဏ စာရေးတတ်တယ်၊ အဲဒီ လူရဲ့ ကျွန်တော့်ဆီမှာ ရှိတယ်၊ ဒီ မနက် ဒီလူဆီကို စာရေးပုံ ကျတယ် လိပ်စာကို မင်နှိပ် စက္ကူပေါ်က ရလာတာ၊ စိတ်ချရတဲ့ အတွင်းရေးမှူး နှင့် ဒီလို လုပ်ရတာ သိပ် မကောင်းလှဘူးပေါ့ စုံထောက်ကြီးရယ်၊ ဒါ မတတ်နိုင်ဘူးလေ၊ လုပ်ရတော့မှာပဲ'

ရှားလော့ဟုမ်းသည် သူ ကမ်းပေးသည့် စာရွက်ကို ကြည့်လိုက်ပြီးလျှင် ထဲသို့ ထည့်လိုက်လေ၏။

'နာမည်က ဒိုရက်တဲ့ဗျ၊ ခပ်ဆန်းဆန်းပဲ၊ ကြည့်ရတာကတော့ ဆလပ် ယ်ထဲက နာမည်မျိုးပဲ၊ အင်း ဘယ်လိုပဲ ဖြစ်ဖြစ် သံကြိုးကြီးထဲမှာတော့ တော် အရေးကြီးတဲ့ ကွင်းဆက် တစ်ခုပဲဗျ၊ မစ္စတာ ဗင်းနက်ရေ ကျုပ် ဒီညနေ ရထားနှင့် လန်ဒန်ကို ပြန်လိုက်သွားဦးမယ်၊ ဒီမှာ နေလို့လည်း ထူးမယ် မထင်ဘူး၊ ပါမောက္ခကြီးကို ဖမ်းဖို့ ဆိုတာကလည်း ဘာ တ်မှုမှ ကျူးလွန်ထားတာ မဟုတ်တော့ ဖမ်းလို့ မဖြစ်ဘူးဗျ၊ သူ့ကို ချုပ် င်ထားရအောင် ဆိုတာကလည်း သူက ရူးသွပ်နေတာ မဟုတ်တော့ လုပ် ဖြစ်ပြန်ဘူး၊ ခုလောလောဆယ်မှာတော့ ဘယ်လိုမှ အရေး ယူလို့ ရမှာ တ်သေးဘူး'

'ဒါဖြင့် ကျွန်တော်တို့ အနေနှင့်ကော ဘာလုပ်ရမလဲ ခင်ဗျာ'

'နည်းနည်း စိတ်ရှည်ရှည် ထားပါလေ၊ မကြာခင်မှာ အကောင်အထည် သာတော့မှာပါ၊ အကယ်၍ ကျုပ် တွက်တဲ့ အတိုင်း မှန်ရင်တော့ နောက် နေလောက် ဆိုရင် အခြေအနေ ထူးပါလိမ့်မယ်၊ အဲဒီနေ့ကျရင် ကျုပ်တို့ တက္ကသိုလ် နယ်မြေကို ရောက်လာမှာပေါ့၊ ခု လောလောဆယ်တော့ ခြေအနေက သိပ် မကောင်းလှဘူးဗျ၊ ဒီတော့ မစ္စ အီးဒစ်ကို ဒေါ်ကြီးကို ပြီး အလည် သွားခိုင်းတာက ပိုကောင်းလိမ့်မယ် ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါကတော့ သိပ်မခက်ပါဘူး ခင်ဗျာ'

'ဒီလို ဆိုရင် တခြား သွားနေပါစေ၊ အန္တရာယ် ကင်းပြီလို့ ကျွန်ုပ်က မပြောမချင်း တခြားမှာ သွားနေပါစေ၊ ဒီ အတောအတွင်းမှာ သူ့ကို [illegible] အနှောင့်အယှက် မပေးပါနှင့်၊ သူ လုပ်နေကျ အတိုင်း လုပ်ပါစေ၊ သူ [illegible] လန်းလန်း ရှိနေသေးသမျှ ဘာမှ မဖြစ်နိုင်ပါဘူး'

'ဟော ဟော၊ ဟိုမှာ ခင်ဗျ၊ မြင်ရဲ့လား' ဟု မစ္စတာ ဗင်းနက် အထိတ်တလန့် ပြောလိုက်သဖြင့် ကျွန်ုပ်တို့ လှမ်းကြည့်လိုက်သည့် အခါ အရပ် မားမား၊ ခါး မတ်မတ်နှင့် ပါမောက္ခကြီးသည် အိမ်ပေါက်ဝတွင် [illegible] ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်လျက် ရှိသည်ကို တွေ့ရလေ၏။ ပါမောက္ခ ကြီးသည် ခါးကို ကုန်းလိုက်ပြီးလျှင် လက်နှစ်ဖက်ကိုလည်း ဆန့်တန်း၍ [illegible] သို့ တွဲလောင်း ချထားကာ ခေါင်းကို ဘယ်ညာ လှည့်လျက် ရှိလေ၏။

မစ္စတာ ဗင်းနက်သည် ကျွန်ုပ်တို့အား တစ်ချက် လက်ပြ နှုတ်ဆက်[illegible] နောက် သစ်ပင်များ ကြားထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားကာ ခဏ [illegible] လျှင် ပါမောက္ခကြီး အနီးသို့ ရောက်သွားသည်ကို တွေ့ရလေ၏။ ထို့[illegible] ဆရာ တပည့် နှစ်ယောက်သည် စိတ်အား ထက်သန်စွာ တရင်းတနှီး [illegible] ပြောရင်း အိမ်ထဲသို့ ဝင်သွားကြလေ၏။

တည်းခိုရိပ်သာသို့ ပြန်လာခဲ့ကြစဉ် ရှားလော့ဟုမ်းက

'အဘိုးကြီးတော့ ပြောင်ပြောင်တင်းတင်းကို လုပ်နေပြီဗျို့၊ စမြင်[illegible] ကတည်းက အဘိုးကြီးဟာ တော်တော် ဦးနှောက် ကောင်းတဲ့ အဘိုးကြီး [illegible] ကျုပ် သတိ ထားလိုက်မိတယ်၊ တော်တော်လေးလည်း ဒေါသ ကြီးပုံ ကျ[illegible] အေးလေ သူ့ဘက်ကနေ ကြည့်တော့လည်း ဒေါသ ကြီးမယ် ဆိုရင် ကြီး[illegible] ပေပေါ့၊ သူ့နောက်မှာ စုံထောက် လိုက်နေတာကိုး၊ ပြီးတော့ စုံထောက် အ[illegible] နိုင်းတာကလည်း အိမ်သူ အိမ်သားတွေ ကိုယ်တိုင်က အလိုက် ခိုင်းနေ[illegible] ပိုပြီး ဒေါပွမှာပေါ့၊ အင်း ကျုပ်တို့လူ ဗင်းနက်တော့ တော်တော် စိတ်မချမ်း[illegible] ဖြစ်ရှာမှာပဲဗျ'

စာတိုက်သို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းသည် ကြေး[illegible] တစ်စောင်ကို ရိုက်ခဲ့လေ၏။

ညနေပိုင်း ကြေးနန်း ပြန်လာသည့် အခါတွင် ရှားလော့ဟုမ်းသည် ကြေး နန်းကို ကျွန်ုပ်ထံသို့ လှမ်းပေးလိုက်လေ၏။

'ကော်မာရှယ်လမ်းသို့ သွားပြီး ဒိုရက်ကို ကြည့်ပြီး၊ စကား ချို[illegible]





[illegible]မီးယန်း နယ်သား ဖြစ်သည်၊ အသက် ကြီးပြီ၊ ကျင်နရယ် စတိုး တစ်ခု [illegible]၊ မားဆား' ဟု ကြေးနန်းတွင် ပါရှိလေ၏။

'ခင်ဗျား ရှိတုန်းကတည်းက ကျုပ် ခိုင်းတဲ့ ကောင်လေ၊ ကျုပ် အဖို့ [illegible] အထွေထွေ တာဝန်ခံ ဆိုပါတော့ဗျာ၊ လန်ဒန်က လုပ်ငန်းတွေ အကြောင်း [illegible] ခေးချင်ရင် သူ့ကို အစုံစမ်းခိုင်းရတာပဲ၊ ကျုပ်တို့ ပါမောက္ခကြီးနှင့် ဆက် [illegible]နေတဲ့ လူဟာ ဘယ်သူလဲ ဆိုတာ သိဖို့ အရေးကြီးတယ်ဗျ၊ သူ ဘာလူမျိုး [illegible] ဆိုတဲ့ အချက်က ကျုပ်တို့ ပါမောက္ခကြီး ပရတ်ကို သွား သွားနေတာနှင့် [illegible]ဆိုင်နေတယ်ဗျ'

'အင်း အခု တစ်ခု တွေ့တော့ တစ်ခုနှင့် တစ်ခု ဆက်စပ်နေတာကလေး [illegible]ကို လိုက်ပြီး ခြေရာ ကောက်နိုင်လို့ တော်သေးတာပေါ့ဗျာ၊ ခု လောလောဆယ် [illegible]လိုက်ရင်တော့ ကျွန်တော်တို့ တွေ့နေရတဲ့ အဖြစ်အပျက်တွေဟာ တစ်ခု [illegible] တစ်ခု ဘာမှ မဆိုင်ဘဲ သီးခြား ဖြစ်နေသလို ထင်ရတယ်၊ ဥပမာအားဖြင့် [illegible]မှာ မွေးထားတဲ့ ခွေးဝံပုလွေကြီးက စိတ်ဆိုးပြီး သူ့သခင်ကို ပြန်ကိုက်တဲ့ [illegible]နှင့် သူ့သခင် ဘိုဟီးမီးယန်း ပြည်ကို သွားတာ ဘာဆိုင်လို့လဲ၊ နောက်ပြီး [illegible]လည်း အဲဒီ အဖြစ်အပျက်တွေနှင့် ည အချိန် အဆောင်ကူး လမ်းကြားထဲမှာ [illegible]ပျားမှောက် သွားနေတဲ့ လူတစ်ယောက်နှင့် ဘာဆိုင်သလဲ၊ ဒီအထဲမှာ [illegible]ပ်ဆုံး ကျွန်တော် နားမရှင်းဆုံးကတော့ ခင်ဗျား မှတ် မှတ်နေတဲ့ နေ့စွဲတွေ [illegible]

ရှားလော့ဟုမ်းသည် ပြုံးကာ လက်များကို ပွတ်လျက် ရှိလေ၏။ ကျွန်ုပ် [illegible]မှာ ရှေးဟောင်း ဟိုတယ်ကြီး တစ်ခု၏ ဧည့်ခန်းတွင် ရှားလော့ဟုမ်း ပြောခဲ့ [illegible] နာမည်ကြီး ဝိုင်အရက် တစ်လုံးကို စားပွဲပေါ်တွင် တင်၍ စကား ပြော [illegible]ကြခြင်း ဖြစ်လေ၏။

ရှားလော့ဟုမ်းသည် လက်ဖျား ထိပ်ကလေးများကို တေ့ထားပြီး အတန်း [illegible]ခုတွင် စာပို့ချနေသည့် ဟန်မျိုးဖြင့်

'ကောင်းပြီလေ၊ နေ့စွဲတွေ ကိစ္စကို အရင် ပြောတာပေါ့၊ ကျုပ်တို့ လူ [illegible] နေ့စပ် သေချာလေတော့ ဟန်ကျတာပေါ့၊ သူ့ဒိုင်ယာရီကို ကြည့်လိုက်ရင် [illegible]ိုင်လ ၂ ရက်နေ့မှာ ပြဿနာ စဖြစ်တယ်၊ ဒီနောက်ကျတော့ တစ်ခါမှ အပ [illegible]တဲ့ အခါများမှာ ကိုးရက် ခြား ခြားပြီး အဘိုးကြီး ပြဿနာ ပေါ်တယ်လို့ [illegible]ပဲ မှတ်မိလိုက်တယ်၊ ဒါကြောင့် နောက်ဆုံး ပြဿနာ ဖြစ်တာဟာ စက် [illegible]ဘာလ ၃ ရက်နေ့၊ သောကြာနေ့ဗျ၊ အဲဒီ အရင် ပြဿနာ ဖြစ်တဲ့ ရက်က



www.burmeseclassic.com

www.burmeseclassic.com



ဩဂုတ်လ ၂၆ ရက်နေ့ဗျ၊ ဒီတော့ ဒီလောက် ရက်ခြားပြီး ဖြစ်တာဟာ ခါလည်း မဟုတ် နှစ်ခါလည်း မဟုတ်တော့ မတော်တဆ ဖြစ်တာလို့ ခဲယဉ်းသွားပြီဗျ'

ကျွန်ုပ်မှာ သဘော မတူသည့်တိုင် သူ ပြောသည့် အချက်များကို နိုင်သည့် အတွက် သဘော တူလိုက်ရလေ၏။

'ဒီတော့ ယာယီ ကောက်ချက် တစ်ခု ဆွဲထုတ်ကြည့်လိုက်ရင် တို့ ပါမောက္ခကြီးဟာ ကိုးရက် ကြာတိုင်း တော်တော် ပြင်းတဲ့ မူးယစ် တစ်မျိုးကို သုံးစွဲပုံ ကျတယ်၊ မူးယစ်ဆေးဟာ မူးယစ်ချိန် သိပ် မကြာ လည်း မူးယစ် နေတုန်းမှာတော့ တော်တော်လေးကို ပြင်းထန်ဟန် တူ ဒီတွင် နဂိုက ခပ်ကြမ်းကြမ်း ဖြစ်နေတဲ့ စရိုက်ဟာ အဲဒီ ဆေးကြောင့် ကြမ်းလာတာ ဖြစ်လိမ့်မယ်၊ ဒီ မူးယစ်ဆေးကို သုံးတာဟာ ပရာ့ဂ်မှာ ဖူးတာ ဖြစ်လေတော့ ဒီဆေးကို လိုချင်ရင် လန်ဒန်မှာ ရှိတဲ့ ဘိုဟီးမီး နယ်သား တစ်ယောက်ဆီက တစ်ဆင့် ဝယ်ရလိမ့်မယ်ဗျ၊ ဒီအတိုင်း ရှေ့နောက်တော့ ညီညွတ်နေတာပဲ၊ မဟုတ်ဘူးလား အိုင်ဆေး'

'ဒါပေမဲ့ ခွေးက ပြန်ကိုက်တာရယ်၊ ပြတင်းပေါက်မှာ မျက်နှာ ပေါ်လာတာရယ်၊ လမ်းသွားရင် အားလျား မှောက်ပြီး တရွတ် ဆွဲသွား ရယ်တွေကကောဗျာ'

'နေဦးလေ ဆရာကြီး၊ ကျုပ်တို့က စလုံးရေ စပဲ ရှိသေးတာ၊ အင်္ဂါနေ့ မတိုင်ခင် အထိတော့ ဘာမှ ထူးခြားမယ် မထင်သေးဘူးဗျ၊ ဒီ အတွင်းမှာတော့ ကျုပ်တို့လူ ဗင်းနက်နှင့်ပဲ အဆက်အသွယ် လုပ် တက္ကသိုလ် နယ်မြေကို လျှောက်ကြည့်ရင်း အချိန် ဖြုန်းရမှာပဲ'

နောက်တစ်နေ့ မနက်တွင် မစ္စတာ ဗင်းနက်သည် ကျွန်ုပ်တို့ထံသို့ ရောက် ကာ နောက်ဆုံး အခြေအနေကို လာရောက်၍ သတင်း ပို့သွားလေ၏။ လော့ဟုမ်း ထင်သည့် အတိုင်း မစ္စတာ ဗင်းနက်၏ အနေအထားမှာ မလွယ် ချေ။ သူ့ထံသို့ ကျွန်ုပ်တို့ ရောက်လာခြင်းသည် မစ္စတာ ဗင်းနက်၏ ကြောင့်ဟု အတိအလင်း ထုတ်ဖော် ပြောဆိုခြင်း မပြုသည့်တိုင် ကျွန်ုပ်တို့ သွားသည့် နောက်ပိုင်း၌ ပါမောက္ခကြီးသည် မစ္စတာ ဗင်းနက် အပေါ် ရိုင်းရိုင်းပျပျ ဆက်ဆံကာ မကျေနပ်ဟန်ကို ပြလျက် ရှိလေ၏။





သို့ရာတွင် ယနေ့ မနက်တွင်မူ ပါမောက္ခကြီးမှာ ပုံမှန် ပြန်ဖြစ်လာခဲ့ စာသင်သားများ ပြည့်ကျပ်နေသည့် သင်တန်း တစ်ခုကို ကောင်းစွာ ပို့ချ ခဲ့သည်ဟု သိရလေ၏။

'အဘိုးကြီးကို ကြည့်ရတာက တစ်ချီ တစ်ချီ ကိုးရိုးကားရား ဖြစ်တာ လွဲလို့ ခါတိုင်းထက်တောင် ကျန်းမာ ဖျတ်လတ်ပြီး ဦးနှောက် ရှင်နေသေး ယ်ဗျ၊ ဒါပေမဲ့ အရင်ကနှင့် မတူတာတော့ အမှန်ပဲ စုံထောက်ကြီးရေ၊ ကျွန် တော်တို့ ဆရာကြီးဟာ အရင်က ကျွန်တော်တို့ သိခဲ့တဲ့ ဆရာကြီး မဟုတ်တော့ အမှန်ပဲ' ဟု မစ္စတာ ဗင်းနက်က ပြောလေ၏။

ရှားလော့ဟုမ်းက

'အင်း ခုလောလောဆယ် အနည်းဆုံး တစ်ပတ်လောက် အတွက်တော့ မှ စိုးရိမ်စရာ မရှိသေးဘူး ထင်ပါရဲ့ဗျာ၊ ကျုပ်ကလည်း အလုပ်များ ယော ဒေါက်တာ ဝပ်ဆင် ဆိုရင်လည်း လူနာတွေကို ပစ်ထားခဲ့ရတာဗျ၊ ဒီတော့ တ် အင်္ဂါနေ့ ဒီအချိန်ကျရင် ဒီမှာ တွေ့ကြတာပေါ့၊ ဒီက ကျုပ်တို့ မပြန် မှာ ခင်ဗျား ဒုက္ခတွေကို အပြီးတိုင် ဖြေရှင်း မပေးနိုင်သည့်တိုင် အကျိုး အကြောင်းလောက်တော့ ပြောနိုင်လိမ့်မယ်လို့ ယူဆရတာပဲ၊ ဒီအတောအတွင်း တော့ ကျုပ်တို့ဆီကို စာရေး အကြောင်းကြားဖို့ မမေ့ပါနှင့်'

ကိုးရက်များ အတွင်း၌ ကျွန်ုပ်သည် ရှားလော့ဟုမ်းနှင့် တွေ့ဆုံခြင်း မရှိ ချေ။ သို့ရာတွင် တနင်္လာနေ့ ညနေတွင်မူ နောက်တစ်နေ့တွင် ဘူတာသို့ ဆင်းလာရန် စာတစ်စောင် ရရှိခဲ့လေ၏။ တက္ကသိုလ်သို့ ရထားဖြင့် လာခဲ့ကြ ည့် ပါမောက္ခကြီး၏ အိမ်မှာ အေးအေးဆေးဆေး ရှိကြောင်း၊ သူ့ အပြုအမူမှာ လည်း ပုံမှန် ဖြစ်ကြောင်း၊ အားလုံး ချောမောလျက် ရှိကြောင်းဖြင့် သူ့စကား အရ သိရှိရပေ၏။ ညနေပိုင်းတွင် ကျွန်ုပ်တို့ တည်းခိုရိပ်သာသို့ လာရောက် သည့် အခါတွင် မစ္စတာ ဗင်းနက်ကလည်း ထိုအတိုင်းပင် ပြောဆိုသွားလေ၏။

'ဒီနေ့တော့ လန်ဒန်က သူ့ဆီကို စာတစ်စောင် ရောက်လာတယ် ခင်ဗျ၊ စာတစ်စောင်ရယ်၊ အထုပ်ကလေး တစ်ထုပ်ရယ်၊ နှစ်ခုစလုံးက တံဆိပ်ခေါင်း အောက်မှာ ကြက်ခြေခတ်ကလေးတွေ ပါတယ်၊ ကျွန်တော့်ကိုလည်း အဲဒီ စာအိတ်ကို မကိုင်နှင့်လို့ မှာထားတယ်၊ ဒီပြင်တော့ ဘာမှ မထူးခြားပါဘူး'

ရှားလော့ဟုမ်းက သုန်မှုန်လျက်



www.burmeseclassic.com

www.burmeseclassic.com



'အင်း၊ ဒီလောက် ဆိုရင်တော့ သက်သေ ပြလို့ ရလိမ့်မယ် ထင်တာပဲ ကဲ မစ္စတာ ဗင်းနက်၊ ဒီနေ့ ညမှာ ကျုပ်တို့ အဖြူ အမည်းတော့ ကွဲရမှာပဲ ကျုပ် တွေးလုံး အတိုင်း မှန်တယ် ဆိုရင်တော့ ပြဿနာကို ဖြေရှင်းဖို့ အခွင့် အလမ်း ပေါ်လာပါပြီ၊ ဒီတော့ ကျုပ်တို့ ပြဿနာကို ဖြေရှင်းနိုင်ဖို့ အတွက် ပါမောက္ခကြီးရဲ့ ခြေလှမ်းတွေကို မျက်ခြည်မပြတ် စောင့်ကြည့်ဖို့ လိုလိမ့်မယ် ဗျ၊ ခင်ဗျားက သတိ ထားပြီး စောင့်ကြည့် စေချင်တယ်၊ အကယ်၍ ခင်ဗျား အခန်းနားကများ ဖြတ်သွားရင် သူ့ကို သွားပြီး မနှောင့်ယှက်ပါနှင့်၊ နောက်က အသာ လိုက်ကြည့်ပါ၊ ကျုပ်နှင့် ဒေါက်တာ ဝပ်ဆင်လည်း ခပ်လှမ်းလှမ်းမှာ ရှိနေမယ်၊ ဒါထက် ခင်ဗျား ပြောတဲ့ သေတ္တာကလေးက သော့က ဘယ်မှာ ထားတတ်သလဲ'

'သူ့ နာရီ ကြိုးမှာ တွဲထားတယ် ခင်ဗျ'

'အဲဒီ သေတ္တာကလေးထဲက ဟာကို သိအောင် လုပ်နိုင်ရင် ကျုပ်တို့ ပြဿနာ ရှင်းမယ်လို့ ထင်တာပဲဗျ၊ သော့ မရရင်လည်း ကိစ္စ မရှိပါဘူး၊ သော့ခလောက်က ဒီလောက် ခက်ခက်ခဲခဲ ဖွင့်ရမယ် မထင်ပါဘူး၊ အိမ်မှာ တခြား သန်သန်မာမာ ယောက်ျားကြီးတွေကော ရှိရဲ့လား'

'ရှိတယ်ဗျ၊ ရထားသမား မက်ဖေးရယ်'

'သူက ဘယ်မှာ အိပ်သလဲ'

'မြင်းဇောင်း အပေါ်ထပ် ထပ်ခိုးမှာ အိပ်ပါတယ်'

'အင်း၊ ကျုပ်တို့ သူ့အကူအညီတော့ လိုလိမ့်မယ် ထင်တယ်ဗျို့၊ ကောင်း လေ၊ နောက်ထပ် ရုပ်လုံး မပေါ်ခင်မှာတော့ ဘာမှ လုပ်လို့ မရသေးပါဘူး ကဲ ဂွတ်ဘိုင်၊ မနက် မလင်းခင် တွေ့ကြသေးတာပေါ့'

ပါမောက္ခကြီး၏ အခန်း တံခါးပေါက်ကြီးနှင့် မျက်နှာချင်းဆိုင် ချုံများ ကြားထဲတွင် ကျွန်ုပ်တို့ နေရာယူပြီးသည့် အခါတွင် အချိန်မှာ ညသန်းခေါင် တိုင်ခဲ့လေပြီ။ ညမှာ သာယာသည့် ည ဖြစ်သည့်တိုင် ချမ်းအေးလှပေရာ ကျွန်ုပ် တို့မှာ အနွေးထည်များ ယူခဲ့မိသည့် အတွက် တော်သေးသည်ဟု ဆိုရပေ မည်။ လေသည် တသုန်သုန် တိုက်ခတ်လျက် ရှိပြီး တိမ်တိုက်များသည် ကောင်း ကင်တွင် တရွေ့ရွေ့ လွင့်ပါလျက် ရှိသဖြင့် တစ်ခါတစ်ရံတွင် လခြမ်းက ကောင်း မှာ တိမ်များ၏ နောက်ကွယ်တွင် ရောက်သွားလေ၏။

အကယ်၍သာ ကျွန်ုပ်တို့တွင် မျှော်လင့်ချက် ဟူ၍ လည်းကောင်း၊ စိတ် တုန်လှုပ် ချောက်ချားခြင်း ဟူ၍ လည်းကောင်း၊ ထူးဆန်းသော အဖြစ်အပျက်

ရှားလော့ဟုမ်းသည် ထိုနေ့ညတွင် အဆုံးသတ် အဖြေ ပေါ်တော့မည် ဟူသော ရှားလော့ ဟုမ်း၏ နှစ်သိမ့် အာမခံချက် ဟူ၍ လည်းကောင်း မရှိခဲ့လျှင် ထိုညက ကျွန်ုပ် တို့ စောင့်ဆိုင်းနေရသော အဖြစ်များသည် အလွန် စိတ် နောက်ကျိ ညစ်ညူး ဖွယ် ကောင်းမည်မှာ အမှန်ပင် ဖြစ်ပေ၏။

ရှားလော့ဟုမ်းက

'အကယ်၍ ကျုပ်တို့ တွက်တဲ့ ကိုးရက် တစ်ပတ် တွက်ကိန်းဟာ မှန် တယ် ဆိုရင်တော့ ဒီနေ့ည ပါမောက္ခကြီး အကြီးအကျယ် ဆေးထပြီး သောင်းကျန်း မယ့် ညပဲဗျ၊ ဒီထူးဆန်းတဲ့ လက္ခဏာချက်တွေဟာ ပရာဂ်က ပြန်မှ ပေါ်လာ တယ် ဆိုတာရယ်၊ ပြီးတော့ လန်ဒန်မှာ ရှိတဲ့ ဘိုဟီးမီးယန်း နယ်က မူးယစ် ဆေး ရောင်းသူ တစ်ယောက်နှင့် အဆက်အသွယ် ရှိနေတယ် ဆိုတာရယ်၊ ဒီ လူပဲ လန်ဒန်က အထုပ် တစ်ထုပ် ရတယ် ဆိုတဲ့ အချက်ရယ်၊ ဒီအချက်တွေ အားလုံး ဆက်စပ် စဉ်းစားလိုက်ရင်တော့ ကျုပ် တွေးတဲ့ အတိုင်း ဖြစ်ဖို့ များနေ တာပဲ၊ သူ သုံးတဲ့ မူးယစ်ဆေးဟာ ဘာလဲ၊ ဘာကြောင့် မူးယစ်ဆေးကို သုံး သလဲ ဆိုတာတော့ ကျုပ်တို့ မသိသေးဘူးပေါ့ဗျာ၊ သို့သော်လည်း ဘာပဲဖြစ်ဖြစ် ဒီမူးယစ်ဆေးဟာ ပရာဂ်က လာတယ် ဆိုတာတော့ တော်တော်လေး ထင်ရှား နေပြီ၊ ကိုးရက် တစ်ပတ်တိုင်း ဖြစ်တယ် ဆိုတာတော့ ဒီမူးယစ်ဆေးကို သုံးစွဲ ဖို့ နေရာမှာ အညွှန်းနှင့် သုံးရဟန် တူတယ်၊ ဒီအချက်ဟာ ကျုပ် ပထမဆုံး သတိ ထားလိုက်မိတဲ့ အချက်ပဲ၊ သို့သော်လည်း သူ့လက္ခဏာချက်တွေက တော် တော် ထူးဆန်း နေတယ်ဗျ၊ ခင်ဗျား သူ့ လက်ကောက်ဝတ်တွေကို သေသေ ချာချာ ကြည့်လိုက်မိရဲ့လား'

ကျွန်ုပ်က မကြည့်မိကြောင်း ဝန်ခံသည်။

'လက်ကောက်ဝတ်နား တစ်ဝိုက်ကို ကြည့်လိုက်တဲ့ အခါကျတော့ ဆစ်နားမှာ အရေတွေက ထူလပျစ်ကြီး ဖြစ်နေပြီး ကြမ်းရှရှကြီး ဖြစ်နေတယ် ဗျ ကျုပ်တော့ ဒါမျိုးကို ဒီတစ်ခါပဲ မြင်ဖူးသေးတယ်၊ ဒီမှာ အိုင်ဆေး၊ လူ တစ်ယောက်ကို အကဲခတ်ချင်တယ် ဆိုရင် လက်တွေကို အရင် ကြည့်ဗျ၊ ပြီး တော့ အင်္ကျီ လက်ဖျားတွေ၊ ပြီးတော့ ဘောင်းဘီ ဒူးတွေနှင့် ဖိနပ်တွေကိုသာ ကြည့်လိုက်၊ သူ့လက်ကောက်ဝတ်ကို ကြည့်ရတာဟာ ...'

ရှားလော့ဟုမ်းသည် စကားကို ရပ်လိုက်ကာ နဖူးကို လက်ဖြင့် ရိုက် လိုက်ပြီးနောက်

'အိုင်ဆေးရေ၊ ကျုပ်ဆိုတဲ့ ကောင်ဟာ တော်တော် တုံးတဲ့ ကောင်ပဲ





www.burmeseclassic.com

www.burmeseclassic.com



ကလားဗျို့၊ ကြည့်စမ်းဗျာ၊ နည်းနည်းကလေးမှ ယုံနိုင်စရာတောင် မ ဒါပေမဲ့ ဖြစ်တာကတော့ ဒီအတိုင်းကို ဖြစ်နေတာဗျ၊ ကြည့်စမ်း၊ အားလုံး တစ်ချက်တည်းကိုပဲ ညွှန်နေကြတယ်၊ ဒါတွေကို တစ်ခုနှင့် တစ်ခု ဆက် မစဉ်းစားခဲ့မိဘူး၊ လက်ကောက်ဝတ်တွေကို ကျုပ် ခပ်ပေါ့ပေါ့ အောက် တယ်၊ ခုတော့ ခွေးရယ်၊ အိုင်ဗီနွယ်တွေရယ်၊ ကြည့်စမ်းဗျို့ ကြည့်စမ်း၊ မြင်ရဲ့လား၊ အဘိုးကြီးရယ်၊ ခု ကျုပ်တို့ ကိုယ်တိုင် မြင်ရတော့မယ်'

အခန်း တံခါးပေါက်သည် ဖြည်းညင်းစွာ ပွင့်လာကာ အခန်းထဲမှ ရောင် နောက်ခံတွင် ပါမောက္ခကြီး၏ မြင့်မားသည့် အရပ်ကြီးကို မြင်ရလေ ပါမောက္ခကြီးသည် ညဝတ် အင်္ကျီကြီးကို ဝတ်ထားလေ၏။ ပါမောက္ခကြီး တံခါးဝတွင် မတ်မတ်ရပ်လျက် ရှိသည့်တိုင် ကျွန်ုပ်တို့ သူ့ကို နောက်ဆုံး ခဲ့ရစဉ်ကကဲ့သို့ လက်နှစ်ဖက်မှာ ရှေ့သို့ တွဲလောင်းကြီး ကျလျက် ရှိလေ

ယခု အချိန်၌ ပါမောက္ခကြီးသည် အောက်လမ်းမပေါ်သို့ ဆင်း လေပြီ။ ထိုအချိန်တွင် သူ့အနေအထားမှာလည်း အကြီးအကျယ် ပြောင်းသွား လေပြီ။ ပါမောက္ခကြီးသည် မြေကြီးပေါ်တွင် လေးဖက် ထောက်ချလိုက်ပြီး အလွန် လျင်မြန် ဖျတ်လတ်စွာဖြင့် ခုန်၍ ခုန်၍ သွားနေသည်ကို တွေ့ရ ၏။ ပါမောက္ခကြီးသည် အိမ်ရှေ့သို့ ထွက်သွားပြီး အိမ်တစ်ဖက် ထောင့် အကွယ်တွင် ပျောက်ကွယ်သွားသည့် အခါ၌ ဗင်းနက်သည် တံခါးကို ဖွင့် နောက်မှ လိုက်သွားလေ၏။

'အိုင်ဆေး၊ လာဗျို့ လာ' ဟု ခေါ်သဖြင့် ကျွန်ုပ်သည်လည်း ချုံ ကြားထဲမှ တိုးဝှေ့၍ အသာအယာ လာခဲ့ကြသည်တွင် လရောင် ထိန်ထိန် ကျလျက် ရှိသော အိမ်မျက်နှာစာ တစ်ဖက်သို့ ရောက်သွားကြလေ၏။ ပါမော မှာကား အိုင်ဗီနွယ်တို့ တွယ်တက်လျက် ရှိသည့် တိုက်နံရံ ခြေရင်းတွင် ကုန်းကြီး ဖြစ်လျက် ရှိလေ၏။

ကျွန်ုပ်တို့ ကြည့်နေသည့် အတွင်း ပါမောက္ခကြီးသည် ယုံကြည် စရာ မရှိသော လျင်မြန် သွက်လက်မှုမျိုးဖြင့် နွယ်ကို တွယ်၍ တက်သွား ကို တွေ့ရလေ၏။ နွယ်များကို တစ်နွယ်ပြီး တစ်နွယ် တွယ်တက် သွား လျင်မြန်ရုံမျှမက လက်ခြေလည်း မြဲမြံလှပေရာ ကျွန်ုပ်တို့မှာ ဘုမသိ ဘ ဖြင့် ကြောင်ကြည့်နေမိကြလေ၏။

နွယ်တန်းများပေါ်သို့ တွယ်တက်လျက် ရှိစဉ် ညဝတ် အင်္ကျီကြီး ဘေး တစ်ဖက်တစ်ချက်တွင် တဖျပ်ဖျပ် လွင့်နေသည့် အတွက် သူ့ကို ကြည့်





ည့်မှာ အလွန် ကြီးသည့် လင်းနို့ကြီး တစ်ကောင် နံရံတွင် ကပ်ထားသည့် င်းထင်းကြီး ပေါ်လျက် ရှိလေ၏။

ထို့နောက်တွင်ကား ကစား မြူးထူးနေသည်ကို မောပန်း ငြီးငွေ့သွား ည့်နှယ် နွယ်တန်း တစ်ခုပြီး တစ်ခု တွယ်ကာ အောက်သို့ လျှောဆင်း လာ ၍ နံရံ ခြေရင်းတွင် ခပ်စောစောက အတိုင်း ကုန်းကုန်းကြီး ထိုင်လျက် ရှိပြီး က် မြင်းဇောင်းဘက်ဆီသို့ လေးဖက်ထောက် သွားပြန်သည်ကို တွေ့ရလေ

ထိုအချိန်၌ကား ခွေးကြီးကို အပြင် ထုတ်ထားသည့် အတွက် ခွေး း‌မှာ ထိုး၍ ထိုး၍ ဟောင်လျက် ရှိပြီး သခင်ကို မြင်သည့် အခါတွင် ပို၍ လန့်တကြား ဟောင်လျက် ရှိလေ၏။ ခွေးကြီးမှာ သံကြိုး ချည်ထားရာမှ န်းကန်၍ ဒေါသတကြီးဖြင့် ဟောင်လျက် ရှိလေပြီ။ ပါမောက္ခကြီးသည် ခွေး လှမ်း မမီသည့် နေရာတွင် တမင် ရွေး၍ ခြသေ့ထိုင် ထိုင်လိုက်ကာ ခွေးကြီး စိတ်မဆိုး ဆိုးအောင် အမျိုးမျိုး ဆွလျက် ရှိလေ၏။ သူသည် လမ်းမပေါ်မှ ျောက်စရစ်ခဲကလေးများကို ကောက်ယူလိုက်ပြီးလျှင် ခွေး၏ မျက်နှာ တည့် ည့်ကို ပစ်လိုက်၊ ခွေး ပါးစပ်နှင့် အနီးသို့ ကပ်ပြီး လက်ဖျစ် တီးပြလိုက်ဖြင့် ခွေးကို အမျိုးမျိုး စလျက် ရှိလေရာ နောက်ဆုံးတွင် ထိန်းမရ သိမ်းမရအောင် စ်လျက် ရှိလေပြီ။

ကျွန်ုပ်တို့သည် ထူးဆန်းမှုများစွာကို တွေ့ကြုံခဲ့ဖူးရာ ခံ့ညား တည် ည်ဆဲ ဖြစ်သည့် ပါမောက္ခကြီး တစ်ယောက်က ဖား ထိုင်သကဲ့သို့ ထိုင်ပြီး ရှေ့တွင် ဟောင်လျက် ရှိသည့် ခွေးကြီး တစ်ကောင်အား ထူးထူးဆန်းဆန်း ရက်စက်စက်ဖြင့် စိတ်မဆိုး ဆိုးအောင် ဆွလျက် ရှိသည့် အဖြစ်မျိုးလောက် းဆန်းသည့် အဖြစ်မျိုးကိုကား မကြုံခဲ့ဖူးသေးချေ။

ထိုအတွင်း၌ကား ထိုထက် ထူးဆန်း အံ့သြဖွယ် ကောင်းသည့် အဖြစ် ပျက် တစ်ရပ် ပေါ်ပေါက်လာခဲ့လေပြီ။ ခွေးကြီးကို ချည်ထားသည့် သံကြိုး ပြတ်ထွက်ခြင်း မရှိသော်လည်း လည်ပတ်မှာ ကုပ်တိုသည့် နယူးဖောင်လင် ခွေးမျိုး အတွက် လုပ်ထားသည့် လည်ပတ် ဖြစ်သည့် အလျောက် ကျွတ်ထွက် သွားလေ၏။

ကျွန်ုပ်တို့သည် မြေကြီးပေါ်သို့ သံကြိုး ကျသွားသည့် ချွင်ခနဲ အသံကို ကြားလိုက်ရပြီး နောက်တစ်ခဏတွင် ခွေးနှင့် လူသည် လုံးထွေး ရပ်လျက် ရှိလေရာ ခွေးကြီးမှာ တဝုန်းဝုန်းနှင့် ဒေါသတကြီး ကိုက်ခဲလျက် ရှိသလောက်



www.burmeseclassic.com

www.burmeseclassic.com



လူသည် ကြောက်လန့်တကြားဖြင့် ယိုသ် ပါအောင် အော်လျက် ရှိ... ပါမောက္ခကြီးမှာ ကံကောင်း၍ မသေခဲ့ခြင်း ဖြစ်လေ၏။ ဒေါသ အမျက် ... ခြောင်း ထွက်လျက် ရှိသည့် ခွေးကြီးသည် ပါမောက္ခကြီး၏ လည်မျိုကို ခဲ... သည်တွင် အစွယ်ကြီးများသည် အသားထဲသို့ စူးဝင်လျက် ရှိလေရာ ကျွန်ုပ်... ရောက်သွား၍ ခွေးနှင့် လူကို မနည်း ဆွဲထုတ်ရသည့် အချိန်၌ ပါမောက္ခ... မှာ သတိ လစ်လျက် ရှိလေပြီ။

ကျွန်ုပ်တို့ နှစ်ယောက် သွား၍ ဆွဲလျှင် များစွာ အန္တရာယ် ကြီးလှ... လည်း ဗင်းနက်၏ အသံနှင့် ဗင်းနက် ရောက်လာသည့် အတွက် ခွေးကြီး... သတိ ပြန်ရသွားကာ ငြိမ်သက်သွားလေ၏။

အော်သံများကြောင့် မြင်းဇောင်း အပေါ်ထပ်တွင် အိပ်နေသည့် ရ... သမား မက်ဖေးသည်လည်း နိုးလာလေ၏။

မက်ဖေးသည် ခေါင်းကို ယမ်းကာ

'ကျွန်တော်ကတော့ သိပ် မအံ့သြတော့ပါဘူး၊ အရင်တုန်းကလည်း ... တော် တွေ့ဖူးတာပဲ၊ တစ်နေ့နေ့တော့ ခွေး အကိုက် ခံရတော့မှာပဲလို့ ကျွန်... တွက်ထားတာ'

ခွေးကြီးကို ပြန်၍ ချည်ခဲ့ပြီးလျှင် ကျွန်ုပ်တို့သည် ပါမောက္ခကြီး... သူ့ အခန်းသို့ သယ်လာခဲ့ကြလေ၏။ ဗင်းနက်မှာ ဆေးပညာ ဘွဲ့ရထား... တစ်ဦး ဖြစ်သည့် အလျောက် ခွေးကိုက်ရာတို့ ပြည့်လျက် ရှိသည့် ပါမော... ကြီး၏ လည်ပင်းကို ဆေးထည့်ပေးရာတွင် ကျွန်ုပ်ကို ကူညီ လုပ်ကိုင်ပေး... ၏။ လည်ပင်း သွေးကြောမကြီး အနီးတွင် ခွေးစွယ် ထိထားသဖြင့် သွေးများ... ကြောက်စရာ ကောင်းလောက်အောင် တရဟော ယိုစီးလျက် ရှိလေ၏။ နာရီ... အတွင်းတွင် စိုးရိမ်ရသော အခြေအနေမှ လွန်မြောက်လာခဲ့လေပြီ။ ကျွန်ုပ်... လူနာကို မော်ဖီးယား ထိုးပေးလိုက်သဖြင့် မကြာမီတွင် အိပ်မောကျသွား... ၏။ ထိုအခါကျမှသာလျှင် ကျွန်ုပ်တို့မှာ အခြေအနေ အရပ်ရပ်ကို ပြန်၍ ... နိုင်ပေ၏။

'ပထမတန်း ခွဲစိတ် ဆရာဝန် တစ်ယောက်ဆီကို ပြရင် ပိုကောင်း... ထင်တယ်ဗျ' ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

မစ္စတာ ဗင်းနက်က

'မလုပ်ပါနှင့်ဗျာ၊ မပြပါရစေနှင့်၊ ခုကိစ္စက ကျွန်တော်တို့ အိမ်က ... လောက် သိတာပါ၊ အပြင်ကို ပေါက်ကြားမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ အပြ...



...ရောက်သွားလို့ ရှိရင်တော့ သတင်းတွေက တားလို့ ဆီးလို့ မရအောင် ... ...တော့မှာ၊ တက္ကသိုလ်မှာ ရှိတဲ့ အနေအထား ဥရောပမှာ ရှိတဲ့ သူ့သိက္ခာနှင့် ...သမီးကိုလည်း ထည့်စဉ်းစားပါဦးဗျာ'

ရှားလော့ဟုမ်းက

'အင်း ဟုတ်တာပေါ့လေ၊ ဒီကိစ္စကို ကျုပ်တို့ အချင်းချင်းလောက်တွင် ...ခဲ့နှင့်ပဲ ကိစ္စ ပြတ်သွားအောင် လုပ်လို့ ဖြစ်နိုင်လိမ့်မယ် ထင်ပါရဲ့၊ ခု ကျုပ် ...မှာ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်လေး ရှိလာတော့ ဒီကိစ္စကို ဒီလောက် ...ငဲ့ပဲ ကိစ္စ ပြတ်သွားအောင် နောင်မှာ ဒီအဖြစ်မျိုး မပေါ်အောင် လုပ်နိုင်လိမ့် ...ယ်လို့ ထင်ပါတယ်၊ ကဲ မစ္စတာ ဗင်းနက်၊ နာရီကြိုးက သော့ကို ယူစမ်းဗျာ၊ ...က်ဖေးက အသိုးကြီးနားမှာ စောင့်နေ၊ ထူးခြားရင် ကျုပ်တို့ကို လာပြောလှည့်၊ ...ပါမောက္ခကြီးရဲ့ လျှို့ဝှက် သေတ္တာထဲမှာ ဘာတွေများ တွေ့ရမလဲ ဆိုတာ ကြည့် ...ကြရအောင်'

သေတ္တာထဲတွင် ထူးထူးခြားခြား ပစ္စည်း မရှိဟု ပြောနိုင်သလို ရှိသည် ...ဟု၍လည်း ပြောနိုင်သည်သာ ဖြစ်ပေ၏။

သေတ္တာထဲတွင် ဟာလာဟင်းလင်း ဖြစ်နေသော ဆေးပြွန်ကလေး တစ် ...လုံး၊ ဆေး အပြည့် နီးပါး ရှိသေးသော ပြွန်ကလေး တစ်လုံး၊ ဆေးထိုးအပ် ...တစ်ချောင်းနှင့် နိုင်ငံခြားသား တစ်ယောက်၏ လက်ရေးဖြင့် ရေးထားသော ...စာများကို တွေ့ရလေ၏။

စာအိတ်များပေါ်တွင် ရေးထားသည့် အမှတ်အသားများမှာ မစ္စတာ ...ဗင်းနက် ပြောသည့် အတိုင်း ကြက်ခြေခတ် အမှတ်အသားများ ဖြစ်ပြီး စာ ...အိတ်တိုင်းမှာ ကော်မာရှယ်လမ်းမှ ထည့်လိုက်ခြင်း ဖြစ်လျက် စာတွင် အေ၊ ...ဒိုရက်ဟု လက်မှတ် ရေးထိုးထားလေ၏။

စာမှာ ထူးထူးထွေထွေ မဟုတ်ဘဲ ပါမောက္ခ ပရက်စ်ဗရီသို့ ဆေးပြွန် ...တစ်လုံး ပို့ပေးလိုက်ကြောင်း ရေးထားသည့် ပြေစာနှင့် ငွေရ ပြေစာများသာ ...ဖြစ်လေ၏။

သို့ရာတွင် စာအိတ် တစ်လုံးထဲ၌မူ ခေတ်ပညာတတ် တစ်ယောက်၏ ...လက်ရေးမျိုး ဖြစ်ပြီး ဩစတြီးယား တံဆိပ်ခေါင်း ကပ်ထားကာ ပရက် စာပို့ ...တိုက် တံဆိပ် ရိုက်ထားလေ၏။

'ကျုပ်တို့ လိုချင်တာက ဒီထဲမှာ ရှိရမယ်ဗျ' ဟု ဆိုကာ ရှားလော့ ...ဟုမ်းသည် စာရွက်ကို ထုတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



စာတွင် အောက်ပါ အတိုင်း ပါရှိလေ၏။

လေးစားအပ်သော မိတ်ဆွေကြီး ခင်ဗျား။

မိတ်ဆွေကြီး လာရောက် လည်ပတ်သည့် အချိန်မှ စ၍ မိတ်ဆွေကြီး၏ ကိစ္စကို ကျွန်တော် အလေးအနက် စဉ်းစားခဲ့ပါသည်။ မိတ်ဆွေကြီး၏ ကိစ္စမှာ အထူးတလည် ကြပ်မ ကုသရမည့် ကိစ္စမျိုး ဖြစ်ပြီး ကျွန်တော်၏ စမ်းသပ်မှုများ အရ အန္တရာယ် မကင်းကြောင်း တွေ့ရ သဖြင့် အထူး သတိထားရခြင်း ဖြစ်ပါသည်။

ကျွန်တော့် အထင်တွင်မူ အင်သရိုပ္ပိုက် မျောက်ဝံကြီး၏ သုက်သွေးသည် ပို၍ ကောင်းမည် ထင်ပါသည်။ ကျွန်တော် ရှင်းပြခဲ့သည့် အတိုင်း ကျွန်တော်သည် ရနိုင်သည့် မျောက်လွှဲကျော်များ၏ သုက်သွေးကို အသုံး ပြုထားပါသည်။ မျောက်လွှဲကျော်မျိုးသည် တွယ်တက် ၍ ကူးတတ်သည့် အမျိုး ဖြစ်ပြီး အင်သရိုပ္ပိုက် မျောက်ဝံမှာ မတ်မတ် လျှောက်တတ်သော သတ္တဝါ ဖြစ်ပါသည်။ နီးစပ်သည့် အမျိုး ဆို၍ သူတို့ နှစ်ဦးသာ ရှိပါသည်။

ထိုကိစ္စကို အချိန် မတိုင်မီ ထုတ်ဖော်ခြင်း မပြုရန် မိတ်ဆွေကြီး ကို ကျွန်တော် ပြောလိုပါသည်။ အင်္ဂလန်တွင်လည်း ကျွန်တော့် လူ တစ်ဦး ရှိပါသည်။ ဒိုရက်မှာ ကျွန်တော့် ကိုယ်စားလှယ် ဖြစ်ပါသည်။

အပတ်စဉ် သတင်း ပေးပို့နိုင်လျှင် အကောင်းဆုံး ဖြစ်ပါသည်။

လေးစားစွာဖြင့်

**အိတ်ချ်၊ လိုဝင်စတိန်း**

လိုဝင်စတိန်း။ ထိုအမည်နှင့် ပတ်သက်၍ ကျွန်ုပ် ဖတ်ဖူးသော သတင်း စာထဲမှ သတင်းတိုကလေး တစ်ပုဒ်ကို သွား၍ အမှတ်ရမိလေ၏။ ထိုသတင်းမှာ အခြား မဟုတ်။ မထင်ရှားသည့် သိပ္ပံ ပညာရှင် တစ်ဦးသည် လူအိုများ ပြန် လည်၍ နုပျိုရန်နှင့် အသက်ရှည်ရန် အတွက် နည်းလမ်း ရှာဖွေ စမ်းသပ်လျက် ရှိသည် ဆိုသော သတင်း ဖြစ်လေ၏။ ထိုပညာရှင်၏ အမည်မှာ ပရက်ဂ်မြို့မှ လိုဝင်စတိန်း ဆိုသော ပညာရှင် တစ်ဦး ဖြစ်ကြောင်းကိုလည်း ကျွန်ုပ် ရေးရေး မှတ်မိလေ၏။ လိုဝင်စတိန်းမှာ ခွန်အား ပြည့်ဖြိုးသော သုက်သွေး တစ်မျိုးကို ဖော်စပ်လျက် ရှိကြောင်း၊ သို့ရာတွင် ၎င်း၏ ဆေးဖော်စပ်ရာ ဇာစ်မြစ်ကို ထုတ် ဖော် ပြောဆိုရန် ငြင်းပယ်သဖြင့် ဆေး လောကမှ ၎င်းကို တားမြစ် ပိတ်ပင် ထားကြောင်း စသည်တို့ကို မှတ်မိလာလေ၏။





ဤတွင် ကျွန်ုပ်သည် ကျွန်ုပ် မှတ်မိသမျှကို ပြောပြလေရာ ဇင်းနတ် သည် သတ္တဗေဒ လက်စွဲကျမ်း တစ်စောင်ကို ထုတ်ယူလာကာ လင်ဂါး ဆိုသော မျောက် အမျိုးအနွယ် အကြောင်းကို ဖတ်ပြလေ၏။

'ထိုမျောက်မျိုးသည် မျက်နှာ မည်းပြီးလျှင် ဟိမဝန္တာ တောင်စောင်း များပေါ်တွင် နေထိုင်လေ့ ရှိသည်၊ ခုန်လွှားသော မျောက် အမျိုးအစားထဲတွင် အကြီးဆုံး ဖြစ်ပြီး လူနှင့် အတူဆုံး ဖြစ်သည်တဲ့၊ နောက်ထပ် အသေးစိတ် ရေးထားတာတွေလည်း အများကြီး ရှိသေးတယ် ခင်ဗျ၊ အင်း ခုတော့ စုံထောက် ကြီးရဲ့ ကျေးဇူးကြောင့် ဇာစ်မြစ်ကို တွေ့ပြီပေါ့ ခင်ဗျာ'

ရှားလော့ဟုမ်းက

'တကယ့် ဇာစ်မြစ်က ဒါမဟုတ်သေးဘူးဗျ၊ တကယ့် ဇာစ်မြစ်က အရွယ် လွန်မှ ကလေးမလေးကို ချစ်မိတော့ သူ့ကိုယ်သူ လူငယ်ကလေးလို ပြန်ငယ် ချင်စိတ် ပေါ်လာတာဟာ အဓိက တရားခံပဲ၊ အင်း သဘာဝကို လွန်ဆန်လို့ မရဘူးလေ၊ သဘာဝ အထက်ကို ကျော်လွန်ချင်တဲ့ လူဟာ နောက်ဆုံးတော့ သဘာဝ အောက်ကို ကျရတာပဲဗျ၊ ကံကြမ္မာကို ရှောင်ဖယ်လို့ မရဘူး၊ ကံကြမ္မာ ကို ရှောင်ဖယ်ဖို့ ကြိုးစားရင် အသိဉာဏ် အမြင့်ဆုံး ဆိုတဲ့ လူတစ်ယောက်ပင် လျှင် တိရစ္ဆာန် အဆင့်ကို ပြန် လျှောကျသွားတတ်ပေတာပဲ' ဟု ဆိုကာ ရှား လော့ဟုမ်းသည် ဆေးပုလင်းကလေးကို လက်ထဲတွင် ကိုင်ကြည့်ကာ အတန်ကြာ နက်နက်စွာ တွေးတောလျက် ရှိလေ၏။

ထို့နောက် ပြွန်ထဲတွင် ရှိသည့် အရည်ကြည်ကလေးများကို ကြည့်ရင်း

'ဒီလူ့ဆီကို စာရေးပြီး ဒီလို အဆိပ်တွေကို လျှောက် ဖြန့်နေတာဟာ တာဝန် မကင်းတဲ့ အပြုအမူ တစ်ခု ဖြစ်တဲ့ အကြောင်း ကျုပ် ရေးလိုက်ရင် တော့ နောက်ထပ် သိပ်ပြဿနာ တွေ့ရတော့မှာ မဟုတ်ပါဘူး၊ သို့သော်လည်း ဒီမျိုးဟာ တစ်နည်းနည်းတော့ ပြန်ပေါ်ဦးမှာပဲဗျ၊ သူ မလုပ်ရင် နောက် တစ် ယောက်ယောက်က တခြား နည်းနှင့် စမ်းကြဦးမှာပဲ၊ အင်း လူ့လောကကြီး နဲ့ လူမျိုးအနွယ်ကြီး့ အတွက် တယ်လည်း အန္တရာယ် ကြီးပါကလားဗျို့၊ အိုင် ဗင် ခင်ဗျား စဉ်းစားကြည့်စမ်း၊ ကျုပ်တို့ရဲ့ ရုပ်လောက၊ ရုပဘုံသား၊ ကာမ ဘုံသားတွေဟာ ဘာမှ အဖိုး မတန်တဲ့ အညစ်အကြေးတွေ ကပ်နေတဲ့ သူတို့ အသက်တွေကို ရှည်အောင် လုပ်ချင်ကြတယ်၊ တစ်ပြိုင်နက်တည်းမှာ ကျုပ်တို့ရဲ့ နာမ် လောက၊ အရူပ လောက မြင့်ရာကို ရှာနေတယ်၊ ဒီအတိုင်းသာ သွားနေ ရင် အတော်ဆုံးလူ အသန်ဆုံး လူတွေ မကျန်ဘဲ အညံ့ဆုံး အပျော့ဆုံး ၄၄



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ လောကကြီးမှာ အသက်ရှင် ကျန်ရစ်ခဲ့တော့မယ့်ပုံ ဖြစ်နေပြီဗျ၊ ဒီ ဆိုရင် ကျုပ်တို့ရဲ့ လောကကြီးဟာလည်း အင်မတန်ကို သနားစရာ ကော ဝဲသြဃ သံသရာကြီး ဖြစ်နေတော့မှာပဲဗျ'

ထို့နောက် ရှားလော့ဟုမ်းသည် အတွေးသမား တစ်ယောက် သ ပျောက်သွားကာ အလုပ်သမား တစ်ယောက်၏ ဟန်သို့ ရောက်လာပြီး ကုလားထိုင်မှ ဖြုန်းခနဲ ထလိုက်လျက်

'ကဲ မစ္စတာ ဗင်းနက်ရေ၊ နောက်ထပ် ပြောစရာ မရှိတော့ အဖြစ်အပျက်ကလေးတွေဟာ အဖြစ်အပျက်ကြီးထဲမှာ သူ့နေရာနှင့်သူ ခွင်ကျနေပါတယ် ဆိုတာကို တွေ့ရပြီ မဟုတ်လား၊ ခွေးဟာ သူ့သခင် ကိုယ်ထဲမှာ တစ်စုံတစ်ရာ ပြောင်းလဲသွားတယ် ဆိုတာကို ခင်ဗျားထက် စောသိတယ်ဗျ၊ သူ့သခင် အနံ့ကို ရလိုက်တာနှင့် သိသွားပုံ ရတယ်၊ ဒီ ခွေးကြီး ရှိုင်းက ကိုက်တာဟာ သူ့သခင် ပါမောက္ခကြီးကို ကိုက်တာ ဘူးဗျ၊ မျောက်ကို ကိုက်တာ၊ မျောက်သွေး ပါတဲ့ သတ္တဝါမျိုးဟာ ကျော်လွှားတာကို တယ် ဝါသနာ ပါတာကိုးဗျ၊ ဒီတော့ ဟိုတက် ဟိုခုန် ဒီခုန် လုပ်တာပေါ့၊ အဲ သူ့သမီးပျို ပြတင်းပေါက်ကို တွယ်တ ကတော့ တခြား ဘာကြောင့်မှ ဟုတ်ဟန် မတူပါဘူး၊ ဆော့ရင်း ခုန် မတော်တဆ ပြတင်းပေါက်နားကို ရောက်သွားဟန် တူပါတယ်၊ အိုင်ဆေ ဆင်ရေ၊ လန်ဒန်ကို ထွက်မယ့် ခပ်စောစော ရထား ရှိတယ်ဗျ၊ သို့သော် ရထား မထွက်ခင် တည်းခိုရိပ်သာကို ပြန်ပြီး လက်ဖက်ရည်ကလေး တ တော့ သောက်ချိန် ရကောင်းပါရဲ့'

**[မူရင်း ဝတ္ထု *The Adventure of The Creeping Man.* ရှေ့ဒေါ် ထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]**



# ခြသေ့် လည်ဆံမွေး



စုံထောက် လုပ်ငန်းမှ အနား ယူခဲ့ရပြီးသည့် နောက် ကျွန်ုပ်၏ စုံထောက် သက်တမ်း တစ်လျှောက်တွင် တွေ့ခဲ့ရသည့် အမှုများကဲ့သို့ပင် ထူးခြားသည့် အမှု တစ်ခုနှင့် နဖူးစာ ဆုံရသည်မှာ တိုက်ဆိုင်လွန်းလှသည် ဟု ဆိုရတော့မည် ဖြစ်ပေ၏။ အမှု ရောက်လာပုံမှာ လည်း အိမ်တံခါးဝသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက် ခြင်း ဖြစ်ပေ၏။

ကျွန်ုပ်သည် အသက်ရှူ ကျပ်လှသော လန်ဒန် မြို့လယ်ကောင်တွင် နေ ဘဲ့ကတည်းက အေးချမ်း ရိပ်ငြိမ်သော ပတ်ဝန်းကျင်တွင် နေထိုင်လိုသော ဖြစ်ပေါ်ခဲ့ဖူးသည့် အတိုင်း ဆပ်ဆက်နယ် ကျေးလက်ရှိ ကျွန်ုပ် အိမ် လေးတွင် နေထိုင်လျက် ရှိစဉ် ထိုအမှုကို ကြုံတွေ့ခဲ့ရခြင်း ဖြစ်ပေ၏။

ထိုအချိန်၌ကား ကျွန်ုပ်၏ မိတ်ဆွေ ရောင်းရင်းကြီး ဒေါက်တာ ဝပ် နှင့် ကျွန်ုပ်မှာ ဝေးကွာလျက် ရှိကာ ရက်သတ္တပတ် အကုန် လာရောက် ည်ပတ်သည့် အခါများတွင်သာ ကျွန်ုပ်တို့ နှစ်ယောက် တွေ့ဖြစ် ကြတော့ ည်။ သို့ဖြစ်လေရာ ယခု အမှုကို ကျွန်ုပ် ကိုယ်တိုင် မှတ်တမ်း တင်ရတော့ သာ ဖြစ်ပေ၏။

အကယ်၍သာ ကျွန်ုပ်နှင့် အတူ ဒေါက်တာ ဝပ်ဆင် ရှိခဲ့မည် ဆိုလျှင် က်တာ ဝပ်ဆင်သည် ဤ အံ့သြဖွယ် ကောင်းသည့် အဖြစ်အပျက်ကို မည်မျှ ခမ်းနားနား ရေးလိုက်လေမည်နည်း။

အခက်အခဲတို့ကို ကျော်လွှားကာ နောက်ဆုံးတွင် ကျွန်ုပ် အောင်မြင်ခဲ့ပုံ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို မည်မျှ အကျယ်တဝင့် ရေးလိုက်လေမည်နည်း။ သို့ရာတွင် ယခုမူ ... ကြုံတွေ့ ခဲ့ရသည်တို့ကို ကျွန်ုပ်၏ ထုံးစံအတိုင်း ရိုးရိုးစင်းစင်းဖြင့် ... ရတော့မည်သာ ဖြစ်ပါသည်။

ဤသို့ ပြောရာတွင် ကျွန်ုပ်သည် 'ခြသေ့် လည်ဆံမွေး' အ... ကျွန်ုပ် မည်ကဲ့သို့ စုံစမ်း ထောက်လှမ်းခဲ့ပုံ၊ အခက်အခဲများကို ကျွန်ုပ် ... မည်ပုံ ကျော်လွှားခဲ့ရပုံတို့ကို ကျွန်ုပ် တတ်သလောက်သာ ရေးပြနိုင်မည် ... သည့် အတွက် အနည်းငယ် ပျင်းစရာ ကောင်းသည် ဆိုလျှင်လည်း သ... ကြရန် ကျွန်ုပ် တောင်းပန်လိုပါသည်။

ကျွန်ုပ်၏ အိမ်မှာ ပင်လယ် ကမ်းခြေ အနီး တောင်ဘက်သို့ မျ... ပြုနေသော တောင်စောင်းတွင် တည်ရှိလေရာ ထိုနေရာမှ ကြည့်လျှင် အ... ရေလက်ကြားကို ကောင်းစွာ မြင်ရပေ၏။ ထိုနေရာ တစ်ဝိုက်၌ ပင်... ကမ်းရိုးတန်းသည် မြေဖြူ ကမ်းပါးကြီးများ ဖြစ်လျက် ရှိသဖြင့် အောက် ... လယ် ကမ်းစပ်သို့ ဆင်းလျှင် မတ်စောက်၍ ချော်ကျိုနေသည့် လမ်း အ... ကွေ့ကောက် ဆင်းသွားရလေ၏။

လမ်းကလေး အတိုင်း ဆင်းသွား၍ ကမ်းစပ်သို့ ရောက်လျှင် ကျေ... စရစ်ခဲများ၊ ဒီလုံးကလေးများ ရှိသည့် ကိုက် တစ်ရာခန့် ရှိသော သော... ကလေး တစ်ခုသို့ ရောက်လေ၏။ အချို့ နေရာများတွင်ကား ကမ်းစပ်... အတွင်းသို့ ကွေ့ဝင်လျက် ရှိသည် ဖြစ်၍ လှိုင်း တစ်ထပ် ဝင်လာတိုင်း ... ကောင်း ရေသန့် ရရှိသည့် အတွက် အလွန် ကောင်းသည့် ရေကူးကန်က... များ သဖွယ် ဖြစ်လျက် ရှိလေ၏။

သို့ဖြင့် ထိုနေရာ တစ်ဝိုက်၌ ဖူးလ်ဝပ် အမည်ရှိ ရွာကလေး ရှိ... နေရာမှ အပ လမ်း တစ်လျှောက်လုံးမှာ ရေကူးရန် ကောင်းသည့် သဲသော... စပ် မြေကလေး တစ်ခု ဖြစ်လျက် ရှိလေ၏။

ကျွန်ုပ်၏ အိမ်မှာ အခြား အိမ်များနှင့် နီးကပ်ခြင်း မရှိဘဲ အထီး... သာ ရှိသည့် အိမ်ကလေး ဖြစ်ပေ၏။ ကျွန်ုပ်၏ အိမ်တွင် ကျွန်ုပ်၊ ထမင်းချ... အဘွားကြီးနှင့် ကျွန်ုပ် မွေးထားသည့် ပျားများသာလျှင် ရှိပေ၏။

သို့ရာတွင် ကျွန်ုပ်အိမ်နှင့် မိုင်ဝက်ခန့် ဝေးသော နေရာတွင်မူ နာ... ကျော် အလွတ် ပညာသင်ကျောင်း တစ်ကျောင်း ဖြစ်သည့် ဟာရိုး စ... ဟတ်စ်၏ ကျောင်း ရှိလေ၏။

ထိုကျောင်းမှာ အလွန် ကြီးသည့် အဆောက်အအုံကြီး တစ်ခု ဖြစ်လျ... ...ကျောင်းဆရာ အမျိုးမျိုးဖြင့် ဘာသာရပ် အမျိုးမျိုးကို သင်ပြလျက် ရှိသည့် ...ကျောင်းကြီး တစ်ကျောင်း ဖြစ်လေ၏။

ထိုကျောင်းကို အုပ်ချုပ်သည့် စတက်ဟတ်စ်မှာ တက္ကသိုလ် ကျောင်း ... ဘဝ ကတည်းက ထင်ရှားသည့် လှေလှော်သမား တစ်ဦး ဖြစ်လျက် ...ခြား ပညာရပ်များတွင်လည်း ထူးချွန်သည့် လူတစ်ယောက် ဖြစ်ပေ၏။

စတက်ဟတ်စ်နှင့် ကျွန်ုပ်တို့မှာ ကျွန်ုပ် ထိုနေရာသို့ ရောက်လာက ...ည်းက ခင်မင် ရင်းနှီးခဲ့ကြလေရာ နောက်ဆုံး၌ ကျွန်ုပ်တို့သည် တစ်ယောက် ...သို့ တစ်ယောက် တံခါး မရှိ ဝင်ထွက် သွားလာနိုင်အောင် ရင်းနှီးသည့် ...ဆွေများ ဖြစ်လာခဲ့ကြလေ၏။

၁၉၀၇ ခုနှစ် ဇူလိုင်လ ကုန်ခါနီး ရက်များမှာ လေပြင်း ကျလျက် ရှိ ...သည့် အတွက် ရေလက်ကြား တစ်ဝိုက် လှိုင်းတို့ ထကြွလျက် ရှိပြီး တစ်ခါ ...ရံ၌ အချို့ လှိုင်းလုံးကြီးများသည် မြေဖြူ ကမ်းပါးကြီးများ ခြေရင်းသို့ ...ိုင် ရောက်လာခဲ့ကြကာ ဒီရေ ပြန်ကျသွားသည့် အခါ၌ သောင်စပ်တွင် အိုင် ... ထွန်း၍ ကျန်ရစ်ခဲ့တတ်လေ၏။

ကျွန်ုပ် ပြောသည့် နံနက်တွင်မူ လေပြင်းသည် ငြိမ်သက်စ ပြုသွား ...ရာ လောကဓာတ် တစ်ခုလုံးသည် ဆေးကြော သန့်စင်ထားသကဲ့သို့ သစ် ...ွင် တောက်ပလျက် ရှိလေ၏။ ဤသို့ သာယာ လှပသည့် နေ့မျိုးတွင် အလုပ် ...ုပ်လိုစိတ် မရှိသည့် အလျောက် ကျွန်ုပ်သည် မနက်စာ မစားမီ လေကောင်း ...သန့် ရှူရှိုက်ရန် အပြင်သို့ လမ်းလျှောက် ထွက်လာခဲ့လေ၏။

ကျွန်ုပ်သည် ဆိုခဲ့သည့် မြေဖြူ ကမ်းပါးမှ ပင်လယ် ကမ်းစပ်သို့ ဆင်း ...သည့် ချော်ကျိုကျို လမ်းကလေးဆီသို့ လျှောက်လာခဲ့စဉ် ကျွန်ုပ်၏ နောက်မှ ...ော်ခေါ်သံ ကြားသဖြင့် လှည့်ကြည့်လိုက်ရာ ရွှင်လန်းဖွယ် ကောင်းသည့် ...က်ခင်းတွင် ကျွန်ုပ်အား လက် ဝှေ့ယမ်း နှုတ်ဆက်နေသော ဟာရိုး စတက် ...တ်စ်ကို တွေ့ရလေ၏။

'မစ္စတာ ဟုမ်းရေ၊ တော်တော် သာယာတဲ့ မနက်ပဲဗျာ၊ ခင်ဗျားလည်း ...ပြင် ထွက်မှာပဲလို့ ကျွန်တော် တွက်ထားတာ'

'ခင်ဗျားကကော ဘယ်လဲ၊ ရေကူးဦးမလို့လား'

စတက်ဟတ်စ်သည် ရယ်လိုက်လျက် အိတ်ကို ပုတ်ပြရင်း

'ဘာလဲ၊ စုံထောက်ကြီးရဲ့ နည်းတွေ အတိုင်း ကောက်ချက် ဆွဲယူတာ ...ဲ့ ဟုတ်လား၊ ဟုတ်တယ် ခင်ဗျ၊ ရေသွား ကူးမလို့၊ မက်ဖာဆန်ကတော့

www.burmeseclassic.com

www.burmeseclassic.com



အဓောကြီး ကတည်းက ထွက်သွားတာ၊ သောင်စပ်မှာများ တွေ့မလား ဆို ဘူး'

မက်ဖာဆန်မှာ သူ့ကျောင်းတွင် သိပ္ပံ စာပြ ဆရာ တစ်ယောက် ဖြစ်ပြီး ထက်မြက်သည့် လူတော်ကလေး တစ်ယောက် ဖြစ်သော်လည်း အဆစ်အမြစ် ကိုက်ခဲသော ရောဂါမှ တစ်ဆင့် နှလုံး ရောဂါ ဖြစ်လာခဲ့သည့် အတွက် ကောင်း စွာ ကျန်းမာခြင်း မရှိသော ဂိလာန တစ်ဦး ဖြစ်ပေ၏။ သို့တိုင်အောင် မက်ဖာ ဆန်မှာ အားကစားသမား တစ်ယောက် ဖြစ်သည့် အတွက် သူ့ ကျန်းမာရေး အခြေအနေက ခွင့်ပြုသည့် အတိုင်းအတာ အရ အချို့သော အားကစား နည်း များကို ကောင်းစွာ ကစားနိုင်သူ တစ်ဦး ဖြစ်ပေ၏။

နွေရာသီနှင့် ဆောင်းရာသီများတွင် မက်ဖာဆန်သည် သောင်စပ်သို့ ရေကူးလေ့ ရှိပြီး ကျွန်ုပ် ကိုယ်တိုင်မှာလည်း ရေကူးသမား တစ်ယောက် ဖြစ် သည့် အတွက် မကြာခဏ ဆိုသလိုပင် သူနှင့် အတူ ကူးလေ့ ရှိကြပေ၏။

ထိုစဉ်တွင် ကျွန်ုပ်တို့သည် မက်ဖာဆန်ကို လှမ်းမြင်လိုက်ကြရလေ၏။ လှည်းသွား လမ်းကလေး ဆုံး၍ အောက်ကို ဆင်းသည့် ကမ်းပါး ထိပ်တွင် သူ့ ခေါင်း ပေါ်လာသည်ကို ပထမဆုံး မြင်လိုက်ရပြီးနောက် တဖြည်းဖြည်း ကမ်း ပါးထိပ်သို့ ရောက်သည့် အခါတွင် သူ့ တစ်ကိုယ်လုံးကို ကျွန်ုပ်တို့ မြင်ရလေ ၏။ မက်ဖာဆန်သည် အရက်မူးသူ တစ်ယောက်ကဲ့သို့ ဒယီးဒယိုင်ဖြင့် လျှောက် လာခဲ့ပြီး နောက်တစ်ခဏ၌ကား လက်နှစ်ဖက်ကို မြှောက်ကာ ကြောက်စရာ အော်လျက် မြေကြီးပေါ်သို့ မှောက်လျားထိုး လဲကျသွားလေ၏။

စတက်ဟတ်စ်နှင့် ကျွန်ုပ်သည် သူ့ဆီသို့ ပြေးသွားကာ သူ့ကို ပက် လက် လှန်ကြသည် (ကျွန်ုပ်တို့နှင့် ကိုက်ငါးဆယ်လောက်သာ ကွာလိမ့်မည်ဟု ထင်ပါသည်။)။ သူ့ အခြေအနေမှာ တစ်ခါတည်း အသက် ပျောက်သွားတော့ မည့်ပုံ ဖြစ်လေ၏။ ချိုင့်ဝင် တောက်ပြောင်လျက် ရှိသော မျက်လုံးကြီးများ နှင့် ပြာနှမ်းလျက် ရှိသော မျက်နှာတို့ကို ကြည့်လိုက်ရုံဖြင့် သူ့ အခြေအနေကို ကောင်းစွာ သိနိုင်ပေ၏။

ထို့နောက် မက်ဖာဆန်သည် သတိ ပြန်ရသကဲ့သို့ ဖြစ်လာကာ ကျွန်ုပ် တို့အား သတိ ပေးသည့် အနေဖြင့် စကား တစ်ခွန်းစ နှစ်ခွန်းစ ပြောဆိုခဲ့ ပြုလေ၏။ သူ ပြောသည့် စကားများမှာ မပီမသ ဖြစ်သည့် အတွက် ကောင်းစွာ နားမလည်လိုက်ချေ။ သို့ရာတွင် နားထဲတွင်မူ နောက်ဆုံး အော်ပြောလိုက်သော စကားလုံးများ ဖြစ်သော 'ခြင်္သေ့ လည်ဆံမွေး စုတ်ဖွားကြီးဗျ' ဆိုသော စကား





လုံးကိုမူ ကောင်းစွာ ကြားလိုက်ရလေ၏။ သူ ပြောသည့် စကားမှာ ဆက်စပ် မှုမရှိတော့၍ မလွယ်သော စကားလုံး ဖြစ်သည့်တိုင် ထိုစကားလုံးအား နား ကြား လွဲခြင်း မရှိကြောင်းကို ကျွန်ုပ် ကောင်းစွာ သိလိုက်ပေ၏။ ထို့နောက် မက်ဖာဆန်သည် မြေကြီးပေါ်သို့ လဲကျနေရာမှ လူးလဲ ထလိုက်ကာ လက် နှစ်ဖက်ကို မြှောက်လိုက်ပြီးနောက် ပြန်၍ လဲကျ သွားပြန်လေ၏။ စမ်းကြည့် သည့် အခါတွင် အသက် မရှိတော့ချေ။

ကျွန်ုပ်၏ မိတ်ဆွေ စတက်ဟတ်စ်မှာ ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းကြောင့် ဘာကိုမျှ မလုပ်နိုင်ဘဲ ကြက်သေ သေလျက် ရှိလေ၏။ သို့ရာတွင် ကျွန်ုပ်မှာမူ အထူး သတိ ထားကာ အခြေအနေကို အကဲ ခတ်ကြည့်လျက် ရှိရာမှ ကျွန်ုပ်တို့ တွေ့ကြုံနေရသည့် အဖြစ်အပျက်မှာ သာမန် မဟုတ်ဘဲ ထူးခြား ဆန်းကြယ်သည့် အတွေ့အကြုံ တစ်ရပ် ဖြစ်ကြောင်းကို ကျွန်ုပ် သတိ ပြုလိုက်မိလေ၏။

မက်ဖာဆန်မှာ ဘာဗယ်ရီ အိုဗာကုတ်နှင့် ဘောင်းဘီတို့ကို ဝတ်ဆင် ထားပြီး ကင်းဗတ် ဖိနပ် တစ်ရန်ကို ကြိုးမချည်ဘဲ စီးထားလေ၏။ လဲကျ သွားစဉ်က ဘာဗယ်ရီ အိုဗာကုတ်အင်္ကျီကို ပခုံးပေါ်တွင် တင်ရုံသာ တင်ထား သည့် အတွက် လဲကျသွားသည့် အခါတွင် အင်္ကျီသည် လျှောကျသွားကာ ကိုယ် အထက်ပိုင်းသည် ဗလာ ဖြစ်လျက် ရှိလေ၏။ ကျွန်ုပ်တို့သည် ဗလာ ဖြစ်နေသည့် သူ့ကိုယ် အထက်ပိုင်းကို ကြည့်ကာ အံ့အားသင့်လျက် ရှိကြ လေ၏။

သူ၏ နောက်ကျော တစ်ပြင်လုံးမှာ ဝိုင်ယာ သေးသေးမျှင်မျှင်ကလေး များဖြင့် လုပ်ထားသည့် ကျာပွတ်ဖြင့် အရိုက် ခံထားရသည့်နှယ် အရှိုး အရှိုး ထင်လျက် ရှိလေ၏။ သူ၏ နံရိုးနှင့် ပခုံး နှစ်ဖက်တွင်လည်း အလားတူ ဒဏ် ရာများ အရှိုးလိုက် တွေ့ရသဖြင့် သူ့ကို သေစေသော လက်နက်မှာ ကြိုးကဲ့သို့ ကွေ့ပျောင်းသော လက်နက်မျိုး ဖြစ်ကြောင်း သိနိုင်ပေ၏။

မက်ဖာဆန်မှာ နာကျင် ပြင်းပြလွန်းသည့် အတွက် နှုတ်ခမ်းများကို အား ကိုက်ထားလေရာ နှုတ်ခမ်းမှ သွေးများသည် မေးပေါ်သို့ ယိုစီးလျက် ရှိလေ၏။ မျက်နှာ ရှုံ့မဲ့ထားသည်ကို ကြည့်ရခြင်းအားဖြင့် ဝေဒနာ မည်မျှ ပြင်းထန်ကြောင်းကို သိသာနိုင်ပေ၏။

ကျွန်ုပ်က အလောင်း ဘေးတွင် ဒူးထောက် ထိုင်လျက် ရှိပြီး စတက် ဟတ်စ်က အနီးတွင် ရပ်လျက် ရှိစဉ် အရိပ် တစ်ခု ထိုးကျလာသည့် အတွက်



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်လိုက်ရာ ကျွန်ုပ်တို့ အနီးတွင် ရပ်နေသော ယန် မားဒေါ့အား တွေ့ရလေ၏။ မားဒေါ့မှာ ထိုကျောင်းတွင် သင်္ချာ ပြသည့် ဆရာ ဖြစ်ပြီး ပိန်ပိန်ပါးပါး အသား ညိုညို အရပ် မြင့်မြင့် ဖြစ်လျက် အလွန် စကား နည်းသူ တစ်ယောက် ဖြစ်ရကား မိတ်ဆွေ အပေါင်းအသင်း ဟူ၍ပင် ရှိဟန် မတူချေ။ မားဒေါ့သည် မည်သူနှင့်မျှ ပေါင်းသင်း ဆက်ဆံလေ့ မရှိဘဲ သင်္ချာ ပုစ္ဆာများကို တွက်ခြင်းဖြင့်သာ အမြဲ အချိန် ကုန်လျက် ရှိလေ၏။

ကျောင်းသားများသည် မားဒေါ့အား ခပ်ဆန်းဆန်း ဆရာ တစ်ယောက် အဖြစ် သဘော ထားကြပြီး လူကြောင် တစ်ယောက် အဖြစ်လည်း ပြောင်လှောင်ချင်ကြလေ၏။ သို့ရာတွင် မားဒေါ့မှာ နက်မှောင်သော မျက်လုံး၊ ညိုသော အသား စသည့် နိုင်ငံခြားသား ပုံသဏ္ဌာန်မျိုး ရှိသည့် အပြင် တစ်ခါတစ်ရံ ရက်စက် ကြမ်းကြုတ်သည်ဟု ပြောရလောက်အောင် ဒေါသ ကြီးသူ တစ်ယောက် ဖြစ်သည့် အတွက် ကျောင်းသားများမှာ သူ့အား နောက်ပြောင်ခြင်း မပြုရဲကြ။

တစ်ခါတွင်မူ မက်ဖာဆန်၏ ခွေးကလေးက သူ့ကို မကြာခဏ ဟောင်တတ်သဖြင့် ခွေးကလေးကို ပြတင်းပေါက်မှ အောက်သို့ ကိုင်ပေါက်ချခဲ့ရာ အကယ်၍ စာပြ ဆရာကောင်း တစ်ဦး မဟုတ်ခဲ့လျှင် ထိုအချိန်ကတည်းက အလုပ်မှ အထုတ်ခံရမည် ဖြစ်ပေ၏။

ယခု ကျွန်ုပ်တို့ အနီးတွင် လာရပ်နေသူကား ထိုသို့ ထူးဆန်း ရှုပ်ထွေး၍ အကဲခတ်ရ ခက်သည့် လူတစ်ယောက် ဖြစ်ပေ၏။ မားဒေါ့သည် သူ့ရှေ့ ရှုခင်းကို မြင်လိုက်သည့် အခါတွင် အကယ်ပင် အံ့အားသင့်သွားကာ တုန်လှုပ် ချောက်ချားသွားဟန် ရှိပေ၏။ သူတို့ နှစ်ဦးမှာ ခွေးကိစ္စ ဖြစ်ကတည်းက တစ်ဦးနှင့် တစ်ဦး ခပ်တန်းတန်း ဖြစ်ခဲ့ကြသည့်တိုင် ယခု အဖြစ်အပျက်ကို မြင်လိုက်သည့် အခါတွင် အကြီးအကျယ် တုန်လှုပ် ချောက်ချားနေဟန် ရှိလေ၏။

'အင်း၊ ဖြစ်မှ ဖြစ်ရလေ ခင်ဗျာ၊ ကျွန်တော် ဘာများ လုပ်ပေးရမလဲ မသိဘူး'

'ခင်ဗျားနှင့် အတူတူ ရေသွားကူးကြတာ မဟုတ်လား၊ ဘာဖြစ်ခဲ့တာလဲ'

'မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော်နှင့် အတူ မဟုတ်ဘူး၊ ကျွန်တော်က ဒီနေ့ မနက် နည်းနည်း နောက်ကျသွားတယ်၊ နောက်ကျဆို ဒီနေ့ မနက် သောင်စပ်ကို လုံးလုံး မရောက်သေးဘူး၊ ကျောင်းဆောင်ကနေ တိုက်ရိုက် ထွက်လာတာ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ ဆရာကြီး'





'ရှာက ဂါတ်တဲကို သွားပြီး ချက်ချင်း အကြောင်းကြားချည်ဗျာ'

မားဒေါ့သည် စကား တစ်လုံးမှ မပြောတော့ဘဲ ချာခနဲ လှည့်ကာ ခပ်သုတ်သုတ် ထွက်သွားသည်တွင် စတက်ဟတ်စ်မှာလည်း အနီးတွင် ကြောင်ကြောင်ကြီး ရပ်နေသည့် အတွက် ကျွန်ုပ် တစ်ယောက်တည်းသာလျှင် ကိစ္စ ရှိသမျှကို လုပ်နေရလေ၏။

ကျွန်ုပ် ပထမဆုံး လုပ်သည့် အလုပ်မှာ ကမ်းခြေတွင် မည်သူ ရှိနေသနည်း ဆိုသည့် အချက်ကို စုံစမ်းခြင်း ဖြစ်လေ၏။ ကမ်းပါး ထိပ်မှ မျှော်ကြည့်လိုက်လျှင် ကမ်းခြေ တစ်လျှောက်ကို တစ်နံတစ်လျားကြီး မြင်ရလေရာ ဖူလ်ဝပ် ရွာဘက်သို့ သွားနေသည့် မည်းမည်း သဏ္ဌာန်ကလေး နှစ်ခု သုံးခုမှ လွဲ၍ ကမ်းခြေ တစ်လျှောက်တွင် လူသူ ကင်းရှင်းလျက် ရှိလေ၏။ ကျွန်ုပ်သည် ဤအချက်ကို သေချာစွာ မှတ်သားပြီးနောက် လမ်းကလေး အတိုင်း သောင်စပ်သို့ ဆင်းလာခဲ့လေ၏။

လမ်းကလေးပေါ်တွင် မြေဖြူများနှင့် ရွှံ့စေးများသည် ရောထွေးလျက် ရှိရကား ထိုလမ်းကလေးပေါ်တွင် အဆင်း အတက် ခြေရာ တစ်စုံသာလျှင် တွေ့ရလေ၏။ ယနေ့ မနက်တွင် ထိုလမ်းကလေး အတိုင်း ကမ်းခြေသို့ ဆင်းသူမှာ ဤ ဤတစ်ယောက်သာ ရှိပေ၏။ တစ်နေရာတွင်မူ မြေကြီးကို လက်နှင့် ထောက်လိုက်သည့် လက္ခဏာဖြင့် လက်ငါးချောင်းရာ ထင်နေသည်ကို တွေ့ရလေ၏။ ဤသည်ကို ထောက်လျှင် မက်ဖာဆန်သည် အတက်တွင် လဲခဲ့ကြောင်း သိသာနိုင်ပေ၏။ ထို့ပြင် လမ်းပေါ်တွင် ခပ်ဝိုင်းဝိုင်း ချိုင့်ခွက်ကလေးများကိုလည်း မကြာခဏ တွေ့ရပေသေးရာ ယင်းတို့မှာ လဲကျစဉ် ဒူးထောက်မိသည့် အရာများ ဖြစ်ဟန် ရှိပေ၏။

ကမ်းပါး အောက်ခြေသို့ ရောက်လျှင် ဒီရေ ပြန်အကျတွင် ရေ တင်ကျန်ရစ်သည့် အိုင်ငယ်ကလေးများကို တွေ့ရလေ၏။ ထိုရေအိုင်ကလေး၏ တစ်ဖက် ကျောက်ဆောင်ပေါ်တွင် မျက်နှာသုတ် ပဝါ တစ်ထည်ကို တွေ့ရသည့် အတွက် မက်ဖာဆန်သည် ထိုနေရာတွင် အဝတ်အစားများကို ချွတ်ခဲ့ကြောင်း သိသာနိုင်ပေ၏။ မျက်နှာသုတ် ပဝါမှာ ကျောက်ဆောင်ပေါ်တွင် ခေါက်လျက်သား တင်ထားပြီး ခြောက်သွေ့လျက် ရှိသည့် အတွက် မက်ဖာဆန်သည် ရေထဲသို့ မဆင်းရသေးကြောင်း ထင်ရှား၏။

ကျွန်ုပ်သည် ကျောက်စရစ် ခဲလုံးများ၊ သဲလုံးများ အကြားတွင် လိုက်ရှာရာ အချို့ သဲကွက်ကွက် ပေါ်နေသည့် နေရာကလေး တစ်နေရာတွင် မက်ဖာ



www.burmeseclassic.com

www.burmeseclassic.com



ဆန်၏ ကင်းဗတ် ရှူးဖိနပ်ရာနှင့် ဖိနပ် မပါသော သူ့ခြေရာများတို့ကို တွေ့ရလေ၏။ ဖိနပ် ချွတ်ထားသည်နှင့် ခြေရာကို တွေ့ရသည်ကို ထောက်လျှင် မက်ဖာဆန်သည် ရေချိုးရန် အဆင်သင့် ပြင်ပြီး ဖြစ်ကြောင်းကို သိရပြီး မျက်နှာသုတ်ပဝါ ခြောက်သွေ့နေသည်ကို ထောက်လျှင် ရေ မချိုးရသေးကြောင်းကို သိနိုင်ပေ၏။

ဤတွင် ကျွန်ုပ် တွေ့ခဲ့ရသည့် အခြားသော ပြဿနာများကဲ့သို့ မှုဆန်းသော ပြဿနာ တစ်ရပ်ကို ကျွန်ုပ် တွေ့လိုက်လေပြီ။ မက်ဖာဆန်သည် သောင်စပ်သို့ ရောက်ခဲ့သည်မှာ အများဆုံး နာရီ တစ်စိတ်ထက် ရှိဦးမည် မဟုတ်ချေ။ စတက်ဟတ်စ်သည် ကျောင်းမှ သူ့နောက်သို့ လိုက်လာခဲ့သူ ဖြစ်သည့် အတွက် ထိုအချက်ကို ဘာမျှ သံသယ ရှိစရာ မလိုချေ။ မက်ဖာဆန်သည် ရေချိုး ထွက်လာခဲ့ခြင်း ဖြစ်ရမည်။ ထို့နောက် ဖိနပ် မပါသော ခြေရာများကို တွေ့ရခြင်းအားဖြင့် ရေချိုးရန် အဝတ်အစားများကို ချွတ်ပြီး ဖြစ်ရမည်။ ထို့နောက် အဝတ်အစားများကို ချက်ချင်း ကောက်ဝတ်လာခဲ့ခြင်း ဖြစ်ရမည်။ ထိုကြောင့်သာ ကိုယ်ပေါ်တွင် ဝတ်ထားသည့် အဝတ်အစားများမှာ ဖရိုဖရဲ ဖြစ်နေပြီး အချို့မှာ ကြယ်သီးပင် မတပ်ရသေးဘဲ ဟာလာဟင်းလင်း ဖြစ်နေခြင်း ဖြစ်ပေ၏။ သို့ဖြစ်လျှင် မက်ဖာဆန်သည် ရေမချိုးဘဲ ပြန်လာခြင်းသော်လည်း ဖြစ်ရမည်။ သို့မဟုတ်လျှင်လည်း ရေစိုနေသည့် ကိုယ်ကို ခြောက်သွေ့စေခြင်း မပြုဘဲ ပြန်လာခြင်းသော်လည်း ဖြစ်ရမည်။

ဤသို့ ရေမချိုးဘဲ သို့မဟုတ် ရေမကူးတော့ဘဲ ရုတ်တရက် ပြန်လာရခြင်းမှာ အလွန် ရက်စက် ကြမ်းကြုတ်၍ လူမဆန်သည့် နည်းများဖြင့် ညှဉ်းပန်း နှိပ်စက် ခံလိုက်ရသောကြောင့် ဖြစ်ရမည်။ ထို့ကြောင့်သာလျှင် နှုတ်ခမ်းကို သွေးထွက်အောင် ကိုက်ခြင်း ဖြစ်ရမည်။ ထို့နောက် အားအင် ကုန်ခမ်းကာ လေးဖက်ထောက် လဲကျသွားပြီး အသက် ပျောက်သွားခြင်း ဖြစ်ရမည်။

ဤသည်တို့မှာ ကျွန်ုပ် စဉ်းစားသည့် ကွင်းဆက်များ ဖြစ်ပေ၏။ သို့ရာတွင် ဤမျှ ရက်စက် ကြမ်းကြုတ်သည့် ဒဏ်ရာမျိုး ရအောင် မည်သူက လုပ်လိုက်သနည်း။

ကမ်းပါး အောက်ခြေတွင် လိုဏ်ကလေးများ၊ ကလိုင်ကလေးများ ရှိသည့်တိုင် ပင်လယ်မှ နေ ထွက်လာသည့် အခါမျိုးတွင် လိုဏ်ဂူကလေးများ ထဲသို့ နေရောင် တိုက်ရိုက် ထိုးကျလျက် ရှိသည့် အတွက် ပုန်းအောင်းနေရာ ဟူ၍ များစွာ မရှိလှချေ။





တစ်ဖန် သောင်ပြင်တွင် စောစောက ကျွန်ုပ် မြင်လိုက်ရသော ညည်းညည်း သဏ္ဌာန်များနှင့် မည်သို့ သက်ဆိုင်နေသနည်း။ သို့ရာတွင် ထိုသဏ္ဌာန်များမှာလည်း ဝေးလွန်းနေသည့် အတွက် ဤလူသတ်မှုနှင့် ပတ်သက်နိုင်စရာ အကြောင်း မရှိချေ။

ထိုမှ့မက မက်ဖာဆန် ရေကူးမည့် ရေအိုင်ကြီးမှာလည်း ကြားထဲတွင် ရှိနေသေး၏။ ပင်လယ်ထဲတွင် ကွန်ပစ်နေသော တံငါလှေ တစ်စင်း နှစ်စင်းလည်း ရှိသေး၏။ ထိုလှေပေါ်မှ လူများကို မေးလိုက်လျှင် အလွယ်တကူနှင့် သိနိုင်မည် ဖြစ်ပေ၏။ စုံစမ်း ထောက်လှမ်းစရာ လမ်းများမှာ များပြားလှပေ၏။ သို့ရာတွင် အားလုံးမှာ စမ်းတဝါးဝါးမျှချည်းသာ ဖြစ်ပေ၏။

အလောင်း ရှိရာသို့ ကျွန်ုပ် ပြန်လာခဲ့သည့် အခါ၌ အလောင်း အနီးတွင် လူအချို့ ဝိုင်းအုံ ကြည့်လျက် ရှိသည်ကို တွေ့ရ၏။ စတက်ဟတ်စ်မှာ ထိုနေရာမှာပင် ရှိပေသေး၏။ မားဒေ့မှာ ဂါတ်တဲမှ ပုလိပ် အင်ဒါဆင်ကို ခေါ်၍ ပြန်ရောက်နေသည်ကို တွေ့ရသည်။ အင်ဒါဆင်မှာ ကိုယ်လုံး ကိုယ်ထည် ကောက် ထွားကျိုင်း၍ မုတ်ဆိတ် ထူလပျစ်နှင့် ဖြစ်ပြီး ကြီးခိုင် နှေးကွေးသည့် ဆပ်ဆက် နယ်သား တစ်ဦး ဖြစ်လျက် ဆပ်ဆက် နယ်သားတို့ ထုံးစံအတိုင်း အပေါ်ယံအားဖြင့် ထုံထိုင်း လေးကန်သည်ဟု ထင်ရသည့်တိုင် အကင်းပါး ထက်မြက်သူ တစ်ဦး ဖြစ်လေ၏။

အင်ဒါဆင်သည် ကျွန်ုပ်တို့ ပြောသမျှကို တိတ်ဆိတ်စွာ နားထောင်၍ မှတ်စု စာအုပ်ထဲတွင် ရေးမှတ်ပြီးလျှင် ကျွန်ုပ်ကို လက်တို့ ခေါ်သွားကာ

'စုံထောက်ကြီး အကြံဉာဏ်ကို ရရင်တော့ သိပ် ကောင်းမှာပဲ ခင်ဗျ၊ ပြဿနာက ကျွန်တော် မနိုင်လောက်ဘူး ထင်တယ်၊ မှားသွားရင် ကျွန်တော့်ကို အထက်က ကြိမ်းမှာ'

ကျွန်ုပ်သည် သူ့ အထက် အရာရှိ ဖြစ်သူ လူဝီနှင့် ဆရာဝန် တစ်ယောက်ကို ခေါ်ရန် အကြံ ပေးလိုက်လေ၏။ ထို့ပြင် သူတို့ မလာမချင်း မည်သည့် အရာကိုမျှ ပြောင်းရွှေ့ခြင်း မပြုရန်၊ အနီးတစ်ဝိုက်တွင် နောက်ထပ် ခြေရာများ အထင် မခံရန် ပြောလိုက်၏။

ထိုအတောအတွင်း၌မူ ကျွန်ုပ်သည် သေသူ၏ အင်္ကျီ အိတ်များထဲကို နှိုက်လှော၍ ရှာကြည့်လေ၏။ အိတ်ထဲတွင် လက်ကိုင်ပဝါ၊ မောင်းချွန်းကြီး တစ်ချောင်းနှင့် ကတ်ပြား ထည့်သည့် သားရေအိတ် တစ်လုံးကို တွေ့ရလေ၏။

ထိုကတ်ပြား ထည့်သည့် အိတ်ကလေး အတွင်းမှ စာရွက်ကလေး တစ်



www.burmeseclassic.com

www.burmeseclassic.com



ရွက် ထွက်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်သည် ထိုစာရွက်ကို ဖြေကာ ပုလိပ် သားကို လှမ်းပေးလိုက်လေ၏။ စာရွက်ပေါ်တွင် မိန်းမ လက်ရေးဖြင့် ခပ်သေး သော ရေးထားသည့် စာတစ်စောင်ကို တွေ့ရလေ၏။ စာတွင် 'ဆက်ဆက် လာ ခဲ့မယ်၊ မော်ဒီ' ဟု ပါရှိလေ၏။ စာမှာ ရည်းစား ချိန်းတွေ့သည့် စာမျိုး ဖြစ် သော်လည်း အချိန်နှင့် နေရာ မပါရှိချေ။

ပုလိပ်သားကြီးသည် စာရွက်ကို ကတ်ပြား ထည့်သည့် သားရေ အိတ် ကလေးထဲတွင် ပြန်ထည့်လိုက်ပြီးလျှင် အခြား အရာများနှင့် အတူ ထိုအိတ် ဘာဗယ်ရီ အိုဗာကုတ် အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေ၏။ ထို့နောက်တွင် ဘာမျှ အစ ရှာမရတော့သည့် အလျောက် ကမ်းပါး အောက်ခြေ တစ်ဝိုက်ကို သေသေချာချာ ပိုက်စိပ်တိုက် ရှာရန် မှာခဲ့ပြီးလျှင် မနက်စာ စားရန် အိမ်သို့ ပြန်လာခဲ့လေ၏။

နောက် တစ်နာရီကျော်ကျော် နှစ်နာရီ နီးပါး ကြာသည့် အခါ၌ စတက်ဟတ် သည် ကျွန်ုပ်ထံသို့ ပေါက်လာကာ အလောင်းကို ကျောင်းသို့ ရွှေ့ပြီး ဖြစ်ကြောင်း ကျောင်းတွင် စစ်ချက် ယူမည် ဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။ စတက်ဟတ် သည် အရေးကြီး၍ တိကျသော သတင်း အချို့ကိုလည်း ယူလာလေ၏။ ကျွန်ုပ် ထင်သည့် အတိုင်း ကမ်းပါး အောက်ခြေရှိ လိုဏ်ဂူကလေးများ၊ ကလိုင်ကာ များထဲတွင် ဘာမျှ ထူးထူးခြားခြား မတွေ့ရချေ။ သို့ရာတွင် မက်ဖာဆန် စားပွဲ အံဆွဲထဲသို့ ရှာကြည့်သည့် အခါတွင် ဖူးလ်ဝပ် ရွာမှ မစ္စ မော်ဒီ ဘယ် ဆိုသူ အမျိုးသမီး တစ်ယောက်နှင့် အပြန်အလှန် ရေးသားထားသော ရည်းစား စာ အချို့ကို တွေ့ရကြောင်းဖြင့် ပြောပြလေ၏။ ဤတွင် သူ့အိတ်ထဲတွင် တွေ့ သည့် စာပိုင်ရှင်ကို ကျွန်ုပ် သိရလေပြီ။

'စာတွေကိုတော့ ပုလိပ်က သိမ်းထားတယ် ခင်ဗျ၊ ကျွန်တော် ယူ မရဘူး၊ ဒါပေမဲ့ ကြည့်ရတာကတော့ တစ်ယောက်နှင့် တစ်ယောက် လွမ်း ကျူးကျူး ဖြစ်တဲ့ လက္ခဏာပဲ၊ တစ်ခု ရှိတာက အမျိုးသမီးနှင့် ချိန်းထား ဆိုတာလောက်က လွဲရင် ခုအမှုနှင့် ဒီစာတွေနှင့် ဘာမှ ဆက်စပ်ယူလို့ ဖြစ်နေတယ်'

'ဒါပေမဲ့ ခင်ဗျားတို့ အားလုံး သိနေကြတဲ့ ရေအိုင်နားမှာတော့ ရည်းစား ချိန်းတွေ့ကြမှာ မဟုတ်တာ သေချာတယ်ဗျ' ကျွန်ုပ်က ပြော





'ဒီနေ့ ကျောင်းသားတွေကလည်း မက်ဖာဆန်နှင့် ပါမသွားကြဘူး၊ ခါ တိုင်း ဆိုရင် သူတို့ပါ လိုက်ရေကူးနေကျ ခင်ဗျ'

'ဒီလို ပါမသွားတာဟာ မတော်တဆ တိုက်ဆိုင်တာလို့ ခင်ဗျား ထင် သလား'

စတက်ဟတ်စ်သည် မျက်မှောင်ကို ကုတ်လျက် စဉ်းစားနေလေ၏။

'အဲ တစ်ခုတော့ ရှိတယ် ခင်ဗျ၊ မနက်စာ မစားခင် အက္ခရာ သင်္ချာတွေ ရှင်းစရာ ရှိတယ်၊ ဘယ်မှ မထွက်နှင့်လို့တော့ ဆရာ မားဒေါ့ ပြောသံကို ကြားလိုက်မိတယ်၊ အင်း သနားပါတယ်ဗျာ၊ သူ့ခမျာ ဒါကြောင့် တစ်ယောက် တည်း သွားပြီး ရေကူးဖြစ်တာ'

'သူတို့ နှစ်ယောက် ဆက်ဆံရေးက သိပ် မကောင်းကြဘူးလို့ ကျုပ် ကြားမိလိုက်တယ်'

'ဟုတ်ပါတယ်၊ တစ်ခါတုန်းကတော့ သိပ်မကောင်းလှပါဘူး၊ ဒါပေမဲ့ တစ်နှစ်ခဲ့တဲ့ နှစ်လောက်တုန်းကတော့ သူတို့ နှစ်ယောက် ပြန်ပြီး သင့်မြတ်လာ ကြတယ်ဟန် တူပါတယ်၊ ဆရာ မားဒေါ့ ဆိုရင် ဆရာ မက်ဖာဆန် အနားမှာ အမြဲ တတွဲတွဲ တွေ့နေရတာပဲ၊ အမှန်က ဆရာ မားဒေါ့ဟာ သိပ်ပြီး လူပေါင်း လူပေါင်း ဆံ့တဲ့ လူမျိုး မဟုတ်ဘူး ခင်ဗျ'

'ဟုတ်ပြီ၊ ကျုပ် နားလည်ပြီ၊ တစ်ခါတုန်းက ခွေး ကိစ္စနှင့် ပတ်သက် ပြီး တစ်ယောက်နှင့် တစ်ယောက် စကား များခဲ့ဖူးတယ်လို့ ခင်ဗျား ပြောတာ ကို မှတ်မိသလိုလိုပဲဗျ'

'ဒီကိစ္စလည်း နောက်ကျတော့ ပြီးပြီးပျောက်ပျောက် ဖြစ်သွားဟန် တူ ပါတယ်'

'သို့သော်လည်း စိတ်ထဲမှာ အကျိတ်အခဲကလေးတွေ ကျန်ချင် ကျန်ခဲ့ မှာပေါ့'

'မဖြစ်နိုင်ဘူး ထင်တယ်၊ ကျွန်တော် သိသလောက်တော့ တော်တော် ခင်တဲ့ မိတ်ဆွေတွေ ဖြစ်သွားကြတာပဲ'

'ကဲ ထားပါတော့လေ၊ ကလေးမလေး အကြောင်းကို ပြောစမ်းပါဦး၊ ခင်ဗျားရော အဲဒီ ကလေးမလေးကို သိသလား'

'မသိဘဲ ရှိပါ့မလား ခင်ဗျာ၊ ဒီနားမှာတော့ ကွမ်းတောင်ကိုင်ပေါ့၊ တော် လေးကို ချောတဲ့ သူငယ်မလေး ခင်ဗျ၊ ဒီနား တစ်ဝိုက်မှာတွင် မကဘူး၊ ရောက်ရောက် ယောက်ျားတကာက ဝိုင်းကြည့်ခံရတဲ့ မိန်းကလေးပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေးကို ဆရာ မက်ဖာဆန်က သဘော ကျနေတယ် ဆိုတာ ကိုတော့ ကျွန်တော်လည်း ရိပ်မိပါရဲ့၊ ဒါပေမဲ့ စာထဲမှာ ပါသလို ရင်းနှီး တယ် ဆိုတာကိုတော့ မသိခဲ့ဘူး ခင်ဗျ၊ ခုမှပဲ သိရတော့တာပဲ'

'ကလေးမကလေး အကြောင်းကို ပြောစမ်းပါဦးလေ၊ သူက သူလဲ'

'သူ့အဖေက ဂျွန် ဘယ်လာမီတဲ့ ခင်ဗျ၊ ဖူးလ်ဝပ် ရွာမှာဖြင့် လည်းပိုင်ပေါ့ ခင်ဗျာ၊ ဒီနား တစ်ဝိုက်မှာ အပျော်စီး လှေတွေဟာ သူ့လှေ ချည်းပေါ့၊ အစတုန်းကတော့ တံငါပါပဲ၊ ခုတော့ ကြေးရတတ်ပေါ့လေ၊ တွေကိုတော့ သူနှင့် သူ့သား ဝီလျံ ဆိုတာကပဲ ဦးစီး လုပ်ကိုင်နေကြတာ

'ရွာထဲကို သွားပြီး သူတို့နှင့် တွေ့ကြည့်ရရင် ကောင်းမလား'

'ဘာကိစ္စ အကြောင်းပြမလဲ စုံထောက်ကြီး'

'အကြောင်း ပြတာကတော့ ဘာဖြစ်ဖြစ် ကောက်ပြလို့ ရပါတယ် သိပ် မခက်လှပါဘူး၊ ဘာပဲဖြစ်ဖြစ် ခု သေသူ မက်ဖာဆန်ဟာ အကြော သေတာ မဟုတ်ဘူးဗျ၊ လူ တစ်ယောက်ယောက်ရဲ့ လက်ချက်ပါပဲ ရတာ လို ချောင်ကျတဲ့ နေရာမျိုးမှာ သူ ဘယ်သူတွေနှင့် ပေါင်းသလဲ၊ ဘယ်သူ အဆက်အသွယ် ရှိသလဲ ဆိုတာ စုံစမ်းလိုက်ရင် လွယ်ပါတယ်၊ ဒီတော့ နိုင်သမျှကို လိုက်ထားရင် အကောင်းဆုံးပဲ၊ အဲဒီ အခါကျရင် ရာဇဝတ်မှု လွန်ခြင်းရဲ့ ရည်ရွယ်ချက်ကို တွေ့မှာပေါ့၊ ရာဇဝတ်မှု ကျူးလွန်တဲ့ ရည် ချက်ကို တွေ့ရင် ရာဇဝတ်ကောင်ကိုလည်း တွေ့ပြီပေါ့'

အကယ်၍သာ ကျွန်ုပ်တို့သည် လူသတ်မှုကြောင့် စိတ်နောက်ကျ သာ မဖြစ်ခဲ့လျှင် တောပန်းတို့ မွှေးကြိုင်လျက် ရှိသော တောင်ကုန်းများ တွင် လမ်းလျှောက်ရသည်မှာ သာယာ ကြည်နူးစရာ အတိ ဖြစ်နေပေလိမ့် ဖူးလ်ဝပ် ရွာမှာ စက်ဝိုင်းခြမ်းပုံ ပင်လယ်ကွေ့ထဲတွင် တည်ရှိပေ၏။ ခပ် တဲကလေးများ နောက်ရှိ ကုန်းမြင့်များပေါ်တွင် နောက်ဆောက်သည့် များဖြင့် ပြည့်လျက် ရှိလေ၏။

စတက်ဟတ်စ်သည် ကျွန်ုပ်အား တောင်ကုန်း တစ်ခုပေါ်ရှိ တို သစ်ကလေး တစ်လုံးဆီသို့ ခေါ်သွားလေ၏။

'အဲဒ္ဒဝါရိပ်သာတဲ့ဗျ၊ ဘယ်လာမီက သူ့အိမ်ကို ပေးထားတဲ့ ထောင့်မှာ လေသာဆောင် အမြင့်ကလေး ထုတ်ထားပြီး သင်ပုန်းကျော ထားတဲ့ တိုက်အိမ်ကလေးလေ၊ အင်း လက်ဖဝါး ခြေဖဝါးက ထလာ





ယောက် အဖို့တော့ ဒီလောက် အခြေအနေ ရောက်လာရင်လည်း နည်း ထားဗျာ၊ ဒါပေမဲ့ အလို၊ ဟိုမှာ ကြည့်စမ်းဗျို့'

ခြံဝင်း တံခါးသည် ပွင့်လာကာ အဝမှ လူ တစ်ယောက် ထွက်လာသေ ပိန်ချုံးသော မျက်နှာ၊ ရှည်ကိုင်းသော အရုပ်တို့ကို ကြည့်လိုက်ခြင်းအား ထိုလူမှာ ဆရာ မားဒေါ့ ဖြစ်ကြောင်းကို ချက်ချင်း သိနိုင်ပေ၏။ ခဏ ကြာတွင် ကျွန်ုပ်တို့ နှစ်ယောက်နှင့် သင်္ချာဆရာ မားဒေါ့သည် လမ်းပေါ်တွင် ပင်း တိုးလျက် ရှိကြလေ၏။

'ဟလို' ဟု စတက်ဟတ်စ်က နှုတ်ဆက်သည့် အခါတွင် သင်္ချာ ဆရာ သည် ကျွန်ုပ်တို့အား ခေါင်းညိတ်ရုံသာ ညိတ်ပြပြီး နက်မှောင်သော မျက်လုံး ဖြင့် မလုံမလဲ လှမ်းကြည့်ကာ ရှောင်ထွက်သွားမည် ပြုသဖြင့် ကျောင်းအုပ် ကြီး စတက်ဟတ်စ်က သူ့ကို လှမ်းဆွဲထားလိုက်လေ၏။

'ဆရာ မားဒေါ့၊ ဘာလာ လုပ်နေတာလဲ'

မားဒေါ့၏ မျက်နှာသည် ဒေါသကြောင့် နီရဲလျက် ရှိလေ၏။

'ကျွန်တော်က ဆရာကြီးရဲ့ လက်အောက် လူပါပဲ၊ ဒါပေမဲ့ ကျွန်တော့် ကိုယ်ရေးကိုယ်တာ ကိစ္စနှင့် ပတ်သက်လို့ ဆရာကြီးကို ရှင်းပြစရာ အကြောင်း ဘာမှ မရှိဘူး ခင်ဗျ'

စတက်ဟတ်စ်မှာ အဖြစ်အပျက်ကြောင့် စိတ် ထိခိုက်လျက် ရှိလေပြီ။ အခြားအချိန်ဆို သည်းခံကောင်း သည်းခံမည် ဖြစ်သော်လည်း ယခု အချိန်တွင် သည်းမခံနိုင်တော့ချေ။ ထို့ကြောင့် ချုပ်တည်းခြင်းငှာ မစွမ်းနိုင်တော့ဘဲ

'ဆရာ မားဒေါ့၊ ခင်ဗျား ဘာစကား ပြောတာလဲ၊ စော်ကားတာပေါ့ လား'

'ကျွန်တော့် စကားဟာ စော်ကားတဲ့ စကား ဆိုရင် ဆရာကြီး မေးခွန်း လည်း စော်ကားတဲ့ မေးခွန်းပဲဗျ'

'ခင်ဗျား ကျုပ်ကို ခံတန်တန် လုပ်တာ ဒီ တစ်ကြိမ်တွင် မကတော့ဘူး၊ ကြိမ် သုံးကြိမ် ရှိနေပြီ၊ ဒါ နောက်ဆုံး အကြိမ် သည်းခံခြင်းပဲ၊ ခုလောလော မှာ ခင်ဗျား အလုပ် ပြောင်းဖို့ စီစဉ်ပါ၊ ဒါပဲ'

'ကျွန်တော်ကလည်း ထွက်မလို့ လုပ်နေတာ ကြာပါပြီ၊ ဆရာ မက်ဖာ ရှိနေလို့ ကျွန်တော် ဒီလောက် ကြာကြာ နေတာပါ၊ ခုတော့ ဆရာ မက်ဖာ လည်း မရှိတော့ဘူး၊ ဆရာကြီး ကျောင်းမှာလည်း ကျွန်တော် မနေချင်တော့ ထွက်မှာပါ၊ စိတ်ချပါ'



www.burmeseclassic.com

www.burmeseclassic.com



မားဒေါ့သည် ချာခနဲ လှည့်ထွက်သွားလေရာ စတက်ဟတ်စ်မှာ စိန်းကြီး ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

'တော်တော် လူပါး ဝတဲ့ လူဗျာ'

ကျွန်ုပ် စိတ်ထဲတွင် ပထမဆုံး ဖြစ်ပေါ်လာသည့် အချက်မှာ မားဒေါ့သည် ရာဇဝတ်မှု ဖြစ်ပွားရာ ဒေသမှ အမြန်ဆုံး ထွက်ပေါက် ရှောင်ထွက်သွားသည် ဆိုသည့် အချက် ဖြစ်လေ၏။ ကျွန်ုပ် စိတ်ထဲတွင် ဝါးတား သံသယ စိတ်တို့သည် ပေါ်လာခဲ့လေပြီ။ သို့ရာတွင် ဘယ်လာမီ အိမ်သို့ ရောက်သည့် အခါတွင်မူ ထိုကိစ္စနှင့် ပတ်သက်၍ အချက်အလက် များသည် ရှင်းလင်းသွားတန် ကောင်းသည်ဟု ယူဆမိပေ၏။ ခဏ ကြာ ကျွန်ုပ်တို့ နှစ်ယောက်လည်း အိမ်ထဲသို့ ဝင်ခဲ့ကြလေ၏။

မစ္စတာ ဘယ်လာမီမှာ နီရဲသော မုတ်ဆိတ်တို့ ရှိသည့် လူလတ် အရွယ် လူ တစ်ယောက် ဖြစ်လေ၏။ သူ့ကို ကြည့်ရသည်မှာ အလွန် ဒေါသ ထွက်နေဟန် ရှိလေ၏။ ခဏ ကြာသည့် အခါတွင်မူ သူ့မျက်နှာသည် သူ့ မုတ်ဆိတ်ကဲ့သို့ နီရဲလာခဲ့လေပြီ။

'တော်ပြီဗျ၊ အသေးစိတ်တွေကို လာ ပြောမနေကြနှင့်၊ မက်ဖာဆန် ဆိုတဲ့ လူဟာ ကျွန်တော့် သမီးကို သက်သက် စော်ကားတာ၊ ကျွန်တော် မဟုတ်ဘူး၊ ကျွန်တော့်သားကလည်း မခံနိုင်ဘူး' ဟု ဆိုကာ အခန်းထောင့်မှ မျက်နှာထား ဆိုးဆိုးဖြင့် ထိုင်နေသည့် ကြီးမိုင်သော လူရွယ် တစ်ယောက်ကို လက်ညှိုး ထိုးပြလေ၏။

'ရှင်းရှင်း ပြောမယ်ဗျာ၊ လက်ထပ်ဖို့ ဆိုတဲ့ စကားမျိုးကို တစ်ခါမှ မပြောဖူးဘူး၊ ခုတော့ စာတွေ ရေးလို ရေး ချိန်းတွေ့လို တွေ့နှင့်၊ ကျွန်တော် တို့ အနေနှင့် နည်းနည်းမှ သည်းမခံနိုင်ဘူး၊ ကျုပ် သမီးမှာ အမေ မရှိဘူး ကျွန်တော်ပဲ အမေ ကျွန်တော်ပဲ အဖေပဲ၊ ဒီတော့ ကျွန်တော်ကတော့ ပြတ်ပြတ် သားသား ဆုံးဖြတ်ပြီးပြီ'

သို့ရာတွင် အမျိုးသမီးကလေး ကိုယ်တိုင် ထွက်လာသည့် အခါ မစ္စတာ ဘယ်လာမီမှာ စကားကို ဆုံးအောင် မပြောနိုင်တော့ချေ။ မစ္စ ၏ ရုပ်ရည်မှာ မြင်ရသူတို့ ငေးကြည့်ရလောက်အောင် ချောမောသည် ဆိုလျှင် ဘာမျှ အငြင်းပွားဖွယ် မရှိချေ။ ဤမျှ လှပ သန့်ရှင်းသည့် ပန်းပွင့် တစ်ပွင့်သည် ဤလို နေရာမျိုးတွင် ဤလို အဖြစ်မျိုးမှ ပေါ်ထွက် ဖူးပွင့်လာ ဟု မည်သူ ထင်မည်နည်း။





ကျွန်ုပ်၏ ဦးနှောက်သည် ကျွန်ုပ်၏ နှလုံးသားကို အမြဲတမ်း ဖိုးနှိုး ချုပ်ကိုင်ထား လျက် ရှိသည့် အတွက် ကျွန်ုပ်သည် အမျိုးသမီးများကို စိတ်ဝင်စားခြင်း မရှိ သည့်တိုင် သူ၏ နူးညံ့သည့် အလှသွေးထဲတွင် ရှိသော ကျေးလက်၏ လတ် ဆတ် ပျိုမျစ်ခြင်းနှင့် ကြည်လင်၍ ကျက်သရေ ရှိသော မျက်နှာကို မြင်လိုက် သည့် အခါတွင် မည်သည့် ယောကျ်ားပျိုမှ နောက်တစ်ခါ လှည့်မကြည့်ဘဲ နေနိုင်ကြောင်းကို သတိ ပြုလိုက်မိလေ၏။ ယခု ထိုမိန်းမပျိုသည် တံခါးကို ဖွင့်၍ အခန်းဝတွင် ရပ်လျက် ရှိကာ ကျောင်းအုပ်ဆရာကြီးအား မျက်လုံးကလေး ဝိုင်းသားဖြင့် ကြည့်လျက် ရှိလေ၏။

'ဆရာ မက်ဖာဆန် သေသွားပြီ ဆိုတာ ကျွန်မ သိပြီးပါပြီရှင်၊ အသေး စိတ် ဘယ်နည်း ဘယ်ပုံ ဖြစ်တယ် ဆိုတာကို သိပါရစေ၊ ကိစ္စ မရှိပါဘူး၊ ပြော ပြပါတယ်၊ မစိုးရိမ်ပါနှင့်'

'ဟောဒီက ညည်းလူတွေကို ထပ် အပြောခိုင်းဦး၊ အရှင်းခိုင်းဦး'

'ဘာဆိုင်လို့လဲ အဖေရဲ့၊ သူတို့ ဘာသာ သူတို့ ဖြစ်တဲ့ ကိစ္စ ညီမလေး ဘာဖြစ်လို့ ဆွဲ ဆွဲ ထည့်ရမှာလဲ' ဟု အစ်ကို လုပ်သူက ဒေါသတကြီးဖြင့် အော်လိုက်လေ၏။

ထိုအခါ မိန်းမပျိုသည် အစ်ကိုဘက်သို့ လှည့်လျက်

'ဒီမှာ ဝီလျံ၊ ဒါ ညီမလေး ကိစ္စ၊ ဒီတော့ ညီမလေး ကိစ္စကို ကိုယ့်ဘာ သာကိုယ် ရှင်းမယ်၊ ဘာမှ ဝင် မရှုပ်ကြပါနှင့်၊ ဘာပြောပြော ရာဇဝတ်မှုကြီး တစ်မှုကတော့ ဖြစ်နေပြီ၊ လူသတ် တရားခံကို ကျွန်မ ဖော်ထုတ်နိုင်ရင် အသတ် ခံရသူ အတွက် အကောင်းဆုံး လုပ်ပေးတာနှင့် အတူတူပဲ'

မော်ဒီသည် ဆရာကြီး ပြောပြသည့် အဖြစ်အပျက်ကို နားထောင်လျက် နေ၍ သူ့ အမူအရာမှာ များစွာ တည်ငြိမ်လေရကား လှသလောက် စိတ်ဓာတ် ကြံ့ခိုင်သူ တစ်ဦး ဖြစ်ပါပေသည်ဟု မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်မိပေ ၏။ မော်ဒီ ဘယ်လာမီသည် ကျွန်ုပ်၏ တစ်သက်တာတွင် အထူးခြားဆုံး မိန်းမ တစ်ဦး အနေဖြင့် သတိ ရနေတော့မည်သာ ဖြစ်ပေ၏။ မိန်းမပျိုသည် ကျွန်ုပ် ကို မြင်ရုံမျှဖြင့် သိလိုက်ဟန် တူပေ၏။

ကျွန်ုပ်ဘက်သို့ လှည့်လိုက်ကာ

'စုံထောက်ကြီးရယ် တစ်ဆိတ် တရားသဖြင့် ဖြစ်အောင် လုပ်ပေးပါ ရှင်၊ ဘယ်သူတွေ တရားခံဖြစ်ဖြစ် တရားသဖြင့် ဖြစ်အောင်သာ လုပ်ပေးပါ၊ ကျွန်မ တတ်နိုင်သမျှ ကူပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောလိုက်စဉ် မိန်းမပျိုသည် သူ့ အဖေနှင့် အစ်ကိုတို့ကို အ သော အကြည့်ဖြင့် ကြည့်လျက် ရှိသည်ဟု ကျွန်ုပ်စိတ်တွင် ထင်လိုက်မိ

'အေး ကျေးဇူး တင်ပါတယ် ကလေးမရယ်၊ ဒီလို ကိစ္စမျိုးမှာ တ အရာတွေထက် မိန်းမတွေရဲ့ ပကတိ ဉာဏ်ကို ကျုပ် အားကိုးပါတယ်၊ မင်း ဘယ်သူတွေလို့ သုံးသွားတယ်နော်၊ ဒီအတိုင်း ဆိုရင် တစ်ယောက်ထက် ပို ဆိုတဲ့ အဓိပ္ပာယ်ပေါ့'

'ဆရာ မက်ဖာဆန်ကို ကျွန်မ ကောင်းကောင်း သိပါတယ်ရှင်၊ အ မတန် သတ္တိ ကောင်းပြီး အင်မတန် ကိုယ်လက် ကြံ့ခိုင်တဲ့ လူတစ်ယော သူ့ကို လူတစ်ယောက်တည်းနှင့် ဒီလို လုပ်လို့တော့ မရပါဘူး'

'ကျုပ် မင်းနှင့် နှစ်ယောက်ချင်း စကား ပြောချင်တယ်'

'ဟော့ ရှုပ်ရှုပ်ယှက်ယှက် ဝင်မလုပ်နှင့်နော်' ဟု အဖေက ဒေါသတ ဖြင့် အော်လိုက်လေ၏။

'ကျွန်မ ဘာလုပ်ရမလဲ စုံထောက်ကြီးရယ်' ဟု ကျွန်ုပ်ကို ကြ အားကိုးတကြီးဖြင့် မေးလေ၏။

'ခဏ ကြာရင် အချက်အလက်တွေ အားလုံး သိကြတော့မှာပဲ၊ ဒီ ဒီ အကြောင်းတွေကို ဒီမှာ ဆွေးနွေးရင်လည်း ကိစ္စ မရှိပါဘူး၊ ဖြစ်ပါတ ကျုပ်ကတော့ ဒီကိစ္စကို နှစ်ယောက်ချင်း ဆွေးနွေးချင်တာပဲ၊ သို့သော်လ ခွင့်မပြုနိုင်ဘူး ဆိုရင်တော့ ခင်ဗျားလည်း ဝင် ဆွေးနွေးနိုင်ပါတယ်လေ'

ထို့နောက် ကျွန်ုပ်က သေသူ၏ ကိုယ်ပေါ်မှ တွေ့သည့် စာ အကြော ကို ပြောပြလေ၏။

'ပုလိပ်က စွဲချက် တင်သင့် မတင်သင့် ရုံးတော်ကို တင်တဲ့ အခါ တော့ ဒီစာကို သက်သေခံ ပစ္စည်း အဖြစ် တင်ရလိမ့်မယ်ဗျ၊ ဒီတော့ အဲဒီ နှင့် ပတ်သက်လို့ ကျုပ်တို့ကို ဘာများ ပြောပြနိုင်မလဲ'

'မပြောနိုင်စရာ မရှိပါဘူးရှင်၊ ကျွန်မတို့ချင်း လက်ထပ်ဖို့ စေ့စပ် ပြီးသားပါ၊ ဒါပေမဲ့ မက်ဖာဆန့်ရဲ့ ဦးလေး တစ်ယောက်က သိပ် မကျန်း ဖြစ်ပြီး သေကောင်ပေါင်းလဲ ဖြစ်နေလေတော့ သူ သဘော မတူတဲ့ မိန်းက မျိုးနှင့် လက်ထပ်မယ် ဆိုရင် အမွေ ဖြတ်မယ်လို့ ပြောထားတာနှင့် ဒီကိ လျှို့ဝှက်ထားတာပါ၊ တခြား အကြောင်းတော့ မရှိပါဘူး'

'တို့ကို ဘာဖြစ်လို့ မပြောသလဲဟင်' ဟု မစ္စတာ ဘယ်လာမီက အ လိုက်လေ၏။





'အဖေတို့က စာနာစိတ် ထားရင် ပြောမလို့ပါပဲ'

'ဟော့ ဒီကိစ္စမှာ ရှင်းရှင်း ပြောလိုက်မယ်၊ ကိုယ်နှင့် အဆင့်အတန်း တူတာကိုပဲ စိတ်ကူးပါ၊ ကိုယ်နှင့် အဆင့်အတန်း မတူတဲ့ အနုပ်စုတ် ကုပ်ခုဘ် ကျောင်းဆရာမျိုးကို သဘော မတူနိုင်ဘူးဟေ့၊ ဒါပဲ'

'အဖေတို့က ဒီလို လေသံမျိုး ထွက်နေလို့ ကျွန်မ မပြောတာဘဲ၊ သူ့ မှာ တွေ့ရတဲ့ စာနှင့် ပတ်သက်လို့ကတော့'

မော်ဒီသည် အိတ်ထဲမှ တွန့်ကြေနေသည့် စာရွက် တစ်ရွက်ကို ထုတ်ယူ ပိတ်လျက်

'ဟောဒါက သူ့ဆီက ပြန်စာပါရှင်'

အင်္ဂါနေ့ နေဝင်ချိန်လောက်တွင် သောင်စပ်က အရင် နေရာဟောင်း ကို လာခဲ့ပါ။ ထိုအချိန်ကျမှ ကိုယ် အားမည်။

မက်ဖာဆန်

ကျွန်ုပ်က စာရွက်ကို နောက်ကျောဘက်သို့ လှန်ကြည့်လိုက်ရင်း

'စာတိုက်က လာတာ မဟုတ်ဘူးနော်၊ ဒီစာကို ဘယ်လို လုပ်ပြီး ရတာ လဲ'

'ဒီမေးခွန်းကိုတော့ မဖြေပါရစေနှင့်ရှင်၊ ဘယ်နည်း ဘယ်ပုံ ရသလဲ ဆိုတာက စုံထောက်ကြီး စုံစမ်းနေတဲ့ အကြောင်းနှင့် သိပ်ပြီး သက်ဆိုင်လှမယ် မဟုတ်ပါဘူး၊ ဒါပေမဲ့ သက်ဆိုင် လာရင်တော့ မေးချင်တာ မေးပါ၊ ကျွန်မ ဖြေပါ့မယ်'

သူငယ်မသည် သူ့ကတိ အတိုင်း ကျွန်ုပ် မေးသမျှကို အားလုံး ဖြေဆို ခြင်း ပြုလေ၏။ သို့ရာတွင် သူ ပြောသည့် အဖြေများထဲ၌ ကျွန်ုပ်တို့၏ စုံစမ်း ထောက်လှမ်းမှုကို အထောက်အကူ ပြုသည့် အရာ ဆို၍ ဘာမျှ ထူးထူးခြားခြား မပါရှိချေ။

မက်ဖာဆန်သည် ရန်သူ ရှိသည် ဟူ၍ မထင်မိကြောင်း၊ သို့ရာတွင် သူ့ကို အကြီးအကျယ် ပိုးပန်းနေသူများ အများအပြား ရှိကြောင်းဖြင့် ဝန်ခံ ပြောဆို သွားလေ၏။

'အဲဒီ ပိုးပန်းတဲ့ သူတွေထဲမှာ ဆရာ မားဒေါ့များ ပါသေးသလား' ဟု ကျွန်ုပ်က မေးလိုက်သည့် အခါတွင် အမျိုးသမီးမှာ မျက်နှာ တစ်ချက် ပျက် သွားကာ

'တစ်ခါတုန်းကတော့ ပိုးပန်းခဲ့ဖူးတယ် ထင်တာပဲ၊ ဒါပေမဲ့ ကျွန်မနှင့်



www.burmeseclassic.com

www.burmeseclassic.com



မက်ဖာဆန်တို့ အကြောင်းကို သိသွားတော့ သူလည်း နောက်ဆုတ်သွား လို့ ထင်ပါတယ်'

ထိုစကား ကြားလိုက်ရသည့် အခါ၌ မားဒေါ့ ဆိုသည့် လူ ခ ဆန်းနှင့် ပတ်သက်၍ ကျွန်ုပ်၏ သံသယမှာ ကြီးလာခဲ့ပြန်လေ၏။ သို ကား မားဒေါ့၏ ရာဇဝင်ကို ပြန်လှန် စစ်ဆေးရန်၊ သူ့အခန်းကို တိတ်တ ရှာဖွေရန် လိုအပ် လာခဲ့လေပြီ။ ကျောင်းအုပ်ကြီး စတက်ဟတ်စ်က သံသယ ကြီးသည်ထက် ကြီးလာသည့် အတွက် ကျွန်ုပ်ကို ကူညီရန် သ တူလေ၏။ သို့ဖြင့် ကျွန်ုပ်တို့သည် ရိပ်မြုံမှ ပြန်လာခဲ့ကြလေ၏။ ချည်ခ ထဲမှ လွတ်နေသော အစ တစ်စကိုကား ကောက်ကိုင်မိလျက်သား ရှိနေသေ

ရက်သတ္တပတ်ခန့် ကြာမြင့်ခဲ့လေပြီ။ ပုလိပ် စစ်ဆေးချက်တွင်လည်း သ အကြောင်း မထူးသဖြင့် နောက်ထပ် သက်သေခံ အထောက်အထား ခိုင် လုံလုံ တင်ပြရန် ရက်ချိန်း တောင်းရလေ၏။ ကျောင်းအုပ်ကြီး စတက်ဟ သည် သူ့လက်ထောက် ကျောင်းဆရာများ အားလုံး၏ အကြောင်းကို တဆိတ် စုံစမ်းလျက် ရှိပြီး မားဒေါ့၏ အခန်းကိုလည်း အကြမ်းဖျင်း ရှာ ကြည့်ခဲ့သေးသည့်တိုင် ဘာမျှ ထူးထူးခြားခြား မတွေ့ရချေ။ ကျွန်ုပ် ကိုယ် ကလည်း ထိုအမှု အကြောင်းကို စိတ်ရော ကိုယ်ပါ လိုက်လံ စုံစမ်းသော နောက်ထပ် အချက်အလက် အသစ် တစ်စုံတစ်ရာ မတွေ့ရချေ။ ကျွန်ုပ် ခဲ့သည့် အမှုများ အားလုံးလောက်၌ ဤမျှ အကြံကုန် ဉာဏ်ကုန် ဖြစ် အမှုမျိုး တစ်မှုမျှ မရှိခဲ့သေးသည်ကို စာဖတ်သူများ သတိပြုကောင်း လိမ့်မည်။ ကျွန်ုပ်သည် အစွမ်းကုန် ကြံစည် စဉ်းစားသည့်တိုင် ထို အ ပတ်သက်သည့် သဲလွန်စကို ရှာမရနိုင်ဘဲ ဖြစ်လျက် ရှိပေ၏။

ထိုသို့ ရှိနေစဉ် ခွေး ကိစ္စ ပေါ်လာလေ၏။

ကျွန်ုပ်၏ ထမင်းချက်သည် ကျေးတော ထုံးစံ အတိုင်း ဈေး ဝိုင် လက် သတင်း မျိုးစုံကို ရရှိခဲ့လေရာ ထိုခွေးကလေး အကြောင်းကိုလည်း လာခဲ့ ရလေ၏။

'ဆရာကြီးရေ၊ ဆရာ မက်ဖာဆန်ရဲ့ ခွေးကလေး အကြောင်းကို ကြ တာ စိတ်မကောင်းလိုက်တာရှင်' ဟု တစ်ညနေတွင် ကျွန်ုပ်အား ပြော ၏။





ကျွန်ုပ်မှာ အတင်းအဖျင်း သတင်းကို နားထောင်လေ့ မရှိသည့်တိုင် စကားများကို ကြားရသည့် အခါတွင် စိတ်ဝင်စား သွားလေ၏။

'မက်ဖာဆန်ရဲ့ ခွေးက ဘာဖြစ်လို့လဲ အဒေါ်ကြီးရဲ့'

'သေသွားတယ်ရှင်၊ သခင်ကို လွမ်းလို့ မစားနိုင် မသောက်နိုင်ဘဲ သေ ရှာတယ်'

'ခင်ဗျား ဘယ်က ကြားလာတာလဲ'

'ဒီလိုပဲ ပြောနေကြတယ်ရှင့်၊ တစ်ပတ်လုံးလုံး အစားလည်း မစားဘူး ဒီနေ့ မနက်ကျတော့ ကျောင်းသားလေး နှစ်ယောက် သောင်စပ် ထွက်သွား တော့ သူ့သခင် သေတဲ့ နေရာမှာ ခွေးကလေး သေနေတာကို တွေ့ရသတဲ့'

'သူ့ သခင် သေတဲ့နေရာ' ဆိုသည့် စကားလုံးများသည် ကျွန်ုပ် နားထဲမှ ကျွက်တော့ချေ။ ထိုကိစ္စသည် ပေါ့သေးသေး ကိစ္စ မဟုတ်ကြောင်း ကျွန်ုပ် လိုက်လေပြီ။ ခွေးတို့ မည်သည် အလွန် သစ္စာ ရှိသည့် သတ္တဝါမျိုး ဖြစ်ရာ ခင် သေပြီးသည့် နောက်တွင် ခွေးလည်း သေနိုင်သည် ဆိုသည့် အချက်ကို ကျွန်ုပ် သိပြီး ဖြစ်၏။ သို့ရာတွင် 'သူ့ သခင် သေတဲ့ နေရာမှာ' ဆိုသည့် စကားမှာ အနည်းငယ် ဆန်းသည်ဟု စိတ်တွင် ထင်လိုက်မိ၏။ ဤသောင် သည် အဘယ်ကြောင့် သေခြင်းနှင့် ဆက်စပ် နေရလေသနည်း။ ဤနေရာ သည် လက်စားချေသော ရန်ပွဲမျိုးနှင့် မည်သို့ သက်ဆိုင် နေလေသနည်း။ ဟုတ်လျှင်လည်း ....။ ကျွန်ုပ် စိတ်ထဲတွင် ဝိုးတိုးဝါးတား ဖြစ်နေသည့် ရေးရေးပေါ်စ ပြုလေပြီ။

ခဏ ကြာသည့် အခါတွင် ကျွန်ုပ်သည် ကျောင်းဘက်သို့ လျှောက် ခဲ့ရာ ရုံးခန်းထဲတွင် ကျောင်းအုပ်ကြီး စတက်ဟတ်စ်ကို တွေ့ရလေ၏။ ကျွန်ုပ်၏ မေတ္တာ ရပ်ခံချက် အရ ခွေးသေကို တွေ့ခဲ့သည် ဆိုသော ဆူဗယ် နှင့် ဘလုန့် အမည်ရှိ ကျောင်းသားကလေး နှစ်ယောက်ကို အခေါ်ခိုင်းလိုက် သေ၏။

ကျောင်းသားကလေး တစ်ယောက်က

'ဟုတ်တယ် ခင်ဗျ၊ ခွေးက ရေအိုင်ကလေးရဲ့ အစွန်မှာ သေနေတာ၊ သူ့ သခင် အနံ့ ရှိရာ အတိုင်း လိုက်သွားဟန် တူတယ်'

ကျွန်ုပ်သည် ကျောင်းခန်းထဲရှိ ဖျာ တစ်ချပ်ပေါ်တွင် စန့်စန့်ကလေး သေနေသော အဲရီဒယ်လီ တယ်ရီးယား ခွေးမျိုးကလေးကို သွားကြည့်လေ၏၊ ကိုယ်မှာ တောင့်တင်းလျက် ရှိလေပြီ။ မျက်လုံး ပြူးထွက်လျက် ရှိပြီး ခြေ



www.burmeseclassic.com

www.burmeseclassic.com



လက်တို့ ကောက်ကွေးလျက် ရှိလေ၏။ ပြင်းပြသော ဝေဒနာကို ခံစား သေသွားခြင်း ဖြစ်ဟန် ရှိပေ၏။

ကျွန်ုပ်သည် ကျောင်းဘက်မှ နေ၍ သောင်စပ်ရှိ အိုင်သို့ ဆင်း လေ၏။ နေဝင်လုဆဲ ဖြစ်သည့် အတွက် မည်းနက်သော ကမ်းပါး အရိပ် သည် ရေပေါ်သို့ ထိုးကျလျက် ရှိလေရာ ရေပြင်သည် ခဲသားကဲ့သို့ မည်း တောက်ပြောင်လျက် ရှိပေ၏။ ထိုနေရာ တစ်ဝိုက်တွင် လူသူ ကင်းရှင်း ရှိပြီး ကျွန်ုပ် အနီးတွင် တကျည်ကျည် အော်မြည် ပျံဝဲနေသည့် ပင် စင်ရော် ငှက်နှစ်ကောင်မှ အပ အသက် ရှိသော သတ္တဝါ ဆို၍ ဘာမျှ မ ရချေ။ သူ့သခင်၏ မျက်နှာသုတ် ပဝါ တင်ထားခဲ့ရာ ကျောက်ဆောင် သောင်ပြင်ပေါ်တွင် ခွေးခြေရာကလေးများကို ဖျော့တော့တော့ အလင်း တွင် မြင်ရလေ၏။

ကျွန်ုပ်သည် ထိုနေရာတွင် ရပ်ရင်း စဉ်းစားလျက် ရှိစဉ် အရိပ် မည်းနက်သည်ထက် မည်းနက်လာခဲ့လေပြီ။ ကျွန်ုပ်၏ စိတ်ထဲတွင်မူ အ မျိုးစုံတို့သည် ယောက်ယက် ခတ်လျက် ရှိပေ၏။ မိမိ လိုက်လံ ရှာဖွေနေ အရာကို မြင်နေ သိနေပါလျက် ထိုအရာကို မမိနိုင်ဘဲ ဖောချွေးတွေ ပြန် သည့် အဖြစ်မျိုးကို ခြောက်အိပ်မက်ထဲတွင် တွေ့ဖူးကြလိမ့်မည် ဖြစ်ရာ ကျွန်ုပ် အဖြစ်မှာလည်း ထိုအဖြစ်နှင့် အလားတူ ဖြစ်လျက် ရှိပေ၏။ ထိုနောက်တွင် ကျွန်ုပ်သည် သောင်စပ်မှ အိမ်ဘက်သို့ ပြန်တက်လာခဲ့လေ၏။

အိမ်ဘက်သို့ ပြန်လာခဲ့ရာ ကမ်းပါး ထိပ်သို့ ရောက်သည့် အခါတွင် ထိုအရာကို ကျွန်ုပ် သိလိုက်လေပြီ။ ကျွန်ုပ် အမောတကော လိုက်လံ ရှာဖွေ သော်လည်း ကျွန်ုပ် မတွေ့ခဲ့သည့် အရာသည် ခေါင်းထဲသို့ လက်ခနဲ ဝင်ရောက် လာခဲ့လေပြီ။

ကျွန်ုပ်သည် နည်းစနစ်ကျကျ မဟုတ်သော်လည်း ကျွန်ုပ်၏ လုပ်ငန်း တွင် အသုံးကျနိုင်သော ကိစ္စ တော်တော်များများတွင် စပ်စပ် စပ်စပ် သိ တစ်ယောက် ဖြစ်ကြောင်းကို ဒေါက်တာ ဝပ်ဆင် မကြာခဏ ရေးခဲ့ဖူးသည် အတွက် စာဖတ်သူများ သိပြီး ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်၏ ဦးနှောက်သည် လီမုတ်စတို့ ထည့်ထားသည့် ပစ္စည်းဟောင်း ထည့်စရာ စတိုခန်း တစ်ခန်းနှင့် တူ၏။ ပစ္စည်းတွေ များလွန်းသည့် အတွက် တစ်ခါတစ်ရံတွင် အထဲ၌ မည်သည့် ပစ္စည်း ရှိမှန်းပင် ကောင်းကောင်း မသိတော့ချေ။

ဤအမှုနှင့် ပတ်သက်၍ တစ်နည်းနည်း သက်ဆိုင်မည့် အရာ တစ်ခု





ကျွန်ုပ် သိနေသည်ဟု စိတ်ထဲတွင် ထင်လျက် ရှိလေ၏။ ထိုအရာသည် ရှင်းရှင်း ကောင်း၍ မယုံနိုင်စရာ ကောင်းသည့်တိုင် မဖြစ်နိုင်ဟု မည်သည့် နည်း ဖြင့်မျှ မပြောနိုင်ချေ။ ထို့ကြောင့် ကျွန်ုပ်သည် ထိုအရာကို စမ်းသပ် စစ်ဆေး ကြည့်ရန် ဆုံးဖြတ်လိုက်လေ၏။

ကျွန်ုပ်၏ အိမ်ကလေးရှိ အခန်း တစ်ခန်းမှာ စာအုပ်များဖြင့် ပြည့် နေလျက် ရှိ၏။ ကျွန်ုပ်သည် ထို အခန်းကလေးထဲသို့ ဝင်ကာ တစ်နာရီ ကြာမျှ မွှေနှောက်နေမိလေ၏။ တစ်နာရီခန့် ကြာသည့် အခါတွင်မူ ကျွန်ုပ် သည် ချောကလက်ရောင် သားရေဖုံးဖြင့် ငွေမင် သုတ်ထားသည့် စာအုပ် ကလေး တစ်အုပ်ကို ကိုင်၍ ထွက်လာခဲ့လေ၏။ ကျွန်ုပ်သည် ခပ်ရေးရေးသာ မှတ်မိသော ထိုစာအုပ်ပါ အခန်း တစ်ခန်းကို လှန်လှော ရှာဖွေနေမိလေ၏။ ကျွန်ုပ်၏ အတွေးကို စာဖတ်သူများ ကြားလျှင် ဝေးလွန်းလှချည့် အတွေး ခေါင် လွန်းလှချည့်ဟု ပြောကောင်း ပြောကြမည် ဖြစ်သော်လည်း ထိုအချက်ကို စမ်း သပ် မကြည့်ရလျှင် ကျွန်ုပ် စိတ်ထဲတွင် ကျေနပ်နိုင်မည် မဟုတ်သည့် အတွက် ထိုစာမျက်နှာကိုသာ လှန်လှောလျက် ရှိလေ၏။ ထို့နောက် ကျွန်ုပ်သည် မနက် ဖြန် အတွက် စီစဉ်စရာ ရှိသည်တို့ကို စီစဉ်ပြီးလျှင် အိပ်ရာသို့ ဝင်ခဲ့လေ၏။

သို့ရာတွင် ကျွန်ုပ် လုပ်မည့် စမ်းသပ်မှုမှာ စိတ်ပျက်စရာ ကောင်းသည့် အနှောင့်အယှက်များနှင့် တွေ့ရလေ၏။ ကျွန်ုပ်သည် နံနက် လက်ဖက်ရည်ကို အမြန်းကတန်း သောက်ကာ ကမ်းစပ် သောင်ပြင်သို့ ထွက်မည် ပြုစဉ် ကျွန်ုပ် ထံသို့ ဆပ်ဆက် ပုလိပ် ဌာနမှ အင်စပက်တော် ဘာဒယ် ရောက်လာလေ၏။ ဘာဒယ်မှာ နွားသိုးလူး မျက်နှာကဲ့သို့ ရှိ၍ ခပ်မှန်မှန် ခပ်နေးနေး ဖြစ်ပြီးလျှင် ဆံနက် တည်ငြိမ်သော မျက်လုံးများ ရှိသူ တစ်ဦး ဖြစ်ပေ၏။ ဘာဒယ်သည် ကျွန်ုပ်ကို စိတ်ပျက်လက်ပျက်ဖြင့် ကြည့်လိုက်ရင်း

'စုံထောက်ကြီးမှာ အတွေ့အကြုံ အများကြီး ရှိတယ် ဆိုတာ ကျွန်တော် သိပါတယ် ခင်ဗျာ၊ ဒီတော့ ဒီစကားကို ကျွန်တော် တရားမဝင် ပြောတာပါ၊ ခု မက်ဖာဆန် အမှုကို ကိုင်ရတာ တော်တော်လေးကို ခက်နေပါတယ်၊ ကျွန်တော့် အဖို့ အရေး အကြီးဆုံးကတော့ ခု ဖမ်းရမလား မဖမ်းဘဲ နေရမလား ဆိုတာပဲ'

'ဘယ်သူ့ကို ဖမ်းရမှာလဲ၊ ဆရာ မားဒေါ့ကိုလား'

'ဘယ်သူ့ကို ဖမ်းစရာ ရှိသေးလို့လဲ ခင်ဗျာ၊ သူ့ကိုပဲ ဖမ်းရမှာပေါ့၊ ဒီ အချက်ကတော့ ကျွန်တော်တို့ တောက မြို့ထက် သာသွားပြီ ထင်တယ် ခင်ဗျာ



www.burmeseclassic.com

www.burmeseclassic.com



ဒီနား တစ်ဝိုက်မှာ နယ်က ကျဉ်းကျဉ်းကလေး ဆိုတော့ ဘာမဆို သိ တာပဲ၊ ခု ကျွန်တော်တို့ လိုက်ကြည့်ပြီး နယ်ကို ကျဉ်းလိုက်တဲ့ အခါ ဘယ်သူ့ကို ဖမ်းရမလဲ ဆိုတာ ထင်းထင်းကြီး ပေါ်နေပြီ ခင်ဗျ၊ ကဲ မက် ကို သူမှ မသတ်ဘူး ဆိုရင် ဘယ်သူ သတ်မလဲ ခင်ဗျ'

'သူ သတ်တယ်လို့ ပြောရအောင် ခင်ဗျားမှာ ဘာ အထောက်အ ရှိသလဲ'

ဘာဒယ်သည် ကျွန်ုပ် ကောက်သင်း ကောက်ခဲ့သည့် ထွန်ရေး အတိုင်း လိုက်၍ ကောက်သင်း ကောက်လာခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှား ၏။ မားဒေါ့၏ ခပ်ဆန်းဆန်း စရိုက်နှင့် မက်ဖာဆန် သေဆုံးပုံတို့ကို လိုက်လျှင် သူ့အပေါ်တွင် ထင်မည် ဆိုလျှင်လည်း ထင်စရာသာ ဖြစ် မက်ဖာဆန်၏ ခွေးကလေးကို ကောက်လွှင့်ပစ်ခဲ့သည့် သူ့အပြုအမူကို လျှင်လည်း ထိုအချက်ကို အထောက်အကူ ပြုလျက် ရှိလေ၏။ ထို့ပြင် ဖာဆန်နှင့် စကား များခဲ့ကြခြင်း၊ မော်ဒီ၏ ကိစ္စနှင့် ပတ်သက်၍ တစ် နှင့် တစ်ယောက် အဆင် မပြေနိုင်စရာ ရှိခြင်း စသည့် အချက်များက မားဒေါ့ အပေါ်သို့ ပိလျက် ရှိပေ၏။

ချုပ်ပြောရလျှင် ဘာဒယ်၏ တွေးလုံးများသည် ကျွန်ုပ် တွေးခဲ့ တွေးလုံးများသာ ဖြစ်ပြီး မားဒေါ့သည် ဤ နေရာမှ ထွက်သွားရန် ပြင် လျက် ရှိသည် ဆိုသည့် အချက်မှ လွဲလျှင် အသစ်အဆန်း ဆို၍ တစ်ခု မပါချေ။

'ခုကိစ္စမှာ သက်သေခံ အထောက်အထားတွေက သူ့ အပေါ်မှာ ပုံကျနေတယ် ခင်ဗျ၊ ဒီလို တွေ့နေပါလျက်နှင့် သူ့ကို လွတ်ထွက်ခွင့် ပေး ရင် ကျွန်တော် ညံ့ရာ ရောက်မှာပေါ့'

ကိုယ်လုံး ကိုယ်ပေါက် ထွားကျိုင်း၍ စကား နည်းသည့် အင် တော် ဘာဒယ်သည် စိတ်ရှုပ်လျက် ရှိ၏။ ကျွန်ုပ်က

'ခင်ဗျား ကောက်ချက်ထဲက အရေးကြီးတဲ့ ဟာကွက်ကြီးတွေကို စဉ်းစားကြည့်ဦးဗျ၊ အချင်း ဖြစ်တဲ့ မနက်တုန်းက သူ မရှိပါဘူး ဆိုတဲ့ လီဘိုင် ပြနိုင်တယ်၊ နောက်ဆုံး အချိန် အထိ သူဟာ စာသင်ခန်းထဲမှာ တ တွေနှင့် အတူ ရှိနေတယ်၊ မက်ဖာဆန် သောင်စပ်က တက်လာပြီး ကျ ရေ့ အရောက် လဲကျသွားလို့ မကြာခင်မှာ သူဟာ ကျုပ်တို့ နောက်က လာတယ်၊ မက်ဖာဆန်လောက် ကာယဗလ ကောင်းတဲ့ လူတစ်ယောက်





ာက် ပြင်းထန်တဲ့ ဒဏ်ရာမျိုး ရအောင် သူ တစ်ယောက်တည်း လုပ်နိုင်ခဲ့ ား ဆိုတာကလည်း စဉ်းစားစရာပဲ၊ နောက်ဆုံးကတော့ သတ်တဲ့ နေရာမှာ ုံးတဲ့ လက်နက်ပဲ'

'ဒီလက်နက်ဟာ ကျာပွတ်လိုလို ကြိမ်လုံး ပျော့ပျော့တို့လိုဟာမျိုး ဖြစ် ိမ့်မယ် ထင်တယ်ဗျ'

'အလောင်းပေါ်မှာ တွေ့တဲ့ အရာတွေကို ခင်ဗျား ကြည့်ပြီးပြီလား'

'ကြည့်ပြီးပြီ ခင်ဗျ၊ ဆရာဝန်လည်း ကြည့်ပြီးပြီ'

'ကျုပ်က မှန်ဘီလူးနှင့် သေသေချာချာ ကြည့်ပြီးပြီ၊ ဒဏ်ရာတွေက ာမန် ဒဏ်ရာ မဟုတ်ဘူးဗျ၊ ထူးခြားချက်တွေ ရှိတယ်'

'ဘယ်လို ထူးခြားချက်တွေလဲ မစ္စတာ ဟုမ်း'

ကျွန်ုပ်က ဗီရိုဆီသို့ သွားကာ ပုံကြီး ချဲ့ထားသည့် ဓာတ်ပုံ တစ်ပုံကို ုတ်ပြလေ၏။

'ဒီလို အမှုမျိုးမှာ ကျုပ် စုံစမ်းတဲ့ နည်းပဲဗျ'

'အင်း စုံထောက်ကြီး စေ့စပ်ပါပေတယ် ခင်ဗျာ'

'မစေ့စပ်ရင် ခုလို ရှားလော့ဟုမ်း ဆိုတဲ့ နာမည် တစ်လုံးနှင့် ဘယ် ဖြစ်လာမလဲဗျ၊ ကဲ ဒီတော့ ပေါဒီ ညာဘက် ပခုံးမှာ အရှိုး အရှိုးနှင့် လာထင် ေတဲ့ ဒဏ်ရာကို ကြည့်စမ်း၊ ဘာ ထူးခြားတာ တွေ့ရသလဲ'

'ကျွန်တော်တော့ ထူးထူးခြားခြား မတွေ့ရသေးဘူး ခင်ဗျ'

'တော်တော် ထူးတယ် ဆိုတာကတော့ ထင်ရှားတယ်ဗျ၊ ခန္ဓာကိုယ် ႏွံ့အပြားမှာ ညှစ်ထုတ်ထားတဲ့ သွေးစက်တွေကို တွေ့ရတယ်ဗျ၊ ပြီးတော့ ခြား ဒဏ်ရာတွေမှာလည်း အလားတူ ညှစ်ထုတ် ထားတာမျိုးတွေ တွေ့နေ ရတယ်၊ အဲဒါ ဘာအဓိပ္ပာယ်လဲ'

'ကျွန်တော့်မှာ ဒါနှင့် ပတ်သက်လို့ ဘာ အယူအဆမှ မရှိသေးပါဘူး ခင်ဗျာ၊ စုံထောက်ကြီးမှာကော အယူအဆ ရှိပါသလား'

'ရှိတယ်လို့လည်း ပြောနိုင်တယ်၊ မရှိဘူးလို့လည်း ပြောနိုင်တယ်၊ မကြာ ခင် ဆိုရင်တော့ ဒီထက် စုံစုံလင်လင် ပြောနိုင်လိမ့်မယ် ထင်ပါရဲ့၊ ဒီဒဏ်ရာ ဟာ ဘာဒဏ်ရာ ဖြစ်တယ် ဆိုတာကို ပြောနိုင်ပြီ ဆိုရင်တော့ ရာဇဝတ်ကောင် ို လိုက်ရှာလို့ ရနိုင်လောက်ပြီ အောက်မေ့တာပဲ'

ပုလိပ် အင်စပက်တော်က

'တော်တော်တော့ စဉ်းစားရ ကျပ်တဲ့ ကိစ္စပဲ ခင်ဗျာ သံဆန်ခါလို



www.burmeseclassic.com

www.burmeseclassic.com



ဟာမျိုးကို မီးဖုတ်ပြီး နောက်ကျောမှာ ကပ်တယ် ဆိုရင်လည်း ကျောမှာ နေတဲ့ အပြောက် အပြောက်တွေဟာ သံဆန်ခါချင်း ဆက်မိတဲ့ နေရာတွေ ယူဆရတာပဲ'

'အင်း ခင်ဗျား တွေးပုံလည်း သိပ်မဆိုးလှပါဘူး၊ သို့မဟုတ်ရင် သံနန်းကြိုးကလေးတွေကို ထုံး ထုံးပြီး ထားတဲ့ ကျာပွတ်လို ဟာမျိုးများ ဗျာ'

'အံမယ် ဟုတ်တယ် ခင်ဗျ၊ စုံထောက်ကြီး ပြောလိုက်တာက တောင် နီးစပ်သွားသေးတယ်'

'သို့မဟုတ်ရင်လည်း တခြား အကြောင်းများ ရှိသေးသလား၊ စားရဦးမှာပဗျာ၊ သို့သော်လည်း ဘာအထောက်အထားမှ မရှိသေးဘဲနှင့် ဖမ်းလို့ မရပေဘူးဗျ၊ ပြီးတော့ သေခါနီးမှာ မက်ဖာဆန်က ခြသေ့် လည်ဆံ စုတ်ဖွားကြီးလို့ ပြောသွားတာလည်း ရှိသေးတယ်'

'သူ့ နာမည်က အီယန် မားဒေါ့ ဆိုတော့ အီယန်ကို ပြောတာ လည်ဆံလို့များ ကြားလိုက်တာကော မဖြစ်နိုင်ဘူးလား စုံထောက်ကြီး'

'အင်း ဒီအချက်ကိုလည်း ကျုပ် စဉ်းစားမိပါတယ်၊ အကယ်၍ တခြား စကားလုံးတွေက မားဒေါ့နှင့် ဆင်တူယိုးမှား ဖြစ်နေတယ် ဆိုရင်တော့ စဉ်းစား ရတာ တော်တော်လေး လွယ်သွားပြီပေါ့လေ၊ သို့သော်လည်း ကျန်တဲ့ စကား လုံးတွေနှင့် ကျတော့ တစ်လုံးနှင့်မှ မတူပြန်ဘူးဗျ၊ သူက ကြောက်လန့်တကြား နှင့် အော်ပြောတာ ဖြစ်လေတော့ လည်ဆံမွေး စုတ်ဖွားကြီး ဆိုတဲ့ စကားလုံး ကို ကျုပ် ဒီအတိုင်း ကြားလိုက်ရတယ်'

'ဒီပြင်ကော စဉ်းစားစရာ အချက် မရှိတော့ဘူးလား မစ္စတာ ဟုမ်း'

'ရှိတော့ ရှိပါတယ်လေ၊ သို့သော်လည်း ကျုပ်မှာ ခိုင်ခိုင်မာမာ သေးတော့ သိပ် မဆွေးနွေးချင်သေးဘူး'

'ဒါဖြင့် ဘယ်လောက် ကြာမှ ဆွေးနွေးနိုင်မှာလဲ'

'တစ်နာရီ မရှိ တရှိလောက်ပေါ့ဗျာ'

အင်စပက်တော်သည် မေးကို ပွတ်လျက် ကျွန်ုပ်ကို သံသယ ဖြစ်သော မျက်လုံးများဖြင့် ကြည့်လျက် ရှိလေ၏။

'စုံထောက်ကြီး ဘာတွေကိုများ စဉ်းစားနေသလဲ ဆိုတာ ကျွန်တော် သိချင်လိုက်တာ ခင်ဗျာ၊ ပင်လယ် အစပ်မှာ ကွန် ပစ်နေတဲ့ တံငါ လှေတွေ များ ပတ်သက်နေမလား'





'မဟုတ်ပါဘူးဗျာ၊ သူတို့က ပင်လယ် အပြင်ဘက် အဝေးကြီးမှာ'

'ဒါဖြင့် ဘယ်လာမီတို့ သားအဖလား ခင်ဗျာ၊ မက်ဖာဆန်ကို သူတို့ သားအဖ နှစ်ယောက်က တစ်ခုခုများ လုပ်လေသလား'

ကျွန်ုပ်က ပြုံးလိုက်လျက်

'နေဦးဗျ နေဦး၊ ကျုပ် အဆင်သင့် မဖြစ်သေးဘဲနှင့် ခင်ဗျား ကောက် ချက်တွေ လာပြော မနေနှင့်ဦး၊ ကဲ အင်စပက်တော်ကြီးရေ၊ ဒီတော့ ကျုပ်တို့ နှစ်ယောက်စလုံး ကိုယ်စီကိုယ်ငှ လုပ်ငန်းကလေးတွေ လုပ်စရာ ရှိနေတယ်ဗျ၊ နေ့လယ်ပိုင်း ကျုပ်နှင့် ပြန်တွေ့တဲ့ အချိန်လောက် ဆိုရင်တော့ ...'

ဤနေရာသို့ အရောက်တွင် ကျွန်ုပ်တို့မှာ စကား ဆက် မပြောနိုင်ဘဲ အနှောင့် အယှက် တစ်ခုကို တွေ့လိုက်သည်တွင် ထိုအနှောင့် အယှက်သည် ကျွန်ုပ်တို့ အတွက် အမှုကို နိဂုံး ချုပ်ရန် အစ ပျိုးပေးလိုက်ခြင်း ဖြစ်သည်ဟု ဆိုရတော့မည် ဖြစ်ပေ၏။

ကျွန်ုပ်၏ အပြင်ဘက်ခန်း တံခါးသည် ဖြုန်းခနဲ ပွင့်လာကာ အိမ်ရှေ့ ခန်းကြားမှ ဒယီးဒယိုင် လျှောက်လာသံကို ကြားလိုက်ရပြီးလျှင် မားဒေါ့သည် ဒယီးဒယိုင်ဖြင့် ဝင်လာလေ၏။ သူ့မျက်နှာသည် ပြာနှမ်းလျက် ရှိကာ ဆံပင် ဖရိုဖရဲ ဖြစ်လျက် ရှိသည့်ပြင် အဝတ်အစားများမှာလည်း အတော်ကြီး သပတ်သီ ဖြစ်လျက် ရှိလေ၏။

အခန်းထဲသို့ ရောက်သည့် အခါတွင် မားဒေါ့သည် လဲကျမည် ပြု ဖြင့် တွေ့ရာ စားပွဲ ကုလားထိုင် စသည်တို့ကို အရိုးပြိုင်းပြိုင်း ထနေသော လက်များဖြင့် ကုတ်ခြစ်ရင်း 'ဘရန်ဒီ ပေးပါဗျာ၊ ဘရန်ဒီ' ဟု ပါးစပ် ဟ၍ အော်ကာ ရှူရာမှ ဆိုဖာပေါ်သို့ လဲကျသွားကာ ညည်းတွားလျက် ရှိလေ၏။

မားဒေါ့ တစ်ယောက်တည်း မဟုတ်ချေ။ သူ့နောက်တွင် ကျောင်းအုပ် ကြီး စတက်ဟတ်စ်သည်လည်း ဦးထုပ် မပါ ဘာ မပါဖြင့် အမောတကော လိုက်လာလေရာ သူကိုယ်တိုင်မှာလည်း လက်ထောက် ကျောင်းဆရာ မားဒေါ့ ကဲ့သို့ပင် ပုံပျက်ပန်းပျက် ဖြစ်လျက် ရှိလေ၏။

'ဟုတ်တယ်ဗျာ၊ သူ့ကို ဘရန်ဒီကလေး တစ်ခွက် နှစ်ခွက်လောက် တိုက်လိုက်ကြစမ်းပါဗျာ၊ ကျွန်တော်လည်း သူ့ကို ဒီရောက်အောင် မနည်း တွဲ ခေါ်လာခဲ့ရတယ်၊ လမ်းမှာ နှစ်ကြိမ်လောက် သတိမေ့ လဲကျနေသေးတယ်'

တော အရက် တစ်ခွက်လောက် တိုက်လိုက်သည့် အခါ၌ကား အတော် ကြီး ပြောင်းလဲသွားခဲ့လေပြီ။ မားဒေါ့သည် တံတောင် တစ်ဖက်ကို အားယူ၍



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို မတ်လိုက်ပြီးလျှင် ပခုံးပေါ်တွင် တင်ထားသည့် ကုတ် အင်္ကျီ အောက်သို့ ပစ်ချလိုက်လေ၏။

'ကယ်ကြပါဦးဗျာ၊ ကျွန်တော့်ကို မုန့်ညင်းဆီ ဖြစ်ဖြစ် ဘိန်း ဖြစ်ဖြစ် မော်ဖီးယား ဖြစ်ဖြစ် ပေးကြပါဗျာ၊ မခံနိုင်အောင် နာလွန်းလို့ပါဗျာ၊ တစ် ပေးကြပါ' ဟု တစာစာ အော်လျက် ရှိလေ၏။

ပုလိပ် အင်စပက်တော်နှင့် ကျွန်ုပ်သည် သူ့ကို မြင်လိုက်သည်နှင့် ရုတ်တရက် အော်လိုက်မိကြလေ၏။ ထိုလူ၏ ပခုံးပေါ်တွင်မူ မက်ဖာဆန် ကိုယ်ပေါ်တွင် တွေ့ရသကဲ့သို့ အနီစင်းကြီးတွေ အရှိုး အရှိုး ထင်လျက် ရှိသည်ကို တွေ့ရလေ၏။

ဝေဒနာမှာ မချိမဆံ့ ခံရသော ဝေဒနာမျိုး ဖြစ်ပြီး ဒဏ်ရာ ရသော နေရာတွင်သာ နာကျင် ပြင်းပြပုံမျိုး မဟုတ်ဘဲ တစ်ချီ တစ်ချီတွင် အသက်ပင် ရပ်သွားလိုက်ချေသေး၏။ ထိုအချိန်မျိုး၌ မားဒေါ့၏ မျက်နှာမှာ ပြာနှမ်း သွားကာ အသက်ကိုလည်း ကောင်းစွာ မရှူနိုင်သည့် အလျောက် ပါးစပ်ကြီး ဟ၍ အနိုင်နိုင် ရှူရန် ကြိုးပမ်းရင်း ရင်ဘတ်ကိုလည်း တဖုန်းဖုန်း ပုတ်လျက် ရှိလေ၏။ ချွေးသီး ချွေးပေါက်ကြီးများသည် နဖူးမှ စီးကျလျက် ရှိလေ၏။ မားဒေါ့ကို ကြည့်ရသည်မှာ ကြာကြာ ခံတော့မည့်ပုံ မပေါ်တော့ချေ။ ကျွန်ုပ်တို့သည် သူ့ ပါးစပ်ထဲသို့ ဘရန်ဒီကို တစ်ခွက်ပြီး တစ်ခွက် လောင်းထည့် ပေးလျက် ရှိရာ တစ်ခွက် တိုက်လိုက်တိုင်း နေသာထိုင်သာ ရှိသွားဟန် ရှိပေ၏။ ထို့ပြင် ကျွန်ုပ်တို့သည် ဂွမ်းဖတ်များကို မုန့်ညင်းဆီတွင် စိမ်ပြီး ကျောမှ ထူးဆန်းသော ဒဏ်ရာများကို မကြာခဏ တို့ပေးသည့် အခါတွင် အနည်းငယ် သက်သာဟန် ရှိလေ၏။ နောက်ဆုံးတွင်မူ သူ့ခေါင်းသည် နောက် သို့ လန်ကျသွားလေ၏။ မောပန်း ကုန်ခန်းသွားသော ခန္ဓာကိုယ်ကြီးသည် အားတို့ သိမ်းထားရာ စတိုကြီးနှင့် တူသော နားနေခြင်း ဟူသည့် ရိပ်မြုံတွင် လဲလျောင်းနေသည်နှင့် တူလှပေ၏။

မားဒေါ့သည် တစ်ဝက်အိပ် တစ်ဝက်မေ့ ဖြစ်လျက် ရှိလေရာ ဤသို့ ဖြစ်ခြင်းသည် အနည်းဆုံး ဝေဒနာကို သက်သာ စေသည်မှာကား အမှန် ဖြစ် ပေ၏။

မားဒေါ့အား မေးမြန်းရန်မှာ မဖြစ်နိုင်တော့ချေ။ သို့ရာတွင် မားဒေါ့၏ အခြေအနေ စိတ်ချရသည့် အချိန်၌ စတက်ဟတ်စ်သည် ကျွန်ုပ်တို့ ဘက်သို့ လှည့်ကာ





'ဘယ်လို ဖြစ်တာလဲ စုံထောက်ကြီးရယ်၊ ပြောစမ်းပါဦး၊ ဘယ်နှယ့် ဖြစ်တာလဲ'

'ခင်ဗျား သူ့ကို ဘယ်နားမှာ တွေ့လာခဲ့သလဲ'

'သောင်စပ်မှာဗျ၊ မက်ဖာဆန် သေတဲ့ နေရာမှာပဲ၊ မက်ဖာဆန်လို နှလုံး ရောဂါတို့ ဘာတို့များ ရှိရင် ဒီလောက်ဆို သေလောက်ပြီ ထင်တယ်ဗျ၊ ခံမှာ မဟုတ်တော့ဘူး၊ လမ်းမှာ တွဲခေါ်လာရင်းတောင် တစ်ချီ နှစ်ချီလောက် သေမလို ဖြစ်ခဲ့သေးတယ်၊ ကျောင်း ထိအောင် ဆိုတော့ ဝေးလွန်းလို့ စုံထောက်ကြီးရဲ့ အိမ်ကိုပဲ ခေါ်လာခဲ့ရတာ'

'သောင်စပ်မှာ ခင်ဗျား မြင်လိုက်တာလား'

'ကျွန်တော်က ကမ်းပါးပေါ်မှာ လမ်းလျှောက်နေတုန်း အော်သံ ကြားလိုက်ရတယ်ဗျ၊ လှမ်းကြည့်လိုက်တော့ ဒယီးဒယိုင်နှင့် တက်လာတယ်၊ အရက်သမားများ အတိုင်းပဲ၊ ဒါနှင့် ကျွန်တော်လည်း ကမ်းပါးယံကနေပြီး သောင်ပြင်ကို ပြေးဆင်းလာတယ်၊ ပြီးတော့ သူ့ကို အဝတ်အစားတွေ ခြုံပေးပြီး တွဲခေါ်လာခဲ့တယ်၊ စုံထောက်ကြီးရယ်၊ အစွမ်း ရှိသမျှ ဒီကိစ္စကို ကြိုးစား ဖြေရှင်းပေးပါဦး၊ ခုတော့ ဒီနေရာကို လူတွေတောင် မသွားရဲ မလာရဲလောက်အောင် ဖြစ်နေပြီ၊ ရှားလော့ဟုမ်း ရှားလော့ဟုမ်းနှင့် ကမ္ဘာကျော်တဲ့ စုံထောက်ကြီး ဖြစ်ပြီး ကျွန်တော်တို့ကို ဘာမှ လုပ်မပေးနိုင်တော့ဘူးလား၊ ဒီအတိုင်း ကြည့်နေ တော့မှာလား'

'အင်း၊ လုပ်ပေး နိုင်လိမ့်မယ် ထင်ပါရဲ့ဗျာ၊ ကျုပ်နှင့် လိုက်ခဲ့စမ်းဗျာ၊ ဘာဒီ အင်စပက်တော်ကြီးလည်း လိုက်ခဲ့၊ ဒီလူသတ်ကောင်ကို ခင်ဗျား လက် ထဲ အပ်နိုင်ပါလိမ့်မယ် ထင်ပါရဲ့'

ကျွန်ုပ်တို့သည် သတိ မေ့နေသော မားဒေါ့ကို ကျွန်ုပ်၏ ထမင်းချက် အဘွားကြီးနှင့် ထားပစ်ခဲ့ကြပြီးလျှင် ကြောက်စရာ ကောင်းသည့် သောင်စပ် ရေအိုင်သို့ ဆင်းလာခဲ့ကြလေ၏။ သောင်စပ်ရှိ ဒီလုံးကလေးများပေါ်တွင် မားဒေါ့ ထားပစ်ခဲ့သည့် မျက်နှာသုတ်ပဝါများနှင့် အဝတ်အစားများကို ပုံလျက်သား တွေ့ရလေ၏။

ကျွန်ုပ်သည် ရေစပ်သို့ ဆင်းလာခဲ့ရာ ကျွန်ုပ်၏ အဖော်များ ဖြစ်သည့် ကျောင်းအုပ် ဆရာကြီးနှင့် အင်စပက်တော်တို့သည်လည်း နောက်မှ စီတန်း၍ လိုက်ပါလာကြလေ၏။

ရေအိုင်မှာ ခပ်တိမ်တိမ် ဖြစ်သော်လည်း ကျောက်ကမ်းပါး အစွန်း မုံး



www.burmeseclassic.com

www.burmeseclassic.com



နေသည့် အောက်ချိုင့်ထဲတွင်မူ လေးငါးပေမျှ နက်ဟန် ရှိပေ၏။ ထိုနေ ရေသည် စိမ်းလဲ့ ကြည်လင်လျက် ရှိသည် ဖြစ်၍ ရေကူးရန် အကောင်း နေရာ ဖြစ်ရကား ရေကူးသမား တစ်ယောက်သည် ထိုနေရာသို့ သွား၍ မည်မှာ သေချာလှပေ၏။

ကျွန်ုပ်သည် ထိုကမ်းပါး အစွန်းကြီးများ အောက်ခြေသို့ ဝင်လာခဲ့ နောက် ရေထဲသို့ ကြည့်၍ လျှောက်လာခဲ့လေ၏။ ရေ အနက်ဆုံး အငြိမ် နေရာသို့ ရောက်သည့် အခါတွင် ကျွန်ုပ် ရှာဖွေနေသော အရာကို သွား လိုက်သဖြင့် ဝမ်းသာအားရ အော်လိုက်မိလေ၏။

'ဆိုင်နီယာဗျ ဆိုင်နီယာ၊ ရေသရဲလို့လည်း ခေါ်တယ်၊ ဟိုမှာ စမ်း'

ကျွန်ုပ် ပြလိုက်သည့် အရာမှာ ခြသေ့် တစ်ကောင်၏ လည်ဆံမွေး ဖြတ်ယူထားသကဲ့သို့ အထွေးလိုက် အထွေးလိုက် ဖြစ်နေသည့် အမွေး ကြီးများ ဖြစ်လေ၏။

ထိုအထွေးကြီးသည် သုံးပေခန့် အနက်တွင် ရှိသည့် ကျောက်ဆောင် ကြီး တစ်ခုပေါ်တွင် လှုပ်လှုပ် လှုပ်လှုပ်ဖြင့် တုန်လျက် ရှိပြီး သေချာ ကြည့်သည့် အခါတွင် အမွေးတို့ ထူထပ်စွာ ပေါက်နေသည့် သတ္တဝါကြီး တစ်ကောင် ဖြစ်သည်ကို တွေ့ရလေ၏။ ထိုသတ္တဝါကြီးသည် တစ်ခါ တ တွင် ကျုံ့သွားပြီး တစ်ချီ တစ်ချီတွင်လည်း ပြန့်ကား၍ ထွက်လာပြန်၏။

'အကောင်ကြီးက တော်တော် အန္တရာယ် ပေးခဲ့ပြီဗျ၊ ခုလောက် ဆို သူလည်း မကြာခင် သေတော့မှာပဲ၊ ကဲ ဆရာကြီးရေ၊ ဒီ လူသတ်ကောင် မြန်မြန် စာရင်း ရှင်းလိုက်ကြရအောင်ဗျာ'

ကမ်းစပ်ပေါ်တွင် အတော် ကြီးသည့် ကျောက်တုံးကြီး တစ်တုံး ရှိ ကျွန်ုပ်တို့သည် ထိုကျောက်တုံးကြီးကို ဝိုင်း၍ ရေထဲသို့ တွန်းချ လိုက်ကြ ကျောက်တုံးကြီးသည် ရေထဲသို့ ဝုန်းခနဲ ကျသွားလေ၏။ လှိုင်းများ ငြိမ်သ သွားသည့် အခါတွင် ထိုကျောက်တုံးကြီးသည် စောစောက သတ္တဝါကြီး ရှိ ကျောက်ဆောင်ပေါ်တွင် တင်နေသည်ကို မြင်ရလေ၏။ ရေထဲတွင် တလှုပ်လှုပ် ဖြစ်နေသော သတ္တဝါကြီးကို တစ်ပိုင်းတစ်စ မြင်ရသည့် အတွက် သတ္တဝါကြီး ကျောက်တုံး အောက်တွင် ရောက်နေကြောင်းကို သိသာနိုင်ပေ၏။ ဆီကဲ့သို့ ဝါကြန့် ညစ်ထပ်ပြီး ပျစ်ချွဲချွဲ ရှိသည့် အရည်များသည် ကျောက်တုံး အော ထွက်လာကာ ရေ မျက်နှာပြင်ပေါ်သို့ တက်လာကြလေ၏။





'အလို ဒါ ဘာကောင်ကြီးလဲ စုံထောက်ကြီးရ၊ ကျွန်တော်က ပင်လယ် မ်းစပ်မှာ မွေးပြီး ပင်လယ်ကမ်းစပ်မှာ ကြီးလာတဲ့ အကောင်ပါ ခင်ဗျား ဒါ ခဲ့ ဒါမျိုးကို တစ်ခါမှ မတွေ့ရဖူးဘူး ခင်ဗျ၊ ဆပ်ဆက်နယ်မှာတော့ ဒါမျိုး တစ်ခါပဲ တွေ့ဖူးသေးတယ်'

ရှားလော့ဟုမ်းက

'အင်း ခုတော့ တွေ့ဖူးပြီပေါ့ဗျာ၊ ကြည့်ရတာကတော့ အနောက်တောင် ပြင်း တိုက်တုန်းက လှိုင်းနှင့် ပါလာပြီး ဒီကမ်းခြေမှာ ရောက်လာတာနှင့် တာပဲဗျ၊ ကဲ နှစ်ယောက်စလုံး ကျုပ် အိမ်ကို လိုက်ခဲ့ဗျာ၊ ဒီလို ပင်လယ် သတ္တဝါကြီးတွေနှင့် တွေ့ခဲ့ဖူးတဲ့ လူတစ်ယောက်နှင့် တွေ့ပေးရတာပေါ့'

န်ုပ်၏ အိမ်သို့ ရောက်သည့် အခါ မားဒေါ့မှာ သတိ ပြန်ရလာကာ ထထိုင် သည်ကို တွေ့ရလေ၏။ မားဒေါ့မှာ အနည်းငယ် ကြောင်အမ်းအမ်း ဖြစ်လျက် ကာ တစ်ခါ တစ်ခါတွင် ဝေဒနာကြောင့် တစ်ကိုယ်လုံး တုန်သွားတတ်သေး ရေထဲသို့ ရေကူးရန် ဆင်းသွားစဉ် မည်သို့ ဖြစ်လိုက်သည်ကို မသိကြောင်း၊ တစ်ကိုယ်လုံး နာကျင် ကိုက်ခဲသွားသည်ကိုသာ သိလိုက်ကြောင်း၊ ဤတွင် လည်း ကမ်းပေါ်သို့ ကြောက်ကြောက်လန့်လန့်ဖြင့် ပြေးတက်လာခဲ့ကြောင်း ပြောလေ၏။

ကျွန်ုပ်က စာအုပ်ကလေး တစ်အုပ်ကို ကောက်ယူလိုက်ပြီးလျှင်

'ဟောဒီ စာအုပ်ကလေးကြောင့် ကျုပ်လည်း စဉ်းစားမိလာတာဗျ၊ ဟောဒီ အုပ်က ဂျေ၊ ဂျီ၊ ဝုဒ် ဆိုတဲ့ လူ ရေးတဲ့ *ပြင်ပ ကမ္ဘာ* ဆိုတဲ့ စာအုပ်ဗျ၊ ရေးဆရာ ကိုယ်တိုင် ဒီသတ္တဝါ အကြောင်းကို လေ့လာခဲ့တာ ကံကောင်းလို့ သခဲ့တယ်၊ ဒါကြောင့် ဒီသတ္တဝါ အကြောင်းကို ကောင်းကောင်းကြီး ရေးနိုင် ပေါ့၊ အဲဒီ အကောင်ရဲ့ အမည်က ဆိုင်ယာနီယာ ကာပီလတာတဲ့၊ မြွေပွေး သို့ အလွန် အန္တရာယ် ပြင်းပြီး ကိုက်လိုက်ရင် မြွေပွေးထက်တောင် နာသတဲ့၊ ကိုက်ခံရသူဟာ မချိမဆံ့ ခံရပြီး အသက် ထွက်သွား ရတာပဲတဲ့၊ ဟောဒီမှာ ကောက်နုတ်ပြီး ဖတ်ပြမယ်။

"ပင်လယ် ကမ်းစပ်တွင် ရေချိုးသူများသည် အမွေး စုတ်ဖွား ခပ်ဝိုင်းဝိုင်း သဏ္ဍာန် ရှိသော ခြသေ့် လည်ဆံမွေးလို သတ္တဝါ တစ်မျိုးကို ပြီ ဆိုလျှင် သတိ ထားသင့်ပေသည်၊ ထိုသတ္တဝါမှာ ဆိုင်ယာနီယာ ကာပီ



www.burmeseclassic.com

www.burmeseclassic.com



လတာ ခေါ်သည့် သွေးစုပ်ကောင် တစ်မျိုး ဖြစ်ပေ၏'' တဲ့ဗျ၊ ဒီထက် ရှင်း ရှိသေးသလား။

'သူကိုယ်တိုင် တင့် ကမ်းခြေမှာ ရေကူးနေတုန်း အဲဒီ သတ္တဝါကြီး သွားတွေ့ပုံကိုလည်း ရေးထားသေးတယ်ဗျ၊ ဒီသတ္တဝါဟာ အင်မတန် သေး တဲ့ အမျှင်ကလေးတွေကို ပေ ငါးဆယ်လောက် အထိ ဆန့်ထုတ်နိုင်ပြီး ထိ လူကတော့ သေတာပဲတဲ့၊ ခု စာရေးဆရာကို ထိတုန်းက ဆိုရင် အဲဒီ သတ္တဝါ တော်တော် ဝေးသတဲ့၊ ဒါတောင်မှ စာရေးသူမှာ သေတော့မတတ် ခံစားခဲ့ရ ''ထိုအမွေးအမှင်များနှင့် ထိသည့် အခါတွင် လူ၏ အရေပြားပေါ်၌ အနီ အစင်း အစင်းများ ထင်လာပြီး ဂရု စိုက်၍ သေချာစွာ ကြည့်မည် ဆို အနီစက်ကလေးများ ပြွတ်ခဲလျက် ရှိသည်ကို မြင်ရမည် ဖြစ်၏၊ ထိုအနီ ကလေးများမှာ မီးဖုတ်ထားသည့် အပ်ဖြင့် ဖောက်ထားသည့်နှယ် ဖြစ် သည်၊ ထို အပေါက် ကလေးများမှ နေ၍ အဆိပ်များသည် အာရုံကြော ရောက်သွားကြကာ လူကို ချက်ချင်း သေစေနိုင်လေသည်'' လို့ ရေးထားတ

'အထူးသဖြင့် ထိတဲ့ နေရာ အစင်း အစင်းတွေ ထနေတဲ့ နေရာ တော်တော့်ကို မခံမရပ်နိုင်အောင် နာနေသတဲ့၊ ''ကျွန်ုပ်၏ ရင်ဘတ်ကို ထိ သည့် ဒဏ်ရာမှာ ပြင်းထန်လှသည့် အတွက် ကျွန်ုပ် စိတ်တွင် အမွေးအ ထိသည်ဟု မထင်၊ ကျည်ဆန် ထိသည်ဟု ထင်မိလေ၏၊ ထိုအခါတွင် သွားလာမှုသည် ရပ်စဲသွားကာ နှလုံးသည် ရင်ဘတ်ထဲမှ ခုန်ထွက်ထား မည့်နှယ် ပြင်းစွာ ခုန်နေတတ်ပေ၏'' တဲ့။

'စာရေးတဲ့ လူကို အဲဒီကောင် ထိတုန်းက အင်မတန် လှိုင်းလေ ကြမ်း ပင်လယ် ကမ်းစပ် ပြင်ကျယ်ကြီးမှာ ထိတာတဲ့ဗျ၊ ခုလို ရေ ငြိမ်တဲ့ ရေကူး လို ဟာမျိုးမှာ ထိတာ မဟုတ်ဘူး၊ ဒါတောင် ဒီလောက် ခံရရင် ဘယ်လော အဆိပ် ပြင်းသလဲ ဆိုတာ ခင်ဗျားတို့ စဉ်းစားကြည့်ပေတော့၊ သူ့တစ်ကိုယ် ဟာ သွေး မရှိတော့သလို ဖြူဖွေးပြီး မျက်နှာ တစ်ခုလုံးကလည်း ရှုံ့တွ အတွက် သူကိုယ်သူတောင် မမှတ်မိဘူးတဲ့ဗျ၊ ဒါနှင့် ဘရန်ဒီကို သောက် ရပ်လိုက် သောက်လိုက်နှင့် တစ်ပုလင်းလုံး ကုန်အောင် သောက်လိုက် အသက် ချမ်းသာရာ ရသွားသတဲ့၊ ကဲ ဒါကတော့ စာအုပ်ထဲမှာ ရေးထာ စာဗျ၊ ဒီတော့ အဲဒီ စာအုပ်ကို ယူထားလိုက်ကြပေတော့၊ ဒီစာအုပ်ကို ကြည့်ရင် မက်ဖာဆန် ဘာကြောင့် သေရတယ် ဆိုတာ ရှင်းသွားမှာပဲ'

မားဒေါ့က ပြုံးလိုက်လျက်





'အင်း တော်သေးတာပေါ့ ခင်ဗျာ၊ ဒီစာအုပ် ရှိပေလို့ ကျွန်တော့် အပြစ် တ်သွားပေတာပေါ့၊ အင်စပက်တော်ကြီးကိုရော ဟောဒီက စုံထောက်ကြီး ရော ကျွန်တော့်ကို သင်္ကာမကင်း ဖြစ်နေတဲ့ အတွက် ကျွန်တော် အပြစ် င်ပါဘူး၊ ကျွန်တော့်ကို ထင်မယ် ဆိုရင်လည်း ထင်စရာ ဖြစ်နေတာကိုး၊ မ်းခံရခါနီး ဆဲဆဲမှာ ကျွန်တော် ကိုယ်တိုင် ကျွန်တော့် မိတ်ဆွေနှင့် ဘဝတူ ဖြစ်ခဲ့ပြီး သက်သေ ပြနိုင်ခဲ့ပေလို့ပေါ့'

'မဟုတ်ရပါဘူးဗျာ၊ ကျုပ်ကတော့ ခင်ဗျားကို ဘာမှ သင်္ကာမကင်း ဖြစ်ပါဘူး၊ အစကတည်းက ခြေရာ ခံနေတာပါ၊ အဲ တစ်ခုပဲ ရှိရဲ့၊ စောစော း ခြေရာ ခံမိရင်တော့ ခင်ဗျားတောင် ဒီလို အတွေ့အကြုံကို တွေ့ရမှာ ဟုတ်ဘူး'

'နို့ နေစမ်းပါဦး စုံထောက်ကြီးရဲ့၊ စုံထောက်ကြီးကကော ဘယ်လိုလုပ် ဉ်းစားမိသလဲ'

'ကျုပ်က စာဖတ်တဲ့ လူကိုးဗျ၊ ပြီးတော့ ဖတ်သမျှ အသေးအဖွဲကလေး တွေကိုလည်း ကောင်းကောင်းကြီး မှတ်မိတယ်ဗျ၊ ခြင်္သေ့ လည်ဆံ စုတ်ဖွား ဆိုတဲ့ စကားလုံးကို ကြားလိုက်တော့ ဒီစကားလုံးဟာ ကျုပ် နားထဲမှာ စွဲနေ တယ်၊ ဒီ လည်ဆံမွေး အကြောင်းကို တစ်နေရာရာမှာ ကျုပ် တွေ့ဖူးတယ် ဆိုတာ မှတ်မိနေတယ်၊ ဒီတော့ ဒီစကားလုံးဟာ အကောင် တစ်ကောင်ကို ပြောတာ ဖြစ်ရမယ်လို့ ကျုပ် တွက်လိုက်တယ်၊ မက်ဖာဆန်ကို တွေ့တုန်းက ဒီအကောင်ကြီးဟာ ရေပေါ်မှာ မျောနေလိမ့်မယ်လို့ ထင်တယ်၊ ဒီတော့ သူ သေရတာဟာ ဒီအကောင်ကြီးကြောင့် ဖြစ်တယ် ဆိုတာကို ပြောချင်တော့ မက် ဖာဆန်ရဲ့ စိတ်ထဲမှာ အဲဒီ လည်ဆံမွေး ဆိုတဲ့ စကားလုံးကို ပြေးပြီး သတိ ရ လိုက်မိတာပဲ ဖြစ်ရမယ်လို့ ကျုပ် တွက်လိုက်တယ်'

မားဒေါ့က ထိုင်ရာမှ ဖြည်းညင်းစွာ ထလိုက်လျက်

'အင်း ကျွန်တော်ကတော့ ရှင်းပါပြီ၊ စုံထောက်ကြီးတို့ စုံစမ်းနေတဲ့ အကြောင်းကို ကျွန်တော် သိလေတော့ တစ်ခွန်း နှစ်ခွန်းလောက်တော့ ကျွန်တော် ရှင်းချင်ပါတယ်၊ ကျွန်တော်ဟာ မော်ဒီကို ချစ်တယ် ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ မော်ဒီက ကျွန်တော့်ကို မရွေးဘဲ ကျွန်တော့် မိတ်ဆွေ မက်ဖာဆန်ကို ရွေးလိုက် တဲ့ အချိန်က စပြီး ကျွန်တော့် စိတ်ထဲမှာ မော်ဒီ စိတ်ချမ်းသာရေး အတွက်ပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်၊ ဒါနှင့် ကျွန်တော်လည်း ဘေးကို ရှောင် ထွက်နေလိုက်ပြီး သူတို့ နှစ်ယောက် ကြားမှာ အောင်သွယ် အဖြစ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးခဲ့ပါတယ်၊ စာတို့ ဘာတို့ ပေးစရာ ရှိရင် ကျွန်တော်ပဲ သွားပေး အတွက် ကျွန်တော့်ကို ဆိုရင် နှစ်ယောက်လုံးကပဲ ယုံကြည်ကြပါတယ်၊ ဒီ ယုံကြည်တဲ့ အတွက် ကျွန်တော့် မိတ်ဆွေ သေတယ် ဆိုတာကိုလည်း သိ ကျွန်တော်လည်း ဒီအကြောင်းကို သူ့ကို ပြောဖို့ မော်ဒီတို့ အိမ်ကို ခပ်သု သုတ် လာခဲ့ပါတယ်၊ ဒီလို လာပြောရတာက တခြားကြောင့်တော့ မဟုတ် ဘူး၊ ကျွန်တော်သာ ဒီသတင်းကို ပြောရင် ချက်ချင်း မပြောသေးဘဲ တဖြ ဖြည်းမှ နားဝင်အောင် ပြောမယ်၊ အဲဒီ အခါမှာ ကြားရတဲ့ လူလည်း သက် မယ်၊ ဒီလို မဟုတ်ဘဲ တစ်ယောက်ယောက်က လာပြီး ဖြုန်းခနဲ ဒိုင်းခနဲ ပြောလိုက်ရင် မော်ဒီ ခမျာ ဘယ်လို နေမယ် ဆိုတာကို စုံထောက်ကြီးတို့ စဉ်းစားကြည့်ပါတော့၊ ဒါကြောင့် ကျွန်တော် သူတို့ အိမ်ကို ခပ်သုတ်သု လာပြီး ပြောတာပါ၊ ဘေးလူတွေက သူ့ကို အပြစ် ပြောပြီး ကျွန်တော် စိတ်ထိခိုက်မှာ စိုးလို့ ဒီအကြောင်းကို မော်ဒီကို သွားမေးရင် ပြောမှာ မဟုတ်ပါဘူး၊ ကဲ ဒီတော့ ကျွန်တော် ကျောင်းကို ပြန်ပါရစေတော့ ခင်ဗျ ကျောင်းကို ပြန်ပြီး နားလိုက်ပါဦးမယ်'

စတက်ဟတ်စ်က လက်ကို ကမ်းပေးလိုက်ရင်း

'အင်း အဲဒီတုန်းကတော့ ကျုပ်တို့မှာလည်း ထူပူနေတာကိုးဗျ၊ ကဲ ပြီးတာတွေ ပြီးပါစေတော့၊ နောင်မှာ ဆိုရင် ကျုပ်တို့ အချင်းချင်း တစ်ယော ကို တစ်ယောက် ပို နားလည် လာကြတော့မှာပါ'

သူတို့ နှစ်ယောက်သည် လက်ချင်း တွဲကာ အပြင်သို့ ထွက်သွား လေ၏။ အင်စပက်တော် ဘာဒယ်သာလျှင် ကျွန်ုပ်ကို တွေတွေကြီး ကြည့် ကျန်ရစ်ခဲ့လေ၏။

'အင်း စုံထောက်ကြီး ဖြေရှင်းပေးလို့ ဝမ်းသာပါတယ်ဗျာ၊ စုံထော ကြီး အကြောင်းကို ကျွန်တော် ဖတ်ဖူးပေမဲ့ ဒီလောက် တော်လိမ့်မယ်လို့ ကျွ တော် တစ်ခါမှ မထင်ခဲ့ဖူးပါဘူး၊ ခုတော့ တကယ်ကို အံ့သြလောက်ပါပေတော

ကျွန်ုပ်က ခေါင်းကို ယမ်းလိုက်လေ၏။ ဤသို့သော ချီးမြှောက် လက်ခံခြင်းသည် ကိုယ့်ကိုယ်ကိုယ် နိမ့်ကျစေသည်ဟု ကျွန်ုပ် ယူဆပေ၏

'အစတုန်းကတော့ ကျုပ်လည်း ဘာက စကိုင်ရမှန်း မသိဘူးဗျ၊ ဆေ တော့်ကို နေးတယ်၊ အလောင်းကို ရေထဲမှာ တစ်ခါတည်း တွေ့တယ် ဆိုရင်ဆေ ဒီလောက် ခက်မှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျုပ် လမ်း ချော်သွားတာက မျက် သုတ် ပဝါကြောင့်ဗျ၊ သူက မျက်နှာသုတ် ပဝါကို မသုတ်ဘဲ ဒီအတိုင်း ထား





သေတော့ မျက်နှာသုတ် ပဝါက ခြောက်သွေ့နေတာကို ကြည့်ပြီး သူ ရေ င်းချိုးမှာ မဟုတ်သေးဘူးလို့ ကျုပ် ထင်လိုက်မိတာပေါ့၊ ဒါဖြင့် ရေထဲက တ္တဝါ တစ်ကောင်ကောင် ကိုက်လိုက်သလား ဆိုတဲ့ အတွေးဟာ ကျုပ် ခေါင်းထဲမှာ ဘယ်လို ပေါ်လာသလဲ၊ ဒါတော့ ကျုပ်လည်း မသိလိုက်ဘူးဗျ၊ ဒီလို ပေါ်လာတာပဲ အင်စပက်တော်ကြီးရေ၊ ကျုပ် ပုလိပ် အဖွဲ့ကို ဒူးတင် ခေါင်တင် လုပ်ပြီး ကျောခဲ့ပေါင်း များလှပြီ၊ ခုတော့ ရေသရဲက စကော့တလန် ယ် ကိုယ်စား ကျုပ်ကို လက်စား ချေသွားပြီဗျ'

[မူရင်း ဝတ္ထု *The Adventure of The Lion's Mane.* ရှေ့ဒေါင်း၏ စုံ ထောက် ဦးစံရှား ဝတ္ထုများတွင် 'ပင်လယ် ကမ်းခြေ လူသတ်မှု၌ စုံထောက်ပုံ' ဟူ သော အမည်ဖြင့် မြန်မာမှု ပြုပြီး။]



www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းမြီးခြုံ အမျိုးသမီး



ရှားလော့ဟုမ်းသည် စုံထောက် လုပ်ငန်းတွင် ၂၃ နှစ်ကြာခဲ့လျက် ကျွန်ုပ်အား သူနှင့် အတူ လိုက်ပါ ဆောင်ရွက်ခွင့် ပြုကာ ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ခွင့် ပြုသည့် ကာလမှာ ၁၇ နှစ် ဖြစ်ရာ ကျွန်ုပ်တွင် ရေးစရာတွေ တစ်ပုံတစ်ခေါင်းကြီး ရှိသည်မှာ အထူးပြောစရာ လိုမည် မဟုတ်ချေ။ ကျွန်ုပ် တွေ့ကြုံ နေရသည့် ပြဿနာမှာ ထိုအထဲမှ ရေးစရာများကို ရှာရန် မဟုတ်ဘဲ ရွေးရန်မျှသာ ဖြစ်ပေ၏။

နှစ်ချုပ် မှတ်တမ်း စာအုပ်များမှာ စာအုပ်စင် တန်းတစ်တန်း အပြည့် ရှိနေပြီး မှတ်တမ်းများနှင့် ပြည့်နေသည့် စာသေတ္တာများမှာလည်း မရေမတွက်နိုင်အောင် ရှိနေသည့် အတွက် ရာဇဝတ် မှုခင်းကို လေ့လာသူ သုတေသီ တစ်ဦး အဖို့ သာမက ဝိတိုရိယခေတ် ကုန်ခါနီး အင်္ဂလန်ပြည်၏ လူမှုရေးနှင့် ိုင်းရေး ပြည်ရေး အရှုပ်အထွေးများကို လေ့လာသူ တစ်ဦး အတွက်လည်း များစွာ အသုံး ဝင်လှပေ၏။

မိမိတို့၏ ဆွေမျိုးသားချင်းများကို ဖြစ်စေ၊ မိမိတို့ ဘိုးဘွားများကို ဖြစ်စေ နာမည် ထိခိုက်မည် စိုးသဖြင့် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာများကို ထုတ်ဖော် ရေးသားခြင်း မပြုရန် ကျွန်ုပ်ထံ စိုးရိမ်တကြီး စာရေး မေတ္တာ ရပ်ခံကြသူ အများအပြား ရှိလေရာ ၎င်းတို့နှင့် ပတ်သက်၍ ဘာမျှ စိုးရိမ် ကြောင့်ကြ ဖြစ်ကြရန် ဤနေရာမှ ကျွန်ုပ် ပြောကြားလိုပါသည်။

မိတ်ဆွေကြီး ရှားလော့ဟုမ်း နာမည် ကြီးရသည့် အကြောင်းများတွင်



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါး ယုံကြည်မှုကို ဖောက်ဖျက်လေ့ မရှိခြင်း၊ မိမိ၏ လုပ်ငန်းတွင် လိုက်နာရမည့် ကျင့်ဝတ်များအား တိကျစွာ လိုက်နာခြင်း စသည့် အကြောင်းများလည်း ပါဝင်ပေသေးရာ ဤမှတ်တမ်းများကို ရွေးချယ် ရေးသားသည့် အခါတွင်လည်း မိတ်ဆွေကြီး၏ အဆိုပါ ဂုဏ်သိက္ခာများကို ထိခိုက်ခြင်း မရှိအောင် ရေးသားမည် ဖြစ်ပါသည်။

ထို့ကြောင့် မည်သည့် ယုံကြည်မှုကိုမျှ ဖောက်ဖျက် ရေးသားရန် ကျွန်ုပ်တွင် ရည်ရွယ်ချက် မရှိပါ။ သို့ရာတွင် ထိုစာရွက် စာတမ်းများအား ခိုးယူ၍ သို့မဟုတ် ဖျက်ဆီးပစ်ရန် မကြာသေးမီက အပြင်းအထန် ကြံစည် အားထုတ်သည်များကိုမူ ကျွန်ုပ် ပြင်းထန်စွာ ရှုတ်ချလိုက်ပေ၏။ ဤသို့ ခိုးယူရန် ကြံပမ်းသူများကို ကျွန်ုပ် သိရှိထားပေရာ အကယ်၍ ထပ်မံ ကြိုးစားဦးမည် ဆိုပါက ထိုနိုင်ငံရေးသမား၊ ထိုမီးပြတိုက်နှင့် ထိုတင်ကျီးငှက်တို့၏ အကြောင်းကို လုံးဥသျှံ ထုတ်ဖော် ရေးသားမည် ဖြစ်ကြောင်း ရှားလော့ဟုမ်း၏ ခွင့်ပြုချက် အရ ကျွန်ုပ် သတိ ပေးလိုက်ပါပေ၏။ ကာယကံရှင်များသည် ဤအချက်ကို နားလည် လိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ပေ၏။

ကျွန်ုပ်သည် ဤမှတ်တမ်းများတွင် ရှားလော့ဟုမ်း၏ ပကတိ ဉာဏ်ကောင်းပုံ၊ စူးစမ်း လေ့လာမှု ထက်မြက်ပုံတို့ကို ထုတ်ဖော် တင်ပြရန် ကြိုးစားခဲ့ရာ အမှုတိုင်း၌ ထိုအရည်အချင်းများကို ထုတ်ဖော် ပြသရန် အခွင့်အရေး ရခဲ့သည်ဟု ထင်မှတ်လျှင် မှားပေလိမ့်မည်။ တစ်ခါတစ်ရံ၌ ရှားလော့ဟုမ်းသည် ထိုအောင်မြင်မှု အသီးအပွင့်ကို ရရန် အပြင်းအထန် ကြိုးပမ်း အားထုတ်ခဲ့ရ၏။ တစ်ခါတစ်ရံတွင်လည်း အသီး အပွင့်က အလိုလို ကြွေကျလာခြင်းသာ ဖြစ်၏။ သို့ရာတွင် အများအားဖြင့်မူကား ကြောက်မက်ဖွယ် ကောင်းသည့် ရာဇဝတ်မှုများ ဖြစ်သည့် အတွက် ရှားလော့ဟုမ်းမှာ အစွမ်းအစ ပြရန် အချိန် မရလိုက်ရှိတတ်လေရာ ယခု ကျွန်ုပ် ရေးသား ဖော်ပြမည့် အောက်ပါ အဖြစ်အပျက်မှာ အလားတူ အဖြစ်အပျက်များထဲမှ တစ်ခုသာလျှင် ဖြစ်ပေ၏။ ဤအဖြစ်အပျက်ကို ထုတ်ဖော် ရေးသားရာတွင် ကျွန်ုပ်သည် အမည်နှင့် နေရပ်ကို ပြောင်းထား သော်လည်း အချက်အလက်များမှာ အမှန် အတိုင်း ဖြစ်ပေ၏။

၁၈၉၆ ခု ကုန်ခါနီး တစ်မနက်တွင် သွတ်ထံသို့ အမြန်ဆုံး လိုက်ခဲ့ ရန် ရှားလော့ဟုမ်းထံမှ စာတစ်စောင်ကို ကျွန်ုပ် ရရှိခဲ့လေ၏။

ကျွန်ုပ် ရောက်သွားသည့် အခါ၌ ရှားလော့ဟုမ်းမှာ မီးခိုးများ ကြား ထဲတွင် ထိုင်လျက် ရှိပြီး ၎င်း၏ရှေ့ မျက်နှာချင်းဆိုင် ကုလားထိုင်တွင်လည်း





ဆက် ကြီးကြီး၊ ကိုယ်လုံး ဖိုင့်ဖိုင့်နှင့် အိမ်ငှားလေ့ ရှိသည့် အိမ်ရှင် အသွားကြီးမျိုးနှင့် တူသည့် အမျိုးသမီးကြီး တစ်ယောက် ထိုင်လျက် ရှိလေ၏။ ရှားလော့ဟုမ်းက လက်ကို ဝှေ့ယမ်း၍ ပြလိုက်ရင်း

'ဟောဒါက ဗရစ်စတန် တောင်ပိုင်းက မစ္စက် မယ်ရီလိုးတဲ့ဗျ၊ အိုင်ဆေးရေ၊ မကောင်းတဲ့ အကျင့်ကလေးများကို လိုက်စားချင်တယ် ဆိုရင် ရပါတယ်တဲ့၊ မစ္စက် မယ်ရီလိုးက ဆေးလိပ် သောက်တာကို ဘာမှ ကန့်ကွက်စရာ မရှိပါဘူးတဲ့၊ သူ့မှာကလည်း ပြောစရာ အဖြစ်အပျက်ကလေး တစ်ခု ရှိနေတယ် အဲဒါ ခင်ဗျားလည်း နားထောင်ရရင် ကောင်းမှာပဲ ဆိုပြီး လှမ်းခေါ်လိုက်တာ'

'ကျွန်တော် ဘာများ လုပ်ပေးနိုင် ...'

'မစ္စက် မယ်ရီလိုးကို ပြောထားရဦးမယ်၊ အကယ်၍ မစ္စက် ရွန်ဒါဆီ သွားရင် ကျုပ်မှာ သက်သေ တစ်ယောက် ပါချင်တယ်ဗျ၊ ဒီတော့ ကျုပ်တို့ ရောက်ခင် ခင်ဗျားက ဒါကို သူ နားလည်အောင် ပြောပြထားပါ'

'ဖြစ်ပါတယ်ရှင်၊ စုံထောက်ကြီး လာဖို့သာ အရေး ကြီးပါတယ်၊ စုံထောက်ကြီး လာမယ် ဆိုရင် တစ်ယောက် မကလို့ တစ်ရပ်လုံး ခေါ်လာလာ ကိစ္စ မရှိပါဘူး'

'ဒီလို ဆိုရင် ည စောစောပိုင်းကို ကျုပ်တို့ လာခဲ့မယ်၊ မလာခင်မှာ သိထားတဲ့ အချက်အလက်ကလေးတွေကို မှန်အောင် လုပ်သွားဖို့ လိုတယ်ဗျ၊ ဒီတော့ နောက်တစ်ခေါက်လောက် ပြောမယ် ဆိုရင် ဟောဒီက ဒေါက်တာကြီးလည်း ကြားရတာပေါ့၊ ခု ခင်ဗျား ပြောတဲ့ အတိုင်း ဆိုရင် မစ္စက် ရွန်ဒါဟာ ခင်ဗျား အိမ်မှာ နေလာတာ ခုနစ်နှစ် ရှိပြီ၊ သူ့မျက်နှာကို တစ်ခါပဲ မြင်ရသေးတယ်လို့ ပြောတယ်၊ ဟုတ်တယ် မဟုတ်လား'

'မမြင်ရရင် အကောင်းသားရှင်'

'သူ့ မျက်နှာက ကြောက်စရာ ကောင်းလောက်အောင် ပုံပျက်ပန်းပျက် ဖြစ်နေတယ်လို့ ကျုပ် နားလည်လိုက်တယ်'

'အမှန်ကတော့ မျက်နှာလို့တောင် မခေါ်သင့်ပါဘူးရှင်၊ အခြေအနေက အဲဒီလောက်ကို ဆိုးပါတယ်၊ တစ်ခါတုန်းက ကျွန်မတို့ အိမ်ကို လာပို့တဲ့ နို့သမားဟာ အပေါ်ထပ် ပြတင်းပေါက်မှာ သူ့မျက်နှာကို တစ်ပိုင်းတစ်စ မြင်လိုက်တာမှာ လက်ထဲက ကိုင်ထားတဲ့ နွားနို့ပုံး လွှတ်ကျလို့ တစ်ပုံးလုံး ဖိတ်ပါရောလားရှင်၊ အဲဒါသာ ကြည့်ပေတော့၊ ကျွန်မ မြင်လိုက်တုန်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



... မြင်လိုက်တာကလည်း အမှတ်မဲ့ မြင်လိုက်တာပါ၊ မျက်နှာကို ဖုံး ဖုံးလိုက်ပြီး ''ကျွန်မ ဘာကြောင့် မျက်နှာကို ဖုံးထားတယ် ဆိုတာ အခေါ် ရောပေါ့ရှင်'' လို့ ပြောတယ်'

'သူ့ နောက်ကြောင်း ရာဇဝင်ကိုရော မစ္စက် မယ်ရီလိုး သိသလား'

'ဘာမှ မသိပါဘူးရှင်'

'ရောက်လာတုန်းကတော့ သူ ဘယ်က ပြောင်းလာတယ် ဆိုတာ ဘာတွေ ပြောသေးသလား'

'မပြောပါဘူးရှင်၊ ငွေတော့ လက်ငင်း ချေပါတယ်၊ သုံးလတွက် ငှား ကို တစ်ခါတည်း ပေးပါတယ်၊ စည်းကမ်းချက်တွေကိုလည်း တစ်ခုမှ မငြ ပါဘူး၊ ကျွန်မတို့လို ဆင်းရဲတဲ့ မိန်းမ တစ်ယောက် အဖို့ ဒီလို အခွင့်အ မျိုးကို ဘယ်မှာ လက်လွှတ် ခံနိုင်ပါ့မလဲ ရှင်'

'ခင်ဗျား အိမ်ကို ဘာကြောင့် ရွေးငှားတယ် ဆိုတာနှင့် ပတ်သက် ကော အကြောင်း ပြသေးသလား'

'ကျွန်မ အိမ်က လမ်းနှင့် ဝေးတဲ့ အပြင် သီးသန့် ဖြစ်ပြီး အေးအေး ဆေးလည်း ရှိပါတယ်၊ အိမ်ငှား ထားတော့လည်း တစ်ယောက်တလေသာ ပြီး ကျွန်မကလည်း တစ်ယောက်တည်းပဲ နေပါတယ်၊ တခြား အိမ် တော် များများကို လျှောက်ကြည့်ခဲ့ပြီး ကျွန်မ အိမ်ကျမှ စိတ်ကြိုက် တွေ့သွား တူပါရဲ့၊ သူ လိုချင်တာက ကိုယ့်ဘာသာကိုယ် သီးသန့် ဖြစ်တဲ့ အိမ်မျိုးကို ချင်တာကိုးရှင့်၊ ဒီလို အိမ်မျိုး ရတာနှင့် ဘာမှ ဆစ်ဆွက် မနေဘဲ နေလိုက် တူပါရဲ့'

'သူ့မျက်နှာကို တစ်ခါမှ မပြဘူး၊ ခင်ဗျား တစ်ခါ မြင်ဖူးတာ မတော်တဆ မြင်ရတာလို့ ခင်ဗျား ပြောသွားတယ်၊ အင်း အဖြစ်အပျက်က တော်တော် စိတ်ဝင်စားစရာ ကောင်းတဲ့ အဖြစ်အပျက်ပဲဗျ၊ တော်တော့်ကို စိ ဝင်စားစရာ ကောင်းတယ်၊ ဒီတော့ ခင်ဗျား အနေနှင့် ဒီကိစ္စကို စုံစမ်း ပေး ချင်တယ်ပေါ့၊ သိချင်တယ်ပေါ့ ဟုတ်စ'

'မဟုတ်ဘူးရှင့်၊ ကျွန်မက သိချင်တာ မဟုတ်ဘူး၊ ကျွန်မ အိမ် တော့ အိမ်လခ မှန်မှန် ရနေရင် ပြီးတာပဲ၊ အကြောင်း မဟုတ်ပါဘူး၊ ပြီးတော ဒီထက် အေးဆေးတဲ့ အိမ်ငှားမျိုး ဘယ်မှာ ရှိပါ့မလဲ၊ ဝိစိကိစ္စာကလည်း နည် ပါဘိသနှင့်'

'ဒါဖြင့် ဘာကိစ္စကြောင့် ကျုပ်တို့ဆီကို ရောက်လာရတာတုံးဗျ'





'သူ့ ကျန်းမာရေး အတွက် ရောက်လာရတာ စုံထောက်ကြီးရေ၊ သူ့ကို ကြည့်ရတာ တဖြည်းဖြည်းနှင့် လုံးပါး ပါးနေတဲ့ ပုံပဲ၊ သူ့စိတ်ထဲမှာ တစ်ခုခု ကြောက်စရာကို မြင်နေတယ် ထင်ပါရဲ့၊ တစ်ခါတလေကျတော့ လူသတ်နေ ပါတယ် လူသတ်နေပါတယ်လို့ အော်တယ်ရှင့်၊ တစ်ခါကတော့ လူယုတ်မာ ကြီး တိရစ္ဆာန်ကြီးလို့ အော်သံကိုတောင် ကြားလိုက်ရပါတယ်၊ အဲဒီတုန်းက ညကြီး ဆိုတော့ သူ့ အော်သံဟာ ကျွန်မ အခန်းဆီကတောင် ကြားရပါတယ်၊ ကျွန်မဖြင့် သူ့အော်သံကို ကြားပြီး လန့်လိုက်တာရှင်၊ ရင်တွေကို တုန်နေတာပဲ၊ ဒါနှင့် မနက်ကျတော့ ကျွန်မလည်း သူ့ဆီကို သွားပြီး မစ္စက် ရွန်ဒါ ရှင် ဘာ ဖြစ်လို့လဲ၊ ဘုန်းကြီးကို ပင့်ပြီး တရားစာကလေး ဘာလေး ရွတ်မလား၊ ဒါမှ မဟုတ် ပုလိပ်ကို တိုင်မလား၊ တစ်နေရာရာ သွားပြီး အကူအညီ တောင်းပါ သားလို့ ပြောတော့ အံမယ်လေး ပုလိပ်ကို မတိုင်ရဲပါဘူးရှင်၊ ပြီးတော့ ဘုန်း ကြီး ဆိုတာလည်း ပြီးပြီးသား ကိစ္စနှင့် ဘာမှ မပတ်သက်တော့ပါဘူး၊ ဒါပေမဲ့ ကျွန်မ မသေခင် အမှန်ကို သိတဲ့ လူတစ်ယောက် ပေါ်လာရင်တော့ ကျွန်မ သေပျော်ပါပြီလို့ ပြောတယ်ရှင့်၊ ဒါနှင့် ကျွန်မက ကဲ ရှင့်မှာ စုံထောက် အရာ ရှိတို့ ဘာတို့ အသိထဲက မရှိရင် သတင်းစာထဲမှာ ကျွန်မတို့ ဖတ်ဖူးနေတဲ့ စုံ ထောက်ကြီး ရှားလော့ဟုမ်း ဆိုတာ ရှိတယ်လို့လည်း ပြောလိုက်ရော စုံထောက် ကြီးရေ၊ တစ်ခါတည်း ထခုန်ပြီး ဟုတ်သားပဲရှင်၊ အဲဒီ စုံထောက်ကြီးကို ကျွန်မ ဆီကို ခေါ်ပေးပါရှင်၊ ကျွန်မ သူ့ကို တစ်ခါမှ မစဉ်းစားမိဘူး၊ ကျွန်မဆီကို သူ လိုက်ဘူး ဆိုရင် တိရစ္ဆာန် ဆပ်ကပ်က ရွန်ဒါရဲ့ မိန်းမလို့ ပြောပေးပါရှင်၊ ဒါပဲ ပြောပါ၊ ပြီးတော့ အက်ဘာပါဗာ အမှုကိုလည်း ပြောပြလိုက်ပါတဲ့၊ ဟော ဒီမှာ သူ ရေးပေးလိုက်တဲ့ နာမည်၊ ရှားလော့ဟုမ်း ဆိုရင် လာမှာပါရှင် တဲ့'

'အင်း လာမှာပေါ့လေ၊ ကဲ မစ္စက် မယ်ရီလိုးရေ၊ ဟောဒီက ဒေါက်တာ ဝပ်ဆင်နှင့် စကားကလေး တစ်ခွန်း နှစ်ခွန်း ပြောလိုက်ဦးမယ်၊ နေ့လယ်စာ စားချိန်လောက်တော့ ရောက်ပါလိမ့်မယ်၊ ဒီတော့ ညနေ သုံးနာရီလောက်ကို ခင်ဗျား အိမ်ကို အရောက် လာခဲ့မယ်၊ ဟုတ်စ'

ကျွန်ုပ်တို့ ဧည့်သည် မစ္စက် မယ်ရီလိုးသည် အခန်းထဲမှ ဘဲသွား သွား ၍ ထွက်သွားသည်နှင့် (မစ္စက် မယ်ရီလိုး လမ်းသွားပုံကို ရေးရလျှင် ဤကြိယာ မှ အပ အခြား ကြိယာ သုံး၍ ရမည် မထင်ပါ။) ရှားလော့ဟုမ်းသည် အခန်း ထောင့်ရှိ စာအုပ် အဟောင်းပုံဆီသို့ ရေးကြီးသုတ်ပျာ ထသွားကာ မွှေနှောက် လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိနစ် အတန်ကြာမျှ စာရွက်များကို တဖျပ်ဖျပ် လှန်နေသံကို ကြား ပြီးနောက် ကျေနပ်သွားဟန်ဖြင့် အသံ တစ်ချက် ပြုလိုက်ရင်း ကျောက် ကြီး တစ်ခုကဲ့သို့ စာအုပ်ပုံတွေ ကြားထဲတွင် ငုငုကြီး ထိုင်လျက် ရှိကာ အုပ် တစ်အုပ်ကိုလည်း ပေါင်ပေါ်တွင် ဖွင့်လျက်သား တင်ထားလေ၏။

'အိုင်ဆေးရေ၊ အဲဒီတုန်းကတည်းကိုက ကျုပ် ဒီအမှုကို သိပ် စေ တာ မဟုတ်ဘူးဗျ၊ စိတ်ထဲမှာ ဘဝင် မကျတာနှင့် ဒေါမှာတောင် မှတ် ကလေးတွေ ရေးထားသေးတယ်၊ အမှုနှင့် ပတ်သက်လို့ကတော့ ကျုပ် ဘာမှ ကောင်းကောင်းတော့ မသိပါဘူး၊ သို့သော်လည်း ဒီအမှုနှင့် ပတ်သက် ပုလိပ် ရေလိုက်လွဲ နေတယ် ဆိုတာကိုတော့ ကျုပ် သိလိုက်တယ်ဗျ၊ အက် ပါဗာ ဆိုတဲ့ အရပ်မှာ ဆပ်ကပ် ဆရာ တစ်ယောက် သေရတဲ့ ကိစ္စကို ခင် မှတ်မိသေးသလား'

'ဟင့်အင်း၊ ကျွန်တော်တော့ ကောင်းကောင်း မမှတ်မိတော့ဘူး'

'မမှတ်မိရင်သာ ရှိရမယ်၊ အဲဒီတုန်းက ခင်ဗျားနှင့် ကျုပ်နှင့် အတူ နေနေကြပြီဗျ၊ သို့သော်လည်း ဒီအမှုတုန်းက ဘယ်ဘက်ကမှ ကျုပ်ကို မ ကြတဲ့ အတွက် ကျုပ်လည်း အမှု အကြောင်းကို ဂဃနဏကြီးတော့ မသိ ပါဘူး၊ ဟောဒီမှာ ခင်ဗျားဘာသာ ဖတ်ကြည့်စမ်းပါဦး'

'အချက်အလက်ကလေးလောက်ကော မပြောနိုင်ဘူးလားဗျ'

'ပြောနိုင်ပါတယ်၊ သိပ်မခက်ပါဘူး၊ ခင်ဗျားကို ပြောလိုက်တော့ လည်း တချို့ အချက်အလက်တွေကို ပြန် အမှတ်ရလာတာပေါ့၊ ရွန်ဒါ ဆို ဟိုတုန်းကတော့ လူတိုင်း သိတဲ့ နာမည် တစ်ခုပေါ့ဗျာ၊ အဲဒီ ခေတ်တုန်း နာမည် ကြီးတဲ့ ဝမ်းဝဲနှင့် ဆန်ဂါ ဆိုတဲ့ ဆပ်ကပ်နှင့် ပြိုင်ဘက် ဆပ် အဖွဲ့ကြီး တစ်ဖွဲ့ပေါ့၊ ဒါပေမဲ့ လူက အရက် သောက်လွန်းတော့ တဖြည်းဖြည်း နာမည်ကျ၊ ဆပ်ကပ် အဖွဲ့လည်း နာမည်ကျပြီး နောက်ဆုံးတော့ လူသ ခံရသွားတာပဲဗျ၊ သူတို့ ဆပ်ကပ် အဖွဲ့က ဆပ်ကပ် ပြတဲ့ နေရာကို ပြောင်း တော့ ဘက်ရှိုင်းယား နယ်ထဲက အက်ဘာ ပါဗာ ဆိုတဲ့ ရွာကလေးမှာ တဲ နားကြတယ်၊ အဲဒီမှာတင် ခုတင်က ကိစ္စ ဖြစ်တာပဲ၊ အမှန်ကတော့ ဝင်ဘယ် ဒန်မှာ ပွဲဝင်မလို့ သွားကြတာ အက်ဘာ ဆိုတဲ့ ရွာကလေးက ခပ်သေး ဆိုတော့ အဲဒီမှာ ဆပ်ကပ် ပြရင်လည်း ရှုံးမှာပဲ၊ ဒီတော့ အဲဒီ ရွာမှာ ဆပ် ပြဖို့လည်း မရည်ရွယ်ပါဘူး၊ တစ်ည နားရုံလောက် ဝင်တာပါ။

'သူတို့ ဆပ်ကပ်မှာ တော်တော် လှတဲ့ အာဖရိက ခြင်္သေ့ကြီး





ပါလာတယ်ဗျ၊ ခြင်္သေ့ကြီး နာမည်က ဆာဟာရ ဘုရင်လို့ နာမည် ထားတယ်၊ ထုံးစံက ရွန်ဒါနှင့် သူ့မိန်းမဟာ ခြင်္သေ့ လှောင်အိမ်ကြီးထဲကို ပြီး ကစား ပြနေကျတဲ့ဗျ၊ ဟောဒီမှာ သူတို့ လင်မယား ခြင်္သေ့နှင့် ကစား နေတဲ့ ပုံကို ကြည့်လေ၊ ရွန်ဒါ ဆိုတဲ့ လူက လူကောင် ကြီးကြီး၊ မိန်းမက သေးသွယ်သွယ် ချောချောကလေးရယ်၊ ပုလိပ် စစ်ချက် အရ ဆိုရင်တော့ နေ့က ခြင်္သေ့ကြီးက နည်းနည်း မျက်ထောင့် နီနေသတဲ့ဗျ၊ စိတ်ဆိုးတဲ့ ဘာတွေကို တွေ့နေရတယ်လို့ ဆိုတယ်၊ သို့သော်လည်း သူတို့ တော့ ခြင်္သေ့နှင့် ရင်းနှီးနေလေတော့ သိပ် အဆန်း မဟုတ်ဘူးပေါ့ဗျာ၊ ခပ် အေးပဲ နေလိုက်ကြတာပေါ့၊ သတိလည်း မထားလိုက်မိကြဘူးတဲ့။

'ညပိုင်း ဆိုရင် သူတို့ လင်မယား နှစ်ယောက် အနက် တစ်ယောက် ယောက်က ခြင်္သေ့ကြီးကို အစာ ကျွေးရရိုး ထုံးစံ ရှိသတဲ့၊ တစ်ခါတလေကျ တော့ တစ်ယောက်တည်း ဝင်ကျွေးသတဲ့၊ တစ်ခါတလေလည်း နှစ်ယောက် ဝင်ပြီး ကျွေးသတဲ့၊ သူ့ကို အစာ လာလာ ကျွေးလေ့ ရှိတော့ ခြင်္သေ့ကြီး သူတို့ နှစ်ယောက်ကို ကျေးဇူးရှင်လို့ သိမှာပဲ၊ ဒီလို သိလို့ ရှိရင် သူတို့ ယောက်ကိုလည်း ဘယ်တော့မှ ရန်မူမှာ မဟုတ်ဘူး ဆိုပြီး အစာ ကျွေးရင် တို့ နှစ်ယောက်ပဲ ကျွေးသတဲ့၊ တခြား ဘယ်သူ့ကိုမှလည်း ကျွေးခွင့် မပြုဘူး အဲဒီ ကိစ္စ ဖြစ်တဲ့ လွန်ခဲ့တဲ့ ခုနစ်နှစ် တစ်ညကျတော့ သူတို့ နှစ်ယောက် သွားကျွေးကြတုန်းမှာ အဲဒီ ကြောက်စရာ ကောင်းတဲ့ အဖြစ်အပျက် ဖြစ် တာပဲဗျ၊ အသေးစိတ်ကိုတော့ ဘယ်သူမှ ကောင်းကောင်း မပြောနိုင်ကြ ဘူး။

'သိရသလောက်တော့ ည သန်းခေါင်လောက်မှာ တိရစ္ဆာန်တွေရဲ့ ဟိန်း ကျက်သံတွေနှင့် မိန်းမ တစ်ယောက်ရဲ့ စူးစူးဝါးဝါး အော်သံကို ကြားတော့ တစ်ခုလုံး လန့်နိုးလာကြသတဲ့ဗျ၊ ဒါနှင့် တိရစ္ဆာန်ထိန်းတွေနှင့် တခြား ကပ် အဖွဲ့သားတွေလည်း တဲတွေထဲက ထွက် မှန်အိမ်တွေ ဆွဲပြီး ပြေး ကြတာပေါ့လေ၊ မှန်အိမ်က မီးရောင်ထဲ ကြည့်လိုက်တော့ လား လား ဖြစ် က မြင်ဝံ့စရာတောင် မကောင်းဘူးတဲ့ဗျို့၊ ဆပ်ကပ်ဆရာ ရွန်ဒါဟာ သွေး သံတွေနှင့် လဲလို့တဲ့၊ ဦးဆက် တစ်ခုလုံးဟာ ကြေမွနေပြီး ငယ်ထိပ်မှာ ည်း လက်သည်းရာကြီးတွေက အနက်ကြီး ဖြစ်နေသတဲ့ဗျ၊ သူ့ကို တွေ့ရ က ဖွင့်ထားတဲ့ လှောင်အိမ် အပြင်ဘက် ဆယ်ကိုက်လောက် အကွာမှာ ရတာတဲ့၊ လှောင်အိမ် တံခါးနားမှာတော့ မစ္စက် ရွန်ဒါဟာ ပက်လက်

www.burmeseclassic.com



ကလေး လဲလို့တဲ့၊ ခြသေ့ကြီးက သူ့အနားမှာ ဆောင့်ကြောင့် ထိုင်ရင်း ဟိန်း ဟောက်နေသတဲ့၊ မျက်နှာ တစ်ခုလုံး စုတ်ပဲ့နေပုံကလည်း ရစရာ မရှိဘူး၊ အသက်မှ ရှင်ပါတော့မလားလို့တောင် အောက်မေ့ နေရသတဲ့။

'ဒါနှင့် ဆပ်ကပ် အထဲက ကာယဗလသမား လီယိုနာဒိုနှင့် ဆပ်ကပ် လူပြက် ဘရစ်တို့ ခေါင်းဆောင်တဲ့ ဆပ်ကပ် အဖွဲ့သားတွေက ခြသေ့ကြီးကို ဝါးလုံးတွေ ဘာတွေနှင့် ဝိုင်း ခြောက်ကြတော့မှ ခြသေ့ကြီးဟာ လှောင်အိမ် ထဲကို ပြန်ပြီး ခုန်ဝင်သွားသတဲ့၊ အဲဒီတော့မှ အပြင်ကနေ လှောင်အိမ် တံခါး ကို ကပျာကယာ ပိတ်ပြီး သော့ခတ် လိုက်ရသတဲ့၊ ခြသေ့ကြီး လှောင်အိမ် အပြင်ဘက်ကို ဘယ်ပုံ ဘယ်နည်း ရောက်လာတယ် ဆိုတာကိုတော့ ဘယ်သူမှ မသိကြဘူးတဲ့၊ ကြည့်ရတာကတော့ လင်မယား နှစ်ယောက် အထဲကို ဝင် ကျွေးမလို့ တံခါးကို အဖွင့်လိုက်မှာ ခြသေ့က လင်မယား နှစ်ယောက်ကို ခုန် အုပ်လိုက်ဟန် တူတယ်၊ သက်သေ ထွက်ချက်ထဲမှာတော့ ဘာမှ စိတ်ဝင်စား လောက်စရာ မတွေ့ပါဘူး၊ သို့သော်လည်း သူ့မိန်းမက ''လူကြောက်၊ သူ... သော နည်းတဲ့ လူကြောက်'' လို့ ကယောင်ကတမ်း အော်နေတဲ့ အချက်က တော့ နည်းနည်း ဆန်းနေတယ်၊ အမျိုးသမီးကို သူတို့ နေတဲ့ လှည်းကို ... သွားတော့ ကယောင်ကတမ်း အော်နေသတဲ့ ဗျ၊ သူ့ကို နောက် ခြောက်... လောက် ရှိလို့ ကျန်းမာလာတော့မှ စစ်ချက် ယူရတယ်၊ သို့သော်လည်း ပု... စစ်ချက်ကတော့ ထုံးစံအတိုင်း ယူရတာပေါ့လေ၊ သေတဲ့ ကိစ္စကိုလည်း တ... စွန့်စားပြီး သေတယ်လို့ပဲ ရေးရတာပေါ့'

'ဒီပြင်ကော ဘာများ ဖြစ်နိုင်သေးလို့လဲဗျ' ဟု ကျွန်ုပ်က မေးလိုက်သေး၏။

'ဟုတ်ပါတယ်လေ၊ ဒီပြင်တော့ ဖြစ်နိုင်စရာ အကြောင်း တယ် မရှိ... ပါဘူး၊ သို့သော်လည်း ဘက်ရှိင်းယားနယ် ဂါတ်က အင်စပက်တော် အက်... ဘဝင် သိပ်မကျတဲ့ အချက် တစ်ချက် နှစ်ချက် ရှိတယ်ဗျ၊ အင်စပက်တော် လေးက လူသာ ငယ်ပေမဲ့ မဆိုးဘူး၊ နောက်တော့ သူလည်း အလာဟာဘတ်... ပြောင်းသွားရတယ်၊ မသွားခင် ကျုပ်ဆီကို ရောက်လာပြီး အဲဒီ အကြောင်း... ပြောပြသွားလို့ ကျုပ် သိရတာ'

'ပိန်ပိန်ပါးပါး ပြောင်းဖူးမွှေးလို့ ဆံပင်နှင့် ပုလိပ်ကလေး မဟုတ်လား'

'ဟုတ်ပဗျာ၊ ကဲ ဒီလောက် ဆိုရင် ခင်ဗျားလည်း အမှု အကြောင်း... လိပ်ပတ် လည်လောက်ရောပေါ့'





'နို့ နေစမ်းပါဦး၊ သူ ဘဝင် မကျဘူး ဆိုတာက ဘာကို မကျတာတုံး'

'သူတွင် မဟုတ်ဘူးဗျ၊ ကျုပ်လည်း ဘဝင် မကျဘူး၊ ဒီအဖြစ်အပျက် ဘယ်လို ဖြစ်ရတယ် ဆိုတာကို တွေးယူရတာ တော်တော် ခက်တဲ့ ကိစ္စ၊ ခြသေ့ ကိုက်တဲ့ ဘက်ကနေ ကြည့်ဦး၊ လှောင်အိမ်ထဲက လွတ်လာတယ်၊ လွတ် တော့ ဘာလုပ်သလဲ၊ လေး ငါး ခြောက်လှမ်းလောက် ခုန်ထွက်လာပြီး ရွန်ဒါ ကို ကိုက်တယ်၊ ရွန်ဒါက ထွက်ပြေးတယ်၊ သူ့နောက်စေ့မှာ ကုတ်ခြစ်ထားတဲ့ ...ထက်ရာတွေ တွေ့ရတယ်၊ ထွက်ပြေးပေမဲ့ မလွတ်တော့ဘူး၊ ခြသေ့ ပုတ်လိုက် လို့ လဲသွားတယ်၊ ပြီးတော့ ခြသေ့ဟာ ခုန်ပြီး လွတ်ရာကျွတ်ရာကို ထွက်ပြေး မယ့် အစား လှောင်အိမ်နားမှာ ရှိတဲ့ မိန်းမဆီကို ပြန်လာတယ်၊ ပြီးတော့ မိန်းမကို ပုတ်ပြီး မျက်နှာကို ကိုက်လိုက်တယ်၊ ပြီးတော့ သူ့ အော်သံကို ကြားလောက်ရင် အဲဒီ အချိန်မှာ သူ့ယောကျ်ားဟာ အကိုက် ခံရပြီးပြီ ဆိုတဲ့ သဘော ထွက်နေတယ်၊ ဒီတော့ သူ့ မိန်းမ အော်တော့လည်း သူ ဘာ-တတ်နိုင်တော့မှာ တုံးလဲ၊ ဒီတော့ အခက်အခဲကို ခင်ဗျား မြင်ပြီနော်'

'အင်း မြင်ပါတယ်'

'နောက် တစ်ချက် ရှိသေးတယ်ဗျ၊ ဒီအချက်က ခု ပြန်တွေးလိုက် တော့မှ တရေးရေး ပြန်ပေါ်လာတယ်၊ ခြသေ့က ဟိန်းပြီး မိန်းမက ကြောက် ကြောက် လန့်လန့်နှင့် အော်နေတုန်းမှာ လူတစ်ယောက်ရဲ့ အော်သံကိုလည်း ကြားရတယ်လို့ ဆိုတယ်'

'ဒါကတော့ ရွန်ဒါရဲ့ အသံ ဖြစ်မှာပေါ့ဗျ'

'ခြသေ့ ကိုက်ထားလို့ ခေါင်းခွံ တစ်ခုလုံး ကြေနေပြီးမှတော့ အော်နိုင် ပါဦးမလားဗျ၊ မိန်းမ အော်သံနှင့် တစ်ပြိုင်နက်တည်း ယောကျ်ား အော်သံကိုပါ ကြားနေရတယ်လို့ ထွက်တာ တစ်ယောက်တည်းက ထွက်တာ မဟုတ်ဘူးဗျ၊ နှစ်ယောက်တောင် ထွက်ထားတာ'

'အဲဒီ အချိန်ကျတော့ စခန်း တစ်ခုလုံး ဆူညံ နေလောက်ရောပေါ့၊ အခြား အချက်အလက်တွေနှင့် ပတ်သက်လို့တော့ အဖြေတွေ ရှိပါတယ်ဗျ'

'ဆိုစမ်းပါဦးဗျာ၊ ကြားရအောင်'

'လင်မယား နှစ်ယောက်ဟာ အတူတူ ရှိနေကြတယ်ဗျာ၊ လှောင်အိမ် ထဲက ခြသေ့ လွတ်ထွက်လာတော့ သူတို့နှစ်ယောက်ဟာ လှောင်အိမ်နှင့် ဆယ် ကိုက်လောက် အကွာမှာ အတူတူ ရှိနေကြတယ်ဗျာ၊ ယောကျ်ားက လှည့်ပြီး ထွက်ပြေးမလို့ အလုပ်မှာ ခြသေ့က သူ့ကို အရင် ပုတ်လိုက်တော့ လဲကျသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မိန်းမက လှောင်အိမ်ထဲ ဝင်ပြီး တံခါးကို ပိတ်ထားလိုက်မယ်လို့ စီ ကူး ရလိုက်တယ်၊ သူ့အဖို့က လွတ်လမ်း ဆိုလို့ ဒီတစ်နည်းပဲ ရှိတော့တာ ဒါနှင့် မိန်းမဟာ လှောင်အိမ်ဆီကို ပြေးလာတယ်၊ လှောင်အိမ်နား ရောက် ခြသေ့်က မီလာပြီး သူ့ကို ပုတ်ချလိုက်တယ်၊ ယောက်ျားက ထွက်ပြေး ခြသေ့်ကို ဆွပေးသလို ဖြစ်နေတဲ့ အတွက် မိန်းမက သူ့ ယောက်ျားကို စီ ဆိုးတယ်၊ အကယ်၍သာ သူတို့ နှစ်ယောက်စလုံး ခြသေ့်ကို ရင်ဆိုင်ကြ ဆိုရင် ခြသေ့်ဟာ သူတို့ ရှေ့မှာ ကြောက်ပြီး ဝပ်ချင် ဝပ်သွားမှာပဲ၊ ဒါကြော မို့ သူ့ ယောက်ျားကို လူကြောက်လို့ ခေါ်တာ ဖြစ်မှာပေါ့'

'တွေးလုံးကလေးကတော့ ဟန်ကျသဗျာ၊ ဒါပေမဲ့ ခင်ဗျား တွေးလုံး ဟာကွက် ရှိနေတယ်ဗျ'

'ဘယ်ဟာကွက်လဲဗျ၊ ဟုမ်း'

'သူတို့ နှစ်ယောက်ဟာ လှောင်အိမ်ကနေ ဆယ်ကိုက်လောက် အ မှာ ရှိတယ် ဆိုရင် ဒီခြသေ့်ကြီးကို လှောင်အိမ်က ဘယ်သူ လွှတ်လိုက်တာ ဘယ့်နှယ်လုပ် လွတ်လာသလဲ'

'သူတို့ ရန်သူ တစ်ယောက်ယောက် လွှတ်လိုက်တာ ဆိုရင်ကော'

'ဒီလိုဆိုရင် လှောင်အိမ်ထဲမှာ သူတို့နှင့် အတူ ကစားနေကျ ဆ ပြနေကျ ဖြစ်လျက်သားနှင့် ဘာဖြစ်လို့ ဒီလောက်တောင် ရက်ရက်စက် ကိုက်ရသလဲ'

'အဲဒီ ရန်သူကပဲ ခြသေ့်ကို စိတ်ဆိုးအောင် ဆွထားလို့ ဖြစ်မှာ'

ရှားလော့ဟုမ်းသည် အတန်ကြာမျှ တိတ်ဆိတ်စွာ စဉ်းစားလျက် ရှိ ၏။

'အင်း ခင်ဗျား တွေးလုံး အတိုင်း စဉ်းစားမယ် ဆိုရင်တော့ စဉ်း စရာတွေ တစ်ပုံကြီးပေါ့လေ၊ ရွန်ဒါ ဆိုတဲ့ လူက ရန် တော်တော် များတဲ့ အက်ဒမန်ရဲ့ စကား အရ ဆိုရင် ရွန်ဒါဟာ အရက် မူးရင် တော်တော် ဆိုးသတဲ့ဗျ၊ ဗလ အားကိုးနှင့် တစ်ဖက်သားကို အနိုင်ကျင့် ဆဲဆို ကြိမ်း ပြီး ရိုက်လား နှက်လားလည်း အလွန် လုပ်သတဲ့၊ ခုတွင်က အိမ်ရှင် အဘွား ပြောသွားတဲ့ စကားထဲမှာ ရွန်ဒါရဲ့ မိန်းမဟာ ညည ဆိုရင် တိရစ္ဆာန်ကြီး ယုတ်မာကြီးလို့ အော်သတဲ့ဗျ၊ ဒီလို အော်တာဟာ ယောက်ျားကို သတိ ယောင်ယမ်း အော်နေတာ ဖြစ်မှာပေါ့၊ သို့သော်လည်း အချက်အလက် အ အစုံ မရသေးတော့ တွေးရတာတွေဟာ သိပ်ပြီး မခိုင်မာဘူးပေါ့ဗျာ၊ ဟော





ကြောင်အိမ်ထဲမှာ ရေခဲစိမ် ခါသားရယ်၊ မွှန်ထရာ ဝိုင် တစ်ပုလင်းရယ် ရှိသဗျ သွားခင် ခာတ်ဆီလေး ဘာလေး ဖြည့်လိုက်ကြဦးစို့ရဲ'

က် မယ်ရီလိုး၏ အိမ်ရှေ့သို့ ကျွန်ုပ်တို့၏ ပက်လက် ရထားကလေး ဆိုက် ိုက်သည့် အခါတွင် ချောင်ကျသည့် အိမ်ကလေး တံခါးဝကို ကန့်လန့် ပိတ်၍ ်နေသည့် ခပ်ဖိုင့်ဖိုင့် အိမ်ရှင် အဘွားကြီးကို တွေ့ရလေ၏။ သူ့ကို ကြည့် ိုက်ရုံမျှဖြင့် အိမ်လခ ကောင်းကောင်း ပေးသည့် အိမ်ငှား တစ်ယောက် တ်လွှတ်မည့် အရေးကို တွေး၍ စိုးရိမ်နေမှန်း သိသာနိုင်ပေ၏။

ကျွန်ုပ်တို့အား ဧည့်ခန်းထဲသို့ မခေါ်မီ အိမ်ငှား ပြောင်းသွားစေမည့် ပြုအမူ အပြောအဆိုတို့ကို ရှောင်ကြဉ်ရန်လည်း ကျွန်ုပ်တို့အား တဖွဖွ တောင်း ်လျက် ရှိလေ၏။

သူ့ကို ကတိ ပေးပြီးနောက် ကျွန်ုပ်တို့သည် ကော်ဇောဟောင်း ခင်း သည့် လှေကားကြီး အတိုင်း သူ့နောက်မှ တက်လိုက်လာခဲ့ကြသည်တွင် ဆန်းသော အိမ်ငှား၏ အခန်းထဲသို့ ရောက်သွားကြလေ၏။

အခန်းရှင်မှာ အပြင်သို့ တစ်ခါတစ်ရံမှ ထွက်သူ ဖြစ်သည့် အတွက် ်စံ အတိုင်း အခန်းမှာ မွန်းကျပ် မွှန်ထူလျက် ရှိပြီး အောက်သိုးသိုး အနံ့ တ်လျက် ရှိလေ၏။

အမျိုးသမီးသည် တိရစ္ဆာန်များကို လှောင်အိမ်ထဲတွင် ပိတ်လှောင်ခဲ့ သည့် အတွက် ကာလဝိပါက် နောက်ပိုးတက် ဆိုသကဲ့သို့ သူလည်း ယခု မှာပင် ပြန်၍ ပိတ်လှောင်ခြင်း ခံနေရသည်လော မပြောတတ်ချေ။

အမျိုးသမီးသည် ခပ်မှောင်မှောင် အခန်း ထောင့်ထဲရှိ လက်တင် ကျိုး က် ရှိသော ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်လျက် ရှိလေ၏။ လှုပ်ရှား ်း မရှိ ငြိမ်သက်စွာ နေခဲ့သည့် အတွက် သူ့ခန္ဓာကိုယ်မှာ အနည်းငယ် ဝဖြိုး က် ရှိသည့်တိုင် တစ်ခါကမူ များစွာ တင့်တယ် ပြေပြစ်ခဲ့ဟန် ရှိပြီး ယခု ် စွဲမက်ဖွယ် အရိပ်အယောင်တို့ ကျန်ပေသေး၏။ ထူထဲ မည်းနက်သော ်နှာဖုံးပဝါ တစ်ထည်ကို မျက်နှာတွင် ဖုံးထားသော်လည်း ပါးစပ်ကိုမူ ဖုံး ်ထားခြင်း မရှိသည့် အတွက် လှပသော နှုတ်ခမ်းနှင့် မေးသွယ်သွယ်ကို ်ရပေ၏။ ထို အမျိုးသမီးမှာ တော်တော် လှမည့် အမျိုးသမီး တစ်ဦး ဖြစ် လောက် အသံမှာလည်း သာယာ ချိုအေးလှပေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ နာမည်ကိုတော့ စုံထောက်ကြီး အဖို့ အဆန်း မဟုတ်တော့ပါဘူးနော်၊ ဒါကြောင့် ဒီနာမည်ကို ကြားလိုက်ရင် လာမှာပဲလို့ ကျွန်မ တွေး လိုက်ပြီးသားပါ'

'ဟုတ်တာပေါ့ဗျာ၊ သို့သော်လည်း ကျုပ် ညီမကြီး အမှုကို ကျုပ် စိတ် ဝင်စားနေတယ်ဆိုတာ ညီမကြီး ဘယ့်နယ်လုပ်များ သိနေသလဲ'

'ကျွန်မ နေထိုင်ကောင်းလို့ ကျွန်မကို စုံထောက်ဌာနက မစ္စတာ အ ဒမန် လာစစ်တုန်းက သိခဲ့တာပါရှင်၊ ကျွန်မ သူ့ကို ဖုံးဖိပြီး ထွက်လိုက်မိတယ် ရှင်၊ အဲဒီတုန်းက အမှန်ကို ပြောလိုက်ရင် အကောင်းသား'

'အမှန်ကို ပြောရင် ဘယ်အချိန်မှာ ဖြစ်ဖြစ် ကောင်းတာပါပဲဗျာ နေစမ်းပါဦး၊ သူ့ကိုကော ဘာဖြစ်လို့ ဖုံးဖိ ပြောလိုက်တာလဲ'

'လူ တစ်ယောက်ကို ငဲ့လို့ ဖုံးဖိ ပြောလိုက်တာပါရှင်၊ ဒီလူဟာ အသုံး မကျတဲ့ လူမှန်း ကျွန်မ သိပါတယ်၊ အဲဒီတုန်းကတော့ ကိုယ့်ကြောင့် လူ တစ် ယောက် ဒုက္ခ ရောက်သွားတာ မကြည့်ရက်လို့ ဆိုပါတော့၊ ဒီတုန်းက ကျွန်မ တို့ အချင်းချင်း တော်တော်လေး ရင်းနှီးခဲ့ကြပါတယ်'

'ဒါဖြင့် ခုတော့ ဘယ်လို လုပ်ပြီး ပြောနိုင်တဲ့ အခြေအနေကို ရောက် လာရတာလဲ'

'ခုတော့ အဲဒီ လူ မရှိတော့ပါဘူးရှင်၊ ဆုံးပါပြီ'

'ဒါဖြင့် ကျုပ် ညီမကြီး သိတာတွေကို ဘာဖြစ်လို့ ပုလိပ်ဘက်ကို မပြောသလဲ'

'ငဲ့ညှာစရာ နောက် လူတစ်ယောက် ရှိသေးလို့ပါရှင်၊ အဲဒီ လူက တခြားလူ မဟုတ်ပါဘူး၊ ကျွန်မပါ၊ ပုလိပ်ကို အစစ်ခံလို့ ရှိရင် သတင်းစာ ထဲ ပါ ဘယ်ပါနှင့် အမနာပ ပြောကြတာတွေ အုတ်အော်သောင်းတင်း တာတွေကို ကျွန်မ ရင်မဆိုင်နိုင်ဘူးရှင်၊ ကျွန်မလည်း ကြာကြာ နေရတော့ မဟုတ်ပါဘူး၊ ဒီတော့ နေရသလောက်ကလေးမှာ အေးအေးချမ်းချမ်း နေ အေးအေးချမ်းချမ်း သေသွားချင်တယ်၊ ဒါပေမဲ့ မသေခင်မှာ ကျွန်မရဲ့ စရာ ကောင်းတဲ့ အဖြစ်အပျက်ကို ဆုံးဖြတ် ဝေဖန်နိုင်တဲ့ လူ တစ်ယောက် ပြောပြသွားချင်တယ်၊ ကျွန်မ သေတဲ့ အခါမှာ ကျွန်မ အကြောင်းကို နား ပါစေတော့ ဆိုတဲ့ စေတနာနှင့်ပါ'

'အင်း၊ ကျုပ်ကိုလည်း သိပ် အမွှမ်း တင်မနေနှင့်ဦးဗျ၊ တစ်ပြိုင် တည်းမှာ ကျုပ်မှာလည်း အထိုက်အလျောက်တော့ တာဝန် ရှိတယ်၊





အနေနှင့် ပုလိပ်ကို လွှဲမပေးပါဘူးလို့ အာမခံတာတော့ မခံနိုင်ပေဘူး'

'ဟုတ်ပါတယ်ရှင်၊ စုံထောက်ကြီး အကြောင်းကို ကျွန်မ သိပါတယ်၊ ပြီးတော့ စုံထောက်ကြီး လိုက်တဲ့ အမှုတွေကိုလည်း နှစ် တော်တော် ကြာကြာ ဖတ်ရှု လေ့လာခဲ့ဖူးတဲ့ အတွက် စုံထောက်ကြီးရဲ့ နည်းတွေကိုလည်း ကျွန်မ ကောင်းကောင်း သိပါတယ်၊ ကျွန်မမှာ အပျင်း ဖြေစရာ ဆိုလို့ စာဖတ်တာပဲ ရှိပါတယ်၊ ဒါကြောင့် ကမ္ဘာကြီးနှင့်တော့ သိပ် အဆက် မပြတ်လှပါဘူး၊ ဒါပေမဲ့ ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်မ အဖြစ်အပျက်ကို စုံထောက်ကြီး အနေနှင့် အသုံးချလို့ ရရင် သုံးပါတော့ ဆိုပြီး ခုလို ခေါ်ပြောရတာပါ၊ ပြောလိုက်ရရင် ကျွန်မ ရင်ထဲမှာလည်း အများကြီး ပေါ့သွားမှာပါ'

'ဟောဒီက ကျုပ် မိတ်ဆွေကြီးနှင့် ကျုပ်တို့ အနေနှင့်ကတော့ ကြားရရင် ကောင်းတာပဗျာ'

အမျိုးသမီးသည် ထိုင်ရာမှ ထကာ အမျိုးသား တစ်ယောက်၏ ဓာတ်ပုံကို အံဆွဲထဲမှ ထုတ်လာလေ၏။ ထိုလူမှာ အချိုးအဆစ် ပြေပြစ်သည့် ကိုယ်လုံး ကိုယ်ပေါက် ရှိလျက် ကြွက်သားကြီးများ စူထွက်နေသော ရင်အုပ်ကြီးပေါ်တွင် လိုထစ်လျက် ရှိသော လက်မောင်းကြီးများကို ပိုက်ထားပြီး မည်းနက်သော နှုတ်ခမ်းမွေးများ ကြားမှ အပြုံးသည် တောက်ပလျက် ရှိလေရာ ကြည့်လိုက်ရုံဖြင့်ပင် ကျွမ်းဘား ပညာသည် တစ်ဦး ဖြစ်ကြောင်း ကောင်းစွာ သိနိုင်ပေ၏။ ထိုလူ၏ အပြုံးမှာ အောင်ပွဲ များစွာကို ရခဲ့သည့် ယောက်ျား တစ်ယောက်၏ ကိုယ့်ကိုယ် ကိုယ် ကျေနပ်နေသော အပြုံးမျိုး ဖြစ်ပေ၏။

'သူက လီယိုနာဒိုပါ'

'ပုလိပ်ဆီမှာ အစစ်ခံချက် ပေးတဲ့ လီယိုနာဒိုပေါ့၊ ဆပ်ကပ်ထဲမှာ ကျွမ်းဘားသမားလေ'

'ဟုတ်ပါတယ်ရှင်၊ ဟောဒါက ကျွန်မ ယောက်ျားပါ'

ထိုယောက်ျား၏ မျက်နှာမှာ ဝက် မျက်နှာကဲ့သို့ ရှိပြီး အလွန် ရုပ်ဆိုး အကျည်းတန်သော မျက်နှာ ဖြစ်လေ၏။ ထိုမျှမက တိရစ္ဆာန်ကဲ့သို့ ရက်စက် ကြမ်းကြုတ်သည့် အသွင်ကိုလည်း ဆောင်လျက် ရှိပေသေး၏။ အမြှုပ် တစ်စီ ထွက်တော့မည့်နှယ် ပါးစပ်ကြီးကို စုထားပုံကို ကြည့်၍လည်း ထိုသူမှာ ယုတ်မာသော စိတ်ထား ရှိသူ တစ်ဦး၏ ပုံ ပေါက်လျက် ရှိလေ၏။ ဆင် မျက်လုံးကဲ့သို့ သေးငယ် တောက်ကျစ်သည့် မျက်လုံးများသည် ဓာတ်ပုံထဲမှနေ၍ ပြင်ပလောကကြီးကို စူးစိုက် ကြည့်လျက် ရှိကာ မကောင်း ကြံရန် ချောင်းကောင်းသုံ

www.burmeseclassic.com



စောင့်နေသည်ဟု ထင်မှတ်ရလေ၏။ ထူအမ်းလျက် ရှိသော မျက်နှာကြီး လူဆိုး တစ်ဦး၊ လူယုတ် တစ်ဦး၊ လူ့တိရစ္ဆာန် တစ်ဦး ဖြစ်ကြောင်းကို ဖော် လျက် ရှိပေ၏။

'ဒီ ဓာတ်ပုံ နှစ်ပုံကို ယှဉ်ကြည့်လိုက်ရင် အဖြစ်အပျက်ကို ကောင်း နားလည် သွားကြမှာပါရှင်၊ ကျွန်မဟာ ငယ်ငယ်ကတည်းက လူ ပေါ်က နေပြီး ကြီးပြင်းလာခဲ့ရတဲ့ ဆပ်ကပ်မယ်ကလေး တစ်ယောက်ပါ၊ ဆ နှစ် သမီးလောက် ကတည်းက မီးကွင်းတွေ ဘာတွေထဲကို ဒိုင်ဗင်ထိုးပြ လုပ်ခဲ့ရပါတယ်၊ ကျွန်မ အရွယ် ရောက်လာတဲ့ အခါကျတော့ ဒီလူက ကျွန် ချစ်ပါတယ်၊ ချစ်တယ် ဆိုတာထက် တပ်မက်တယ်လို့ ပြောပါစို့ရှင်၊ ဒီလို ဘယ်ဂြိုဟ်ဆိုး ဝင်တယ် မသိဘူးရှင်၊ မကြာခင်မှာ ကျွန်မ သူနှင့် အကြော ပါခဲ့တာပါပဲ၊ အဲဒီ နေ့က စပြီး ကျွန်မ အဖို့တော့ ငရဲ ကျတာနှင့် အတူတူ ကျွန်မကို တရိရိ နှိပ်စက်ပါတယ်၊ ဘယ်လောက် နှိပ်စက်သလဲ ဆိုတာ ကျွန် တို့ ဆပ်ကပ် အဖွဲ့က လူတိုင်း သိပါတယ်၊ မသိတဲ့ လူရယ်လို့တောင် မရှိ ဘူး၊ ကျွန်မကို ပစ်ပြီး တခြား မိန်းမတွေနှင့် ရှုပ်လား ရှုပ်ရဲ့၊ ရှုပ်လို့ ကျွန် ငြူစူတော့ ကျွန်မကို တိုင်မှာ ကြိုးနှင့် တုပ်ပြီး ကျာပွတ်နှင့် ရိုက်တယ်၊ ဒါ ကြောင့် ဆပ်ကပ် တစ်ဖွဲ့လုံးက ကျွန်မကို သနားသလောက် သူ့ကို မုန်းကြ တယ်၊ ဒါပေမဲ့ ဒါက ကျွန်မတို့ အိမ်တွင်းရေး ကိစ္စပဲရှင်၊ သူတို့လည်း ဘာတ နိုင်မှာလဲ။

'ပြီးတော့ သူတို့ ကိုယ်တိုင်ကလည်း သူ့ကို ကြောက်နေရတာ မဟုတ် လား၊ လူက ဆိုးရုံတင် မကဘူး၊ မူးလာရင် တော်တော်ကို သွေးဆိုးတဲ့ လူ ပြီးတော့ လူတွေကို မကြာခဏ ရိုက် တိရစ္ဆာန်တွေကို ညှဉ်းပန်းလို့ အရေး ခံရတာကလည်း ခဏ ခဏပါပဲ၊ ဒါပေမဲ့ သူက ပိုက်ဆံ ရှိတော့ ဒီလော ဒဏ်ငွေလောက်တော့ ဘယ်မှုလိမ့်မတုံးရှင်။

'ဆပ်ကပ်ထဲမှာလည်း သူ့ကို မကျေနပ်လို့ ပညာသည် တစ်ယော ပြီး တစ်ယောက် ထွက်သွားလိုက်ကြတာ ဆပ်ကပ် အဖွဲ့လည်း တဖြည်းဖြည်း ကျလာတယ်ရှင့်၊ ဆပ်ကပ်ကို ဒီလောက် ထိန်းနိုင်ခဲ့တာ ကျွန်မရယ် လီယို ရယ် ဆပ်ကပ် လူပြက် ဘရစ်ရယ်ကြောင့်ပါ၊ ဒီသုံးယောက်ပဲ ဆပ်ကပ် အ ကို ထိန်းလာခဲ့ရတာ၊ ဘရစ် ဆိုရင် သူ့ခမျာ ပရိသတ်တွေကို ပျော်အောင် ပျော်တော် ဆက်နေရတယ်၊ အင်မတန် တာဝန် ကြီးရှာ ပါတယ်ရှင်၊ ဆပ် ကြီး တစ်ခုလုံးကို သူပဲ ထိန်းသွားရရှာတာ။





'ဒီလိုနှင့် ကျွန်မနှင့် လီယိုနာဒိုတို့ဟာ ရင်းနှီးလာခဲ့ကြပါတယ်၊ လီယို နာဒို ဆိုတာ စုံထောက်ကြီးတို့ မြင်တဲ့ အတိုင်းပါပဲရှင်၊ လူက ရုပ်ချောရုံတွင် တာပါဘူး၊ စိတ်ထားကလည်း အလွန် ကောင်းတဲ့ လူပါ၊ ကျွန်မ ယောက်ျား နှင့် အလွန်ကို ကွာပါတယ်၊ သူက ကျွန်မ အခြေအနေကို သိတော့ သနားလည်း သနားတယ်၊ ကူညီလည်း ကူညီတယ်၊ ဒီလိုနှင့် ကျွန်မတို့ နှစ်ယောက် ရင်းနှီး လာကြတာ နောက် ဆုံး တော့ ကျွန်မတို့ဟာ တစ်ယောက်ကို တစ်ယောက် အသည်း နှင့်အောင် ချစ်ခဲ့ကြပါတယ်၊ ကျွန်မ တစ်သက်မှာဖြင့် ဒီတစ်ခါပဲ ချစ် ဖူးပါသေးတယ်၊ ကျွန်မတို့ နှစ်ယောက်ကို ကျွန်မ ယောက်ျားကလည်း သံသယ ဖြစ်ပုံ ရပါတယ်၊ ဒါပေမဲ့ ကျွန်မယောက်ျားဟာ ကြောက်တဲ့ လူကိုသာ ခြောက် တတ်ပေမဲ့ သတ္တိ ရှိတဲ့ လူ မဟုတ်လေတော့ လီယိုနာဒိုကို ဆိုရင် သူကိုယ်က ငြိမ်းတိမ်းတိမ်း ဖြစ်နေပါတယ်၊ ဒီတော့ လီယိုနာဒိုကို ဘာမှ မလုပ်ရဲလေလေ ကျွန်မကို အငြိုးကြီးနှင့် နှိပ်စက်လေလေပါပဲ၊ တစ်ညကျတော့ ကျွန်မကို နှိပ် စက်တာနှင့် ကျွန်မက အော်တော့ ကျွန်မတို့ လှည်းနားကို လီယိုနာဒို ရောက် လာပါတယ်၊ အဲဒီညကတည်းက ကျွန်မတို့ တစ်ခုခု ဖြစ်မလို့ပါ၊ ဒါနှင့် နောက် ဆုံးတော့ သူနှင့် ဝေးအောင် လုပ်မှပဲလို့ ကျွန်မတို့ နှစ်ယောက်လုံး သဘော ပေါက်လာကြတယ်၊ ကျွန်မ ယောက်ျားဟာ ဒီလောကကြီးနှင့် မတန်ပါဘူး၊ ဒီလိုနှင့် ကျွန်မတို့ သူ သေအောင် အကြံ ထုတ်ကြပါတယ်။

'လီယိုနာဒိုက အင်မတန် ဦးနှောက် ကောင်းပါတယ်၊ ခု ကိစ္စကိုလည်း သူပဲ ကြံတာပါ၊ ဒီလို ပြောတော့ ကျွန်မက ကိုယ်လွတ် ရုန်းပြီး သူ့ကို ပုံချ တယ်လို့ ထင်ကောင်း ထင်ကြလိမ့်မယ်၊ အမှန်ကတော့ မဟုတ်ပါဘူး၊ ကျွန်မ ကိုယ်တိုင်လည်း အတူတကွ ပူးပေါင်း ကြံစည်ခဲ့တာပါ၊ ကျွန်မ ပြောချင်တာက ကျွန်မမှာ ဒီလို ဦးနှောက်မျိုး မရှိဘူး ဆိုတာကို ပြောချင်တာပါ၊ ဒါနှင့် ကျွန်မ တို့ တင်းပုတ် တစ်ခု လုပ်ကြပါတယ်၊ တင်းပုတ် ခေါင်းမှာ ချွန်နေတဲ့ သံမဏိ သံချောင်းကြီး ငါးချောင်းကို စိုက်ထားပါတယ်၊ သဘောကတော့ ခြင်္သေ့ လက် သည်းနှင့် တူအောင်ပေါ့ရှင်၊ ဒီတင်းပုတ်နှင့် အသေ သတ်မယ်ပေါ့၊ ကြည့်လိုက် ရင် ခြင်္သေ့ ပုတ်လို့လို့ အောက်မေ့ကြမှာပဲပေါ့။

'အဲဒီ ညက မှောင်မည်းလို့ရှင့်၊ ကျွန်မတို့ လင်မယား နှစ်ယောက်က ထုံးစံ အတိုင်း ခြင်္သေ့ကို အစာ ကျွေးဖို့ လှောင်အိမ်ဘက်ကို လာခဲ့ကြတယ်၊ လက်ထဲမှာ အမဲသားစိမ်းကို သွပ်ပုံးနှင့် ထည့်လို့၊ လီယိုနာဒိုကတော့ ကျွန်မ တို့ လှောင်အိမ်ကို သွားတဲ့ လမ်းမှာ ရှိတဲ့ လှည်းကြီး တစ်ခုကို ကွယ်ပြီး နေ



www.burmeseclassic.com

www.burmeseclassic.com



နေတယ်ရှင့်၊ ကျွန်မတို့လည်း အဲဒီနားက ဖြတ်လျှောက်လာတော့ သူက တရက် မရိုက်ဖြစ်ဘူးရှင့်၊ ကျွန်မတို့ လွန်လာတော့မှ ခြေဖျားထောက် လာပြီး နောက်ကနေ ဦးဆက်ကို ရိုက်ချလိုက်တာပါပဲ၊ ဖြောင်းခနဲ မြည် အသံကို ကြားလိုက်ရတော့ ဝမ်းသာလိုက်တာရှင် မပြောပါနှင့်တော့၊ ဒါ ကျွန်မလည်း ရှေ့ကို ပြေးလာပြီး လှောင်အိမ်က တံခါးကို ဖွင့်ပေးလိုက် ရှင့်။

'ဒီတုန်းမှာ အဖြစ်ဆိုးနှင့် ကြုံရတာပါပဲရှင်၊ တိရစ္ဆာန်များဟာ လူ နဲ့ကို ချက်ချင်း သိတယ် ဆိုတာ စုံထောက်ကြီးများ ကြားဖူးသလား မသိ အပြင်မှာ လူတစ်ယောက် အသတ်ခံရပြီ ဆိုတာကို တိရစ္ဆာန်က အလိုလို သိ တာကိုးရှင့်၊ ကျွန်မလည်း တံခါးကို ဖွင့်ပေးလိုက်ရော ခြင်္သေ့ကြီးဟာ ခုန် လာပြီး ကျွန်မကို ပုတ်တာပါပဲ၊ လီယိုနာဒိုဟာ ကျွန်မကို ကယ်မယ် ကယ်နိုင်တယ်ရှင့်၊ တကယ်လို့သာ သူ ပြေးလာပြီး တင်းပုတ်နှင့် ရိုက်လိုက် ခြင်္သေ့ကြီးဟာ ဝပ်သွားမှာပဲ၊ ဒါပေမဲ့ သူကလည်း ဘာမှ မလုပ်နိုင်ဘဲ နေတယ်၊ ပြီးတော့ ကြောက်ကြောက်နှင့် အော်ပြီး ထွက်ပြေးတယ်ရှင့်၊ တုန်းမှာ ကျွန်မ မျက်နှာကို ခြင်္သေ့ ကိုက်လိုက်တာပါပဲရှင်၊ ခြင်္သေ့ ပါးစပ် ပုပ်ဟောင်ပြီး ပူနွေးနွေးကြီး ဖြစ်လေတော့ ကျွန်မလည်း နာတာတွေ ဘာ ကို သတိ မရလိုက်မိဘူးရှင့်၊ ဒါနှင့် ကျွန်မလည်း အငွေ့တွေ ထွက်ပြီး တွေ ပေနေတဲ့ သူ့ ပါးစပ်ကြီးကို လက်နှင့် တွန်းရင်း အော်ဟစ်ပြီး အ အညီ တောင်းပါတယ်၊ အဲဒီ အချိန်မှာ စခန်း တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ် ပြီး လီယိုနာဒိုရယ်၊ ဘရစ်ရယ်၊ တခြား လူတွေရယ် ကျွန်မကို ခြင်္သေ့ ထဲက ဆွဲထုတ်နေတာကို ခပ်ရေးရေး သတိ ရပါတယ်၊ ဒါဟာ ကျွန်မ ဆုံး သတိ ရလိုက်တာပါပဲရှင်။

'ဒီလိုနှင့် ကျွန်မ သတိ မေ့နေတာ လပေါင်း တော်တော် ကြာပါတ ကျွန်မ သတိရလို့ မှန်ထဲကို ကြည့်လိုက်တဲ့ အခါကျတော့ ကျွန်မလေ ဒီတိ ကြီး ဒီခြင်္သေ့ကြီးကို ကျိန်ဆဲမိတယ်ရှင်၊ ကျိန်ဆဲမိတာက ကျွန်မ အ ပျက်စီးအောင် လုပ်လို့ မဟုတ်ပါဘူး၊ ကျွန်မ အသက်ကိုပါ တစ်ခါ သေအောင် ကိုက်မပစ်လိုက်လို့ စိတ်ဆိုးမိတာပါ၊ ကျွန်မမှာ ဆန္ဒ တစ်ခု ရှိပါတော့တယ်ရှင်၊ ဒီဆန္ဒကို ဖြည့်နိုင်အောင်လည်း ကျွန်မမှာ ငွေကြေး ပြည့် စုံစုံ ရှိပါတယ်၊ အဲဒီ ဆန္ဒကတော့ တခြား မဟုတ်ပါဘူး၊ ကျွန်မ မျက် ဘယ်သူမှ မမြင်ရအောင် ဖုံးထားပြီး ကျွန်မကို မသိတဲ့ တစ်နေရာရာမှာ





ပြီး ဇာတ်မြုပ်နေမယ် ဆိုတဲ့ ဆန္ဒပါ၊ ကျွန်မ အဖို့ လုပ်စရာ ဆိုလို့ ဒီတစ်ခုပဲ ရှိတော့တယ် မဟုတ်လားရှင်၊ ခုတော့ ကျွန်မ ဒါကိုလည်း လုပ်ခဲ့ပြီးပါပြီ ကျွန်မ ဘဝက ဘာနှင့် အလား သဏ္ဌာန် တူသလဲ ဆိုတော့ ဒဏ်ရာ ရလာတဲ့ တိရစ္ဆာန်ကြီး တစ်ကောင် သေဖို့ တွင်းအောင်းနေတာနှင့် အတူတူပါပဲရှင်'

သူ့ အဖြစ်အပျက်ကို နားထောင်ပြီးသည့် အခါတွင် ကျွန်ုပ်တို့သည် တိတ်ဆိတ်စွာ ထိုင်နေမိကြလေ၏။ ထို့နောက် ရှားလော့ဟုမ်းသည် ရှည်လျား သည့် လက်တံများကို ဆန့်တန်းကာ အမျိုးသမီး၏ လက်ကို ကြင်နာ ယုယစွာ ပွတ်သပ်လျက် ရှိလေရာ ဤသို့သော အပြုအမူမျိုးမှာ ရှားလော့ဟုမ်း လုပ်ခဲလှ သည့် အပြုအမူမျိုး ဖြစ်လေ၏။

'အင်း ကျုပ်နှမရယ်၊ ဖြစ်မှ ဖြစ်ရပလေဗျာ၊ ကံကြမ္မာ ဆိုတာ တယ်ပြီး သိရခက်တဲ့ ကိစ္စမျိုးကိုးဗျ၊ နောင်ဘဝတို့ ဘာတို့မှာ အေးချမ်း သာယာတဲ့ ဘုံ တို့များ မရှိရင် ဒီလောကကြီးဟာ တယ်ပြီး ကြောက်စရာ ကောင်းပေတာပဲဗျာ၊ နေစမ်းပါဦး၊ လီယိုနာဒို ဆိုတဲ့ လူကကော'

'သူ့ အကြောင်းကို နောက်ထပ် ဘာမှ မကြားရတော့ပါဘူးရှင်၊ လူ ချင်းလည်း မတွေ့တော့ပါဘူး၊ ကျွန်မ သူ့ကို နာကြည်းခဲ့မိတဲ့ အတွက် မှား ချင်လည်း မှားပေမပေါ့လေ၊ နောက်ကျတော့လည်း ကျွန်မတို့ အဖွဲ့ထဲမှာ ပါ သာတဲ့ ကောင်မလေး တစ်ယောက်နှင့် ကြိုက်ချင်လည်း ကြိုက်သွားမှာပေါ့၊ ဒါပေမဲ့ မိန်းမ တစ်ယောက်ရဲ့ အချစ်ကတော့ ချက်ချင်း ပျောက်ပစ်လို့ ရတာ မျိုး မဟုတ်ဘူးရှင့်၊ သူဟာ ကျွန်မကို ခြင်္သေ့ရဲ့ လက်သည်းတွေ ကြားထဲမှာ ထားပစ်ခဲ့တယ်၊ တကယ် အလိုအပ်ဆုံး အချိန်မှာ ကျွန်မကို ပစ်ပြေးခဲ့တယ်၊ ဒါပေမဲ့ ကျွန်မကတော့ သူ့ကို စက်တိုင်ကို မတင်ရက်ပါဘူး၊ ကျွန်မ အတွက် ဘတော့ ဘာမှ မကြောက်တော့ပါဘူး၊ ဒီထက် ကြောက်စရာ ဘာရှိတော့တာ မှတ်လို့၊ မဟုတ်ဘူးလားရှင်၊ ဒါပေမဲ့ ကျွန်မ လီယိုနာဒို အပေါ်မှာတော့ မရက် စက်ခဲ့ပါဘူး'

'ခုကော သေပြီလား'

'လွန်ခဲ့တဲ့ လက မားဂိတ်နားမှာ ရေဆင်းကူးရင်း ရေနစ် သေသွားပါ ပြီရှင်၊ သူ သေတဲ့ သတင်းကို သတင်းစာတွေထဲမှာ တွေ့လိုက်ပါတယ်'

'ကျုပ်နှမကြီးတို့ ကိစ္စမှာ အရေးကြီးတဲ့ အခန်းက ပါခဲ့တဲ့ သံမဏိသွယ် ဘယ်ထားတဲ့ တင်းပုတ်ကြီးကကော ဘယ်ရောက်သွားသလဲ'

'အဲဒါတော့ ကျွန်မလည်း မသိဘူးရှင့်၊ အဲဒီတုန်းက ကျွန်မတို့ စခန်း



www.burmeseclassic.com

www.burmeseclassic.com



နားမှာ မြေဖြူ ကျင်းကြီး တစ်ခု ရှိတယ်၊ အောက်ခြေမှာ ရေတွေ ထွက်
အဲဒီ ကျင်းကြီးထဲများ ...'

'ပြောပါလေ၊ ကိစ္စ မရှိပါဘူး၊ အမှုက ပိတ်လိုက်ပြီပဲ'

'ဟုတ်ပါတယ်ရှင်၊ အမှုကတော့ ပိတ်လိုက်ပါပြီ'

ကျွန်ုပ်တို့သည် ပြန်ရန် ထိုင်ရာမှ ထလိုက်ကြလေ၏။ သို့ရာတွင် ရှား
လော့ဟုမ်းသည် အမျိုးသမီး၏ အသံ တစ်မျိုး ဖြစ်သွားသည်ကို သတိ ပြုလိုက်
မိသဖြင့် နောက်သို့ ချက်ချင်း ပြန်လှည့်ကာ

'မလုပ်နှင့်လေ၊ ကျုပ် ညီမကြီးရဲ့ အသက်ကို ကျုပ် ညီမကြီး
ယောက်တည်း ပိုင်တာ မဟုတ်ဘူးဗျ၊ မလုပ်ပါနှင့်၊ ဒီပစ္စည်းကို လွှတ်ချလိုက်
ပါ၊ အဖန် ငါးရာ ငါးကမ္ဘာကို မကြောက်ဘူးလား'

'နေလို့ကော ဘာထူးဦးမှာလဲရှင်'

'ဘယ် ဒီလို ပြောလို့ ရမလဲဗျာ၊ စိတ် မရှည်တဲ့ လောကကြီးမှာ စိတ်
ရှည်စွာ ဝေဒနာကို ရင်ဆိုင်ခြင်းဟာ အကောင်းဆုံး အဖိုးတန် သင်ခန်းစာပေါ့'

အမျိုးသမီး၏ အဖြေမှာ ကြောက်စရာ ကောင်းလှပေ၏။ အမျိုးသမီး
သည် မျက်နှာဖုံးကို ခွာချလိုက်ကာ အလင်းရောင်ထဲသို့ ထွက်လာလေ၏။

'ဒီမျက်နှာကြီးကို စုံထောက်ကြီး မြင်ချင်သေးသလားရှင်'

မျက်နှာမှာ ကြောက်မက်ဖွယ် ကောင်းလှပေ၏။ မျက်နှာဖုံး မရှိတော့
သော အခါတွင် အခွံချည်း ကျန်ရစ်ခဲ့သော မျက်နှာ တစ်ခုကို စာဖတ်သူ
မြင်လာအောင် မည်သည့် စကားလုံးနှင့်မျှ ရေးပြနိုင်မည် မဟုတ်ချေ။ ကြောက်
မက်ဖွယ် အပျက်အစီး ကြားထဲမှာ အသက် ရှင်လျက် ရှိသေးသော လှပသည့်
မျက်လုံး အစုံကို မြင်ရသည်မှာ ပို၍ပင် ကြောက်ဖွယ် ကောင်းနေပေသေး၏။
ရှားလော့ဟုမ်းမှာ ကြင်နာခြင်း၊ သဘော မတူခြင်းကို ပြသည့် အနေဖြင့်
လက်နှစ်ဖက်ကို ဆုပ်ပြပြီးနောက် ကျွန်ုပ်တို့လည်း အခန်းထဲမှ ထွက်လာ
ကြလေ၏။

နောက် နှစ်ရက် ကြာ၍ ရှားလော့ဟုမ်းထံသို့ ကျွန်ုပ် ရောက်သွားသည့် အခါ
ရှားလော့ဟုမ်းသည် နာရီ စင်ပေါ်တွင် တင်ထားသည့် ပုလင်း ပြာပြာကလေး
တစ်လုံးကို ကျွန်ုပ်အား ဂုဏ်ယူ ဝမ်းမြောက်စွာ ပြလေ၏။

ကျွန်ုပ်သည် ပုလင်းကို ကောက်ကြည့်လိုက်၏။ ပုလင်းပေါ်တွင် အဆိပ်





ဟု စာလုံးနီဖြင့် ရေးထားသည်ကို တွေ့ရလေ၏။ ဖွင့်ကြည့်လိုက်သည့် အခါ
တွင် လိမ္မော်နံ့ သင်းနေသည့် အနံ့ကို ရလေ၏။

'ပရတ်စစ် အက်ဆစ်လေဗျာ' ဟု ကျွန်ုပ်က ပြောလိုက်၏။

'ဟုတ်တယ်ဗျ၊ ဒီနေ့တွင် စာတိုက်က ရောက်လာတာ၊ ''ကျွန်မ သောက်
ချင်နေသော အရာကို ပို့လိုက်ပါပြီ၊ စုံထောက်ကြီး စကားကို နားထောင်ပါ
တော့မည်'' တဲ့ဗျ၊ ဒီလောက် သတ္တိ ကောင်းတဲ့ မိန်းမရဲ့ နာမည်ကိုတော့
ခင်ဗျား သိပြီးသား ဖြစ်ရောပေါ့နော် အိုင်ဆေး'

[မူရင်း ဝတ္ထု *The Adventure of The Veiled Lodger.* ရှေ့ဒေါင်း၏ စုံ
ထောက် ဦးစံရှား ဝတ္ထုများတွင် 'အိမ်တွင်းပုန်း ကုလားမ အမှု' ဟူသော အမည်ဖြင့်
မြန်မာမှု ပြုပြီး။]



www.burmeseclassic.com

www.burmeseclassic.com

# မောင်နမ နှစ်ယောက်



ရှားလော့ဟုမ်းသည် မှန်ဘီလူး အသေးစားကလေး တစ်လက်ဖြင့် တကုန်းကုန်း အလုပ် များလျက် ရှိရာမှ ခါးကို ဆန့်လိုက်ပြီးလျှင် အောင်မြင်သော အကြည့်ဖြင့် ကျွန်ုပ်ကို လှမ်းကြည့်လိုက်လေ၏။

'အိုင်ဆေးရေ ကော်တွေဗျ၊ ကော်မှ ကော်အစစ်၊ ဟောဒီက အမှုန်ကလေးတွေကို မှန်ဘီလူးနှင့် လာကြည့်သည့်စမ်း'

ကျွန်ုပ်သည် မှန်ဘီလူးဆီသို့ ထလာကာ ငုံ့၍ ကြည့်လိုက်လေ၏။

'အမွေးကလေးတွေကတော့ သက္ကလတ် ကုတ်အင်္ကျီက အမျှင်ကလေးတွေဗျ၊ ပြာမွဲမွဲ အမှုန်ကလေးတွေက ဖုန်တွေဗျ၊ ဘယ်ဘက်ကဟာက အစေးအမှုန်ကလေးတွေ၊ အလယ်ကောင်မှာ မြင်နေရတဲ့ ခပ်ဖောင်းဖောင်း ခပ်ညိုညို အလေးတွေက ကော်တွေဗျ'

ကျွန်ုပ်က ရယ်လိုက်လျက်

'ခင်ဗျား ပြောတဲ့ အတိုင်း မှန်တယ်ပဲ ထားပါတော့၊ အဲဒီတော့ ဘာဖြစ်သလဲ'

'အင်မတန် ထင်ရှားတဲ့ သက်သေခံ ပစ္စည်းဗျ၊ စိန့် ပန်ကရား အမှုတုန်းက သေသွားတဲ့ ပုလိပ်ရဲ့ အလောင်းနားမှာ ဦးထုပ် တစ်လုံး တွေ့တာကို မှတ်မိသေးတယ် မဟုတ်လား၊ တရားခံက သူ့ဦးထုပ် မဟုတ်ပါဘူးလို့ ငြင်းတယ်လေ၊ သို့သော်လည်း ခုလူကတော့ ကော်တွေကို အမြဲ ကိုင်နေရတဲ့ ဘောင်းခွေဘောင်ခွေသမားဗျ'

www.burmeseclassic.com



'ခင်ဗျား ကိုင်နေတဲ့ အမှုလား'

'ကျုပ် အမှုတော့ မဟုတ်ပါဘူး၊ စကော့တလန်ယာဒ်က ကျုပ် မိတ်ဆွေ မာရီဗဲရဲ့ အမှုပါ၊ သူ ကိုင်နေတဲ့ အမှုကို ကြည့်ပေးစမ်းပါလို့ ပြောထားလို့ ဂဟေဆော်သမား အမှုတုန်းက သူ့ရုပ်အင်္ကျီ လက်ဖျား ချုပ်ရိုးကြောင်းထဲ သွပ်မှုန်လေးတွေနှင့် ကြေးနီမှုန်ကလေးတွေကို ရှာတွေ့ပြီးကတည်းက စကော့ တလန်ယာဒ်က ဆရာတွေလည်း စုံထောက် လုပ်ငန်းမှာ အဏုကြည့် မှန်ဘီလူး ဟာ ဘယ်လောက် အရေးကြီးတယ် ဆိုတာ သဘော ပေါက်လာကြတယ်ဗျ'

ဟု ဆိုကာ ရှားလော့ဟုမ်းသည် စိတ် မရှည်သည့်နှယ် လက်ပတ်နာရီကို ငုံ့ ကြည့်လိုက်ပြီးနောက်

'အမှုသည် တစ်ယောက်နှင့် ချိန်းထားတယ်ဗျ၊ ခုထက်ထိ ရောက်မလာ သေးဘူး၊ ဒါထက် အိုင်ဆေး ဒေါက်တာ ဝပ်ဆင်၊ မြင်းပွဲ အကြောင်း ခင်ဗျား နားလည်တယ်နော်'

'မလည်ဘဲ ရှိပါ့မလားဗျာ၊ တိုက်ပွဲမှာ ဒဏ်ရာ ရလို့ လျော်ကြေး ရတဲ့ ပင်စင်ကလေး တစ်ဝက်ဟာ မြင်းပွဲမှာ ကုန်ခဲ့တာပဲ'

'ဒီလို ဆိုရင်တော့ မြင်းပွဲ လမ်းညွှန် အဖြစ် ခင်ဗျားကိုပဲ အားကိုးရ တော့မှာပဲ၊ ဆာ ရောဗတ် နော်ဗာတန်နှင့် ပတ်သက်လို့ ခင်ဗျား ဘာသိသလဲ ဒီနာမည်ကိုကော မှတ်မိတယ် မဟုတ်လား'

'မှတ်မိပါ့ဗျာ၊ အဘိုးကြီးက ရှိုစကွမ်ဗီ အိုး ပလေ့ ဆိုတဲ့ အိမ်မှာ နေ တယ်ဗျ၊ တစ်ခါတုန်းက နွေမှာ အနား ယူဖို့ အဲဒီနားမှာ အိမ်တစ်လုံး ငှားနေ ဖူးတဲ့ အတွက် ကျွန်တော် ကောင်းကောင်း သိတာပေါ့၊ ဒါတင် ကရိုးလား တစ်ခါမှာ ခင်ဗျား နယ်ထဲတောင် ရောက်လုနီးပါး ဖြစ်ခဲ့သေးတယ်လေဗျာ ကံကောင်းလို့ ခင်ဗျား မလိုက်ခဲ့ရတာ'

'အလို ဘယ်လိုများ ဖြစ်လို့တုံးဗျ'

'ကာဇန်လမ်းက နာမည်ကျော် အပေါင်ဆိုင်ရှင် ဆန် ဘရူးဝါးကို မြင်း ရိုက်ကြိမ်နှင့် ရိုက်တာ ကံကောင်းလို့ မသေတာကလားဗျ'

'စိတ်ဝင်စားစရာပါလားဗျို့၊ ဒီလူကြီးက ဒီလိုပဲ လုပ်လေ့ ရှိသလား'

'လူကတော့ တော်တော် ဆိုးတဲ့ လူလို့ နာမည် ကြီးတာပဲဗျ၊ အင်္ဂလန် မှာဖြင့် အင်မတန် မြင်းစီး ကြမ်းတဲ့ ဂျော်ကီလို့ ဆိုတာပဲ၊ လွန်ခဲ့တဲ့ နှစ် မကြာမီတုန်းက ဂရင်း နေရှင်နယ် ဖလားပွဲမှာ ဒုတိယ စီးသွားတယ်ဗျ၊ သူ့ ခေတ်မှာတော့ သူလည်း လူမော် တစ်ဦးပေါ့ဗျာ၊ ဟိုခေတ်တုန်းကများ မွေးခဲ့ရင်



ဘယ့်နှယ် နေမလဲ မသိဘူး၊ လူကိုလည်း ကြည့်ဦးလေ၊ လက်ဝှေ့သမားလိုလို အားကစားသမားဗျာ၊ မြင်းသမားဗျာ၊ မိန်းမ စွံတဲ့ လူဗျာ၊ ခုတော့ ခြေဖြား လည်ပင်း ခိုက်ပြီး နာလန် ထူတော့မယ် မထင်တော့ပါဘူး'

'ဟန်လိုက်လေ ဝပ်ဆင်ရာ၊ တော်တော် ပြည့်စုံတဲ့ ပုံကြမ်းပေပဲ၊ ကျုပ်ဖြင့် တစ်ထိုင်တည်းနှင့် အဲဒီလူ အကြောင်းကို ခရေစေ့ တွင်းကျ သိသွားရ တာပဲ၊ ကဲ ရှိုစကွမ်ဗီ အိုး ပလေ့ အကြောင်းကော ပြောပြစမ်းပါဦး'

'အဲဒီ အိမ်က ရှိုစကွမ်ဗီ ပန်းခြံနားမှာ ရှိတယ်ဗျ၊ ပြီးတော့ နာမည် ကျော် ရှိုစကွမ်ဗီ မြင်းဇောင်းတွေနှင့် မြင်းစီး လေ့ကျင့်တဲ့ စခန်းတွေနှင့်လည်း တပ်လို့ဗျ'

ရှားလော့ဟုမ်းက

'ထရိန်နာက ဂျွန် မေဆန် ဆိုတဲ့လူ မဟုတ်လား၊ အမယ် ကျုပ်ကို သိ လှချည်လား ဆိုပြီး အထင်ကြီး မနေနှင့်ဦးဗျ၊ ဟောဒီမှာ သူ့ဆီက စာတစ်စောင် လာလို့၊ ကဲ ရှိုစကွမ်ဗီ အကြောင်းကိုပဲ ပြောစမ်းပါဦးလေ၊ တော်တော်တော့ စုံတဲ့ နေရာနှင့် တူတယ်ဗျ'

'စုံတာတော့ မပြောနှင့်၊ ရှိုစကွမ်ဗီက စပင်နီယယ် ခွေးမျိုးကောင်း တွေလည်း ထွက်သဗျ၊ ခွေး ပြပွဲတိုင်းမှာ ဆု ရတဲ့ ခွေးတွေပေါ့ဗျာ၊ အင်္ဂလန် မှာတော့ နာမည် အကြီးဆုံး အမျိုးပေါ့၊ ရှိုစကွမ်ဗီ အိုး ပလေ့က အမျိုးသမီး ကြီးကဖြင့် သူ့ ခွေးတွေကို တယ်ပြီး အမွှမ်း တင်တာပဲ'

'ဆာ ရောဘတ် နော်ဗာတန်ရဲ့ မိန်းမ ထင်ရဲ့၊ ဟုတ်စ'

'ဆာ ရောဘတ်က လူပျိုကြီးဗျ၊ ဒီလောက်ဆို ခင်ဗျား ရိပ်မိလောက် ရောပေါ့၊ သူက သူ့အစ်မ မုဆိုးမနှင့် အတူနေတာ၊ သူ့အစ်မ နာမည်က လေဒီ ဗီးယားထရစ် ဖောလဒါးတဲ့'

'အစ်မက မောင်ဆီ သွားနေတယ် ဆိုပါတော့'

'မဟုတ်ဘူးဗျ မဟုတ်ဘူး၊ အဲဒီ အိမ်က ကွယ်လွန်သူ သူ့ယောက်ျား ပိုင်တဲ့ အိမ်၊ နော်ဗာတန်နှင့် ဘာမှ မဆိုင်ဘူး၊ အိမ်က မယား တစ်သက်တင် ပိုင်တာ၊ မယား သေတော့ သူ့ ယောက်ျားရဲ့ ညီကို ပေးခဲ့ရမှာ၊ ခုလောလောဆယ် တော့ မြေထောက်ခတွေ အိမ်လခတွေ အားလုံးကို မယားက ခံစားနေရတာ ပေါ့လေ'

'ဒီတော့ မောင် လုပ်တဲ့ နော်ဗာတန်က အစ်မ ရတဲ့ မြေထောက်ခတွေ ထိုင်သုံးနေတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကလည်း တစ်မောင့်ဗျ၊ လူက တေပေနေတော့ အစိမခများ ဒုက္ခ ရောက်တာပေါ့ဗျာ၊ ဒါပေမဲ့ မောင်ကိုတော့ တော်တော် ချစ်ရှာတယ်လို့ ကြား ရတာပဲ၊ နေစမ်းပါဦး၊ ရှီစကွန်ဗီမှာ ဘာတွေများ ဖြစ်နေလို့လဲဗျ'

'ကျုပ်လည်း အဲဒါကို သိချင်နေတာပဲလေ၊ ဟော ပြောရင်း ဆိုရင်း ကျုပ်တို့ သိချင်တာတွေကို ပြောပြနိုင်မယ့် လူတော့ လာပြီ ထင်တာပဲ'

အခန်း တံခါး ပွင့်လာပြီးနောက် အခန်းစောင့် လူငယ်ကလေးသည် အရပ် မြင့်မြင့်၊ မုတ်ဆိတ် စင်ကြယ်စွာ ရိတ်ထားပြီး မြင်းများ၊ ကျောင်းသား လူငယ် ကလေးများကို အုပ်ချုပ်ရသည့် လူများတွင်သာ တွေ့ရတတ်သော တင်းမာ ခက်ထန်သည့် မျက်နှာထားမျိုး ရှိသည့် လူတစ်ယောက်ကို ခေါ်၍ လာလေ၏။

ဂျွန် မေဆန်မှာ မြင်းများကို လည်းကောင်း၊ မြင်းထိန်းများကို လည်း ကောင်း အုပ်ချုပ်သူ တစ်ယောက် ပီသသူ ဖြစ်ပါပေ၏။ ဂျွန် မေဆန်သည် ကျွန်ုပ်တို့အား မျက်နှာ တည်တည်ဖြင့် ဦးညွတ် နှုတ်ဆက် လိုက်ပြီးနောက် ရှားလော့ဟုမ်း ပြသည့် ကုလားထိုင် တစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်လေ၏။

'ကျွန်တော့် စာကို ရတယ်နော် စုံထောက်ကြီး'

'ရတော့ ရတယ်ဗျ၊ ဒါပေမဲ့ ခင်ဗျား စာထဲမှာ ဘာမှမ ပါဘူး'

'ကျွန်တော်က လိပ်ပတ် လည်အောင် ရေးနိုင်မှာ မဟုတ်လို့ မရေး လိုက်တာ ခင်ဗျ၊ ပြဿနာက ခပ်ရှုပ်ရှုပ် မဟုတ်လား၊ လူချင်း တွေ့ပြီး ပြော မှ လိပ်ပတ်လည်မှာ ဆိုပြီး လာခဲ့တာပဲ'

'ကဲ ဒါဖြင့် ဆိုပါဦးလေ'

'ပထမ ကျွန်တော် ပြောချင်တာက ကျွန်တော့် ဆရာ ဆာ ရောဘတ် ရူးသွားပြီ ဆိုတဲ့ အကြောင်းကို ပြောချင်တယ် ခင်ဗျ'

ရှားလော့ဟုမ်းက မျက်ခုံးကို ပင့်လိုက်ကာ

'ခု မိတ်ဆွေကြီး ရောက်နေတာက ဘေကာလမ်းဗျ၊ ဟာလေ မဟုတ်ဘူး၊ ကဲ ဘာဖြစ်လို့ ရူးတယ်လို့ ပြောတာလဲ၊ ဆိုစမ်းပါဦး'

'လူတစ်ယောက်ဟာ ခပ်ဆန်းဆန်း တစ်ခါ လုပ်တယ် ဒါမှမဟုတ် နှစ်ခါ လုပ်တယ် ဆိုရင် အကြောင်း ရှိလို့ လုပ်တယ် ဆိုတာ ကျွန်တော် နား လည်ပါတယ်၊ ဒါပေမဲ့ နေရာတကာမှာ ခပ်ဆန်းဆန်းတွေချည်းပဲ လုပ်နေတယ် ဆိုရင်တော့ စဉ်းစားစရာ ဖြစ်လာတာပေါ့ ခင်ဗျာ၊ ကျွန်တော့် အထင်တော့ ကု မာရနှင့် ဒါဘီ မြင်းပွဲကြောင့် ကျွန်တော့် ဆရာတော့ ဦးနှောက် ပျက်သွားပြီ ထင်တာပဲ'





'ကုမာရ ဆိုတာ ခင်ဗျားတို့ ပြေးမယ့် မြင်း နာမည် မဟုတ်လား'

'အင်္ဂလန်မှာတော့ အကောင်းဆုံး မြင်းပဲ ခင်ဗျ၊ ကျွန်တော် ကောင်း ကောင်း သိတာပေါ့ ခင်ဗျာ၊ ကဲ စုံထောက်ကြီးကို ရှင်းရှင်းပဲ ပြောမယ် ခင်ဗျာ၊ စုံထောက်ကြီးဟာ သိက္ခာ သမာဓိ ရှိတဲ့ ပုဂ္ဂိုလ် ဆိုတော့ ဒီစကားဟာ တခြား ကို ရောက်မှာ မဟုတ်ဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်၊ ဒီတစ်ပတ် ဖလား ပွဲမှာ ကျွန်တော့် ဆရာ ဆာ ရောဘတ် နိုင်မှ ဖြစ်မယ် ခင်ဗျ၊ သူ့မှာ ကြွေး လည်ပင်း ခိုက်နေပြီ၊ ဒီတစ်ချီမှ မနိုင်ရင် သူ့အဖို့ နောက်ဆုံးပဲ၊ ရှိသမျှလည်း မြင်းပွဲထဲကို ပုံလောင်းထားပြီးပြီ၊ ခုတောင် ဒုက္ခ ရောက်နေပြီ၊ အဲဒီ မြင်းကို လောင်းရင်တော့ မဟာ အမှားပဲ ခင်ဗျာ'

'မြင်းက အကောင်းဆုံးဆို၊ ဘာဖြစ်လို့ မဟာ အမှား ဖြစ်ရမှာလဲ'

'မြင်း ဘယ်လောက် ကောင်းတယ် ဆိုတာ ကျွန်တော်တို့လောက်သာ သိတာကိုး ခင်ဗျ၊ မြင်းပွဲ လာတဲ့ ပရိသတ်ကတော့ ဘယ်သိမလဲ၊ ဆာ ရောဘတ် ကလည်း တော်တော့် မြင်းတစ်ကို ယုံတာ မဟုတ်ဘူး ခင်ဗျ၊ သူ့မှာ ကုမာရနှင့် တစ်သားတည်း ကျတဲ့ မြင်းတွေ ရှိသေးတယ်ဗျ၊ အဲဒီ မြင်းတွေဟာ ကုမာရနှင့် ခွဲလို့ မရဘူး၊ ဒါပေမဲ့ ဒုန်းစီးကြပြီ ဆိုတဲ့ အခါကျတော့ တစ်ဖာလုံလောက် စီးရုံနှင့်ကို နှစ်လျားလောက် ပြတ်ကျန်ရစ်ခဲ့တာ၊ ဆာ ရောဘတ်ဟာ မြင်းနှင့် မြင်းပွဲက လွဲလို့ လောကကြီးမှာ ဘာကိုမှ စိတ်မဝင်စားဘူး ခင်ဗျ၊ မြင်းပွဲဟာ သူ့အသက်ပဲလို့ ပြောရင်တောင် ရတယ်၊ အဲဒီ အချိန်အထိ ငွေချေးတဲ့ ရေဝတီ တွေကို တားထားနိုင်သေးတယ်၊ အဲဒီပွဲ ရှုံးပြီးရင်တော့ ဆာ ရောဘတ် သွား ပြီပဲ၊ ဘယ်တော့မှ နာလန် ထူတော့မှာ မဟုတ်ဘူး'

'အင်း၊ လောင်းတာကတော့ တော်တော် ရက်ရက်စက်စက် လောင်း တာပဲ၊ ဒါပေမဲ့ ရူးတယ် ဆိုတာက ဘာဖြစ်လို့ ပြောတာလဲ၊ ဘယ်မှာ ရူးလို့လဲ'

'လူ ကြည့်လိုက်ရင် သိပါတယ် ခင်ဗျာ၊ ည ဆိုရင်လည်း တစ်ရေးမှ အိပ်ပုံ မရဘူး ခင်ဗျ၊ အချိန် ရှိသရွေ့ မြင်းဇောင်းကို ရောက်နေတော့တာပဲ၊ မျက်လုံးကြီးတွေ ကြည့်ရတာကလည်း ပြူးလို့ ခင်ဗျ၊ ကျွန်တော့် အထင်တော့ အဲဒီ အထဲမှာ စိတ်ဝင်စားသွားလွန်းတော့ မော်များ ပေါက်သလို မြင်းမော် ပေါက်သွားပြီ ထင်တာပဲ၊ ပြီးတော့ သူ့ အစ်မ လေဒီ ဗီးယားထရစ်ကို ဆက်ဆံ ပုံကိုလည်း ကြည့်ဦး ခင်ဗျ'

'ဘယ်လိုများ ဆက်ဆံလို့လဲ'

'သူတို့ မောင်နှမဟာ အစတုန်းက တော်တော် ချစ်ကြတယ် ခင်ဗျ



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာလည်း တူကြတယ်၊ မြင်းတွေကိုလည်း ချစ်ကြတယ်၊ နေ့တိုင်း ဆေ
ဗီးယားထရစ်ဟာ မြင်းဇောင်းကို လာ လာ ကြည့်တတ်တယ် ခင်ဗျ၊ ဒီအထဲမှာ
ကုမာရကို အချစ်ဆုံး ခင်ဗျ၊ သူ့ရထား လာသံ ကြားပြီ ဆိုရင် မြင်းကလည်း
နားရွက်ကို ပေပြီး ရထား ဆိုက်တဲ့ နေရာကို ထွက်လာတာပဲ၊ ရထား ဆိုက်
လေဒီ ဗီးယားထရစ်က သကြား ကျွေးနေကျကိုး ခင်ဗျ၊ ဒါပေမဲ့ ခုတော့ ဒါ
တွေ မရှိတော့ပါဘူး ခင်ဗျာ'

'အလို၊ ဘာဖြစ်လို့'

'လေဒီ ဗီးယားထရစ်ဟာ မြင်းတွေကို လုံးလုံး စိတ်ဝင်စားပုံ မရတော့ဘူး ခင်ဗျ၊ ခုတစ်ပတ်လောက် အတွင်း မြင်းဇောင်း အနားကို ရထား မြ
မောင်းသွားတာတောင် မြင်းတွေကိုလည်း မကြည့်တော့ဘူး၊ နှုတ်ဆက်စ
တောင် မရတော့ဘူး'

'မောင်နှမ နှစ်ယောက် စကား များကြတယ်လို့ ခင်ဗျား ထင်တယ်ပေါ့'

'စကား များရုံလောက် မကဘူး ခင်ဗျ၊ တော်တော် ကြီးကြီးကျယ်ကျယ် ရန်ဖြစ်ထားကြတာ၊ ဒီလို မဟုတ်ရင် သူ့အစ်မက ပေးထားတဲ့ အချစ်ဆော
စပင်နီယယ် ခွေးကြီးကို ဆာ ရောဘတ်က ဘာဖြစ်လို့ တခြားကို ပေးပစ်
မှာလဲ ခင်ဗျ၊ တကယ်ဆို ဒီခွေးကြီးကို သူ တော်တော် ချစ်တာ၊ ချစ်သ
နှမက မွေးတဲ့ သားသမီးလောက် ချစ်တာ၊ အဲ လွန်ခဲ့တဲ့ တစ်ရက် နှစ်ရက်တုန်း ကတော့ အဲဒီ ခွေးကြီးကို သုံးမိုင်လောက် ဝေးတဲ့ ကရန်ဒယ် ရွာမှာ နေတဲ့ နဂါးစိမ်း ထမင်းဆိုင်က ဘန်း ဆိုတဲ့ အဘိုးကြီးကို ပေးပစ်လိုက်တယ် ခင်ဗျ'

'အင်း တော်တော်တော့ ဆန်းတာပဲ'

'လေဒီ ဗီးယားထရစ်က နှလုံးကလည်း အားနည်း ဝက်ရူးပြန် ရောဂါ ကလည်း ရှိလေတော့ မောင်ကိုတော့ ဘယ်မှာ အရေးတယူ လုပ်နေနိုင်ပါ့မလဲ ခင်ဗျာ၊ ဒါကတော့ ထားပါတော့၊ ဒါပေမဲ့ သူ့မောင်ကတော့ သူ့အစ်မဆီကို ညနေတိုင်း သွား သွားနေတတ်ပါတယ်၊ အစ်မက ချစ်လေတော့ မောင်ကလည်း တတ်နိုင်သမျှ အစ်မကို စောင့်ရှောက်ခဲ့ရှာပါတယ်၊ ခုတော့ သူတို့ မောင်နှမ နှစ်ယောက် ကြားမှာ ဒါတွေ မရှိတော့ဘူး ခင်ဗျ၊ မောင်လည်း အစ်မ အနားကို မသွားတော့ဘူး၊ အစ်မကလည်း မောင်ကို တော်တော်လေး စိတ်နာနေပုံ ရ
တယ်၊ လေဒီ ဗီးယားထရစ်ကို ကြည့်ရတာ ငိုင်တိုင်တိုင်နဲ့ ခင်ဗျ၊ မျက်နှာ လည်း မကောင်းဘူး၊ အရက်ကလည်း သောက်လိုက်တာ မပြောပါနဲ့တော့'

'အရင်တုန်းကတော့ လေဒီ ဗီးယားထရစ်က သောက်တတ်သလား'





'နည်းနည်းပါးပါးလောက် သောက်တတ်တာပါ ခင်ဗျာ၊ ခုတော့ နည်းနည်းပါးပါး မဟုတ်တော့ဘူး၊ ညနေတိုင်း တစ်ပုလင်းလောက် ကုန်သတဲ့ ခင်ဗျ၊ ဘဏ္ဍာစိုး စတီဖင်က ပြောလို့ သိရတာ၊ အခြေအနေကတော့ တော်တော်လေး ရှုပ်နေပြီ စုံထောက်ကြီးရေ၊ တော်တော်လေးလည်း ဆိုးနေပြီ၊ ပြီးတော့လည်း ကျွန်တော့် ဆရာဟာ ညကြီးမင်းကြီးမှာ ဘုရားရှိခိုး ကျောင်းပျက်က မြေတိုက်ထဲမှာ ဘာသွားသွား လုပ်နေသလဲ၊ အဲဒီ မြေတိုက်ထဲမှာ သူ့ကို စောင့်နေတာကကော ဘယ်သူလဲ'

ရှားလော့ဟုမ်းသည် လက်နှစ်ဖက်ကို ပွတ်လျက် ရှိလေ၏။

'အင်း ပြောစမ်းပါဦးဗျ၊ ခင်ဗျား ပြောပုံက တစ်ဆင့်ထက် တစ်ဆင့် စိတ်ဝင်စားစရာ ကောင်းလာပြီ'

'စမြင်လိုက်တဲ့ လူကတော့ ဘဏ္ဍာစိုးရယ် ခင်ဗျ၊ ည ဆယ့်နှစ်နာရီ ထိုးပြီ၊ မိုးတွေကလည်း ရွာလိုက်တာ မပြောပါနဲ့တော့၊ နောက်တစ်နေ့ ည ကျတော့ ကျွန်တော်လည်း အိမ်ပေါ်မှာ ရှိတယ် ခင်ဗျ၊ အဲဒီ ညကျတော့လည်း ကျွန်တော့် ဆရာ ထွက်သွားပြန်ရော ခင်ဗျ၊ ဒါနဲ့ ကျွန်တော်နဲ့ ဘဏ္ဍာစိုး စတီဖင် နှစ်ယောက်သား သူ့နောက်က လိုက်သွားကြတယ်၊ ဒါပေမဲ့ ခိုးကြောင် ခိုးဝှက် လိုက်ရတာပေါ့ ခင်ဗျာ၊ မတော်လို့ ကျွန်တော်တို့ကို မြင်သွားရင် ဘယ့်နှယ် လုပ်မလဲ၊ မဟုတ်ဘူးလား၊ သူက စိတ်ဆိုးပြီ ဆိုရင် လက် ပါလာတာ ခင်ဗျ၊ ဘယ်သူ့ မျက်နှာကိုမှ ထောက်တဲ့ လူမျိုး မဟုတ်ဘူး၊ ဒီတော့ ကျွန်တော်တို့လည်း သူ့နောက်က ကပ်ပြီး မလိုက်ရဲဘဲ ခပ်လှမ်းလှမ်းကပဲ လိုက်သွားကြရတာပေါ့၊ ဒါပေမဲ့ သူ့အခြေအနေကိုတော့ ကောင်းကောင်း မြင်ရပါတယ်လေ၊ သူ သွားနေတာက တစ္ဆေ အလွန် ခြောက်တဲ့ မြေတိုက်ကြီးထဲကို သွားနေတာ ခင်ဗျ၊ အဲဒီမှာ လူတစ်ယောက်ကလည်း သူ့ကို စောင့်လို့'

'အဲဒီ တစ္ဆေ ခြောက်တဲ့ မြေတိုက်က ဘာလုပ်တာလဲ'

'ကွင်းထဲမှာ ဘုရား ရှိခိုး ကျောင်းပျက်ကြီး တစ်ခု ရှိတယ် ခင်ဗျ၊ ကျောင်းကြီးက တော်တော်ကို အိုပါပြီ ခင်ဗျ၊ ဘယ်တုန်းက ဆောက်ထားတဲ့ ကျောင်းမှန်း ဆိုတာ ဘယ်သူမှတောင် မပြောနိုင်ပါဘူး၊ အဲဒီ ကျောင်းကြီးရဲ့ အောက်မှာ သရဲ ခြောက်တယ်လို့ နာမည်ကြီးတဲ့ မြေတိုက်ကြီး တစ်ခု ရှိတယ်၊ နေ့မှာတောင် အဲဒီနားတစ်ပိုက်က စွတ်စို ထိုင်းမှိုင်းပြီး မှောင်မည်းနေတဲ့ နေရာ ခင်ဗျ၊ ည ဆိုရင်တော့ မပြောနဲ့တော့၊ အဲဒီနားကို ဖြတ်တောင် မသွားရဲကြဘူး၊ ဒါပေမဲ့ ကျွန်တော့် ဆရာကတော့ မကြောက်ဘူး ခင်ဗျ၊ သူ့တစ်သက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တာရယ်လို့လည်း ကျွန်တော်ဖြင့် မတွေ့ခဲ့ဖူးပါဘူး၊ ဒါပေမဲ့ ဘယ်လိုပဲ ဖြစ်ဖြစ် ခင်ဗျာ၊ ကျွန်တော့် ဆရာဟာ ညကြီး အချိန်မတော်မှာ အဲဒီ မြေတိုက် ထဲကို သွား သွားပြီး ဘာလုပ်နေတာလဲ'

'နေဦးဗျ၊ မြေတိုက်နားမှာ တခြား လူတစ်ယောက် ရှိတယ်လို့ ခင်ဗျား ပြောသွားတယ်၊ အဲဒီ လူဟာ ခင်ဗျားတို့ မြင်းဇောင်းထဲက လူ တစ်ယောက် ယောက်လား သို့မဟုတ် အိမ်က လူလား၊ ဒီလူ ဘယ်သူလဲ ဆိုတာ လိုက် စုံစမ်း ကြည့်ပါလား'

'အဲဒီ လူက ကျွန်တော်တို့ သိတဲ့လူ မဟုတ်ဘူး ခင်ဗျ'

'ခင်ဗျား ဘာကြောင့် ပြောနိုင်သလဲ'

'ကျွန်တော် အဲဒီလူကို မြင်ခဲ့ရတယ် ခင်ဗျ၊ ဒုတိယ ညမှာပဲ၊ အဲဒီ ည က လကလည်း သာတော့ ကျွန်တော်နှင့် စတီဖင်က ယုန်ကလေး နှစ်ကောင် လို ချုံထဲမှာ ဝပ်နေကြတယ် ခင်ဗျ၊ ဒီတုန်းမှာ ဆာ ရောဘတ် ထွက်လာပြီး ကျွန်တော်တို့ အနားက ဖြတ်သွားတာပဲ၊ ဒီတုန်းမှာ နောက်တစ်ယောက် လိုက် လာသံ ကြားတယ် ခင်ဗျ၊ သူ့ကိုတော့ ကျွန်တော်တို့ ဘာကြောက်စရာ ရှိသေး ခင်ဗျ၊ ဒီတော့ ကျွန်တော်တို့လည်း ခပ်တည်တည်နှင့် လသာတာနှင့် လမ်း ထွက်လျှောက်တဲ့ ပုံမျိုး လုပ်နေကြတာပေါ့၊ ဒါကြောင့် သူ့ကို ကျွန်တော်တို့ သေသေချာချာ မြင်လိုက်ရတာ ခင်ဗျ၊ ကျွန်တော်တို့ ခြေသံကို ကြားတော့ ''အလို လန့်လိုက်တာဗျာ၊ ဘာများလဲလို့'' လို့ နောက်လှည့်ကြည့်ရင်း ပြော တယ် ခင်ဗျ၊ နောက်တော့ သူလည်း ရှေ့က နေပြီး သုတ်ခြေ တင်တော့တာပဲ ခင်ဗျ၊ သုတ်ခြေ တင်တာထက် ပြေးတယ်လို့ ပြောရင် ပိုပြီးတောင် မှန်လိမ့် မယ် ထင်တယ်၊ တစ်မိနစ်လောက် ကြာတော့ လူလုံးတောင် မမြင်ရတော့ဘူး ဘယ်သူလဲ ဆိုတာတော့ ကျွန်တော်တို့ မသိလိုက်ဘူးပေါ့'

'ဒါပေမဲ့ လရောင်ထဲမှာ သေသေချာချာ မြင်လိုက်ရတယ် မဟုတ်ဘူး လား'

'မြင်လိုက်ရပါတယ် ခင်ဗျာ၊ မျက်နှာက ဝါကြန့်ကြန့်နှင့် ခွေးသူခိုး ရုပ်၊ ကျွန်တော်တို့ ဆရာကလည်း ဒီလို ကောင်မျိုးနှင့် ဘာကြောင့်များ ဆက် ဆံ နေသလဲ မသိပါဘူး'

ရှားလော့ဟုမ်းမှာ အတန်ကြာ တွေးတောလျက် ရှိလေ၏။ နောက်ဆုံး တွင်မှ

'လေဒီ ဗီးယားထရစ် အနားမှာ ဘယ်သူ နေရစ်ခဲ့သလဲ'





'သူ့အိမ်ဖော် အီဗန် ရှိတယ် ခင်ဗျ၊ သူ့ သခင်မနှင့် နေလာတာ ငါးနှစ် လောက် ရှိပြီ'

'သစ္စာ ရှိတယ် မဟုတ်လား'

ဂျွန် မေဆန်သည် ဝေခွဲ၍ မရသည့်နှယ် ခြေထောက်များကို ကြမ်းပြင် တွင် ပွတ်လျက် ရှိလေ၏။ နောက်ဆုံးတွင်မှ

'သစ္စာတော့ ရှိတာပဲ၊ ဒါပေမဲ့ ဘယ်သူ့ အပေါ်မှာ သစ္စာ ရှိတယ် ဆို တာကိုတော့ ကျွန်တော် မပြောပါရစေနှင့်'

'ခင်ဗျား စကားက ဆန်းလှချည်လားဗျ'

'အိမ်တွင်း ကိစ္စတွေကို အိမ်ပြင်မှာ ကျွန်တော် မပြောပါရစေနှင့် ခင်ဗျာ'

'ကျုပ် နားလည်ပါပြီလေ၊ ဒီလို ဆိုရင် အခြေအနေက ရှင်းသွားပါပြီ၊ ဒေါက်တာ ဝပ်ဆင်ဆီက သိရတဲ့ အတိုင်း ဆိုရင် ဆာ ရောဘတ် ဆိုတဲ့ လူက ဘယ်မိန်းမကိုမှ ချမ်းသာ ပေးတဲ့ လူစားမျိုး မဟုတ်ဘူး၊ မောင်နှမ နှစ်ယောက် ကြားများ ရန်ဖြစ်ကြတယ် ဆိုတာ ဒီကိစ္စနှင့်များ ဆိုင်နေမလားမှ မသိတာ'

'သူတို့ အကြောင်းကိုတော့ တော်တော် စောစောကတည်းက လူတိုင်း သိနေကြတာပဲ ခင်ဗျ'

'သို့သော်လည်း အစ်မ ဖြစ်တဲ့ လူက သိချင်မှ သိမှာကိုး၊ ဒီတော့ ဒီ ကိစ္စကို အစ်မက ခုမှ သိတယ်လို့ စဉ်းစားကြည့်ကြရအောင်ဗျာ၊ ဒီတော့ အစ်မ က သူ့အိမ်ဖော်ကို ထုတ်ပစ်ချင်တယ်၊ မောင်က ထုတ်မပစ်ချင်ဘူး၊ အစ်မက ရောဂါသည်ဆိုတော့ စိတ်ထင်တိုင်း ထုတ်ပစ်လို့လည်း ဖြစ်သေးဘူး၊ ဒီအိမ်ဖော်ကို မုန်းမုန်းနှင့် ဆက်ထားနေရတယ်၊ ဒီတော့ အမျိုး သမီးဟာ စကားလည်း မပြောဘူး၊ မျက်နှာကြီး မှုန်ပြီး အရက်ကိုပဲ ဖိသောက် နေတယ်၊ ဒီတွင် ဆာ ရောဘတ်ကလည်း ဒေါသ ထွက်ထွက်နှင့် သူ့အစ်မရဲ့ အချစ်တော် ခွေးကြီးကို ယူသွားပြီး တခြား ပေးပစ်လိုက်တယ်ဗျာ၊ ဒီအတိုင်း ဖြစ်နိုင်ပေဘူးလား'

'ခုတော့ ဒီအတိုင်းပဲ လက်ခံရမလို ဖြစ်နေပြီ ခင်ဗျ'

'ဟုတ်တာပေါ့၊ ခုထိပေါ့၊ ဒီတော့ ဒီကိစ္စဟာ ညည ဘုရားရှိခိုးကျောင်း အောက်က မြေတိုက်ထဲကို သွားသွားနေတာနှင့် ဘယ်လိုများ ပတ်သက်နိုင်သလဲ၊ ခုထိတော့ ဘယ်လိုမှ ဆက်စပ်လို့ မရသေးဘူး'

'ဒီလောက်ကို ဆက်စပ်လို့ မရတာက အကြောင်း မဟုတ်ပါဘူး နံ့ ဆောက်ကြီးရယ်၊ ဒီထက်မက ဆက်စပ်လို့ မရတာကို တွေ့နေရလို့ ခက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ ဆာ ရောဘတ်ဟာ ဘာဖြစ်လို့ မြေမြှုပ်ပြီးသား အလောင်းကြီး တူးနေသလဲ ဆိုတာ ကျွန်တော် စဉ်းစားလို့ကို မရဘူး'

ရှားလော့ဟုမ်းသည် ခါးကို မတ်၍ ထိုင်လိုက်လေ၏။

'ဒါကလည်း မနေ့ကမှ သိရတဲ့ ကိစ္စ ခင်ဗျ၊ စုံထောက်ကြီးကို စာ ပြီးမှ သိရတာ၊ အဲဒီ နေ့က ဆာ ရောဘတ် လန်ဒန်ကို တက်သွားတယ် ခင် ဒါနှင့် ကျွန်တော်နှင့် စတီဖင်က မြေတိုက်ထဲကို ဆင်းကြည့်ကြတယ်၊ ဒီ နေရာတွေမှာတော့ ဘာမှ အခြေအနေ မပျက်ပါဘူး၊ ထောင့် တစ်ထောင့် မှာတော့ လူသေ အလောင်း တစ်ပိုင်းတစ်စ တွေ့ရတယ် ခင်ဗျ'

'ဒီတော့ ခင်ဗျားတို့က ပုလိပ်ကို အကြောင်း ကြားရောတဲ့လား'

ချွန် မေဆန်က မသက်မသာ ပြုံးလိုက်ရင်း

'ပုလိပ်က ဒါမျိုးတွေကို စိတ်ဝင်စားမှာ မဟုတ်ပါဘူး၊ အလောင်း တော့ အခြောက်ပါ၊ ခေါင်းခွံနှင့် အရိုး နည်းနည်းပဲ ကျန်ပါတော့တယ်၊ အ တစ်ထောင်လောက်တုန်းက အလောင်းခြောက် ဖြစ်ချင် ဖြစ်မှာပဲ၊ ဒါပေမဲ့ အလောင်းဟာ အရင်တုန်းက ဒီနေရာမှာတော့ မရှိခဲ့ဘူး ခင်ဗျ၊ ကျွန်တော် နှစ်ယောက်စလုံး သိတယ်၊ အလောင်းက မြေတိုက် ထောင့်တစ်ထောင့်ထဲ ပျဉ် တစ်ချပ်နှင့် ဖုံးလို့၊ အရင်တုန်းက ဒီနေရာမှာ ဘာမှ မရှိဘူး'

'ဒီတော့ ခင်ဗျားတို့က ဒီအလောင်းခြောက်ကြီးကို ဘာလုပ်သလဲ'

'ဘာမှ မလုပ်ဘူး ခင်ဗျ၊ ဒီအတိုင်း ထားပစ်ခဲ့တယ်'

'အဲဒါ သိပ်မှန်တာပေါ့ဗျာ၊ မနေ့က ဆာ ရောဘတ် မရှိဘူးလို့ ခင် ပြောသွားတယ်၊ ခုကော ပြန်ရောက်ပလား'

'ဒီနေ့မှ ပြန်ရောက်မယ် ထင်တယ် ခင်ဗျ'

'ဆာ ရောဘတ်က သူ့အစ်မကြီးရဲ့ ခွေးကို ပေးပစ်လိုက်တာ ဘယ် ကလဲ'

'လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပဲ ခင်ဗျ၊ ခွေးကြီးက ရေတွင်း နားမှာ ဟောင်နေတယ်၊ ဆာ ရောဘတ်လည်း အဲဒီနေ့ မနက်က တော် စိတ်တိုနေပုံပဲ၊ ဒါနှင့် ခွေးကြီးကို ဆွဲသွားတော့ သတ်ပစ်တော့မှာပဲလို့ နေတာ၊ သတ်တော့ မသတ်ဘူး ခင်ဗျ၊ သူတို့ ဓောင်းက ဂျော်ကီ ဆင်ဒီ ကို ခေါ်ပြီး နဂါးစိမ်း ထမင်းဆိုင်က ဘန်းကို သွားပေးစမ်းတဲ့၊ ဒီခွေးကို နောက်တယ်တဲ့'

ရှားလော့ဟုမ်းသည် အတန်ကြာမျှ တိတ်ဆိတ်စွာ ထိုင်လျက် ရှိလေ





ထို့နောက် အဟောင်းဆုံး အညစ်ပတ်ဆုံး ဆေးတံကို မီးညှိလိုက်ပြီး နောက်

'ဒီကိစ္စမှာ ကျုပ် ဘာလုပ်ပေးရမယ် ဆိုတာကို ကျုပ်တော့ နား မရှင်း သေးဘူးဗျ၊ ကဲ ဘာလုပ် ပေးစေချင်သလဲ၊ တိတိကျကျလေး ပြောစမ်းဗျာ'

'ဟောဒါကလေးကို ကြည့်လိုက်ရင်တော့ တိကျသွားမှာပါ'ဟု ဆိုကာ ချွန် မေဆန်သည် အိတ်ထဲမှ စက္ကူချပ်ကို ထုတ်ယူပြီးလျှင် သေချာစွာ ဖြေလျက် ရှိလေရာ မီးကျွမ်းထားသော အရိုး တစ်ပိုင်းတစ်စကို တွေ့ရလေ၏။

ရှားလော့ဟုမ်းသည် ထိုအရာကို သေချာစွာ ကြည့်လျက် ရှိလေ၏။

'ဒါကို ဘယ်က ရလာတာလဲ'

'လေဒီ ဗီးယားထရစ်ရဲ့ အခန်း အောက်က မြေတိုက်ထဲမှာ တစ်အိမ် လုံးကို အနွေးဓာတ် ပေးတဲ့ မီးဖိုကြီး ရှိတယ် ခင်ဗျ၊ အဲဒီ မီးဖိုကြီးကို မသုံး တာ တော်တော်လေး ကြာပါပြီ၊ ဒါပေမဲ့ ဆာ ရောဘတ်က အေးလွန်းလို့ ဆို ပြီး အဲဒီ မီးဖိုကြီးကို အဖိုခိုင်းပါတယ်၊ အဲဒီ မီးဖိုကြီးကို ကျွန်တော့် ဓောင်းက ကောင်လေး ဖြစ်တဲ့ ဟာဗီက မီး ထည့်ရတယ်၊ ဒီနေ့ မနက် ပြာတွေကို ထုတ် စ်တော့ အဲဒါကို တွေ့တာနှင့် မသင်္ကာလို့ ဆိုပြီး ကျွန်တော့်ကို လာပြတာပါ'

'ကျုပ်လည်း မသင်္ကာဘူးဗျ၊ အိုင်ဆေး ဝပ်ဆင်၊ ဘယ့်နှယ်လဲဗျို့'

ထိုအရာမှာ မီးသွေးတုံး ဖြစ်လု နီးပါး ရှိနေလေပြီ။ သို့ရာတွင် အရိုး ခွန်း သိသာနိုင်ပေသေး၏။

'တင်ပါးဆုံရိုးဗျ'

ရှားလော့ဟုမ်းက လေးနက်စွာဖြင့်

'သိပ်မှန်တာပေါ့ဗျာ၊ ဒီ သူငယ်က မီးဖိုထဲကို မီးစ ထည့်တာ ဘယ်တုံး ကလဲ'

'ညနေတိုင်း မြေတိုက်ထဲ ဆင်းပြီး မီး မွှေးထားရတယ် ခင်ဗျ'

'ဒါဖြင့် ညတို့ ဘာတို့ ဆိုရင် မြေတိုက်ထဲကို ဆင်းလို့ ရတယ်ပေါ့'

'ရတယ် ခင်ဗျ'

'ခင်ဗျားကော အိမ်ပြင်ကနေပြီး အဲဒီ မြေတိုက်ထဲကို ဝင်ဖူးသလား'

'အပြင်ကနေ ဝင်တဲ့ အပေါက် တစ်ပေါက်တော့ ရှိပါတယ်၊ နောက် တစ်ပေါက်ကတော့ လေဒီ ဗီးယားထရစ် အိပ်ခန်းကို တည့်တည့် တက်တဲ့ လှေကား ရှိပါတယ်'

'အင်း မစွတာ မေဆန်ရေ၊ ပြဿနာက သိပ်တော့ မသေးတော့ဘူးဗျို့၊



www.burmeseclassic.com

www.burmeseclassic.com



မသေးရုံတွင် မကဘူး၊ တော်တော်လေး ကြီးတယ်၊ ဆာ ရောဘတ် အိမ်
မအိပ်ဘူးလို့ ခင်ဗျား ပြောသွားတယ်နော်'

'ဟုတ်ပါတယ်၊ မနေ့ ညက မရှိပါဘူး'

'ဒါဖြင့်ရင် ဒီအရိုးတွေကို မီးရှို့တာ ဘယ်သူလဲ၊ သူတော့ မဖြစ်နိုင်ဘူး'

'ဟုတ်ပါတယ်'

'ခင်ဗျား ပြောတဲ့ ထမင်းဆိုင် နာမည်က ဘာရယ်'

'နဂါးစိမ်းပါ'

'ခင်ဗျားတို့ ဘက်ရှိုင်းယား နယ်မှာ ငါးမျှားလို့ ကောင်းတဲ့ နေရာ
မရှိဘူးလား'

နဂိုကမှ စိတ်ညစ်ရသည့် အထဲတွင် နောက်ထပ် အရူး တစ်ယောက်
လာတွေ့နေရပြန်ပြီ ဟူသော အထင်မျိုးသည် ရိုးဖြောင့်သော မြင်း ထိန်း၏
မျက်နှာပေါ်တွင် အထင်းသား ပေါ်လာလေ၏။

'ဟုတ်ကဲ့၊ ကြိတ်စက်နားက ချောင်းကလေးနှင့် ဘုရားရှိခိုးကျောင်း
နားက ကန်ထဲမှာတော့ ငါးရံ့ ကောင်းကောင်း မျှားလို့ ရတယ်လို့ ပြောကြတာ'

'ဟန်ကျပြီဗျ၊ ဟော ကျုပ်နှင့် ဟောဒီ ကျုပ်မိတ်ဆွေ ဒေါက်တာ
ဆင်က ငါးမျှား ကောင်းသူတွေလို့ နာမည် ကြီးတယ်၊ မဟုတ်ဘူးလား
ဝပ်ဆင်၊ နောက်ကျတော့ ကျုပ်တို့ကို တွေ့ချင်ရင် နဂါးစိမ်းကို လာခဲ့
ဒီနေ့ ညပိုင်းလောက် ဆိုရင် ကျုပ်တို့ နဂါးစိမ်းမှာ ရောက်နေကြမှာပဲ၊
မစ္စတာ မေဆန်ရေ၊ ခင်ဗျားနှင့် တွေ့စရာကလေးတွေတော့ ရှိလိမ့်ဦးမယ်
အဲ အကြောင်းကိစ္စ ရှိရင် ဘယ်မှာ တွေ့နိုင်တယ် ဆိုတာကိုတော့ ကျုပ်တို့
စာလေး ဘာလေး ရေးလိုက်ပါ၊ ဒီကိစ္စကို ရှေ့ဆက် စုံစမ်းပြီးလို့ ရှိရင်
ကျုပ် ထင်မြင်ချက်ကို ပေးနိုင်လိမ့်မယ် ထင်ပါတယ်'

သို့ဖြင့် ရာသီဥတု ကြည်လင်သည့် မေလ ထိုညနေပိုင်း၌ ရှားလော့ဟုမ်း
ကျွန်ုပ်သည် အဆင်း အတက် ရှိမှသာ ရထား ရပ်ပေးသော ရှိုစကွမ်
ထွက်လာခဲ့ကြရာ ပထမတန်းတွင် ကျွန်ုပ်တို့ နှစ်ယောက်တည်းသာ ရှိလေ
ကျွန်ုပ်တို့ ခေါင်းပေါ်တွင် ရှိသည့် စင်ပေါ်၌မူ ငါးမျှားတံများ၊ ရစ်လုံးများ
ခြင်းတောင်းများဖြင့် ပြန့်ကျဲလျက် ရှိလေ၏။ ဘူတာရုံသို့ ရောက်၍
ရထားဖြင့် တစ်အောင့်လောက် သွားမိလျှင် ပျော်ပျော် နေတတ်သည့် ဆိုင်





ရှိယာ ဘန်းက ဆီးကြိုလျက် ရှိရာ ရှေးထမင်းဆိုင်ကလေး တစ်ခုထဲသို့
ဝင်ခဲ့ကြပြီးနောက် ကျွန်ုပ်တို့သည် အနီး တစ်ဝိုက်မှ ငါးများကို မျိုးဖြုတ်ရန်
မကိန်း ချလျက် ရှိကြလေ၏။

'ကျောင်းပျက်ကြီးနားက ကန် သွားမျှားရရင် ငါးရှူကလေး ဘာလေး
များ မရနိုင်ဘူးလားဗျ'

ထမင်းဆိုင်ရှင်၏ မျက်နှာမှာ မှုန်မှိုင်းသွားလေ၏။

'အဲဒီကို သွားမျှားလို့တော့ မဖြစ်ဘူး ခင်ဗျ၊ ငါး မရတဲ့ အပြင် ကန်
ထဲမှာ ရေနစ် မခံရရင် ကံကောင်း'

'အလို ဘာဖြစ်လို့လဲဗျ'

'ဆာ ရောဘတ်ကြောင့်ပေါ့ဗျ၊ သူက မြင်းတစ် လိုက်တဲ့ လူ ဆိုရင်
သိပ်မုန်းတာ ခင်ဗျ၊ ခု သူ့မြင်းဖောင်းတွေနားမှာ လူစိမ်း နှစ်ယောက် လာပြီး
ရစ်ဝဲ ရစ်ဝဲ လုပ်နေတာ မြင်ရင် မြင်းတစ် လာချောင်းတယ်လို့ပဲ ထင်မှာပဲ
ခင်ဗျ၊ ဆရာတို့ သိပ်တော့ သက်သာမှာ မဟုတ်ဘူး'

'ဒါဗီ ဖလားပွဲကို တစ်ကောင် သွင်းမလို့ဆို'

'ဟုတ်တယ် ခင်ဗျ၊ မြင်းကတော့ ပထမတန်း မြင်းပဲ၊ ဒီမြင်းကြောင့်
ကျွန်တော်တို့ရော ဆာ ရောဘတ်ရော ရှိသမျှ ပုံအော လိုက်ကြတာပဲ၊ ဒါထက်
တား မစပ်'

ဆိုင်ရှင်သည် ကျွန်ုပ်တို့ကို ခပ်တွေတွေ စိုက်ကြည့်လိုက်ပြီးနောက်

'ဆရာတို့ကကော မြင်းပွဲကို လာတာ မဟုတ်ပါဘူးနော်'

'မဟုတ်ပါဘူးဗျာ၊ လန်ဒန်မှာ နေရတာ ငြီးငွေ့လွန်းလို့ ခရီး ထွက်လာ
ကြတာပါ၊ ဘက်ရှိုင်းယားက လေကောင်း လေသန့်ကလေးများလည်း ရှူရ
အောင်လို့ပါ'

'ဒီလို ဆိုရင်တော့ ဒီနေရာက အကောင်းဆုံးပေါ့ ခင်ဗျာ၊ ဒီနား တစ်ဝိုက်
မှာ ကွင်းပြင်တွေချည်းပဲ၊ ဒါပေမဲ့ ဆာ ရောဘတ်ရဲ့ ရန်ကိုတော့ ကြည့်ရှောင်
ကြဗျနော်၊ သူက အရင် ရိုက်ပြီး နောက်မှ စကား ပြောတဲ့ လူမျိုး၊ သူ့ခြံနား
တော့ မသွားကြလေနှင့်'

'စိတ်ချပါဗျာ၊ အနားတောင် မသီပါဘူး၊ အလို ဟောဟို အခန်းထိပ်က
ဟောင်နေတဲ့ ခွေးက စပင်နီယယ် ခွေးမျိုးပဲဗျ၊ တယ်လှပါကလား'

'ဟုတ်တယ် ခင်ဗျ၊ တော်တော့်ကို လှတယ်၊ ရှိုစကွမ်ဗီ ခွေးမျိုး အစစ်
ပေါ့၊ ဒီလောက် သန့်တဲ့ အမျိုး အင်္ဂလန်မှာ မရှိဘူး ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း၊ ကျုပ် ကိုယ်တိုင်လည်း ခွေး မွေးတာ တော်တော် ဝါသနာ ပါတယ်ဗျ၊ စိတ်တော့ မရှိပါနဲ့ဗျာ၊ မသိလို့ မေးပါရစေ၊ ဒီလို ခွေးမျိုး ဘယ်လောက်များ ပေးရသလဲ'

'အမယ်လေး၊ ဒီလို ခွေးမျိုးကို ကျွန်တော်တို့ မတတ်နိုင်ပါဘူး ခင်ဗျာ၊ ကျွန်တော့်ကို ဆာ ရောဘတ်က ပေးတာပါ၊ ဒါကြောင့်မို့ သူ့ကို ချည်ထားတာပေါ့၊ လွှတ်ထားလိုက်ရင် ချက်ချင်း ရှိုစကွန်ဗီ အိမ်ကို ပြန်သွားမှာ ခင်ဗျ'

ထမင်းဆိုင်ရှင် ထွက်သွား၍ ကျွန်ုပ်တို့ နှစ်ယောက်တည်း ကျန်ခဲ့သည့် အခါ၌ ရှားလော့ဟုမ်းက

'အိုင်ဆေးရေ၊ အရေးကြီးတဲ့ ဖဲချပ် တစ်ခုကိုတော့ လက်ထဲမှာ ရနေပြီဗျ၊ သိပ်တော့ ပေါ့သေးသေး ကစားလို့ မရဘူးနော်၊ ခပ် ကြမ်း ကြမ်း ကစားချင် ကစားရမယ့် ပိုင်းမျိုး၊ သို့သော်လည်း တစ်ရက် နှစ်ရက်လောက် ဆိုရင် ပိုင်း ပြီးသွားမှာပါ၊ စကားမစပ် ဆာ ရောဘတ်ကတော့ ခုထက် လန်ဒန်မှာ ရှိသေးတယ်လို့ ဆိုတယ်ဗျ၊ ဒီတော့ ဒီနေ့ညမှာ အရိုက်အနှက် ခံမှာကို မကြောက်ရဘဲ သူတို့ အထွတ်အမြတ် ထားတဲ့ မြေတိုက်ထဲကို ဝင်လို့ ရနိုင်ကောင်းရဲ့လို့ အောက်မေ့ရတာပဲ၊ အချက်ကလေး တစ်ချက် နှစ်ချက်လောက်ကို သေသေချာချာ သိချင်လို့ဗျ'

'ခင်ဗျားမှာ ကောက်ချက် ဆွဲပြီးပလား'

'လွန်ခဲ့တဲ့ တစ်ပတ်လောက်တုန်းက ရှိုစကွန်ဗီ ရိပ်သာမှာ တော်တော် ထူးခြားတဲ့ အဖြစ်အပျက် တစ်ခု ဖြစ်ခဲ့တယ်ဗျ၊ ကောင်းပြီ၊ ဒါဖြင့် အဲဒီ အဖြစ်အပျက်ဟာ ဘာလဲ၊ ရလဒ်ကို ကြည့်ပြီး ခန့်မှန်း ကြည့်ရလိမ့်မယ်ဗျ၊ ကြည့်ရတာကတော့ ခပ်ရှုပ်ရှုပ်ပဲ၊ သို့သော်လည်း ကျုပ်တို့ အတွက် အထောက်အကူတော့ ဖြစ်ပါလိမ့်မယ်လေ၊ ရိုးရိုးစင်းစင်း အမှုမျိုးကသာ မျှော်လင့်ချက် မဲ့တာ။

'အချက်အလက်တွေကို ဒီလို စဉ်းစား ကြည့်ရအောင်လေ၊ မောင်က သူ့အစ်မ လူမမာကို ချစ်တယ်၊ ချစ်လို့ ခါတိုင်း လာနေကျ စောင့်ရှောက်နေကျ ခုတော့ မစောင့်ရှောက်တော့ဘူး၊ မလာတော့ဘူး၊ ဒါ့အပြင် သူ့အစ်မရဲ့ အချစ်ဆုံး ခွေးကြီးကိုလည်း တခြား လူတစ်ယောက်ကို ပေးပစ်လိုက်တယ်ဗျ၊ သူ့အစ်မရဲ့ ခွေးနော် အိုင်ဆေး၊ ဒါကို ခင်ဗျား သတိ ထားမိရဲ့လား၊ ဘယ်လိုကြောင့် ပေးတယ်လို့များ ထင်သလဲ'

'သူ့အစ်မကို မုန်းမုန်းနဲ့ ခွေးကို ပေးပစ်လိုက်တာ နေမှာပေါ့ဗျ'





'အင်း ဖြစ်နိုင်ပါတယ်၊ နောက် တစ်နည်း ကြံကြည့်ရင်လည်း ဖြစ်နိုင်သေးတယ်ဗျ၊ အကယ်၍ မောင်နှမ နှစ်ယောက် ရန်ဖြစ်ကြတယ် ဆိုရင် အဲဒီ ရန်ဖြစ်တဲ့ အချိန်က စပြီး နောက်ပိုင်း အခြေအနေတွေကို စဉ်းစား ကြည့်ရလိမ့်မယ်၊ အမျိုးသမီးက အခန်းထဲမှာ အောင်းနေတယ်၊ ခါတိုင်း လုပ်နေကျ သွားနေကျ နေရာတွေကို မသွားတော့ဘူး၊ တစ်နည်း ပြောရရင် အကျင့်တွေကို ပြောင်းပစ်လိုက်တယ်၊ အိမ်ဖော်နှင့် တစ်ခါတလေကျမှပဲ အပြင် ထွက်တယ်၊ သူ့ အချစ်ဆုံး မြင်းကြီးကို လာပြီးတောင် မကြည့်တော့ဘူး၊ မြင်းဇောင်းနားကိုလည်း မလာတော့ဘူး၊ ပြီးတော့ အရက်ကို အကြီးအကျယ် သောက်လာတယ်၊ အမှုသွား အမှုလာက ဒီအတိုင်း မဟုတ်လား'

'မြေတိုက်ကြီးထဲမှာ ဟိုလူ သွားတာ ရှိသေးတယ်လေ'

'ဒါက တစ်ပိုင်း ထားလေ၊ အမှုကို ကြည့်ရင် အပိုင်း နှစ်ပိုင်း ရှိတယ်ဗျ၊ တစ်ပိုင်းက အမျိုးသမီးဘက် အပိုင်းရယ်၊ မောင် လှုပ်ရှားတဲ့ အပိုင်းရယ်၊ နှစ်ပိုင်းဗျ၊ ဒီနှစ်ပိုင်းကို ရောပြီး စဉ်းစားလို့ မဖြစ်ဘူး၊ အမျိုးသမီး အပိုင်းကို အပိုင်း (က) လို့ နာမည် ပေးမယ်ဗျာ၊ အပိုင်း (က) ကို ကြည့်ရတာ သိပ် သင်္ကာချင်ဘူးဗျ၊ မကောင်းတဲ့ အနံ့ နည်းနည်း ထွက်နေတယ်'

'ကျွန်တော်ဖြင့် မစဉ်းစားတတ်ပေါင်ဗျာ'

'ကဲ ဆာ ရောဘတ်နှင့် ဆိုင်တဲ့ အပိုင်း (ခ) ကို စဉ်းစား ကြည့်ကြရအောင်၊ သူက ဖလားပွဲမှာ နိုင်ချင်နေတယ်၊ ရေဝတီရဲ့ ကြွေးတွေ တင်နေတယ်၊ သူ့ မြင်းဇောင်းတွေနှင့် သူ့ပစ္စည်းတွေကို အချိန်မရွေး ကြွေးရှင်က သိမ်းနိုင်တဲ့ အခြေအနေမှာ ရှိနေတယ်၊ လူက ခပ်ရမ်းရမ်း ခပ်ကြမ်းကြမ်း နေတတ်တယ်၊ သူ့အစ်မကို မှီခို စားသောက်နေရတယ်၊ သူ့အစ်မရဲ့ အိမ်စေနှင့်လည်း ဘာလိုလို ဖြစ်နေတယ်၊ ခုလောက် ဆိုရင် ကျုပ်တို့ သိထားတဲ့ အချက်တွေထဲက ကျုပ်တို့ ထွက်သေးဘူးနော်၊ ဟုတ်စ'

'မြေတိုက်ကကော'

'အင်း ဟုတ်ပြီဗျ၊ မြေတိုက်ကိစ္စ ဒီလို စဉ်းစား ကြည့်ရအောင်ဗျာ အိုင်ဆေး၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကြံစရာ ရှိတာကို ကုန်အောင် ကြံကြည့်ရတာကိုး၊ ဆိုပါစို့၊ ဆာ ရောဘတ်ဟာ သူ့အစ်မကို သတ်လိုက်တယ် ဆိုပါစို့'

'ဒါကတော့ မဖြစ်နိုင်ဘူးဗျာ'

'ဟုတ်ပါတယ်လေ၊ သိပ်တော့ မဖြစ်နိုင်ပါဘူး၊ ဆာ ရောဘတ်ဟာ ဆွေကြီး မျိုးကြီးက ဆင်းသက်လာတဲ့ လူတစ်ယောက်ပဲ၊ ဒီလောက်တော့ လုပ်



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ မထင်ပါဘူး၊ သို့သော်လည်း ဥဒေါင်းတွေ အလယ်မှာ ကျီးတစ်
လောက်ကတော့ ရှိစမြဲပဲဗျ၊ ဒီတော့ အဲဒီ တွက်ကိန်းနှင့်ပဲ တွက်ကြည့်
အောင်၊ ဆာ ရောဘတ်ဟာ ကြွေးတွေ ဘယ်လောက်ပဲ ရှိနေပေမဲ့ ပိုက်ဆံ
ဘဲနှင့် ထွက်မပြေးနိုင်ဘူး၊ ပိုက်ဆံ ရှိဖို့ ဆိုတာကလည်း ကုမာရကို ဖလား
ပုံအောပြီး လောင်းမှ ပွပေါက် တိုးမယ့် အခြေအနေမှာ ရှိနေတယ်၊ ဒီတော့
ဟာ အင်္ဂလန်မှာပဲ ဆက်နေရဦးမယ်၊ ဆက်နေနိုင်အောင် ဆိုရင် သူ သတ်
အလောင်းကို ဖျောက်ဖျက်ပစ်ရလိမ့်ဦးမယ်၊ ပြီးတော့ သူ့အစ်မဟန်
အတွက် မိန်းမ တစ်ယောက် အစား ရှာရလိမ့်ဦးမယ်၊ သူ့မှာ သူ့အစ်မရဲ့
က သူ့ဘက်က ပါနေတော့ အစ်မရဲ့ အလောင်းကို မြေတိုက်ထဲ ရွှေ့ထား
မြေတိုက်ကို တော်တော့်လူ လာလေ့ မရှိဘူး မဟုတ်လား၊ ပြီးတော့ ည လူ
တိတ်တဲ့ အချိန်ကျမှ ပြန်သယ်လာပြီး မီးဖိုထဲမှာ မီးရှို့ပစ်မယ်၊ ဒါကြောင့်
လျှင် မီးကျွမ်းနေတဲ့ အရိုးကို ကျုပ်တို့ တွေ့တာ မဖြစ်နိုင်ဘူးလား၊ ဘယ့်နှ
ခင်ဗျား ဘာပြောဦးမလဲ'

'အေးလေ၊ ကိုယ့်အစ်မကို ပြန်သတ်တယ် ဆိုတဲ့ မှုရင်း အချက်ကြီး
လက်ခံပြီ ဆိုရင်တော့ ကျန်တာတွေ အားလုံးဟာလည်း ဖြစ်နိုင်သွားပြီပေါ့'

'ဒီကိစ္စနှင့် ပတ်သက်လို့ ကျုပ်တို့ကို အလင်းရောင် ပေးမယ့် စမ်းသ
ကလေး တစ်ခုလောက်ကို မနက်ဖြန်မှာ လုပ်နိုင်ကောင်းပါရဲ့ဗျာ၊ သို့သော်
ခုလောလောဆယ် ကျုပ်တို့ ဆိုင်ရှင်ကို ခေါ်ပြီး ဝိုင် သောက်ရင်း လေဖော
သေးတာပေါ့၊ သူ့ဆီက အတင်းအဖျင်း စကားလေးတွေ ကြားရလည်း
သလား'

မနက် မိုးလင်းသည့် အခါ၌ ကျွန်ုပ်တို့ ငါးမျှား သွားမည် ပြုစဉ် ငါးကြီး
သည့် ငါးမျှားချိတ် မေ့ကျန်ခဲ့သည်ကို တွေ့သဖြင့် ကျွန်ုပ်တို့သည် ငါးမျှား
အစီအစဉ်ကို ဖျက်လိုက်ရလေ၏။ ဆယ့်တစ်နာရီလောက်တွင် ကျွန်ုပ်တို့
လမ်းလျှောက် ထွက်ခဲ့ကြရာ ဆိုင်ရှင်ထံမှ အနက်ရောင် စပင်နီယယ် ခွေး
ကို ကျွန်ုပ်တို့နှင့် အတူ ထည့်လိုက်ရန် တောင်းဆိုလေ၏။

ဂရစ်ဖင် မြင်းရုပ်ကြီး နှစ်ကောင် ထုထားသည့် ခြံတံခါး တိုင်
နှစ်ခု အနီးသို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းက

'ဒီနေရာပဲဗျ၊ နေ့လယ်လောက် ဆိုရင် လေဒီ ဗီးယားထရစ်





သွားကြီး မြင်းရထားနှင့် လေညင်းခံ ထွက်တယ်လို့ ထမင်းဆိုင်က
မ်းက ပြောလိုက်တယ်၊ ဝင်းတံခါးကြီးတွေကို ဖွင့်နေတုန်း ဆိုရင် ရထား
နေရာကျတော့ နှေးသွားရမယ်၊ ဒီတော့ ရထား ဝင်လာလို့ အရှိန် ပြန်တင်ပြီး
ောင်းခင်မှာ ခင်ဗျားက ဟိုဟာ မေးမလို ဒီဟာ မေးမလို လုပ်ပြီး ရထားကို
ပ် ခိုင်းပါ၊ ကျုပ် အတွက် ကိစ္စ မရှိပါဘူးလေ၊ ကျုပ်က ဟောဒီ ဟော်လီ
တွေ ကြားထဲက နေပြီး ဘာများ မြင်ရမလဲ ဆိုတာ ချောင်းကြည့်နေမယ်'

ကျွန်ုပ်တို့မှာ ကြာကြာ မစောင့်လိုက်ရချေ။ နာရီ တစ်စိတ်ခန့် ကြာ
သည့် အခါတွင် လှပသည့် ဖောင်းဝတ်ရောင် မြင်းချောကြီး နှစ်ကောင် က
းသည့် အဝါရောင် အမိုးဖွင့် ရထားကြီး တစ်စင်းသည် သစ်ပင်တန်းများ
တန်း ပေါက်နေသည့် လမ်းတစ်လျှောက် အတိုင်း မောင်းလာသည်ကို မြင်ရ
သ၏။

ရှားလော့ဟုမ်းသည် ခွေးကို ဆွဲကာ ဟော်လီ ချုံများ နောက်တွင်
ယ်လိုက်လေ၏။ ကျွန်ုပ်မှာမူ လမ်းလယ်ကောင်တွင် ခပ်တည်တည် ရပ်ကာ
က်တွင် ပါလာသည့် ကြိမ်တုတ်ကို ယမ်းလျက် ရှိလေ၏။ တံခါးစောင့်
စ်ယောက်သည် ပြေးထွက်လာကာ တံခါးကို ဖွင့်ပေးလေ၏။

ရထားသည် တံခါး အနီးသို့ ရောက်လာသည့် အခါတွင် အရှိန် သတ်
ိုက်သဖြင့် ရထားထဲတွင် လိုက်ပါလာသူများကို အကဲခတ်ခွင့် ရလိုက်လေ၏။
ရောင် ဆံပင်တို့ ရှိပြီး နီရဲသော မျက်နှာနှင့် မာန ကြီးသော မျက်လုံးတို့ ရှိ
သည့် မိန်းမငယ် တစ်ယောက်သည် လက်ဝဲဘက်တွင် ထိုင်လျက် ပါလာလေ၏။
၏ နံဘေးတွင်မူ ခါးကုန်းကုန်း၊ အသက် ခပ်ကြီးကြီး အမျိုးသမီးကြီး
စ်ယောက် လိုက်ပါလာလေရာ သူ့ကိုယ်တွင် ချောစောင်တို့ အထပ်ထပ် ခြုံ
းသည်ကို ထောက်ခြင်းဖြင့် လူမမာ တစ်ယောက်မှန်း သိသာနိုင်ပေ၏။
ထားသည် ဝင်းဝမှ ပေတစ်ရာပေါ်သို့ ရောက်လာသည့် အခါတွင် ကျွန်ုပ်သည်
ပ်တည်တည်ဖြင့် ရထား ရှေ့မှ ရပ်၍ လက်ပြ အရပ်ခိုင်းလိုက်လေ၏။ ရထား
ပ်လိုက်သည့် အခါတွင် ကျွန်ုပ်သည် ရှိုးစကွန်ဗီ အိုး ပလေ့ အိမ်တွင် ဆာ
ဘတ် ရှိ မရှိ စုံစမ်း မေးမြန်းလေ၏။

ထိုသို့ မေးမြန်းနေစဉ် ရှားလော့ဟုမ်းသည် ချုံကြားထဲမှ ထွက်လာကာ
က်တွင် ကြိုးဖြင့် ကိုင်လာသည့် စပင်နီယယ် ခွေးကို လွှတ်ပေးလိုက်လေ၏၊
သည် တစ်ချက်မျှ ဝမ်းသာအားရ ဟောင်ကာ ရထားဆီသို့ ပြေးသွားပြီး
င် ရထား ခုံပေါ်သို့ ခုန်တက်လိုက်လေ၏။ ထို့နောက်တွင် ခွေးသည် ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



အားရ နှုတ်ဆက်ရာမှ ချက်ချင်း ဒေါသ ဖြစ်သွားဟန်ဖြင့် ရထားပေါ်မှ အနောက် ရောင် ဝတ်စုံကို လှမ်း၍ ဆွဲကိုက်လျက် ရှိလေ၏။

'မောင်းလေ၊ ဘာဖြစ်လို့ ရပ်နေတာလဲ၊ မောင်းပါလား' ဟူသော အက်အက် အသံဖြင့် အော်သံ ကြားရလေ၏။ ရထားသမားသည် ကျာပွတ်ဖြင့် ဖြန်းခနဲ ရိုက်၍ မောင်းသွားသည်တွင် ကျွန်ုပ်တို့မှာ လမ်းလယ်ကောင်၌ ကျန်ရစ်ခဲ့ကြလေ၏။

ရှားလော့ဟုမ်းက တလှုပ်လှုပ် ဖြစ်နေသည့် စပင်နီယယ် ခွေး ပေါက်စ လေးကို ကြိုးချည်လိုက်ရင်း

'ကဲ အိုင်ဆေးရေ၊ ရှင်းပြီ မဟုတ်လား၊ ခွေးဟာ သူ့သခင်မလို့ ထင်ခဲ့ တာဗျ။ ဒါပေမဲ့ အနား ရောက်တော့ သူစိမ်း ဖြစ်နေတာကို တွေ့သွားတာ။ ခွေးများဟာ ဘယ်တော့မှ မမှားဘူးဗျ'

'နို့ အသံက ယောက်ျားသံကြီးပါလားဗျ'

'ဟုတ်တယ်ဗျ။ ကျုပ်တို့ ကိုင်ရမယ့် ဖဲစိမ်း တစ်ချပ်တော့ တိုးလာပြီ ပြီပေါ့၊ သို့သော်လည်း ဘယ်လိုပဲ ဖြစ်ဖြစ် သတိနှင့် ကစားရမှာပေါ့လေ'

ရှားလော့ဟုမ်း အဖို့ ထိုနေ့တွင် ဘာမျှ အထူးအထွေ လုပ်စရာ ရှိပုံ မတူတော့ချေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် နေ့လယ်ပိုင်းတွင် ကြိတ်ဆုံ အနီး၌ ရှိသည့် ချောင်းကလေးသို့ သွား၍ တကယ်ပင် ငါးမျှားခဲ့ကြရာ နေ့လယ်စာ အတွက် ငါးမြစ်ချင်းများ ရခဲ့ကြလေ၏။ နေ့လယ်စာ စားသောက်ပြီးသည့် အခါကျမှပင် ရှားလော့ဟုမ်းမှာ တစ်ဖန် ပြန်၍ လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့လေ ၏။ ထို့နောက် ကျွန်ုပ်တို့သည် မနက်က သွားခဲ့သည့် လမ်းအတိုင်း ဝင်းတံခါး ဆီသို့ လာခဲ့ကြလေ၏။

ဂိတ်ဝတွင် ကျွန်ုပ်တို့အား စောင့်ဆိုင်းနေသည့် အရပ် ရှည်ရှည်၊ အသား ညိုညို့ လူတစ်ယောက်ကို တွေ့ရလေရာ ထိုလူမှာ ကျွန်ုပ်တို့ဆီသို့ လာခဲ့ သော မြင်း ထိန်းနှာ ဖွန် မေဆန် ဖြစ်သည်ကို တွေ့ရလေ၏။

'မင်္ဂလာ ညနေခင်းပါ ခင်ဗျာ၊ စုံထောက်ကြီး ပေးတဲ့ စာကို ရပါပြီ ခင်ဗျ၊ ဆာ ရောဘတ်ကတော့ ပြန်မရောက်သေးဘူး၊ ဒါပေမဲ့ ညနေ ဆိုရင်တော့ ပြန်ရောက်မယ်လို့ ကြားပါတယ်'

'မြေတိုက် ရှိတဲ့ ဘုရားရှိခိုးကျောင်းပျက်က ဒီနှင့် ဘယ်လောက် ဝေး သလဲ'

'မိုင် တစ်စိတ်လောက်ပဲ ရှိမှာပေါ့ ခင်ဗျ'





'ဒါဖြင့် ခင်ဗျား ဆရာ ရောက်ချင်လည်း ရောက်ပေါ့ဗျာ၊ ကျုပ်တို့နှင့် လိုက်ခဲ့ပါ'

'မဖြစ်ဘူး စုံထောက်ကြီး၊ ကျွန်တော် လိုက်လို့ မဖြစ်ဘူး၊ ပြန်ရောက် ရောက်ချင်း ကုမာရ အကြောင်းကို မေးဖို့ ကျွန်တော့်ကို လိုက်ရှာမှာ'

'ဟုတ်လား၊ ဒီလို ဆိုရင်လည်း ခင်ဗျား မပါဘဲနှင့် ကျုပ်တို့ချည်းပဲ သွားရတော့မှာပဗျာ၊ ကျုပ်တို့ကို မြေတိုက်ကိုသာ လိုက်ပြပါ၊ ပြပြီးတော့ ပြန် သွားပေါ့'

ထိုညမှာ လမိုက်ည တစ်ည ဖြစ်သည့် အတွက် မှောင်မည်းလျက် ရှိလေ၏။ သို့ရာတွင် မေဆန်သည် မြက်တောများကို ဖြတ်ကာ ကျွန်ုပ်တို့အား ခေါ်သွားသည်တွင် နောက်ဆုံး၌ ဘုရားရှိခိုး ကျောင်းပျက်ကြီးကို အမှောင်ထဲ တွင် မည်းမည်းကြီး မြင်ရလေ၏။ တစ်ခါက ဆင်ဝင် ဖြစ်ဟန် ရှိသည့် တိုက် ပျက်ကြီးထဲသို့ ဝင်ခဲ့ကြပြီးနောက် အုတ်ကျိုး အုတ်ပဲ့များ ကြားမှ ဖြတ်သန်း ကာ ကျောင်းဆောင့် တစ်နေရာသို့ ခေါ်သွားသဖြင့် ကျွန်ုပ်တို့လည်း သူ့နောက်မှ လိုက်လာခဲ့ကြသည်တွင် မြေတိုက်ထဲသို့ ဆင်းသည့် မတ်စောက်သော လှေကား ကြီး တစ်ခု ထိပ်သို့ ရောက်သွားကြလေ၏။

မေဆန်သည် မီးခြစ် ခြစ်ကာ စိတ်ညစ် နောက်ကျဖွယ် ကောင်းသည့် နေရာကို မီးခြစ်ဆံ တစ်ဆံဖြင့် လင်းထိန်စေလေ၏။ ထိုနေရာမှာ ကျက်သရေ မင်္ဂလာမဲ့ရုံမျှမက အနံ့အသက်ကလည်း ဆိုးရွားလှသည့်ပြင် ကျောက်တုံးကြီးများ ကို ဖို့၍ စီထားသော နံရံပျက်ကြီးများ၊ ခဲဖြင့် လည်းကောင်း ကျောက်တုံးများဖြင့် လည်းကောင်း ပြုလုပ်ထားသည့် လူသေ ခေါင်းပုံကြီးများသည် အထက် အမိုး ထိအောင် ပုံထားသည်ကို တွေ့ရလေ၏။

ရှားလော့ဟုမ်းသည် သူ့ လက်ဆွဲ မှန်အိမ်ကို ထွန်းလိုက်လေရာ ဝါ ကြန့်ကြန့် မီးရောင်တန်းကလေးသည် စိတ်မချမ်းသာစရာ ကောင်းသည့် ရှုခင်း ပေါ်သို့ ထိုးကျလျက် ရှိလေ၏။ မိမိတို့၏ အဆောင်အယောင်များကို သေမင်း ထံ အပ်နှံပြည် အထိ ယူဆောင်သွားသည့် ထိုမိသားစု ဆွေစဉ်မျိုးဆက်၏ တံဆိပ် များ ရေးထားသော လူသေ ခေါင်းတွင် တပ်သည့် ကြေးပြားများပေါ်သို့ မီး ရောင် ထိုးကျသည့် အတွက် တလက်လက် ဖြစ်လျက် ရှိလေ၏။

'ဒီမြေတိုက်ထဲမှာ အရိုးတွေ ရှိတယ်လို့ ခင်ဗျား ပြောဖူးတယ် မဟုတ် လား မစ္စတာ မေဆန်၊ ခင်ဗျား မသွားခင် အဲဒီ အရိုးတွေကို ပြခဲ့ပါဦး၊ ဘယ် နေရာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟောဒီ ထောင့်နားမှာ ခင်ဗျ' ဟု ဆိုကာ မြင်း ထရိန်နာသည် ရှေ့သို့ တိုးသွားကြည့်သည်တွင် ကျွန်ုပ်တို့က ထိုနေရာသို့ မီးရောင် ထိုးပြလိုက်သော အခါ၌ ဘာမျှ မပြောနိုင်ဘဲ အံ့အားသင့်လျက် ရှိလေ၏။

'ဟောဗျာ၊ မရှိတော့ဘူး ခင်ဗျ'

ရှားလော့ဟုမ်းက တခစ်ခစ် ရယ်လိုက်ရင်း

'ကျုပ် ထင်သားပဲ၊ အဲဒီ အရိုးပြာတွေက အိမ်အောက် မြေတိုက်ထဲက မီးဖိုထဲမှာ ရှိလိမ့်မယ်ဗျ'

'နေစမ်းပါဦး ခင်ဗျာ၊ လွန်ခဲ့တဲ့ နှစ် တစ်ထောင်လောက်က သေခဲ့တဲ့ လူရဲ့ အရိုးတွေကို ခုမှ ဘာဖြစ်လို့ မီးရှို့ချင်ရတာတဲ့လဲ' ဟု ဂျွန် မေဆန်က မေးလေ၏။

'အင်း၊ ကျုပ်တို့လည်း ဒီအချက်ကို စုံစမ်းရမှာပဲဗျ၊ တော်တော် ကြာကြာ ရှာရမယ် ဆိုတော့ ခင်ဗျားကို ကျုပ်တို့ တားမထားတော့ပါဘူးလေ၊ မနက်ဖြန် မနက်လောက် ဆိုရင်တော့ အဖြေ ပေါ်လိမ့်မယ် ထင်ပါရဲ့'

ဂျွန် မေဆန် ထွက်သွားသည့် အခါ၌ ရှားလော့ဟုမ်းသည် ဆာ... သင်္ချိုင်းကြီး ဖြစ်ဟန် တူသော အလယ်မှ ရှေးသင်္ချိုင်းကြီး ဂူကြီးနှင့် အ... နော်မန် လူမျိုးတို့၏ သင်္ချိုင်းဟောင်းများနှင့် နောက်ဆုံးတွင် ဆယ့်ကိုး... သင်္ချိုင်းများ ဖြစ်သည့် ဆာ ဝီလျံနှင့် ဆာ ဒင်းနစ် ဖောလဒါးတို့၏ သင်္ချိုင်း ဂူကြီးများကို သေချာစွာ ကြည့်ရှု စစ်ဆေးကြည့်လေ၏။ ခုံးကြီး တစ်ခုထဲ ဝင်ခါနီးတွင် ခဲသားဖြင့် ပြုလုပ်ထားသော ခေါင်းကြီး တစ်ခု အနီးသို့ ရောက် သွားလေ၏။

ထိုစဉ် သူ့ထံမှ ကျေနပ်စွာ အော်လိုက်သံနှင့် ခပ်သုတ်သုတ် လှုပ်ရှား လာဟန်ကို မြင်သည့် အတွက် သူ လိုချင်သည့် အရာကို တွေ့ကြောင်း ကျွန်ုပ် သဘော ပေါက်လိုက်လေ၏။

ရှားလော့ဟုမ်းသည် ခေါင်း အဖုံး နှုတ်ခမ်းသားများကို မှန်ဘီလူးဖြင့် ကြည့်ရှုလျက် ရှိလေ၏။ ထို့နောက် အိတ်ထဲမှ ကုလားအော် အသေးစားကလေး တစ်ချောင်းကို ယူ၍ ဟနေသော ကြားထဲသို့ ထိုးသွင်းပြီး ကော်ထုတ် လိုက် လေ၏။ အဖုံးသည် တကျည်ကျည် မြည်သော အသံကို ပြုကာ ကြွတက်လာ သော်လည်း နောက်မှ ပတ္တာ မကျွာသေးသည့် အတွက် လုံးလုံး ဖွင့်၍ မရ ဘဲ တစ်ဝက် တစ်ပျက်သာ ပွင့်လျက် ရှိစဉ် မမျှော်လင့်သော အဖြစ်အပျက် တစ်ခုနှင့် ကြုံရလေ၏။





အပေါ်ထပ် ဘုရားရှိခိုး ကျောင်းပျက်ပေါ်မှ လမ်းလျှောက်လာသော ခြေသံကို ကြားရလေ၏။

ခြေသံမှာ မရဲတရဲ လာသည့် ခြေသံမျိုး မဟုတ်ဘဲ တစ်စုံတစ်ခု သော ရည်ရွယ်ချက်ဖြင့် ရဲတင်း သွက်လက်စွာ လျှောက်လာသော ခြေသံမျိုး ဖြစ်လျက် မိမိ လျှောက်နေကျ နေရာ တစ်ခုသို့ လျှောက်လာသည့် ခြေသံမျိုး ဖြစ်ပေ၏။

ထို့နောက် အလင်းရောင်တန်း တစ်ခုသည် လှေကားမှ ကျရောက်လာ ပြီးလျှင် ဂေါသစ် တံခါး ခုံးခုံးကြီးထဲမှ လူတစ်ယောက်၏ အရိပ် ပေါ်လာ သည်ကို မြင်လိုက်ရလေ၏။

ထိုလူမှာ ကြီးမား တုတ်ခိုင်သော အရပ် အမောင်း ရှိပြီး ကြောက်ဖွယ် ကောင်းသော အမူအရာလည်း ရှိလေ၏။ သူ့ လက်တွင် ကိုင်ထားသည့် မြင်း ဇောင်းသုံး လက်ဆွဲ မှန်အိမ်ကြီးမှ ပြန်ဟပ်နေသော အလင်းရောင်ထဲတွင် မုတ် ဆိတ်တို့ ထူထပ်စွာ ပေါက်နေသည့် တင်းမာသော မျက်နှာနှင့် ဒေါသပတ်ပတ် သည်ကို လှည့်ကြည့်လာသော စူးရှ တောက်ပသည့် မျက်လုံးများကို မြင်ရ လေ၏။ ထိုမျက်လုံးများသည် ကျွန်ုပ်တို့ကို မြင်သွားသော အခါတွင် စိမ်း စိမ်းကြီး ကြည့်လျက် ရှိလေ၏။

'ဟေ့ ဘယ်သူတွေလဲ ဟင်၊ သူများ ပိုင်နက်ထဲ ဝင်ပြီး ဘာလာ လုပ် နေကြတာလဲ'

ကျွန်ုပ်တို့က မည်သို့မျှ ပြန်လည် ဖြေဆိုခြင်း မပြုသည့် အခါတွင် ထို လူသည် ရှေ့သို့ ဆတ်ခနဲ တိုးလာပြီး လက်တွင် ကိုင်လာသည့် တုတ်ကြီးကို မြှောက်လိုက်ရင်း

'ဗျို့ လူတွေ၊ မေးနေတာ မကြားဘူးလား၊ ဘယ်သူတွေလဲ၊ ဒီလာပြီး ဘာလာ လုပ်နေကြတာလဲ' ဟု ဆိုကာ တုတ်ကြီးကို လေထဲတွင် ဝှေ့ယမ်းလျက် ရှိလေ၏။

ရှားလော့ဟုမ်းမှာ ကြောက်ရွံ့ခြင်း မရှိရုံမျှ မက ရှေ့သို့ တိုးသွားကာ အသံ ခပ်ထန်ထန်ဖြင့်

'ခင်ဗျားကို မေးစရာ ရှိတယ်ဗျ ဆာ ရောဘတ်၊ ဟောဒီဟာ ဘယ်သူ့ လဲ'

ရှားလော့ဟုမ်းသည် နောက်သို့ လှည့်ကာ နောက်တွင် ရှိသည့် လူသေ ခေါင်း အဖုံးကို ဖွင့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယဉ့်ကား ဦးခေါင်းမှသည် ခြေဖျားတိုင် အဝတ်ဖြူဖြင့် ပတ် သည့် ဘစ်လောင်းကို တွေ့ရလေ၏။

အဝင်ဖြူ ဖုံးထားခြင်း မရှိသော မျက်နှာမှာ နှာခေါင်း ချွန်ချွန်ကြီး ဖြဲချွန်ကြီးတို့ ပေါ်လျက် ရှိသည့် အတွက် စုန်းမ မျက်နှာနှင့် တူ ရှိပြီး ကြဲမွလျက် ရှိသော မျက်နှာမှ မျက်လုံးကြီးများမှာ ပြူးထွက်လျ ကြလေ၏။

ထိုလူသည် လန့်အော်၍ နောက်သို့ ဆုတ်လိုက်ပြီးလျှင် ကျောက် တစ်ခုကို လှမ်းကိုင်ထားလိုက်ရလေ၏။

'ခင်ဗျား ဘယ်လိုလုပ် သိနေတာလဲဟင်၊ ခင်ဗျားနှင့် ဘာဆိုင်လို့' ဟု ခပ်တည်တည် လေသံဖြင့် ပြောလေ၏။

'ကျုပ် နာမည်က ရှားလော့ဟုမ်းတဲ့ဗျ၊ ခင်ဗျား ကြားဖူးချင် ကြား မှာပေါ့၊ ကျုပ် အလုပ်က တခြား နိုင်ငံသားကောင်းတွေလိုပဲ တရား ဥပဒေ ထိန်းသိမ်းဖို့ပါပဲ၊ အဲဒီတော့ ဒီကိစ္စနှင့် ပတ်သက်လို့ ပြောစရာ ရှိရင် ပြော ချင်တယ် ဗျ'

ဆာ ရောဘတ်သည် အတန်ကြာမျှ စိန်းစိန်းကြည့်လျက် ရှိလေ၏။ ရာတွင် ရှားလော့ဟုမ်း၏ အေးဆေး တည်ငြိမ်သော အသံနှင့် ကိုယ့်ကိုယ် ယုံကြည် စိတ်ချသော အမူအရာတို့မှာ များစွာ ထိရောက်လှပေ၏။

'ကောင်းပါပြီ မစ္စတာ ဟုမ်း၊ ကျွန်တော့် အတွက်က အခြေအနေ မကောင်းတော့ ကျွန်တော် ဝန်ခံပါ့မယ်၊ ဒါပေမဲ့ ကျွန်တော့် အဖို့ ဒီနည်း လုပ်စရာ ရှိတော့တယ်ဗျ၊ အခြား နည်း မရှိတော့ဘူး'

'အင်း၊ ဒီလို ကြားရလို့ ဝမ်းသာပါတယ်ဗျာ၊ ဒါပေမဲ့ ခင်ဗျား ချက်တွေကို ကျုပ် ပုလိပ်ဆီကို ပေးရလိမ့်မယ်နော်'

ဆာ ရောဘတ်က ကျယ်ပြန့်သည့် ပခုံးကြီးများကို တွန့်ပြလိုက် 'အင်း၊ ဒီအတိုင်း ဖြစ်ရတော့မယ် ဆိုရင် ဒီအတိုင်းပဲ ဖြစ်ရတော့ ဗျာ၊ ကဲ အိမ် လိုက်ခဲ့ကြဗျာ၊ ဟိုရောက်တော့မှ အေးအေးဆေးဆေး နား ကြတာပေါ့'

နာရီ တစ်စိတ်ခန့် ကြာသည့် အခါ၌ ကျွန်ုပ်တို့သည် အခန်း တစ်ခန်း ရောက်လျက် ရှိကြရာ မှန်တံခါးများ နောက်မှ ပြောင်လက်နေသော





ပြောင်းများကို တွေ့ရသည့် အတွက် ထိုအခန်းမှာ ထိုအိမ်ကြီးမှ လက်နက်ခန်း ဖြစ်လိမ့်မည်ဟု ကျွန်ုပ် ယူဆမိပေ၏။ အခန်းမှာ ကျကျနန ပြင်ဆင်ထားသေး၏။

ဆာ ရောဘတ်သည် ကျွန်ုပ်တို့ကို အခန်းထဲတွင် စောင့်ခိုင်းပြီးနောက် ထွက်သွားလေ၏။ ပြန်လာသည့် အခါတွင် သူနှင့် အတူ အဖော် နှစ်ယောက် ပါလာ၏။

တစ်ယောက်မှာ ယမန်နေ့က ရထားပေါ်တွင် ကျွန်ုပ်တို့ မြင်လိုက်သော မျက်နှာ နီနီနှင့် မိန်းမ အပြင် ကြွက်မျက်နှာကဲ့သို့ စုတ်ချွန်းချွန်း မျက်နှာ ရှိသည့် ကုပ်ချောင်းချောင်း လူတစ်ယောက်လည်း ပါလာလေသည်။

၎င်းတို့ နှစ်ယောက်စလုံးမှာ နားမလည်နိုင်သကဲ့သို့ အူလည်လည် မျက်နှာများ ရှိကြသည့် အတွက် ဆာ ရောဘတ်သည် အဖြစ်အပျက်များကို ရှင်းလင်းပြခြင်း မရှိသေးကြောင်း ထင်ရှားလှပေ၏။

ဆာ ရောဘတ်သည် ၎င်းတို့ နှစ်ယောက်ကို လက်ပြလိုက်လျက်

'သူတို့က မစ္စတာ နောလက်နှင့် မစ္စက် နောလက်တဲ့ဗျ၊ မစ္စက် နော လက်ရဲ့ အပျို နာမည်က အီဗန်တဲ့၊ ကျွန်တော့် အစ်မကြီးရဲ့ အတွင်း လူယုံ ဆို ပါစို့၊ သူတို့ကို ဒီခေါ်လာခဲ့ရတဲ့ အကြောင်းကတော့ ခု အဖြစ်အပျက်တွေနှင့် ပတ်သက်ပြီး သူတို့ ပါရင် လိပ်ပတ် လည်မယ်လို့ ယူဆတဲ့ အတွက် သူတို့ကို ခေါ်ခဲ့ရတာပဲ၊ ကျွန်တော် ပြောတာတွေကို သူတို့ နှစ်ယောက် သက်သေခံနိုင် ပါတယ်'

'ဖြစ်ပါ့မလားရှင်၊ ကိုယ် လုပ်တာကို စဉ်းစဉ်းစားစားလည်း လုပ်ပါ ရှင်' ဟု ထိုအမျိုးသမီးက ပြောလေ၏။

'နောင်ကျမှ အရှုပ် အရှင်း ဖြစ်လာရင်တော့ ကျွန်တော်တို့နှင့် မဆိုင် ဘူးနော်'

ဆာ ရောဘတ်က ထိုလူကို ခပ်ထန်ထန် လှမ်းကြည့်လိုက်ပြီးလျှင်

'ဒီမှာ ငါ တာဝန် ယူတယ်ကွာ၊ မစ္စတာ ဟုမ်း ခင်ဗျာ၊ ခု ကျွန်တော် အချက်အလက်တွေကိုချည်း ပြောသွားပါ့မယ်၊ နားထောင်ပါ။

'စုံထောက်ကြီးတို့လည်း ကျွန်တော့် အတွင်းရေးတွေကို တော်တော် လေး သိနေပါပြီဗျ၊ သိလို့ပေါ့၊ မသိရင် စုံထောက်ကြီးတို့ကို စောစောက တွေ့တဲ့ နေရာမှာ ဘယ့်နှယ် လုပ်ပြီး တွေ့မလဲ၊ ဒီတော့ ကျွန်တော်ဟာ ဒါဗီ ဖလားပွဲမှာ မြင်းမြင်း တစ်ကောင်ကို သွင်းမလို့ လုပ်ထားတာကိုလည်း စုံထောက်ကြီးတို့ သိလောက်ရောပေါ့၊ ကျွန်တော့် ဘဝ တစ်ခုလုံးဟာ ဒီပွဲမှာ ဒီမြင်း နိုင် မနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အချက် အပေါ်မှာ အများကြီး တည်နေတယ်ဗျ၊ နိုင်ရင်တော့ အဆင်ပြေ တာပေါ့လေ၊ အဲ မနိုင်ဘူး ဆိုရင်တော့၊ အင်း ကျွန်တော်ဖြင့် ဘာတွေ ဖြစ်မယ် ဆိုတာ တွေးတောင် မတွေးရဲလောက်အောင် ဖြစ်နေတယ်'

'အင်း အခြေအနေကို ကျွန်တော် နားလည်ပါတယ်' ဟု ရှားလော့ ဟုမ်းက ပြောလေ၏။

'ကျွန်တော်ဟာ ကျွန်တော့် အစ်မကြီး လေဒီ ဗီးယားထရစ်ကို အား အရာရာ မှီခိုနေရတယ် ခင်ဗျ၊ ဒါပေမဲ့ အားလုံး သိကြတဲ့ အတိုင်း သူ့ကို ... ယောက်ျားက ပေးပစ်ခဲ့တဲ့ အမွေတွေဟာ သူ့ တစ်သက်စာတွင် ပေးပစ်ခဲ့ ... ခင်ဗျ၊ ကျွန်တော်ကတော့ ရေဝတီ ကြွေးရှင် လက်ထဲမှာ ရောက်နေတဲ့ လူ ... ပါတော့၊ အကယ်၍သာ ကျွန်တော့် အစ်မကြီး သေသွားခဲ့ရင် ကြွေးရှင်တွေ ... ကျွန်တော့် ရှိစုမဲ့စု ပစ္စည်းတွေကို ခွေးသေကောင် လင်းတ ဆွဲသလို ဝိုင်း... ကြမှာ ခင်ဗျ၊ ကျွန်တော့် မြင်းဇောင်းတွေ ကျွန်တော့် အိမ်တွေ ကျွန်တော့် ... သမျှ ပစ္စည်းတွေ အားလုံးကို သိမ်းကြမှာပဲ၊ ဒီတုန်းမှာ လွန်ခဲ့တဲ့ အပတ်... ကျွန်တော့် အစ်မကြီး ဆုံးသွားခဲ့တယ် ခင်ဗျ'

'အင်း ခင်ဗျားက ဘယ်သူ့ကိုမှ မပြောဘူး မဟုတ်လား'

'မတတ်နိုင်ဘူး ခင်ဗျာ၊ ကျွန်တော့်မှာ ဒုက္ခ လှလှကြီး တွေ့ရ... မယ့် အခြေကို ရောက်နေတယ်၊ ဒီကိစ္စကို သုံးပတ်လောက် ဖုံးထားနိုင်... ကျွန်တော့် အတွက် အဆင်ပြေမယ်၊ အစ်မကြီးရဲ့ အိမ်ဖော် ယောက်ျား ... လူပေါ့ဗျာ၊ သူက ဓာတ်သမား ခင်ဗျ၊ ဒီတုန်းမှာ အဲဒီလူကို ကျွန်တော့် အစ်... ကြီး ဟန်ဆောင်နိုင်းထားရရင် ကောင်းမှာပဲလို့ ကျွန်တော် စိတ်ကူး ပေါ်... တယ် ခင်ဗျ၊ ဟန်ဆောင်ဖို့ ဆိုတာလည်း သိပ်ခက်တဲ့ ကိစ္စ မဟုတ်လှပါ... တစ်နေ့ တစ်ခါ ရထားနှင့် အပြင် ထွက်ပြရုံပါ၊ အခန်းထဲကိုတော့ အိမ်ဖော်... အပ အခြား ဘယ်သူမှ ဝင်ရတာ မဟုတ်တော့ ဘာကိုမှ စိုးရိမ်စရာ မရှိ... ပေါ့၊ ဒီလိုနှင့် ခပ်လွယ်လွယ်ပဲ စီစဉ်ခဲ့ကြပါတယ်၊ ကျွန်တော့် အစ်မကြီး... တော့ သူ့ နာတာရှည် ဝက်ရူးပြန် ရောဂါနှင့်ပဲ ဆုံးသွားပါတယ်'

'ဒါကတော့ ဆိုင်ရာ ပုလိပ်ဘက်က ဆုံးဖြတ်လိမ့်မယ် ခင်ဗျ'

'သူ့ရောဂါ အခြေအနေ ဆိုးတာ ကြာပြီ ဆိုတာ ဆရာဝန် ကိုယ်တိုင်... သက်သေခံမှာပါ ခင်ဗျာ'

'ထားပါတော့၊ ဒီတော့ ခင်ဗျား ဘာလုပ်သလဲ'

'အလောင်းကို အိမ်မှာ ထားလို့ မဖြစ်တော့ဘူးလေ၊ ဒါနှင့် ဆုံးတဲ့ ...





မှာပဲ ကျွန်တော်ရယ် ဟောဒီက နောလက်ရယ် အလောင်းကို မသုံးတော့တဲ့ ...ပစ်ထားတဲ့ ရေတွင်းပျက်နားက တဲကလေးထဲကို ယူသွားကြတယ် ခင်ဗျ ဒါ... ပေမဲ့ ခက်တာက ကျွန်တော်တို့ အလောင်းကို ယူသွားကြတော့ သူ မွေးထား တဲ့ စပင်နီယယ် ခွေးက အမြဲတမ်း အဲဒီ တဲ တံခါးနားကို လာလာပြီး ဟောင် ဟောင်နေတယ်။

'ဒါနှင့် ဒီနေရာမှာ ထားလို့တော့ မဖြစ်တော့ဘူး၊ ဒီထက် လုံခြုံ စိတ် ချရတဲ့ နေရာကို ရှာမှပဲ ဆိုပြီး ကျွန်တော်လည်း အလောင်းကို ဘုရားရှိခိုး ကျောင်းပျက် အောက်က မြေတိုက်ထဲကို ရွှေ့ပစ်လိုက်တယ်၊ ခွေးကိုလည်း တခြားကို ပေးလိုက်တယ် ခင်ဗျ၊ ဘုရားရှိခိုးကျောင်းကို မရိုမသေ လုပ်တာ တော့ မဟုတ်ပါဘူးဗျာ၊ ပြီးတော့လည်း ကွယ်လွန်သွားသူ ဘိုးဘွားတွေကို သရော်စော်ကား လုပ်ချင်တဲ့ ဆန္ဒလည်း မရှိရိုး အမှန်ပါ'

'ဘာပဲ ဖြစ်ဖြစ်လေ ခင်ဗျား လုပ်ပုံကတော့ ခွင့်လွှတ်နိုင်စရာ မကောင်း ဘူးဗျ'

ဆာ ရောဘတ်က ခေါင်းကို ခပ်သွက်သွက် ယမ်းလိုက်ရင်း

'အပြောကတော့ လွယ်ကြတာပေါ့ ခင်ဗျာ၊ ဒါပေမဲ့ စုံထောက်ကြီး လည်း ကျွန်တော့် နေရာမှာသာ ရောက်ရင် ဒီလိုပဲ ဖြစ်မှာပါပဲ၊ ကိုယ့် မျှော်လင့် ချက်တွေ အကြံအစည်တွေ အောင်ခါနီးမှ ပြိုကျ ပျက်စီးသွားတာကို ဒီအတိုင်း ဘယ်သူ လက်ပိုက် ကြည့်နေနိုင်မလဲ ခင်ဗျာ၊ တစ်နည်းနည်းတော့ ကြံဖန် လုပ် ကြရမှာပေါ့၊ ခု မြေတိုက်ထဲက သင်္ချိုင်းဂူတွေ ဆိုတာကလည်း သူ့ယောက်ျား နှင့် သူ့ယောက်ျားရဲ့ ဘိုးဘေးတွေရဲ့ အလောင်းတွေ မြှုပ်နှံခဲ့တဲ့ နေရာ မဟုတ် ဘား၊ ဒီတော့ ဒီလို နေရာမျိုးမှာ သူ့ကို သွားထားရင် ကျွန်တော့်မှာလည်း အပြစ် မရှိဘူး၊ သူ့အတွက်လည်း ကောင်းသွားတာပဲ ဆိုတဲ့ စိတ်ကူးနှင့် သွား ထားတာပါ။

'ဒီတော့ ကျွန်တော်တို့ အဲဒီကို သွား၊ ရှေး ဂူဟောင်းကြီးထဲက ခေါင်း ကြီး တစ်လုံးကို ထုတ်၊ အရိုးတွေကို တခြား ပြောင်းပစ်ပြီး သူ့အလောင်းကို ထားတာပါ၊ ခေါင်းထဲက ထုတ်ထားတဲ့ ရှေးအရိုးတွေကိုတော့ မြေတိုက် ကြမ်း ပြင်ပေါ်မှာ ဒီအတိုင်း ထားပစ်ခဲ့လို့ မရဘူး မဟုတ်လား။

'ဒီတော့ ကျွန်တော်နှင့် နောလက်က ညတိုင် ဆိုရင် အဲဒီ အရိုးတွေကို ကျွန်တော်တို့ အိမ် အောက်ထပ်က မြေတိုက် မီးဖိုကြီးထဲ ရှို့ပစ်ခဲ့ကြပါတယ်၊ ခု ပြောတာတွေကတော့ အဖြစ်အပျက် အမှန်ပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းသည် အတန်ကြာမျှ တွေးလျက် ရှိလေ၏။ နောက်ဆုံး တွင်

'ခင်ဗျား ပြောတဲ့ အဖြစ်အပျက်တွေထဲမှာ ဟာကွက်ကြီး တစ်ခု ရှိ တယ်ဗျ၊ ခင်ဗျား အကြွေးရှင်တွေက ခင်ဗျားရဲ့ ရှိသမျှ ပစ္စည်းတွေကို သိမ်း သည့်တိုင် မြင်းပွဲမှာ လောင်းထားတဲ့ အတွက် ခင်ဗျားမှာ မျှော်လင့်ချက် ရှိ သေးတော့ ဘာ အရေးကြီးသလဲ၊ ဘာဖြစ်လို့ ဒီလောက် စိုးရိမ်နေရမှာလဲ'

'ကျွန်တော့် ပစ္စည်းလို့ ဆိုတဲ့ အထဲမှာ အဲဒီ မြင်းပါ ပါတယ် ခင်ဗျ ကျွန်တော် လောင်းထားတာတွေကိုလည်း သူတို့က ဘာမှုမလဲ ခင်ဗျာ၊ သူတို့ တော့ ကျွန်တော့် မြင်း မပြေးလေ ကြိုက်လေပေါ့၊ ပြီးတော့ ခက်တာက ကျွန် တော့် ကြွေးရှင်တွေထဲမှာ အများဆုံး ပြန်ဆပ်ရမယ့် လူက ကျွန်တော့် ရန် ကြီး ဖြစ်နေတယ် ခင်ဗျ၊ နယူး မားကက်မှာ ကျွန်တော် မြင်းကြိမ်နှင့် ရိုက် ခဲ့တဲ့ ဆမ် ဗရူးဝါး ဆိုတဲ့ လူ၊ လူက စိတ်ထားက ယုတ်က ယုတ်ပါဘိသနှင့် ဒီတော့ သူက ကျွန်တော့်ကို ငဲ့ညှာမယ်လို့ စုံထောက်ကြီး ထင်သလား'

ရှားလော့ဟုမ်းသည် ထိုင်ရာမှ ထလိုက်လျက်

'ကဲ ဆာ ရောဘတ်ရေ၊ ဒီကိစ္စကိုတော့ ပုလိပ်ဘက်ကိုပဲ လွှဲရတော့ မှာပဲ၊ ကျုပ် အလုပ်က အချက်အလက် အမှန်ကို ပေါ်အောင် စုံစမ်းပေးဖို့ပဲ ရှိ တယ်၊ ကျန်တာကတော့ ပုလိပ်ရဲ့ တာဝန်ပဲ၊ ခင်ဗျား လုပ်တာဟာ လူ့ကျင့်ဝတ် အနေနှင့် လုပ်သင့် မလုပ်သင့် ဆိုတာနှင့် ပတ်သက်လို့တော့ ကျုပ် ဘာမှ ထင်မြင်ချက် မပေးလိုဘူး၊ ကဲ ဝပ်ဆင်ရေ၊ သန်းခေါင်တောင် ရောက်တော့ မယ်၊ ကျုပ်တို့ တည်းခို ရိပ်သာကလေးကို ပြန်လိုက်ကြဦးစို့ရဲ့'

ဆာ ရောဘတ်၏ အပြုအမူများသည် ပြောစရာ ဆိုစရာ ဖြစ်သည့်တိုင် ဤ အဖြစ်အပျက်မှာ အေးချမ်းစွာဖြင့် အဆုံးသတ်သွားခဲ့လေ၏။

ကုမာရသည် ဒါဗီ ဖလားပွဲတွင် အနိုင် ရခဲ့ပြီး ၎င်း၏ ပိုင်ရှင် ဆာ ရောဘတ်မှာ ပေါင် ရှစ်သောင်း အနိုင် ရခဲ့လေ၏။ ကြွေးရှင်များသည် မြင်းပွဲ မပြီးမချင်း ဆာ ရောဘတ် နောက်မှ တကောက်ကောက် လိုက်လျက် ရှိကြ သော်လည်း မြင်းပွဲ ပြီး၍ ၎င်းတို့ အကြွေးများကို အပြေအလည် ရရှိသည့် အခါမှာ ပြန်သွားကြလေ၏။ ဆာ ရောဘတ်မှာ ကြွေးများ ဆပ်ပြီးသည့်တိုင် လက်ထဲတွင် ငွေတော်တော်များများ ကျန်ရှိနေပေသေး၏။





ပုလိပ်ဘက်နှင့် အောက်ရုံးတို့က အလောင်း ဂုက်သည့် ကိစ္စကို ဆွေး နွေးပေါ့ပေါ့ စဉ်းစားကာ သေစာရင်းကို နောက်ကျမှ တိုင်သည့် အတွက် နှုတ် တော်မှ ပညာပေး ဆုံးမခြင်း ခံရသည်မှ အပ မည်သည့် ပြစ်ဒဏ်ကိုမျှ မခံရဘဲ အေးချမ်းစွာ နေထိုင်လျက် ရှိရာ နောင်တွင်လည်း ၎င်း၏ ပြစ်ချက်များကို လူသူတို့ သိကြမည် မဟုတ်ဘဲ လေးစားအပ်သော ဇရာ ဒုဗ္ဗလ အရွယ်တွင် နေရတော့မည့် အလားအလာတို့ ရှိနေပေသတည်း။

**[မူရင်း ဝတ္ထု *The Adventure of Shoscombe Old Place.* ရှေ့ခေါင်း၏ စုံ ထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]**



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ရှူး ကိုယ်ပတ်



ထိုနေ့ တစ်မနက်လုံး ရှားလော့ဟုမ်းမှာ စိတ်ရှုပ်ထွေးကာ တစ်စုံတစ်ရာကို လေးနက်စွာ တွေးတောနေဟန်ရှိလေ၏။

ရှားလော့ဟုမ်း၏ မူလ ပင်ကို စရိုက်မှာ လှုပ်လှုပ်ရှားရှား နေထိုင်ကာ လက်တွေ့ ကျသည့် အလုပ်မျိုးကို လုပ်တတ်သည့် လူစားမျိုး ဖြစ်သော်လည်း တစ်ခါတစ်ရံတွင် ဤသို့ တွေဝေသည့် အခါများလည်း ရှိတတ်ပေသေး၏။

'မြင်လိုက်ရဲ့လားဗျ'

'ခုတွင်က အပြင်ကို ထွက်သွားတဲ့ အဘိုးကြီးလား'

'ဟုတ်ပါ့ဗျာ'

'အင်း၊ အဆင်းမှာ တွေ့လိုက်ပါရဲ့'

'ခင်ဗျား ဘယ်လို ထင်သလဲ'

'ကြည့်ရတာတော့ တော်တော် စိတ်ညစ်ပြီး ကြံရာမရ ဖြစ်နေတဲ့ ပုံဗျ'

'အစစ်ပဲဗျို့၊ စိတ်ညစ်ပြီး ကြံရာ မရ ဖြစ်နေတာ၊ ဒါပေမဲ့ လောကကြီးမှာ လူတိုင်း ဒီလိုချည်းပဲ ထင်ပဗျာ၊ အဖြစ်အပျက်ကလေးတွေဟာ လောကမှာ ဘဝတည်း ဟူသော အဖြစ်အပျက်ကြီးရဲ့ အစိတ်အပိုင်းကလေးတွေပဲ မဟုတ်ဘူးလား၊ အရိပ်ကို အကောင် ထင်ပြီး လိုက်ဖမ်းကြ၊ နောက် မိကြ၊ လက်ထဲကောက်လို့ ကြည့်လိုက်တော့ ဘာမှ မဟုတ်ဘူး၊ အရိပ်ပဲ ဖြစ်နေတာကို တွေ့ရတယ်၊ တစ်ခါတလေများ အရိပ်ကမှ တော်သေးတယ်၊ အရိပ် သက်သက်မဟုတ်ဘဲ ဒုက္ခ ဖြစ်နေတတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ခုတွင်က အဘိုးကြီးက ခင်ဗျား အမှုသည်လား'

'အင်း၊ အမှုသည်လို့ ခေါ်မယ် ဆိုရင်လည်း ခေါ်နိုင်ပါရဲ့၊ ကျုပ်ဆီ ၁ကော့တလန်ယာဒ်က လွှတ်လိုက်တာဗျ၊ ဆရာဝန်များ တစ်ခါတလေ ကု မရတော့ဘူး ဆိုတဲ့ လူမမာများကို သမားတု သမားယောင်တွေဆီကို လွှဲ လိုက်သလိုပေါ့၊ ကိုယ့်ဆီမှာ ကုလို့လည်း ဘာမှ ထူးမှာ မဟုတ်တော့တဲ့ အ သမားတုတွေဆီ လွှတ်လိုက်လို့လည်း ပိုပြီး ဆိုးစရာ အကြောင်း မရှိတော့ တဲ့၊ အနည်းဆုံး စိတ် ချမ်းသာချင် ချမ်းသာနိုင်သေးသတဲ့'

'ကိစ္စက ဘာကိစ္စတဲ့လဲ'

ရှားလော့ဟုမ်းသည် အတန်ငယ် ညစ်ပတ်နေသည့် လိပ်စာ ကတ် တစ်ခုကို စားပွဲပေါ်မှ လှမ်းယူလိုက်လျက်

'ဂျိုရှိုယာ အမ်ဗာလေတဲ့၊ ပန်းချီ ပစ္စည်းတို့ ဘာတို့ ထုတ်တဲ့ ဗရစ် နှင့် အမ်ဗာလေ ကုမ္ပဏီက အစု ရှယ်ယာဝင် တစ်ဦးတဲ့၊ သဘော်ဆေး ပန်းချီ ရေဆေးဘူးတွေ ဘာတွေပေါ်မှာ အဲဒီ နာမည်ကို ခင်ဗျား တွေ့ဖူးမှာ ကုမ္ပဏီကနေ အမြတ်ကလေး ဘာလေး တော်တော် ရလေတော့ အသ ခြောက်ဆယ့် တစ်နှစ်မှာ အစုရှင် အဖြစ်က နုတ်ထွက်၊ လူဝီရှမ်မှာ အိမ်က တစ်လုံး ဝယ်ပြီး အနား ယူနေသတဲ့၊ စားသွေး ကျောက်များလို တစ်သက် တကျည်ကျည် သွေးခဲ့ရာက အနား ယူလိုက်ပြီး အေးအေးဆေးဆေး နေ ပြီ ဆိုပါတော့၊ ရုတ်တရက် ကြည့်လိုက်ရင်တော့ သူ့ဘဝမှာ ဘာမှ အဖု မရှိဘူးဗျ၊ အဆင်ကို ချောလို့'

'ဟုတ်တာပေါ့'

ရှားလော့ဟုမ်းသည် စာအိတ်လွှတ် တစ်လုံး နောက်ကျောတွင် မှတ်ထားသည့် မှတ်စုများကို လှန်ကြည့်လိုက်ပြီးနောက်

'၁၈၉၆ ခုနှစ်မှာ အလုပ်မှ အနားယူ၊ ၁၈၉၇ ခုနှစ်တုန်းက သူ အသက် နှစ်ဆယ်လောက် ငယ်တဲ့ မိန်းမ တစ်ယောက်ကို လက်ထပ်ခဲ့ ဓာတ်ပုံထဲ အတိုင်းသာ ဆိုရင်တော့ မိန်းမက တော်တော်လေး ချောတဲ့ မိန်း ဥစ္စာပေါ ရုပ်ချော အလိမ္မာ အိမ်ပါ ဆိုတဲ့ မိန်းမမျိုးဗျ၊ အဆင်ကို ပြေလို့ ပေမဲ့ လွန်ခဲ့တဲ့ နှစ်နှစ် အတွင်း ဒီလူဟာ ခုခင်ဗျား မြင်လိုက်ရသလို မပေါ်တော့လောက်အောင် ဖြစ်သွားပြီး အိုစနာ ကျသွားတော့တာပဲ'

'ဘာများ ဖြစ်လို့လဲဗျ'

'ထုံးစံ အတိုင်းပေါ့ဗျာ၊ သစ္စာ မဲ့တဲ့ မိတ်ဆွေနှင့် ဖောက်ပြားတဲ့





ကိစ္စပေါ့၊ အမ်ဗာလေ ဆိုတဲ့ လူကလည်း လောကမှာ ဝါသနာ ပါတာ တစ်မျိုးသဲ ရှိတယ်၊ အဲဒါက စစ်တုရင်ဗျ၊ လူဝီရှမ်မှာ သူ့အိမ်နှင့် မလှမ်းမကမ်းမှာ ဆရာဝန်ကလေး တစ်ယောက် ရှိတယ်၊ သူကလည်း စစ်တုရင် ဝါသနာအိုးပဲ၊ သူ့ နာမည်က ဒေါက်တာ ရေး အားနက်စ် ဆိုလားပဲ၊ အားနက်စ်က အိမ်ကို မကြာ ခဏ လာ လာ စစ်တုရင် ထိုးလေ့ ရှိတော့ အမ်ဗာလေနှင့်ရော သူ့မိန်းမနှင့်ရော ခင်မင်သွားကြတာပေါ့ဗျာ၊ ကျုပ်တို့ လူက ခင်ဗျား မြင်တဲ့ အတိုင်း အတွင်း စိတ် ကောင်းချင် ကောင်းမယ်၊ အပြင်ပန်း ကြည့်လို့ကတော့ သိပ် ဂိုက်ဆိုက် ကောင်းတဲ့ လူမျိုးမှ မဟုတ်တာကလား၊ လွန်ခဲ့တဲ့ အပတ်တုန်းကတော့ သူတို့ နှစ်ယောက် လစ်ပြေး ကြတယ်ဗျ၊ ခုထက်ထိ ခြေရာ ခံလို့ မရသေးဘူး၊ ပိုပြီး ဆိုးတာက သူ့မိန်းမဟာ လင်ငယ်နှင့် ထွက်ပြေးရုံတွင် မကဘူး၊ ရှိသမျှ ရွှေငွေ ပစ္စည်းတွေ ငွေစု စာချုပ်တွေ ထည့်ထားတဲ့ သေတ္တာကလေးကိုပါ ယူပြေးသတဲ့ ဗျ၊ ဒီတော့ ကျုပ်တို့ အနေနှင့် ကြည့်ရင် အမျိုးသမီးကို ရှာလို့ ရပါ့မလား၊ ပိုက်ဆံတွေကိုရော ပြန်ရပါ့မလား ဆိုတာလောက်ပဲ တွေးစရာ ရှိတယ်၊ ဒါပေမဲ့ အမ်ဗာလေ အဖို့တော့ သေရေး ရှင်ရေး ဖြစ်နေတာပေါ့'

'ဒီတော့ ခင်ဗျားက ဘာလုပ်မယ်လို့ စိတ်ကူးသလဲ'

'အင်း၊ လောလောဆယ် ပြဿနာက ကျုပ်ကို ခင်ဗျား ကောင်းကောင်း လည်လို့ ရှိရင် ခင်ဗျား ဘာလုပ်မလဲ ဆိုတဲ့ ပြဿနာဗျ၊ ခင်ဗျား သိတဲ့ အတိုင်း ကျုပ်မှာ သာသနာပိုင် ဘုန်းကြီး နှစ်ပါးရဲ့ အမှုက တန်းလန်းနှင့်၊ ဒီနေ့ ဆိုရင် အပြီးသတ် ကိုင်ရတော့မယ်၊ ကျုပ်မှာ ဒီနေ့ လူဝီရှမ် ထိအောင် သွားဖို့ အချိန် မရှိဘူး၊ သို့သော်လည်း သက်သေခံ အထောက်အထား ဆိုတာ များဟာ အချင်း ဖြစ်တဲ့ နေရာကို သွားပြီး ယူနိုင် ကြည့်နိုင်မှ အဖိုးတန် တာဗျ၊ အဘိုးကြီးကတော့ ကျုပ် လိုက်ခဲ့ပါလို့ ဇွတ်ခေါ်နေတာပဲ၊ သို့သော် လည်း ကျုပ်က ကျုပ် အခက်အခဲကို ရှင်းပြလိုက်တယ်၊ ဒီတော့ အဘိုးကြီးက ကျုပ်ကိုယ်စား လာမယ့် လူကို မျှော်နေလိမ့်မယ်'

'ရပါတယ်ဗျာ၊ သွားပါတယ်၊ ကျွန်တော် သွားလို့ တယ်ပြီး အသုံး တည့်ချင်မှတော့ တည့်လိမ့်မယ်နော်၊ ဒါပေမဲ့ အကောင်းဆုံး ကြိုးစားခဲ့ပါမယ်'

သို့ဖြင့် နွေရာသီ ထိုညနေပိုင်းတွင် ကျွန်ုပ်သည် လူဝီရှမ်သို့ ထွက်လာ ခဲ့လေ၏။ ကျွန်ုပ် သွားရောက် စုံစမ်းမည့် အမှုသည် နောင် တစ်ပတ်လောက် ကြာသည့်အခါ အင်္ဂလန်ပြည် တစ်ပြည်လုံးတွင် ဒုတ်အော်သောင်းကျန်း ပြော ဆိုကြမည့် ကိစ္စ တစ်ခု ဖြစ်လိမ့်မည် ဟူ၍ကား မထင်ခဲ့မိချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုညနေပိုင်း၌ ကျွန်ုပ်သည် ဘေကာလမ်းသို့ ပြန်ရောက် လာခဲ့ကာ ကျွန်ုပ် သွားရောက်ခဲ့ရာတွင် တွေ့ခဲ့ရသည်တို့ကို ရှားလော့ဟုမ်းအား ပြောပြလေ၏။ ရှားလော့ဟုမ်းသည် ပိန်ရှည်သော သူ့ခန္ဓာကိုယ်ကို ပက်လက် ကုလားထိုင်တွင် ဆန့်၍ ထိုင်လှဲလိုက်ကာ မီးခိုးတွေ အလိပ်လိုက် ထအောင် ဆေးတံကို ရှိုက်လျက် ရှိရင်း မျက်လုံးများကို မှိတ်ထားလေရာ ကျွန်ုပ် စကား ပြတ်သွား သည့် အခါများ၌ မျက်လုံးကို လှန်၍ လှဲသွားဖျားကဲ့သို့ ပြာလဲ့ တောက်ပြောင် သော မျက်လုံး နှစ်လုံးဖြင့် စိုက်ကြည့်ခြင်းမျိုးသာ မရှိပါက ရှားလော့ဟုမ်း မှာ အိပ်မော ကျနေသည်ဟုပင် ထင်ရလောက်ပေ၏။

ကျွန်ုပ်က

'မစ္စတာ အမ်ဗာလေရဲ့ အိမ် နာမည်က အေးရိပ်သာတဲ့ဗျ။ ခင်ဗျား တော့ စိတ်ဝင်စားချင် ဝင်စားမှာပဲ၊ ကြည့်ရတာကတော့ ကိုယ်နှင့် အဆင့်အတန်း မတူတဲ့ လူတွေ ကြားထဲကို သွားပြီး ဖာတ်မြုပ်နေတဲ့ ကပ်စေးနှဲကြီးနှင့် တူတာ။ သူ နေတဲ့ ရပ်ကွက်ကိုလည်း ကြည့်ဦးလေ၊ လမ်းတွေကလည်း အုတ်ခဲ ခင်း လမ်းတွေဗျ၊ သွားရတာ တော်တော့်ကို စိတ်ပျက်စရာ ကောင်းတာပဲ၊ အဲဒီ ရပ် ကွက် အလယ်မှာ သူ့ အိမ်ဗျ၊ ဒီပြင် အိမ်တွေထက်တော့ သားနားပါရဲ့၊ အုတ် တိုက် နံရံမှာ ရေညှိကလေးတွေက စိမ်းလို့ဗျ၊ ရှောက်ပင်ကလေးတွေ ပတ်ပြီး လည်း တန်းစီ ပေါက်နေတော့ အနံ့ကလေးက သင်းလို့၊ ပြီးတော့'

'အံမယ်လေးလေး လူရယ်၊ ကဗျာ ဆန်မနေစမ်းပါနှင့်၊ အိမ်ဝင်း အုတ် နံရံ အမြင့်ကြီးလို့ ကျုပ် မှတ်လိုက်ပြီးပါပြီ'

'ဟုတ်တယ်ဗျ၊ အုတ်နံရံ အမြင့်ကြီး၊ လမ်းထိပ်မှာ ဆေးလိပ် ထိုင် သောက်နေရင်း လတ်လျား လတ်လျား လုပ်နေတဲ့ လူတစ်ယောက်ကို တွေ့လို့ မေးမိပေလို့ပေါ့၊ နို့မို့ရင် သူ့အိမ်ကို ဘယ်လို ရှာရမှန်းတောင် သိမှာ မဟုတ် ဘူး၊ အဲဒီလူကို ထည့်ပြောရတာက ကျွန်တော့်မှာ အကြောင်း ရှိတယ်ဗျ၊ လူက အရပ် ရှည်ရှည် အသား ညိုညို မုတ်ဆိတ်တွေနှင့်၊ စစ်သား လူထွက်လို ဘာလိုလိုပဲ၊ ဒါနှင့် ကျွန်တော်က အမ်ဗာလေ အိမ်ကို မေးတော့ ပြလိုက်တာ ကျွန်တော့်ကိုလည်း သေသေချာချာ ကြည့်လိုက်သေးတယ်၊ ဒါကတော့ နောက် ကျမှ ပြန်စဉ်းစားလို့ မှတ်မိတာပါလေ။

'ကျွန်တော်လည်း အိမ်ဝင်းထဲ ဝင်မိရော မစ္စတာ အမ်ဗာလေဟာ





ပေါ်ကနေ ဆင်းလာတယ်ဗျ၊ ကျွန်တော်က သူ့ကို မနက်တွင် မြင်လိုက်ခုနေ ဘာကိုး၊ အဲဒီကတည်းက ဒီလူကို ကြည့်ရတာ ခပ်ဆန်းဆန်းပါလို့ အောက် မေ့နေတာ၊ ခု သူနှင့် မျက်နှာချင်းဆိုင် သေသေချာချာ မြင်လိုက်ရတဲ့ အခါ ကျ တော့ သူ့ရုပ်က ပိုပြီး ဆန်းနေသေးတယ်ဗျ'

'အင်း၊ ကျုပ်လည်း လေ့လာ လိုက်မိပါတယ်လေ၊ သို့သော်လည်း ခင်ဗျား ဆင်မြင်ချက်ကို ကြားရသေးတာပေါ့'

'သူ့ကို ကြည့်ရတာ သောက ဝန်ထုပ်ကြီးကို ထမ်းထားရတယ် ဆိုတဲ့ စကား အတိုင်း ခါးကို ကုန်းနေတာပဲ၊ သို့ပေမဲ့ လူကို ကြည့်ရတာ လူပျော့ ကလေးတော့ မဟုတ်ဘူးဗျ၊ သူ့ပခုံးတွေနှင့် ရင်အုပ်တွေ နေပုံက တော်တော် ကျားကျားလျားလျား ရှိတာပဲ၊ အောက်ပိုင်းကတော့ ရှူးသွားသဗျ'

'ဘယ်ဘက် ခြေ သိမ်နေတယ်ဗျ၊ ညာဘက်ကတော့ ဘာမှ မဖြစ်ပါဘူး'

'ဟုတ်လား၊ ဒါတော့ ကျွန်တော် သတိ မထားလိုက်မိဘူး'

'ဘယ် ခင်ဗျား သတိ ထားလိုက်မိမလဲ၊ ကျုပ်တောင် သူ့ခြေတုက် မြင်လိုက်မိလို့ သိတာ၊ ကဲ ဆက်ပါဦးလေ'

'ကျွန်တော်နှင့် တွေ့တော့ သူက မြက် ဦးထုပ်ကို ဆောင်းထားတာကိုး၊ မြက် ဦးထုပ် အောက်က ပေါ်နေတဲ့ ဆံပင်တွေက အသည်းယားစရာ တွန့်လို့ သိမ်လို့ဗျ၊ မျက်နှာကလည်း ရှုံ့မဲ့လို့၊ သူ့ကို မြင်ရတာကိုက စိတ် မချမ်းသာစရာ ကြီး'

'ဟုတ်ပါပြီလေ၊ သူက ဘာပြောသလဲ'

'သူ ခံစားနေရတာတွေ သူ့ နစ်နာချက်တွေကို ပြောပြတာပေါ့၊ ကျွန် တော်တို့ နှစ်ယောက် အဝင် လမ်းပေါက် အတိုင်း လျှောက်လာကြတော့ အေး တော်ဝန်းကျင်ကို လှမ်း အကဲခတ်မိတယ်ဗျ၊ ဒီလောက် ပစ်စလက်ခတ် ထားတဲ့ နေရာမျိုး ကျွန်တော်ဖြင့် တစ်ခါမှ မတွေ့ဖူးပေါင်ဗျာ၊ ခြံတစ်ခြံလုံးလည်း ပေါင်း တွေချည်းပဲ၊ သစ်ပင်တွေ ဆိုတာကလည်း ပြုစုမယ့်လူ မရှိ ဖြစ်ချင်တိုင်း ဖြစ် ပေါက်ချင်တိုင်း ပေါက်နေကြတာ၊ ဒီလို ဟာမျိုးကို ဘယ် အမျိုးကောင်းသမီး များ ဒီအတိုင်း ကြာရှည် သည်းခံနေနိုင်မလဲဗျာ၊ အိမ်ကလည်း ညစ်ပတ် ပေရေ နေလိုက်တာ မပြောပါနှင့်တော့၊ ဒါပေမဲ့ အဘိုးကြီး ကိုယ်တိုင်လည်း ဒါကို သတိ ပြုမိဟန် တူတယ်ဗျ၊ ကျွန်တော် ရောက်သွားတော့ သဘော်ဆေးပုံး ကြီးကို ချပြီး စုတ်တံကြီး တစ်ချောင်းနှင့် နံရံတွေ ဘာတွေကို ဆေးသုတ်နေ တယ်။



www.burmeseclassic.com

www.burmeseclassic.com



'သူက ကျွန်တော့်ကို သူ့အခန်း ညစ်စုတ်စုတ်ကလေးထဲကို ခေါ်သွားတယ်ဗျ။ အဲဒီ အထဲမှာ တော်တော် ကြာကြာ စကား ပြောခဲ့ရတာပဲ၊ အစတုန်းကတော့ ခင်ဗျား ကိုယ်တိုင် မလာလို့ စိတ်ပျက်သွားပုံ ရတယ်၊ ''ကျုပ်က သာမန် မထင်မရှား လူတစ်ယောက် ဖြစ်ရုံတွင် မကဘူး၊ ပစ္စည်းကလည်း ပျက်သွားတဲ့ လူတစ်ယောက် ဆိုတော့ ရှားလော့ဟုမ်းလို နာမည်ကျော် စုံထောက်ကြီး တစ်ယောက် ကိုယ်တိုင် လာလိမ့်မယ်လို့ အစကတည်းက မမျှော်လင့်ပါဘူးဗျာ'' လို့ ပြောတယ်ဗျ။

'ဒီတော့ ကျွန်တော်က ငွေရေး ကြေးရေး ကိစ္စကြောင့် မဟုတ်ပါဘူး လို့ ရှင်းပြတယ်၊ ''ဟုတ်ပါတယ်လေ၊ ကျုပ် သိပါတယ်၊ အမှုတွေ လိုက်တာ ဝါသနာ ပါလို့ လိုက်တာပါ၊ ဒါပေမဲ့ မှုခင်း ဝါသနာ ထုံတဲ့ လူဟာ မှုခင်းနဲ့ ပတ်သက်လို့ လေ့လာစရာ စိတ်ဝင်စားစရာ ရှိမှလည်း လာချင်ပေမပေါ့၊ လူများ တယ်ပြီး ကျေးဇူး ကန်းတတ်ကြတာပဲ ဒေါက်တာ ဝပ်ဆင်ရေ၊ ခု ကြည့်ပါလား သူ တောင်းတာကို ကျုပ် ဘယ်မှာများ ငြင်းခဲ့ဖူးလို့လဲ၊ ကျုပ်လောက် အလို လိုက်တဲ့ ယောကျ်ားမျိုးကို ရှာကြည့်စမ်းပါ၊ အဝေးကြီး၊ ခုတော့ ကျုပ်သား လောက် ရှိတဲ့ ကောင်လေး နောက်ကို လိုက်ပြေးပြီ၊ ကျုပ် အိမ် ဆိုရင်လည်း သူ့ကို တံခါး မရှိ ဓားမရှိ ဝင်ထွက်ခွင့် ပေးထားခဲ့တယ်၊ ခုတော့ သူတို့ လုပ် သွားပုံကို ကြည့်ပါဦးဗျာ၊ ဒေါက်တာရေ လောကကြီးက မကောင်းပါဘူးဗျာ နည်းနည်းမှ မကောင်းပါဘူး'' တဲ့။

'အဲဒါကတော့ တစ်နာရီကျော်ကျော် ညည်းချင်း အချုပ်ပဲဗျ၊ အဘိုး ကြီးကို ကြည့်ရတာက အစတုန်းက သင်္ကာ မကင်း ဖြစ်ဟန် မတူဘူး၊ အိမ်မှာ သူတို့ လင်မယားချည်းပဲ နေကြတယ်၊ အိမ်ဖော် မိန်းမ တစ်ယောက်တော့ နေ့ လာ အလုပ် လုပ်ပြီး ညကျတော့ အိမ်ကို ပြန်သတဲ့၊ အဲဒီ ညတုန်းက အဘိုး ကြီးက သူ့မိန်းမကို ဇာတ်ပွဲ ပြမလို့ ဟေးမားကက် ဇာတ်ရုံမှာ ပထမတန်း လက်မှတ် နှစ်စောင် ယူထားသတဲ့၊ သွားမယ် လုပ်ခါနီးတော့မှ မိန်းမက ခေါင်း ကိုက်လို့ မလိုက်တော့ဘူးလို့ ပြောသတဲ့၊ ဒါနှင့် တစ်ယောက်တည်း ထွက်သွား ရတာပေါ့၊ ဒါကတော့ အမှန် ဖြစ်ပုံ ရတယ်ဗျ၊ မသုံးရသေးတဲ့ ပိုနေတဲ့ လက် မှတ် တစ်စောင်ကိုတောင် ကျွန်တော့်ကို ထုတ်ပြလိုက်သေးတယ်'

ရှားလော့ဟုမ်းမှာ အမှုကို ပို၍ စိတ်ဝင်စားလာဟန်ဖြင့်

'အင်း၊ ဒီအချက်ကတော့ တော်တော်လေး ထူးခြားလာပြီဗျို့၊ ဆက် ပြောပါဦး၊ ခင်ဗျား ဇာတ်လမ်းက ကောင်းခန်း ရောက်လာပြီ၊ လက်မှတ်





ခင်ဗျား ကိုယ်တိုင် မြင်ခဲ့တယ်နော်၊ ခုံနံပါတ်တွေ ဘာတွေကိုများ ခုထိမှတ်မိ သေးသလား'

ကျွန်ုပ်က ခပ်ကြွားကြွားဖြင့်

'ဘယ်နေမလဲဗျာ၊ မှတ်ခဲ့တာပေါ့၊ နံပါတ်က ကျွန်တော် ငယ်ငယ်က နေခဲ့တဲ့ ကျောင်း နံပါတ်ဗျ၊ သုံးဆယ့်တစ်၊ ဒါကြောင့် ကောင်းကောင်း မှတ်မိ တာ'

'ဟုတ်ပြီဗျ၊ ဒီလိုဆို အမ်ဗာလေရဲ့ ခုံနံပါတ်က သုံးဆယ်နှင့် သုံးဆယ့် နှစ် တစ်ခုခု ဖြစ်ရမှာပေါ့'

ကျွန်ုပ်က ခပ်ထွေးထွေးဖြင့်

'ဟုတ်တယ်ဗျ၊ ခ တန်းမှာ'

'အင်း၊ တော်လောက်ပါပြီလေ၊ ပြီးတော့ကော ဘာ ပြောလိုက်သေး သလဲ'

'အာမခံ အခန်းလို့ ခေါ်တဲ့ သူ့အခန်းကို ပြတယ်ဗျ၊ ဟုတ်တယ်ဗျို့၊ ဘဏ်တိုက်များမှာ ရှိတဲ့ အာမခံ အခန်း အတိုင်းပဲ၊ တရုတ်ကတ် ပြတင်းပေါက်၊ တံခါးက သံမဏိ တံခါးဗျ၊ သူခိုး မဖောက်နိုင်ဘူးတဲ့၊ ဒါပေမဲ့ မိန်းမက သော့ ဘူနှင့် ဖွင့်ပြီး ငွေစု စာချုပ်တွေရော ငွေသားတွေရော ပေါင် ခုနစ်ထောင်မိုး လောက် ခိုးယူသွားတယ်ဗျ'

'ငွေစု စာချုပ် ဆိုတော့ ဒါတွေကို ဘယ်လို လုပ်ပြီး လဲမှာတဲ့လဲ'

'သူ့အပြော အရ ဆိုရင်တော့ ပုလိပ်ကို စာရင်း ပေးပြီးပြီတဲ့၊ ရောင်း ဘို့ ပေါင်လို့ ရမှာ မဟုတ်ဘူးတဲ့၊ အဲဒီည သန်းခေါင်လောက်ကျတော့ ပွဲက ပြန်လာခဲ့တယ်၊ အိမ် ရောက်တော့ ပစ္စည်းတွေ ပျောက်နေပြီး တံခါးက ပွင့် နေတာ တွေ့ရတာပဲ၊ မိန်းမလည်း မရှိတော့ဘူး၊ စာတို့ ဘာတို့လည်း မတွေ့ ရဘူး၊ သူတို့ အကြောင်းလည်း အဲဒီ ကတည်းက ဘာမှ မကြားရတော့ဘူးတဲ့၊ ဒါနှင့် ပုလိပ်ကို ချက်ချင်း သွားတိုင်လိုက်သတဲ့'

ရှားလော့ဟုမ်းသည် မိနစ် အတန်ကြာမျှ စဉ်းစားလျက် ရှိလေ၏။

'ဆေးသုတ်နေတယ်လို့ ပြောသွားတယ်၊ ဘာကို ဆေးသုတ်နေတာလဲ'

'ဆောင်ကူး လမ်းကြားကလေးကို သုတ်နေတာဗျ၊ တံခါးနှင့် စောစောက ပြောခဲ့တဲ့ အခန်းကလေးကိုတော့ သုတ်ပြီးနေပြီ'

'ဒီလို အချိန်မျိုးမှာ အိမ်ကို ဆေးသုတ်နေတယ် ဆိုတော့ နည်းနည်း ဆန်းတယ်လို့များ မထင်မိဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'အပြောကတော့ စိတ်ညစ်ညစ် ရှိတာနှင့် စိတ်ပြေလက်ပျောက် သ နေတာတဲ့၊ လုပ်ပုံကတော့ ခပ်ကြောင်ကြောင်ပဲ၊ ဒါပေမဲ့ လူကလည်း ခပ် ကြောင်ကြောင်ကိုးဗျ၊ ကျွန်တော့် ရေ့မှာတွင်ကို သူ့မိန်းမရဲ့ ဓာတ်ပုံ တ ကိုတောင် ဆုတ်ပစ် နေသေးတယ်၊ တဖြိဖြိနှင့် အားရပါးရ ဆုတ်ပစ်နေ ခင်ဗျ၊ ဒီကောင်မ မျက်နှာကို မမြင်ချင်ဘူး၊ ဘယ်တော့မှ မမြင်ချင်ဘူး လည်း အော်သေးတယ်'

'ပြီးတော့ကော'

'ကျွန်တော့် စိတ်ထဲမှာ ဆန်းနေတာ တစ်ခု ရှိသေးတယ်ဗျ၊ ကျွန်တော် က ဘေကာလမ်းကို ပြန်ဖို့ ဘလက်ဟိ ဘူတာရုံကို မြင်းရထားနှင့် လာ ရထားပေါ်လည်း တက်ရော ရထား ထွက်ခါနီးတော့ လူ တစ်ယောက် အ ဖားယားနှင့် ဘူတာထဲ ပြေးဝင်လာပြီး ကျွန်တော် စီးတဲ့ တွဲနှင့် ကပ်လျ ရထားတွဲ တစ်တွဲပေါ်ကို တက်လိုက်လာတယ် ခင်ဗျ၊ ကျွန်တော်က မျက် တွေကို တစ်ခါ မြင်ရင် မှတ်မိတတ်တယ် ဆိုတာ ခင်ဗျားလည်း သိသာ ကြည့်လိုက်တော့ တခြားလူ မဟုတ်ဘူးဗျ၊ လမ်းထဲ ဝင်သွားတဲ့ အမ်ဗာလေ အိမ်ကို ကျွန်တော် မေးခဲ့တဲ့ အသား ညိုညို အရပ် ရှည်ရှည် လူရယ်၊ သူ့ လန်ဒန် တံတား ဘူတာမှာ တစ်ခါ တွေ့လိုက်သေးတယ်၊ နောက်တော့ လည်း လူအုပ်ထဲ ပျောက်သွားတယ်၊ ကြည့်ရတာကတော့ ကျွန်တော့် နော ကို လိုက်နေတယ် ထင်တာပဲ'

'သေချာတာပေါ့ဗျာ၊ အရပ် ရှည်ရှည်၊ အသား ညိုညို၊ မုတ်ဆိတ် ထူထူလို့ ခင်ဗျား ပြောသွားတယ်၊ ပြီးတော့ မျက်မှန်မည်း တပ်ထားတယ်ဆ'

'ဗျို့ ဟုမ်း၊ ခင်ဗျား မှော်များ တတ်နေသလားဗျာ၊ ကျွန်တော် ပြော ခဲ့တဲ့ အထဲမှာ မပါပါကလား၊ ဟုတ်တယ်ဗျ၊ အနက်ရောင် နေကာ မျက်မှန် တပ်လို့'

'ပြီးတော့ ဖရီးမေဆင် ဂိုဏ်းသားတွေ တပ်တဲ့ လည်စည်း ရင်ထိုး ချိတ်လို့'

'ဗျို့ ဟုမ်း၊ ခင်ဗျားကို ကျွန်တော် ကြောက်လာပြီဗျ'

'ဒါက လွယ်ပါတယ်ဗျာ၊ ကဲ ဒါတွေ ထားစမ်းပါဦး၊ ကျုပ်တို့ အ အကြောင်းကို ပြောစမ်းပါဦး၊ စောစောတုန်းကတော့ ဒီအမှုဟာ စိတ်မဝင်စား လောက်ဘူး၊ ခပ်လွယ်လွယ်ပဲလို့ အောက်မေ့လိုက်တာ၊ ခုတော့ တစ်မျိုး ဖြစ်လာ သဗျို့၊ ခင်ဗျား သွား စုံစမ်းတဲ့ နေရာမှာ အရေးကြီးတဲ့ အချက်တွေ အား





ကျန်ခဲ့တာ မှန်ပေမဲ့ ဆန်အိုးကို ဝင်တိုးမိလို့ အချက်အလက်တွေက နှင်းအား ရော ဖြစ်လာပြီဗျ'

'ကျွန်တော်က ဘာတွေများ ကျန်ခဲ့လို့လဲဗျ'

'စိတ်မတိုနှင့်လေ ဆရာကြီး၊ ကျုပ် အကြောင်း ခင်ဗျား အသိသားပဲ၊ လူချင်း ခင်တာ ခင်တာ တခြား အလုပ် ကိစ္စနှင့် ပြောစရာ ရှိတာက တခြားပဲ နေပါတယ်၊ ခင်ဗျား လုပ်ခဲ့ပုံဟာ သိပ်မဆိုးလှပါဘူး၊ တချို့ ဆိုရင် ဒီလောက် တောင် လုပ်နိုင်ခဲ့မှာ မဟုတ်ဘူး၊ သို့သော်လည်းပဲ အရေးကြီးမေ့ ဆိုတဲ့ အချက် တွေ ကျန်နေခဲ့တယ်ဗျ၊ အမ်ဗာလေ ဆိုတဲ့ လူနှင့် သူ့မိန်းမတို့ အပေါ်မှာ အိမ် နီးချင်းတွေက ဘယ်လို သဘော ထားကြသလဲ၊ ဒီအချက်ဟာ တော်တော် အရေး ကြီးတယ်၊ ပြီးတော့ ဒေါက်တာ အားနက်စ် ဆိုတဲ့လူ အပေါ်မှာကော ဘယ်လို ထင်ကြသလဲ၊ ဒီလူက ခပ်ရမ်းရမ်း ဗိန်းမ ပွေတတ်တဲ့ လူမျိုးလား၊ ခင်ဗျားလိုလူ မေးလိုက်ရင် အိမ်နားနီးချင်း မိန်းမတွေဆီက သတင်းတွေ တစ် ပုံကြီး ရနိုင်ပါတယ်ဗျာ၊ စာတိုက်က စာရေးမတို့ လမ်းထိပ်က ကုန်စုံဆိုင်က မိန်းမတို့ကို မေးကြည့်လိုက်ရင် အကုန် သိနိုင်တာပေါ့၊ ကျောက်ဆူးပြာ ဟိုတယ် မှာတုန်းက ကောင်မလေး အနား ကပ်ပြီး ခင်ဗျား တိုးတိုး တိုးတိုး လုပ်လို့ အရေးကြီးတဲ့ အချက်တွေ ရလာခဲ့ဖူးပြီ မဟုတ်လား၊ ခုတော့ အဲဒီ အရေးကြီး တဲ့ အချက်တွေ အားလုံး ကျန်ခဲ့ပြီဗျ'

'ခုလုပ်ရင် ရပါသေးတယ်'

'မလုပ်ပါနှင့်တော့လေ၊ ပြီးပါပြီ၊ တယ်လီဖုန်းနှင့် စကော့တလန်ယာဒ် က လုပ်ပေးလို့ ကျုပ် သိချင်တာတွေ ကုန်သလောက် ရှိသွားပါပြီ၊ ချုပ်ကြည့် လိုက်တဲ့ အခါကျတော့ ကျုပ် ရတဲ့ သတင်းတွေဟာ အဘိုးကြီး ပြောတာကို ထောက်ခံနေတယ်ဗျ၊ အဘိုးကြီးက ကပ်စေးနှဲတဲ့ အပြင် မယား အပေါ်မှာလည်း ဆော်တော် ကုတ္တုန္တ နိုင်တယ်တဲ့၊ ပြီးတော့ သူ့အာမခံ အလုံခန်းထဲမှာ ပိုက်ဆံ တွေ တော်တော်များများ ရှိတယ် ဆိုတာလည်း အမှန်ပဲဗျ၊ ဒေါက်တာ အား နက်စ် ဆိုတဲ့ ဆွေရာဝန်ကလေးဟာ လူပျို၊ စစ်တုရင် ဝါသနာ ပါတယ်၊ အမ်ဗာ လေနှင့် စစ်တုရင် ကစားတယ်၊ ပြီးတော့ သူ့မိန်းမနှင့် ကြာခိုတယ် ဆိုတာတွေ လည်း အမှန်ပဲဗျ၊ ဒါတွေ အားလုံးက ရှင်းတယ်၊ ဒီတော့ ဘာမှ ပြောစရာ မလိုတော့ဘူးလို့ ထင်စရာပဲ၊ သို့သော်လည်း အဲ သို့သော်လည်း ...

'သို့သော်လည်း ဘာဖြစ်သလဲ၊ ဘယ်မှာ အခက်အခဲ ရှိသလဲ'

'ကျုပ် စိတ်ကူးထဲမှာ ခက်နေတာပါ၊ ကဲ ဒီအမှုကို ခဏ ထားလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါစို့ဗျာ၊ ငြီးငွေ့စရာ ကောင်းတဲ့ လှုပ်လှုပ်ရွရွ ကမ္ဘာကြီးက ထွက်ပြေး ကြ ရအောင်၊ ဒီနေ့ည အဲလဗတ် ဓာတ်ရုံမှာ ကာရီနာ သီချင်း ဆိုမတဲ့ဗျ၊ ထမင်း ခပ်သုတ်သုတ် စား၊ အဝတ် ခပ်သုတ်သုတ် လဲပြီး ပွဲကို ခပ်သုတ်သုတ် သွား ရင်တော့ မီကောင်းပါရဲ့'

မနက်တွင် ကျွန်ုပ်သည် ခါတိုင်း အချိန် အတိုင်း အိပ်ရာမှ နိုးလာခဲ့လေ၏။ သို့ရာတွင် ပေါင်မုန့် အစအနများနှင့် ကြက်ဥ အခွံ နှစ်လုံးကို တွေ့ရခြင်းအား ဖြင့် မိတ်ဆွေကြီး ရှားလော့ဟုမ်းမှာ ကျွန်ုပ်ထက် စောသည်ကို တွေ့ရလေ၏။

စားပွဲ ဘေးတွင် ခပ်သော့သော့ ရေးထားသည့် စာတစ်စောင်ကိုလည်း တွေ့ရလေ၏။

အိုင်ဆေး ဝပ်ဆင်

မစ္စတာ အမ်ဗာလေနှင့် ဆက်သွယ်လိုသော အချက် တစ်ချက် နှစ်ချက် ရှိသည်။ ပြီးမှ အမှုကို ကျုပ်တို့ လိုက်သင့် မလိုက်သင့် ဆုံး ဖြတ်နိုင်လိမ့်မည် ထင်သည်။ ညနေ သုံးနာရီလောက်ကျလျှင် ခင်ဗျား အကူအညီ လိုလိမ့်မည် ထင်သည်။ အသင့် ပြင်ထားပါ။

ရှားလော့ဟုမ်း

ထိုနေ့ တစ်နေ့လုံး ရှားလော့ဟုမ်းကို မမြင်ရချေ။ သို့ရာတွင် ညနေ သုံးနာရီ ထိုးသည့် အခါတွင် လေးနက် သုန်မှုန်သော မျက်နှာထားဖြင့် ပြန် ရောက်လာသည်ကို တွေ့ရလေ၏။

ထို အချိန်မျိုးတွင် သူ့အား စကား မပြောဘဲ တိတ် တိတ် နေ ခြင်း အကောင်းဆုံး ဖြစ်သည်ကို သိသဖြင့် ကျွန်ုပ်လည်း ဘာမျှ မပြောဘဲ နေလိုက် လေ၏။

'အမ်ဗာလေ ဆိုတဲ့ အဘိုးကြီး မလာသေးဘူးလားဗျ'

'မလာဘူးဗျ'

'ကျုပ် သူ့ကို စောင့်နေတာ'

ခဏ ကြာလျှင် သူ ပြောသည့် အတိုင်း သုန်မှုန် တင်းမာကာ စိတ်ပျက် လက်ပျက် ဖြစ်လာဟန် ရှိသော မျက်နှာကို ဆောင်လျက် အမ်ဗာလေ ရောက် လာလေ၏။

'စုံထောက်ကြီးရေ၊ ကြေးနန်း တစ်စောင် ရတယ်ဗျ၊ ကျွန်တော်အော





အားမလည်နိုင်အောင် ဖြစ်နေပြီ' ဟု ဆို၍ ကြေးနန်းကို လှမ်းပေးသဖြင့် ရှား လော့ဟုမ်းသည် ကြေးနန်းကို ဖတ်လျက် ရှိလေ၏။

ဆက်ဆက် အမြန်လာ။ ခင်ဗျား ကိစ္စနှင့် ပတ်သက်၍ သတင်း ရမည်။

အယ်လမန်၊ သင်းအုပ်ဆရာ

ရှားလော့ဟုမ်းက

'ပါလင်တန် ရွာကနေပြီး နေ့လယ် နာရီပြန် နှစ်ချက်မှာ ရိုက်လိုက် တာဗျ၊ ပါလင်တန် ဆိုတာ အက်ဆက်နယ်ထဲမှာ မဟုတ်လား၊ ဖရင်တန်နှင့် မလှမ်းမကမ်းမှာလေ၊ ကဲ ဒါဖြင့် ချက်ချင်း လိုက်သွားပေတော့ဗျ၊ သင်းအုပ်ဆရာ ဆိုတော့ တာဝန်ရှိ ပုဂ္ဂိုလ်ပဲ၊ ကျုပ် အညွှန်း စာအုပ်ကလေးကောဗျ၊ ဟောဒီမှာ တွေ့ပြီဗျ၊ ဂျေ၊ စီ၊ အယ်လမန်၊ အမ်အေ၊ ပါလင်တန်တွင် နေ၊ ကဲ အိုင်ဆေး ဝပ်ဆင်ရေ၊ မီးရထား အချိန် စာရင်းတွေကို ကြည့်စမ်းပါဦးဗျာ'

'လီဗာပူ ဘူတာကနေပြီး ငါးနာရီ နှစ်ဆယ်မှာ တစ်စင်း ရှိတယ်ဗျ'

'ကဲ ဒီလိုဆိုရင် ခင်ဗျား သူနှင့် လိုက်သွားဗျာ၊ အကူအညီတို့ အကြံ ဉာဏ်တို့ လိုရင် ပေးရတာပေါ့၊ ပြဿနာက အရေးကြီးတဲ့ အပိုင်း ရောက်လာ ပြီ'

သို့ရာတွင် ကျွန်ုပ်တို့ အမှုသည်မှာ သွားလိုသည့် အရိပ်အယောင်ကို မတွေ့ရချေ။

'ကြေးနန်းက သိပ်တော့ အဓိပ္ပာယ် မရှိဘူး မစ္စတာ ဟုမ်း၊ ဒီ သင်းအုပ် ဆရာက ကျွန်တော့် ကိစ္စကို ဘယ့်နှယ် လုပ်ပြီး သိနိုင်မှာလဲ၊ အချိန် ကုန်ရုံ ငွေကုန်ရုံပဲ နေမှာပေါ့'

'ဘာမှ မသိဘဲနှင့်တော့ ကြေးနန်း ရိုက်မှာ မဟုတ်ဘူးဗျ၊ အကြောင်း တစ်ခုခု ရှိလို့ ရိုက်တာ နေမှာပဲ၊ ကဲ လိုက်လာမယ် ဆိုတာ ကြေးနန်း ပြန် ရိုက်ဗျာ'

'ကျွန်တော်ကတော့ သွားလို့ အပိုပဲ ထင်တာပဲ ခင်ဗျ'

ရှားလော့ဟုမ်းက မျက်နှာထား ခပ်တင်းတင်းဖြင့်

'ဒီလောက် ထင်ရှားတဲ့ သဲလွန်စကို ရထားပါလျက် ခင်ဗျား မသွားဘူး ဆိုရင်တော့ ပုလိပ်ဘက် အနေနှင့်ရော ကျုပ်အနေနှင့်ရော ခင်ဗျားကို ဘယ်လို ထင်မလဲ ဆိုတာ ခင်ဗျား စဉ်းစားကြည့်ပေါ့၊ ကျုပ်တို့ စုံစမ်း ထောက်လှမ်းတဲ့ နေရာမှာ ခင်ဗျားက အားတက်သရော မရှိဘူးလို့ပဲ တွက်ကြမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို ကြားလိုက်သည့် အခါ၌ ကျွန်ုပ်တို့ အမှုသည်မှာ အသော လန့်ဖျပ်သွားဟန် ရှိပေ၏။

'အေးလေ၊ ဒီလို ဆိုရင်လည်း သွားကြည့်ရသေးတာပေါ့၊ အမှန်ကတော့ ကျွန်တော်တို့ ကိစ္စကို ဒီလူ သိတယ် ဆိုတာ သိပ်အဓိပ္ပာယ် မရှိလှဘူး၊ ဒါပေမဲ့ စုံထောက်ကြီး သွားစေချင်တယ် ဆိုရင်တော့'

'သွားစေချင်တယ်ဗျာ' ဟု ရှားလော့ဟုမ်းက အလေးအနက် ပြောလိုက် သည့် အတွက် ကျွန်ုပ်တို့ နှစ်ယောက်သား ခရီး ထွက်လာခဲ့ကြလေ၏။ မသွားခင် ရှားလော့ဟုမ်းသည် ကျွန်ုပ်အား အခန်းထဲသို့ ခေါ်ကာ ယခု ကိစ္စမှာ အရေးကြီး သည်ဟု ယူဆကြောင်းဖြင့် ပြောဆိုလေ၏။

'အဲဒီကို တကယ် ခေါ်သွားနော်၊ အကယ်၍များ ပြန်လှည့်လာရင် သို့ မဟုတ် လမ်းကျမှ မသွားတော့ဘူး လုပ်နေရင် နီးရာ တယ်လီဖုန်းနှင့် ကျုပ်ဆီ ချက်ချင်း အကြောင်းကြားပါ၊ ''ပြေးပြီ'' လို့ တစ်လုံးတည်းပဲ ပြောလိုက်ပါ ကျုပ် ဘယ်ရောက်နေနေ အရောက် ပို့အောင် ဒီမှာ စီစဉ်ခဲ့မယ်'

ပါလင်တန် ရွာကလေးမှာ လမ်းခွဲ တစ်ခုဖြင့် သတ်သတ် သွားရသည့် အတွက် အရောက် အပေါက် နည်းသည့် ရွာကလေး တစ်ရွာ ဖြစ်လေ၏။ ကျွန်ုပ် မှတ်မိသလောက် ထိုခရီးမှာ သာယာ ကြည်နူးစရာ ကောင်းသည့် ခရီး မဟုတ်ချေ။

ရာသီဥတုမှာ အလွန် ပူပြင်းပြီး မီးရထားမှာလည်း နှေးကွေးလှလေ ၏။ ထိုအထဲတွင် ကျွန်ုပ်၏ ခရီးဖော်မှာလည်း မျက်နှာကြီး သုန်မှုန်လျက် ရှိ ကာ တိတ်ဆိတ်လျက် ရှိရုံမျှမက စကား ပြောသည့် အခါတွင်လည်း ကျွန်ုပ်တို့ သွား၍ အကျိုး ရှိမည် မဟုတ်ကြောင်း စိတ်ပျက်လက်ပျက် စကားမျိုးကိုသာ ပြောဆိုလျက် ရှိလေ၏။

ဘူတာရုံသို့ ရောက်၍ နှစ်မိုင်ခန့် မြင်းရထားဖြင့် လာခဲ့ကြသည့်နောက် ကျွန်ုပ်တို့သည် သင်းအုပ်ဆရာ၏ ကျောင်းသို့ ရောက်ကြလေ၏။ ဝဝဖိုင့်ဖိုင့် မျက်နှာထား တင်းတင်းနှင့် ဟန်များများ သင်းအုပ်ဆရာသည် ကျွန်ုပ်တို့အား စာကြည့်ခန်းထဲသို့ ခေါ်သွားလေ၏။

ကျွန်ုပ်တို့က ကြေးနန်း စာရွက်ကို ထုတ်ပြလေ၏။

'ဆိုပါဦး၊ ဘာကိစ္စများ ရှိကြလို့လဲ'

'ဆရာကြီး ရိုက်လိုက်တဲ့ ကြေးနန်းကို ရလို့ လိုက်လာခဲ့ကြတာပါ'

'ဗျာ၊ ကြေးနန်း၊ ဘာကြေးနန်းမှလည်း မရိုက်ရပါကလား'





'ဟောဒီက ဂျွန် အမ်ဗာလေ ဇနီးနှင့် ငွေတွေ ပျောက်သွားတဲ့ ကိစ္စနှင့် ပတ်သက်လို့ ဆရာကြီး ရိုက်တဲ့ ကြေးနန်းကို ပြောတာပါ'

သင်းအုပ် ဆရာသည် စိတ်ဆိုးလာကာ

'ခင်ဗျားတို့ ကျုပ်ကို လာနောက်နေတာလား၊ ဘယ်လို လူစား အောက် မေ့လို့လဲ၊ ခင်ဗျား ပြောတဲ့ လူရဲ့ နာမည်ကိုလည်း မကြားဖူးဘူး၊ ဘာကြေးနန်းမှ လည်း မပို့ဘူး'

ကျွန်ုပ်နှင့် အမ်ဗာလေတို့သည် တစ်ယောက်ကို တစ်ယောက် အံ့အား သင့်စွာ ကြည့်နေမိကြလေ၏။

'ဒီလိုဆို ကျွန်တော်တို့ မှားလာမိပြီ ထင်တယ်၊ ဒီမှာကော ကျမ်းစာ သင်ကျောင်း နှစ်ကျောင်း မရှိဘူးလား ခင်ဗျ၊ ကြေးနန်းကတော့ ဟောဒီမှာပဲ၊ အယ်လမန်လို့ လက်မှတ် ထိုးထားတယ်၊ လိပ်စာကလည်း ကျမ်းစာသင်ကျောင်း- ထိပ်စာပဲ'

'ဒီမှာ မိတ်ဆွေတို့၊ နွား ခြေရာကွက်လောက် ရှိတဲ့ ရွာ ပိစိညပ်ကလေး မှာ ကျမ်းစာသင်ကျောင်း တစ်ကျောင်းပဲ ရှိတယ်၊ သင်းအုပ် ဆရာလည်း တစ် ယောက်ပဲ ရှိတယ်၊ ဇကန္တ ဒီကြေးနန်းဟာ မလိုတမာ စိတ်နှင့် လိမ်ရိုက်လိုက် တဲ့ ကြေးနန်းပဲ ဖြစ်ရမယ်၊ ဘယ်သူက ရိုက်သလဲ ဆိုတာတော့ ပုလိပ်ကိုပဲ ခိုင်းရမှာပဲ၊ ဒီတော့ မိတ်ဆွေတို့ မြန်မြန် ပြန်ရင် ကောင်းမယ် ထင်တယ် ဗျ'

သို့ဖြင့် ကျွန်ုပ်နှင့် မစ္စတာ အမ်ဗာလေတို့သည် အင်္ဂလန်တွင် ခေတ် အနောက်ကျဆုံးဟု ဆိုနိုင်သည့် ပါလင်တန် ရွာကလေးရှိ လမ်းမပေါ်တွင် ယောင် နည်လည် ဖြစ်လျက် ရှိကြလေ၏။ ကြေးနန်းရုံးသို့ လာခဲ့ရာတွင် ကြေးနန်းရုံး မှာ ပိတ်နေလေပြီ။ သို့ရာတွင် ရထား ရိပ်သာ အမည်ရှိ ထမင်းဆိုင်ကလေးတွင် တယ်လီဖုန်း ရှိသဖြင့် အကျိုးအကြောင်းကို ရှားလော့ဟုမ်းအား ပြောပြရာ ရှား လော့ဟုမ်းမှာလည်း ကျွန်ုပ်တို့ ဖြစ်ပုံကို ကြားကာ အံ့အားသင့်လျက် ရှိလေ၏။

'အင်း တော်တော်တော့ ထူးဆန်းတာပဲဗျို့၊ ဒီနေ့ ညတော့ လန်ဒန်ကို ပြန်တဲ့ ရထား ရှိမှ ရှိပါဦးမလား မသိဘူး၊ ဇနပုဒ်က တင်းကုပ်လို ထမင်းဆိုင် ကလေးထဲမှာ တမင် သွားပြီး အအိပ် ခိုင်းလိုက်သလို ဖြစ်နေပြီ၊ သို့သော်လည်း ဝါတ်ဆင်တော့ မကျပါနှင့်ဦးဗျာ၊ အင်မတန် လှပတဲ့ သဘာဝကြီး ရှိနေပါသေး တယ်၊ မဟုတ်ဘူးလား၊ သဘာဝ အလှအပတွေရယ် ပြီးတော့ အမ်ဗာလေရယ် ရှိနေသေးတာပဲ၊ ဒီနှစ်ခုစလုံးနှင့် အဆင်ပြေမှာပါ ဟုတ်စ' ဟု တယ်လီဖုန်းမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည့် အသံ သဲ့သဲ့ကို ကြားနေရပြီးလျှင် နောက်ဆုံး၌ တစ်ဖက်
လှည့်၍ တခစ်ခစ် ရယ်နေသော အသံကို ကြားရလေ၏။

ကျွန်ုပ်နှင့် လိုက်ပါလာသူ ၎င်း အမ်ဗာလေမှာ ကပ်စေးနဲသူဟု နာမည်
ကြီးလေရာ ထို နာမည်သည် ထိုက်တန်ခြင်း မရှိဘဲ ရသော အမည် မဟုတ်
ကြောင်းကို ကျွန်ုပ် မကြာမီ သိရှိလာခဲ့လေ၏။ အမ်ဗာလေသည် အလဟဿ
ခရီး စရိတ် ကုန်ခဲ့ရခြင်း အတွက် တစ်လမ်းလုံး ညည်းညူလျက် ရှိကာ ရ
စီးသည့် အခါတွင်လည်း လူတွေ ပြည့်ကျပ်နေသည့် တတိယတန်းမှ စီးခဲ့
ယခုလည်း တည်းခိုရိပ်သာခ များကြောင်း ပွစိ ပွစိ လုပ်လျက် ရှိ၏။

နောက်တစ်နေ့ မနက် လန်ဒန်သို့ ပြန်လာသည့် အခါ၌ ကျွန်ုပ်တို့
ယောက် အနက် မည်သူက ပို၍ စိတ်တိုနေသနည်းဟု ပြောရန်ပင် မလွယ်
ချေ။

'ခင်ဗျား ဘေကာလမ်းကို အရင် ဆင်းရင် ကောင်းမယ်၊ မစ္စတာ ဟု
က ဘာများ ပြောဦးမလဲ မသိဘူး'

'ခပ်စောစောက ဟာတွေလိုပဲ မရေမရာ ဆိုရင်တော့ ထူးမယ် မထင်
ဘူးဗျာ' ဟု အမ်ဗာလေက မျက်နှာ သုန်မှုန်စွာ ပြောလေ၏။ သို့ရာတွင် ဘေ
လမ်းသို့မူ လိုက်လာခဲ့ပေ၏။

ကျွန်ုပ်တို့ ပြန်ရောက်သည့် အချိန်ကို ရှားလော့ဟုမ်းထံသို့ ကြို
ကြေးနန်း ရိုက်ထားခဲ့သော်လည်း လူဝီရှမ်သို့ သွားကြောင်း၊ ထိုနေရာသို့ လိုက်
ခဲ့စေလိုကြောင်း ရေးထားသည့် စာကို တွေ့ရလေ၏။ ကျွန်ုပ်တို့မှာ အံ့ဩ
ရှိကြလေ၏။ သို့ရာတွင် မစ္စတာ အမ်ဗာလေ၏ ဧည့်ခန်းထဲတွင် လူစိမ်း
ယောက်နှင့် ထိုင်နေသည်ကို မြင်ရသည့် အခါ၌ ကျွန်ုပ်တို့မှာ ပို၍ပင် အံ့
သင့်လျက် ရှိလေ၏။ ထိုလူမှာ မျက်နှာထား တင်းတင်း ဖြစ်ပြီး မျက်
အနက်ကို တပ်ထားလေ၏။ ဖရီးမေဆန် ဂိုဏ်းသားများ သုံးသည့် ရင်ထိုး
တစ်ခုကို လည်စည်းတွင် တွယ်ထားလေ၏။

ရှားလော့ဟုမ်းက

'ဟောဒါကတော့ ကျုပ် မိတ်ဆွေ မစ္စတာ ဘာကာတဲ့ဗျ၊ သူက
သူ့ဘာသူ ခင်ဗျား ကိစ္စကို စိတ်ဝင်စားနေတယ်၊ ကျုပ်နှင့်အတူ လိုက်တာ
မဟုတ်ပါဘူး၊ သူကလည်း သူ့ဘာသာသူ သီးခြား လိုက်နေတာပါ၊ ထားပါ
လေ၊ ကျုပ်တို့ နှစ်ယောက်စလုံးက ခင်ဗျားကို မေးခွန်း တစ်ခု မေးချင်တယ်'

'ဘာမေးခွန်းလဲ စုံထောက်ကြီး'





'တခြား မဟုတ်ပါဘူး၊ အလောင်းတွေကို ဘယ်မှာ ထားသလဲ ဆို
တာပါ'

အမ်ဗာလေသည် အသံကွဲကြီးဖြင့် အော်ကာ ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်
လေ၏။ ထို့နောက် အရိုးတွေ ပေါ်နေသော သူ့လက်ကြီးဖြင့် လေထဲကို ကုတ်
ခြစ် ဖွေ့ယမ်းလျက် ရှိလေ၏။ ပါးစပ်ကြီးသည် ဟပြဲလျက် ရှိလေရာ သူ့ကို
ကြည့်ရသည်မှာ သားကောင်တို့ကို ထိုးသုတ်မည့် ငှက်ဆိုးကြီး တစ်ကောင်နှင့်
တူနေသည်ဟု ကျွန်ုပ် စိတ်တွင် ထင်လိုက်မိလေ၏။ ချက်ချင်းပင် ကျွန်ုပ်တို့
သည် ပုံပျက်ပန်းပျက် ခန္ဓာကိုယ်နှင့် လိုက်လျောသော ကောက်ကျစ်သည့် စိတ်
ထား ရှိသည့် မစ္စတာ အမ်ဗာလေ၏ မူလ ဇာတိရုပ်ကို မြင်လိုက်ရလေပြီ။

အမ်ဗာလေသည် ကုလားထိုင်ပေါ်သို့ ပြန်ထိုင်ချလိုက်ရင်း ချောင်းဆိုး
ခြင်း မပြုမိရန် တားဆီးသည့်နှယ် ပါးစပ်ကို လက်ဖြင့် အုပ်ထားလိုက်လေ၏။
ရှားလော့ဟုမ်းသည် ကျားတစ်ကောင်ကဲ့သို့ ဝုန်းခနဲ ထ၍ သူ့ကို ခုန်အုပ်လိုက်
ပြီးနောက် ကုပ်ကို နှိမ်၍ မျက်နှာကို အောက်သို့ နှိမ့်ချလိုက်လေသည်တွင် ထို
သူ၏ နှုတ်ခမ်းကြားမှ ဆေး ဖြူဖြူ အပြား တစ်လုံး ကျလာလေ၏။

'ဒီလို ဖြတ်လမ်း နည်းတွေနှင့် မလုပ်ပါနှင့်ဗျာ၊ သူ့ အစီအစဉ် အတိုင်း
ပြေ ရရ လုပ်စမ်းပါ၊ အစီအစဉ် ပြီးပလားဗျို့ ဘာကာ'

'ရထား ပါလာတယ်' ဟု စကား နည်းသည့် ဘာကာက ပြောလေ၏။

'ဒီက ဂါတ်တဲက အနီးကလေးပါဗျာ၊ ကျုပ်တို့ အတူတူ သွားကြတာ
ပေါ့၊ အိုင်ဆေး ဝပ်ဆင်၊ ဒီက စောင့်ဗျာ၊ ခဏနေရင် ကျုပ်တို့ ပြန်လာခဲ့မယ်'

ဘော်ဆေး ရောင်းသူ အမ်ဗာလေသည် ကိုယ်လုံး ကိုယ်ထည် ကြီးသလောက်
သန်မာသည့် လူ တစ်ယောက် ဖြစ်သော်လည်း လူဖမ်းရာတွင် ကျွမ်းကျင်သူ
နှစ်ဦး ဖြစ်သည့် ရှားလော့ဟုမ်းနှင့် ဘာကာတို့ လက်ထဲတွင် မလှုပ်နိုင်တော့ချေ။
အမ်ဗာလေသည် ရုန်းရင်းကန်ရင်းဖြင့် အိမ်ရှေ့တွင် စောင့်နေသည့် မြင်းရထား
ပေါ်သို့ ပါသွားလေရာ ကျွန်ုပ် တစ်ဦးတည်းသာလျှင် မင်္ဂလာ မရှိသည့် အိမ်ကြီး
ထဲတွင် စောင့်ကြပ် ကျန်ရစ်ခဲ့လေ၏။

သူ ပြောသည့် အတိုင်း နာရီဝက် မပြည့်မီတွင် ရှားလော့ဟုမ်းသည်
ခပ်ရွယ်ရွယ် ပုလိပ် အင်စပက်တော်ကလေး တစ်ယောက်နှင့် အတူ အိမ်သို့
ပြန်ရောက်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဂါတ်တဲမှာ လုပ်စရာ ရှိတာတွေကို လုပ်ဖို့ ဘာကာကို ထားပစ်ခဲ့ဘာ ဗျ၊ အိုင်ဆေး ဝပ်ဆင်၊ ခင်ဗျား ဘာကာကို မသိဘူးနော်၊ ဆာရေးမှာတော့ လည်း လူတော် တစ်ယောက်ပေါ့ဗျာ၊ အရပ် ရှည်ရှည် အသား ညိုညို လူ တွေ့ခဲ့ရတယ်လို့ ပြောကတည်းက ကျုပ် သိလိုက်ပါပြီ၊ သူ လိုက်လို့ တော် အောင်မြင်တဲ့ အမှုတွေ ရှိတယ် မဟုတ်လား အင်စပက်တော်ကလေး'

'သူ ဝင်ရှုပ်တာ များလှပြီ ခင်ဗျ' ဟု အင်စပက်တော်ကလေးက မှ နှစ်မြို့ခြင်း မရှိဟန်ဖြင့် ပြောလေ၏။

'သူ့နည်းတွေကလည်း ကျုပ် နည်းတွေလိုပဲ ခပ်ဆန်းဆန်းတွေရှ တစ်ခါတလေကျတော့ ခပ်ဆန်းဆန်းတွေက အသုံး ကျတတ်ပါတယ်၊ ဥ ခင်ဗျားတို့ကို ကြည့်ပါလား၊ ခင်ဗျားတို့ အစိုးရ ထုံးစံအရ သက်သေ ယောက်ကို စစ်ရင် သူ ပြောတာတွေကို ပုလိပ် မှတ်တမ်းမှာ ထည့်မ ကြိုတင် သတိ ပေးရလေတော့ ဒီလို ကောင်မျိုးကို ဖြောင့်ချက် ပေး မှားခေါ်လို့ မရတော့ဘူး ဖြစ်နေတယ်'

'ဒါတော့ ဟုတ်ပါတယ်လေ၊ ဒါပေမဲ့ ကျွန်တော်တို့ နည်းနှင့် ကျွန် တို့ လုပ်တော့လည်း ဖြောင့်ချက် ရတာပါပဲ ဆရာရဲ့၊ ဒီကိစ္စမှာလည်း ကျွန် တို့ ပုလိပ်ဘက်မှာ ကိုယ်ပိုင် ကောက်ချက် ဆွဲပြီးသား မရှိဘူးလို့ မထင် ပါနှင့်၊ ကျွန်တော်တို့ လူကို ကျွန်တော်တို့ ဆွဲဖို့ အဆင်သင့်ပါ၊ တစ်ခုပဲ စုံထောက်ကြီးက ခု ကျွန်တော်တို့ အနေနှင့် သုံးလို့ မဖြစ်တဲ့ နည်းတွေကို ပြီး အမှုကို ဖော်သွားတော့ ကျွန်တော်တို့မှာ ရစရာ ရှိတဲ့ နာမည်လေး ဖြစ်သွားတော့တာပေါ့၊ ရှင်းရှင်း ပြောရရင် ကျွန်တော်တို့ အခွင့်အရေးက ဆရာ လုသွားတော့ ခွကျတာပေါ့ ခင်ဗျာ'

'အလိုလေးလေး၊ ဒီလို လုယက်မှုမျိုးကို မကျူးလွန်ပါဘူးဗျာ၊ စိတ်ချ ခု အချိန်က စပြီး ကျုပ် ရှောင်ပေးပါ့မယ်၊ စိတ်ချပါ၊ ဘာကာ ဆိုတာက ကျုပ် ညွှန်ကြားချက် အရ လုပ်သူ ဖြစ်လေတော့ ပြဿနာ မရှိပါဘူး'

လိုအခါကျမှပင် အင်စပက်တော် မျက်နှာမှာ စိတ်သက်သာရာ ဟန် ရှိလေ၏။

'ဒီလိုလည်း လုပ်ပါဦးမှပေါ့ ဆရာရယ်၊ ဆရာတို့ အဖို့မှာတော့ ချီး တာတွေ ကဲ့ရဲ့တာတွေဟာ အဆန်း မဟုတ်ပါဘူး၊ ကျွန်တော်တို့မှာသာ ချက် မှားလို့ သတင်းစာတွေက ဝိုင်းမေးရင် အင်မတန် ခံရပါတယ်'

'ဟုတ်ပါပြီဗျာ၊ သူတို့ကလည်း မေးစရာ ရှိလို့ မေးတာ ကို





ဖြေစရာ ရှိရင် ဖြေလိုက်ရုံပေါ့၊ ခုကော သတင်းထောက် သွက်သွက် ဘာ ယောက်က နေပြီး ဒီလူ့ အပေါ်မှာ ဘယ်လိုလုပ် သံသယ ဖြစ်လာပြီး ဘယ်လို သဲလွန်စ ရလာသလဲလို့ မေးရင် ခင်ဗျား ဘယ်လို ဖြေမလဲ'

အင်စပက်တော်မှာ ဝေခွဲမရ ဖြစ်လျက် ရှိလေ၏။

'အမှန်ကတော့ ကျွန်တော်တို့မှာ ခိုင်ခိုင်မာမာ အချက်အလက်ရယ်လို့ ဘာမှ ရသေးတာ မဟုတ်ဘူး စုံထောက်ကြီးရဲ့၊ တရားခံဟာ သူ့မိန်းမနှင့် ကြာသမားကို သတ်တယ် ဆိုတဲ့ အကြောင်းကို သက်သေ သုံးယောက် ရှေ့မှာ ဖြောင့်ချက် ပေးတယ်လို့ ဆရာ ပြောခဲ့တယ်၊ ဒီပြင်ကော ဘာ အချက်အလက်တွေ ရှိသေးသလဲ'

'အိမ်ကို ရှာဖို့ စီစဉ်ပြီးပလား'

'ပုလိပ် သုံးယောက်ကို မှာထားပါတယ်'

'ရှာကြည့်ရင် ပိုပြီး ရှင်းတဲ့ အချက်အလက်တွေ တွေ့မှာပေါ့ ဗျာ၊ အလောင်းတွေဟာ ဝေးဝေး မရောက်နိုင်သေးဘူးဗျ၊ မြေတိုက်တွေနှင့် ခြံထဲမှာ ထုးကြည့်၊ သိပ် ကြာကြာ ရှာရမယ်လို့ မထင်ပါဘူး၊ ဒီအိမ်ဟာ ရေပိုက်တွေ မတပ်ခင် ကတည်းက ဆောက်ထားတဲ့ အိမ်ဆိုတော့ တွင်းရေကို သုံးတယ်ဗျ၊ အဲဒီတော့ ရေတွင်းပျက် တစ်ခုခုတော့ ရှိရမယ်၊ ရှာကြည့်ပေတော့'

'နို့ နေစမ်းပါဦး ခင်ဗျ၊ စုံထောက်ကြီးက ဘယ်လိုလုပ် သိပြီး ဘယ်လို လုပ် စမ်းကြည့်သလဲ'

'ပထမ ကျုပ် ဘယ်လို လုပ်တယ် ဆိုတာကို ပြမယ်ဗျ၊ ပြီးတော့မှ ကျုပ် ဘာကြောင့် လုပ်ရတယ် ဆိုတာ ခင်ဗျားကိုရော ဟောဒီက ကျုပ် မိတ် ဆွေကြီး ဒေါက်တာ ဝပ်ဆင်ကိုပါ ရှင်းပြမယ်၊ သူ့ခမျာ တစ်လျှောက်လုံးသာ ကူညီခဲ့ရတာ ဘာမှ ကောင်းကောင်း သိသေးတာ မဟုတ်ဘူး၊ ပထမ ဒီလူ့ရဲ့ စိတ်ထားကို ကျုပ် ပြောပြချင်တယ်၊ သူ့စိတ်ဓာတ်မျိုးက တော်တော် ထူးခြားတဲ့ စိတ်မျိုးဗျ၊ အမှန်ကတော့ စက်တိုင် တက်ဖို့ထက် အရှးထောင် ရောက်ဖို့ ကောင်းတဲ့ စိတ်မျိုး၊ သူ့စိတ်က ခုခေတ် အင်္ဂလိပ် လူမျိုး စိတ်ဓာတ် မဟုတ်ဘဲ ရှေးခေတ် အီတလီတွေရဲ့ စိတ်မျိုး၊ လူက စေ့စပ်တယ်၊ မယား အပေါ်မှာ နိုင်ထက်ကလူ ပြုရုံတွင် မကဘူး ကုဋ္ဌာရုန္စနိုင်တယ်၊ ဒီတော့ သူ့မယားဟာ စိတ်ညစ်ပြီး တစ်နည်းနည်းနှင့် ထွက်ပေါက် ရှာချင်နေတယ်၊ ဒီတွင် အိမ် သာလာပြီး စစ်တုရင် ကစားတဲ့ ဒေါက်တာနှင့် တွေ့ကြတယ်၊ အိမ်ဟာလေးဟာ စစ်တုရင် ကစား တော်တယ် နော်၊ အိုင်ဆေး ခင်ဗျား ဒီအချက်ကို မှတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ဒါက ဘာကို ပြသလဲ ဆိုတော့ အကြံ ကြီးတယ်၊ အကွက် ဆင်တတ်တဲ့ သဘော ရှိတယ် ဆိုတာကို ပြတယ်ဗျ၊ စေ့စေ့ကုတ်တဲ့ လူများ ထုံးစံအတိုင်း သူတစ်ပါးကိုလည်း မနာလိုတတ်ဘူးဗျ၊ နောက်ဆုံး ဘယ်လောက် အထိ မနာလိုဝန်တို ဖြစ်လာသလဲ ဆိုတော့ ရှူးသွပ်တဲ့ အဆင့် နားကို ရောက်လာတယ်၊ ဒီတော့ သူ့မယားနှင့် ကြာသမားကို လက်စား ချေဖို့ ဆုံးဖြတ်ပြီး အကြံကြီး ကြံတယ်၊ ဟောဒီမှာ လာကြည့်'

ရှားလော့ဟုမ်းသည် ထိုအိမ်တွင် နှစ်ရှည်လများ နေထိုင် လာခဲ့သူ တစ်ဦး ပမာ ပိုင်စိုးပိုင်နင်းဖြင့် အဆောင်ကူး လမ်းကြား အတိုင်း ခေါ်သွားပြီး လျှင် အလုံ သံမဏိခန်းကြီး ရှေ့တွင် ရပ်လိုက်လေ၏။

'ဟင်၊ အခန်းကလည်း သဘော်ဆေးနံ့ကို မွှန်နေတာပဲ' ဟု အင်စပက်တော်က ပြောလေ၏။

'အဲဒါ ပထမ သဲလွန်စပဲဗျ၊ ဒီအချက်ကို ပထမဆုံး သတိ ပြုမိတဲ့ ဒေါက်တာ ဝပ်ဆင်ကို ကျေးဇူး တင်ရမယ်ဗျ၊ သတိ ပြုမိပေမဲ့ ကောက်ချက် မဆွဲခဲ့မိတာကတော့ တစ်ပိုင်းပေါ့ဗျာ၊ ဒါနှင့် ဒီသဘော်ဆေးနံ့ကို တည်ပြီး ကျုပ် ခြေရာ ခံကြည့်တယ်၊ မယားလည်း ပျောက် ပစ္စည်းလည်း ပျောက်နေတဲ့ အချိန်မှာ ဒီလူဟာ ဘာဖြစ်လို့ သူ့အိမ်ကို သဘော်ဆေးတွေ ဒီလောက် သုတ်နေ ရသလဲ၊ ဒီ အချက်ကို ကျုပ် ပထမ စဉ်းစားတယ်၊ စဉ်းစားလိုက်တော့ တခြား အနံ့ တစ်ခုကို ဖုံးဖို့ အတွက် သဘော်ဆေးတွေကို ဒီလောက် သုတ်နေခြင်း ဖြစ်တယ် ဆိုတာကို သွားတွေ့တယ်ဗျ၊ ဒီအနံ့ဟာ သူ့ကို သံသယ ဖြစ်စေမယ့် အနံ့ ဖြစ်တယ်၊ ဒါကြောင့် ဒီအနံ့ကို သဘော်ဆေးနှင့် ဖုံးပစ်ချင်တယ်၊ ပြီးတော့ ဟောဒီမှာ ခင်ဗျားတို့ မြင်တဲ့ အတိုင်း ဒီသံမဏိ အလုံခန်းကြီးကို သွားတွေ့ တယ်ဗျ၊ အလုံခန်းမှ ကျကျနန လုပ်ထားတဲ့ အလုံခန်း၊ ဒီ နှစ်ချက်ကို စဉ်းစား ကြည့်လိုက်တော့ ဘယ်ကို ရောက်သွားသလဲ၊ အရမ်း ဆုံးဖြတ်လို့တော့ မဖြစ် ဘူး၊ အိမ်ကို သေသေချာချာ ကြည့်ပြီးမှ ဆုံးဖြတ်ရမယ်။

'ပြဇာတ်ရုံက လက်မှတ် ရောင်းတဲ့ ရုံးခန်းကို သွားကြည့်လိုက်တဲ့ အခါကျတော့ အမှုဟာ တော်တော် အရေးကြီးတဲ့ အမှု ဖြစ်တယ် ဆိုတာ ကျုပ် သိလိုက်ပြီဗျ၊ ဇာတ်ရုံကို သွားကြည့်လိုက်နိုင်တာကလည်း ဟောဒီက ဒေါက်တာ ကြီးက လက်မှတ် နံပါတ်တွေကို မှတ်ခဲ့မိလို့ ကြည့်နိုင်တာပေါ့လေ၊ သွားကြည့် လိုက်တော့ အမ်ဗာလေ ပြောတဲ့ ခုံနံပါတ် သုံးဆယ်နှင့် သုံးဆယ့်နှစ်ဟာ အဲဒီ ညက လက်မှတ် ရောင်းမထားဘူးဗျ၊ ဒီတော့ အဲဒီညက အမ်ဗာလေဟာ ဇာတ်





ရုံကို မသွားတာ ထင်ရှားတယ်၊ ဒါနှင့် အတူ သူ ပြတဲ့ အယ်လီဘိုင်ဟာလည်း အလကား ဖြစ်သွားတယ်၊ သူ့မိန်းမ ကြည့်ဖို့ ဝယ်ထားတဲ့ ထိုင်ခုံနံပါတ် ဆိုဘာ ကို ဟောဒီက ကျုပ် မိတ်ဆွေ ဒေါက်တာကြီးကို ပြလိုက်မိတာဟာ သူ့အမှား ပဲဗျ၊ ဒီတော့ ကျုပ် လုပ်ဖို့က ကျုပ် တွေးလုံး မှန် မမှန် စမ်းကြည့်ဖို့ အတွက် အိမ်ထဲကို ဝင်ကြည့်ချင်တယ်၊ အိမ်ထဲကို ဘယ်လိုလုပ် ရောက်အောင် ဝင်မလဲ ဆိုတဲ့ အချက်ပဲ ကျန်တော့တယ်၊ ဒါနှင့် အလွန် ချောင်ကျတဲ့ ရွာကလေး တစ် ရွာကို ကျုပ် လူ တစ်ယောက် လွှတ်လိုက်တယ်၊ ပြီးတော့ နေ့ချင်း ပြန်မရောက် နိုင်တဲ့ အချိန် တစ်ချိန်ကို ရွေးပြီး အဲဒီ ရွာကို လိုက်လာဖို့ အမ်ဗာလေဆီကို ကြေးနန်း တစ်စောင် အရိုက် ခိုင်းလိုက်တယ်၊ ပိုပြီး သေချာအောင် ဆိုပြီး ဒေါက်တာ ဝပ်ဆင်ကိုပါ ထည့်လိုက်တယ်၊ သင်းအုပ်ဆရာ နာမည်ကိုတော့ တယ်လီဖုန်း လမ်းညွှန်ကို ကြည့်ပြီး ရေးလိုက်တာပေါ့ဗျာ၊ ဘယ့်နှယ်လဲ ရှင်း တယ် မဟုတ်လား'

'ဆရာ တင်လောက်ပါပေတယ် ခင်ဗျာ'

အင်စပက်တော်ကလေးက အံ့ဩ လေးစားဟန်ဖြင့် ပြောလေ၏။

'အဲဒီလို စီစဉ်ပြီး သူ ပြန်မလာလောက်ဘူးလို့ စိတ်ချ ရတော့မှ သူ့ အိမ်ကို ဝင်မွှေတာပဲဗျ၊ ကျုပ်သာ သူခိုး လုပ်စားရရင်တော့ သောက်ကျိုးနည်း သူခိုးဗိုလ် ဖြစ်မှာပဲဗျို့၊ အိမ်ကို ဝင်ဖောက်တော့ ဘာတွေ့ရတယ် ထင်သလဲ၊ ဟောဒီမှာ သွယ်ထားတဲ့ ဓာတ်ငွေ့ပိုက်ကို တွေ့တယ် မဟုတ်လား၊ အဲဒီ ပိုက် လုံးဟာ အခန်း အတိုင်း နံရံကို ဖောက်သွယ်ထားပြီး အထဲက ဟောဒီ ထောင့် နားမှာ ပိုက်ခေါင်း တပ်ထားတယ်ဗျ၊ ပြီးတော့မှ သံမဏိ အလုံခန်းထဲကို ဖြတ် သွားပြီး မျက်နှာကြက် အလယ်ကောင်မှာ ရှိတဲ့ ပလာစတာ ပြားထဲမှာ ဆုံး သွားတယ်၊ အဲဒီနေရာကျတော့ ပိုက်လုံးကို မမြင်အောင် အမွှမ်းအမံတွေနှင့် ဖုံးထားတယ်၊ အဲဒီ ပိုက်ထိပ်မှာကျတော့ ပိုက်ခေါင်း မရှိတော့ဘူး၊ ဟာလာ ဟင်းလင်းကြီး၊ ဒီတော့ အပြင်ဘက်မှာ ရှိတဲ့ ပိုက်က ခလုတ်ကို ဖွင့်လိုက် တာနှင့် တစ်ပြိုင်နက် ဓာတ်ငွေ့တွေဟာ အခန်းထဲကို ဝင်လာတယ်၊ တံခါးနှင့် ပြတင်းပေါက်တွေကလည်း သံမဏိ အလုံခန်းတွေ ဆိုတော့ အပြင်ဘက်က ပိုက်ကို နှစ်မိနစ်လောက်သာ ဖွင့်ထားလိုက်၊ အထဲက လူ တစ်ခါတည်း ကိစ္စ ချောပြီးသားပဲ၊ ဒီအခန်းထဲကို သူတို့ နှစ်ယောက်ကို ဘယ်လို မျှားခေါ်သွား တယ် ဆိုတာတော့ မပြောတတ်ဘူး ပေါ့ဗျာ၊ ဒါပေမဲ့ အထဲ ရောက်လို့ကတော့ ဘာမှ မတတ်နိုင်တော့ဘူး၊ သေပေရောပဲ'



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ် အင်စပက်တော်သည် ပိုက်လုံးများကို စိတ်ဝင်စားစွာ စစ်ဆေးကြည့်ရှုလျက် ရှိလေ၏။

'ကျွန်တော်တို့ ပုလိပ် တစ်ယောက်ကတော့ ဓာတ်ငွေ့နဲ့ ရတယ်လို့ အပြောသား ခင်ဗျ၊ ဒါပေမဲ့ အဲဒီတုန်းက ပြတင်းပေါက်တွေနှင့် တံခါးတွေကိုလည်း ဖွင့်ထားပြီး သင်္ဘောဆေးနံ့ကလည်း ရှိနေလေတော့ ထူးထူးထွေထွေ မစဉ်းစားမိဘူးပေါ့ ခင်ဗျာ၊ သူ့ အပြော အတိုင်း ဆိုရင်တော့ အိမ်ကို ဆေးသုတ်နေတာ သူတို့ ကိစ္စ မဖြစ်ခင် တစ်ရက် ကတည်းကလို့ ဆိုတယ် ခင်ဗျ ပြီးတော့ကော စုံထောက်ကြီး'

'ဒီနောက် ကျုပ်ကိုယ်တိုင် မမျှော်လင့်တဲ့ ကိစ္စ တစ်ခု ပေါ်လာတယ် ဗျ၊ ကျုပ်က တစ်ညလုံး စိတ်ချလက်ချ ကြည့်ပြီး မနက် လင်းခါနီးတော့ မီး တံခါးပေါက်ကနေ ပြန်ထွက်မယ် အလုပ်မှာ လက် တစ်ဖက်က ကုပ်ကို ဖမ်း ဆွဲပြီး ''ဟေ့လူ မပြေးနှင့်၊ ဒီမှာ ဘာလာ လုပ်နေတာလဲ''လို့ မေးသံ ကြား လိုက်လို့ ကျုပ်လည်း ခေါင်းကို ခါရမ်းပြီး လှည့်ကြည့်လိုက်တော့ ကျုပ် မိ ဆွေ ဘာကာရယ်ဗျ၊ မျက်မှန်မည်းကြီး တပ်လို့၊ ကြံကြံဖန်ဖန် လာဆုံမှ တတ်ပလေဗျာ၊ နှစ်ယောက်သား တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ပြီး ရယ်လိုက်ရတာ၊ လက်စသတ်တော့ သူ့ကို သေသူ ဒေါက်တာ အားနက်ရဲ့ အစ်ကိုများက ငှားထားတာကိုးဗျ၊ သူကလည်း တစ်ခုခု မသင်္ကာဘူး ဆိုပြီး ဒီကို လာချောင်းတာ၊ အိမ်ကို စောင့်ကြည့်နေတာ ကြာပြီတဲ့၊ ဒီအိမ်ကို တဲ့ ဒေါက်တာ ဝပ်ဆင်ကိုတောင် တယ်ပြီး မသင်္ကာချင်တာနှင့် ကြည့်နေ တယ်တဲ့၊ ဝပ်ဆင်ကိုတော့ ဖမ်းလို့ မရဘူးပေါ့ဗျာ၊ ဒါပေမဲ့ အချိန်မတော် ခန်းထဲမှာ လူစိမ်း တစ်ယောက်ကို တွေ့တဲ့ အခါကျတော့ မနေနိုင်တော့ဘူး မိပြီ ဆိုပြီး ကွိခနဲ ဖမ်းလိုက်တာပေါ့၊ ဒီတော့မှ ကျုပ်က အကျိုး အကြောင်း ပြောပြပြီး အမှုကို နှစ်ယောက် ဆက်ကိုင်ကြတာ'

'ကျွန်တော်တို့ ပုလိပ်ဘက်ကို အကြောင်းမကြားဘဲ ဘာဖြစ်လို့ သူ ကျမှ တွဲလုပ်တာလဲ'

'သူနှင့်ကျတော့ ကျုပ်တို့ အပြင် လူချင်း တရား မဝင်တဲ့ နည်းက တွေ သုံးလို့ လွယ်တာကိုး၊ ခင်ဗျားတို့နှင့်ကျတော့ ခင်ဗျားတို့ အစိုးရ ဥပ အရ မလုပ်နိုင် မကိုင်နိုင်တာတွေ ရှိနေတယ် မဟုတ်လား'

အင်စပက်တော်သည် ပြုံးလိုက်လျက်

'ဟုတ်ပါပြီလေ၊ ကျွန်တော် နားလည်ပါပြီ၊ ခု အချိန်က စပြီး စုံထောက်





ကြီးဟာ အမှုကနေ ရှောင်ပေးပြီးပြီလို့ ပြောပြီးပြီနော်၊ ဒီတော့ စုံထောက်ကြီး ရဲ့ ရလဒ်တွေကို ကျွန်တော်တို့ လက်ကို လွှဲပေးမယ် မဟုတ်လား'

'ရပါတယ်ဗျာ၊ ကျုပ် ဒီလိုပဲ လွှဲပေးနေကျပါ'

'ကောင်းပါလေ့ ခင်ဗျာ၊ ပုလိပ် အဖွဲ့ကြီး ကိုယ်စား ဆရာ့ကို ကျေးဇူး တင်ပါတယ်၊ စုံထောက်ကြီး ပြောလိုက်တဲ့ အတွက် အမှုကလည်း တော်တော် လေး ရှင်းသွားပါပြီ၊ အလောင်းတွေကိုတော့ ရှာလို့ သိပ်ခက်တော့မယ် မထင် ပါဘူး'

'ကောင်းပြီလေ၊ ခင်ဗျားတို့ကို အနိဋ္ဌာရုံ သက်သေခံ အထောက်အထား တွေကိုတော့ ပြရဦးမှာပေါ့၊ ဒီကိစ္စကို အမ်ဗာလေ ကိုယ်တိုင်တောင် သတိ ထားမိမယ် မထင်ဘူးဗျ၊ ထောက်လှမ်းတဲ့ အခါမှာ ကိုယ်သာ ကာကယ်ရှင် ဆိုရင် ဘယ်လို လုပ်မလဲလို့ ဝင်စဉ်းစားရင် အမှန်ကို ရတတ်တယ်ဗျ၊ စိတ်ကူး တော့ ထုတ်ရသပေါ့ဗျာ၊ သို့သော်လည်း ထုတ်ရကျိုး နပ်ပါတယ်၊ ကဲ ဒီတော့ စဉ်းစားကြည့်မယ်၊ အကယ်၍ ခင်ဗျားသာ အဲဒီ အခန်းကလေးထဲကို ပိတ် အလှောင် ခံထားရပြီး ဓာတ်ငွေ့နှင့် အသတ် ခံရတော့မယ် ဆိုတာကို သိရင် ခင်ဗျား ဘာလုပ်မလဲ'

'စာတို့ ဘာတို့ ရေးထားခဲ့မှာပေါ့ဗျ'

'ဟုတ်ပြီ၊ ခင်ဗျားကို ဘယ်လို သိလှောင်ပြီး ဘယ်လို အသတ်ခံရတယ် ဆိုတာကို လူတွေ သိစေချင်တယ်၊ လူတွေကို ပြောချင်တယ်၊ ဒါပေမဲ့ စာရေးစရာ စက္ကူတို့ ကလောင်တံတို့ မရှိဘူး၊ ဒီတော့ ဘာလုပ်သလဲ၊ နံရံပေါ်က လူ မြင် လောက်တဲ့ နေရာမှာ စာ ရေးမယ်၊ ဟောဒီမှာ ကြည့်ဗျ၊ အောက်ခြေနား နံရံမှာ ခရမ်းရောင် ခဲတံနှင့် စာရေးထားတယ်၊ ''ကျွန်တော်တို့ကို သ'' ဆိုတဲ့ စကား လုံး တွေ့လား'

'အဓိပ္ပာယ်က ဘာတဲ့လဲ ခင်ဗျာ'

'ကြမ်းပြင်က တစ်ပေ ကျော်ကျော်ကလေးလောက်ပဲ မြင့်တယ် ခင်ဗျ ကြမ်းပေါ်မှာ ဆဲကျပြီး သေခါနီးမှာ ရေးတဲ့ စာ၊ စာကို မဆုံးခင် သတိ လစ် သွားတယ်'

'ကျွန်တော်တို့ကို သတ်နေပြီပေါ့'

'ဟုတ်တယ်ဗျ၊ ကျုပ်လည်း အဲဒီလိုပဲ ကောက်တယ်၊ သေသူရဲ့ ကိုယ် ခန္ဓာပေါ်မှာ ခဲတံတို့ ဘာတို့ တွေ့ပြီ ဆိုရင်တော့'

'ဒီအတိုင်းပဲ ဖြစ်မှာ ခင်ဗျ၊ ကျွန်တော်တို့ ရှာကြည့်ရင် တွေ့မှာပါ၊ နို့



www.burmeseclassic.com

www.burmeseclassic.com



ငွေစု စာချုပ်တွေကကော ခင်ဗျာ၊ ဒါဖြင့် ပစ္စည်းကို လုယူသွားတာ မရှိနိုင်တော့ဘူးပေါ့၊ ငွေစု လက်မှတ်တွေ ဝယ်ထားတာတော့ အမှန်ပဲ ခင်ဗျ၊ ကျွန်တော်တို့ စုံစမ်း အတည်ပြုပြီးပြီ'

'လုံခြုံတဲ့ တစ်နေရာရာမှာ သိမ်းထားမှာပေါ့ဗျာ၊ တော်တော် ကြာတဲ့ အခါကျတော့မှ သူ့မိန်းမနှင့် ကြာခိုသမားက နောင်တ ရပြီး ငွေစု စာချုပ်ကို ပြန်ပို့လိုက်တယ်လို့ ပြောမှာပေါ့၊ ဒါမှမဟုတ်လည်း အိမ်ရှေ့မှာ လာချသွားတယ်လို့ ပြောမှာပေါ့'

'အင်း ဆရာတော့ ခဲခဲကတ်ကတ် မှန်သမျှကို အကုန် စဉ်းစားပြီးသား ကိုး ဆရာရဲ့၊ ဒါပေမဲ့ တကယ်ဆို သူ ကျွန်တော်တို့ ပုလိပ်ဘက်ကို လာတိုင်ခဲ့ လား ဆရာရယ်၊ ဘာဖြစ်လို့ ဆရာ့ဆီကို သွားတာလဲ'

'ဒါကတော့ အကြောင်း ရှိက်တာပေါ့ဗျာ၊ သူ့ကို ဘယ်သူကမှ သင်္ကာ မကင်း ဖြစ်မှာ မဟုတ်ဘူးလို့ စိတ်ချလက်ချ ယုံကြည်ထားတာကိုးဗျ၊ အိမ်နား နီးချင်းက မသင်္ကာ ဖြစ်လာရင်လည်း ကျုပ်က ပုလိပ်ကို တိုင်ရုံတွင် မကဘူး စုံထောက်ကြီး ရှားလော့ဟုမ်းကိုတောင် အလိုက် ခိုင်းတာလို့ ပြောမှာပေါ့'

အင်စပက်တော်သည် ရယ်လိုက်လေ၏။

'စုံထောက်ကြီး ရှားလော့ဟုမ်းလို့ ဆရာ သုံးလိုက်တာကတော့ သိပ်ထိုက်ပါပေတယ် ဆရာရယ်၊ ကျွန်တော့် တစ်သက်မှာဖြင့် မမေ့နိုင်လောက်တဲ့ နည်းကလေးပါပဲ'

ရက် အနည်းငယ် ကြာသည့် အခါ၌ မိတ်ဆွေကြီး ရှားလော့ဟုမ်းသည် သတင်းစာ ရေး အော့ဗဆားဗား အမည်ရှိ ဆယ့်ငါးရက် တစ်ကြိမ်ထုတ် ဂျာနယ် အစ် စောင်ကို ကျွန်ုပ်ထံ ပစ်ပေးလိုက်လေ၏။ **အေးရိပ်သာ လူသတ်မှု၊ ပုလိပ်ဘက်မှ အံ့သြဖွယ် စုံစမ်း ထောက်လှမ်းမှုကြောင့် ပေါ်ပြီ** ဟု စာလုံးမည်းကြီးများ ဖြင့် ဖော်ပြပြီး အောက်တွင် တစ်ကော်လံ ကျော်ကျော်မျှ အကျယ်တဝင့် ရေး ထားသည်ကို တွေ့ရလေ၏။

နိဂုံးချုပ် အပိုဒ်မှာ ရေးချက် အပိုင်ဆုံး ဖြစ်လေ၏။

အင်စပက်တော် မက္ကင်နွန်သည် သဘော်ဆေးနံ့ကို ရသည့် အခါ တွင် ဓာတ်ငွေ့ကဲ့သို့သော အခြား အနံ့ တစ်ခုခုကို ဖုံးကွယ်ရန် ဖြစ်နိုင် သည်ဟု ကောက်ချက် ချနိုင်ခဲ့ခြင်း၊ သံမဏိ အလုံခန်းသည် သေသူကို သတ်ဖြတ်ရာ အခန်း ဖြစ်နိုင်သည်ဟု ရဲဝံ့စွာ ကောက်ချက် ချနိုင်ခဲ့ခြင်း၊ ခွေးအိမ် တစ်ခုထဲတွင် ဖုံးကွယ်ထားသည့် ရေတွင်းပျက် တစ်ခုအဲမှု အလောင်းများကို တွေ့အောင် ရှာနိုင်ခဲ့ခြင်း စသည်တို့ကို ထောက်လျှင် အင်စပက်တော် မက္ကင်နွန်၏ စိတ်ကူးဉာဏ်မှာ အံ့သြလောက်ပေရကား ကျွန်ုပ်တို့ ပုလိပ်ဘက် ဆိုင်ရာ စုံထောက်များ၏ ဉာဏ်စွမ်း ဉာဏ်စ ထက်မြက်ပုံကို ပြသသည့် ထင်ရှားသော သာဓက တစ်ရပ် အဖြစ် မှုခင်း သမိုင်းတွင် စာတင်ရတော့မည် ဖြစ်ပေကြောင်း။

ရှားလော့ဟုမ်းက စိတ်ရှည်စွာ ပြုံးလိုက်ရင်း

'အင်း မက္ကင်နွန် ဆိုတဲ့ အင်စပက်တော်ကလေးဟာ လူကောင်းကလေး ပါဗျာ၊ ကဲ အိုင်ဆေးရေ ဒီဖြတ်ပိုင်းကလေးကို ကျုပ်တို့ မှတ်တမ်း ဖိုင်တွဲတွေ ထဲမှာ ထည့်လိုက်ပေတော့၊ တစ်နေ့တော့ အမှန်အတိုင်း ရေးချင် ရေးရတာပေါ့'

[မူရင်းဝတ္ထု *The Adventure of The Retired Colourman.* ရှေ့ဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'ကပ်စေးနဲသော ရဟူဒီ အမှု' ဟူသော ခေါင်းစဉ်ဖြင့် မြန်မာမှု ပြုပြီး။]





www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ တစ်ဝန်းလုံးမှ သူ့ စာဖတ် ပရိသတ်များက
ယနေ့ထက်တိုင် အသက် ထင်ရှား ရှိနေဆဲဟု မှတ်ယူပြီး
သူ နေထိုင်ရာ ၂၂၁ ဘီ၊ ဘေကာလမ်း၊ လန်ဒန်မြို့သို့
ဘာတာတန် ပေတာတန် ဆက်သွယ်ခြင်း ခံနေရသေးသည့်
ကမ္ဘာကျော် စုံထောက်ကြီး ရှားလော့ဟုမ်းနှင့်
သူ့မိတ်ဆွေ ဒေါက်တာ ဝပ်ဆင်တို့၏
မရိုးနိုင်သော ဂန္ထဝင်မြောက် လျှို့ဝှက်သည်းဖို စုံထောက် ဝတ္ထုတိုများ

## ရှားလော့ဟုမ်း၏ မှတ်တမ်းများ
## ရှားလော့ဟုမ်း ပြန်လာပြီ
## ရှားလော့ဟုမ်း၏ စွန့်စားခန်းများ
## ရှားလော့ဟုမ်း၏ အမှုတွဲများ
## ရှားလော့ဟုမ်း၏ နောက်ဆုံး ဦးညွှတ်ခြင်း
## ရှားလော့ဟုမ်း၏ သည်းထိတ်ရင်ဖို
## [မြသန်းတင့် မြန်မာပြန်သည်။]

ကမ္ဘာ့ ဘာသာ အသီးသီးသို့ ပြန်ဆိုပြီး ဖြစ်သော
ရှားလော့ဟုမ်း စုံထောက် ဝတ္ထုတိုများကို
မူရင်း အတိုင်း ပြည့်ပြည့်စုံစုံ အရသာမပျက် ပြန်ဆိုချက်များ

စာမူ ခွင့်ပြုချက်များ
(၅၀၁၁၂၂၀၈၈၀၉၊ ၅၀၁၃၅၇၀၉၀၉၊ ၅၀၁၅၇၅၁၀၀၉၊ ၅၀၁၆၂၃၁၁၀၉၊ ၅၀၁၅၃၂၀၀၀၉၊ ၅၀၁၇၄

ဘဝတက္ကသိုလ် စာပေမှ ဆက်တိုက် ထွက်နေပြီ။

www.burmeseclassic.com